သလ္လေခသုတ်တရားတော်

(ပထမတွဲ)

မာတိကာ

ပထမပိုင်း

ပလွှင်ခံ

အရှင်စုန္ဒမထေရ်က လျှောက်ထားတယ်

အရှင်မဟာစုန္ဒမထေရ်၏ မေးလျှောက်ပုံ

အတ္တဝါဒနှင့်စပ်တဲ့ မိစ္ဆာအယူ

လောကဝါဒရှစ်ပါး

မြတ်စွာဘုရား၏အဖြေ

မြင်ခို့က်မှာ ခန္ဓာငါးပါးထင်ရှားပုံ

ကြားခို့က်မှာ ခန္ဓာငါးပါးထင်ရှားပုံ

နံသိခို့က်မှာ ခန္ဓာငါးပါးထင်ရှားပုံ

စားသိခို့က်မှာ ခန္ဓာငါးပါးထင်ရှားပုံ

ထိသိခို့က်မှာ ခန္ဓာငါးပါးထင်ရှားပုံ

ကြံသိခို့က်မှာ ခန္ဓာငါးပါးထင်ရှားပုံ

ခန္ဓာငါးပါးခ္ဆ် အတ္တဒိဋ္ဌိဖြစ်ပုံ

ကိလေသာကိန်းပုံ

ကိလေသာမကိန်းအောင်ရှုပုံ

ဝါဉစွာမဟုတ်စသည်ဖြင့် သိမြင်ပုံ

ဒိဋ္ဌိကို ပယ်နိုင်အောင် ရှုပုံရှုနည်း

ပထမဈာန်ရရှိနဲ့လဲ အထင်ကြီးတတ်သည်

ပထမဈာန်၏ ဂုဏ်များ

အထင်ရောက်တဲ့ ရဟန်းငါးရာ ဝတ္ထု

မဟာနာဂမထေရ် ဝတ္ထု

စူဠသုမ မထေရ်ဝတ္ထု

ထူးခြားတဲ့ အတွေ့တွေကို တွေ့ရတယ်

မျက်မှောက်ချမ်းသာရေးတရား

ဝိပဿနာမှာလဲ ဈာန်သဘောတွေ ပါဝင်နေတယ်

သာသနာတော်၌ သလ္လေခအကျင့်

ခေါင်းစဉ်ဆောင်ပုဒ်ကြီး

သလ္လေခအကျင့် အကျယ်ပြောက်

အဝိဟိ သာတရား

စိတ္တာ့ပ္ပါဒဝါရ

ပရိကမ္မနဝါရ

ဥပရိဘာဂဝါရ

ပရိနိဗ္ဗာနဝါရ

(၁) အခိဋ္ဌာန်ဆောင်ပုဒ်

ညှဉ်းဆဲမှု၏အပြစ်နှင့် မညှဉ်းဆဲမှု၏အကျိုး

ပူတိဂတ္တတိဿမထေရ်ဝတ္ထု

ဘုရားကိုယ်တော်တိုင်သူနာပြုပုံ

ရဟန္တာဓာတ်တော်ဆိုတာ အရိုးတွေပါပဲ

ပူတိဂတ္တတိဿမထေရ်၏ ရှေးအကြောင်း

အမျှဝေ တရားသိမ်း နိဂုံးချုပ်

ဒုတိယပိုင်း

တရားအနုသန္ဓေ

ပါဏာတိပါတပုဒ်အနက်

သလ္လေခဝါရဏ် ဟောတော်မူပုံ

စိတ္တုပ္ပါဒဝါရစသည်

(၂) အဓိဌာန်ဆောင်ပုဒ်

ဈာန်နှင့်မသတ်မှု နှိုင်းယှဉ်ပြခြင်း

ပညာဖြင့်ပယ်မှ အမြစ်ပြတ်ငြိမ်းသည်

ပါဏာတိပါတကံ မြောက် မမြောက်

စေခိုင်းလျှင်လဲ ကံထိုက်တယ်

အစွန်းသုံးပါး လွတ်ကင်းတဲ့အသား

အပြစ်နှင့်အကျိုး

မွေးခါစကလေးသေတာ ဘာကြောင့်လဲ

ဗုဒ္ဓမြတ်စွာ၏အဖြေ

သိုးကို သတ်မိလို့ သိုးမွေးနှင့်အမျှ ခံရသည်

မတကဘတ် ဇာတ်ဝတ္ထု

အသက်တို့သူနှင့်စပ်ပြီး သောကဖြစ်ရတာကတော့

ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်း၏အကျိုး

အမျှဝေတရားသိမ်းနိဂုံးချုပ်

တတိယပိုင်း

ကဆုန်လပြည့် ဗုဒ္ဓနေ့

ဘုရားအလောင်းတော်လို့ စွန့်ရဲကြပါ့မလား

ဘုရားဖြစ်တော်မူရာဌာန

ပလွင်၏ပမာဏ

ဒေဝပုတ္တာမာရ်ကို အောင်တော်မူခြင်း

ဝသုန္ဒရီနတ်ဆိုတာ ရှိသလား

အောင်တော်မူဂါထာ

ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူခြင်း

ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူခြင်း

ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူခြင်း

အာသဝက္ခယဉာဏ်ကိုရရန် ဝိပဿနာ ရှုတော်မူပုံ

ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ရှုပကာယကိုယ်တော် ဘယ်လိုထူးသလဲ

တရားဟောခြင်းနှင့် ပရိနိဗ္ဗာန်

ရာဇဝင်ကြောင်းထင်ရှားမှ စိတ်ချရတယ်

ဘုရားရှင်၏ဓာတ်တော်များ

ဘုရားဓာတ်တော်များ၏ ပမာဏနှင့် အဆင်း

အဒိန္နာဒါန လုယက်ခိုးယူခြင်း

ခိုးမှုမြောက် မမြောက် စိစစ်ချက်

ဝိရတိသုံးပါး

မခိုးမှုနှင့် အဆင့်အတန်းတက်မည်

မခိုးမှုနှင့် ငြိမ်းစေမည်

(၃) အဓိဋ္ဌာန်ဆောင်ပုဒ်

အပြစ်နှင့်အကျိုး

အဆင့်အတန်းတက်ရအောင်

ကိုယ်သောကိန်းပုံနှင့် ဦးမ်းပုံ

ရှုမှတ်တာလဲ သလ္လေခအကျင့်ပဲ

ရှုမှတ်ရင် အဆင့်အတန်းတက်တယ်

အမျှဝေ တရားသိမ်း နိဂုံးချုပ်

စတုတ္ထပိုင်း

မဟာသမယနေ့

ဒီကနေ့အလှည့်ကျတာက

သလ္လေခဝါရ

အဗြဟ္မစရိယ ၂–မျိုး

ကာမေသုမိစ္ဆာစာရ

ဗြဟ္မစရိယ

ပရိဂ္ဂဟမနဝါရ စသည်

မေထုန်ငယ် ၇–ပါး

မေထုန်ငယ်ဆောင်ပုဒ်

အပြစ်နှင့်အကျိုး

အမျိုးသားများဘက်ကဝတ္ထု

အမျိုးသမီးများဘက်ကဝတ္ထု

(၁) ခေမာထေရီ ဝတ္ထု

(၂) ဥပ္ပလဝဏ်ထေရီ ဝတ္ထု

(၃) ပဋာစာရာထေရီ ဝတ္ထု

(၄) ကုဏ္ဍလကေသာထေရီ ဝတ္ထု

(၅) ကိသာဂေါတမီထေရီ ဝတ္ထု

(၆) ဓမ္မဒိန္နာထေရီ ဝတ္ထု

(၇) ဝိသာခါ ဝတ္ထု

ဘုံစဉ်စံ သောတာပန်

(၄) အဓိဋ္ဌာန်ဆောင်ပုဒ်

အမ္ပဏေ တရားသိမ်းနိဂုံးချုပ်

ပဌမပိုင်း

တရားအနှုသန္ဓေ

မှုသာဝါဒ

သက်သေခံတဲ့အခါ အရေးကြီးတယ်

အရိယနှင့် အနရိယ ဝေါဟာရများ

စိတ္တုပ္ပါဒဝါရ စသည်

အဓိဋ္ဌာန်ဆောင်ပုဒ်

အပြစ်နှင့်အကျိုး

မျက်မှောက်မှာလဲ အကျိုးရနိုင်တယ်

အဆိပ်ကိုလဲ ပယ်ဖျောက်နိုင်တယ်

ရောဂါကိုလဲ ပျောက်စေနိုင်တယ်

တရားဆေးတစ်မျိုးပေါ့

မိုးကိုလဲ ရွာစေနိုင်တယ်

သူတသောမမင်း

ယခုလူတွေကလည်း အသားကြိုက်ကြတယ်

လူသားစားလို့ နှင်ထုတ်ခံရတယ်

လူသားစားလို့ ပေါရိသာဒခေါ်တယ်

မရလှ ရသကချိုင်

ညောင်စောင့်နတ်ကိုးတယ်

ယစ်ပူဇော်ဖို့ မင်းတွေ ဖမ်းတယ်

သူတသောမမင်းကို ဖမ်းပုံ

ဝန်ခံချက်ပျက်မှာတော့ စိုးရိမ်တယ်

တစ်ရာတန်ဂါထာများ

သိလျှင် သိရသလောက် မြင့်မြတ်တယ်

မိဘကြောင့် မြင့်မြတ်လာပုံ

ဘုရားဟောနှင့်ညီမှ မြင့်မြတ်တယ်

ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်ဖြင့် မြင့်မြတ်လာပုံ

တော်ဝင်ရထားတွေလဲ အိုမင်းသွားသည်

ခန္ဓာကိုယ်လဲ အိုမင်းသွားသည်

မအိုတဲ့တရား

တရားရှာပုံ အားကျဖွယ်

အဝေးကြီး ၄–ပါး

အဝေးတကာ့ အဝေးဆုံး

ရာတန်က ထောင်တန်ဖြစ်သည်

သစ္စာစောင့်ပုံ

ပေါရိသာဒဋ္ဌတ်ခန်း

ပြည်တော်ပြန်ခန်း

ဈာတ်ပေါင်းခန်း

လိုရင်းကောက်နှုတ်ချက်

အမျှဝေတရားသိမ်းနိုဂုံးချုပ်

ဆဋ္ဌမပိုင်း

တရားအနှုသနေ့

ပိသုဏာဝါစာ

ဘေဒဥပါယ်

ဝဿကာရ၏ ကုန်းတိုက်ပုံ

ပိသုဏာဝါစာကိုပယ်ပုံ

အဓိဋ္ဌာန်ဆောင်ပုဒ်

အပြစ်နှင့်အကျိုး

ဣသိဒါသီထေရိဝတ္ထု

ဥဒုမ္ဗရဒေဝီအကြောင်း

ဣသိဒါသီထေရီအကြောင်း

ကောက်နှုတ်ချက်

ဖရုသဝါစာ

ရှုမှတ်ခြင်းဖြင့် ဖရုသဝါစာကို ပယ်နိုင်ပုံ သာဓက

အပြစ်နှင့်အကျိုး

ကျိန်ဆဲလို့ ပြိတ္တာဖြစ်သည်

ဆဲရေးလို့လဲ ပြိတ္တာဖြစ်တတ်တယ်

သမ္ဘပ္ပလာပ

ယဉ်ကာရထုံး

အပြစ်နှင့်အကျိုး

အဘိဇ္ဈာ

လို့ချင်မှု ၄–မျိုး

အဓိဋ္ဌာန်ဆောင်ပုဒ်

ဗျာပါဒ

အမျှဝေတရားနိုဂုံး

လက်ဦးရှုဖွယ်

ဟောတရားမှ စာအုပ်အဖြစ်သို့

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားသော သုတ္တန်တရားတော်ကြီးများကို ဟောတရားမှ စာအုပ်အဖြစ်သို့ရောက်အောင် ၁။ ဟောစဉ်ကာလက အသံဖမ်းစက်ဖြင့် ဖမ်းယူထားခြင်း၊ ၂။ ထိုဖမ်းယူထားသော တရားအသံတိပ်ကြိုးခွေများမှ ထုတ်ယူရေးကူးခြင်း၊ ၃။ ထိုရေးကူးထားသော စာမူကို ဆရာတော်ဘုရားကြီးထံ တင်ပြခြင်း။ ၄။ ဆရာတော်ဘုရားကြီးက ပြင်သင့်သည်ကို ပြင်တော်မူ၍ စာအုပ်အဖြစ် ရိုက်နှိပ်ရန် အခွင့်ပြုသောအခါ တာဝန်ဆောင်အဖွဲ့က ပုံနှိပ်တိုက်သို့ အပ်နှံ၍ ရိုက်နှိပ်စေခြင်းဟူသော ဤအစဉ်ဖြင့် အဆင့်ဆင့်ဆောင်ရွက် ကြရပါသည်။

ဤနည်းဖြင့် ဆရာတော်ဘုရားကြီးဟောသော တရားတော်များကို အဝေးအနီးများစွာသော ရဟန်းရှင်လူတို့ အလွယ်တကူ ကြည့်ရှုမှတ်သား နာကြားနိုင်စေရန်အလို့ငှါ စာအုပ်အဖြစ်သို့ရောက်အောင် ရွက်ဆောင်ခဲ့ကြပါသည်၊ယခုထုတ်ဝေသော သလ္လေခသုတ်တရားတော်ကြီးကိုလည်း ထိုနည်းအတိုင်းပင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ အတွင်းရေးမှူးဦးသိန်းအောင်က ဟောတရားမှ စာမူအဖြစ်ရောက်အောင် ရွက်ဆောင်ကြိုးစားခဲ့ကြောင်း ကြားသိရပါသည်။

ဟောတရားမှ စာအုပ်အဖြစ်သို့ရောက်အောင် အားထုတ်ကြသော ဤနည်းမှာ သင့်လျော်ကောင်းမြတ်သောနည်းဖြစ်ပေသည်၊ ဤနည်းဖြင့် ခန့်ညားလေးနက်၍ အလွန်အဖိုးတန်သော တရားတော်ကြီးများမှာ တစ်ကြိမ်တစ်ခါ နာကြားရုံမျှဖြင့် ပျောက်ကွယ်ခဲ့ရသော အခြားတရားများလို ပျောက်ကွယ်မသွားခြင်း၊ စာအုပ်အဖြစ်သို့ ရောက်သောအခါ ကမ္ဘာတစ်ဝန်လုံးရှိ ဘာသာရေးတရားကို စိတ်ဝင်စားသူတိုင်း အဖန်ဖန်အခါခါ ကြည့်ရှုလေ့လာနိုင်ခြင်းစသော အကျိုးကျေးဇူး အမြောက်အမြား ထွက်ပေါ်လာနိုင်ပါသည်။

တရားတစ်ပွဲလျှင် တစ်ပိုင်း

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် စာအုပ်အဖြစ်သို့ရောက်ခဲ့ပြီးသော အရိယာဝါသတရားတော်ကြီး ဝမ္မိကသုတ်တရားတော်ကြီး၊ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီး စသည်တို့ကို အများနားလည်အောင် ကျယ်ကျယ်ပြန့်ပြန့် ဟောကြားတော်မူသကဲ့သို့ ဤသလ္လေခသုတ်တရားတော်ကြီးကိုလည်း အများနားလည်အောင် ကျယ်ကျယ်ပြန့်ပြန့်ပင် ဟောတော်မူထားပါသည်။ ပါဠိစာမျက်နှာအားဖြင့် ၈-မျက်နှာမျှရှိသော သလ္လေခသုတ်တရားတော်ကြီးကို တရားပွဲ ၁၂-ပွဲအထိ ဟောတော်မူပြီးမှ အဆုံးသတ်သွားသဖြင့် စာအုပ်အဖြစ်စီစဉ်ရာ၌ တရားပွဲတစ်ပွဲကို တစ်ပိုင်းတစ်ပိုင်းပြုလျက် ၁၂-ပိုင်း စီစဉ်ထားပါသည်။ ထိုတွင် ရှေ့ ၆-ပိုင်းကို ပထမတွဲအဖြစ်ဖြင့်လည်းကောင်း၊ နောက် ၆-ပိုင်းကို ဒုတိယတွဲအဖြစ်ဖြင့်လည်းကောင်း တွေ့ကြရပါလိမ့်မည်။

ဟောကြားတော်မူသော နှစ်၊ လ၊ ရက်တို့ကိုလည်း တရားတစ်ပိုင်း တစ်ပိုင်း၏ အစ၌ အတိအကျဖော်ပြထားသဖြင့် ယင်းနှစ်၊ လ၊ ရက်တို့ကိုပါ အတိအကျသိလိုသူ သုတေသီတို့အတွက် ကျေးဇူးများလှပါပေသည်။ ၎င်းမှာ နောက်တစ်ချိန်တွင် သုတေသီတို့အတွက် အလွန်အရေးကြီး၍ အဖိုးတန်သော အချက်ဖြစ်နေဖွယ်ရာ ရှိပါပေသည်။

ယင်းနှစ်၊ လ၊ ရက်နှင့် တရားအပိုင်းတို့ကို ဤနေရာ၌ အကျဉ်းချုပ် ဖော်ပြရလျှင် ၁၃၃၁-ခုနှစ် နှောင်းတန်းခူးလဆန်း ၈-ရက် သင်္ကြန်အကျနေ့၌ ပထမပိုင်းကို ၁၃၃၂-ခုနှစ်ဦး တန်းခူးလပြည့်နေ့၌ ဒုတိယပိုင်းကို၊ ထိုနှစ်ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ တတိယပိုင်းကို၊ ထိုနှစ်နယုန်လပြည့်နေ့ မဟာသမယနေ့၌ စတုတ္ထပိုင်းကို၊ ထိုနှစ်ဝါခေါင်လပြည့်နေ့၌ ပဉ္စမပိုင်းကို၊ ထိုနှစ်တော်သလင်းလပြည့်နေ့၌ ဆဋ္ဌမပိုင်းကို ထိုနှစ်သီတင်းကျွတ်လပြည့်နေ့၌ သတ္တမပိုင်းကို၊ ထိုနှစ်သီးတင်းကျွတ်လဆုတ် ၈-ရက်နေ့၌ အဋ္ဌမပိုင်းကို ထိုနှစ်ပြာသိုလပြည့်နေ့၌ နဝမပိုင်းကို ထိုနှစ် ပြာသိုလဆုတ် ၈-ရက်နေ့၌ ဒသမပိုင်းကို ထိုနှစ် တပို့တွဲလပြည့်နေ့၌ ဧကာဒသမပိုင်းကို ထိုနှစ် တပို့တွဲလကွယ်နေ့၌ ဒွါဒသမနောက်ဆုံးပိုင်းကို ဟောခဲ့ကြောင်း အသီးသီး ဖော်ပြထားပါသည်။

(၁၃၃၂-ခုနှစ်၊ ဝါဆိုလပြည့်နေ့၌ ဝါဆိုသင်္ကန်းတရားကို ထိုနှစ် နတ်တော်လပြည့်နေ့၌ နှစ်ပတ်လည် သြဝါဒခံယူပွဲတွင် သြဝါဒတရားကို ဟောရသောကြောင့်လည်းကောင်း၊ ထိုနှစ် တန်ဆောင်မုန်းလပြည့်နေ့၌ မန္တလေး စစ်ကိုင်းစသည်သို့ ကြွရောက်နေခိုက်ဖြစ်သောကြောင့်လည်းကောင်း ယင်းလပြည့်နေ့များ၌ ဤသလ္လေခသုတ်တရားတော်ကို ဟောခွင့်မရဘဲ ရှိခဲ့လေသည်။)

စေ့စပ်သေချာတော်မူလှပေသည်

အမှတ်တမဲ့ ပြုတတ်သူများအဖို့မှာဆိုလျှင် နာကြားလိုသည့် တရားသားသက်သက်ကို နာကြားရရုံမျှဖြင့်ပင် အားရ ကျေနပ်နေကြပေလိမ့်မယ်၊ သို့သော် ထိုမျှလောက်ဖြင့် အားမရ မကျေနပ်နိုင်သေးဘဲ ဟောရာ နှစ်၊ လ၊ ရက်၊ ဌာန စသည်ကို ပါ သိလိုမှတ်သားလိုကြသော သုတေသီတို့ကလည်း ရှိနေပေသေးသည်၊ ထိုသုတေသီတို့အတွက် နေရာတကာမှာ အတိအကျ ဖော်ပြထားခြင်းကို လိုအပ်လှပေသည်။

ဤသို့ တိကျမှုကို လိုလားသူ သုတေသီတို့အတွက်ပင် အရှင်မဟာကသာပ အစရှိသော သင်္ဂီယနာတင်ထေရ် အရှင်မြတ်တို့သည် "ဧဝံ မေ သုတံ" အစချီလျက် "မည်သည့်အခါတွင် မည်သည့်မြို့ရွာအရပ်၌ မည်သူကို အကြောင်းပြု၍ ဤတရား ဤသုတ်တော်ကို မြတ်စွာဘုရား ဟောကြားတော်မူသည်ကို ကျွန်ုပ်အာနန္ဒာ ကြားသိလိုက်ရပါသည်" ဟု တရားတော်သုတ်တို့၏ အစ၊ အစဉ် နိဒါန်းပျိုးကာ ပျိုးကာ သင်္ဂီယနာတင်တော်မူခဲ့ကြရပေသည်။

ထိုနည်းတူပင် စေ့စပ်သေချာတော်မူလှသော ကျေးဇူးရှင်မဟာစည်ဆရာတော် ဘုရားကြီးသည်လည်း နှုတ်ဖြင့်တရားကို ဟောသည်ဖြစ်စေ၊ လက်ဖြင့် ကျမ်းဂန်ကို ရေးသည်ဖြစ်စေ စေ့စပ်သေချာတော်မူလှပေသည်။ ဟောကြားသော တရားတော်ကို သေသေချာချာ နာကြားကြည့်ပါ။ ရေးသားသော ကျမ်းဂန်တို့ကို သေသေချာချာ ဖတ်ရှုကြည့်ပါ၊ ကြားဝင်စရာမရှိလောက်အောင် စေ့စပ်သေချာလှသည်ကို ကိုယ်တိုင် တွေ့ရပါလိမ့်မယ်။

ဤသို့ပြောရခြင်းမှာ ကိုယ့်အမြင်နှင့်ကိုယ် မိမိတစ်ကိုယ်တည်း အထင်ကြီးပြီး ပြောနေခြင်း မဟုတ်ပါ။ ငါတစ်ဦးတည်းမှသာ ဤလိုအမြင်မျိုး မြင်နေခြင်း ဖြစ်လေသလောဟူသော သံသယကြောင့် ဤစာရေးသူသည် အခြားပညာရှင်တို့အားလည်း အခွင့်သင့်တိုင်း စုံးစမ်းမေးမြန်း ကြည့်မိဖူးပါသည်။ ထိုပညာရှင်တို့ကလည်း ဤအတိုင်းပင် မြင်တော်မူကြလျက် ဤအတိုင်းပင် အားပါးတရ ချီးကျူးတော်မူကြသည်ကို တွေ့ရပါသည်။ အတော်မြင့်မား၍ အထက်တန်း အတော်ကျသော စာရေးဆရာကြီးတစ်ဦးကပင် ဤအဓိပ္ပါယ်မျိုးပါသော အဆိုတစ်မျိုးကို ဆိုခဲ့ဖူးကြောင်း တစ်ဆင့်စကား တစ်ဆင့်နားကြားဖူးပါသေးသည်။ အဘယ်သို့နည်းဟူမူ–

"မဟာစည်ဆရာတော်ဘုရားရေးသားသော စာဆိုလျှင်

သဝေထိုးတစ်လုံးမျှပင် မပြင်လေနှင့် ပြင်စရာမလိုဘူး" ဟူ၍–

ဖြစ်လေသည်။ ထိုစာရေးဆရာကြီးက ဤသို့ပင် သိနေသောကြောင့် ဤသို့ပင် ဆိုခြင်းဖြစ်ပါလိမ့်မည်။ သူရေးသောစာမူကိုပင် မဟာစည်ဆရာတော်ဘုရားကြီးထံ တင်ပြ၍ ပြင်ဆင်ပေးပါရန် တောင်းပန်လျှောက်ထားရကြောင်းကို ထိုဆရာကြီး၏ စာအုပ်နိဒါန်းတွင် ဖော်ပြထားသဖြင့် ဤစာအုပ်ကို ဖတ်နေသူသည်လည်း ထိုနိဒါန်းကို ဖတ်ရှုဖူးကောင်း ဖတ်ရှုဖူးပါလိမ့်မည်။ ထိုပုဂ္ဂိုလ်ကြီးသည် သာမန်ပုဂ္ဂိုလ်မဟုတ် စာရေးဆရာ အကျော်အမော်တွေထဲတွင် အပါအဝင် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပေသည်။

တရားဦးစကားပလ္လင်

ဤတရားတော်ကြီး စာအုပ်စာမျက်နှာ (၂) ၌–

"ဒီသုတ်ကတော့ ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ အသုံးကျပါတယ်၊ ကျေးဇူးများပါတယ်၊ အားမထုတ်ဘဲ အလွတ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ အသုံးကျပါတယ်၊ ကျေးဇူးများပါတယ်၊ အကုသိုလ်ကို ပယ်ရှားလိုတဲ့ ကုသိုလ်ကို ပွားများလိုတဲ့ပုဂ္ဂိုလ်တွေ အားလုံးအတွက် ကျေးဇူးများစေနိုင်တဲ့ သုတ်တော်ကြီးဖြစ်ပါတယ်" ဟူ၍ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက သလ္လေခသုတ်တရားတော်ကြီးနှင့် ထိုက်တန်တဲ့ ပုဂ္ဂိုလ်တွေကို တရားဦး စကားပလ္လင်ခံမှာ ထုတ်ဖော်ပြထားပါသည်။ ဆိုလိုရင်းကတော့ ဝိပဿနာတရား အားထုတ်သောသူရော အားမထုတ်သောသူရော မည်သူမဆို အကုသိုလ်ပယ်လိုလျှင် ကုသိုလ်ကိုပွားစေလိုလျှင် ဤသို့တရားတော်ကြီးကို နာယူမှတ်သားသင့်သည်၊ ဤသုတ်၌ ညွှန်ပြထားသည့်အတိုင်း ကျင့်သင့်သည်။ ထိုသို့သော ပုဂ္ဂိုလ်အားလုံးပင် ဤသုတ်တရားတော်ကြီးနှင့် ထိုက်တန်ပါသည်။ "ငါတို့နှင့် မတန်၊ ငါတို့၏အရာမဟုတ်"ဟု မည်သူမှ စိတ်အားငယ်နေစရာ မရှိဟု ဆိုလိုပါသည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ထိုညွှန်ကြားပြဆိုချက်ကို တွေ့ရသောအခါ လွန်ခဲ့သော ၁၅–နှစ်ခန့်က ဆရာတော်ကြီးတစ်ပါးက ပြောကြားဖူးသော စကားကို ပြန်လည်အမှတ်ရလာပါတော့သည်။ ထိုဆရာတော်ကြီး၏ ပြောကြားပုံမှာ–

"လူတွေက သတိပဋ္ဌာန်တရားတော်ကြီးကို အာဂုံကျက်လိုကျက်၊ ကမ္မဋ္ဌာန်း အားထုတ်တယ်ဆိုပြီး ဝိပဿနာလုပ်လို လုပ်နဲ့ ရယ်စရာကောင်းသေးတော့၊ သတိပဋ္ဌာန် တရားဆိုတာက လူတွေနဲ့ နဲနဲမှ တော်တဲ့တရား မဟုတ်ဘူး"တဲ့။

ဘုရားဒေသနာတော်များကို ရိုသေလေးစားတာကတော့ ကောင်းပါသည်။ သို့သော် လူတွေနှင့်မတန်အောင် လေးစားနေသည်မှာမူ လွန်လွန်းလုပါသည်။ ဘုရားဒေသနာတော်များဟာ လူတွေနှင့် မတန်မရာဘူးဆိုလျှင် နတ်တွေ ဗြဟ္မာတွေနှင့် သာတန်သည်ဟု ဆိုလိုပါသလား၊ သို့ဆိုပါလျှင် ထိုတရားဒေသနာတော်တွေကို အဘယ်ကြောင့် လူ့လောကဌ ဟောတော်မူပါသနည်း၊ ဤသို့လည်း ဆင်ခြင်မိဖို့ကောင်းပါသည်။ သို့မဟုတ် လူတွေနှင့် မတန်ဟူသော စကားဖြင့် ရဟန်းများနှင့်သာ တန်သည်ဟု ဆိုလိုပါသလား၊ သို့ဆိုလျှင်လည်း ပါဠိတော်အဋ္ဌကထာတို့ဌ သိရိဝမှုမည်သော သူကြွယ်၊ မာနဒိန္နမည်သော သူကြွယ်၊ မာတိကမာတာမည်သော ဒါယိကာမကြီး ဤသို့စသော လူဝတ်ကြောင်များလည်း သတိပဋ္ဌာန်းတရားကို ပွားစေ၍ အနာဂါမ်အထိ ဖြစ်နေကြကြောင်း ပြဆိုထားသည်ကို အမှတ်ရဖို့ကောင်းပါသည်၊ ထိုအကြောင်းအရာတွေက တိမ်မြုပ်နက်နဲနေသောကြောင့် သတိမမူမိတောင်မှ သတိပဋ္ဌာနသုတ် အဋ္ဌကထာတို့ဌ "ကုရုတိုင်း ကမ္မာသဓမ္မနိဂုံး အရပ်ဌ ပရိသတ်လေးပါးလုံး သတိပဋ္ဌာန်ဘာဝနာကို အားထုတ်ကြကြောင်း၊ အောက်ထစ်ဆုံးအားဖြင့် ကျွန်အလုပ်သမား အခြွေအရံ အောက်တန်းစားလူများတောင် သတိပဋ္ဌာန်စကားကိုသာ ပြောကြကြောင်း ရေခပ်ရင်းဗိုင်းငင်ရင်းတောင်မှ သတိပဋ္ဌာန်စကားပြောကြ သတိပဋ္ဌာန် အလုပ်လုပ်ကြကြောင်း" ပြဆိုထားသည်ကိုမူ အမှတ်ရဖို့ကောင်းပါသည်။ မမေ့သင့်ပါ၊ ထိုတရားတော်ကြီး၏ ထိုစကားကို ကြားခဲ့စဉ်က ဆင်ခြင်မိသည်မှာ–

"ဤဆရာတော်ကြီးလို အထင်ရှိနေသူပုဂ္ဂိုလ်တွေ အများအပြားရှိနေကောင်း ရှိနေကြပေလိမ့်မည်၊ ဤအထင်မျိုးထင်နေကြသူတွေဆိုလျှင် ကြိုတောင့်ကြိုခဲလှသည့် သတိပဋ္ဌာန်ကျင့်စဉ်ကို ငါတို့နှင့် မတန်ဘူးဆိုပြီး ကျင့်ကြံအားထုတ်ဝံ့ကြတော့မည် မဟုတ်တော့ဘူး၊ အလွန်အကျိုးနဲအောင် မှားတဲ့အမြင်မှားကြီးပါကလား" ဟူ၍ ဆင်ခြင်မိခဲ့ပါသည်။

ဤသလ္လေခသုတ်တော်နှင့်စပ်၍ အကျိုးများနိုင်သည့် ပုဂ္ဂိုလ်တို့ကို ထုတ်ဖော်ပြသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အဆိုပါစကားသည် အရာဌာနအားလျော်စွာ ဟောကြားမည့်သုတ်တော်၏ ဂုဏ်ကျေးဇူးများကို ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ပြမှုမျှသာ ဖြစ်ပါလိမ့်မည်၊ သို့သော် ထိုဆရာတော်ကြီးကဲ့သို့ အထင်အမြင်မှားနေသူတို့အတွက် အမြင်မှန်ရစေရန် ညွှန်ကြားထားသည်နှင့်လည်း တူလှပေတော့သည်။

သုတ္တာနုလောမ

သလ္လေခသုတ်ပါဠိအဋ္ဌကထာဋီကာတို့ဌ "မည်သူတွေအတွက် အသုံးကျသည် ကျေးဇူးများသည်"ဟူ၍ ပြဆိုထားချက်ကားမရှိပေ၊ ထိုသို့ပင် မရှိသော်လည်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက "မည်သူတွေအတွက် အသုံးကျပါသည်၊ ကျေးဇူးများပါသည်"ဟု ထုတ်ဖော်ဟောကြားထားပေသည်။ ဤသို့ဟောကြားတော်မူခြင်းသည် ပါဠိတော်အားလျော်စွာ ဟောတော်မူခြင်းသာ ဖြစ်ပေသည်။ ပါဠိတော်နှင့် ဆန့်ကျင်ခြင်းကား လုံးဝပင်မရှိပေ။

အဘယ်ကြောင့်ဆိုသော် ဤသလ္လေခသုတ် တရားတော်သည် ဝိနည်းသိက္ခာပုဒ်ကဲ့သို့ ရဟန်းတော်တို့အတွက်သာ ပညတ်အပ်သောတရားလည်း မဟုတ်ပေ။ သင်္ဂီလောဝါဒသုတ်ကဲ့သို့ လူဝတ်ကြောင်တို့အတွက်သာ ဟောကြားအပ်သော တရားလည်းမဟုတ်ပေ။ စင်စစ်သော်ကား ဝိဟိသာ–ညှဉ်းဆဲမှု၊ ပါဏာတိပါတ–သတ္တဝါကို သတ်မှုစသော အကုသိုလ်တရားလုံးဝမကင်းသေးသော ရဟန်း၊ ရှင်၊ လူ မည်သူမဆို ကျင့်ရမည့်တရားတို့ကိုသာ ဟောထားသော သုတ်တရားတော်ကြီးဖြစ်ပေသည်။ ထို့ကြောင့် ပါဠိတော်အားလျော်စွာ ဟောထားသော သုတ္တာနုလောမစကားသာ ဖြစ်ပါပေသည်။

ပါဠိတော် အဋ္ဌကထာတို့ဌ တိုက်ရိုက်ပြဆိုမထားသော ဤလို အနက်အဓိပ္ပါယ်မျိုးကို လျော်စွာယူရမည့် နေရာများ၌ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် သူမတူအောင် ယူဆဟောပြောနိုင်သော စွမ်းရည် ရှိတော်မူကြောင်းကို ဝမ်းဗိုက်၏ ဖောင်းမှု၊ ပိန်မှု ရုပ် ဝိပဿနာရှုအပ်ကြောင်း အဆုံးအဖြတ်ပေးခြင်းဖြင့် ထင်ရှားသိရပေသည်။

အဆုံးအဖြတ်ပေးပုံကို အခြေအမြစ်ကစ၍ ပြပါမည်၊ မင်းကွန်းဇေတဝန် (မူလ) ဆရာတော်ဘုရားကြီး၏ မူလရင်းတပည့်ဖြစ်သော ပျော်ဘွယ်မြို့ ကမ္မဋ္ဌာန်းပြ ဆရာကြီး ဦးစံဒွန်း၏ တပည့်ဖြစ်သူ မြို့လှမြို့ ဓမ္မကထိကဆရာကြီး ဦးချစ်အောင် ရေးစားစီရင်သော သတိပဋ္ဌာနဒီပနီကျမ်း စာမျက်နှာ ၀၀၀ ၌ အောက်ပါအတိုင်း ပြဆိုထားသည်ကို တွေ့ရပါသည်။

"ကာယာနုပဿနာအရ ဗိုက်ပူသည်၊ ပိန်သည်ကို ရှုမှတ်၍ နေရာ စကောဝိုင်းသကဲ့သို့ လှည့်ကာ၊ လှည့်ကာ တအိအိဖြင့် သိမှတ်တိုင်း ရုပ်နာမ်တို့ပျက်ခြင်းကို ထင်မြင်ပါသည်ဟု ကမ္မဋ္ဌာန်းဆရာထံ အစစ်ခံရာ ဆရာကနှစ်သက်အားရလှသဖြင့် ကြိုးစား၍ ရှုမှတ်ပါလေ့ဟု မိန့်တော်မူသတည်း။ ဗိုက်ပူသည် ပိန်သည်ဟူရာ၌ "ကာယေကာယနုပဿီ ဝိဟရတိ" ဟူသော သတိပဋ္ဌာန်ပါဠိတော်ကို ထောက်၍ သိမြင်စေကုန်လော့။"

အထက်ပါ သတိပဋ္ဌာနဒီပနီကျမ်းကို ၁၂၉၀–ပြည့်နှစ်က ရိုက်နှိပ်ပြီးစီးကြောင်း ထိုစာအုပ်၌ပြထားသည်။ ထိုစာအုပ်၌ ပြထားသော အထက်ပါစကားဖြင့်ပင် ဝမ်းဗိုက်ပူသည်၊ ပိန်သည်ကို ရှုခြင်းသည် ကာယာနုပဿနာ၌ အတွင်းဝင်ကြောင်း သုဝိညာပယ (သိနားလည်စေလွယ်သော) ပုဂ္ဂိုလ်များအတွက် သဘောပေါက်နားလည်နိုင်လောက်ပါစေ။ သို့သော် ထိုမျှဖြင့် သဘောမပေါက်နိုင်ကြသော ပုဂ္ဂိုလ်များအတွက် ဝိပဿနာဦးကာကျမ်း ပထမတွဲ စာမျက်နှာ ၁၈၉–၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရပြန်၏။

အာနာပါနကမ္မဋ္ဌာန်း၌ နှာသီးဖျားမှာစိတ်ထား၍ ထွက်တယ် ဝင်တယ်ဟူ၍လည်းကောင်း၊ ရှူတယ် ရှိုက်တယ်ဟူ၍ လည်းကောင်း အများတို့မှတ်ရှုကြလေရာ မင်းကွန်းဂိုဏ်းမှာမူကား အချို့ ဝမ်းဗိုက်မှာစိတ်ထား၍ ပူတယ် ပိန်တယ်ဟူ၍ လည်းကောင်း၊ ဖောင်းတယ် ရှုပ်တယ် ဟူ၍လည်းကောင်း ရှုမှတ်သည်ဟူ၍ ကျမ်းဂန်လည်းမရှိ၊ ရှုမှတ်သော အရိုးအစဉ်လည်း မရှိပါဘဲနဲ့ ထူးကဲလွန်းသည်ဟု အများတို့ကပင် ပြောကြလေသည်။ ထိုသူများသည်ကား ကျမ်းဂန် တိုက်ရိုက် အထင်အရှား တွေ့ရှိခြင်း ရှေးရိုးစဉ်လာ ဆရာသမားနှင့် အများတို့ ပြုလုပ်ကြသည်ကိုသာ မှတ်သားထား၍ သဘာဝတရား၏ အမှန်အမှား ကိုကား ဉာဏ်မမြင်နိုင်ကြပေ၊ သဘောမှာကား လေတို့၏ ဖြစ်ရာဌာနကို ပြဆိုရာ၌ ထွက်လေ၏အစ ချက်၊ အလယ်ရင်ချိုင့်၊ အဆုံး နှာသီးဖျား၊ ဝင်လေ၏အစ နှာသီးဖျား၊ အလယ်ရင်ချိုင့် အဆုံးချက်ဟု ထွက်လေ၏ ဖြစ်ရာဌာနသုံးမျိုး၊ ဝင်လေ၏ ဖြစ်ရာဌာနသုံးမျိုး ကျမ်းဂန်၌ လာရှိပေ၏။ ယခုကဲ့သို့ လာရှိသည်အရ နှာသီဖျား၌ စိတ်ထား၍ ရှုမှတ်ခြင်းသည် ထွက်လေ၏ အဆုံးဌာနနှင့် ဝင်လေ၏အစဌာနကို နိမိတ်ပြု၍ ရှုမှတ်ခြင်းဖြစ်လေရာ ဗိုက်မှာ စိတ်ထား၍ ရှုမှတ်ခြင်းသည်ကား ဝင်လေ၏ အဆုံးဌာနနှင့် ထွက်လေ၏ အစဌာနကို နိမိတ်ပြု၍ ရှုမှတ်ခြင်း ဖြစ်ပေ၏"၊ (ဤသို့စသည်ဖြင့် ပြဆိုထားလေသည်။)

ယင်းဝိပဿနာဦးကာကျမ်းကို မင်းကွန်းဇေတဝန် (မူလ) ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော ကမ္မဋ္ဌာန စရိယ ဆရာကြီးဦးမြတ်ကျော် ရေးသားစီရင်သည်။ ၁၂၉၈–ခုနှစ်က ပုံနှိပ်ထုတ်ဝေကြောင်း ထိုစာအုပ်၌ ပြထားသည်။ ထို ဦးကာအဆိုဖြင့်လည်း အချို့ သဘောကျဖွယ် ရှိပါသည်။ သို့သော် ထိုမျှဖြင့် သဘောမကျနိုင်သေးသော ပုဂ္ဂိုလ်များအတွက် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးက "ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုသည် သဘာဝအားဖြင့် ထောက်ကန် တောင့်တင်း လှုပ်ရှားမှု ဝါယောဓာတ်ဖြစ်ကြောင်း၊ ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ခြင်းဖြင့် ဝါယောဓာတ်၏ ဝိတ္ထမ္ဘနလက္ခဏာ၊ သမုဒီရဏ ရသ၊ အဘိနီဟာရပစ္စုပဋ္ဌာန်တို့ကို ထင်ရှားသိရ၍ သဘာဝကျကြောင်း၊ ကွေးမှု ဆန့်မှုကို ရှုမှတ်၍ သိခြင်းကဲ့သို့ပင် ဖောင်းမှု ပိန်မှုကိုရှုမှတ်၍ သိခြင်းသည်လည်း ကိုယ်အမူအရာရုပ်ကို သိခြင်းပင်ဖြစ်၍ ကာယာနုပဿနာ၌ အတွင်းဝင်ကြောင်း (သတိ ပဋ္ဌာနသုတ်ဦးကာ ဒုတိယနည်း အဖွင့်အားဖြင့်) "ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာနံ ပဇာနာတိ"ဟူသော သတိပဋ္ဌာနသုတ်ပါဠိ၌ အတွင်းဝင်ကြောင်း၊ အဘိညေယျသုတ် ပရိညေယျသုတ် စသည်တို့နှင့်လည်း ညီညွတ်ကြောင်း၊ ဝိပဿနာအရာ၌ မည်သည့်ကိုယ်အစိတ်အပိုင်းက ရုပ်မဆို ရှုအပ်ကြောင်း မည်သည့် ဝါယောရုပ်မဆို ရှုအပ် ကြောင်း" ဤသို့စသည်ဖြင့် သဘာဝ၊ အာဂမ ၂–ပါးလုံးကိုပြ၍ ပြတ်သားစွာ ရှင်းလင်းဆုံးဖြတ် ပြထားလေသည်။ (အကျယ် သိလိုလျှင် ဝိပဿနာရှုနည်းကျမ်း ပထမတွဲ ပဋ္ဌမနှိပ်နှာ ၂၈၈–၉၊ ၎င်း ဒုတိယတွဲ သတ္တမနှိပ် နှာ ၃–၄–၅ မှတ်ချက်၌လည်း ကောင်း၊ အရိယာဝါသတရားတော်ကြီး နှာ ၁၈၄–မှ ၁၈၉၊ နောက်ဆက်တွဲ နှာ ၂၄၄ စသည်၌လည်းကောင်း၊ ဝမ္မိကသုတ် တရားတော်ကြီး နှာ ၂၁၇ စသည်၌ လည်းကောင်း၊ မဟာစည်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာနသုတ် ပါဠိနိဿယ နောက် ဆက်တွဲ၌လည်းကောင်း ကြည့်ရှုလေ့လာနိုင်ပါသည်။)

ယင်းသို့ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဖောင်းပိန်ရုပ်ကို ရှုအပ်ကြောင်း ခိုင်လုံစွာ အဆုံးအဖြတ်ပေး သော ကျေးဇူးကြောင့် ဖောင်းပိန်ရုပ်ကို ပဓာနအရင်းခံပြု၍ ဒွါရ ၆–ပါးမှ ပေါ်လာသမျှ ရုပ်နာမ်တို့ကို ရှုမှတ်ခြင်းဖြင့် သိန်း သောင်းမက များပြားလှစွာသော ယောဂီတို့မှာ မည်မျှအကျိုးရှိနေကြသည်ကို မြန်မာနိုင်ငံ တစ်ဝန်းလုံး သိကြပြီးဖြစ်နေရုံမျှ မက ထိုင်းနိုင်ငံ၊ သီဟိုဠ်၊ အင်္ဂလန်၊ အမေရိကန် စသည်တို့မှာလည်း ထင်ရှား၍နေလေပြီ။

ဟောပြောနိုင်ဖို့မလွယ်

စုန္ဒမထေရ်က မေးလျှောက်၍ မြတ်စွာဘုရားက ဖြေကြားထားသော ဤသလ္လေခသုတ် တရားတော်ကို ဆဋ္ဌသင်္ဂါယနာမူပမာဏဖြင့် ဖော်ပြရလျှင် ပါဠိမှာ ၈-မျက်နှာသာရှိ၍ အဋ္ဌကထာမှာ ၁၅-မျက်နှာခန့်သာ ရှိပါသည်။ ၎င်းပါဠိ အဋ္ဌကထာတို့ကို ရွတ်ဖတ်မည်ဆိုလျှင် မိနစ် ၄၀-၅၀ ခန့်ဖြင့် ပြီးစေနိုင်ပါသည်။ သို့သော် အနက်အဓိပ္ပါယ်အားဖြင့်မူ အလွန်ပင်နက်နဲခက်ခဲ၍ ကျယ်ဝန်းလှပါသည်။ သိမ်မွေ့လှပါသည်။

စျာမဂ်ဖိုလ်တရားများနှင့်စပ်၍ မေး၊ ဖြေထားသော အမေးအဖြေတရားများ ဖြစ်သောကြောင့် မည်မျှနက်နဲ ခက်ခဲသိမ်မွေ့မည်ကို ပညာရှိတို့သိမြင်နိုင်ပေသည်။ တရားသဘောရင်းကိုက ဤသို့ နက်နဲခက်ခဲ သိမ်မွေ့လှသည့်အထဲမှာ အမေးအဖြေသဘောကလည်း ဆိုလိုသည်ကိုသိနိုင်ရန် ခက်ခဲချက်တစ်ရပ် ပါဝင်နေပြန်ပါသေးသည်။ ထို့ကြောင့်ပင် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက-

> "ဒီအမေးအဖြေ ၂-ခုလုံးဟာ သဘောပေါက်ဖို့ နားလည်ဖို့ မလွယ်ဘူးခက်တယ်၊ အမေးမှာ နှလုံးသွင်းခါစနှင့် ဒီအယူအမှားတွေကို ပယ်နိုင်ပါသလား-လို့ မေးထားတယ်၊ ဒိဋ္ဌိအယူမှားတွေ ဖြစ်ပွားရာဘုံ အာရုံဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို "ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်"လို့ ရှုမြင်လျှင် အဲဒီ ဒိဋ္ဌိအယူမှားတွေကို ပယ်စွန့်ခြင်း ဖြစ်တယ်လို့ ဖြေထားတယ်" ဟူ၍-

အမေးအဖြေကို ရှင်းလင်းဟောပြောတော့မည်ပြုရာတွင် ထည့်သွင်းဟောပြောထားခြင်း ဖြစ်ပေသည်။ ယင်းဟောပြောချက်ဖြင့် သဘာဝအခက်ကို ဆိုလိုသည်မဟုတ်သေးဘဲ အမေးအဖြေဝေါဟာရအပေါ်မှာ သိနိုင်ရန်ခက်ခဲကြောင်းကိုသာ ဆိုလိုကြောင်း ထင်ရှားပါသည်။ တရားတော်၏ အစဖြစ်သော အမေးအဖြေ သဘောကိုက နားမလည်နိုင်လောက်အောင် ခက်နေပြီဆိုလျှင် ဓမ္မသဘာဝကို သိနိုင်ဖို့ကျတော့ အဆများစွာ ပိုမိုခက်ခဲတော့မည်မှာ သေချာလှပါသည်။

သို့သော် ဤအရာ၌ ခက်တယ်ဆိုသည်မှာ တရားနာပရိသတ်တို့အတွက်သာ ဆိုလိုခြင်းဖြစ်ပါသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအတွက်မှာမူ မခက်ပါ၊ မခက်သောကြောင့်ပင်-

"အဲဒီအသိခက်တာတွေကို သိနားလည်အောင် ရှင်းပြရလိမ့်မယ်"လို့ ရှင်းပြဖို့ရန် ဆက်လက်ပြီး တာဝန်ခံတော်မူလိုက်ခြင်းဖြစ်ပါသည်။ အကယ်၍ ဆရာတော်ဘုရားကြီးအတွက်လည်း ခက်နေပါလျှင် ရှင်းပြရန်တာဝန်လည်း ခံနိုင်မည်မဟုတ်၊ ရှင်း၍လည်း ပြနိုင်မည်မဟုတ်ပေ။ ယခုမူ ဆရာတော်ဘုရားကြီးက ရှင်းပြရန် တာဝန်ခံပြီးလျှင် အများပရိသတ်တို့ နားလည်အောင် အစအဆုံး ပြည့်ပြည့်စုံစုံ ရှင်းပြထားပေသည်။

မရှိခဲ့ဖူးသေး

အစမှာလည်းခက်၊ အလယ်မှာလည်းခက်၊ အဆုံးမှာလည်းခက်လှသော ဤလိုသုတ္တန်ဒေသနာတော်မျိုးတွေကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးလို တခမ်းတနား ထိမိနိုင်နင်းစွာ ဝေဖန်ဟောကြားရန်မှာ မလွယ်ကူပါ၊ မလွယ်ကူသောကြောင့်ပင် ယခင်က ဤတရားတော်ကြီးမျိုး မပေါ်မထွက်ဘဲ ရှိခဲ့လေသည်။ မှန်ပါသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသကဲ့သို့ အခြားသောဓမ္မကထိကတို့ ဟောကြားထားသော ဤလိုခမ်းနားပြည့်စုံသည့် သုတ္တန်တရားတော်ကြီးများ မရှိခဲ့ဖူးသေးပါ၊ စေ့စေ့စပ်စပ်မဟုတ်ဘဲ ဟိုတစ်စ သည်တစ်စ လိုရာအကွက်ကလေးလောက်သာ ဆွဲထုတ် ဟောကြားရေးသားထားသော တရားနှင့် စာအုပ်များမှာမူ မရှိမဟုတ် ရှိကြပါသည်။ သို့သော် အစအဆုံး ပြည့်ပြည့်စုံစုံ မဟုတ်ကြသောကြောင့် ပညာရှိတို့ အားရကျေနပ်လောက်အောင် မဖြစ်ရုံသာမက ထည်ဝါခန့်ညားခြင်းလည်း မရှိကြပါ။

အကြောင်းအားလျော်စွာ တစ်ခါတစ်ရံ ဆွမ်းစသည်တို့နှင့်စပ်သော အနုမောဒနာတရားများကို ဟောကြားသေးသော်လည်း အနုသာသနီအနေဖြင့် ဟောကြားရသည့် သီးသန့်တရားပွဲကြီးများ၌မူ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဤသလ္လေခသုတ်တော်ကြီးလို လေးနက်သော သုတ်တော်ကြီးတို့ကိုသာ ဟောကြားတော်မူလေ့ရှိပါသည်။

ထိုသုတ္တန်တရားတော်တို့မှာ အဟောအပြောခက် အသိခက်ငြားသော်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက နိုင်နိုင်နင်းနင်း ရှင်းလင်းဝေဖန် ဟောကြားတော်မူနိုင်သဖြင့် နာကြားရသူတို့မှာ အလွယ်တကူပင် သိမြင်သဘောပေါက်နိုင်ကြပေသည်။ ဤသို့သဘောပေါက်နိုင်ပုံကို ဤသလ္လေခသုတ် တရားတော်ကြီးက ဖတ်ရှုသူတို့အား ထင်ရှားသိစေပါလိမ့်မည်။

ဤသလ္လေခသုတ်တော်ကြီးသည် မဂ်ဖိုလ်ကို မရသေးပါဘဲ ရဟန်ပြုထင်မှု အဓိမာနရှိသော ပုဂ္ဂိုလ်တို့အတွက် ရည်ရွယ်၍ဟောထားသော တရားတော်ဖြစ်သောကြောင့် အခြားသုတ်တော်တို့ထက်ပင် အဆစ်အဖု အခက်အခဲတွေများသောကြောင့်သာ၍ အဟောခက်အသိခက်သည်ဟု ဆိုချင်ပါသည်။ အကြောင်းမူကား အဓိမာနဟုတ်သည် မဟုတ်သည်ကို အဆုံးအဖြတ်ခက်ခဲရာမှာ တိတိကျကျဆုံးဖြတ်နိုင်အောင် အလွန်သိမ်မွေ့နက်နဲသော စျာန်မဂ်ဖိုလ်တရားများကို ဟောကြားရခြင်းကြောင့် ဖြစ်ပါသည်။

ယင်းသို့ အခြားသုတ်တော်ကြီးတို့ထက် အဟောရခက်မည်ဟု ထင်ရငြားသော်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဟောကြားထားပုံကို ဖတ်ရှုကြည့်ရသောအခါ အခြားသုတ်တော်ကြီးများကို ပေါ်လွင်ထင်ရှားအောင် ဟောကြားထားသည်ကိုတွေ့ရပေသည်။ ယောဂီတို့မှာ အထင်ကြီးမှု အဓိမာန ဖြစ်တတ်သည့်အရာဌာနများကို အကွက်ချ၍ ဖော်ပြဟောကြားထားသည်ကိုလည်း တွေ့ရပေသည်။ အဓိမာန ဖြစ်တတ်သည့် သဘောကို ဖော်ပြရာ၌–

> "တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ တရားတွေကို တွေ့ရလိမ့်မည်လို့ မျှော်လင့်ပြီး အားထုတ်နေတယ်၊ ဒီတော့ ထူးထူးခြားခြားကလေးကိုတွေ့ရင် တရားထူးပဲလေလားလို့ ထင်မြင်အောက်မေ့မိတတ်တယ်၊ တောထဲမှာ မှိုရှာတဲ့ လူဟာ ဖွေးဖွေးကို မြင်ရင် မှိုလေလားလို့ တွေးမိတာ လိုပါပဲ" ဟူ၍–

တရားနာပရိသတ်တို့ အသိဉာဏ်တွေ သိလွယ်မြင်လွယ်အောင် ထင်ရှားလွယ်ကူသော ဥပမာကိုဆောင်၍ ဖော်ပြဟောကြားထားပေသည်။

ဆုံးဖြတ်ရာ၌ တိကျသည်

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ် ပဋိပတ်နှစ်ရပ်လုံး၌ ကျွမ်းကျင်တော်မူလှသောကြောင့် အဆုံးအဖြတ်ပေးသင့်သည့် နေရာများ၌လည်း တိတိကျကျ ဆုံးဖြတ်နိုင်စွမ်း ရှိတော်မူသည်ကိုလည်း တွေ့နိုင်ပါသည်။ သာဓကတစ်ခုလောက်ကို ထုတ်ပြရလျှင် အချို့ကမ္မဋ္ဌာန်းဆရာများ တွေဝေမှားယွင်းတတ်သော အရာ၌–

"တချို့က တုံးလုံးပက်လက်လဲနေတာ၊ ကိုးရိုးကားရား လူးလိမ့်နေတာကို တရားထူးလို့ ထင်မှတ်နေကြတယ်၊ ဒါကတော့ မဟုတ်ပါဘူး။ စျာန်–မဂ်–ဖိုလ်ဆိုတာတွေဟာ အပွန်နာဇောတွေပဲ၊ အပွန်နာဇောဆိုတာ ထိုင်ခြင်း ရပ်ခြင်း အစရှိတဲ့ ဣရိယာပုတ်တွေကို မူလတည်မြဲအတိုင်းပင် တည်စေတတ်တယ်၊ ဒါကြောင့် "အပွန်နာဇဝနံ ဣရိယာ ပထမ္ပိသန္ဌာမေတိလို့ အဋ္ဌကထာတွေမှာ အထင်အရှားပြဆိုထားပါတယ်"ဟူ၍–

(ဤတရားတော်ကြီး နာ ၃၉–မှာ) ခိုင်လုံတဲ့ သာဓကနှင့်တကွ အဆုံးအဖြတ် ပေးထားသည်ကို တွေ့ကြရပါလိမ့်မည်။

ထိုကဲ့သို့ မှားမှားယွင်းယွင်း ထင်မြင်ယူဆပြီး တရားထူးမဟုတ်သည်ကို တရားထူးအနေဖြင့် အသိအမှတ်ပြုနေတဲ့ ကမ္မဋ္ဌာန်းဆရာတို့သည်ကား ပရိယတ်ပဋိပတ်အရာ၌ မကျွမ်းကျင်သောကြောင့်လည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့မဟုတ် ဝိပဿနာအလုပ်ကို ကိုယ်တိုင်က ကျကျနန အားမထုတ်ဖူးပါပဲ၊ ကမ္မဋ္ဌာန်းခေတ်စားနေခိုက်မှာ ငါလည်း ကမ္မဋ္ဌာန်းဆရာလုပ်မည်ဟု လာဘသက္ကာရ သိလောကကိုမျှော်လင့်ပြီး သူမနိုင်သောအလုပ်ကို လုပ်နေသူလည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဤသို့တွေးတောယူဆရာ၌ အထောက်သာဓကမှာ မြတ်စွာဘုရားလက်ထက်တော် ကာလကပင် ဘုရားမဟုတ်ပါဘဲ ဘုရားလုပ်နေသူ တွေ့ရှိခဲ့သည်ကို ထောက်ဆကြည့်လျှင် ယခုခေတ်၌ ကမ္မဋ္ဌာန်းဆရာအတု ဟူသည်မှာလည်း မရှိဘူးဟူ၍ အဘယ်မှာ ဆိုနိုင်လိမ့်မည်နည်း။

ထိုသို့သော ကမ္မဋ္ဌာန်းဆရာအတုတို့ထံ၌ နည်းခံ၍ကျင့်သဖြင့် အရိယာဖြစ်ပြီ သောတာပန်ဖြစ်ပြီ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ပြီဟု အသိအမှတ်ပြုချက်ရသော်လည်း စိတ်မချရ၊ မကြာမီပင် ဤထုဇဉ်အဖြစ်သို့ ပြန်ရောက်တတ်သည်။ ရဟန္တာလူထွက်အထိ ဖြစ်ပေါ်ခဲ့ဖူးသည်ကို မကြာမီ နှစ်များအတွင်းက သတင်းစာများ၌ပင် အထင်အရှား မကြားကောင်း မနာသာ တွေ့ခဲ့ကြရလေသည်။ ထို့ကြောင့် တရားထူးအရာ၌ အထင်မှားတတ်သည်ကို ဆရာတော်ဘုရားကြီးက ဓမ္မဓိဋ္ဌာန် ကျကျ ဖော်ပြထားသည်မှာ သင့်လျော်လှပါပေသည်။

ပရိသတ် ပဋ္ဌိပတ်စွယ်နှံ့

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည်ကား ပရိယတ် ပဋ္ဌိပတ်နှစ်ရပ်လုံး စွယ်စုံဖြစ်ပေသည်။ အနည်းငယ် ဖော်ပြရလျှင် ၁၂၉၃–ခုနှစ် ရဟန်းသိက္ခာ ၈–ဝါရအရွယ်၌ သထုံမြို့ မင်းကွန်းဇေတဝန် (မူလ) ဆရာတော်ဘုရားကြီးထံ၌ နည်းနိသယခံယူ၍ သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို လေးလကျော် အားထုတ်ခဲ့သဖြင့် ပဋ္ဌိပတ်ဘက်မှာလည်း ပြည့်စုံတော်မူပေသည်။ ပရိယတ်နှင့် ပြည့်စုံကြောင်းမှာမူ ဆဋ္ဌသင်္ဂါယနာတင်စဉ်က သြသာနသောခနကိစ္စနှင့် အမေးပုစ္ဆကအရာတို့၌ ဆောင်ရွက်တော်မူခဲ့ခြင်းဖြင့် အလွန်ထင်ရှားလှပါပေသည်။ သို့သော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် တရားအားထုတ်ပြီးလျှင် ပြီးချင်း ကမ္မဋ္ဌာန်း ဟောကြားပြသခဲ့သည် မဟုတ်ပေ။ သင့်လျော်သော အချိန်အခါကို ငံ့လင့်လျက် ပရိယတ် ပဋ္ဌိပတ်တို့ကို ထပ်မံလေ့လာနေခဲ့ပြီးလျှင် ၁၃၀၀–ပြည့်နှစ်မှသာလျှင် အစပြု၍ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ဟောကြားပြသတော်မူခဲ့ပေသည်။

အရိယာလူထွက်မရှိ

ဟောကြားညွှန်ပြရာ၌လည်း တပည့်ယောဂီ၏ အားထုတ်ပုံ တွေ့မြင်ပုံများကို နေ့စဉ်မေးမြန်း စစ်ဆေး၍ ဝိပဿနာ ဉာဏ်များ အစဉ်အတိုင်း အပြည့်အစုံဖြစ်ပေါ်လျက် မဂ်ဖိုလ်ဉာဏ်များဖြစ်ပုံ ထင်ရှားသည်တိုင်အောင် ညွှန်ကြားပြသတော်မူပေသည်။ တရားထူးနှင့် ပြည့်စုံလောက်ပြီဟု ယုံကြည်ရသော သူအားလည်း သောတာပန်ဖြစ်ပြီစသည်ဖြင့် အဆုံးအဖြတ်မပေးဘဲ ဓမ္မာဒါသသုတ်တရားတော်နှင့်အညီ ဉာဏ်စဉ်တရားကို ဟောပြ၍ ယောဂီ၏ ကိုယ်တိုင်တွေ့ ကိုယ်ပိုင်ဉာဏ်ဖြင့်သာလျှင် ဆုံးဖြတ်စေပါသည်။ ထို့ကြောင့်ပင် ယခုအထိ နှစ်ပေါင်းသုံးဆယ်ကျော်အတွင်းမှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တပည့်ထဲမှ အရိယာလူထွက်ဟူ၍ တစ်ဦးတစ်ယောက်မျှ ပေါ်လာခြင်းမရှိဘဲ ကြည်ညိုဖွယ်ဂုဏ်နှင့် ပြည့်စုံလျက်ရှိပါပေသည်။ အမြော်အမြင်ဉာဏ်ပညာနှင့် ပြည့်စုံသူ စာပေကျမ်းဂန်တတ် ရဟန်း၊ ရှင်၊ လူတို့၏ ယုံကြည်လေးစားခြင်းကိုလည်း ခံယူရပါသည်။ ဤအချက်မှာ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ တစ်ခုတည်း၌ပင် စာပေကျမ်းဂန်တတ် ရဟန်းတော်များ သုံးလေးဆယ်အထိ အသစ်အဟောင်း ပြောင်းလဲကာ အားထုတ်လျက် အမြဲတမ်း ရှိနေခြင်းဖြင့် ထင်ရှားလှပါသည်။

တစ်စ တစ်စနှင့် ကြီးထွားလာရသည်

ဤသို့ ရဟန်း၊ ရှင်၊ လူအများ၏ ယုံကြည်လေးစားခြင်းကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ပဋ္ဌိပတ် လုပ်ငန်းစဉ်ကြီးသည် ၁၃၀၀–ပြည့်နှစ်မှစ၍ ပေါက်ပွားလျက် တစ်စတစ်စနှင့် ကြီးထွားလာခဲ့ရာ ယခုအခါမှာ အကြီးဆုံး၊ အကျယ်ပြန့်ဆုံးအဖြစ်သို့ ရောက်နေပြီ၊ ဤသည်မှာ ဆရာတော်ဘုရားကြီး၏ ပရိယတ် ပဋ္ဌိပတ် နှစ်ရပ်လုံး ပြည့်စုံလုံလောက်ခြင်း၊ စိတ်စေတနာ သဒ္ဓါတရား ဖြူစင်သန့်ရှင်းခြင်း ဖြောင့်မတ်မှန်ကန်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ထင်ရှားလှပါသည်။ မမှန်ကန်သော အတုအယောင်တို့မှာမူ တစ်ရှိန်ထိုး အမြန်တက်လာပြီးလျှင် တစ်ခဏလောက်နှင့် ပျောက်မှန်းမသိ ပျောက်ကွယ်သွားတတ်ကြပါသည်။

ဤသို့ ထင်မှတ်ရသည်

နောက်ဆုံး နိဂုံးချုပ်အနေအားဖြင့် ဖော်ပြလိုသည်မှာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားထားသော သုတ္တန်တရားတော်ကြီးများမှာ တရားတစ်ပုဒ်ကို နာကြားဖတ်ရှုနေစဉ် အခြားတစ်ပုဒ်ထက် ပိုကောင်းသည်၊ ပိုလေးနက်သည်ဟု ထင်မှတ်ကြရပါသည်။ သို့ဖြစ်၍ ယခင်ကဖတ်ခဲ့ဖူးသော အရိယာဝါသတရားတော်ကြီး စသည်တို့ကို လေးနက်ကောင်းမွန်လှပါပေသည်ဟု ထင်မှတ်ခဲ့ပြီးသော သူတို့သည် ဤသလ္လေခသုတ်တရားတော်ကြီးကို ဖတ်ရှုကြရသည့်အခါ ဤသုတ်တရားတော်ကြီးက ပိုလေးနက် ပိုကောင်းပါတကားလို့ ထင်မှတ်ရလိမ့်မည်ဖြစ်ကြောင်း နိဂုံးချုပ်အနေဖြင့် ဖော်ပြလိုက်ပါသတည်း။

ဦးတိသ
နာယကဆရာတော်
မစိုးရိမ်ကျောင်းတိုက်
ဝက်လက်မြို့။

၁၃၃၇–ခုနှစ်၊
ဦးတန်ခူးလပြည့်ကျော် ၈–ရက်
(၁၈–၄–၇၁)

သလ္လေခသုတ်တရားတော်ကြီး

၁၃၃၁–ခုနှစ်၊ တန်ခူးလဆန်း ၈–ရက်နေ့ဟောသည်။

နမော တဿ ဘဂဝတော သိဓါမ္ပတ္တ သလ္လေခဿ။

ပလ္လင်ခံ

ဒီကနေ့ဟာ ၁၃၃၁–ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၈–ရက်၊ သင်္ကြန်အကျနေ့ ဖြစ်တယ်၊ ဒီကနေ့ကစပြီး ဟောဖို့ တရားကတော့ နိကာယ်ငါးရပ်မှာ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော်က သလ္လေခသုတ် ဆိုတဲ့တရားကို စဉ်းစားထားပါတယ်။

ယခင်ကလဲ ဒီတရားကို သုံးလေးကြိမ်ထက်မနည်း ဟောခဲ့ဖူးပါပြီ၊ ဒီဌာနမှာလဲ လွန်ခဲ့တဲ့ ၂၀–ခုနှစ် ဝါဆိုလကစပြီး တစ်ကြိမ်ဟောခဲ့ဖူးပါတယ်၊ ယခုတစ်ကြိမ် ဒီမှာထပ်ပြီးဟောတာကတော့ အကြောင်းရှိပါတယ်၊ အဲဒီ ၂၀–ခုနှစ်ကဟောတုန်းက အသံဖမ်းယူထားတဲ့ တိပ်ကြိုးခွေထဲမှာ တချို့က အသံဟောင်းတွေနှင့် ရောနေတယ်၊ တချို့ကလဲ ကြိုးတွေလိမ်တွန့်နေလို့ ဖွင့်ပြီး အများကြားနာရန် မကောင်းတော့ဘူးလို့ ဆိုပါတယ်၊ အဲဒါတွေကြောင့် ဒီသလ္လေခသုတ်တရားတော်ကို တိပ်ကြိုးခွေများမှ ဖွင့်ထုတ်ပြီးတော့ အများတို့ သန့်သန့်ရှင်းရှင်း အမြဲတမ်းကြားနာနိုင်ကြရအောင်လို့ ယခုတစ်ကြိမ် ထပ်ပြီးတော့ ဟောရပါတယ်။

ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်မှာ အပ္ပိစ္ဆာဂုဏ်၊ သန္တုဋ္ဌိဂုဏ်၊ သလ္လေခဂုဏ်ဆိုတဲ့ ဒီဂုဏ်တွေဟာ ပြည့်စုံဖို့ရာ အင်မတန် အရေးကြီးတဲ့ဂုဏ်တွေ ဖြစ်ပါတယ်၊ အပ္ပိစ္ဆာ အလိုနည်းခြင်းဆိုတဲ့ ဂုဏ်နဲ့ပြည့်စုံဖို့ရာ အလိုရမ္မက် နည်းအောင်ကျင့်ရမယ်၊ အလိုရမ္မက်များပြီး လောဘကြီးနေလို့ရှိရင် မြတ်စွာဘုရား အလိုတော်မကျဘူး၊ ဒါကြောင့် အလိုရမ္မက်နည်းစေရမယ်၊ လောဘဘက်ကဆိုရင် အသုံးအဆောင် ပစ္စည်းရေးတွေနဲ့ စပ်ပြီးတော့လဲ အလိုရမ္မက်နည်းစေရမယ်၊ အခြွေအရံစသည်နဲ့စပ်ပြီးတော့လဲ အလိုရမ္မက်နည်းစေရမယ်၊ တရားဘက်ကဆိုရင်လဲ ပရိယတ်နဲ့စပ်ပြီးတော့ ဖြစ်စေ၊ ပဋ္ဌိပတ်နဲ့ စပ်ပြီးတော့ဖြစ်စေ မိမိဂုဏ်ကိုမဖော်လိုဘဲ အလိုရမ္မက် နည်းစေရမယ်၊ မိမိက စာပေကျမ်းဂန်သိပြီး ဗဟုသုတများနေပေမယ်လို့ ဖော်ပြလိုစိတ် မရှိဘဲ အလိုနည်းစေရမယ်၊ ပဋ္ဌိပတ်အကျင့်တွေကို ထူးထူးချွန်ချွန် ကျင့်ထားဖူးပေမယ်လို့ အဲဒါတွေကို သူများသိအောင် ပြောပြလိုခြင်းမရှိဘဲ အလိုနည်းစေရမယ်၊ တကယ်ဟုတ်နေပေမယ်လို့ သောတာပန် ဖြစ်နေတယ်၊ သကဒါဂါမ် ဖြစ်နေတယ်၊ အနာဂါမ် ဖြစ်နေတယ်၊ ရဟန္တာ ဖြစ်နေတယ်၊ အကြားအမြင် ပေါက်နေတယ် စသည်ဖြင့် ဒီလိုဟာတွေကို သူများသိအောင် ဖော်ပြလိုခြင်းမရှိဘဲ အလိုနည်းစေရမယ်၊ အရိယာပုဂ္ဂိုလ်အစစ်ဆိုရင်တော့ ဒီလိုမိမိဂုဏ်ကို ဖော်ပြလိုခြင်းမရှိဘဲ အလိုရမ္မက် နည်းနေပါတယ်၊ မိမိရထားတဲ့ တရားထူးကို သူတစ်ပါးအား ရစေချင်ပါတယ်၊ ဒါပေမယ့် မိမိရဲ့ဂုဏ်ကိုတော့ ဖော်ပြခြင်းမရှိဘဲ လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်ထားတတ်ကြပါတယ်၊ အစစ်အမှန်မဟုတ်တဲ့ ပုဂ္ဂိုလ်တွေကသာ အရိယာအဖြစ် ရဟန္တာအဖြစ်ကို ဖော်ပြတတ်ကြပါတယ်။

နောက်ပြီးတော့ သန္တုဋ္ဌိ–ရောင့်ရဲလွယ်ခြင်းဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံဖို့ရာလဲ ကျင့်ရမယ်၊ ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ရသမျှပစ္စည်းနဲ့ ရောင့်ရဲနိုင်အောင် ကျင့်ရမယ်၊ ဒီဂုဏ်ကလဲ အရေးကြီးပါတယ်၊ နောက်ပြီးတော့ သလ္လေခကိလေသာကို ခေါင်းပါးစေခြင်းဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံဖို့ရာလဲ ကျင့်ရမယ်၊ ကိုယ်မှာ အညစ်အကြေးတွေ လူးပေနေရင် ဝါးခြမ်းစသည်နဲ့ ခြစ်ပစ်ရသလို စိတ်သန္တာန်မှာ ဖြစ်ပွားနိုင်တဲ့ "ကိလေသာ အညစ်အကြေးတွေကို ခေါင်းပါးအောင် နည်းပါးအောင် ကင်းသွားအောင်ကျင့်ရတဲ့ ပဋ္ဌိပတ်ကို သလ္လေခအကျင့်လို့" ခေါ်တယ်၊ အဲဒီသလ္လေခအကျင့်တွေကို ဒီသုတ်မှာ အကျယ်ဖော်ပြထားတယ်၊ ဒါကြောင့် ဒီသုတ်ကို သလ္လေခသုတ်လို့ခေါ်တယ်၊ အဲဒီသလ္လေခသုတ်ကို ဒီကနေ့ကစပြီး ဟောရမယ်၊ အယင် နှစ်ဆယ်ခုနှစ်တုန်းက ခုနှစ်သီတင်း ခုနှစ်ကြိမ် ဟောရတယ်၊ ယခုလဲ ခုနှစ်ကြိမ်ထက် နည်းမယ်မဟုတ်ဘူး၊ သုတ်ကြီးက အရှည်ကြီးပဲ၊ ဒါကြောင့် တစ်ပိုင်းချင်းပဲ ဟောသွားရမယ်။

ဒီသုတ်ကတော့ ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ အသုံးကျပါတယ်၊ ကျေးဇူးများပါတယ်၊ တရားမအားထုတ်ဘဲ အလွတ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ အသုံးကျပါတယ်၊ ကျေးဇူးများပါတယ်၊ အကုသိုလ်ကို ပယ်ရှားလိုတဲ့ကုသိုလ်ကို ပွားများလိုတဲ့ ပုဂ္ဂိုလ်တွေအားလုံးအတွက် ကျေးဇူးများစေနိုင်တဲ့ သုတ်ကြီးဖြစ်ပါတယ်၊ ဒါကြောင့် ဒီသုတ်တရားကို ကြားနာလေ့လာရင် ကမ္မဋ္ဌာန်းကျောင်းမှာ တရားအားထုတ်နေကြတဲ့ သူတွေအတွက်လဲ အထောက်အပံ့ရမယ်၊ အိမ်မှာနေတဲ့လူတွေ အလုပ်ကိစ္စတွေကို လုပ်ကိုင်ဆောင်ရွက်နေရင်းလဲ ကုသိုလ်ပွားပြီး အကျိုးများစေမယ်၊ ဒါကြောင့် ဒီသလ္လေခသုတ်တရားက အားလုံးနဲ့ဆိုင်ပါတယ်၊ ဒီသုတ်ကို ဘာကြောင့် မြတ်စွာဘုရား ဟောတော်မူရတယ်ဆိုတဲ့ အကြောင်းကစပြီး ယခုဟောရမယ်။

အရှင်စုန္ဒမထေရ်က လျှောက်ထားတယ်

အခါတစ်ပါး မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအခါမှာ အရှင်သာရိပုတ္တရာ၏ ညီတော်ဖြစ်တဲ့ မဟာစုန္ဒဆိုတဲ့ ရဟန္တာမထေရ်က တစ်နေ့သောအခါမှာ ဖလသမာပတ်ကို ဝင်စားပြီး နေတော်မူပါတယ်၊ ဒီလို သမာပတ်ဝင်စားတယ် ဆိုတာကလဲ ဒီတစ်နေ့တည်း မဟုတ်ပါဘူး၊ ရဟန္တာဆိုတာ အကြောင်းအထူး မရှိရင် သမာပတ် တစ်ပါးပါးကို ဝင်စားနေလေ့ရှိပါတယ်၊ တရားဆွေးနွေးစရာ ဟောပြောစရာ ရှိတဲ့အခါမှာ ဆွေးနွေးတယ်၊ ဟောပြောတယ်၊ အခြားပုဂ္ဂိုလ်က ဟောရင်လဲ တရားနာတယ်၊ ကိစ္စကြီးငယ် ဆောင်ရွက်စရာရှိရင်လဲ ဆောင်ရွက်တယ်၊ ဒီပြင် အချိန်တွေမှာဆိုရင် အများအားဖြင့် သမာပတ်တစ်ပါးပါးကို ဝင်စားနေလေ့ရှိပါတယ်၊ တစ်ရံတစ်ခါ စျာန်သမာပတ်ကို ဝင်စားနေတယ်၊ တစ်ရံတစ်ခါ နိရောဓသမာပတ်ကို ဝင်စားနေတယ်၊ နိရောဓသမာပတ်ဆိုတာ စိတ်စေတသိက်တွေနဲ့ စိတ္တဇရူပ်တွေ အကုန်ချုပ်ငြိမ်းနေတဲ့ သဘောပါပဲ၊ တစ်ရံတစ်ခါမှာ အရဟတ္တဖလသမာပတ်ကို ဝင်စားနေတယ်၊ အရဟတ္တဖလသမာပတ်ဆိုတာ နိဗ္ဗာန်အငြိမ်းဓာတ်ကိုအာရုံပြုပြီး အငြိမ်းဓာတ်ထဲ ဝင်ရောက်နေသလို အရဟတ္တဖိုလ် စိတ်ချည်းမပြတ် ဖြစ်နေတဲ့သဘောပါပဲ၊ အနာဂါမ်က အနာဂါမိဖလသမာပတ်ကို ဝင်စားတဲ့အခါ၊ သကဒါဂါမ်က သကဒါဂါမိ ဖလသမာပတ်ကို ဝင်စားတဲ့အခါ သောတာပန်က သောတာပတ္တိဖလသမာပတ်ကို ဝင်စားတဲ့အခါများမှာလဲ ဒီအတိုင်းပါပဲ၊ မြင်စရာ ကြားစရာ တွေ့စရာ သိစရာ တွေကရှိနေပေမယ့် အဲဒီလိုအာရုံတွေဆီကို စိတ်ကမရောက်ပဲနဲ့ ရုပ်နာမ်သင်္ခါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်အာရုံထဲမှာ စိတ်ကလေးဝင်ပြီးတည်နေသလို ချုပ်ငြိမ်းမှု သဘောတစ်မျိုးတည်း ထင်နေတဲ့သဘောပါပဲ၊ အရှင်စုန္ဒမထေရ်ဟာ ယခုပြောခဲ့တဲ့အတိုင်း အရဟတ္တဖလသမာပတ်ကို တစ်နေ့လုံးဝင်စားပြီးတော့ ညနေချမ်းအခါမှာ မြတ်စွာဘုရားထံ လာရောက်တယ်၊ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီး သင့်တော်တဲ့အရပ်မှာ ထိုင်တယ်၊ အဲဒီလို ထိုင်နေပြီးတော့ မြတ်စွာဘုရားကို ဒီလို မေးလျှောက်ပါတယ်။

အရှင်မဟာစုန္ဒမထေရ်၏ မေးလျှောက်ပုံ

ယာဂ္ဂမာ ဘန္တေအနေကဝိဟိတာ ဒိဋ္ဌိယော လောကေဥပ္ပဇ္ဇန္တိ၊ အတ္တဝါဒ ပဋိသံ
ယုတ္တာ ဝါ လောကဝါဒပဋိသံယုတ္တာ ဝါ၊ အာဒိမေဝ ဘန္တေ ဘိက္ခုနော မနသိကရောတော ဧဝ
မေတာသံ ဒိဋ္ဌိနံပဟာနံ ဟောတိ၊ ဧဝမေတာသံ ဒိဋ္ဌိနံ ပဋိနိဿဂ္ဂေါ ဟောတိ။

ဒါက မြတ်စွာဘုရားကို မဟာစုန္ဒမထေရ်က လျှောက်ထားပုံပဲ၊ ဘုရားလက်ထက်တော် ကာလတုန်းက အိန္ဒိယ အလယ်ပိုင်းမှာ အချင်းချင်း ပါဠိဘာသာနဲ့ ပြောဆိုနေကြတယ်၊ ဒါကြောင့် ပါဠိဘာသာနဲ့ မေးလျှောက်တယ်၊ တရားနာ ပရိသတ်ကတော့ ပါဠိဘာသာကို နားမလည်တဲ့ သူကပဲများတယ်၊ ဒါကြောင့် အဲဒီပါဠိကို မြန်မာလို ပြန်ပြီးဟောရမယ်။

ဘန္တေ–မြတ်စွာဘုရား၊ အတ္တဝါဒပဋိသံယုတ္တာ ဝါ အတ္တဝါဒနှင့် ဆိုင်သည်မူလည်း ဖြစ်ကုန်သော၊ လောကဝါဒပဋိသံယုတ္တာ ဝါ–လောကဝါဒနှင့် ဆိုင်သည်မူလည်း ဖြစ်ကုန်သော၊ အနေကဝိဟိတာ–များစွာကုန်သော၊ ယာဂ္ဂမာဒိဋ္ဌိယော–အကြင်မှားသောအယူ အမြင်တို့သည်၊ လောကေ–လောကဌ် ဥပ္ပဇ္ဇန္တိ–ဖြစ်ပေါ်နေကြပါသည် အရှင်ဘုရား။

လောကမှာ မှားတဲ့မိစ္ဆာအယူအမြင်တွေက ဖြစ်ပေါ်နေကြပါတယ်၊ အဲဒါတွေဟာ တစ်မျိုးတည်းလဲ မဟုတ်ပါဘူး၊ အနေကဝိဟိတာ–အများကြီးပါပဲတဲ့၊ ဘယ်လိုဟာတွေလဲဆိုရင် အတ္တကောင်လို့ ပြောဆိုတဲ့ ဝါဒနဲ့လဲစပ်ပြီး ဖြစ်ကြပါတယ်၊ လောကလို့ပြောဆိုတဲ့ ဝါဒနဲ့လဲ စပ်ပြီး ဖြစ်ကြပါတယ်ဘုရားတဲ့။

ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မမူခင်ကတည်းက သတ္တဝါကို အတ္တလို့လဲ ခေါ်ကြတယ်၊ လောကလို့လဲ ခေါ်ကြတယ်၊ သတ္တလောက၊ သင်္ခါရလောက သြကာသလောကဆိုတဲ့ လောကသုံးပါးထဲမှာ သတ္တလောကဆိုတာ သတ္တဝါကို ခေါ်တာပဲ၊ သတ္တဝါတစ်ယောက်ကို လောကတစ်ခုလို့ ဆိုရတယ်၊ အဲဒီသတ္တဝါနဲ့ အတ္တကောင်ဆိုတာ အမည်သာကွဲပါတယ်၊ အနက်အထည်ဒြပ်ကတော့ အတူတူပါပဲ၊ အသက်ရှင်နေတဲ့ အကောင်းချည်းပဲ ဆိုလိုပါတယ်။

အတ္တဝါဒနှင့် စပ်တဲ့မိစ္ဆာအယူ

အတ္တဝါဒနှင့်စပ်ပြီး အယူမှားဖြစ်ပုံကတော့ "ရူပံအတ္တတောသမနုပဿတိ"တဲ့၊ ရူပံ–ရုပ်ကို၊ အတ္တတော–အတ္တဟု၊ ဝါ အသက်ရှင်နေသော အကောင်ဟု၊ သမနုပဿတိ–ရှုမြင်ထင်မှတ်၏၊ ရုပ်ကိုပဲ အသက်ရှင်နေတဲ့အကောင်လို့ ယူဆထင်မှတ်တဲ့ အယူမှားက တစ်မျိုးတဲ့၊ ရုပ်ဆိုတာ ယခုထင်ရှားတွေ့နေကြရတဲ့ ကိုယ်ကြီးတစ်ခုလုံးပေါ့၊ အဲဒါဟာ ရုပ်အသေးအမွှားကလေးတွေ သန်းပေါင်းများစွာ ကုဋေပေါင်းများစွာ စုပေါင်းပြီးဖြစ်နေတဲ့ ရုပ်အစုအဝေးကြီးပါပဲ၊ အဲဒီရုပ်အစုအဝေး ရုပ်ကိုယ်ကြီးကိုပဲ အသက်ရှင်နေတဲ့ အတ္တကောင်လို့ဆိုပါတယ်၊ "ရုပ်ကိုယ်ကြီးသည်ပင် အတ္တကောင်၊ အတ္တကောင်သည်ပင် ရုပ်ကိုယ်ကြီး၊ ရုပ်ကိုယ်ကြီးနဲ့ အတ္တကောင်ဟာ အတူတူပဲ"လို့ ယူဆတဲ့ ဒီလိုအယူဝါဒလဲ လောကမှာ ရှိနေပါတယ်၊ ဥပမာ လက်ခြေစသည်ကို ကွေးရင် ဆန့်ရင် လှုပ်ရှားရင် "ငါကပဲ ကွေးတယ် ဆန့်တယ် လှုပ်ရှားတယ် ကွေးတာ ဆန့်တာ လှုပ်ရှားတာဟာ ငါပဲ"လို့ ဒီလိုယူဆစွဲလမ်းတာဟာ ရုပ်ကိုအတ္တလို့ ယူဆ စွဲလမ်းတာပါပဲ။

နောက်ပြီးတော့ "ရူပဝန္တံ ဝါ၊ အတ္တာနံ သမနုပဿတိ"တဲ့၊ အတ္တဆိုတာ ရုပ်တော့မဟုတ်ဘူး၊ ဒါပေမယ့် အတ္တမှာ ရုပ်ရှိတယ်၊ သစ်ပင်မှာ အရိပ်ရှိနေသလိုပါပဲတဲ့၊ သစ်ပင်ရဲ့ရိပ်ဟာ သစ်ပင်နဲ့စပ်ဆိုင်နေသလို ရုပ်ကိုယ်ကြီးဟာလဲ အတ္တနဲ့ စပ်ဆိုင်နေတယ်–လို့ ဒီလိုယူဆတဲ့ ဝါဒလဲရှိတယ်၊ ဥပမာ ကွေးတယ် ဆန့်တယ် လှုပ်ရှားတယ်ဆိုရင် ကွေးတာ ဆန့်တာ လှုပ်ရှားတာက ရုပ်ပဲ၊ အဲဒါက အတ္တမဟုတ်ဘူး၊ အတ္တနဲ့ဆိုင်တဲ့ ရုပ်ပဲ၊ အတ္တရဲ့ အလိုအတိုင်း အဲဒီရုပ်က ကွေးလိုက် ဆန့်လိုက် လှုပ်ရှားလိုက်နဲ့ ဖြစ်နေရတာပဲလို့ ယူဆတယ်၊ ဒီအယူကတော့ စိတ်နာမ်တရားကို အတ္တလို့ ယူရာရောက်ပါတယ်။

နောက်ပြီးတော့ "အတ္တနိ ဝါ ရူပံ သမနုပဿတိ" တဲ့၊ ရုပ်က အတ္တပေါ်မှာ တည်မှီနေတယ်၊ ပန်းရဲ့အနံ့က ပန်းထဲမှာ တည်မှီနေသလိုပဲ–လို့ ဒီလိုယူဆတဲ့ ဝါဒလဲရှိတယ်၊ ဒါလဲ စိတ်နာမ်တရားကို အတ္တလို့ စွဲလမ်းရာ ရောက်ပါတယ်။

နောက်ပြီးတော့ "ရူပံသ္မိं ဝါ အတ္တာနံ သမနုပဿတိ"တဲ့၊ အတ္တဆိုတဲ့ အသက်ကောင်က ရုပ်ကိုယ်ကြီးထဲမှာ တည်မှီနေတယ်လို့ ဒီလိုယူဆတဲ့ ဝါဒလဲရှိတယ်၊ တချို့က အသက်ရှင်နေတဲ့ အတ္တကောင်ဟာ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတည်နေတယ်၊ ရုပ်ကိုယ်ကြီးရင် အတ္တကောင်ကလဲကြီးတယ်၊ ရုပ်ကိုယ်ကငယ်ရင် အတ္တကောင်ကလဲငယ်တယ်–လို့ ဒီလို ယူဆကြတယ်၊ တချို့ကလဲ အတ္တကောင်ဟာ လေငြိမ်ရာမှာ မီးထွန်းထားရင် မီးတောက်ကလေး ငြိမ်နေတာလို နှလုံးအိမ်ထဲမှာ ငြိမ်ပြီး တည်နေတယ်–လို့ ယူဆကြတယ်၊ ဒီလို အတ္တစွဲလမ်းပုံ ယူဆပုံတွေကတော့ အိန္ဒိယမှာ ကျမ်းဂန်ကြီးတွေနဲ့ အထင်အရှား ရှိနေပါတယ်၊ အခြားနိုင်ငံတွေမှာလဲ ဝိညာဉ်ကောင် ဆိုတဲ့အမည်နဲ့ ရေးသားထားကြတာတွေ ရှိပါတယ်။

ရုပ်နာမ်မျှသာ ရှိတယ်၊ အတ္တကောင်ဆိုတာ မရှိဘူး–လို့ ဟောထားတဲ့ ဗုဒ္ဓတရားတော်တွေ ထွန်းကားနေတဲ့ မြန်မာပြည်လို ဌာနမှာတော့ အဲဒီလို အတ္တအယူဝါဒဟာ ထင်ထင်ရှားရှား ပီပီသတော့မရှိပါဘူး၊ ဒါပေမယ့် ဒီကိုယ်ထဲမှာ အသက်ရှင်နေတဲ့ အသက်ကောင် လိပ်ပြာကောင် ဆိုတာဟာ ရှိသလိုလို အစွဲအလမ်းကတော့ တချို့ ပုဂ္ဂိုလ်တွေမှာ ရှိနေသေးတာပါပဲ၊ ဒါကြောင့် တချို့အမျိုးသမီးကြီးတွေက လိပ်ပြာလန့်သွားတယ်၊ လိပ်ပြာကို ဥစ္စာစောင့်က နုတ်ယူသွားတယ်၊ လိပ်ပြာချင်းတွေ့ကြတယ်–စသည်ဖြင့် ပြောဆိုနေကြပါတယ်၊ နောက်ပြီးတော့ ပဋိသန္ဓေတည်နေတဲ့အခါ အသက်ကဝင်လာသလိုလို သေတဲ့အခါ အသက်က ထွက်သွားသလိုလို ဒီလိုလဲ အများက ပြောဆိုနေကြပါတယ်၊ အဲဒါတွေဟာ အတ္တစွဲရှိကြောင်း သက်သေသာဓကတွေပါပဲ။

ယခုပြောခဲ့တာဟာ ရုပ်နဲ့စပ်ပြီး အတ္တစွဲအယူဝါဒ ၄–မျိုး ဖြစ်ပုံပဲ၊ အဲဒီ ၄–မျိုးထဲမှာ ပထမဝါဒကရုပ်ကို အတ္တကောင်လို့ စွဲလမ်းတယ်၊ နောက်ဝါဒ ၃–ခုကတော့ စိတ်နာမ်တရားကို စွဲလမ်းတယ်၊ အဲဒီ ၃–ခုကတော့ ရုပ်နာမ်မှ အလွတ်ပညတ်ကို စွဲတဲ့ အတ္တစွဲလဲ ဖြစ်နိုင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ကာ ယခုခေတ်မှာ အတ္တစွဲရှိတဲ့ သူအချို့က သူတို့ယူဆထားတဲ့ အတ္တဟာ ရုပ်လဲမဟုတ်ဘူး၊ နာမ်လဲမဟုတ်ဘူး–လို့ ငြင်းဆိုနေကြပါတယ်၊ ဒါပေမယ့် သူတို့က ဘယ်လိုပဲ ငြင်းဆိုနေပေမယ့် ရုပ်နာမ်နဲ့တော့ မကင်းနိုင်ပါဘူး၊ သူတို့ရဲ့ စွဲလမ်းမှုဟာ ရုပ်နာမ်အပေါ်မှာပဲ ကျနေပါတယ်။

ရုပ်နဲ့စပ်ပြီး အတ္တစွဲ ၄–မျိုးဖြစ်သလို ဝေဒနာနဲ့ စပ်ပြီးတော့လဲ ၄–မျိုးဖြစ်တယ်၊ ဖြစ်ပုံကတော့ ခံစားမှုဝေဒနာကိုပဲ အတ္တကောင်လို့ ယူဆစွဲလမ်းတာလဲ ရှိတယ်၊ ညောင်းတာ ပူတာ နာကျင်ကိုက်ခဲတာဟာ ငါပဲ၊ ကိုယ်ထဲမှာ အခံခက်တာ ဆင်းရဲတာဟာ ငါပဲ၊ ခံသာတာကောင်းတာလဲ ငါပဲ၊ စိတ်ထဲမှာ ဆင်းရဲတာ ချမ်းသာတာ ကောင်းတာလဲ ငါပဲလို့ ဒီလို ယူဆစွဲလမ်းတာက တစ်မျိုး၊ အတ္တက ခံစားမှုဝေဒနာ မဟုတ်ဘူး၊ အတ္တမှာ ခံစားမှု ရှိနေတယ်၊ ခံစားမှုနဲ့ စပ်ဆိုင်နေတယ်လို့ ဒီလို ယူဆစွဲလမ်းတာက တစ်မျိုး၊ အတ္တကိုမှီပြီး ခံစားမှုကဖြစ်နေတယ်၊ အတ္တရှိနေလို့ ဆင်းရဲမှု၊ ချမ်းသာမှုတွေဖြစ်နေတယ်လို့ ဒီလို ယူဆစွဲလမ်းတာက တစ်မျိုး၊ အတ္တက ခံစားမှု ဝေဒနာကိုမှီပြီး တည်နေတယ်လို့ ဒီလိုယူဆစွဲလမ်းတာက တစ်မျိုး၊ အဲဒီ ၄–မျိုးဟာ ဝေဒနာနဲ့စပ်ပြီးဖြစ်တဲ့ အတ္တစွဲ ၄–မျိုးပါပဲ။

ထို့အတူ မှတ်သားမှုသညာနဲ့ စပ်ပြီးတော့လဲ အတ္တစွဲ ၄–မျိုးဖြစ်တယ်၊ မှတ်သားမှုသညာကိုပင် အတ္တလို့ ထင်မှတ်စွဲလမ်းတာက တစ်မျိုး၊ ငါက မှတ်မိတယ်၊ မှတ်ဉာဏ်ကောင်းတယ်လို့ ဒီလို ထင်မှတ်စွဲလမ်းတာမျိုးပါပဲ၊ အတ္တမှာ မှတ်သားမှု ရှိတယ်လို့ စွဲလမ်းတာက တစ်မျိုး၊ မှတ်သားမှုသညာက အတ္တကို မှီပြီးဖြစ်နေတယ်လို့ စွဲလမ်းတာကတစ်မျိုး၊ အတ္တက မှတ်သားမှုသညာကို မှီပြီး တည်နေတယ်လို့ စွဲလမ်းတာက တစ်မျိုး၊ ဒီ ၄–မျိုးဟာ သညာနဲ့စပ်ပြီးဖြစ်တဲ့ အတ္တစွဲ ၄–မျိုးပါပဲ။

နောက်ပြီးတော့ ပြုပြင်အားထုတ်မှု သင်္ခါရတွေနဲ့ စပ်ပြီးတော့လဲ အတ္တစွဲ ၄–မျိုးဖြစ်တယ်၊ ကွေးအောင် ဆန့်အောင် ထိုင်အောင် ထအောင် သွားလာလှုပ်ရှားအောင် ကိုယ်အမှုအရာတွေဖြစ်အောင် ပြုလုပ်နေတာဟာ အတ္တကောင်ပဲ၊ အဲဒါတွေဖြစ်အောင် ငါကပြုလုပ်နေတာပဲ၊ ပြောဆိုမှု နှုတ်အမှုအရာတွေကိုလဲ ငါက ပြုလုပ်နေတာပဲ၊ စိတ်ကူးကြံစည်မှု သိမှုတွေ ပြီးစီးအောင်လဲ ငါကပဲ လုပ်နေတာပဲလို့ ဒီလိုလဲ ယူဆစွဲလမ်းတယ်၊ အဲဒါဟာ ပြုပြင်မှု သင်္ခါရတွေကို အတ္တကောင် ငါကောင်လို့ စွဲလမ်းတာပါပဲ၊ အတ္တမှာ ပြုပြင်အားထုတ်မှုရှိတယ်လို့ ဒီလိုလဲ ယူဆစွဲလမ်းတယ်၊ ပြုပြင်အားထုတ်မှုတွေက အတ္တကိုမှီပြီးဖြစ်နေတယ်လို့ ဒီလိုလဲ ယူဆစွဲလမ်းတယ်၊ အတ္တက ပြုပြင်အားထုတ်မှုတွေမှာ တည်မှီနေတယ်လို့ ဒီလိုလဲ ယူဆစွဲလမ်းတယ်၊ အဲဒါတွေက သင်္ခါရတွေနဲ့စပ်ပြီး ဖြစ်တဲ့ အတ္တစွဲ ၄–မျိုးပဲ။

နောက်ပြီးတော့ စိတ်ဝိညာဉ်နဲ့ စပ်ပြီးတော့လဲ အတ္တစွဲ ၄–မျိုးဖြစ်တယ်၊ မြင်မှု ကြားမှု နံမှု စားသိမှု ထိသိမှု ကြံသိမှု စိတ်ဝိညာဉ်ကို အတ္တကောင်လို့လဲ ယူဆစွဲလမ်းတယ်၊ ငါကမြင်တယ်၊ ငါကကြားတယ်၊ ငါကကြံသိတယ်၊ မြင်တာ ကြားတာ ကြံသိတာဟာ ငါပဲလို့ ဒီလိုထင်မှတ်စွဲလမ်းတာမျိုးပါပဲ၊ အဲဒီလို ထင်မှတ်တဲ့အတိုင်း တကယ်ဟုတ်တယ်လို့ ယူဆစွဲလမ်းရင် သက္ကာယဒိဋ္ဌခေါ်တဲ့ အတ္တဒိဋ္ဌဖြစ်တယ်၊ စိတ်ကတော့ အတ္တမဟုတ်ဘူး၊ အတ္တမှာ စိတ်ရှိတယ်၊ အတ္တက အဲဒီစိတ်နဲ့ မြင်မှု ကြားမှု ကြံသိမှု စသည်တွေကို ပြုလုပ်နေတယ်လို့ ဒီလိုလဲ စွဲလမ်းတယ်၊ စိတ်ဝိညာဉ်က အတ္တမှာ တည်မှီနေတယ်လို့ ဒီလိုလဲ စွဲလမ်းတယ်၊ အတ္တက စိတ်ဝိညာဉ်မှာ တည်မှီနေတယ်လို့ ဒီလိုလဲ စွဲလမ်းတယ်၊ ဒီ ၄–မျိုးက စိတ်ဝိညာဉ်နဲ့ စပ်ပြီးဖြစ်တဲ့ အတ္တဝါဒ ၄–မျိုးပဲ။

ယခုပြောခဲ့တဲ့ အတ္တဝါဒ အတ္တအစွဲတွေဟာ ခန္ဓာတစ်ပါးပါးမှာ ၄–မျိုးရှိတယ်၊ ခန္ဓာငါးပါးလုံးမှာဆိုတော့ နှစ်ဆယ်ရှိတယ်၊ အဲဒီနှစ်ဆယ်ကို သက္ကာယဒိဋ္ဌလို့လဲခေါ်တယ်၊ အတ္တဒိဋ္ဌလို့လဲ ခေါ်တယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်မှာဆိုရင် အဲဒီ အတ္တဒိဋ္ဌ အတ္တအစွဲက ကင်းခဲပါတယ်၊ တချို့ပုဂ္ဂိုလ်မှာ ခိုင်ခိုင်မြဲမြဲကြီး စွဲလမ်းတယ်၊ တချို့ပုဂ္ဂိုလ်မှာတော့ သိပ်မခိုင်လှဘူး၊ ဒါလောက်သာ ကွဲပြားခြားနားခြင်း ရှိပါတယ်၊ အစွဲအလမ်းကတော့ ရှိနေကြတာချည်းပါပဲ၊ ဝိပဿနာ ဉာဏ်ရင်သန့်ပြည့်စုံလို့ သောတာပတ္တိမဂ် ရောက်တော့မှ ဒီအတ္တဒိဋ္ဌအတ္တစွဲက လုံးဝကင်းစင်သွားပါတယ်၊ အဲဒီလို ကင်းပုံ မကင်းပုံကိုလဲ အရှင်မဟာစုန္ဒမထေရ်က မေးလျှောက်ခြင်း ဖြစ်ပါတယ်။

လောကဝါဒရှစ်ပါး

နောက်ပြီးတော့ လောကဆိုတဲ့ အမည်ဝေါဟာရနဲ့ ပြောဆိုတဲ့ ဝါဒကလဲ ရှစ်ပါးရှိပါတယ်၊ ဘုရားလက်ထက်တော် ဟိုခေတ်တုန်းက အိန္ဒိယနိုင်ငံမှာ ခေတ်စားနေတဲ့ အယူဝါဒတွေပါပဲ၊ ယခုလဲ ဒီလိုဝါဒတွေ ရှိနေတာပါပဲ၊ ဒီဝါဒတွေရဲ့ဖြစ်ပုံကတော့–

(၁) "သဿတော လောကော"တဲ့၊ လောကော–လောကဆိုတဲ့ သတ္တဝါသည် သဿတော၊ ပျက်စီးခြင်းမရှိဘဲ တည်မြဲနေသည်တဲ့၊ ဒီနေရာမှာ လောကဆိုတာ သတ္တဝါဆိုတဲ့ အတ္တကောင်ကို ဆိုတာပါပဲ၊ ဒါကြောင့် လောကဆိုတဲ့ အသက်ကောင် အတ္တကောင် သတ္တဝါကောင်ဟာ ပျက်စီးခြင်းမရှိဘဲ အမြဲတည်ရှိနေတယ်လို့ ယူဆတဲ့ အယူအဆပါပဲ၊ ဒီလိုအယူကို သဿတဒိဋ္ဌလို့ခေါ်တယ်၊ ဒီအယူရှိတဲ့ သူက "သတ္တဝါဟာ ရုပ်ကို အကြမ်းကြီးက ပျက်စီးပြီး သေသွားတယ်လို့ ဆိုရပေမယ့် လောကခေါ်တဲ့ အတွင်းသား အတ္တကောင်ကတော့ ပျက်စီးခြင်းမရှိဘူး၊ နောက်နောက်ဘဝ ခန္ဓာအိမ်အသစ်တွေထဲမှာ ဝင်ရောက်ပြီး တည်မြဲတည်ရှိနေတယ်၊ ဘယ်တော့မှ ပျောက်ပျက်မသွားဘူး၊ ပျောက်ပျက်သွားအောင်လဲ ဘယ်လိုနည်းနဲ့မှ မလုပ်နိုင်ဘူး" လို့ ယူဆစွဲလမ်းတယ်၊ ဒီအယူက တချို့မြန်မာတွေ ယူဆပုံနဲ့ တူနေဟန် ရှိပါတယ်၊ ဗုဒ္ဓတရားကျမ်းကန် ဗဟုသုတမရှိတဲ့ သူတွေက ဒီအတိုင်းပဲ ယူနေကြတာ များပါလိမ့်မယ်၊ ပဋ္ဌိသန္ဓေနေတဲ့အခါ နာနာဘာဝ အကောင်က အမိဝမ်းထဲ ဝင်လာသလိုလိုလဲ ထင်နေကြတယ်၊ မိခင်လောင်းဖြစ်တဲ့သူ ရေသောက်ရာမှာ အမှိုက်ယောင်ဆောင်ပြီး ဝင်လာတတ်တယ်လို့ ဒီလိုပြောသံကိုလဲ ငယ်ငယ်တုန်းက ကြားရဖူးတယ်၊ သေတဲ့အခါမှာလဲ အသက်က နှာခေါင်းကထွက်သွားသလိုလို ပါးစပ်က ထွက်သွားသလိုလို ဒီလိုလဲ ထင်မှတ်နေကြတယ်၊ သေပြီးတော့ ဘဝသစ်ဌာနသစ်မှာ ခန္ဓာအိမ်အသစ်ထဲ ဝင်ပြီး ဖြစ်တယ်လို့လဲ ထင်နေကြတယ်၊ အဲဒီလို အယူအဆ အထင်အမြင်တွေဟာ သဿတအယူအမြင်တွေပါပဲ၊ ဒီအယူက "ခန္ဓာကိုယ်တွေ ဘယ်လိုပျက်သွားပေမယ့် လောကခေါ်တဲ့ အတ္တကောင် အသက်ကောင်ကတော့ ပျက်တယ်လို့မရှိဘူး၊ တစ်နေရာရာမှာ တည်မြဲတည်ရှိနေတာပဲလို့ ယူဆတယ်၊ ဒါကြောင့် ဒီအယူခိုင်ခိုင်မြဲမြဲကြီး ရှိနေတဲ့သူဟာ အကြောင်းအကျိုး ရုပ်နာမ်အဆက်ဆက်မျှသာရှိတယ်၊အမြဲတမ်းတည်ရှိနေတဲ့ အတ္တကောင် မရှိဘူးဆိုတာကို မယုံကြည်နိုင်ဘူး၊ ဝိပဿနာရှုပြီး မဂ်ဉာဏ်ဖြင့် အကြောင်းကိလေသာတွေ ချုပ်ငြိမ်းသွားရင် အကျိုးရုပ်နာမ်တွေ ချုပ်ငြိမ်းပြတ်စဲ သွားတယ်ဆိုတာကိုလဲ မယုံကြည်နိုင်ဘူး၊ ဒါကြောင့် ဒီလိုအယူအစွဲ အားကြီးတဲ့

သူဟာ ဝိပဿနာတရားကိုလဲ အားမထုတ်နိုင်တဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ကိုလဲ မရောက်နိုင်ဘူး၊ ဒါကြောင့် ဒီသဿတဒိဋ္ဌိကို မဂ္ဂန္တရာယ် ဖြစ်တယ်လို့ ဆိုထားပါတယ်၊ အဲဒါက မစွန့်လွှတ်နိုင်အောင် အလွန်ခိုင်မြဲနေတဲ့ သဿတအယူကို ဆိုတာပါ၊ မြန်မာတွေမှာရှိနေတဲ့ သဿတအယူမျိုးကတော့ အဲဒီလို ခိုင်မြဲတဲ့အယူ မဟုတ်ပါဘူး၊ ဒါကြောင့် အကြောင်းအကျိုး ရုပ်နာမ်မျှ သာရှိတယ်၊ အမြဲတည်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူးဆိုတာကိုလဲ ယုံကြည်လက်ခံနိုင်တယ်၊ ဝိပဿနာရှုပြီး မဂ်ဉာဏ် လေးပါးကိုရတဲ့အခါ ကိလေသာအကြောင်းတရားတွေ ချုပ်ငြိမ်းပြတ်စဲသွားလို့ အကျိုးရုပ်နာမ်ဘဝတွေလဲ ချုပ်ငြိမ်းပြတ်စွဲသွား နိုင်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ် ဆိုတာကိုလဲ ယုံကြည်လက်ခံနိုင်တယ်၊ ဒီလိုယုံကြည်လက်ခံပြီး ဝိပဿနာတရားကို လဲ ကောင်းကောင်းအားထုတ်နိုင်တယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေမှာ ရှိနေတဲ့ သဿတအယူမျိုးကတော့ မဂ္ဂန္တရာယ်မဖြစ်ဘူးဆိုတာကိုလဲ မှတ်ထားကြရမယ် ဒါပေမယ့် ဒီမခိုင်မြဲဘူးဆိုတဲ့ သဿတအယူဟာလဲ သောတာပတ္တိမဂ် ဉာဏ်မရောက်သေးရင်တော့ သူက လုံးဝမကင်းသေးဘူး၊ သောတာပတ္တိမဂ်ဉာဏ်ရောက်မှ သူက လုံးဝကင်းစင်သွားပါတယ်၊ အဲဒီအကြောင်းကိုပဲ အရှင်မဟာစုန္ဒမထေရ်က မေးလျှောက်နေခြင်း ဖြစ်ပါတယ်။

(၂) နောက်တစ်ခုကတော့ "အသဿတောလောကောတဲ့"၊ လောကော လောကဆိုတဲ့ သတ္တဝါသည်၊ အသဿတော– မတည်မြဲဘူးတဲ့၊ ဒီအယူက ခုနကပြောခဲ့တဲ့ သဿတအယူနဲ့ ဆန့်ကျင်ဘက်အယူပဲ၊ ဒီအယူမှာတော့ သတ္တဝါဟာ မသေခင် အတွင်းသာရှိတယ်၊ သေပြီးရင် ဘာမှမရှိတော့ဘူး၊ ပျောက်ပျက်သွားတယ်လို့ ယူဆတယ်၊ ဒီအယူကို ဥစ္ဆေဒဒိဋ္ဌလို့ ခေါ်တယ်၊ ရှေးတုန်းက ဘုရားလက်ထက်တော် ကာလဆီတုန်းကတော့ ဒီလို ဥစ္ဆေဒအယူရှိတဲ့သူက နည်းနည်းပဲရှိခဲ့ပါတယ်၊ ယခုခေတ် မှာတော့ ဒီဥစ္ဆေဒအယူကို ကြိုက်တဲ့လူတွေက များလာတယ်၊ ဒီလိုများလာခြင်းရဲ့ အကြောင်းကတော့ အနောက်နိုင်ငံက ပုဂ္ဂိုလ် တွေကလူဟာ သေပြီးရင် ဘာမျှမရှိတော့ဘူး၊ ပျောက်ကွယ်သွားတယ်ဆိုတဲ့အကြောင်း ယုတ္တိတွေနဲ့ပြပြီး ကျမ်းစာတွေရေးထုတ် ကြတယ်၊ စာရေးပုံတွေကလဲ အလွန်ကောင်းတယ်၊ မျက်မှောက်ကိုယ်တိုင် မတွေ့ရင် မယုံရဘူးဆိုတာကို အခြေခံပြပြီး ရေးထားကြတယ်၊ အဲဒီလို စာပေတွေကိုလဲ ကြည့်မိကြတဲ့အပြင် မသေခင် အပြည့်အဝခံစားလိုတဲ့ လောဘကလဲ အားကြီးကြ တဲ့အတွက် အဲဒီဥစ္ဆေဒအယူကို အကြိုက်များလာကြဟန် တူပါတယ်။

အမှန်စင်စစ်ကတော့ အမြဲတမ်းတည်နေတဲ့ အတ္တကောင်ရယ်လို့လဲမရှိဘူး၊ သေပြီးရင် ဘာမျှမရှိတော့ဘဲ ပျောက်သွား တယ်ဆိုတာလဲ မဟုတ်ဘူး၊ မြတ်စွာဘုရားဟောတော်မူတဲ့ တရားတော်အရအားဖြင့် အတ္တကောင်ဆိုတာကိုက ရှိတာမဟုတ် ဘူး၊ အကြောင်းအကျိုးဆက်သွယ်ပြီး ဖြစ်နေတဲ့ ရုပ်နာမ်ခန္ဓာ အစဉ်မျှသာရှိတယ်၊ ဆင်းရဲချမ်းသာ အစစ်အမှန်ကို မသိတဲ့ အဝိဇ္ဇာကြောင့် ချမ်းသာအောင်အားထုတ်တဲ့ သခ်ါရတွေ ဖြစ်ကြတယ်၊ အဲဒီ အားထုတ်မှု ကုသိုလ် အကုသိုလ်ကံကြောင့် ဘဝ သစ်ဝိညာဉ်ဖြစ်တယ် စသည်ဖြင့် ဒီလိုအကြောင်းအကျိုးတွေ အဆက်ဆက်ဖြစ်နေတာသာရှိတယ်၊ တစ်ဘဝက သေတယ်ဆို တာ အထူးအဆန်းမဟုတ်ဘူး၊ ခဏမစဲ ချုပ်ပျက်နေတဲ့ ရုပ်နာမ်အစဉ်ထဲမှာ နောက်ဆုံးရုပ်နာမ် ပြတ်စဲသွားတဲ့ သဘောမျှပါပဲ၊ အသက်ရှင်နေတယ်လို့ ခေါ်ဆိုရတဲ့ ရုပ်နာမ်အစဉ်ထဲမှာ နောက်ဆုံး ရုပ်နာမ်ပြတ်စဲသွားတဲ့ သဘောမျှပါပဲ၊ အသက်ရှင်နေ တယ်လို့ ခေါ်ဆိုရတဲ့ ရုပ်နာမ်အသစ်မဖြစ် လာတော့ဘဲ ပြတ်စဲသွားတာကို သေတယ်လို့ ခေါ်ရတာပဲ၊ အဲဒီလို သေပြီးတော့ ဘာမျှမရှိတော့ဘဲ လုံးလုံးပျောက်သွားပါသလားဆိုတော့ အဲဒီလိုလဲ လုံးလုံးပျောက်သွားတာမဟုတ်ဘူး၊ ကိလေသာမကင်း သေးရင် ကံအားလျော်စွာ ဌာနအသစ် ဘဝအသစ်မှာ ပဋိသန္ဓေဝိညာဉ်မှစပြီး နာမ်ရုပ်အစဉ်တွေ ရှေးဘဝကလိုပဲ အဆက် မပြတ်ဖြစ်သွားပြန်တယ်၊ အဲဒါဟာ ဘဝဟောင်းမှ အသက်ကောင်က ပြောင်းရွှေ့လာတာလဲ မဟုတ်ဘူး၊ ဘဝဟောင်းမှာ အသက်ရှင်နေစဉ်တုန်းကလဲ ရုပ်နာမ်တွေဟာ မြင်ပြီးပျောက် ကြားပြီးပျောက် စသည်ဖြင့် ခဏမစဲဖြစ်ပြီး ပျောက်ပျက်သွား တာချည်းပဲ၊ မြင်တဲ့စိတ်က ကြားတာမဟုတ်ဘူး၊ ကြားတဲ့စိတ်ကလဲ မြင်တာမဟုတ်ဘူး၊ မြင်တဲ့ စိတ် ကြားတဲ့စိတ်က နံတာ စားသိတာ ထိသိတာ ကြံသိတာ မဟုတ်ဘူး၊ အဲဒီ နံသိ စားသိ ထိသိ ကြံသိတဲ့ စိတ်တွေကလဲ မြင်တာ ကြားတာ မဟုတ်ဘူး၊ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပေါ်လာပြီး ချက်ချင်းပျောက်ပျက်သွားတာချည်းပဲ၊ ဒါပေမယ့် ရှေ့စိတ်ရှိလို့ နောက်စိတ်ဖြစ်ရတယ်၊ နောက်စိတ်ဖြစ်ရမှာ ရှေ့စိတ်နဲ့ သက်ဆိုင်နေပါတယ်၊ အကြောင်းအကျိုး အဖြစ်ဖြင့် ဆက်စပ်နေပါတယ်၊ အဲဒီလိုပါပဲ၊ သေတဲ့ အခါမှာ ဘဝဟောင်းက ရုပ်နာမ်တွေ အကုန်လုံး ချုပ်ပျက်သွားကြပါတယ်၊ ဘဝသစ်မှာ ရုပ်နာမ်တွေ အသစ်ဖြစ်ကြပါတယ်၊ ဒါပေမယ့် ဘဝဟောင်းက ရုပ်နာမ်တွေနဲ့ အကြောင်းအကျိုး အဖြစ်ဖြင့်တော့ ဆက်စပ်နေပါတယ်၊ သေခါနီးကကံ ကမ္မနိမိတ်၊ ဂတိနိမိတ်ဆိုတဲ့ အာရုံတစ်ခုခုကို စွဲလမ်းခဲ့လို့ အဲဒီအာရုံကိုစွဲပြီး ပဋိသန္ဓေစိတ် အစရှိသော နာမ်ရုပ်တွေ ဖြစ်ပေါ်ရတယ်၊ ဒီလို အကြောင်းအကျိုးအဖြစ်ဖြင့် ဆက်စပ်နေတဲ့ နာမ်ရုပ်အစဉ်သာ ရှိပါတယ်၊ အသက်ရှင်ပြီး အမြဲတမ်းတည်နေတဲ့ အကောင်လဲ မရှိဘူး၊ ဘာကြောင့်လဲဆိုရင် မသေခင် အသက်ရှင်နေတယ်လို့ ဆိုရတုန်းကပင် ရုပ်နာမ်အစဉ်မျှသာ ရှိခဲ့တယ်၊ အသက်ရှင်ပြီး တည်နေတဲ့ အသက်ကောင်ရယ်လို့ မရှိဘူး၊ ဒီတော့ သေတဲ့အခါ ပျောက်ကွယ်သွားတဲ့ အကောင်ရယ်လို့ မရှိနိုင်တော့ဘူးပေါ့၊ အမှန်ကတော့ မသေခင်ကလဲ အကြောင်းအကျိုး ရုပ်နာမ်အစဉ်သာရှိတယ်၊ သေတဲ့အခါလဲ ရုပ်နာမ်အစဉ်သာရှိတယ်၊ ဘဝ အသစ်ဖြစ်တယ်ဆိုတာလဲ ရုပ်နာမ်အစဉ်ဆက်ပြီး ဖြစ်ရုံမျှပဲ၊ ဒီရုပ်နာမ် အစဉ်ဟာ ကိလေသာ မကင်းသေးသမျှ ကာလပတ်လုံး ကံအားလျော်စွာ တစ်ဘဝပြီး တစ်ဘဝဆက်ပြီး ဖြစ်နေမှာပဲ၊ ဒါကြောင့် လောကဆိုတဲ့ သတ္တဝါဟာ အမြဲတည်မနေဘူး၊ သေရင် ပျောက်ကွယ်သွားတယ်ဆိုတဲ့အယူဟာ မှားယွင်းတဲ့ မိစ္ဆာအယူ မျှသာဖြစ်တယ်၊ ဝိပဿနာအလုပ်ကို အားထုတ်လို့ ရဟန္တာ ဖြစ်သွားတဲ့အခါမှာ ကိလေသာတွေ လုံးဝကင်းစင်သွားတယ်၊ အဲဒီအခါ ဘာကိုမျှ စွဲလမ်းခြင်း မရှိတော့တဲ့အတွက် နောက်ဆုံး စုတိစိတ်ချုပ်သွားတဲ့အခါ ရုပ်နာမ်အသစ်ဖြစ်ပေါ်မလာတော့ဘဲ လုံးဝအပြီးတိုင် ချုပ်ငြိမ်းသွားတယ်၊ အဲဒါကို

ပရိနိဗ္ဗာန်စံတယ်လို့ ခေါ်တယ်၊ အဲဒီအခါမှာလဲ အသက်ရှင်နေတဲ့အကောင် ပျောက်ကွယ်သွားတာ မဟုတ်ဘူး၊ မပြတ်ဆက်စပ်ပြီးဖြစ်နေတဲ့ ရုပ်နာမ်အစဉ် ဆင်းရဲအစုမျှသာ ချုပ်ငြိမ်းသွားတာပါပဲ၊ ဒါကြောင့် ဒီလို ရုပ်နာမ်အစဉ်မျှ ဖြစ်ပျက်နေပုံကို အမှန်အတိုင်းသိအောင် ပရိယတ်အနေဖြင့်လဲ လေ့လာရတယ်၊ ပဋိပတ်အနေဖြင့်လဲ ကိုယ်တိုင်သိအောင် အားထုတ်ရတယ်။

(၃) နောက်တစ်ခုကတော့ "သဿတောစ အသဿတောစလောကော"တဲ့၊ လောကော–လောက ဆိုတဲ့ သတ္တဝါသည်၊ သဿတောစ–မြဲသည်လည်းရှိ၏၊ အသဿတောစ–မမြဲသည်လည်း ရှိ၏တဲ့၊ လောကဆိုတဲ့ သတ္တဝါဟာ မြဲတာလဲရှိတယ်၊ မမြဲတာလဲ ရှိတယ်တဲ့၊ ကမ္ဘာလောကကြီးနဲ့ သတ္တဝါဖန်ဆင်းတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ အတ္တကတော့ ကောင်းကင်ဘုံမှာ မပျက်စီးဘဲ အမြဲတမ်းတည်ရှိနေတယ်၊ သူက ဖန်ဆင်းထားတဲ့ သတ္တဝါတွေကတော့ သေကြရ ဘဝပြောင်းကြရတယ် မမြဲဘူးလို့ ဒီလိုယူတဲ့ဝါဒပါပဲ၊ ဒီအယူဝါဒကို ဧကစ္စသဿတဝါဒလို့ ဗြဟ္မဇာလသုတ်မှာ ဟောထားပါတယ်၊ ဒီဝါဒမှာ ဖန်ဆင်းထားတဲ့ အများသတ္တဝါတွေက မမြဲဘူးဆိုပေမယ့် သေတဲ့အခါ လုံးလုံးပျောက်သွားတယ်လို့တော့ မဆိုလိုပါဘူး၊ ခန္ဓာကိုယ်ကြီး ပျက်သွားတဲ့အခါ အတ္တကောင်က ပြောင်းရွှေ့ပြီး တခြား တစ်နေရာ တစ်ဘဝ တစ်ဌာနမှာ တည်မြဲတည်နေတယ်လို့ပဲ ယူဆပါတယ်၊ ဒါကြောင့် ဒီအယူဝါဒဟာ အမှတ် (၁) သဿတဝါဒထဲမှာ ပါဝင်နေတဲ့ ဝါဒပါပဲ။

(၄) နောက်တစ်ခုကတော့ "နေဝသဿတော နာသဿတော လောကော"တဲ့၊ လောကဆိုတဲ့ သတ္တဝါတွေဟာ တည်မြဲတာလဲမဟုတ်ဘူး၊ မတည်မြဲတာလဲ မဟုတ်ဘူးတဲ့၊ ဒီအယူဝါဒကတော့ နားလည်ဖို့ခက်ပါတယ်၊ သူ့အယူဝါဒရှင်သာ နားလည်နိုင်စရာ ရှိပါတယ်၊ အကြောင်းမဲ့သက်သက် ကြံ့ဆပြီး ယူဆထားတဲ့ ဝါဒပါပဲ၊ သူ့ဟာက မြဲတာမဟုတ်ဘူးလို့လဲ ဆိုတယ်၊ မြဲတာမဟုတ်ရင် မမြဲတာလားလို့ဆိုတော့ မမြဲတာလဲ မဟုတ်ပြန်ဘူးတဲ့၊ မမြဲတမြဲလို့ ဆိုရမလို ဖြစ်နေပါတယ်၊ ဒီအယူဝါဒမှာ တိတိကျကျ အဖြေမပေးတဲ့အတွက် အမရာ–ဝိက္ခေပ အယူဝါဒလို့လဲ ခေါ်ရပါတယ်၊ အမရာခေါ်တဲ့ အဖမ်းခက်တဲ့ ငါးတစ်မျိုး ရှိတယ်လို့ ဆိုပါတယ်၊ အဲဒီငါးကို အဖမ်းရခက်သလိုပဲ ဒီအယူဝါဒကို အဖမ်းရခက်တဲ့အတွက် အမရာငါးလိုပဲ အတည်တကျမရှိဘဲ ပျံ့လွင့်စေတတ်တဲ့ အယူဝါဒလို့ ခေါ်ပါသတဲ့။

(၅) နောက်ပြီးတော့ "အန္တဝါလောကော"တဲ့၊ လောကော–လောကဆိုတဲ့ သတ္တဝါသည်၊ အန္တဝါ–အဆုံးအပိုင်းအခြားရှိ၏၊ ဆိုလိုတာကတော့ သတ္တဝါ တစ်ယောက်တစ်ယောက်ဟာ လောကတစ်ခုတစ်ခုပဲ၊ အဲဒီသတ္တဝါ တစ်ယောက် တစ်ယောက်မှာ တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတည်နေတဲ့ အတ္တကောင်ဟာ အပိုင်းအခြား အကန့်အသတ် ရှိနေတယ်၊ ကိုယ်ခန္ဓာက ငယ်ရင် အတ္တကောင်ကလဲ ငယ်တယ်၊ ကိုယ်ခန္ဓာကကြီးရင် အတ္တကောင်ကလဲကြီးတယ်၊ ကိုယ်ခန္ဓာရဲ့ ပမာဏလောက်ပဲ အတ္တကောင်ရဲ့ ပမာဏရှိတယ်လို့ ဆိုပါတယ်၊ လူရဲ့အတ္တကောင်ဆိုရင် အမြင်က တစ်လံလောက် လုံးပတ် ၂–ပေခွဲ ၃–ပေလောက် အပိုင်းအခြားအကန့်အသတ် ရှိနေတယ်လို့ ဆိုပါတယ်၊ တချို့ကလဲ အတ္တကောင်ဟာ နှလုံးအိမ်မှာ တည်နေတယ်၊ သူ့တည်ရာ အရပ်ပမာဏရှိတယ်လို့ ဆိုကြတယ်၊ ဘဝဟောင်းကသေပြီး ဘဝသစ် ခန္ဓာကိုယ်ကို လိုက်ရှာနေတဲ့အခါမှာတော့ အတ္တကောင်ဟာ ပရမာဏုမြူလောက်အထိတောင် သေးငယ်တယ်လို့လဲ ဆိုကြပါတယ်၊ ဒီလိုအယူဝါဒတွေဟာ လောကဆိုတဲ့ အတ္တကောင်မှာ အန္တဝါ–အပိုင်းအခြားအကန့်အသတ်ရှိတယ်– လို့ဆိုတဲ့ အယူဝါဒတွေပါပဲ။

(၆) နောက်တစ်ခုကတော့ "အနန္တဝါလောကော"တဲ့၊ လောကော လောကဆိုတဲ့ သတ္တဝါသည်၊ အနန္တဝါ–အပိုင်းအခြားမရှိ အလွန်ကြီးကျယ်ပါတယ်တဲ့၊ ဆိုလိုတာကတော့ ဒီအယူဝါဒမှာ သတ္တဝါ တစ်ကောင် တစ်ယောက်ကို အတ္တကောင် တစ်ခုစီတစ်ခုစီ အသီးသီးရှိတယ်လို့ ဒီလိုမယူဆဘူး၊ သတ္တဝါတွေ အားလုံးဟာ ကောင်းကင်ဘုံက ဖန်ဆင်းတဲ့ ဘုရားသခင်ရဲ့ ပရမတ္တဆိုတဲ့ အတ္တကြီးရဲ့ အစိတ်အပိုင်းတွေပဲ အဲဒီဘုရားသခင်ရဲ့ အတ္တကြီးဟာ အတိုင်းမသိ အလွန်ကြီးကျယ်တယ်၊ တစ်လောကလုံးမှာ ပျံ့နှံ့ပြီး တည်နေတယ်၊ ဒါကြောင့် လောကဆိုတဲ့ အတ္တကောင်ဟာ အနန္တဝါ–အပိုင်းအခြား အကန့်အသတ်မရှိ အလွန်ကြီးတယ်လို့ ဆိုကြပါတယ်၊ ယခုပြောခဲ့တဲ့ အပိုင်းအခြား ရှိ၊ မရှိ၊ ယူဆပုံတွေကတော့ ယခုခေတ် အိန္ဒိယ ကျမ်းစာအုပ်တွေမှာ ထင်ရှားရှိနေတဲ့ ယူဆပုံတွေ ဖြစ်ပါတယ်၊ အဌကထာများမှာ ပြဆိုထားတာကတော့ ကသိဏ်း ပဋ္ဌိဘာဂနိမိတ်ကို အတ္တပဲ လောကပဲလို့ယူပြီး အဲဒီ ပဋ္ဌိဘာဂနိမိတ်ရဲ့ အပိုင်းအခြား ရှိ၊ မရှိကို အကြောင်းပြုပြီး စွဲလမ်းတယ်လို့ ဆိုပါတယ်၊ အဲဒါကတော့ ဈာန်ရ အထက်တန်းစား အနည်းငယ်သော ပုဂ္ဂိုလ်များနဲ့သာ ဆိုင်ပါတယ်၊ ဘုန်းကြီး ယခုပြောခဲ့တဲ့ အပိုင်းအခြား ရှိ၊ မရှိ စွဲလမ်းပုံကတော့ သာမန်လူများစုနဲ့ ဆိုင်ပါတယ်၊ ဒါကြောင့် လူများစု နားလည်လွယ်မည့် စွဲလမ်းပုံကိုသာ ဒီမှာ ပြောနေခြင်း ဖြစ်ပါတယ်။

(၇) နောက်တစ်ခုကတော့ "အန္တဝါစ အနန္တဝါစ လောကော"တဲ့၊ လောကော–လောကဆိုတဲ့ သတ္တဝါသည်၊ အန္တဝါစ–အပိုင်းအခြားလည်းရှိ၏၊ အနန္တဝါစ–အပိုင်းအခြားလည်း မရှိ အလွန်ကြီးကျယ်ပါတယ်တဲ့၊ ဒီဝါဒကတော့ ဧကစ္စသဿတဝါဒနဲ့ တူဟန်ရှိပါတယ်၊ တချို့က အပိုင်းအခြားရှိတယ်၊ တချို့က အပိုင်းအခြား မရှိဘူးလို့ ဆိုလိုဟန်ရှိပါတယ်၊ ဘုရားသခင်က ဖန်ဆင်းထားတဲ့ သတ္တဝါတွေရဲ့ အတ္တက အပိုင်းအခြားရှိတယ်၊ ဘုရားသခင်ရဲ့ ပရမတ္တဆိုတဲ့ အတ္တကြီးက အပိုင်းအခြား မရှိဘူးလို့ ဆိုလိုတဲ့ သဘောပါပဲ။

(၈) နောက်တစ်ခုကတော့ "နေဝန္တ ဝါ နာနန္တ ဝါ လောကော"တဲ့၊ လောကော–လောကဆိုတဲ့ သတ္တဝါသည်၊ နေဝန္တဝါ–အပိုင်းအခြား ရှိသည်လည်း မဟုတ်၊ နာနန္တဝါ–အပိုင်းအခြားမရှိသည်လည်း မဟုတ်ဘူးတဲ့၊ ဒီဝါဒကလဲ အမှတ် (၄) ဝါဒလိုပဲ အကြောင်းမဲ့ ကြံဆထားတဲ့ အယူဝါဒပဲ၊ အတိအကျ အဖြေမပေးနိုင်တဲ့ အမရာဝိက္ခေပ အယူပါပဲ။

အမှန်စင်စစ်ကတော့ ယခုပြောခဲ့တဲ့ လောကနဲ့စပ်တဲ့ အယူဝါဒတွေဟာ ဘာမျှမရှိတဲ့ ယုန်ချို လိပ်မွေး ဆိုတာတွေလို အမျိုးမျိုးအထွေထွေ ယူဆပြောဆိုတာမျိုးတွေချည်းပါပဲ၊ ယုန်ချိုဆိုတာ ရှိမှမရှိပါပဲနဲ့ ယုန်ချိုဟာ တိုတယ် ရှည်တယ် ထက်တယ် မာတယ် စသည်ဖြင့်ပြောနေရင် ဟုတ်မှန်နိုင်ပါ့မလား၊ လိပ်မွေးဟာ တိုတယ် ရှည်တယ် ဖြူတယ် မည်းတယ်စသည်ဖြင့် ပြောနေရင်ကော ဟုတ်မှန်နိုင်ပါ့မလား၊ ယုန်ချို လိပ်မွေးဆိုတာ အခြေခံကမှ မရှိပါပဲနဲ့ အဲဒါတွေကို တိုတယ် ရှည်တယ် စသည်ဖြင့် ပြောနေတာဟာ အခြေခံမရှိဘဲ အရမ်းပြောနေခြင်းမျှသာ ဖြစ်တယ်၊ အမှားပေါ်မှာ ထပ်ပြီး မှားနေတဲ့ အပြောအဆိုတွေချည်းပဲဆိုတာ ထင်ရှားပါတယ်၊ အဲဒါလိုပဲ လောကဆိုတဲ့ သတ္တဝါကောင် အတ္တကောင်ကိုက မရှိပါဘဲနဲ့ အဲဒီလောကအတ္တဆိုတဲ့ သတ္တဝါဟာ မြတယ် မမြဘူး၊ အပိုင်းအခြား ရှိတယ် မရှိဘူး စသည်ဖြင့် ကြံဆပြောဆိုနေတဲ့ အယူဝါဒတွေဟာလဲ အခြေအမြစ် မရှိဘဲ အရမ်းကြံဆပြောဆိုနေတဲ့ မိစ္ဆာအယူဝါဒတွေချည်းပါပဲ။

ဒါကြောင့် ယခု ပြောခဲ့တဲ့အတိုင်း အတ္တနဲ့စပ်လဲ မိစ္ဆာဝါဒတွေ၊ လောကနဲ့စပ်လဲ မိစ္ဆာဝါဒတွေဟာ လောကမှာ ဖြစ်ပေါ်လျက် ရှိနေကြပါတယ်၊ ဗုဒ္ဓသာသနာတော်ရဲ့ အပြင်ကလူတွေဟာ ဒီလိုအယူဝါဒတွေကိုပဲ တရားကောင်းအနေနဲ့ ယူဆပြောဆိုနေကြပါတယ်၊ အဲဒီလို အယူဝါဒတွေဟာ တရားအားထုတ်ခါစမှာ ကင်းနိုင်ပါသလားဆိုတာကို အရှင်မဟာစုန္ဒမထေရ်က ဒီလို မေးလျှောက်ပါတယ်။

ဘန္တေ–မြတ်စွာဘုရား၊ အတ္တဝါဒပဋိသံယုတ္တာ ဝါ–အတ္တဝါဒနှင့် ဆိုင်သည်မူလည်းဖြစ်ကုန်သော၊ လောကဝါဒပဋိသံယုတ္တာဝါ–လောကဝါဒနှင့် ဆိုင်သည်မူလည်း ဖြစ်ကုန်သော၊ အနေကဝိဟိတာ–များစွာကုန်သော၊ ယာ ဣမာဒိဋ္ဌိယော–အကြင်မှားသော အယူအမြင်တို့သည်၊ လောကေ ဥပ္ပဇ္ဇန္တိ–လောကဌ် ဖြစ်ပေါ်နေကြပါသည် အရှင်ဘုရား၊ ဘန္တေ–မြတ်စွာဘုရား၊ အာဒိမေဝ မနသိကရောတော၊ အစမျှဌ်သာလျှင် နှလုံးသွင်းရသေးသော၊ ဝါ–နှလုံးသွင်းခါစမျှသာဖြစ်သော၊ ဘိက္ခုနော–ရဟန်းအား ဧဝံ–ဤသို့စ၍ နှလုံးသွင်းခါမျှဖြင့်၊ ဧတာသံ ဒိဋ္ဌိနံ–ဤမှားသော အယူအမြင်တို့ကို၊ ပဟာနံဟောတိ–ပယ်ခြင်းဖြစ်ပါသလား အရှင်ဘုရား၊ ဧဝံ–ဤသို့စ၍ နှလုံးသွင်းကာမျှဖြင့်၊ ဧတာသံဒိဋ္ဌိနံ–ဤမှားသော အယူအမြင်တို့ကို၊ ပဋိနိဿဂ္ဂေါ–လုံးဝစွန့်ခြင်းသည်၊ ဟောတိ–ဖြစ်ပါသလား အရှင်ဘုရားလို့ မေးလျှောက်ပါတယ်။

အဲဒီမေးလျှောက်ချက်မှာ အတိုချုပ်ဆိုလိုတာကတော့ အတ္တဝါဒနဲ့စပ်တဲ့ အယူမှားတွေ၊ လောကဝါဒနဲ့စပ်တဲ့ အယူမှားတွေဆိုတဲ့ အဲဒီအယူမှားတွေကို နှလုံးသွင်းရှုမှတ်ခါစဖြင့် ပယ်နိုင်ပါသလားလို့ ဆိုလိုပါတယ်၊ တရားအားထုတ်ခါစ သမာဓိရရုံလောက်နဲ့ အဲဒီအယူမှားတွေကို ပယ်နိုင်ပါသလား၊ ဝိပဿနာရှုလို့ အရောင်အလင်းပီတိအစရှိတဲ့ ဝိပဿနာ ညစ်ညူးကြောင်း ဥပက္ကိလေသကို တွေ့ရုံမျှလောက်နဲ့ ပယ်နိုင်ပါသလားလို့ မဟာစုန္ဒမထေရ်က မေးလျှောက်ပါတယ်။

ဒီလိုမေးလျှောက်ရတာကလဲ အကြောင်းရှိပါတယ်၊ အချို့ပုဂ္ဂိုလ်တွေက သမာဓိရရုံလောက်နဲ့ ဈာန်ရရုံလောက်နဲ့ ဥပက္ကိလေသကို တွေ့ရုံလောက်နဲ့ အဲဒီအယူမှားတွေကို ပယ်နိုင်တယ်လို့ အထင်ရောက်နေကြတယ်၊ တချို့ကလဲ အဲဒီလို သမာဓိရရုံမျှ အရောင်အလင်းစသည်ကို တွေ့ရုံမျှနဲ့ ရဟန်းကိစ္စပြီးပြီ၊ ရဟန္တာဖြစ်ပြီလို့ ဒီလိုအထင်ရောက်နေကြတယ်၊ အဲဒီလို အထင်မှားပြီး အထင်ကြီးနေတဲ့ ပုဂ္ဂိုလ်တွေမှာ အမြင်မှန်ရအောင်လို့ မေးလျှောက်ခြင်း ဖြစ်ပါတယ်။

ဟုတ်တယ်၊ တရားအားထုတ်တဲ့ အလုပ်က အထင်ကြီးစရာ အလုပ်ဖြစ်တော့ နည်းနည်းပါးပါး ထူးခြားတာကလေးကိုတွေ့ရင် တရားထူးလို့ အထင်ရောက်တတ်တယ်၊ အထင်ကြီးတတ်တယ်၊ လမ်းမှန်ကို ညွှန်ပြနိုင်တဲ့ ဆရာကောင်းမရှိရင် အဲဒီလို မဖြစ်စလောက် အတွေ့ထူးကလေးလောက်နဲ့ တရားထူးရပြီ၊ ဈာန်ရပြီ၊ အရိယမဂ်ရပြီ၊ သောတာပန်ဖြစ်ပြီ၊ ရဟန္တာဖြစ်ပြီလို့ အထင်ကြီးနေတတ်တယ်၊ အဲဒါဟာ ယခုမှမဟုတ်ဘူး၊ ရှေးရှေးတုန်းက ဘုရားလက်ထက်တော် ကာလကတည်းက ရှိလာခဲ့တာပဲ၊ အဲဒီတုန်းက မြတ်စွာဘုရားက သေသေချာချာ တိတိကျကျ ကိုယ်တော်တိုင် ကမ္မဋ္ဌာန်းပေးပြီး ဟောကြားညွှန်ပြနေပါတယ်၊ အရှင်သာရိပုတ္တရာအစရှိတဲ့ ပဋိသမ္ဘိဒါပတ္တရဟန္တာ အရှင်မြတ်ကြီးတွေကလဲ ပရိယတ်ပဋိပတ် နှစ်ရပ်လုံး စွယ်စုံ ညွှန်ပြနေတဲ့ ခေတ်တုန်းကတောင် အားထုတ်ခါစ သမာဓိရရုံကလေးနဲ့ အရောင်အလင်းအစရှိတဲ့ အထူးကို တွေ့ရုံကလေးနဲ့ တရားထူးရပြီ၊ တရားပြည့်စုံပြီ–လို့ အထင်မှားပြီး အထင်ကြီးတဲ့ပုဂ္ဂိုလ်တွေ ရှိခဲ့သေးတယ်ဆိုတော့ ယခုအခါမှာဆိုရင် အဲဒီလို အထင်မှားပြီး အထင်ကြီးနေတာတွေ အများကြီးရှိနေမှာပေါ့၊ အဲဒီလို အထင်ကြီးတဲ့ ပုဂ္ဂိုလ်က သင်ပြပေးတဲ့အတိုင်း အားထုတ်လို့ သူ့လိုပဲ ထူးခြားချက်ကလေး အနည်းငယ်တွေရရုံနဲ့ တရားပြည့်စုံပြီလို့ အဆုံးအဖြတ်ရပြီး ကျေနပ်နေတဲ့သူတွေလဲ အများကြီး ရှိမှာပေါ့။

အမှန်စင်စစ်ကတော့ မဂ်ဖိုလ်တရားထူးကို ရတယ်ဆိုတာဟာ ရုပ်နာမ်တရားတွေကို ပိုင်းခြားပြီးသိရမယ်၊ အဲဒီ ရုပ်နာမ်တွေ ခဏမစဲ ဖြစ်ပျက်နေတာကိုလဲ ထင်ထင်ရှားရှားတွေ့ရမယ်၊ အနိစ္စ ဒုက္ခ အနတ္တသဘောတွေကိုလဲ ပိုင်ပိုင်နိုင်နိုင် သိရ

မယ်၊ အဲဒီလိုသိတဲ့ ဝိပဿနာဉာဏ်တွေနဲ့ ပြည့်စုံရမယ်၊ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ် နိဗ္ဗိန္ဒဉာဏ် သခ်ါရပေက္ခာ ဉာဏ်ဆိုတာတွေကို ထင်ထင်ရှားရှား တွေ့ရမယ်၊ အဲဒီလို ဝိပဿနာဉာဏ်တွေနဲ့ ပြည့်စုံပြီးမှ ရုပ်နာမ်သခ်ါရ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို တွေ့မြင်နိုင်ပါတယ်၊ အဲဒီလို နိဗ္ဗာန်ကို အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဉာဏ်ဖြင့် တွေ့မြင်ခါမှ ခုနကပြောတဲ့ အယူမှား မိစ္ဆာဒိဋ္ဌိတွေကို ပယ်စွန့်နိုင်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုဖြေတော်မူပါတယ်။

မြတ်စွာဘုရား၏ အဖြေ

> ယာ ဣမာ စုန္ဒ အနေကဝိဟိတာ ဒိဋ္ဌိယော လောကေ ဥပ္ပဇ္ဇန္တိ အတ္တဝါဒ ပဋိသံယုတ္တာ ဝါ လောကဝါဒပဋိသံယုတ္တာ ဝါ၊ ယတ္ထစေတာ ဒိဋ္ဌိယော ဥပ္ပဇ္ဇန္တိ ယတ္ထ စ အနုသေန္တိ၊ ယတ္ထ စ သမုဒါစရန္တိ၊ တံ "နေတံ မမ၊ နေသောဟမသ္မိ နေ မေသော အတ္တာ" တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဧဝမေတာသံ ဒိဋ္ဌီနံ ပဟာနံ ဟောတိ ဧဝမေတာသံ ဒိဋ္ဌီနံ ပဋိနိဿဂ္ဂေါ ဟောတိ။

စုန္ဒ–ချစ်သားစုန္ဒ၊ အတ္တဝါဒပဋိသံယုတ္တာ ဝါ–အတ္တဝါဒနှင့် စပ်ဆိုင်သည်မူလည်း ဖြစ်ကုန်သော၊ လောကဝါဒပဋိသံယုတ္တာ ဝါ၊ လောကဝါဒနှင့် စပ်ဆိုင်သည်မူလည်း ဖြစ်ကုန်သော၊ အနေကဝိဟိတာ–များစွာကုန်သော၊ ယာဣမာ ဒိဋ္ဌိယော–အကြင်မှားသော အယူအမြင်တို့သည်၊ လောကေဥပ္ပဇ္ဇန္တိ–လောကဌ် ဖြစ်ပေါ်လျက် ရှိကုန်၏၊ ဧတာ ဒိဋ္ဌိယော–ဤမှားသော အယူအမြင်ဒိဋ္ဌိတို့သည်၊ ယတ္ထ စ ဥပ္ပဇ္ဇန္တိ၊ အကြင်ခန္ဓာငါးပါးဌ်လည်း ဖြစ်ကုန်၏၊ ယတ္ထ စ အနုသေန္တိ–အကြင်ခန္ဓာငါးပါးဌ်လည်း ကိန်းကုန်၏။ ယတ္ထ စ သမုဒါစရန္တိ–အကြင် ခန္ဓာငါးပါးဌ်လည်း မပြတ်ဖြစ်ကုန်၏၊ တံ–ထိုဒိဋ္ဌိတို့၏ ဖြစ်ရာ ကိန်းရာ မပြတ်ဖြစ်ရာဘုံ အာရုံဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားကို၊ နေတံ မမ နေ ဧတံမမ ဤသည်ကား ငါ့ဥစ္စာမဟုတ်၊ ဝါ–ငါ့ဥစ္စာအနေဖြင့် သာယာသိမ်းပိုက်သင့်သော အရာမဟုတ်ဟူ၍လည်းကောင်း၊ နေသောဟမသ္မိ နေ ဧသော အဟံ အသ္မိ–ဤသည်ကား ငါမဟုတ် ငါပဲဟု အထင်ကြီးစရာ မာန်တက်စရာ မဟုတ်ဟူ၍လည်းကောင်း၊ နမေသော အတ္တာတိ–နေ မေ ဧသော အတ္တာတိ–ဤသည်ကား ငါ၏အတ္တကောင် အထည်ကိုယ်မဟုတ် အနတ္တသဘောတရားမျှသာ ဟူ၍လည်းကောင်း၊ ဧဝံ–ဤသို့၊ ဧတံ–ဤသဘောကို၊ ယထာဘူတံ–ဟုတ်တိုင်းမှန်စွာ၊ သမ္မပ္ပညာယ–မှန်စွာသိသော ဝိပဿနာပညာ မဂ်ပညာဖြင့်၊ ပဿတော–ရှုမြင်သော ပုဂ္ဂိုလ်အား၊ ဧဝံ–ဤသို့ အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုမြင်ခြင်းဖြင့် ဧတာသံ ဒိဋ္ဌိနံ ဤဆိုခဲ့သော အယူမှား အမြင်မှား ဒိဋ္ဌိတို့ကို၊ ပဋိနိဿဂ္ဂေါ ဟောတိ–လုံးဝစွန့်ခြင်း ဖြစ်ပေ၏။

ဒါက မြတ်စွာဘုရား အဖြေပဲ၊ ဒီအမေးနဲ့ အဖြေ ၂–ခုလုံးဟာ သဘောပေါက်ဖို့ နားလည်ဖို့ မလွယ်ဘူး ခက်တယ်၊ အမေးမှာ နှလုံးသွင်းခါစနဲ့ ဒိဋ္ဌိအယူမှားတွေကို ပယ်နိုင်ပါသလားလို့ မေးထားတယ်၊ အဲဒီမှာ နှလုံးသွင်းခါစဆိုတာ ဘာကို ရည်ရွယ်သလဲလို့ သိဖို့ခက်တယ်၊ အဖြေမှာ ဒိဋ္ဌိ–အယူမှားတွေ ဖြစ်ပွားရာဘုံ အာရုံဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို ငါ့ဥစ္စာမဟုတ် ငါမဟုတ် ငါ၏အတ္တ မဟုတ်လို့ ရှုမြင်လျှင် အဲဒီဒိဋ္ဌိအယူမှားတွေကို ပယ်စွန့်ခြင်းဖြစ်တယ်လို့ ဖြေထားတယ်၊ အဲဒီမှာ ဘယ်လိုရှုရမလဲ၊ ဘယ်လောက်ရှုရမလဲ စသည်ဖြင့် တိတိကျကျ သိဖို့ခက်တယ်၊ အဲဒီ အသိခက်တာတွေ သိနားလည်အောင် ရှင်းပြောရလိမ့်မယ်။

အတ္တဝါဒနဲ့စပ်တဲ့ အယူမှားတွေ၊ လောကဝါဒနဲ့စပ်တဲ့ အယူမှားတွေဆိုတာဟာ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိပင်ဖြစ်ကြောင်းကို ရှေ့နားကရှင်းပြောခဲ့ပြီ၊ အဲဒီ ဒိဋ္ဌိတွေကို ပယ်စွန့်ချင်ရင် အဲဒီဒိဋ္ဌိတွေ ကင်းစေချင်ရင် အဲဒီ ဒိဋ္ဌိတွေရဲ့ ဖြစ်ရာဌာန အသိုက်အအုံကို သိဖို့လိုတယ်၊ နောက်ပြီးတော့ အဲဒီ ဒိဋ္ဌိရဲ့ ဖြစ်ရာဌာနတွေကို ဘယ်လိုရှုမြင်ထင်မှတ်နေတယ်လို့ အဲဒီဒိဋ္ဌိတွေ ဖြစ်ပွားနေတယ်ဆိုတာလဲ သိဖို့လိုပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက အဲဒီ ဒိဋ္ဌိတွေဟာ ခန္ဓာငါးပါးမှာ ဖြစ်ပွားနေကြတယ်၊ အဲဒီ သူတို့ရဲ့ ဖြစ်ပွားရာ ခန္ဓာငါးပါးကို ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါ့အတ္တပဲလို့ ပကတိ အရိုးအစဉ်အတိုင်း ထင်မှတ်နှလုံးသွင်းနေရင် အဲဒီ ဒိဋ္ဌိတွေဟာ ဖြစ်မြဲဖြစ်ပွားနေမယ်၊ ငါ့ဥစ္စာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်ဘူးလို့ ဒီလိုရှုမြင်ပါမှ အဲဒီ ဒိဋ္ဌိတွေကို ပယ်နိုင်မယ်ဆိုတဲ့ အကြောင်းများကို ဟောကြားတော်မူပါတယ်။

အဲဒီမှာ ခန္ဓာငါးပါး တရားတွေဆိုတာ အထူးအဆန်းတွေ မဟုတ်ဘူး၊ တခြားမှာ လိုက်ရှာနေရမည့်တရားတွေ မဟုတ်ဘူး၊ သတ္တဝါတိုင်း သတ္တဝါတိုင်း မိမိတို့ကိုယ်ထဲမှာ အသီးသီး အဲဒီခန္ဓာတွေ ရှိနေကြတာပါပဲ၊ ရုပ်ကတစ်မျိုး ဝေဒနာကတစ်မျိုး သညာကတစ်မျိုး သခ်ါရတွေဆိုတာက တစ်မျိုး စိတ်ဝိညာဏ်ဆိုတာက တစ်မျိုး အဲဒါတွေဟာ ခန္ဓာငါးပါးတရားတွေပါပဲ၊ အဲဒီမှာ ရုပ်ဆိုတာ ရုပ်ကိုယ်ကြီး တစ်ခုလုံးပေါ့၊ ရုပ်အသေးအမွှားကလေးတွေ သန်းပေါင်းများစွာ ကုဋေပေါင်းများစွာ စုဝေးပြီးတည်နေတဲ့ ရုပ်အစုအဝေးကြီးပါပဲ၊ ဥပမာ ဆန်မှုန့်၊ ဂျုံမှုန့်နဲ့ အသေးအမွှားကလေးတွေကို သင့်တော်လောက်တဲ့ ရေနဲ့ ရောစပ်လိုက်ရင် အတုံးအခဲကြီး ဖြစ်လာသလိုပါပဲ၊ ဒီရုပ်ကိုယ်ကြီးကလဲ ပကတိမျက်စိနဲ့ မမြင်နိုင်လောက်အောင် သေးငယ်တဲ့ ရုပ်တွေ ကုဋေပေါင်းများစွာ ပေါင်းစပ်ပြီးတည်နေတဲ့ ရုပ်အစုအဝေးကြီး ရုပ်အစုအပုံကြီးပါပဲ၊ အဲဒါကို ရူပက္ခန္ဓာလို့ခေါ်ပါတယ်၊ ဝေဒနာဆိုတာကတော့ အာရုံအကောင်း အဆိုးနဲ့တွေ့ပြီး ကိုယ်ထဲစိတ်ထဲမှာ အကောင်းအဆိုးကို ခံစားတဲ့ သဘောပါပဲ၊ သညာဆိုတာကတော့ မြင်ရကြားရ တွေ့ရသိရတဲ့ အာရုံတွေကို မမေ့နိုင်အောင် မှတ်သားတဲ့သဘောပါပဲ၊ သခ်ါရတွေဆိုတာက

တော့ အမျိုးမျိုးသော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတွေကို ပြုလုပ်တတ်တဲ့ သဘောတရားတွေပါပဲ၊ အဲဒါတွေ ကတော့အာရုံကိုတွေ့တဲ့ ဖဿ၊ နှလုံးသွင်းတဲ့ လောဘ၊ ပြစ်မှားဖျက်ဆီးချင်တဲ့ ဒေါသ၊ မလိုချင် မတပ်မက် မနှစ်သက်တဲ့ အလောဘ၊ မပြစ်မှားမဖျက်ဆီးလိုတဲ့ အဒေါသ စသည်ဖြင့် အမျိုးပေါင်း ငါးဆယ်တောင် ရှိပါတယ်၊ ဒါကြောင့် သူတို့ကို တော့ သခ်ါရတွေလို့ ဗဟုဝုစ်နဲ့ ပြောထားပါတယ်၊ စိတ်ဝိညာဏ် ဆိုတာကတော့ မြန်မာစကားလို ဖြစ်နေပါပြီ၊ ထင်ရှားပါ တယ်၊ မြင်သိတာ ကြားသိတာ နံသိတာ စားသိတာ ထိသိတာ ကြံသိတာ အဲဒါတွေပါပဲ၊ အဲဒီမှာ ရုပ်ခန္ဓာကတစ်ပါး နာမ် ခန္ဓာက ဝေဒနာရယ် သညာရယ် သခ်ါရရယ် ဝိညာဏ်ရယ် ၄–ပါးရှိတယ်၊ ပေါင်း ခန္ဓာငါးပါး ဖြစ်ပါတယ်၊ ရုပ်နာမ်ဆိုတဲ့ ဝေါဟာရနဲ့ ခွဲရင်တော့ ရုပ်နဲ့နာမ် ၂–ပါးပဲဖြစ်ပါတယ်။

မြင်ခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

အဲဒီ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ ဘယ်အခါမှာ ဘယ်လိုထင်ရှား ဖြစ်နေသလဲဆိုရင် မြင်တဲ့အခါ ကြားတဲ့ အခါစသည်မှာ မြင်တဲ့အနေ ကြားတဲ့အနေ စသည်ဖြင့် ထင်ရှားဖြစ်နေပါတယ်၊ မြင်တဲ့အခါမှာ မျက်စိနှင့်တကွ တစ်ကိုယ်လုံး က ရုပ်၊ မြင်ရတဲ့ အဆင်းကလဲ ရုပ်၊ မြင်သိတာက နာမ်၊ အဲဒီမြင်သိမှုထဲမှာ မြင်လို့ကောင်းတာ မကောင်းတာက ဝေဒနာ၊ မြင် ရတဲ့အာရုံကို မှတ်သားတာက သညာ၊ မြင်မှုကိစ္စပြီးအောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာက သခ်ါရ၊ မြင်သိရုံမျှသဘော က ဝိညာဏ်၊ အဲဒါ ခန္ဓာငါးပါးပဲ၊ မြင်တိုင်း မြင်တိုင်း အဲဒီ ခန္ဓာငါးပါး ရုပ်နာမ် ၂–ပါးမျှသာ ထင်ရှားဖြစ်ဖြစ်သွားတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်ရယ်လို့မရှိဘူး၊ ဒါပေမယ့် မျက်စိနှင့်တကွ ရုပ်ကိုယ်ကြီးတစ်ခုလုံးကိုလဲ ငါပဲလို့ထင်နေကြ တယ်၊ မြင်လို့ကောင်းတာ မကောင်းတာကိုလဲ ငါပဲလို့ ထင်နေကြတယ်၊ မြင်ရတဲ့ အာရုံမှတ်သားတာကိုလဲ ငါပဲလို့ ထင်နေကြ တယ်၊ မြင်အောင်လို့ နှလုံးသွင်းတာ ကြောင့်ကြစိုက်တာကိုလဲ ငါပဲလို့ ထင်နေကြတယ်၊ မြင်သိတာကိုလဲ ငါပဲလို့ ထင်နေကြ တယ်၊ ကိုယ့်ကိုယ်ကို မြင်ရရင် မြင်ရတာကိုလဲ ငါပဲလို့ ထင်နေကြတယ်၊ သက်ရှိ သတ္တဝါရဲ့အဆင်းကို မြင်ရရင်လဲ အသက် ရှင်နေတဲ့ အကောင်ကို မြင်ရတယ်လို့ ထင်နေကြတယ်၊ အဲဒါဟာ မြင်ခိုက်မှာ ခန္ဓာငါးပါးကို အတ္တကောင် ငါကောင်လို့ စွဲလမ်းပြီး သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ဖြစ်ပွားနေပုံပါပဲ။

ကြားခိုက်မှာ ခန္ဓာငါးပါးထင်ရှားပုံ

ကြားခိုက်မှာ နားနှင့်တကွ တစ်ကိုယ်လုံးကရုပ်၊ ကြားရတဲ့ အသံကလဲရုပ်၊ ကြားသိတာကနာမ်၊ အဲဒီကြားသိမှုထဲမှာ ကြားလို့ကောင်းတာ မကောင်းတာက ဝေဒနာ၊ ကြားရတဲ့အာရုံကို မှတ်သားတာက သညာ၊ ကြားမှုကိစ္စပြီးအောင် နှလုံးသွင်း တာ ကြောင့်ကြစိုက်တာက သခ်ါရ၊ ကြားသိရုံမျှသဘောက ဝိညာဏ်၊ အဲဒါ ခန္ဓာငါးပါးပဲ၊ ကြားတိုင်း ကြားတိုင်း အဲဒီ ခန္ဓာ ငါးပါး ရုပ်နာမ် ၂–ပါးမျှသာ ထင်ရှားဖြစ်ဖြစ်သွားတယ်၊ အသက်ရှင်နေတဲ့ အကောင်ရယ်လို့ မရှိဘူး၊ ဒါပေမယ့် အဲဒီလို ကြား တဲ့သဘောတွေကို ငါပဲ အသက်ရှင်နေတဲ့ အကောင်ပဲလို့ ဒီလို ထင်မြင်စွဲလမ်းနေကြတယ်၊ အတ္တဒိဋ္ဌိ ဖြစ်ပွားနေတာပါပဲ။

နံသိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

နံသိခိုက်မှာ နှာခေါင်းနှင့်တကွ တစ်ကိုယ်လုံးကရုပ်၊ နံသိရတဲ့ အနံ့ကလဲ ရုပ်၊ နံသိတာကနာမ်၊ အဲဒီနံသိမှုထဲမှာ နံလို့ ကောင်းတာမကောင်းတာက ဝေဒနာ၊ နံရတဲ့အာရုံကို မှတ်သားတာက သညာ၊ နံသိမှုကိစ္စ ပြီးအောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာက သခ်ါရ၊ နံသိရုံမျှသဘောက ဝိညာဏ်၊ အဲဒါ ခန္ဓာငါးပါးပဲ၊ နံတိုင်း နံတိုင်း အဲဒီ ခန္ဓာငါးပါး ရုပ်နာမ် ၂–ပါးမျှသာ ထင်ရှားဖြစ်ဖြစ်သွားတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူး၊ ဒါပေမယ့် အဲဒီလို နံတဲ့သဘောတွေ ကို ငါပဲ၊ အသက်ရှင်နေတဲ့ အကောင်ပဲလို့ ဒီလိုထင်မြင်စွဲလမ်းနေကြတယ်၊ အတ္တဒိဋ္ဌိ ဖြစ်ပွားနေတာပါပဲ။

စားသိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

စားသိခိုက်မှာ လျှာနှင့်တကွ တစ်ကိုယ်လုံးကရုပ်၊ စားသိရတဲ့ အရသာကလဲ ရုပ်၊ စားသိတာကနာမ်၊ အဲဒီ စားသိမှု ထဲမှာ စားလို့ကောင်းတာ မကောင်းတာ မြိန်ရှက်တာ မမြိန်ရှက်တာက ဝေဒနာ၊ စားသိရတဲ့ အာရုံကို မှတ်သားတာက သညာ၊ စားသိမှုကိစ္စပြီးအောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာက သခ်ါရ၊ စားသိရုံမျှ သဘောက ဝိညာဏ်၊ အဲဒါခန္ဓာငါးပါးပဲ၊ စားသိတိုင်းစားသိတိုင်း အဲဒီခန္ဓာငါးပါး ရုပ်နာမ် ၂–ပါးမျှသာ ထင်ရှားဖြစ်ဖြစ်သွားတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်ရယ် လို့မရှိဘူး၊ ဒါပေမယ့် အဲဒီလို စားသိတဲ့သဘောတွေကို ငါပဲ အသက်ရှင်နေတဲ့ အကောင်ပဲလို့ ဒီလို ထင်မြင်စွဲလမ်းနေကြ တယ်၊ အတ္တဒိဋ္ဌိ ဖြစ်ပွားနေတာပါပဲ။

ထိသိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

ထိသိခိုက်မှာ ကာယပသာဒခေါ်တဲ့ ကိုယ်အကြည်ရုပ်နှင့်တကွ တစ်ကိုယ်လုံးက ရုပ်၊ ထိသိရတာကလဲ ရုပ်၊ ထိသိတာက နာမ်၊ အဲဒီထိသိမှုထဲမှာ ထိလို့ကောင်းတာ မကောင်းတာက ဝေဒနာ၊ ညောင်းတယ် နာတယ် ပူတယ် ကိုက်ခဲတယ် ယားတယ် စသည်ဖြင့် အခံခက်တာတွေ ဟူသမျှဟာ ထိလို့ မကောင်းတဲ့ ဒုက္ခဝေဒနာတွေချည်းပဲ၊ အဲဒါတွေကတော့ အလွန်ပဲ ထင်ရှားပါတယ်၊ တစ်ကိုယ်လုံးမှာ နေရာတကာကပဲ ထင်ရှားပေါ်နိုင်ပါတယ်၊ ထိသိရတဲ့ အာရုံကို မှတ်သားတာက သညာ၊ ထိသိမှုကိစ္စပြီးအောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာက သင်္ခါရ၊ ထိသိရုံမျှ သဘောက ဝိညာဏ်၊ အဲဒါ ခန္ဓာငါးပါးပဲ၊ သွားတယ်ရပ်တယ် ထိုင်တယ်လျောင်းတယ် ကွေးတယ်ဆန့်တယ် လှုပ်ရှားပြုပြင်တယ် ဖောင်းတယ် ပိန်တယ် ဆိုရတာတွေလဲ အတွေ့အထိ သဘောတွေပဲ၊ အဲဒီကိုယ်အမှုအရာတွေကို ပြုလုပ်ရာမှာလဲ ယခုပြောခဲ့တဲ့အတိုင်း ခန္ဓာငါးပါးပဲ၊ ဒါကြောင့် ထိသိတိုင်းလှုပ်ရှားပြုပြင်တိုင်း အဲဒီခန္ဓာငါးပါး ရုပ်နာမ် ၂–ပါးမျှသာ ထင်ရှားဖြစ်ဖြစ်သွားတာပဲ၊ အသက်ရှင်နေတဲ့ အတ္တ ကောင်ရယ်လို့ မရှိဘူး၊ ဒါပေမယ့် အဲဒီလို ထိသိသဘောတွေ ကိုယ်လက်လှုပ်ရှား ပြုပြင်မှုတွေကို ငါပဲ အသက်ရှင်နေတဲ့ အကောင်ပဲလို့ ဒီလိုထင်မြင်စွဲလမ်းနေကြတယ်၊ ငါသွားတယ် ငါရပ်တယ် ငါထိုင်တယ် ငါအိပ်တယ် ငါကွေးတယ် ငါဆန့်တယ် စသည်ဖြင့် ထင်မြင်စွဲလမ်းနေကြတယ်၊ အတ္တဒိဋ္ဌိ ဖြစ်ပွားနေတာပါပဲ။

ကြံ့သိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

စိတ်ကူး ကြံ့စည်ခိုက် ကြံ့သိခိုက်မှာ စိတ်ကူးကြံ့စည်မှု၏ တည်ရာရုပ်နှင့် တစ်ကိုယ်လုံးကရုပ်၊ စိတ်ကူးကြံ့သိတာက နာမ်၊ အဲဒီကြံ့သိမှုထဲမှာ ဝမ်းသာတာ စိတ်ရွှင်လန်းချမ်းသာတာ ဝမ်းနည်းတာ စိတ်နှလုံးမသာတာတွေက ဝေဒနာ၊ စိတ်ထဲမှာ ပေါ်လာတဲ့အာရုံကို မှတ်သားတာက သညာ၊ ကိုယ်အမှုအရာ နှုတ်အမှုအရာ စိတ်အမှုအရာတွေကို ကြံ့စည်ပြုလုပ်တာက သင်္ခါရ၊ သွားမှုရပ်မှု စသည် ကွေးမှုဆန့်မှု စသည်ပြီးစီးအောင် ကြောင့်ကြစိုက်တာကလဲ သင်္ခါရပဲ၊ စိတ်ကူးကြံ့စည်မှုဖြစ်အောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာလဲ သင်္ခါရပဲ၊ ဒီသင်္ခါရကွန်ရက်ရဲ့ အလုပ်က အင်မတန် ကျယ်ပြန့်ပါတယ်၊ ကိုယ်အမှု နှုတ်အမှုစိတ်အမှု ဟူသမျှတွေကို သူကပြုလုပ်နေတာပဲ၊ ကြံ့သိရုံမျှသဘောက ဝိညာဏ်၊ အဲဒါခန္ဓာငါးပါးပဲ၊ စိတ်ကူးကြံ့စည်တိုင်း အဲဒီခန္ဓာငါးပါး ရုပ်နာမ် ၂–ပါးမျှသာ ထင်ရှား ဖြစ်ဖြစ်သွားတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူး၊ ဒါပေမယ့် ဒီလို ကြံ့စည်စဉ်းစားတဲ့ သဘောတွေကို ငါပဲ အသက်ရှင်နေတဲ့ အကောင်ပဲလို့ ဒီလို ထင်မြင်စွဲလမ်းနေကြတယ်၊ အတ္တဒိဋ္ဌိ ဖြစ်ပွားနေတာပါပဲ၊ ဒီစိတ်ကူးကြံ့စည်မှု ဆိုတာကတော့ အမြဲမပြတ် ရှိနေတဲ့အတွက် အဲဒီစိတ်ကူး ကြံ့စည်မှုနဲ့စပ်ပြီး စွဲလမ်းမှုကလဲ အမြဲမပြတ်လိုပဲ ဖြစ်နေတတ်ပါတယ်၊ ရုပ်နာမ်သဘောတရားအကြောင်းကို မကြားဖူးတဲ့သူတွေမှာဆိုရင် ဒီအတ္တ စွဲက အမြဲမပြတ်လိုပဲ ဖြစ်နေတတ်ပါတယ်။

ခန္ဓာငါးပါး၌ အတ္တဒိဋ္ဌိဖြစ်ပုံ

ယခု ပြောခဲ့တဲ့အတိုင်း မြင်ခိုက်မှာ ထင်ရှားတဲ့ ခန္ဓာငါးပါးကိုလဲ စွဲမိပြီး အတ္တဒိဋ္ဌိဖြစ်တယ်၊ မျက်စိနှင့်တကွ တစ်ကိုယ်လုံးဟာ ငါပဲ၊ အသက်ရှင်နေတဲ့ အတ္တကောင်ပဲလို့ ဒီလိုပဲ ထင်မှတ်တယ်၊ အဲဒါဟာ ရုပ်ခန္ဓာကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပဲ၊ မြင်လို့ကောင်းတာ မကောင်းတာကိုလဲ ငါကောင် အတ္တကောင်လို့ ထင်မှတ်တယ်၊ မြင်ရတဲ့ ပုံပန်းအခြေအနေကို မှတ်သားနိုင်တဲ့ သညာကိုလဲ ငါကောင် အတ္တကောင်လို့ ထင်မှတ်တယ်၊ မြင်အောင် ကြောင့်ကြစိုက်တာကိုလဲ ငါကောင် အတ္တ ကောင်လို့ ထင်မှတ်တယ်၊ မြင်သိတာကိုလဲ ငါက မြင်တယ် မြင်တာဟာ ငါပဲလို့ ထင်မှတ်တယ်၊ အဲဒါဟာ မြင်ခိုက်မှာ ထင်ရှားတဲ့ ခန္ဓာငါးပါးကို အတ္တကောင် ငါကောင်လို့ ထင်မှတ်ပြီး အတ္တဒိဋ္ဌိ ဖြစ်ပုံပါပဲ။

ကြားခိုက်နံ့ခိုက် စားသိခိုက်တွေမှာလဲ နည်းတူပဲထင်မှတ်ပြီး အတ္တဒိဋ္ဌိက ဖြစ်နေပါတယ်၊ ထိသိခိုက်မှာတော့ ထိသိ ရာဌာန ရုပ်နဲ့ တစ်ကိုယ်လုံးကို အတ္တကောင် ငါကောင်လို့ ထင်မှတ်တယ်၊ ရုပ်ခန္ဓာကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပဲ၊ နာကျင်ခြင်း စသည်ဖြစ်ရင်လဲ ငါနာတယ် ကျင်တယ် ကိုက်ခဲတယ် ယားတယ် ပူတယ် ငါအခံခက်တယ် ငါဆင်းရဲတယ်လို့ ထင်မှတ်တယ်၊ အတွေ့အထိကောင်းတဲ့အခါလဲ ငါကောင်းတယ်၊ တွေ့ထိပြီး ကောင်းနေတာဟာ ငါပဲလို့ ထင်မှတ်တယ်၊ ဝေဒနာကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါပဲ၊ မှတ်သားတဲ့ သညာကိုလဲ ထို့အတူ ထင်မှတ်စွဲလမ်းတာပဲ၊ ထိသိမှုဖြစ်အောင် နှလုံးသွင်းမှု ကြောင့်ကြစိုက်မှု သင်္ခါရကိုလဲ ထို့အတူ ထင်မှတ်စွဲလမ်းတာပဲ၊ ထိသိကာမျှ ဝိညာဏ်ကိုလဲ ထို့အတူ ထင်မှတ်စွဲလမ်းတာပဲ၊ ယခုပြောခဲ့တာဟာ ကြားခိုက်စသည်မှာ ထင်ရှားတဲ့ ခန္ဓာငါးပါးကို အတ္တကောင် ငါကောင်လို့ ထင်မှတ်ပြီး အတ္တဒိဋ္ဌိဖြစ်ပုံပါပဲ။

စိတ်ကူးကြံ့စည်ခိုက်မှာတော့ စိတ်ကူးစဉ်းစား ကြံ့စည်နေတာကို ငါပဲလို့ ထင်မှတ်တယ်၊ အဲဒါဟာ စိတ်ဝိညာဏ်ကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပဲ၊ ပုထုဇဉ် ပုဂ္ဂိုလ်တွေမှာ ဒီစိတ်ဝိညာဏ်ကို စွဲလမ်းတဲ့ အတ္တဒိဋ္ဌိကတော့ အများအားဖြင့် ဖြစ်နေ တတ်ပါတယ်၊ ကင်းခဲပါတယ်၊ ဝမ်းသာတာ စိတ်ချမ်းသာတာကိုလဲ ငါပဲလို့ ထင်မှတ်တယ်၊ စိတ်ညစ်တာ နှလုံးမသာတာကို လဲ ငါပဲလို့ ထင်မှတ်တယ်၊ ဝေဒနာကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါပဲ၊ မှတ်မိတာ မှတ်ဉာဏ်ကောင်းတာကိုလဲ ငါပဲလို့ ထင်

မှတ်တယ်၊ သညာကို အတ္တဒိဋ္ဌိစွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါပဲ၊ သွားမယ်ရပ်မယ် ထိုင်မယ်အိပ်မယ် ကွေးမယ်ဆန့်မယ် ပြောဆိုမယ် စသည်ဖြင့် ကြံစည်အားထုတ်တာကိုလဲ ငါပဲလို့ ထင်မှတ်တယ်၊ ငါသွားတယ် ရပ်တယ်ထိုင်တယ် အိပ်တယ်ကွေးတယ် ဆန့်တယ် ပြောဆိုတယ်၊ သွားတာရပ်တာ ထိုင်တာအိပ်တာ ကွေးတာ ဆန့်တာပြောဆိုတာဟာ ငါပဲ စသည်ဖြင့်လဲ ထင်မှတ်တယ်၊ ရုပ်ခန္ဓာကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါပဲ၊ အဲဒါတွေဟာ စိတ်ကူးကြံစည်ခိုက်မှာ ထင်ရှားတဲ့ ခန္ဓာငါးပါးကို အတ္တကောင် ငါကောင်လို့ ထင်မှတ်ပြီး အတ္တဒိဋ္ဌိဖြစ်ပုံပါပဲ။

ယခု ပြောခဲ့တဲ့အတိုင်း မြင်ခိုက် ကြားခိုက် နံခိုက် စားသိခိုက် ထိသိခိုက် ကြံသိခိုက်တွေမှာ ထင်ရှားဖြစ်ပေါ်နေတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကိုပဲ အတ္တကောင် ငါကောင်အနေနဲ့ ထင်မှတ်ပြီး အတ္တဒိဋ္ဌိ ဖြစ်တတ်ပုံကို မြတ်စွာဘုရားက

ဧတာ ဒိဋ္ဌိယော ဤမှားသော အတ္တအမြင် ဒိဋ္ဌိတို့သည်၊ ယတ္တ စ ဥပ္ပဇ္ဇန္တိ–အကြင်ခန္ဓာ ငါးပါးဌ်လည်း ဖြစ်ကုန်၏၊ ယတ္တစ အနုသေန္တိ အကြင် ခန္ဓာငါးပါးဌ်လည်း ကိန်းကုန်၏၊ ယတ္တ စ သမုဒါစရန္တိ အကြင် ခန္ဓာငါးပါးဌ်လည်း မပြတ်ဖြစ်ကုန်၏လို့ ဟောထားပါတယ်။

ကိလေသာကိန်းပုံ

အဲဒီမှာ မြတ်စွာဘုရားက "ဖြစ်တယ် ကိန်းတယ် မပြတ်ဖြစ်တယ်လို့" ဒီလို ဝေါဟာရ ၃–မျိုးနဲ့ ဟောထားတယ်၊ ဖြစ်ဆိုတာက မြင်ခိုက်ကြားခိုက် စသည်မှာ ထင်ရှားတဲ့ခန္ဓာတွေကိုအာရုံပြုပြီး အဲဒီဒိဋ္ဌိတွေ ဖြစ်ပေါ်တာကို ဆိုတာပါပဲ၊ မပြတ်ဖြစ်ဆိုတာကတော့ တစ်ကြိမ်တစ်ခါ မဟုတ်ဘဲ အကြိမ်ကြိမ် အထပ်ထပ်မပြတ် ဖြစ်နေတာကို ဆိုတာပါပဲ၊ ကိန်းဆိုတာကတော့ မြင်ခိုက်ကြားခိုက် စသည်မှာ ယောနိသော မနသိကာရ စသည်ကြောင့် အဲဒီဒိဋ္ဌိ မဖြစ်သေးပေမယ့် နောင်အခါ အကြောင်းညီညွတ်ရင် ဖြစ်ဖို့အဆင်သင့် ဖြစ်နေတာကိုဆိုတာပါပဲ၊ အဲဒါက ဘယ်လိုလဲဆိုရင် မြင်ခိုက် ကြားခိုက်စသည်မှာ ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်ခန္ဓာတွေကို ပီပီသသ အထင်အရှားသိပြီး စွဲမှတ်ထားတဲ့သဘောပါပဲ၊ အဲဒီလို စွဲမှတ်ထားတဲ့ ရုပ်နာမ်ခန္ဓာတွေကို ပြန်လည်စဉ်းစားပြီးတော့ သာယာနှစ်သက်တဲ့ လောဘလဲဖြစ်နိုင်တယ်၊ ပြစ်မှားတဲ့ ဒေါသလည်း ဖြစ်နိုင်တယ်၊ မြတယ် ချမ်းသာတယ် စသည်ဖြင့် အသိမှားတဲ့ မောဟလဲ ဖြစ်နိုင်တယ်၊ ငါတတ်တယ် ငါမြတ်တယ် ငါစွမ်းတယ် အထင်ကြီးတဲ့ မာနလဲ ဖြစ်နိုင်တယ်၊ အလျင်က မြင်ခဲ့တာ ကြားခဲ့တာ တွေ့ခဲ့တာ သိခဲ့တာဟာ ငါက မြင်ခဲ့ကြားခဲ့ တွေ့ခဲ့သိခဲ့တာပဲ စသည်ဖြင့် အယူအမြင်မှားတဲ့ ဒိဋ္ဌိလည်းဖြစ်နိုင်တယ်၊ ဒီလိုဒိဋ္ဌိဖြစ်ဖို့ရာ အာရုံကို အထင်အရှားစွဲမှတ်ထားတဲ့ သဘောကို ကိန်းတယ်လို့ ဆိုရတယ်။

ကိလေသာ မကိန်းအောင်ရှုပုံ

ဒါဖြင့် ကိလေသာမကိန်းအောင် ဘယ်လိုလုပ်ရမလဲဆိုရင် မြင်ခိုက် ကြားခိုက် စသည်မှာ ရုပ်နာမ်ခန္ဓာသဘောမျှ ဖြစ်ပျက်တဲ့ သဘောမျှ အနိစ္စ ဒုက္ခ အနတ္တ သဘောမျှပဲလို့ အမှန်အတိုင်းသိအောင် ရှုရတယ်၊ မြင်ခိုက်မှာ ထင်ရှားပေါ်လာတာကို မြင်တယ် မြင်တယ်လို့ ရှုရတယ်၊ ကြားခိုက်မှာ ထင်ရှားပေါ်လာတာကို ကြားတယ် ကြားတယ်လို့ ရှုရတယ်၊ နံခိုက်မှာ ထင်ရှားပေါ်လာတာကို နံတယ် နံတယ်လို့ ရှုရတယ်၊ စားသိခိုက်မှာ ထင်ရှားပေါ်လာတာကို သိတယ် သိတယ်လို့ ရှုရတယ်၊ ထိသိခိုက်မှာ ထင်ရှားပေါ်လာတာကို ထိတယ် ထိတယ် စသည်ဖြင့် ရှုရတယ်၊ ဒီထိသိခိုက်မှာ ရှုပုံတွေကများပါတယ်၊ သွားတယ် ရပ်တယ် ထိုင်တယ် အိပ်တယ် ကွေးတယ် ဆန့်တယ် ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုတာတွေလဲ ဒီထိသိမှုကို ရှုတာပဲ၊ နာတယ် ကျင်တယ် ကိုက်ခဲတယ် ယားတယ် ပူတယ် အေးတယ် မောတယ် စသည်ဖြင့် ရှုတာတွေလဲ ဒီထိသိမှုနဲ့ဆိုင်တာပဲ၊ နောက်ပြီးတော့ ကြံသိခိုက်မှာ ထင်ရှားပေါ်လာတာကို ကြံတယ် သိတယ် စိတ်ကူးတယ် စဉ်းစားတယ် စသည်ဖြင့် ရှုရတယ်၊ ဒီကြံခိုက်မှာလဲ ရှုပုံတွေများပါတယ်၊ သာယာတယ် နှစ်သက်တယ် လိုချင်တယ် စိတ်ဆိုးတယ် စိတ်ညစ်တယ် ဝမ်းနည်းတယ် ဝမ်းသာတယ် စိတ်ထွက်တယ် စသည်ဖြင့် စိတ်အမှုအရာတွေကို ရှုတာတွေလဲ ဒီကြံသိမှုနှင့် ဆိုင်တာပဲ၊ ယခုပြောခဲ့တာလောက်ဆိုရင် အခြေခံ ရှုပုံကတော့ ပြည့်စုံပါပြီ။

ဒါပေမယ့်စပြီး ရှုခါစ ပုဂ္ဂိုလ်ကတော့ မြင်မှု ကြားမှု စသည်တွေကို အကုန်လိုက်ပြီး မရှုနိုင်သေးဘူး၊ အကုန်လိုက်ပြီး ရှုနေရင်လဲ သမာဓိ မဖြစ်နိုင်ဘူး၊ ဒါကြောင့် နည်းနည်းကစပြီး ရှုရတယ်၊ ထိုင်နေတဲ့အခါဆိုရင် ထိုင်တယ် ထိုင်တယ်လို့ ထိုင်တာတစ်မျိုးတည်းကလဲ စပြီးရှုနိုင်တယ်၊ ထိုင်တယ် ထိတယ် ထိုင်တယ် ထိတယ်လို့ ထိုင်တာနဲ့ ထိတာ ဒီ ၂–မျိုးကလဲ စပြီး ရှုနိုင်တယ်၊ အာနာပါနကို ကြိုက်ရင် နှာသီးဝမှာ ထိသိရာက စောင့်ပြီး ဝင်တယ် ထွက်တယ် ဝင်တယ် ထွက်တယ်လို့ ဒီလိုလဲ ရှုနိုင်ပါတယ်၊ ဘုန်းကြီးတို့က အကောင်းဆုံးအနေနဲ့ ညွှန်ပြနေတာကတော့ ဝမ်းဗိုက်ထဲက တောင့်တင်းလှုပ်ရှားနေတဲ့ ဝါယောဓာတ်ပါပဲ၊ အဲဒါကို ဖောင်းတက်လာတိုင်း ပိန်ကျသွားတိုင်း ခေါ်ဝေါ်နေကျ အမည်နဲ့ ဖောင်းတယ် ပိန်တယ် ဖောင်းတယ် ပိန်တယ်လို့ အခြေခံအနေဖြင့် ရှုမှတ်ဖို့ ဘုန်းကြီးတို့က ညွှန်ပြနေပါတယ်၊ ဒါပေမယ့် အဲဒီဖောင်းတာ ပိန်တာ ၂–ခု တည်းတော့လဲ မဟုတ်ပါဘူး၊ အဲဒီလို ဖောင်းတာ ပိန်တာကို မပြတ်ရှုမှတ်နေရင်းထဲက စိတ်ကူးကြံစည်မှုတွေ ဖြစ်ပေါ်လာရင်

အဲဒါတွေကိုလဲ မှတ်ရတယ်၊ နာကျင်တာ အခံခက်တာတွေ ဖြစ်ပေါ်လာရင် အဲဒီ ဒုက္ခဝေဒနာတွေကိုလဲ မှတ်ရတယ်၊ အတိုချုပ် အားဖြင့်တော့ စိတ်အမူအရာတွေ ဝေဒနာတွေ ကိုယ်အမူအရာတွေကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီးမှတ်ရတယ်၊ ဘာမှမှတ်စရာ အထူးမရှိတဲ့အခါကျတော့ ဝမ်းဗိုက်က ဖောင်းတာ ပိန်တာကိုပဲ ရှုမှတ်နေရတယ်၊ ဒါကလဲ အချိုးမကျသေးခင် ရှုမှတ်ခါစ အတွက် ညွှန်ကြားချက်ပါပဲ၊ အချိုးကျလို့ သတိသမာဓိအသိဉာဏ်က အားကောင်းလာတဲ့အခါ ကျတော့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြံ့သိတိုင်း ပေါ်ရာ ပေါ်ရာကို အကုန်လုံး လိုက်ပြီး ရှုမှတ်ရပါတယ်၊ ရှုလဲရှုမှတ်နိုင်ပါတယ်။

အဲဒီလို ရှုမှတ်လို့ ကောင်းကောင်း ရှုမှတ်နိုင်တဲ့အခါကျတော့ မြင်ရာ ကြားရာ စသည်မှာ မြင်ရုံမျှ ကြားရုံမျှ စသည်လောက်ပဲ ထင်ရှားတယ်၊ မြဲတဲ့အနေလဲ မထင်ဘူး၊ နှစ်သက်ဖွယ် မုန်းဖွယ်လဲ မထင်ဘူး၊ ငါကောင် သတ္တဝါကောင် အနေလဲ မထင်ဘူး၊ ပထမအစမှာတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြံ့သိတိုင်းမှာ သိစရာ ရုပ်သဘောနဲ့သိတဲ့ နာမ်သဘောမျှ ကိုသာတွေ့တယ်၊ သူ့ထက် သမာဓိ ရင့်လာတဲ့အခါမှာ အကြောင်းနဲ့ အကျိုးမျှကိုသာ တွေ့ရတယ်၊ အဲဒါထက် သမာဓိဉာဏ် အားကောင်းလာတဲ့အခါမှာ ခဏမစဲ အသစ်သစ် ဖြစ်ပျက်နေတာကိုချည်း တွေ့ရတယ်၊ ပေါ်လာသမျှ မြင်မှု ကြားမှု စသည် တွေလဲဖြစ်ဖြစ်ပြီး တစ်ခဏချင်း ပျက်ပျက်သွားတာကို သာတွေ့ရတယ်၊ ရှုမှတ်နေတာကလဲ သိသိပြီး တစ်ခဏချင်း ပျက်ပျက်သွားတယ်လို့ပဲ ထင်ရှားတွေ့ရတယ်။

ငါ့ဥစ္စာမဟုတ် စသည်ဖြင့် သိမြင်ပုံ

အဲဒီလိုအခါမှာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံ့သိတိုင်း ပေါ်လာသမျှ ရုပ်နာမ်ခန္ဓာတွေကို ဖြစ်ပေါ်လာပြီး ပျောက်ပျောက်သွားလို့ မမြဲဘူးလို့လဲ ထင်ရှားသိရတယ်၊ အဲဒီလို မမြဲဘူး မမြဲဘူးလို့ သိတိုင်း သိတိုင်း "ငါပဲ ငါတတ်တယ် ငါမြတ်တယ် ငါစွမ်းတယ်"လို့ အထင်ကြီးတဲ့ မာန်မာန မဖြစ်နိုင်တော့ဘူး၊ ဥပမာ စောစောက ဘယ်လို မာန ကြီးနေပေမယ်လို့ ယခုချက်ချင်း သေရတော့မယ်ဆိုရင် အဲဒီမာနဟာ မဖြစ်နိုင်တော့သလိုပါပဲ၊ ဒါကြောင့် ရှုတိုင်းမှတ်တိုင်း အလွန်လျင်မြန်စွာ ဖြစ်ပျက်သွားတာတွေကိုချည်း ထင်ရှားတွေ့နေရလို့ မမြဲဘူးမမြဲဘူးလို့ သိတိုင်းသိတိုင်းဟာ "နေသောဟ မသ္မိ ဤအရာသည် ငါမဟုတ်"လို့ ရှုနေသည် မည်ပါတယ်၊ "ငါမဟုတ်ဘူး ငါမဟုတ်ဘူး"လို့ ဒီလိုလဲ ဆင်ခြင်မိတတ်ပါတယ်၊ နောက်ပြီးတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း "ဖြစ်လိုက် ပျက်လိုက်နဲ့ နှစ်သက်စရာ အားကိုးစရာ ဘာမျှမရှိဘူး၊ ဆင်းရဲတွေ မကောင်းတာတွေချည်းဘဲ"လို့ ဒီလိုလဲ ထင်ရှားသိသိသွားတယ်၊ အဲဒီလိုသိတော့ သာယာနှစ်သက်ပြီး ငါ့ဥစ္စာအနေနဲ့ သိမ်းပိုက်စရာရယ်လို့ မထင်တော့ဘူး၊ ဒါကြောင့် ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲချည်းပဲလို့ သိတိုင်း သိတိုင်း "နေတံ မမ–ဤအရာသည် ငါ့ဥစ္စာမဟုတ်လို့ ရှုနေသည် မည်ပါတယ်၊ ငါ့ဟာမဟုတ်၊ ငါမဟုတ်လို့ ဒီလိုလဲ ဆင်ခြင်မိတတ်ပါတယ်၊ နောက်ပြီးတော့လဲ ရှုမှတ်တိုင်းရှုမှတ်တိုင်း ကိုယ့်အလိုအတိုင်းမဖြစ်ဘဲ သူ့သဘောအတိုင်းသာ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကိုချည်း တွေ့နေရတဲ့အတွက် အစိုးမရတဲ့ အတ္တကောင် မဟုတ်တဲ့ အနတ္တသဘောတရားမျှချည်းပဲလို့လဲ သိမြင်သဘောကျကျသွားတယ်၊ အဲဒီလို သိမြင်သဘောကျကျသွားတာဟာ "နမေသော အတ္တာ–ဤအရာသည်၊ ငါ၏ အတ္တမဟုတ်ဘူး"လို့ သိသိသွားတာပါပဲ၊ ဒီနေရာမှာ ဒီအနတ္တအသိက အရေးအကြီးဆုံးပါပဲ၊ အဲဒီလို မြင်ခိုက် ကြားခိုက် စသည်မှာ ပေါ်လာသမျှ ရုပ်နာမ်ခန္ဓာတွေကို မမြဲတာချည်းပဲ၊ ဆင်းရဲတာတွေချည်းပဲ၊ အတ္တကောင်မဟုတ်တဲ့ သဘောတရားမျှတွေချည်းပဲ–လို့ ရှုမှတ်ပြီး သိတိုင်း သိတိုင်း အဲဒီရုပ်နာမ်ခန္ဓာတွေမှာ ငါကောင် သတ္တဝါကောင်အနေနဲ့ ထင်မှတ်တဲ့ အတ္တဒိဋ္ဌိက မကိန်းဘူး၊ တစ်နည်းအားဖြင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ငါ့ဥစ္စာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်လို့ သိမြင် သဘောကျကျသွားရင် အဲဒီရှုမိတဲ့ ရုပ်နာမ်ခန္ဓာတွေမှာ အတ္တဒိဋ္ဌိကမကိန်းဘူး၊ ဒါကြောင့် အဲဒီလို ရှုမှတ်မိတဲ့ ရုပ်နာမ်ခန္ဓာတွေနဲ့စပ်ပြီး ပြန်လည်စဉ်းစားသောအားဖြင့် ငါမြင်တယ်၊ မြင်တာဟာ ငါပဲစသည်ဖြင့် အယူအမြင်မှားတဲ့ အတ္တဒိဋ္ဌိဟာ မဖြစ်နိုင်ဘူး၊ အဲဒါဟာ ဝိပဿနာဖြင့် ရှုမိတိုင်း ရှုမိတိုင်း သာ ရုပ်နာမ်ခန္ဓာတွေမှာ တဒင်္ဂပဟာန်ဖြင့် အတ္တဒိဋ္ဌိကို ပယ်နေတာပါပဲ။

ဒါပေမယ့် ဒီလိုဝိပဿနာရှုပြီး တဒင်္ဂပဟာန်ဖြင့် ပယ်ရုံနဲ့တော့ ဒီအတ္တဒိဋ္ဌိက လုံးဝမကင်းသေးဘူး၊ မရှုမိတဲ့ ရုပ်နာမ်ခန္ဓာတွေမှာ ဒီအတ္တဒိဋ္ဌိက အခွင့်သင့်တိုင်း ဖြစ်ဖြစ်နေဦးမှာပဲ၊ အဲဒီ ဝိပဿနာဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို သိမြင်သိမြင်ပြီး အဖြစ်အပျက် နှစ်ပါးလုံးကို မြင်နေရာက အပျက်သက်သက်ကို မြင်တဲ့ ဘင်္ဂဉာဏ်ဖြစ်လာတယ်၊ အဲဒီအခါမှာ မှတ်တိုင်းမှတ်တိုင်း မှတ်သိရတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော ပျောက်သွားတာကိုသာ တွေ့နေရတယ်၊ ဒါကြောင့် ပေါ်လာတဲ့ အာရုံကိုလဲ မြဲတယ် ကောင်းတယ် အတ္တကောင်ပဲလို့ စွဲလမ်းစရာ မရှိဘူး၊ မှတ်သိနေတဲ့စိတ်ကိုလဲ စွဲလမ်းစရာမရှိဘူး၊ အတွင်းအပြင် အကုန်လုံး အနိစ္စ ဒုက္ခ အနတ္တသဘောချည်းပဲ ဆိုတာ ရှင်းရှင်းလင်းလင်း သိရတယ်၊ အဲဒီ ဘင်္ဂဉာဏ်က ရင့်ပြန်တော့ ကြောက်ဖွယ်ထင်တဲ့ ဘယဉာဏ်ဆိုတာ ဖြစ်လာတယ်၊ အပြစ်မြင်တော့ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ် ဖြစ်လာတယ်၊ ငြီးငွေ့တော့ အဲဒီအနိစ္စ ဒုက္ခ အနတ္တ သဘောမျှဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေကို စွန့်လွှတ်လိုတဲ့ မုဉ္စိတုကမျတာဉာဏ် ဖြစ်လာတယ်၊ စွန့်လွှတ်ချင်တော့ စွန့်လွှတ်နိုင်အောင် တစ်ဖန်ကြိုးစားပြီးရှုတဲ့ ပဋိသင်္ခါဉာဏ်ဖြစ်လာတယ်၊ တစ်ဖန် ကြိုးစားပြီးရှုတော့ အဲဒီ ရုပ်နာမ်ခန္ဓာဆိုတဲ့သင်္ခါရတွေကို လျစ်လျူရှုတဲ့ သင်္ခါရပေက္ခာဉာဏ် ဖြစ်လာတယ်၊ အဲဒီသင်္ခါရပေက္ခာဉာဏ်က ရင့်သန်ပြည့်စုံတဲ့အခါမှာ ခဏမစဲပျက်နေတဲ့ ရုပ်နာမ်ခန္ဓာတွေကို ရှုနေရင်းထဲက ရုပ်နာမ်သင်္ခါရတွေ လုံးဝချုပ်ငြိမ်းတဲ့ နိဗ္ဗာန်အငြိမ်းဓာတ်ကို သိမြင်

တဲ့ သောတာပတ္တိမဂ်ဉာဏ်ဆိုတာ ဖြစ်ပေါ်လာတယ်၊ အဲဒီ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုတွေ့မြင်ရင် ရုပ်နာမ်ခန္ဓာတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ သိမြင်မှုဟာ အတ္တဒိဋ္ဌိကို ပယ်နိုင်လောက်အောင် လုံးဝပြည့်စုံသွားတယ်၊ ဒါကြောင့် အဲဒီနိဗ္ဗာန်ကိုတွေ့မြင်ပြီးသည်မှ နောက်ကာလမှာ ရုပ်နာမ်ခန္ဓာတွေကို အသက်ရှင်နေတဲ့ အတ္တကောင်အနေနဲ့ ထင်မှတ်စွဲလမ်းမှုဟာ မဖြစ်နိုင်တော့ဘူး၊ လုံးဝကင်းသွားတယ်၊ အဲဒီလို ကင်းသွားပုံကိုရည်ပြီးတော့ မြတ်စွာဘုရားက ဒီလိုဖြေရှင်းဟောကြားတော်မူပါတယ်။

ဒိဋ္ဌိကို ပယ်နိုင်အောင် ရှုပုံရှုနည်း

တံ–ထိ ဒိဋ္ဌိတို့၏ ဖြစ်ရာ ကိန်းရာ မပြတ်ဖြစ်ရာ အသိုက်အအုံ ဘုံအာရုံဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားကို နေတံ မမ–နဇေတံ မမ၊ ဤသည်ကား ငါ့ဥစ္စာမဟုတ်၊ ငါ့ဥစ္စာအနေဖြင့် သာယာသိမ်းပိုက်သင့်သော အရာမဟုတ်ဟူ၍လည်းကောင်း၊ နေသောဟမသ္မိ နဇေသော အဟံ အသ္မိ–ဤသည်ကား ငါမဟုတ်၊ ငါပဲဟု အထင်ကြီးစရာ မာန်တက်စရာ မဟုတ်ဟူ၍ လည်းကောင်း၊ နမေသော အတ္တာတိ–နမေ ဇေသော အတ္တာတိ– ဤသည်ကား ငါ၏ အတ္တကောင် အထည်ကိုယ်မဟုတ်၊ အနတ္တသဘောတရားမျှသာ ဟူ၍လည်းကောင်း၊ ဇဝံ–ဤသို့၊ ဇတံ–ဤသဘောကို၊ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ၊ သမ္မပ္ပညာယ မှန်စွာသိသော ဝိပဿနာပညာ မဂ်ပညာဖြင့်၊ ပဿတော–ရှုမြင်သော ပုဂ္ဂိုလ်အား၊ ဇဝံ–ဤသို့ ငါ့ဥစ္စာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်ဟု ရှုမြင်ခြင်းဖြင့်၊ ဝါ–ဤသို့ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်ခြင်းဖြင့်၊ ဇတောသံ ဒိဋ္ဌိနံ–ဤဆိုခဲ့သော အယူမှား အမြင်မှား ဒိဋ္ဌိတို့ကို၊ ပဟာနံ ဟောတိ– ပယ်ခြင်းဖြစ်ပါတယ်–တဲ့။

အဲဒီမှာ ရုပ်နာမ်ခန္ဓာတရားတွေကို နေတံ မမ–ငါ့ဥစ္စာမဟုတ်ဘူး၊ ငါ့ဥစ္စာအနေနဲ့ သာယာသိမ်းပိုက်စရာ ကောင်းတဲ့ တရား မဟုတ်ဘူး–လို့ရှုရမယ်၊ သိမြင်ရမယ်တဲ့၊ အဲဒါဟာ စာသိအနေနဲ့တော့ မခက်လှပါဘူး၊ ကြားနာရုံနဲ့လဲ သိနိုင်ပါတယ်၊ ကျက်မှတ်ထားရုံနဲ့လဲ သိနိုင်ပါတယ်၊ ဒါပေမယ့် အဲဒါက ကိုယ်တိုင် သိမဟုတ်ဘူး၊ တစ်ဆင့်ကြားလို့သိရတဲ့ သုတ–သိမျှသာ ရှိသေးတယ်၊ အဲဒီသုတ သိလောက်နဲ့တော့ ကိလေသာကို မပယ်နိုင်သေးဘူး၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေမို့ ငါ့ဥစ္စာ မဟုတ်ဘူး၊ ငါ့ဥစ္စာအနေနဲ့ မသာယာ မသိမ်းပိုက်သင့်ဘူးလို့ ဒီလို ဆင်ခြင်ကြည့်တဲ့ စိန္တာသိလောက်နဲ့လဲ ကိလေသာကို မပယ်နိုင်သေးဘူး၊ ခုနက ပြောခဲ့တဲ့အတိုင်း ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို တရစပ်ရှုမှတ်ပြီး သိမြင်တဲ့ ဘာဝနာသိ ကိုယ်တိုင်သိနဲ့ ကိလေသာကို ပယ်နိုင်ပါတယ်။

ဒါကြောင့် အဲဒီလို တရစပ် မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ ခုနက ပြောခဲ့တဲ့အတိုင်း ဝိပဿနာဉာဏ် ကောင်းကောင်း ဖြစ်ပေါ်လာတဲ့အခါမှာ ဖြစ်ပေါ်လာသမျှ တွေဟာ ချက်ချင်း ချက်ချင်း ပျောက်ပျက်သွားတာကို ချည်းတွေ့ရတယ်၊ အဲဒီလို တွေ့ရတဲ့အခါမှာ ဖြစ်ပြီးပျက်သွားတဲ့ တရားတွေချည်းပဲ၊ မမြဲတဲ့ တရားတွေချည်းပဲ၊ မမြဲလို့ အားကိုးစရာမရှိတဲ့ တရားတွေချည်းပဲ၊ ကြောက်စရာ တရားတွေချည်းပဲ၊ ဆင်းရဲတွေချည်းပဲလို့ ဒီလို ကိုယ်တွေ့ ဉာဏ်တွေ့ သဘောကျပြီး သိမြင်ရတယ်၊ အဲဒီလိုသိရတော့ ကိုယ်တွင်းမှာရော ကိုယ်ပမှာရော ဘယ်ဟာမှ ငါ့ဥစ္စာအနေနဲ့ သာယာစရာ သိမ်းပိုက်စရာ မရှိဘူး ဆိုတာကို ကောင်းကောင်း သဘောပေါက်ပြီး သိရတဲ့အတွက် သာယာမှု တဏှာကင်းသွားနိုင်ပါတယ်။

နောက်ပြီးတော့ အဲဒီလို ခဏမစဲ မပြတ် ဖြစ်ပျက်နေတာကိုချည်း တွေ့ပြီး မမြဲဘူးဆိုတာကို သိရတဲ့အတွက် "မြင်တာဟာ ငါပဲ၊ ကြားတာဟာ ငါပဲ၊ သိတာဟာ ငါပဲ၊ ပြုလုပ်တာဟာငါပဲ၊ ငါတတ်တယ် ငါမြတ်တယ် ငါသိတယ်" စသည်ဖြင့် အထင်ကြီးတဲ့မာနလဲ ကင်းသွားနိုင်ပါတယ်၊ ယခုလူတွေမှာ အထင်ကြီးတဲ့ မာနဖြစ်နေတာဟာ မမြဲဘူးဆိုတာကို ပိုင်ပိုင်နိုင်နိုင် မသိသေးလို့ပါပဲ၊ ပကတိလူတွေမှာ ဖြစ်တိုင်းပျက်တိုင်းသော ရုပ်နာမ်တွေကို မရှုနိုင် မသိနိုင်ကြတဲ့အတွက် ရုပ်ကိုယ်ကြီးကလဲ တစ်သက်လုံးတည်မြဲ တည်နေတယ်လို့ ထင်နေကြတယ်၊ စိတ်ကလဲ တည်မြဲတည်နေတယ်လို့ ထင်နေကြတယ်၊ ကိုယ်ရော စိတ်ရော ငယ်ငယ်ကတည်းက ယခုထက်တိုင် တည်မြဲတည်နေတယ်လို့ ထင်နေတယ်၊ အလျင်က မြင်တာ ကြားတာ သိတာနဲ့ ယခု မြင်တာ ကြားတာ သိတာဟာ တစ်ယောက်တည်းပဲ၊ နောင်လဲ တည်မြဲတည်နေဦးမှာပဲလို့ ထင်နေကြတယ်၊ အဲဒီလို တည်မြဲတည်နေတယ်၊ တည်နေဦးမယ်လို့ ထင်နေကြတဲ့အတွက် မာန်မာန တက်ကြွပြီး ထောင်လွှားနေကြတာပဲ၊ ဖြစ်ခိုက် ရုပ်နာမ်တွေကို ဖြစ်တိုင်း ပျက်တိုင်း ရှုမှတ်လို့ ခဏမစဲ ပျက်ပျက်သွားတာကိုချည်း တွေ့နေတဲ့ ယောဂီမှာတော့ ငါပဲဆိုပြီး မာန်တက်စရာ ဘာမျှမရှိတော့ဘူး၊ နေသောမဟသ္မိ ငါမဟုတ်ဘူး၊ ငါအနေနဲ့ မာန်တက်စရာ မရှိဘူးဆိုတာကို ကိုယ်ပိုင်ဉာဏ်နဲ့ ရှုမှတ်နေရင်း ကောင်းကောင်းသဘော ကျကျသွားပါတယ်၊ တချို့က ထုတ်ပြီးတော့တောင် ပြောတတ်ကြပါသေးတယ်၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ၂–ပါးမျှသာ ရှိတာပါပဲ၊ မင်း မင်းကတော်စသည်ဖြင့် အလကား ဂုဏ်ယူနေကြတာပဲ စသည်ဖြင့် ပြောတတ်ကြပါတယ်။

နောက်ပြီးတော့ အဲဒီလို ခဏမစဲ ပျက်ပျက်သွားတာကိုချည်း တွေ့နေရတဲ့ ယောဂီမှာ အသက်ရှင်နေတဲ့ အတ္တကောင် ရယ်လို့ ထင်မှတ်စရာ ရှိလဲမရှိတော့ဘူး၊ မြင်တာကလဲ မြင်ပြီး ပျောက်သွားတာပဲ၊ ကြားတာကလဲ ကြားပြီး ပျောက်သွားတာပဲ၊ ထိတာကလဲ ထိပြီးပျောက်သွားတာပဲ၊ ကွေးတာ ဆန့်တာ လှုပ်ရှားတာတွေကလဲ ကွေးရင်း ဆန့်ရင်း လှုပ်ရှားရင်း တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာပဲ၊ တစ်နေရာက တစ်နေရာကိုတောင် မရောက်ဘူး၊ အင်မတန် အပျောက်မြန်ပါတယ်၊ ကြံ့သိတာကလဲ

ချက်ခြင်း ပျောက်ပျောက်သွားတာပဲ၊ အဲဒီမှာ မှတ်သိတာကလဲ သိပြီးပျောက် သိပြီးပျောက်နဲ့ ပျောက်သွားတာချည်းပဲ၊ သိစရာ အာရုံရော သိတဲ့စိတ်ရော အတွဲလိုက် အတွဲလိုက် တစ်စုံ တစ်စုံ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ ဒီတော့ တစ်သက်လုံး အသက်ရှင်နေတဲ့ ငါကောင် အတ္တကောင်ရယ်လို့ ထင်မှတ်စရာ ဘယ်ရှိတော့မလဲ၊ ခဏမစဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်နေတဲ့ သဘောတရားမျှပဲရှိတယ်လို့ သိမြင်သဘောကျနေပါတယ်၊ အဲဒါဟာ "နမေသောအတ္တာ" ပျက်ပျက်သွားတာဟူ သမျှဟာ ငါ၏ အတ္တမဟုတ်၊ အနတ္တသဘောတရားမျှချည်းပဲလို့ သိမြင်နေတဲ့ဉာဏ်ပါပဲ။

တကယ်သိအောင် မရှုနိုင်ကြလို့သာ အသက်ရှင်နေတဲ့အကောင် ရှိသလိုလို ထင်နေကြတာပါ၊ မပြတ်ရှုမှတ်လို့ အစဉ် အတိုင်း အသိဉာဏ် ရင့်ကျက်လာတဲ့အခါကျတော့ ပေါ်လာသမျှဟာ ရှုမှတ်လိုက်ရင် ချက်ချင်းပျောက်သွားတာချည်းပဲ၊ စိတ်ကလေးဆိုပါတော့ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့်မှတ်နေရင်း စိတ်ကလေးက အပြင်ထွက်သွားတယ်ဆိုရင် ချက်ချင်းပဲ မှတ်သိနိုင်တယ်၊ အဲဒီလို မှတ်သိလိုက်တော့ ချက်ချင်းပဲ ပျောက်သွားတယ်၊ သူကမရှိတော့ဘူး၊ အဲဒီစိတ်ကူးဟာ အစကလဲမရှိဘူး၊ မှတ်သိပြီးတော့လဲ မရှိဘူး၊ ပျောက်သွားတယ်၊ အဲဒါဟာ အမြဲတမ်း အသက်ရှင်နေတဲ့ အကောင်ဟုဟုတ်နိုင်ပါ့မလား၊ ယောကျ်ားမိန်းမလို့ ဆိုနိုင်ပါ့မလား၊ ဘာမှမဟုတ်ဘူး၊ သူ့သဘောအတိုင်း ဖြစ်ပေါ်လာပြီး ပျောက်သွားတဲ့ သဘောတရားမျှသာ ဟုတ်တယ်၊ အဲဒါကို အနတ္တ–အတ္တမဟုတ် သဘောတရားမျှလို့ ဆိုရတာပဲ နောက်တစ်ခုကတော့ ဖောင်းတယ် ပိန်တယ် စသည်ဖြင့် မပြတ်ရှုမှတ်နေတုန်း တစ်နေရာရာက ပူလာတယ်ဆိုပါတော့၊ အဲဒါကို ပူတယ် ပူတယ်လို့ စူးစိုက်ပြီး ရှုမှတ်ရတယ်၊ အဲဒီလို မှတ်တိုင်း မှတ်တိုင်း ပူတဲ့သဘောကလေးဟာ အခိုးအငွေ့များ ထွက်ထွက်သွားသလိုဟာကနဲ ဟာကနဲ ပျောက်ပျောက်သွားတယ်၊ ပကတိလူများမှာလို ကြာရှည်စွာ တစ်ဆက်တည်း ပူမနေဘူး၊ မှတ်တိုင်း မှတ်တိုင်း တပူချင်း တပူချင်း ပျောက်ပျောက်သွားတယ်၊ မှတ်သိတဲ့ စိတ်ကလဲ သိရင်း ပျောက်ရင်း သိရင်း ပျောက်ရင်းနဲ့ ပူတာနဲ့အတူတူ အတွဲလိုက် အတွဲလိုက် ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတော့ အသက်ရှင်နေတဲ့ အတ္တကောင်လို့ စွဲလမ်းစရာ မရှိတော့ဘူး၊ ပူလိုက် ပျောက်လိုက် ပူလိုက် ပျောက်လိုက်နဲ့ ပျောက်ပျောက်သွားတာဟာ အသက်ရှင်နေတဲ့ အကောင်ဟုတ်နိုင်ပါ့မလား၊ ယောကျ်ားပဲ မိန်းမပဲလို့ကော ဆိုနိုင်ပါ့မလား၊ သိသိပြီး ပျောက်ပျောက်သွားတဲ့ မှတ်သိမှုကကော အသက်ရှင်နေတဲ့အကောင် ဟုတ်နိုင်ပါ့မလား၊ ယောကျ်ားပဲ မိန်းမပဲလို့ကော ဆိုနိုင်ပါ့မလား၊ အသက်ရှင်နေတဲ့ အကောင်လို့လဲ မဆိုနိုင်ဘူး၊ ယောကျ်ား မိန်းမလို့လဲ မဆိုနိုင်ဘူး၊ သူ့ဟာသူ ဖြစ်ပျက်နေတဲ့ သဘောမျှတရားသာ ဖြစ်တယ်၊ အဲဒီလို သိမြင်သဘောကျတာဟာ အနတ္တဝိပဿနာဉာဏ် အစစ်ပါပဲ။

တချို့ ဝိပဿနာလုပ်ငန်းစဉ်တွေမှာ တဖွားဖွားနဲ့ ဖြစ်ပျက်နေတာကို တွေ့ရတယ်လိုတော့ ဆိုပါတယ်၊ ဒါပေမယ့် အဲဒီလို ရှုသိနေတဲ့စိတ်ရဲ့ အဖြစ်အပျက်ကိုတော့ ထင်ရှားမသိကြရဘူးတဲ့၊ အဲဒီလိုဆိုရင် ရှုသိနေတဲ့ စိတ်ကို အသက်ရှင်နေတဲ့ ငါကောင်လို့ စွဲလမ်းမှု မကင်းသေးပေဘူး၊ ငါက ရှုသိနေတယ်လို့ ထင်မှတ်စွဲလမ်းမှု ရှိနေဦးမှာပဲ၊ ဘုန်းကြီးတို့ ညွှန်ပြနေတဲ့ သတိပဋ္ဌာန်နည်းအရ ဒွါရ ၆–ပါးက ပေါ်လာသမျှ ရုပ်နာမ်တွေကို မပြတ်ရှုနေကြတဲ့ ယောဂီတွေမှာတော့ ပေါ်လာသမျှ အာရုံတွေ ခဏမစဲ ပျက်ပျက်သွားတာကိုလဲ ထင်ရှားတွေ့ရတယ်၊ မှတ်သိနေတဲ့ စိတ်ကလေး သိသိပြီး ပျောက်သွားတာကိုလဲ ထင်ရှားတွေ့ရတယ်၊ ဒါကြောင့် ပေါ်လာသမျှအာရုံတွေလဲ သူ့သဘောအတိုင်း ခဏမစဲဖြစ်ပျက်နေတဲ့ သဘောတရားတွေချည်းပဲ၊ ရှုသိနေတဲ့စိတ်လဲ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားပဲလို့ ပိုင်ပိုင်နိုင်နိုင်ကြီး သိသွားတယ်၊ အဲဒါဟာ "နမေသောအတ္တာ" ငါ၏အတ္တမဟုတ်၊ အနတ္တသဘောတရားမျှပဲလို့ ရှုမြင်တာပါပဲ၊ အဲဒီလို ရှုမြင်ပြီးတော့ ရှေ့နားကပြောခဲ့တဲ့ အတိုင်း ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး သောတာပတ္တိမဂ်ဉာဏ်ဖြင့် ရုပ်နာမ်သစ္စာရတွေ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မြင်ရမယ်၊ အဲဒီလိုမြင်မှ အတ္တဝါဒလောကဝါဒတွေနဲ့ စပ်တဲ့ အမြင်မှား အယူမှား ဒိဋ္ဌိတွေ လုံးဝကင်းစင်သွားတယ်၊ ဒါကြောင့် မြတ်စွာဘုရားက–

ဧတံ–ဤခန္ဓာငါးပါး ရုပ်နာမ်သဘောတရားကို၊ ယထာဘူတံ–ဟုတ်တိုင်း မှန်စွာ၊ သမ္မပ္ပညာယ–ဝိပဿနာပညာမဂ်ပညာ ဖြင့်၊ ယသတော–ရှုမြင်သော ပုဂ္ဂိုလ်အား၊ ဧဝံ–ဤသို့ ငါ့ဥစ္စာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်ဟု ရှုမြင်ခြင်းဖြင့်၊ ဝါ–ဤသို့ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်ခြင်းဖြင့်၊ ဧတာသံ ဒိဋ္ဌီနံ–အတ္တဝါဒနှင့် လောကဝါဒနှင့်စပ်ဆိုင်သော ဤအမြင်မှား အယူမှားဒိဋ္ဌိတို့ကို၊ ပဟာနံ ဟောတိ–ပယ်ခြင်း ဖြစ်ပေသည်၊ ပဋိနိဿဂ္ဂေါ ဟောတိ–လုံးဝစွန့်ခြင်းဖြစ်ပေသည်–လို့ ဟောတော်မူပါတယ်။

အဲဒီမှာ အတိုချုပ်ကတော့ ဒွါရ ၆–ပါးက ထင်ရှားဖြစ်ပေါ်နေတဲ့ ရုပ်နာမ်ခန္ဓာတွေကို ရှုမှတ်ပြီး ခဏမစဲ ဖြစ်ပျက်နေတာကို သိမြင်ရမယ်၊ အဲဒီလိုသိမြင်ပြီးတော့ မမြဲတဲ့ အနိစ္စတရားတွေချည်းပဲ၊ ဆင်းရဲတဲ့ ဒုက္ခတရားတွေချည်းပဲ၊ အတ္တကောင်မဟုတ်တဲ့ အနတ္တသဘောတရားတွေချည်းပဲ–လို့ သိမြင်ရမယ်၊ အဲဒီမှာ ဒုက္ခထင်ရင် ငါ့ဥစ္စာမဟုတ်ဘူး၊ ငါ့ဥစ္စာအနေဖြင့် မသာယာ မသိမ်းပိုက်သင့်ဘူးလို့လဲ သိတော့တာပါပဲ၊ အနိစ္စထင်ရင် ငါမဟုတ် ငါပဲလို့ ဂုဏ်ယူပြီး မာန်မာနတက်စရာ မဟုတ်ဘူးလို့လဲ သိတော့တာပါပဲ၊ အနတ္တထင်ရင် ငါ၏အတ္တမဟုတ်ဘူးလို့ သိတာကတော့ အထူးပြောစရာမလိုပါဘူး၊အဲဒီလို ဝိပဿနာဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို သိမြင်ပြီးတော့ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ရမယ်၊ အဲဒီလိုတွေ့မြင်မှ အမြင်မှားအယူမှား ဒိဋ္ဌိတွေကင်းတယ်၊ နှလုံးသွင်းအားထုတ်ခါစ သမာဓိ ဖြစ်ရုံလောက်နဲ့ အဖြစ်အပျက်ကို

သိကာမျှ ဝိပဿနာဉာဏ် ဖြစ်ရုံလောက်နဲ့တော့ အဲဒီဒိဋ္ဌိတွေကို မပယ်နိုင်သေးဘူး၊ အဲဒီလို မပယ်နိုင်သေးပါဘဲနဲ့ စျာန်ရရုံလောက်နဲ့ အထင်ကြီးနေတတ်ပုံကို မြတ်စွာဘုရားက ဆက်ပြီး ဟောတော်မူပါတယ်။

ပထမစျာန်ရရုံနဲ့လဲ အထင်ကြီးတတ်သည်

ဌာနံ ခေါ ပနေတံ စုန္ဒ ဝိဇ္ဇတိ၊ ယံ ဣဓေကစ္စော ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရေယျ။ တသ ဧဝမသ "သလ္လေခေန ဝိဟရာမိ" တိ၊ နေ ခေါ ပနေတေ စုန္ဒ အရိယသ ဝိနယေ သလ္လေခါ ဝုစ္စန္တိ၊ ဒိဋ္ဌိဓမ္မသုခဝိဟာရာ ဧတေ အရိယသ ဝိနယေ ဝုစ္စန္တိ။

စုန္ဒ–ချစ်သားစုန္ဒ၊ ဧတံ ခေါ ဌာနံ–ယခုပြောမည့် အထင်လွဲစရာ အထင်ကြီးစရာကြောင်းသည်၊ ဝိဇ္ဇတိ–ရှိပေ၏၊ (ယခုပြောမည့် အထင်လွဲစရာ အထင်ကြီးစရာ အကြောင်းကလေး ရှိတယ်၊ အဲဒါကို ပြောပြမယ်–လို့ ဆိုလိုပါတယ်၊) ဣဓ–ဤသာသနာတော်၌၊ ဧကစ္စော ဘိက္ခု–အချို့ရဟန်းသည် ဝိဝိစ္စေဝ ကာမေဟိ–လိုချင်စရာနှင့် လိုချင်မှု ကိလေသာကာမတို့မှ ကင်းဆိတ်၍သာလျှင်၊ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ–နီဝရဏ အကုသိုလ်တရားမှ ကင်းဆိတ်၍သာလျှင်၊ သဝိတက္ကံ–ကြံစည်မှုလဲရှိသော၊ သဝိစာရံ–စဉ်းစားဆင်ခြင်မှုလဲရှိသော၊ ဝိဝေကဇံ ပီတိသုခံ–နီဝရဏကင်းလို့ဖြစ်သည့် ပီတိနှင့် ချမ်းသာလဲရှိသော၊ ပဌမံ စျာနံ ဥပသမ္ပဇ္ဇ–ပဌမစျာန်ကို ရောက်၍ ရ၍၊ ဝိဟရေယျ–နေရာ၏။

မြတ်စွာဘုရား၏ သာသနာတော်တွင်းမှာလဲ ဒီလိုရဟန်းအချို့ ရှိပါတယ်တဲ့၊ ဘယ်လို ရဟန်းလဲဆိုရင် ပဌမစျာန်ကို ရနေတဲ့ရဟန်းပါပဲ၊ အဲဒီ ပဌမစျာန် ဆိုတာက ဘယ်လိုတရားလဲဆိုရင် စျာန်ဆိုတာ ကသိုဏ်းအစရှိတဲ့ တစ်ခုတည်းသော အာရုံမှာ စူးစိုက်ပြီးတည်နေတဲ့ တရားပါပဲ၊ တချို့က ပထဝီကသိုဏ်း မြေကသိုဏ်းအာရုံမှာ စူးစိုက်ပြီး တည်နေတယ်၊ တချို့က အာပေါကသိုဏ်း ရေကသိုဏ်းအစရှိတဲ့ တခြားကသိုဏ်းအာရုံမှာ စူးစိုက်ပြီး တည်နေတယ်၊ တချို့ကလဲ ဝင်လေထွက်လေ အာရုံမှာ စူးစိုက်ပြီး တည်နေတယ်၊ တချို့က ဆံပင် မွေးညင်း အစရှိတဲ့ ၃၂–စုထဲက တစ်ခုခုမှာ စူးစိုက်ပြီး တည်နေတယ်၊ တချို့က ဖူးဖူးရောင်တဲ့ လူသေကောင် ညိုမည်းပုပ်ပွနေတဲ့ လူသေကောင် အစရှိတဲ့ အသုဘအာရုံတစ်ခုခုမှာ စူးစိုက်ပြီး တည်နေတယ်၊ အဲဒီလို သမထကမ္မဋ္ဌာန်း အာရုံ တစ်ခုတည်းအပေါ်မှာသာ စူးစိုက်ပြီး တည်ငြိမ်နေတဲ့သဘောကို စျာန်လို့ခေါ်ပါတယ်၊ ဒါကြောင့် ဘုန်းကြီးက အဲဒီစျာန်သဘောကို လွယ်လွယ်မှတ်ရအောင် (တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထစျာန် ခေါ်သည်) လို့ ဆောင်ပုဒ်ကလေး စီထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထစျာန်ခေါ်သည်။ (ဆို)

တည်ငြိမ်ရုံမျှ စူးစိုက်ပြီး ရှုနေတာကို သမထစျာန်လို့ ခေါ်ပါတယ်၊ ဒါဖြင့် ဒီပြင် တခြားစျာန် ရှိပါသေးသလားလို့ မေးစရာရှိပါတယ်၊ တခြား စျာန်လဲရှိပါသေးတယ်၊ အဲဒါက ဘာလဲဆိုရင် ဝိပဿနာစျာန်တဲ့၊ အဲဒါကိုလဲ လွယ်လွယ်နဲ့ မှတ်ရအောင် (လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿနာစျာန်ခေါ်သည်)လို့ ဆောင်ပုဒ်ကလေး စီထားပါတယ်၊ အဲဒါကိုလဲ ဆိုကြရမယ်။

လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿနာစျာန်ခေါ်သည်။ (ဆို)

အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာဆိုတဲ့ လက္ခဏာသုံးပါးကို ရှုမှတ်ပြီး သိတာက ဝိပဿနာစျာန်–တဲ့၊ အဲဒါဟာ လက္ခဏာသုံးပါးကို ရှုမှတ်ပြီး သိတဲ့အတွက် လက္ခဏာပဋိဘာန်လို့ အဋ္ဌကထာတွေမှာ ပြဆိုထားပါတယ်၊ လွယ်လွယ်နဲ့ပြောရရင်တော့ ဝိပဿနာစျာန်ပါပဲ၊ ယခုပြောရမည့် စျာန်ကတော့ အဲဒီဝိပဿနာစျာန် မဟုတ်ပါဘူး၊ သမထစျာန်ပဲ ဖြစ်ပါတယ်၊ အဲဒါဟာ ကသိုဏ်းနိမိတ် အသုဘနိမိတ် အစရှိတဲ့အာရုံကို စူးစိုက်ပြီးရှုနေတဲ့သဘော ဖြစ်တဲ့အတွက် အာရမ္မဏူပဋိဘာန်လို့ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်၊ လွယ်လွယ်နဲ့ ပြောရရင်တော့ သမထစျာန်ပါပဲ၊ အဲဒီ သမထစျာန်က ပထမစျာန် ဒုတိယစျာန် စသည်ဖြင့် ရှစ်ပါး ရှိပါတယ်၊ အဲဒီရှစ်ပါးထဲက ယခုစပြီး ပြောနေတဲ့ စျာန်ကိုတော့ ပထမစျာန်လို့ ခေါ်ပါတယ်။

ပထမဈာန်၏ ဂုဏ်များ

အဲဒီပထမဈာန်မှာ လိုချင်နှစ်သက်စရာတွေကို လိုချင်နှစ်သက်ပြီး ကြိုက်စည်တတ်တဲ့ ကိလေသာကာမဆိုတဲ့ ကာမစ္ဆန္ဒ နီဝရဏ်ကလဲ ကင်းဆိတ်ပါတယ်တဲ့။ ပကတိလူတွေမှာဆိုရင် ဒီလိုချင်နှစ်သက်မှု ကာမစ္ဆန္ဒက အမြဲတမ်းလိုလို ဖြစ်နေတာပဲ။ သမာဓိက အားမကောင်းသေးရင် တရားအားထုတ်နေဆဲမှာလဲ သူက ဝင်ဝင်ပြီး ဖြစ်နေသေးတာပဲ။ အဲဒီလို ဆိုးရွားတဲ့ ကာမ အလိုဆန္ဒလဲ ပထမဈာန်မှာ ကင်းနေပါတယ်တဲ့၊ နောက်ပြီးတော့ ဗျာပါဒခေါ်တဲ့ စိတ်ပျက် စိတ်ဆိုးမှု ဒေါသလဲ ကင်းနေပါတယ်၊ ထိနမိဒ္ဓခေါ်တဲ့ ထိုင်းမှိုင်းပျင်းရိမှုလဲ ကင်းနေပါတယ်၊ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စ စိတ်ပူပန်မှု ကုက္ကုစ္စလဲ ကင်းနေပါတယ်၊ ယုံမှားတွေးတောမှု ဝိစိကိစ္ဆာလဲ ကင်းနေပါတယ်၊ ဈာန်ကုသိုလ် ဖြစ်ခွင့်မရအောင် တားမြစ်တတ်တဲ့ အဲဒီနီဝရဏငါးပါး တရားတွေ အကုန်ကင်းနေကြပါတယ်၊ အဲဒါဟာ ဈာန်ဖြစ်ခိုက်မှာသာ မဟုတ်ဘူး၊ ဈာန်၏ရှေးနောက် ကာလတွေမှာလဲ ကင်းနေကြပါတယ်၊ ဒီနီဝရဏတွေ ကင်းနေတယ်ဆိုရင်ကို ကောင်းလှပါပြီ။

အဲဒီနီဝရဏတွေ ကင်းရုံမျှတွင် မဟုတ်သေးဘူး၊ အဲဒီနီဝရဏတွေ ကင်းနေလို့ ဖြစ်ပေါ်လာတဲ့ ပီတိနဲ့သုခဆိုတာလဲ ဖြစ်ပေါ်ပြီး ရှိနေပါတယ်၊ ဒါကြောင့် အဲဒီ ဈာန်ဖြစ်နေတဲ့အချိန်မှာ နှစ်သိမ့်ဝမ်းမြောက်တဲ့ ပီတိတွေကြောင့် တစ်ကိုယ်လုံးမှာ တငြိမ့်ငြိမ့်တသိမ့်သိမ့်နဲ့ ဘယ်လိုကောင်းမှန်းမသိအောင်လဲ ကောင်းနေပါတယ်၊ စိတ်ကလဲ အင်မတန် ရွှင်လန်းချမ်းသာနေပါတယ်၊ စိတ်ချမ်းသာတဲ့အတွက် တစ်ကိုယ်လုံးမှာလဲ၊ ညောင်းညာပင်ပန်းခြင်း ဆင်းရဲခြင်းဆိုတာတွေ လုံးဝကင်းပြီး အင်မတန် ချမ်းသာနေပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း နီဝရဏခေါ်တဲ့ အကုသိုလ်တရားဆိုးတွေ ကင်းပြီး အလွန်အကဲ နှစ်သိမ့်ဝမ်းမြောက်တဲ့ ပီတိ၊ အလွန်အကဲချမ်းသာတဲ့ သုခဆိုတာတွေနဲ့ ပြည့်စုံတဲ့အပြင် အလွန်ထက်သန်တဲ့ ကြိုက်စည်မှုဝိတက်နဲ့ စဉ်းစားဆင်ခြင်မှု ဝိစာရ ဆိုတာတွေနဲ့လဲ ပြည့်စုံတယ်၊ အဲဒီလို ထူးခြားတဲ့ ဝိတက် ဝိစာရ ပီတိ သုခတွေနဲ့ ပြည့်စုံပြီးတော့ ကမ္မဋ္ဌာန်းအာရုံမှာ တကြုံ့ တည်းတည်ငြိမ်နေတဲ့ သမာဓိကလဲ ဖြစ်နေတယ်၊ အဲဒီလို ကိုယ်အလိုရှိတဲ့အတိုင်း တစ်ခုတည်းသော အာရုံမှာ စူးစူးစိုက်စိုက် တည်ငြိမ်နေတဲ့ ဈာန်သမာဓိနဲ့ ပြည့်စုံနေပါတယ်တဲ့၊ အဲဒီမှာ ဝိတက်ဝိစာရ ပီတိ သုခ (ဧကဂ္ဂထာဆိုတဲ့) သမာဓိအားဖြင့် ဈာန်အင်္ဂါငါးပါးလုံး ထင်ရှားဖြစ်နေတယ်၊ အဲဒီ ဈာန်ဖြစ်နေတဲ့အချိန်မှာ ဣရိယာပုတ်ကလဲ မလှုပ်မယှက် ကြံ့ကြံ့တည်ပြီး တော့ ခိုင်ခံ့နေပါတယ်။ ဈာန်ဝင်စားနေတဲ့ အခါမှာဆိုရင် တစ်နာရီ နှစ်နာရီ သုံးနာရီ စသည်ဖြင့် အကြာကြီးလဲ တည်နေတာပဲ၊ တစ်နေ့လုံး တစ်ညလုံးလဲ တည်နေတာပဲ၊ ထိုင်လျက် ဝင်စားနေရင် ထိုင်လျက်ပဲ၊ တစ်နာရီ နှစ်နာရီ စသည် တစ်နေ့လုံး တစ်ညလုံးစသည်ဖြင့် တည်မြဲတည်နေတယ်၊ လဲကျသွားခြင်း ယိမ်းယိုင်ခြင်း ဆိုတာမျိုးတွေဟာ မရှိဘူး၊ အဲဒါကို သေသေချာ ချာ မှတ်ထားကြ၊ တချို့က တုံးလုံးပက်လက်လဲနေတာ ကိုးရိုးကားရား လူးလိမ့်နေတာကို တရားထူးလို့ ထင်မှတ်နေကြတယ်၊ အဲဒါကတော့ မဟုတ်ပါဘူး၊ ဈာန် မဂ် ဖိုလ် ဆိုတာတွေဟာ အပွနာဇောတွေပဲ၊ အပွနာဆိုတာ ထိုင်ခြင်း ရပ်ခြင်း အစရှိတဲ့ ဣရိယာပုထ်တွေကို မူလက တည်မြဲအတိုင်းပင် ခိုင်စေတတ်တယ်၊ ဒါကြောင့် "အပွနာဇဝနံ ဣရိယာပထမ္ပိ သန္ဌာမေတိ"လို့ အဋ္ဌကထာတွေမှာ အထင်အရှား ပြဆိုထားပါတယ်။

အပွနာဇဝနံ–ဈာန်မဂ်ဖိုလ်ဟူသော အပွနာဇောသည်၊ ဣရိယာပထမ္ပိ–ထိုင်ခြင်းရပ်ခြင်း စသော ဣရိယာပုထ်ရုပ်ကို လည်း၊ သန္ဌာမေတိ–တည်မြဲတည်စေလျက် ခိုင်မာစေတတ်ပါတယ်–တဲ့၊ ဒါကြောင့် တရားအားထုတ်နေရင်း လဲကျသွားတာ တွေ လူးလိမ့်နေတာတွေကတော့ ဘုရားအလိုတော်ကျ ပဋ္ဌက ကျမ်းဂန်နဲ့ညီတဲ့ တရားထူးဖြစ်ပုံတွေ မဟုတ်ဘူးဆိုတာ တထစ်ချ မှတ်ထားကြရမယ်။

ယခုတင်က ပြောခဲ့တဲ့အတိုင်း နီဝရဏတရားဆိုးတွေ ကင်းပြီးတော့ ထက်သန်တဲ့ ဝိတက် ဝိစာရတွေနဲ့ ပြည့်စုံသည့် အပြင် အလွန်ထူးခြားတဲ့ ပီတိသုခတွေနဲ့လဲပြည့်စုံပြီး တစ်ခုတည်းသောအာရုံမှာ တည်ငြိမ်နေတဲ့ သမာဓိ ဖြစ်နေတယ်ဆိုတော့ အင်မတန်အားရစရာ အထင်ကြီးစရာတရားပါပေပဲ၊ ဒါကြောင့် အထင်ကြီးတတ်ပုံကို မြတ်စွာဘုရားက ဆက်ပြီးတော့ ဒီလို ဖော်ပြသွားပါတယ်။

တသ–ထိုသို့ ထူးခြားသော ပထမဈာန်သို့ ရောက်ရှိနေသော ပုဂ္ဂိုလ်အား၊ သလ္လေခေန ဝိဟရာမိတိ–ကိလေသာကို ခေါင်းပါးစေသော အကျင့်ဖြစ်နေရပါပေသည် ဟူ၍၊ ဧဝံ–ဤသို့ ထင်မြင်ခြင်းသည်၊ အသ–ဖြစ်ရာ၏၊ ဝါ၊ ဖြစ်နိုင်ပေ၏။

ကိလေသာကို ခေါင်းပါးစေတတ်တဲ့ ကိလေသာတွေကို ပယ်တတ်တဲ့ ကင်းစေတတ်တဲ့ တရားထူးနဲ့ မွေ့လျော်နေရပါတယ်၊ တရားထူးကို ရပေပြီ–လို့ ဒီလိုထင်တတ်ပါတယ်–တဲ့၊ အဲဒီလို ထင်တာဟာ အကြောင်းမဲ့ထင်တာမဟုတ်ဘူး၊ ထင်စရာ အကြောင်းရှိလို့ ထင်တာပဲ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ တရားထူးကို တွေ့ရလိမ့်မယ်–လို့ မျှော်လင့်ပြီး အားထုတ်နေတယ်၊ ဒီတော့ ထူးထူးခြားခြား ကလေးကိုတွေ့ရင် တရားထူးပဲလေလားလို့ ထင်မြင် အောက်မေ့မိတတ်တယ်၊ တောထဲမှာ မှိုရှာတဲ့လူ ဟာ ဖွေးဖွေးကိုမြင်ရင် မှိုလေလားလို့ တွေးမိတာလိုပါပဲ၊ တရားအလုပ်ကိုက အထင်ကြီးစရာ အလုပ်ဆိုတော့ ထူးထူးခြားခြား ကလေးတွေ့ရင် အထင်ရောက်မိတတ်တာပါပဲ၊ တချို့မှာ သမာဓိနိမိတ် အထူးကလေးတွေ့ရတာနဲ့လဲ တရားထူးထင်မှတ်ပြီး

အားရနေတယ်၊ တချို့မှာတော့ ညွှန်ပြတဲ့ဆရာကိုက မပိုင်မနိုင်တာနဲ့ ထူးခြားတဲ့အတွေ့ကလေး တစ်စုံတစ်ခုလောက်နဲ့ တရားထူးရပြီလို့ အဆုံးအဖြတ်ပေးတဲ့အတွက် အားရကျေနပ်နေတတ်တယ်၊ တချို့မှာ ဈာန်ကိုတောင် မရောက်သေးပါဘူး၊ နီဝရဏကလေး အတော်အတန်ကင်းပြီး ဝိတိသုခကလေးများကို တွေ့ရတာနဲ့ တရားထူးရပြီလို့ ယူဆပြီး အားရနေတတ်တယ်၊ ယခုဘုရားဟောတဲ့ ပုဂ္ဂိုလ်ကတော့ ပထမဈာန်ကို တကယ်ရောက်နေတဲ့ ပုဂ္ဂိုလ်ပါပဲ၊ ဒါပေမယ့် အဲဒီဈာန်ဟာ သမာဓိစခန်းမျှသာ ရှိပါသေးတယ်၊ ရုပ်နာမ် ၂–ပါးကို ပိုင်းခြားသိတဲ့ ပထမအဆင့် ဝိပဿနာစခန်းတောင် မရောက်သေးပါဘူး၊ အဲဒီထက်မြင့်တဲ့ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကိုသိတဲ့ ဝိပဿနာဉာဏ်တွေနဲ့တော့ ဝေးပါသေးတယ်၊ အဲဒီ ဈာန်သမာဓိလောက်နဲ့ ဒီဈာန်ရပုဂ္ဂိုလ်က အားရကျေနပ်ပြီးတော့ သလ္လေခအကျင့်ဖြင့် နေရပါတယ်လို့ အထင်ရောက်နေပါတယ်တဲ့၊ အဲဒါဟာ အထင်ရောက်ရုံမျှပါပဲ၊ တကယ်သလ္လေခတရားတော့ မဟုတ်သေးပါဘူး၊ ဒါကြောင့် မြတ်စွာဘုရားက ဆက်ပြီးတော့ ဒီလို အဆုံးအဖြတ် ပေးတော်မူပါတယ်။

ပန–ထိုသို့ ကိလေသာကို ခေါင်းပါးစေသော အကျင့်ဖြစ် နေရပေသည်ဟု ထင်မှတ်သော်လည်း၊ စုန္ဒ–ချစ်သားစုန္ဒ၊ ဧတေ–ဤဈာန်တရားတို့ကို အရိယသ ဝိနယေ–ဘုရား၏အဆုံးအမ၌၊ သလ္လေခါ–ကိလေသာကို ခေါင်းပါးစေသော အကျင့်တို့ဟူ၍၊ နခေါ ဝုစ္စန္တိ–မဆိုအပ်ကုန်သေးပေ၊ (ဒီပဌမဈာန်တရားတွေကို မြတ်စွာဘုရား၏ သာသနာတော်မှာ ကိလေသာကို ခေါင်းပါးစေတဲ့ သလ္လေခအကျင့်လို့ မခေါ်ရ မဆိုရသေးဘူးတဲ့။)

ပဌမဈာန်ကိုရရုံနဲ့ သလ္လေခအကျင့်ဖြင့် နေရပါသည်–လို့ ဒီလိုထင်မှတ်တတ်တယ်၊ သလ္လေခအကျင့်ဆိုတာ တော်တော်ကြာတော့ ဆက်ပြီးကြားရပါလိမ့်မယ်၊ ကိလေသာကို အမြစ်ပြတ်အကြွင်းမဲ့ ပယ်နိုင်သည်အထိ ပြီးစေနိုင်ပါတဲ့ အကျင့်ကိုမှ မြတ်စွာဘုရား၏ သာသနာမှာ သလ္လေခအကျင့်လို့ခေါ်တယ်၊ ဒီဈာန်ကတော့ အကြွင်းမဲ့မပယ်နိုင်ဘူး၊ ကွာစေရုံလောက်သာ စွမ်းနိုင်တယ်၊ ဒါကြောင့် ဈာန်ကို မြတ်စွာဘုရား သာသနာတော်မှာ သလ္လေခအကျင့်လို့ မဆိုရသေးဘူးတဲ့၊ ဒါပေမယ့် ဒီဈာန်လောက်ရရင်ပဲ သောတာပန်ဖြစ်ပြီ၊ ရဟန္တာဖြစ်ပြီလို့ ဒီလိုအထင်မျိုးကတော့ ဖြစ်တတ်ပါတယ်၊ ဘုရားလက်ထက်တော်ကလဲ ဒီလိုအထင်ရောက်တဲ့ ပုဂ္ဂိုလ်တွေရှိခဲ့တာပဲ၊ ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့ နောက်မှာလဲ ရှိခဲ့တာပဲ၊ သာဓကဝတ္ထု အနည်းငယ် ထုတ်ပြရဦးမယ်။

အထင်ရောက်တဲ့ ရဟန်းငါးရာဝတ္ထု

တစ်ချိန်က ရဟန်းတော်ငါးရာဟာ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူပြီးတော့ တောအရပ်မှာ တရားအားထုတ်ကြတယ်၊ ဈာန်ရတဲ့အခါ ကိလေသာဖြစ်ပေါ်လာတာကို မတွေ့ကြရတဲ့အတွက် ရဟန်းကိစ္စပြီးပြီလို့ အထင်ရောက်ပြီးတော့ မြတ်စွာဘုရားထံ လျှောက်ကြားဖို့ လာကြတယ်၊ ဇေတဝန်ကျောင်းတော် တံခါးဝရောက်တဲ့အခါ မြတ်စွာဘုရားက အရှင်အာနန္ဒာကို "အဲဒီ ရဟန်းတွေ သုသာန်ကိုသွားပြီးမှ ဘုရားထံလာရမယ်"ဆိုတဲ့ အကြောင်းကို ပြောကြားစေလိုက်တယ်၊ အရှင်အာနန္ဒာကိုသွားပြီး အဲဒီအကြောင်းကို ပြောကြားတယ်၊ ဒီတော့ အဲဒီငါးရာသော ရဟန်းတော်တွေက သုသာန်ကို သွားကြတယ်၊ ဟိုတုန်းက သုသာန်မှာ သူသေကောင်တွေကို မြေကြီးထဲ မမြှုပ်ပဲ ပစ်ထားတာတွေ ရှိဟန်တူပါတယ်၊ ဒီလိုမဟုတ်ရင်လဲ မီးရှို့မည့်အလောင်းတွေက လောလောလတ်လတ် ရှိနေကြတာရင်လဲ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် အဲဒီရဟန်းတွေဟာ သုသာန်ရောက်တော့ တစ်ရက်နှစ်ရက် လွန်ပြီးဖြစ်တဲ့ အလောင်းတွေကို မြင်ရတဲ့အခါ ရွံရှာစက်ဆုပ်တဲ့ ဒေါမနဿ ဒေါသဖြစ်ကြပါသတဲ့၊ သေပြီးခါစ ဝိသဘာဂအလောင်းတွေကို မြင်ရတဲ့အခါ တပ်မက်မှုရာဂ ဖြစ်ကြပါသတဲ့၊ အဲဒီတော့မှ အဲဒီ ရဟန်းတော်တွေဟာ မိမိတို့ ကိလေသာမကင်းသေးကြောင်း သိကြရပါသတဲ့၊ အဲဒီအခါမှာ မြတ်စွာဘုရားက ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီတိုက်ကပဲ နေတော်မူလျက် ရောင်ခြည်တော်လွှတ်ပြီး ဂါထာတစ်ပုဒ် တရားကို ဟောတော်မူပါတယ်၊ အဲဒီတရားကို ကြားနာရင်း အဲဒီ ရဟန်းငါးရာဟာ အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာ ဖြစ်သွားကြပါတယ်။

ဒီပြင်လဲ ဘုရားလက်ထက်တော်က တရားရပြီလို့ အထင်ရောက်ပြီး ပြောကြားကြတာတွေ ရှိပါသေးတယ်၊ ယခုဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့နောက် နှစ်ပေါင်း ၄၀၀ အတွင်းက ဖြစ်ခဲ့တဲ့ သာဓကဝတ္ထုများကို ထုတ်ပြဦးမယ်။

မဟာနာဂမထေရ်ဝတ္ထု

ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်ပေါင်း ၃၀၀ ကျော် ၄၀၀ အတွင်းက သီဟိုဠ်ကျွန်းတောင်ပိုင်း တလင်္ဂရတိသဆိုတဲ့တောင်မှာ အရှင်ဓမ္မဒိန္နဆိုတဲ့ ရဟန္တာမထေရ်တစ်ပါး ရှိခဲ့တယ်၊ အဲဒီအခါတုန်းက ဟက်နဆိုတဲ့ ကျောင်းမှာ ရဟန္တာ ဖြစ်ပြီလို့ အထင်ရောက်နေတဲ့ မထေရ်ကြီးတစ်ပါး ရှိတယ်၊ ဘွဲ့အမည်ကတော့ မဟာနာဂလို့ ခေါ်ပါတယ်၊ တစ်နေ့သောအခါမှာ အရှင်ဓမ္မဒိန္နက အဲဒီမထေရ်ကြီးထံသွားရောက်ပြီး ပြဿနာများစွာကို မေးပါတယ်၊ မထေရ်ကြီးက အလွယ်တကူနဲ့ ဖြေရှင်းပြပါတယ်၊ ဒီတော့ အရှင်ဓမ္မဒိန္နက အရှင်ဘုရား၏ ဉာဏ်တော်ဟာ အလွန်ထက်မြက်ပါပေတယ်၊ တရားထူးကို ဘယ်တုန်းက ရထားပါသလဲလို့ မေးပါတယ်၊ ရဟန်းကိစ္စပြီးခဲ့တာ အနှစ် ၆၀ ကျော်ခဲ့ပါပြီလို့ မထေရ်ကြီးက ဖြေပါတယ်၊ အဘိညာဉ်တန်ခိုးများ လေ့လာပါသေးသလားလို့ မေးပြန်ပါတယ်၊ လေ့လာကြောင်း ပြန်ကြားပါတယ်၊ ဒါဖြင့် အရှင်ဘုရား ဆင်ကြီးတစ်ကောင် ဖန်ဆင်းလိုက်စမ်းပါလို့ အရှင်ဓမ္မဒိန္နက လျှောက်ပါတယ်၊ မထေရ်ကြီးက အဘိညာဉ်တန်ခိုးဖြင့် ချက်ချင်းဖန်ဆင်းလိုက်တယ်၊ အဲဒီဆင်ကြီးဟာ နားရွက်များကိုလဲကုပ်၊ အမြီးကိုလဲ ဆန့်ထောင်ပြီးတော့ နှာမောင်းကိုလဲ သူပါးစပ်ထဲထည့်ပြီး စူးရှပြင်းထန်တဲ့အသံကိုအော်ပြီးတော့ အရှင်ဘုရားဆီကိုပြေးလာအောင် နှလုံးသွင်း ကမ္မဋ္ဌာန်းပြုလိုက်ပါဦးလို့ အရှင်ဓမ္မဒိန္နက လျှောက်ပြန်တယ်၊ မထေရ်ကြီးက လျှောက်တဲ့အတိုင်း နှလုံးသွင်း အဓိဋ္ဌာန်ပြုလိုက်တဲ့အခါ ဆင်ကြီးက မထေရ်ကြီးဆီကို တစ်ဟုန်တည်းအတင်းပြေးလာတယ်၊ အဲဒါကို မြင်တော့ မထေရ်ကြီးက ကြောက်တာနဲ့ ထပြေးဖို့ ပြင်ပါသတဲ့၊ အဲဒီအခါ အရှင် ဓမ္မဒိန္နက မထေရ်ကြီးရဲ့ သက်နိုးစွန်းကိုဆွဲပြီးတော့ "ရဟန္တာမှာ ကြောက်လန့်ခြင်း ရှိပါသေးသလား"လို့ မေးပါတယ်၊ အဲဒီတော့ မဟာနာဂမထေရ်ကြီးက မိမိဟာ ပုထုဇဉ်မျှသာ ဖြစ်ကြောင်း သိပြီးတော့ အရှင်ဓမ္မဒိန္နထံမှာ ကမ္မဋ္ဌာန်း တောင်းတယ်၊ အရှင်ဓမ္မဒိန္ဒ ညွှန်ကြားတဲ့အတိုင်း အားထုတ်ပြီး ရဟန္တာအစစ် ဖြစ်တော်မူပါတယ်တဲ့။

အဲဒီ မဟာနာဂမထေရ်ကြီးဟာ ဒေါသစရိုက်ရှိတဲ့အတွက် ကြောက်ဖွယ်ထင်အောင် ဖန်ဆင်းပြီး ကြောက်လန့်မှု ဒေါမနဿနှင့် ဒေါသပေါ်လာအောင် အရှင်ဓမ္မဒိန္နက စီမံရခြင်းဖြစ်ပါသတဲ့၊ (ဝိသုဒ္ဓိမဂ်နှင့် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာများမှာတော့ ဒီမဟာနာဂမထေရ်ကြီး၏ နေရာကျောင်းကို ဥစ္စတလင်္ကကျောင်းလို့ ပြဆိုထားပါတယ် ဟက်ကနကျောင်းမှာ အထင်ရောက်နေတဲ့ မထေရ်ကြီးကိုတော့ မဟာဒတ္တမထေရ်လို့လဲ ပြဆိုထားပါတယ်၊) နောက်ပြီးတော့ စိတ္တလတောင် ကမ္မဋ္ဌာန်းကျောင်းမှာ သီတင်းသုံးနေတဲ့ မထေရ်တစ်ပါး အကြောင်းကိုလဲ ဒီသလ္လေခသုတ် အဖွင့်မှာ ပြထားပါသေးတယ်၊ ယခု အဲဒီ မထေရ်ကြီး အကြောင်းကိုလဲ ပြောဦးမယ်။

စူဠဌသုမ မထေရ် ဝတ္ထု

စိတ္တလတောင်ဆိုတာလဲ သီဟိုဠ်ကျွန်းရဲ့ တောင်ဘက်စွန်းမှာ ရှိပါတယ်၊ ဒုဋ္ဌဂါမဏိမင်းရဲ့ ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီး၏ စိုးစံရာ မဟာဂါမရဲ့ အရှေ့မြောက်ဘက် မိုင်သုံးလေးဆယ်ခန့်မှာ ရှိပါတယ်၊ အဲဒီ ခေတ်တုန်းက ရဟန္တာတွေများစွာ ဖြစ်ပေါ်တဲ့ တောကျောင်းအရပ်ပါပဲ၊ အဲဒီ စူဠဌသုမ မထေရ်ကြီးထံလဲ အရှင်ဓမ္မဒိန္နက သွားရောက်ပြီးတော့ နည်းတူပဲ မေးပါတယ်၊ အဲဒီမထေရ်ကြီးလဲ နည်းတူပဲ ဖြေကြားပါတယ်၊ အဲဒီမထေရ်ကြီးကို ရေကန်ကြီးတစ်ခု ဖန်ဆင်းခိုင်းတယ်၊ အဲဒီ ရေကန်ထဲမှာ ပဒုမ္မာကြာရုံကြီး ဖန်ဆင်းခိုင်းတယ်၊ အဲဒီကြာရုံမှာ အင်မတန်ကြီးတဲ့ ပဒုမ္မာကြာပန်းကြီး ဖန်းဆင်းခိုင်းတယ်၊ အဲဒီကြာပန်းပေါ်မှာ ရပ်တည်ပြီးတော့ အင်မတန်သာယာတဲ့ အသံနဲ့သီချင်းဆိုပြီး ကနေတဲ့ မိန်းမရုပ်ကိုလဲ ဖန်ဆင်းခိုင်းတယ်၊ မထေရ်ကြီးက ခိုင်းတဲ့အတိုင်းပါပဲ ချက်ချင်းချက်ချင်း ဖန်ဆင်းလိုက်တယ်၊ အဲဒီအခါမှာ အရှင်ဓမ္မဒိန္နက သီချင်းဆိုပြီးကနေတဲ့ မိန်းမရုပ်ကို ခဏလောက် ကြည့်နေရစ်ပါဦးလို့ ပြောပြီး ကျောင်းခန်းထဲဝင်သွားပါတယ်၊ အဲဒီအခါ ကိုယ်တိုင် ဖန်ဆင်းထားတဲ့ မိန်းမရုပ်ကို ကြည့်နေရင်း မထေရ်ကြီးမှာ အနှစ် ၆၀ ပတ်လုံး ဝေးကွာ ငြိမ်သက်နေခဲ့တဲ့ ကိလေသာတွေ လှုပ်ရှား ဖြစ်ပေါ်လာကြပါသတဲ့၊ အဲဒီတော့မှ အဲဒီ စူဠဌသုမ မထေရ်ကြီးလဲ ပုထုဇဉ်မျှသာ ဖြစ်ကြောင်းသိပြီးတော့ အရှင်ဓမ္မဒိန္ဒ ထံမှာ ကမ္မဋ္ဌာန်းယူပြီးအားထုတ်လို့ ရဟန္တာအစစ် ဖြစ်တော်မူပါတယ်တဲ့၊ ဒီမထေရ်ကြီးကတော့ ရာဂစရိုက်ရှိတဲ့အတွက် ကိန်းနေတဲ့ ရာဂအင်္ဂတ်ကလေး ပေါ်လာအောင် အရှင်ဓမ္မဒိန္နက ရာဂဖြစ်ဖွယ် အာရုံကို ဖန်ဆင်းခိုင်းတယ်လို့ ဆိုပါတယ်။

ထူးခြားတဲ့အတွေ့တွေကို တွေ့ရတယ်

ယခုပြောခဲ့တဲ့ အကြောင်းအရာတွေကတော့ ဟိုးရှေးခေတ်သာသနာတော် အင်မတန် ထွန်းပနေတဲ့အခါများက အထင်ရောက်ပုံ အကြောင်းအရာတွေပါပဲ၊ အဲဒီပုဂ္ဂိုလ်တွေက ဈာန်အဘိညာဉ်တွေရပြီး အင်မတန် အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ ဒီလို အထင်ရောက်တာဟာ သမာဓိကလေး ထူးထူးခြားခြား ဖြစ်ရုံမျှနဲ့လဲ ဖြစ်တတ်တယ်၊ ယခုနေအခါမှာတော့ ဘာမျှမဟုတ်သေးဘဲနဲ့ သူအစ္စဲနဲ့သူ အထင်ရောက်နေကြတာတွေလဲ ရှိနေကြပါတယ်၊ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာ နည်းမှန်လမ်းမှန်နဲ့ အားထုတ်လို့ရှိရင် ရုပ်နာမ်အဖြစ်အပျက်ကိုမြင်တဲ့ ဉဒယဗ္ဗယ ဉာဏ်ရောက်တဲ့အခါ အရောင်အလင်း ပီတိပဿဒ္ဓိ သုခ သဒ္ဓါအစရှိသော ထူးခြားတဲ့အတွေ့တွေကို လွန်လွန်ကဲကဲ တွေ့ရတယ်၊ ဝိသုဒ္ဓိမဂ်မှာ အဲဒီလိုဟာတွေ မုချတွေ့ရတယ်လို့ ဆိုထားပါတယ်၊ အဲဒီတော့ ဝိပဿနာ ရှုပါလျက်နဲ့ အဲဒီအရောင်အလင်း ပီတိစသည်ကို ထူးထူးခြားခြား မတွေ့ရလို့ရှိရင် နည်းလမ်းကပဲ မမှန်လို့လား၊ အားထုတ်မှုကပဲ လိုနေသေးလို့လားဆိုတာ စဉ်းစားစရာပါပဲ၊ အဲဒီလို ထူးထူးခြားခြားတွေကို တွေ့ရတဲ့အခါမှာ တရားထူးရပြီလို့ အထင်ရောက်တတ်တယ်။

မျက်မှောက်ချမ်းသာရေး တရား

ယခု ဒီသုတ်မှာ မြတ်စွာဘုရားက တိုက်ရိုက် ထုတ်ဖော်ပြီး ဟောနေတာကတော့ ဈာန်တရားတွေနဲ့စပ်ပြီး အထင်ရောက်ပုံတွေပါပဲ ပဌမဈာန်ရတဲ့ပုဂ္ဂိုလ်က အဲဒီပဌမဈာန်ကိုပဲ ကိလေသာကင်းစင်နိုင်တဲ့ သလ္လေခအကျင့်လို အထင်ရောက်နေပုံကို ယခုဟောခဲ့ပြီ၊ အဲဒီပဌမဈာန်ဟာ ကိလေသာတွေကို အမြစ်ပြတ်ပယ်နိုင်တဲ့ သလ္လေခအကျင့် မဟုတ်သေးပါဘူးတဲ့၊ အဲဒီ ဈာန်ကို ဝင်စားနေခိုက်မှာ ကိုယ်ရောစိတ်ပါ ချမ်းသာစွာ နေရတဲ့အတွက် မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်မှာတော့ အဲဒီဈာန်ကို ဒိဋ္ဌဓမ္မ သုခဝိဟာရခေါ်တဲ့ မျက်မှောက်ဘဝ ချမ်းသာစွာ နေထိုင်ရေး တရားမျှသာ မည်တယ်ဆိုတဲ့အကြောင်း မြတ်စွာဘုရားက ဒီလို ဆက်ပြီး ဟောကြားတော်မူပါတယ်။

ဧတေ–ဤဈာန်တရားတို့ကို၊ အရိယသဝိနယေ–မြတ်စွာဘုရား၏ သာသနာတော်၌၊ ဒိဋ္ဌဓမ္မသုခဝိဟာရာ–မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေထိုင်ရရေး တရားတို့ဟူ၍၊ ဝုစ္စန္တိ–ခေါ်ဆိုအပ်ကုန်၏–တဲ့။

ဈာန်ဝင်စားနေခိုက်မှာ အာရုံတစ်ခုတည်းမှာသာ တည်ငြိမ်နေတဲ့ ဈာန်စိတ်ဖြင့် ချမ်းသာနေပါတယ်၊ မကောင်းတဲ့ အာရုံတွေကို မမြင်ရ မကြားရ မတွေ့ရဘဲ ချမ်းသာနေပါတယ်၊ တစ်နာရီ ဝင်စားနေရင် တစ်နာရီလုံး ချမ်းသာနေပါတယ်၊ ၂–နာရီ ၃–နာရီ စသည်ဖြင့် ဝင်စားနေရင် ၂–နာရီ ၃–နာရီ စသည်ဖြင့် ပိုင်းခြားထားတဲ့ ကာလပတ်လုံး အခြားမရှိဘဲ ဈာန်ချမ်းသာဖြင့် မပြတ်ချမ်းသာနေပါတယ်၊ ဒါကြောင့် ဈာန်တရားတွေကို ဒိဋ္ဌဓမ္မသုခဝိဟာရ မျက်မှောက်ကိုယ်၌ ချမ်းသာစွာ နေရေးတရားလို့ ဆိုပါတယ်။

နောက်ပြီးတော့ ပီတိ သုခ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ၃–ပါးရှိတဲ့ ဒုတိယဈာန်ကို ရရုံနဲ့ သလ္လေခအကျင့် ထင်မှတ်ပြီး ကျေနပ်ပုံ သုခ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ၂–ပါးရှိတဲ့ တတိယဈာန်ကို ရရုံနဲ့ သလ္လေခအကျင့် ထင်မှတ်ပြီး ကျေနပ်နေပုံ၊ ဥပေက္ခာ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ၂–ပါးပင်ရှိတဲ့ စတုတ္ထဈာန်ကိုရရုံနဲ့ သလ္လေခအကျင့်ထင်မှတ်ပြီး ကျေနပ်နေပုံများကိုလဲ မြတ်စွာဘုရားကဖော်ပြပြီး အဲဒီဈာန်တွေလဲ သလ္လေခအကျင့် မဟုတ်သေးကြောင်း၊ ဒိဋ္ဌဓမ္မသုခဝိဟာရ မျှသာဖြစ်ကြောင်းများကို ဟောတော်မူပါတယ်၊ အဲဒီဒုတိယ တတိယ စတုတ္ထဈာန်တွေဟာ တစ်ဆင့်ထက်တစ်ဆင့် သာသာပြီး မြင့်မြတ်တဲ့ဈာန်တွေ ဖြစ်ပါတယ်၊ ဒါပေမယ့် မြတ်စွာဘုရား၏ သာသနာတော်မှာတော့ အဲဒီဈာန်တွေကိုလဲ သလ္လေခအကျင့်လို့ မဆိုရသေးဘူး၊ မျက်မှောက်ကိုယ်၌ ချမ်းသာစွာနေရေး တရားများလို့သာ ဆိုရတယ်။

နောက်ပြီးတော့ အာကာသာနဉ္စာယတနဈာန် ဝိညာဏဉ္စာယတနဈာန် အာကိဉ္စညာယတနဈာန် နေဝသညာနာသညာယတနဈာန်ဆိုတဲ့ အရူပါဝစရဈာန်များကို ရရုံနဲ့ ကိလေသာကိုခေါင်းပါးစေတဲ့ သလ္လေခအကျင့်ဖြင့် နေရပါပေပြီလို့ အားရကျေနပ်နေကြပုံများကိုလဲ ဖော်ပြပြီးတော့ အဲဒီအရူပါဝစရဈာန်တွေကိုလဲ ဘုရားသာသနာတော်မှာ သလ္လေခအကျင့်လို့ မဆိုရသေးကြောင်း၊ အလွန်ငြိမ်သက်တဲ့ ဈာန်များဖြစ်တဲ့အတွက် သန္တဝိဟာရ ငြိမ်သက်ငြိမ်းချမ်းစွာနေရေး တရားများလို့သာ ခေါ်ဆိုရကြောင်းများကို မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

ဝိပဿနာမှာလဲ ဈာန်သဘောတွေ ပါဝင်နေတယ်

ဝိပဿနာရှုရာမှာလဲ အဲဒီဈာန်တွေနဲ့ ခပ်တူတူဖြစ်နေပုံတွေ ရှိတယ်၊ ရှုမှတ်လို့ အချိုးကျလာပြီး ကောင်းခါစမှ သမ္မသနဉာဏ်ပိုင်းလောက် အတွင်းမှာ အာရုံပေါ်အောင် ကြံ့မှုဝိတက်လဲ ထင်ရှားတယ်၊ အာရုံကို ထပ်ခါထပ်ခါ သုံးသပ်ဆင်ခြင်မှု ဝိစာရလဲ ထင်ရှားတယ်၊ နှစ်သိမ့်အာရမ္မဏ ပီတိလဲ ထင်ရှားတယ်၊ စိတ်ရွှင်လန်းချမ်းသာမှု သုခလဲ ထင်ရှားတယ်၊ မှတ်ရာ မှတ်ရာ အာရုံနဲ့ ကပ်ခနဲ ကပ်ခနဲ စူးစိုက်တည်ကြည်မှု သမာဓိလဲ ထင်ရှားတယ်၊ ဒါကြောင့် အဲဒီအခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဈာန်အင်္ဂါငါးပါးရှိတဲ့ ပဌမဈာန်နဲ့ ခပ်တူတူ ဖြစ်နေပါတယ်။

ဥဒယဗ္ဗယညာဏ်ရောက်တဲ့အခါမှာ အာရုံကို ကြံ့မှု သုံးသပ်ဆင်ခြင်မှု မရှိတော့ဘဲ ပေါ်လာသမျှအာရုံကို မှတ်သိရုံမျှ မှတ်သိသွားနေတယ်၊ အဲဒီအခါမှာ ပီတိသုခတွေက အလွန်အကဲဖြစ်နေတယ်၊ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဘယ်လို ကောင်းမှန်းမသိအောင် ကောင်းနေတတ်တယ်၊ စိတ်ပျံ့လွင့်ခြင်းမရှိဘဲ တည်ငြိမ်နေတယ်၊ ဒါကြောင့် အဲဒီအခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အင်္ဂါသုံးပါးရှိတဲ့ ဒုတိယဈာန်နဲ့ ခပ်တူတူ ဖြစ်နေပါတယ်။

အရောင်အလင်းအစရှိတဲ့ ဥပက္ကိလေသတွေ ပျောက်သွားတဲ့အခါ မှတ်ရတဲ့ အာရုံရဲ့ အဖြစ်အပျက်ကို ရှင်းလင်းပြတ်သားစွာသိရတဲ့ ဥဒယဗ္ဗယညာဏ် အရင့်စားဖြစ်လာတယ်၊ အဲဒီအခါမှာတော့ နှစ်သိမ့်ဝမ်းမြောက်မှု ပီတိမပါတော့ဘဲ စိတ်ချမ်းသာမှုက အလွန်အကဲ ထင်ရှားပါတယ်၊ စိတ်လဲ ပျံ့လွင့်ခြင်းမရှိဘဲ သာပြီးတည်ငြိမ်နေတယ်၊ အဲဒီအခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သုခ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ၂–ပါးရှိတဲ့ တတိယဈာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်။

ဘင်္ဂဉာဏ် အစရှိတဲ့ အထက်ပိုင်း ဉာဏ်တွေကျတော့ အများအားဖြင့် စိတ်ရွှင်လန်း ဝမ်းသာမှု မရှိဘဲ ဥပေက္ခာနဲ့ ဧကဂ္ဂတာ ထင်ရှားတတ်တယ်၊ အထူးအားဖြင့် သခ်ါရုပေက္ခာဉာဏ်မှာ လျစ်လျူရှုတဲ့ ဥပေက္ခာသဘောက ပိုပြီးထင်ရှားတတ်တယ်၊ အဲဒီလိုအခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဥပေက္ခာဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ၂–ပါးရှိတဲ့ စတုတ္ထဈာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်။

နောက်ပြီးတော့ တစ်ခါတစ်ရံမှာ ကိုယ်ကြီးတစ်ကိုယ်လုံးလဲ ပျောက်ပြီးတော့ တစ်ခြားတစ်ပါး ရုပ်အထည်ဒြပ်တွေလဲ ထင်ပေါ်ခြင်းမရှိဘဲ ဟင်းလင်းပြင်ထဲ ရောက်နေသလို ထင်ရတယ်၊ အဲဒီလိုအခါမှာ အာကာသာနဉ္စယတနဈာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်၊ တစ်ခါတစ်ရံမှာ စိတ်တစ်မျိုးတည်းသာပေါ်နေလို့ အဲဒီစိတ်ကိုချဉ်း ရှုရတယ်၊ အဲဒီလိုအခါမှာ ဝိညာဏဉ္စယတနဈာန်နဲ့ ခပ်တူတူဖြစ်နေတယ်၊ တစ်ခါတစ်ရံမှာ ဘာမျှမရှိတာကိုချည်း ရှုမှတ်နေရသလို ထင်ရတယ်၊ အဲဒီလိုအခါမှာ အာကိဉ္စညာယတနဈာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်၊ တစ်ခါတစ်ရံမှာ ပေါ်လာတဲ့စိတ်ကလဲ အလွန်သိမ်မွေ့ပြီးတော့ စိတ်ကလဲ အလွန်သိမ်မွေ့နေလို့ စိတ်ဟာ မရှိသလိုလို ဖြစ်နေတယ်၊ အဲဒီလိုအခါမှာ နေဝသညာနသညာယတနဈာန်နဲ့ ခပ်တူတူဖြစ်နေတယ်။

အဲဒီလို ဈာန်နဲ့ခပ်တူတူဖြစ်နေတဲ့အတွက် ဝိပဿနာကို သာယာပြီး အထင်ရောက်တတ်တယ်၊ အထူးအားဖြင့် ဥဒယဗ္ဗယညာဏ် ဖြစ်ပေါ်တဲ့အခါမှာ အရောင်အလင်းတွေလဲ တွေ့ရပြီးတော့ ပီတိသုခအစရှိသော အထူးတွေကို တွေ့ရတဲ့အတွက် တရားထူးလို့ထင်မှတ်ပြီး အားရနေတတ်တယ်၊ အဲဒီလို အားရကျေနပ်နေရင် ဝိပဿနာဉာဏ်က မတိုးတက်တော့ဘူး၊ ဒါကြောင့် ဝိပဿနာအရာမှာလဲ ပေါ်လာသမျှ အထူးတွေကို ရှုမှတ်ပြီး ပယ်ပယ်သွားဖို့ လိုပါတယ်။

ယခု ဒီသလ္လေခသုတ်မှာတော့ မြတ်စွာဘုရားက ဈာန်သမာပတ်တွေကို သလ္လေခအကျင့် ထင်မှတ်ပြီး အားရကျေနပ်နေတတ်ကြပုံတွေကို ဖော်ပြပြီးတော့ အဲဒီ ဈာန်သမာပတ်တွေဟာ ကိလေသာတွေကို အမြစ်ပြတ် ခေါင်းပါးအောင် ကင်းပြတ်သွားအောင်ပယ်နိုင်တဲ့ သလ္လေခအကျင့် မဟုတ်သေးဘူး၊ မျက်မှောက်ကိုယ်၌ ချမ်းသာစွာနေရေးတရားနှင့် ငြိမ်သက်ငြိမ်းချမ်းစွာ နေရေးတရားများသာ ဖြစ်တယ်၊ ဒါကြောင့် ကိလေသာတို့ အမြစ်ပြတ်ခေါင်းပါးစေနိုင် ကင်းပြတ်စေနိုင်တဲ့ သလ္လေခအကျင့်ကို ကျင့်ရမယ်ဆိုတဲ့ အကြောင်းကို ဒီလိုဆက်ပြီး ဟောကြားတော်မူပါတယ်။

သာသနာတော်၌ သလ္လေခအကျင့်

ဣဓ ခေါ ပန ဝေါ စုန္ဒ သလ္လေခေါ ကရဏီယော။

စုန္ဒ–ချစ်သားစုန္ဒ၊ ဣဓ ပန–ဤငါဘုရား၏ အဆုံးအမသာသနာ၌မူကား၊ ဝေါ–ဗုဒ္ဓသာသနာဝင် ဖြစ်ကြသော သင်တို့သည်၊ သလ္လေခါ–ကိလေသာကို အမြစ်ပြတ်ငြိမ်းအောင် ခေါင်းပါးစေတတ်သော အကျင့်ကို၊ ကရဏီယော ပြုကျင့်အပ်ပေ၏၊

သလ္လေခအကျင့်ကို ကျင့်ရမယ်တဲ့၊ ဘယ်လိုကျင့်ရမလဲ ဆိုတော့–

ပရေဝိဟိံသကာ ဘဝိဿန္တိ၊ မယမေတ္ထ အဝိဟိံသကာ ဘဝိဿာ မာတိ သလ္လေခေါ ကရဏီယော–တဲ့။

ပရေ–တစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ ဝိဟိံသကာ–သူတစ်ပါးကို မညှာတာဘဲ ညှင်းဆဲနှိပ်စက် တတ်ကုန်သည်၊ ဘဝိဿန္တိ–ဖြစ်ကြကုန်လတ္တံ့၊ ဧတ္ထ–သူတစ်ပါးတို့က ညှင်းဆဲကြမည့် ဤအရာ၌၊ မယံ–ငါတို့သည်၊ အဝိဟိံသကာ–မညှင်းဆဲ မနှိပ်စက်ကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့၊ ဣတိ၊ ဤသို့၊ သလ္လေခေါ–ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို၊ ကရဏီယော–ပြုကျင့်အပ်ပေ၏–တဲ့။

သလ္လေခအကျင့်နဲ့ မပြည့်စုံတဲ့သူတွေကတော့ ကိုယ်ချင်းစာမှုမရှိဘဲ သူတစ်ပါးကို ရက်ရက်စက်စက် ညှင်းဆဲနှိပ်စက်ကြလိမ့်မယ်၊ အဲဒီလို သူတစ်ပါးတွေက နှိပ်စက်ကြမည့်အရာမှာ ငါတို့ကတော့ ကိုယ်ချင်းစာကာ သနားပြီး မညှင်းဆဲဘဲနေကြမယ်၊ ညှင်းဆဲမှုကို ရှောင်ကြဉ်ကြမယ်လို့ ဒီလိုကျင့်ရမယ်၊ အဲဒီလို ကျင့်တာဟာ သလ္လေခ အကျင့်ပါပဲတဲ့။

သလ္လေခသုတ်မှာ လိုရင်းတရားက ယခုမှ ရောက်လာတယ်၊ ရှေ့ပိုင်းက အခြေခံတရားတွေကို နာနေကြရတာ တစ်နာရီခွဲလောက်တောင် ရှိသွားပြီ၊ ဒီသုတ်မှာ ဟောထားတဲ့ ပယ်ရမည့်တရားတွေက ဝိဟိံသာ–ညှင်းဆဲမှုက စပြီး ၄၄–ပါးရှိတယ်၊ အဲဒါတွေကို အတိုချုပ် လွယ်လွယ်နဲ့ မှတ်ထားရအောင် ဆောင်ပုဒ်အလင်္ကာ တစ်ပုဒ်စီထားတယ်၊ အဲဒီဆောင်ပုဒ်မှာလဲ တချို့နေရာမှာ လင်္ကာရေးနည်းနောက်မလိုက်ဘဲ အနက်အဓိပ္ပါယ်ကို အလေးပြုပြီး ရေးထားတာလဲ နည်းနည်းပါတယ်၊ အဲဒီ ဆောင်ပုဒ်ကို ယခု လိုက်ဆိုကြရမယ်။

ခေါင်းစဉ်ဆောင်ပုဒ်ကြီး

ဝိဟိံသာ ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာ၊ မုသာ, ဝိသု၊ ဖရု သမ္ဖာ၊ အဘိဇ, ဗျာနှင့်၊ ဆယ်ဖြာ မိစ္ဆတ္ထ၊ စဉ်တိုင်းပြ၍၊ ထိန, ဥဒ္ဓစ္စာ၊ ဝိစိကိစ္ဆာနှင့်၊ ကောဓ, ပနာဟ၊ မက္ခ, ပဠာ၊ ဣဿာ, မစ္ဆေ၊ သာဌေ, မာယာ၊ အတိမာ, ထမ္ဘ၊ ဒုဗ္ဘစနှင့်, ပါပမိတ္တော၊ ပမာဒေါ တစ်ဖြာ, သဒ္ဓါမရှိ၊ အဟိရိက, နောတ္တပ္ပနှင့်၊ သုတနည်းဘိ၊ ပျင်းရိတစ်ရပ်, မုဋ္ဌဿစ္စ၊ ဒုပ္ပညတာ, ယူသည်းစွာဟု၊ ကိလေသာဘေး, လေးဆယ်လေးကို, ဝေးဝေးစွန့်စေ, ညွှန်ပြပေ သည်, သလ္လေခေသုတ် မိန့်ခွန်းတည်း။

အဲဒါဟာ သလ္လေခအကျင့်ဖြင့် ပယ်ရမည့် အကုသိုလ်တရား ၄၄–ပါးရဲ့ ခေါင်းစဉ်ဆောင်ပုဒ်ပဲ၊ ဝေဂုထားတဲ့ စာရွက်ထဲမှာ အဲဒီအကုသိုလ် ၄၄–ပါးကို အစဉ်အတိုင်း ဂဏန်းစဉ်နဲ့ ပြထားပါတယ်၊ ဝိဟိံသာ, ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာမုသာ ဝိသု၊ ဖရု သမ္ဖာ၊ အဘိဇ်ဗျာနှင့်–အဲဒီတိုင်အောင် အကုသိုလ်တရား ၁၀–ပါးရှိပါတယ်၊ (၁) ဝိဟိံသာ–ညှင်းဆဲခြင်း၊ (၂) ပါဏာတိပါတ–သတ္တဝါကိုသတ်ခြင်း၊ (၃) အဒိန္နာဒါန–သူ့ဥစ္စာကို လုယက်ခိုးယူခြင်း၊ (၄) အဗြဟ္မစရိယ–မေထုန်မှုကိုပြုခြင်း၊ (၅) မုသာဝါဒ–လိမ်လည်ပြောဆိုခြင်း၊ (၆) ပိသုဏာဝါစာ–ကုန်းတိုက်ခြင်း၊ (၇) ဖရုသဝါစာ–ဆဲဆိုခြင်း၊ (၈) သမ္ဖပ္ပလာပ–အနှစ်မဲ့စကား ပြောဆိုခြင်း၊ (၉) အဘိဇ္ဈာ– သူ့ဥစ္စာကို ရရန်ကြံခြင်း၊ (၁၀) ဗျာပါဒ သူတစ်ပါးကို သေပျက်စေရန် ကြံခြင်း၊ အဲဒီ ၁၀–ပါးရဲ့ ခေါင်းစဉ်ပါပဲ။

အဲဒီကနောက်–ဆယ်ဖြာမိစ္ဆတ္တာ၊ စဉ်တိုင်းပြတဲ့–ဆိုတာက (၁) မိစ္ဆာဒိဋ္ဌိ–မှားစွာယူခြင်း၊ (၂) မိစ္ဆာသင်္ကပ္ပ–မှားစွာကြံခြင်း၊ (၃) မိစ္ဆာဝါစာ–မှားစွာပြောခြင်း၊ (၄) မိစ္ဆာကမ္မန္တ–မှားစွာပြုခြင်း၊ (၅) မိစ္ဆာအာဇီဝ–မှားစွာ အသက်မွေးခြင်း၊ (၆) မိစ္ဆာဝါယာမ–မှားစွာအားထုတ်ခြင်း၊ (၇) မိစ္ဆာသတိ–မှားစွာ အမှတ်ရခြင်း၊ (၈) မိစ္ဆာသမာဓိ–မှားစွာ စိတ်တည်ခြင်း၊ (၉) မိစ္ဆာဉာဏ–မှားစွာဆင်ခြင်ခြင်း၊ (၁၀) မိစ္ဆာဝိမုတ္တိ–မှားစွာလွတ်ခြင်းဆိုတဲ့ အဲဒီမိစ္ဆာတရားဆယ်ပါးကို အစဉ်အတိုင်း ပြထားတယ်လို့ ဆိုလိုပါတယ်၊ ရှေ့ကတစ်ဆယ်နဲ့ ယခုတစ်ဆယ် ပေါင်းလိုက်ရင် နှစ်ဆယ်ရှိသွားပြီ။

အဲဒီကနောက် (၂၁) ထိနမိဒ္ဓ–စိတ်ထိုင်းမှိုင်းခြင်း၊ (၂၂) ဥဒ္ဓစ္စ–စိတ်ပျံ့လွင့်ခြင်း၊ (၂၃) ဝိစိကိစ္ဆာ–ယုံမှားခြင်း၊ (၂၄) ကောဓ–အမျက်ထွက်ခြင်း၊ (၂၅) ဥပနာဟ–ရန်ငြိုးဖွဲ့ခြင်း၊ (၂၆) မက္ခ–သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ (၂၇) ပဠာသဂုဏ်ကြီးသူ နှင့်ဖက်ပြိုင်ခြင်း၊ (၂၈) ဣဿာ–မနာလိုခြင်း၊ (၂၉) မစ္ဆရိယ–ဝန်တိုခြင်း၊ (၃၀) သာဒ္ဓေယျ–ဟန်ဆောင်၍ ပလွှားခြင်း–ဒီထိ အောင်သုံးဆယ်ရှိသွားပြီ၊ ဒါတွေကတော့ ဆောင်ပုဒ်အရပင် ထင်ရှားနေပါပြီ၊ အခြားသုတ်များမှာတော့ မာယာပြီးမှ သာဒ္ဓေယျ ကို ဟောတယ်၊ ဒီသုတ်မှာတော့ သာဒ္ဓေယျကို ရှေးဦးစွာ ဟောထားတယ်၊ အဲဒီအစဉ်အတိုင်းပဲ ဆောင်ပုဒ် စီထားပါတယ်။

ဒါကြောင့် အဲဒီသာဒ္ဓေယျပြီးတော့ (၃၁) မာယာ–မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း၊ (၃၂) ထမ္ဘ–အရိုအသေမပြုနိုင်ခြင်း၊ (၃၃) အတိမာန–အလွန်အထင်ကြီးခြင်း၊ (အခြားသုတ်များမှာ အတိမာနကို ရှေးဦးစွာ ဟောတယ်၊ ဒီသုတ်မှာတော့ ထမ္ဘကို ရှေးဦးစွာ ဟောထားပါတယ်၊ ဒါပေမယ့် ဆောင်ပုဒ်မှာတော့ ကာရန်ရတဲ့အတိုင်း "အတိမာ, ထမ္ဘ"လို့ပဲ စီထားတယ်။) (၃၄) ဒုဗ္ဗစတာ–ဒေါဝစဿတာ–ဆိုဆုံးမခက်ခြင်း၊ (၃၅) ပါပမိတ္တတာ–မိတ်ဆွေညံ့နှင့် ပေါင်းခြင်း၊ (၃၆) ပမာဒ–ကုသိုလ်ရေး ၌မေ့ခြင်း၊ (၃၇) အသဒ္ဓတာ–သဒ္ဓါတရားမရှိခြင်း၊ (၃၈) အဟိရိက–အကုသိုလ်မှ မရှက်ခြင်း၊ (၃၉) အနောတ္တပ္ပ–အကုသိုလ်မှ မကြောက်ခြင်း၊ (၄၀) အပ္ပသုတတာ–အကြားအမြင်နည်းခြင်း၊ ဒီထိအောင် လေးဆယ်ရှိသွားပြီ၊ ဒါတွေလဲ ဆောင်ပုဒ်အရပင် ထင်ရှားနေပါပြီ၊ အဲဒီကနောက်–

(၄၁) ကောသဇ္ဇ–ပျင်းရိခြင်း၊ (၄၂) မုဋ္ဌဿစ္စ–သတိလွတ်ခြင်း သတိမေ့ခြင်း၊ (၄၃) ဒုပ္ပညတာ–ဝိပဿနာပညာမဲ့ ခြင်း၊ (၄၄) သန္ဒိဋ္ဌိပရာမာသ–အယူသည်းခြင်း၊ ဒါတွေလဲ ဆောင်ပုဒ်အရပင် ထင်ရှားနေပါပြီ၊ အဲဒီ ၄၄–ပါးဟာ ဒီသလ္လေခ သုတ်မှာ ပယ်ရမည့် အကုသိုလ်ကိလေသာအဖြစ်ဖြင့် ထုတ်ဖော်ပြီး ဟောထားတာတွေ ဖြစ်ပါတယ်၊ ဒါကြောင့်–

သလ္လေခအကျင့် အကျယ်ပြောက်

ယခုပြောခဲ့တဲ့ လေးဆယ့်လေးပါးသော အကုသိုလ်တရားတွေကို စျာန်သမာပတ်မျှဖြင့် အမြစ်ပြတ်ကင်းငြိမ်းအောင် မပယ်နိုင်ဘူး၊ အဲဒီကုသိုလ် ၄၄–ပါးရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သီလ သမာဓိ ပညာအကျင့်ကို ပြည့်စုံအောင်ကျင့်မှ အဲဒီ အကုသိုလ်တွေကို အမြစ်ပြတ် ငြိမ်းစေနိုင်တယ်၊ အောက်ထစ်ဆုံးအားဖြင့် သောတာပတ္တိမဂ်ကို ရောက်မှ အမြစ်ပြတ် ငြိမ်းစေ နိုင်တယ်၊ သောတာပတ္တိမဂ်ကိုရောက်ရင် အဲဒီ ၄၄–ပါးထဲက မိစ္ဆာဒိဋ္ဌိရယ်၊ အယူသည်းတာရယ်၊ ဝိစိကိစ္ဆာရယ်၊ ပါဏာတိ ပါတရယ်–ဒီလိုအကုသိုလ်တရားတွေ အမြစ်ပြတ်ကင်းငြိမ်းသွားတယ်၊ အတိုချုပ်အားဖြင့်ဆိုရင် အပါယ်လေးပါးကို ကျရောက် စေနိုင်တဲ့ အကုသိုလ်တရားတွေ အကုန်လုံးကင်းငြိမ်းသွားတယ်၊ အဲဒီလို အကုသိုလ်တရား ကိလေသာတရားတွေ ကင်းငြိမ်း သင့်သမျှကင်းငြိမ်းဖို့က အရေးကြီးပါတယ်၊ သမာဓိရတယ်၊ စျာန်ရတယ်၊ အကြားအမြင် ပေါက်တယ်၊ တရားထူးရတယ်ဆိုရုံ နဲ့ ကိစ္စပြီးတာမဟုတ်ဘူး၊ အောက်ထစ်ဆုံး ယခုပြောခဲ့တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ ပါဏာတိပါတ အစရှိတဲ့ အပါယ်လားကြောင်း ကိလေသာတွေ ကင်းငြိမ်းဖို့က အရေးကြီးပါတယ်၊ အဲဒီကိလေသာတွေ မကင်းငြိမ်းဘူးဆိုရင် တရားထူး ရတယ်ဆိုတာဟာ ဘာမျှအရာမရောက် ဘူးလို့သာ မှတ်ထားကြပေတော့။

သာသနာပမှာ စျာန်ရတာဟာ အဲဒီစျာန်မပျက်စီးဘဲ သေသွားရင် ဗြဟ္မာ့ပြည်ရောက်ပြီး အသက်ရှည်စွာနေရဖို့ ဒါလောက်ပဲ အကျိုးရှိတယ်၊ အဲဒီဗြဟ္မာဘုံက စုတေတဲ့အခါ လူ့ဘုံ နတ်ဘုံကို ပြန်ရောက်လာရမယ်၊ အဲဒီအခါ ကာမဂုဏ် အာရုံတွေနဲ့ ပျော်မွေ့ပြီး အပါယ်လားကြောင်း မကောင်းမှုတွေကို ပြုမိရင် အပါယ် ၄–ပါးလဲ ကျရဦးမှာပဲ၊ နောက်ပြီးတော့ ဒီသာသနာတော်အတွင်းမှာ စျာန်ရနေတဲ့ ပုဂ္ဂိုလ်လဲ အဲဒီစျာန်လောက်နဲ့ အားရကျေနပ်နေရင် သာသနာပ စျာန်ရပုဂ္ဂိုလ်နဲ့ အတူတူပါပဲ၊ အပါယ် ၄–ပါးက လွတ်မြောက်တဲ့ တရားကို မရောက်နိုင်ဘူး၊ ထူးတာကတော့ သာသနာတွင်း စျာန်ရပုဂ္ဂိုလ်က အဲဒီစျာန်ကိုအခြေခံပြုပြီး ဝိပဿနာရှုလိုက်ရင်တော့ အပါယ်ဆင်းရဲ သံသရာဆင်းရဲမှ လွတ်မြောက်စေနိုင်တဲ့ မဂ်ဖိုလ်တရား ထူးတွေကိုလဲ ရနိုင်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက အဲဒီလို စျာန်လောက်နဲ့ အားရမနေဘဲ အကုသိုလ်တရားတွေကို အမြစ်ပြတ်ပယ်နိုင်တဲ့ သလ္လေခအကျင့်ကို ကျင့်ဖို့ရာ ဒီမှာ ဟောကြားထားပါတယ်။

အဝိဟိသာတရား

အဲဒီမှာ ရှေးဦးစွာ အဝိဟိသာဆိုတဲ့ မည့်ဉီးဆဲခြင်းတရားကစပြီး ဟောထားပါတယ်၊ သူတစ်ပါးကို ညှဉ်းဆဲတယ်ဆိုတာ တော်တော်မတရားတဲ့ အမှုပါပဲ၊ စဉ်းစားကြည့်ပါ၊ သူများက ကိုယ့်ကိုလာပြီး အကြောင်းမဲ့ နိုင်လိုမင်းထက် ညှဉ်းဆဲမယ်ဆိုရင် ခွင့်ပြုလက်ခံနိုင်ပါမည်လား၊ လက်မခံနိုင်ဘူး၊ စွမ်းနိုင်မယ်ဆိုရင် အဲဒီညှဉ်းဆဲတဲ့သူကို ချေပမှာဘဲ၊ လူတိုင်း လူတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်း ဒီသဘောချည်းပါပဲ၊ အဲဒီတော့ ကိုယ်လက်မခံနိုင်တဲ့ ညှဉ်းဆဲမှုကို သူတစ်ပါးအား ပြုမယ်ဆိုရင် တော်ပါမလား၊ မတော်ဘူးလို့ပဲ ဖြေရပေလိမ့်မယ်၊ အဲဒီလို ကိုယ်ချင်းစာတရာနဲ့ ဆင်ခြင်ပြီး ညှဉ်းဆဲမှုကို မပြုလုပ်ဘဲ ကြဉ်ရှောင်သွားဖို့ပါပဲ၊ အဲဒီ မည့်ဉီးဆဲမှုကိုတော့ သတ္တဝါတိုင်းက လက်ခံနိုင်ပါတယ်။

အိန္ဒိယမှာဆိုရင် ဒီမည့်ဉီးဆဲမှုဆိုတဲ့ အဝိဟိသာ အကျင့်ကို အင်မတန် အလေးပြုကြတယ်၊ ဂျိန်းဘာသာဝင်တွေက သူတို့ရဲ့ ကျင့်ဝတ်ကြီးငါးခုထဲမှာ ဒီအဝိဟိသာတရားကို ပထမဆုံး ခေါင်ထိပ်က ပြထားပါတယ်၊ အဲဒါဟာ အထူးအလေးပြုတဲ့ သဘောကို ပြတာပါပဲ၊ ဒါပေမယ့် မည့်ဉီးဆဲအပ်တဲ့သတ္တဝါကို သူတို့ပြုပုံကတော့ နယ်လွန်ပယ်လွန် ဖြစ်နေပါတယ်၊ သူတို့က စိတ်ဝိညာဉ်ရှိတဲ့ အကောင်တွေကိုသာ မဟုတ်ဘဲ ရေအေးတွေ စိမ်းစိုတဲ့ မြက်သစ်ပင်တွေ မြေကြီးတွေကိုပါ သတ္တဝါတွေလို့ ဆိုထားပါတယ်၊ ဒါကြောင့် သူတို့နဲ့ အငြင်းအခုံမပွားရအောင်လို့ မြတ်စွာဘုရားက ရဟန်းများအား မြက်သစ်ပင်ကို မဖျက်ဆီးရန် မြေကိုမတူးဆွရန် ဒီလိုသိက္ခာပုဒ်တွေတောင် ပညတ်ထားခဲ့ပါတယ်၊ အဲဒါကတော့ အငြင်းပွားပြီး အကုသိုလ် မဖြစ်ဖို့ လောက်ဘဲ ရည်ရွယ်ချက်ရှိပါတယ်၊ တကယ်စင်စစ်ကတော့ မြက်သစ်ပင်တို့ မြေကြီးတို့ဆိုတာတွေဟာ သတ္တဝါတော့ မဟုတ်ပါဘူး၊ ရဟန်းမဟုတ်တဲ့သူတွေမှာဆိုရင် အဲဒီ မြက်သစ်ပင်တို့ မြေကြီးတို့ကို ခုတ်ဖြတ် ဖျက်ဆီးခြင်း တူးဆွခြင်းကြောင့် ဘာ အကုသိုလ်မှ မဖြစ်ပါဘူး၊ တကယ်မည့်ဉီးဆဲ အပ်တဲ့ သတ္တဝါဆိုတာကတော့ စိတ်ဝိညာဉ်ရှိတဲ့ အကောင်တွေသာ ဖြစ်ပါတယ်၊ အကောင်းအဆိုးကို သိမှုခံစားမှုရှိတဲ့ အကောင်တွေသာ ဖြစ်ပါတယ်၊ အဲဒီ စိတ်ဝိညာဉ်ရှိတဲ့ အကောင်းအဆိုးကို သိတတ်ခံစားတတ်တဲ့ သတ္တဝါဆိုရင်တော့ သေးသေးကြီးကြီး မည့်ဉီးဆဲရဘူး၊ ဒါလောက်ပဲ မြတ်စွာဘုရား သာသနာတော်မှာ ရည်ရွယ်ချက် ရှိပါတယ်။

ဒီလိုမည့်ဉီးဆဲမှုက ဘာကြောင့် စျာန်သမာပတ်တွေထက် မြင့်မြတ်ပါသလဲလို့ မေးစရာရှိပါတယ်၊ မြင့်မြတ်ခြင်း၏ အကြောင်းကတော့ ဒီလိုပါ၊ ညှဉ်းဆဲမှုကိလေသာက သုံးဆင့်ရှိပါတယ်၊ ကိုယ်ဖြင့် နှုတ်ဖြင့် ညှဉ်းဆဲတာကို ဝိတိက္ကမ ကိလေသာခေါ်တယ်၊ ကာယကံမြောက် ဝစီကံမြောက် ညှဉ်းဆဲမှုပါပဲ၊ အဲဒီ ဝိတိက္ကမ ကိလေသာခေါ်တဲ့ ညှဉ်းဆဲမှုကို သီလ ဖြင့်ပယ်ရတယ်၊ သီလကို ရိုရိုသေသေ စောင့်ရှောက်နေတဲ့ပုဂ္ဂိုလ်က သူတစ်ပါးကို မည့်ဉီးဆဲဘူး၊ အမျက်ထွက်ပြီး ညှဉ်းဆဲလိုတဲ့စိတ် ဖြစ်ပေမယ့် သီလကို ရိုသေသောအားဖြင့် ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်မှုကို သူကမပြုဘူး။

နောက်ပြီးတော့ စိတ်ထဲမှာ ညှဉ်းဆဲချင်တဲ့ ကြံစည်မှုတွေ ဖြစ်နေတာကိုတော့ ပရိယုဋ္ဌာန်ကိလေသာ ခေါ်တယ်၊ စိတ်ကူးကြံစည်မှုဆိုတဲ့ စိတ်အစဉ်စိတ်သန္တာန်မှာ ထကြွဖြစ်ပေါ်နေတဲ့ ညှဉ်းဆဲလိုမှုကိလေသာပါပဲ၊ အဲဒီပရိယုဋ္ဌာန် ကိလေသာကိုတော့ ဥပစာရ အပွနာ သမာဓိစျာန်များနဲ့ ပယ်ရတယ်၊ ပထဝီကသိုဏ်း အာရုံကို ပထဝီ ပထဝီ မြေ မြေ–လို့ မပြတ်ရှုနေရင် အဲဒီလို ညှဉ်းဆဲလိုတဲ့ စိတ်ကူးကြံစည်မှုတွေ မဖြစ်ရတော့ဘူး၊ ဒီပြင် ကသိုဏ်းအာရုံတွေကို ရှုနေရင်လဲ အဲဒီလို ညှဉ်းဆဲလိုတဲ့ စိတ်ကူးကြံစည်မှုတွေ မဖြစ်နိုင်တော့ဘူး၊ ငြိမ်းနေတယ်၊ အာနာပါနကမ္မဋ္ဌာန်းကို ရှုနေရင်လဲ ငြိမ်းတာပဲ၊ ဒီပြင်သမထကမ္မဋ္ဌာန်းတစ်မျိုးမျိုးကို ရှုနေရင်လဲ အဲဒီညှဉ်းဆဲလိုမှု ကိလေသာဟာ ကင်းငြိမ်းနေတာပဲ၊ အဲဒီလိုရှုပြီး အပွနာစျာန်ရောက်နေရင်တော့ အထူးပြောစရာမလိုပါဘူး၊ စျာန်ရောက်နေခိုက်မှာလဲ အဲဒီလို ညှဉ်းဆဲလိုတဲ့ စိတ်ကူး မဖြစ်ရဘူး ငြိမ်းနေတယ်၊ စျာန်ကထပြီး အလွတ်နေတဲ့အခါလဲ အကြောင်းအထူးမရှိရင် ငြိမ်းမြဲငြိမ်းနေတာပဲ၊ သို့သော် အကြောင်းအထူးနဲ့တွေ့ရတော့ အဲဒီလို ညှဉ်းဆဲလိုတဲ့ ဒေါသက ပြန်ပြီးပေါ်လာတတ်သေးတာပဲ၊ ဒါပေမယ့် အကြောင်းထူးနဲ့ မတွေ့ရမီအတွင်း အဲဒီလို ကြာရှည်စွာမဖြစ်ဘဲ ကင်းကွာနေတာကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ထားလို့ ဝေးကွာနေတာလို့ ဆိုရတယ်။

ဥပမာအားဖြင့် ရေကန်ထဲမှာ မော်သေးကလေးတွေက ရေမျက်နှာပြင်ပေါ်မှာ ဖုံးနေတယ်ဆိုပါတော့၊ ရေခပ်တဲ့လူက အဲဒီမော်တွေကို ရေအိုးနဲ့ ရိုက်လိုက်ရင် ဘေးကို ရွဲကွာသွားကြတယ်၊ အဲဒီအခါ ရေထဲကို အိုးနှစ်ပြီး ရေကို ခပ်ယူလိုက်ရင် အဲဒီမော်တွေဟာ ဘေးကို တော်တော်ဝေးဝေး ရွှေ့ရှားသွားကြတယ်၊ အဲဒီ ရေခပ်တဲ့နေရာမှာ မော်မရှိဘဲ ကွက်လပ်ကလေး ဖြစ်နေတယ်၊ ရုတ်တရက်ပြန်ပြီး မော်တွေ ပြည့်မလာဘူး၊ ဒါပေမယ့် တဖြည်းဖြည်းမော်တွေက ပြန်လာကြတယ်၊ တော်တော်ကြာတော့ ရေမျက်နှာပြင်မှာ ပြည့်မြဲပဲ ပြန်ပြီးပြည့်လာကြတယ်၊ စျာန်သမာဓိဖြင့် ကိလေသာကို ကွာစေတယ်ဆိုတာက အဲဒီ ရေမော်တွေကို ကွာစေပုံနဲ့တူတယ်လို့ အဋ္ဌကထာများမှ ပြဆိုထားပါတယ်၊ ဒါကြောင့် စျာန်သမာဓိဖြင့် ပယ်ခွါထားလို့ နှစ်ပေါင်းများစွာမဖြစ်ဘဲ ကင်းကွာနေပေမယ်လို့ အကြောင်းထူးနဲ့ တွေ့ရတဲ့အခါကြတော့ ကိလေသာပြန်ပြီး ဖြစ်မြဲ ဖြစ်ပြန်တယ်၊ မူလပြန်တဲ့ သဘောပါပဲ၊ ရှေ့နားပိုင်းကပြောခဲ့တဲ့ အဘိညာဉ်ရ မထေရ်ကြီးတွေမှာ ဆင်ရုပ်ကို ကြောက်မှု မိန်းမရုပ်ကို တပ်မက်မှု ဖြစ်တာမျိုးပေါ့။

နောက်ပြီးတော့ ဒွါရ ၆-ပါးက ထင်ရှားပေါ်လာတဲ့ စိတ်ဆိုးစရာရှပ်နာမ်ကို မရှုမမှတ်မိလျှင် ဖြစ်စေ၊ အနာဂါမိမဂ်ကို မရောက်သေးလျှင်ဖြစ်စေ၊ အဲဒီပုဂ္ဂိုလ်၏ သန္တာန်မှာ အကြောင်းညီညွှတ်ရင် ညှဉ်းဆဲလိုတဲ့ဒေါသ ကိလေသာဟာ ဖြစ်နိုင်တယ်၊ အဲဒီလို ဖြစ်နိုင်တဲ့သဘောကို အနုသယကိလေသာခေါ်တယ်၊ အဲဒါဟာ မြင်စဉ် တွေ့စဉ်က ဒေါသမဖြစ်ခဲ့ပေမယ့် မရှုမမှတ်ခဲ့မိ လို့ရှိရင် ပြန်လည်စဉ်းစားတဲ့အခါမှာ ဒေါသဖြစ်ပြီး ညှဉ်းဆဲလိုတဲ့စိတ်တွေ ဖြစ်လာနိုင်တယ်၊ အဲဒီအနုသယကိလေသာကိုတော့ ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ ပယ်ရတယ်၊ ဒွါရ ၆-ပါးက ပေါ်လာသမျှ ရှပ်နာမ်တွေကို မပြတ်ရှုမှတ်နေတဲ့ သူမှာ စိတ်ဆိုးစရာ အာရုံတွေ့ရပေမယ်လို့ စိတ်ဆိုးစရာရယ်လို့ မထင်ခဲ့ဘူး၊ တခဏချင်း ပျက်သွားတဲ့ အနိစ္စသဘော၊ ဒုက္ခ၊ အနတ္တသဘောလို့ သာထင်ခဲ့သိခဲ့တယ်၊ ဒါကြောင့် အဲဒီတွေ့ရစဉ် အခိုက်တုန်းကလဲ ဒေါသမဖြစ်ခဲ့ဘူး၊ ပြန်လည်စဉ်းစားပြီးတော့လဲ ဒေါသမဖြစ်ဘူး၊ အဲဒါဟာ ဝိပဿနာက ညှဉ်းဆဲလိုတဲ့ ဒေါသကို တဒင်္ဂပဟာန်ဖြင့် ပယ်တာပါပဲ၊ ဒါပေမယ့် မရှုမိတဲ့ အာရုံမှာတော့ ဒေါသက ဖြစ်နိုင်သေးတာပဲ၊ အမြစ်ပြတ်တော့ မငြိမ်သေးဘူး၊ သို့သော်လဲ ဝိပဿနာ ရှုတိုင်း ရှုတိုင်းဟာ အဲဒီညှဉ်းဆဲလိုတဲ့ ဒေါသကို အမြစ်ပြတ်ပယ်နိုင်အောင် ကျင့်နေတဲ့အခြေခံ သလ္လေခအကျင့်တော့ ဖြစ်နေပါတယ်၊ ဒါကြောင့် အဲဒီ ဝိပဿနာ ဉာဏ်က ရင့်သန်ပြည့်စုံတဲ့အခါမှာ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာတယ်၊ အဲဒီအခါမှာ အပါယ်ကျလောက်အောင် ကြမ်းတမ်းတဲ့ ညှဉ်းဆဲမှု ဒေါသမျိုး ကင်းသွားတယ်၊ သကဒါဂါမိမဂ်ဉာဏ် ဖြစ်ပေါ်လာတဲ့ အခါမှာ အဲဒီဒေါသဟာ သာပြီးတော့ နည်းပါးအားနည်းသွားတယ်၊ အနာဂါမိမဂ်ဉာဏ် ရောက်တဲ့အခါကျတော့ အဲဒီညှဉ်းဆဲလိုတဲ့ ဒေါသဟာ လုံးဝကင်းပြတ်သွားတယ်၊ ဝိဟိံသာဆိုတဲ့ ညှဉ်းဆဲမှုမှ ကြဉ်ရှောင်တဲ့ မညှဉ်းဆဲမှု သလ္လေခအကျင့်က အဲဒီအနာဂါမိမဂ်ရောက်အောင် ကျင့်ရမှာ ဖြစ်ပါတယ်၊ ဒါကြောင့် မညှဉ်းဆဲမှု သလ္လေခအကျင့်ကို စျာန်သမာပတ်တွေထက် မြင့်မြတ်တယ်လို့ ဟောတော်မူခြင်း ဖြစ်ပါတယ်။

ယခု ဒီသာသနာ့ရိပ်သာမှာ ဝိပဿနာတရားအားထုတ်နေကြတဲ့ ယောဂီတွေဟာ အဲဒီသလ္လေခအကျင့်ကို ကျင့်နေကြတာပဲ၊ သီလဆောက်တည်ကတည်းက ညှဉ်းဆဲမှု ကြဉ်ရှောင်တဲ့ သလ္လေခအကျင့် ပါဝင်လာခဲ့တယ်၊ အဲဒီကနောက် ဖောင်းတာ ပိန်တာကစပြီးတော့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားပြုပြင်တိုင်း စိတ်ကူးစဉ်းစားကြံသိတိုင်း အကောင်းအဆိုး ဝေဒနာတွေ ဖြစ်ပေါ်တိုင်း သတိပညာဖြင့် မပြတ်ရှုမှတ်နေကြရတယ်၊ အဲဒီလို မှတ်တိုင်း မှတ်တိုင်းဟာ ညှဉ်းဆဲလိုတဲ့ဒေါသကို တဒင်္ဂပဟာန်ဖြင့် ပယ်ပယ်သွားတယ်၊ ဒါကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဲဒီသလ္လေခ အကျင့်ကို ကျင့်နေသည် မည်ပါတယ်၊ နောက်ဆုံးအကြောင်း ညီညွှတ်တဲ့ အချိန်ကျရင် အရိယမဂ်ဖြင့် အဲဒီ ညှဉ်းဆဲလိုတဲ့ ဒေါသကို အမြစ်ပြတ်ပယ်နိုင်ပါလိမ့်မယ်၊ အဲဒီလို အမြစ်ပြတ်ပယ်နိုင်တဲ့ အရိယမဂ်အကျင့်ကတော့ ဒီအပိုဒ်မှာ ခေါင်ထိပ် သလ္လေခအကျင့် ဖြစ်ပါတယ်၊ ဒါကြောင့် ယခုရှုမှတ်နေကြတဲ့ ယောဂီတွေဟာ စျာန်သမာပတ်တွေထက် မြင့်မြတ်တဲ့ သလ္လေခ အကျင့်ကို ငါတို့ ကျင့်နေရပေတယ်လို့ အာရုံပြုပြီး ဝမ်းမြောက်ကြဖို့ စိတ်အားတက်ကြဖို့ပါပဲ၊ အဲဒါဟာ–

ပရေ–တစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ ဝိဟိံသကာ–သူတစ်ပါးကို မညှာမတာ ညှဉ်းဆဲနှိပ်စက် တတ်ကုန်သည်၊ ဘဝိသန္တိ–ဖြစ်ကြကုန်လတ္တံ့၊ ဧတ္ထ–သူတစ်ပါးတို့က ညှဉ်းဆဲကြမည့် ဤအရာ၌၊ မယံ–ငါတို့သည်၊ အဝိဟိံသကာ–မညှဉ်းဆဲ မနှိပ်စက်ကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့၊ သလ္လေခေါ–ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို၊ ကရဏီယော–ပြုကျင့်အပ်ပေ၏–လို့ ဟောတော်မူတဲ့ ဘုရားစကားတော်နှင့်အညီပါပဲ၊ ဒါကြောင့် ဘုန်းကြီးကလဲ–

သူများတွေက ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ ညှဉ်းဆဲမှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်လို့ ဆောင်ပုဒ်ပေးထားတယ်။

ခု ပြောခဲ့တဲ့ဝါရက သလ္လေခဝါရ လို့ခေါ်ပါတယ်၊ ဒီဝါရမှာ ဝိဟိံသာမှ ကျန်တဲ့ ကိလေသာ ၃၃-ပါးကိုလဲ ဒီနည်း အတိုင်းပဲ ဟောထားပါတယ်၊ အဲဒီကနောက် စိတ္တာပ္ပါဒဝါရကို ဒီလို ဟောတော်မူပြန်ပါတယ်။

စိတ္တာပ္ပါဒဝါရ

စိတ္တာပ္ပါဒမ္ပိ ခေါ အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟုကာရံ ဝဒါမိ၊ ကော ပန ဝါ
ဒေါ ကာယေန ဝါစာယ အနုဝိဓိယနာသု။

စုန္ဒ–ချစ်သားစုန္ဒ၊ ကုသလေသု ဓမ္မေသု–ကုသိုလ်တရားတို့၌၊ စိတ္တာပ္ပါဒမ္ပိ–စိတ်ဖြစ်ရုံမျှ ကိုသော်လည်း၊ ဗဟုကာရံ–အကျိုးကျေးဇူးများလှပြီဟူ၍၊ အဟံ–ငါဘုရားသည်၊ ဝဒါမိ–ဟောတော်မူ၏။

ဒါန သီလ ဘာဝနာ ကုသိုလ်တရားတွေနဲ့စပ်ပြီး စိတ်ကူးဖြစ်ရုံမျှပင် အကျိုးကျေးဇူး များလှပါပြီတဲ့၊ ဒါနကုသိုလ်မှာ ဆိုရင် ပေးကမ်းလှူဒါန်းမည်လို့ ကြံရုံမျှရှိသေး၊ တကယ်မပေး မလှူရသေးဘူး၊ အဲဒါတောင် ကျေးဇူးများလှပါပြီတဲ့၊ ထို့အတူ ငါးပါးသီလစောင့်ဖို့ ရှစ်ပါးသီလစောင့်ဖို့ ရှင်ပြုဖို့ တရားနာဖို့ တရားအားထုတ်ဖို့ စိတ်ကူးကြံစည်ရုံမျှပင် ကျေးဇူးများလှပါပြီတဲ့၊ အဲဒီနောက်ဆိုရင်ကို မိမိတို့အလိုရှိတဲ့ လူချမ်းသာ နတ်ချမ်းသာ ကောင်းကျိုးတွေကို ရနိုင်ပါပြီတဲ့၊ မဋ္ဌကုဏ္ဍလီဆိုတဲ့

သေဌေးသားဟာ သေခါနီးဆဲဆဲမှာ မြတ်စွာဘုရားကိုဖူးမြင်ရပြီး ကြည်ညိုတဲ့ ကုသိုလ်စိတ်ဖြစ်တယ်၊ အဲဒီကုသိုလ်စိတ်ကြောင့် မကြာမီသေသွားတဲ့အခါ တာဝတိံသာ နတ်ပြည်ကို ရောက်သွားတယ်၊ စမ္ဘာမြို့ ဂဂ္ဂရာရေကန်အနီးမှာ ဖားတစ်ကောင်ဟာ မြတ်စွာဘုရားဟောတဲ့ တရားသံကို ကြည်ညိုနေရင်း နွားကျောင်းသား၏ ဝါးရင်းတုတ်နဲ့ ထောက်မိဖိမိတဲ့ ဒဏ်ကြောင့် သေသွားတဲ့အခါ သူလဲ တာဝတိံသာနတ်ပြည်ကို ရောက်သွားတယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးခါစက အဇာတသတ်မင်းက စေတီတည်ထား ပူဇော်တဲ့အခါ ရာဇဂြိုလ်မြို့သူ တစ်ယောက်ဟာ အဲဒီစေတီကို ပူဇော်ဖို့ သပ္ပတ်ခါးပွင့် ၄–ပွင့်ကိုယူပြီး စေတီတော်ဆီသွားနေတုန်းလမ်းမှာ နွားဥ,လို့ သေဆုံးပြီးတော့ တာဝတိံသာနတ်ပြည်မှာ သိကြားမင်းရဲ့ အခြွေအရံထဲမှာ ရွှေရထားကြီးနဲ့တကွ ဖြစ်သွားတယ်၊အဲဒါတွေဟာ ကုသိုလ်စိတ်ကူးဖြစ်ရုံမျှနဲ့ နတ်ချမ်းသာဆိုတဲ့အကျိုးကို ရသွားကြတာပါပဲ။

စိတ်ကူးကြံစည်တဲ့အခါတိုင်း ဒါနကုသိုလ် ထမြောက်အောင် မြင်သွားရင် သီလကုသိုလ် ဘာဝနာကုသိုလ်တွေ ထမြောက်အောင် မြင်သွားရင်တော့ အကျိုးကျေးဇူးများတာဟာ အထူးပြောစရာမလိုပါဘူး၊ ဒါကြောင့် ကာယေနဝါစာယ–ကိုယ်ဖြင့် နှုတ်ဖြင့်၊ အနုဝိဓိယနာသု–ကြံစည်တဲ့အတိုင်းလိုက်၍ အောင်မြင်စွာ ပြုလုပ်မှုတို့၌ ကော ပန ဝါ ဒေါ ကျေးဇူးများ သည်ဟု ပြောဆိုဖွယ် အဘယ်မှာ ရှိတော့အုံ့နည်း–လို့လဲ ဆက်ပြီး ဟောတော်မူပါတယ်။

နောက်ပြီးတော့ ကျေးဇူးများပုံ တစ်နည်းပြောရလျှင် လူ့လောက နတ်လောကခ၌ ကြီးပွားချမ်းသာ နေကြရတာတွေ ဟာလဲ ဒီလိုစပြီး ဖြစ်ပေါ်လာတဲ့ ကုသိုလ်စိတ်ကူးက အခြေခံလာတာပဲ၊ အဲဒီကုသိုလ်စိတ်ကူးကြောင့် ဒါန သီလ စသော ကုသိုလ်တွေကို ပြုနိုင်ကြတယ်၊ အဲဒီ ကုသိုလ်တွေကြောင့် လူလောက နတ်လောကမှာဖြစ်ပြီး ကြီးပွားချမ်းသာနေကြတယ်၊ ဘုရား ရဟန္တာ အရိယာတွေ ဖြစ်ကြတယ်ဆိုတာလဲ ဒီလို ကုသိုလ်စိတ်ကူးဖြစ်ရာက အခြေခံလာခဲ့တာပဲ၊ ဘုရားဖြစ်အောင် ပါရမီဖြည့်လိုတဲ့ အကြံ့ကလေးကစပြီး ဘုရားဖြစ်ဖို့ ဆုပန်ခဲ့တယ်၊ ပါရမီတွေကို ဖြည့်ခဲ့တယ်၊ နောက်ဆုံးတစ်ချိန်ကျတော့ သမ္မာသမ္ဗုद္ဓဘုရားအဖြစ်သို့ ရောက်တယ်၊ အဂ္ဂသာဝက မဟာသာဝက စသည်တွေလဲ ဒီနည်းအတိုင်းပဲ၊ အဲဒီလို သာဝကထူး ဖြစ်အောင် ပါရမီဖြည့်ဖို့ စိတ်ကူးက စလာခဲ့တာပဲ၊ အရိယာ သာမန် ရဟန္တာဖြစ်ကြရတာလဲ ဒီလိုကုသိုလ် စိတ်ကူးကလေးက စလာခဲ့တာပဲ၊ ယခုဒီမှာ တရားအားထုတ်နေကြတဲ့ ယောဂီတွေလဲ ဒီလိုကုသိုလ်စိတ်ကူးက စလာခဲ့တာပဲ၊ ဒီအတိုင်း အားထုတ်နေရင်းပဲ တစ်နေ့တစ်ချိန်ကျရင် မိမိတို့အလိုရှိတဲ့ တရားထူးတွေကို ရသွားကြမယ်၊ ဒါကြောင့် ပဌမစပြီး ကုသိုလ်စိတ်ကူးဖြစ်တာဟာ ကျေးဇူးများပါတယ်တဲ့ အဲဒီ စိတ်ကူးအတိုင်းလိုက်ပြီး အပြည့်အစုံ ပြုကျင့်လိုက်တဲ့ အခါကျတော့ မိမိတို့အလိုရှိနေတဲ့ လောကီအကျိုး လောကုတ္တရာအကျိုးတွေကို အပြည့်အစုံရသွားကြမယ်၊ ဒါကြောင့် ကြံစည်တဲ့အတိုင်း ဒါန သီလ ဘာဝနာ အမှု တွေကို ကိုယ်ဖြင့် နှုတ်ဖြင့် စိတ်ဖြင့်လိုက်ပြီး ပြုကျင့်ရာမှာတော့ အကျိုးများပုံကို ပြောစရာ မလိုတော့ပါဘူးတဲ့။

တသ္မာတိဟ စုန္ဒ ပရေ ဝိဟိံသကာ ဘဝိဿန္တိ၊ မယမေတ္ထ အဝိဟိံသကာ သဝိဿာ
မာတိ စိတ္တံ ဥပ္ပါဒေတဗ္ဗံ။

စုန္ဒ–ချစ်သားစုန္ဒ၊ တသ္မာ–ထိုထို ကုသိုလ်စိတ်ကူး ဖြစ်ရုံမျှပင် ကျေးဇူးများလှသောကြောင့်၊ ပရေ–သူတစ်ပါးတို့သည်၊ ဝိဟိံသကာ–သူတစ်ပါးကို မညှာတာဘဲ ညှဉ်းဆဲနှိပ်စက်တတ်ကုန်သည်၊ ဘဝိဿန္တိ–ဖြစ်ကြကုန် လတ္တံ့၊ ဧတ္ထ–သူတစ်ပါးတို့က ညှဉ်းဆဲနှိပ်စက်ကြမည့် ဤအရာ၌၊ မယာ–ငါတို့သည်၊ အဝိဟိံသကာ ကိုယ်ချင်းစာလျက် မနှိပ်စက် မညှဉ်းဆဲကုန်သည်၊ ဘဝိဿာမ ဖြစ်ကြကုန်အံ့၊ ဣတိ စိတ္တံ–ဤသို့သော စိတ်ကို၊ ဥပ္ပါဒေတဗ္ဗံ–ဖြစ်စေအပ်၏–တဲ့။

သူတစ်ပါးတို့က ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ ညှဉ်းဆဲမှု ကင်းစေမည်၊ ကိလေသာ ခေါင်းပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလို စိတ်မျိုးကို ဖြစ်စေမည်။

နောက်တစ်ဝါရ ကတော့ ရှောင်လွှဖို့ ညွှန်ပြတဲ့ ပရိက္ကမနဝါရပဲ၊ အဲဒီ ဝါရကိုလဲ ဒီလိုဆက်ပြီး ဟောတော်မူပါတယ်။

ပရိကၠမနဝါရ

သေယျထာပိ စုန္ဒ ဝိသမော မဂ္ဂေါ အသ၊ တသ အညော သမောမဂ္ဂေါ ပရိကၠမနာယ၊ သေယျထာ ဝါ ပန စုန္ဒ ဝိသမံ တိတ္ထံ အသ၊ တသ အညံ သမံ တိတ္ထံ ပရိကၠမနာယ၊ ဧဝမေဝ ခေါ စုန္ဒ ဝိဟိံသကသ ပုရိသပုဂ္ဂလသ အဝိဟိံသာ ဟောတိ ပရိကၠမနာယ။

စုန္ဒ–ချစ်သားစုန္ဒ၊ သေယျထာပိ–ဥပမာအားဖြင့် ပြရလျှင်၊ ဝိသမောမဂ္ဂေါ အသ–မညီညွတ်သော လမ်းတစ်ခု ရှိရာ၏၊ ဝါ–ရှိတယ်ဆိုကြပါစို့၊ အညော–တစ်ပါးသော၊ သမောမဂ္ဂေါ–ညီညွတ်သောလမ်းသည်၊ တသပရိကၠမနာယ–ထိုမညီညွတ်သောလမ်းကို ရှောင်လွှဲရန်အလို့ငှါ၊ အသသေယျထာပိ–ဖြစ်ရာသကဲ့သို့၊ (လက်ဝဲဘက်က မညီညွတ်တဲ့ လမ်းဆိုးတစ်ခု ရှိနေတယ်ဆိုကြပါစို့၊ လက်ယာဘက်က ညီညွတ်တဲ့လမ်းကောင်းတစ်ခုလဲ ရှိနေတယ်ဆိုရင် အဲဒီလက်ယာဘက်က လမ်းကောင်းဟာ လက်ဝဲဘက်က မညီညွတ်တဲ့လမ်းဆိုးကို ရှောင်လွှဲဖို့ရာ ဖြစ်ပါတယ်၊ လက်ဝဲဘက်ကလမ်းဆိုးကို မသွားချင်ရင် လက်ယာဘက်က လမ်းကို သွားလိုက်ရုံပဲ၊ အဲဒါဟာ လမ်းဆိုးကို လမ်းကောင်းနဲ့ ရှောင်လွှဲပုံ ဥပမာပါပဲ၊) စုန္ဒ–ချစ်သားစုန္ဒ၊ သေယျထာ ဝါ ပန–တစ်နည်းဥပမာအားဖြင့်ဆိုလျှင်၊ ဝိသမံ တိတ္ထံ အသ–အညီညွတ်သော ဆိပ်ကမ်းတစ်ခုရှိရာ၏၊ ဝါ–ရှိတယ်ဆိုကြပါစို့၊ အညံ သမံ တိတ္ထ–ညီညွတ်သော အခြားဆိပ်ကမ်းသည်၊ တသ ပရိကၠမနာယ–ထိုမညီညွတ်သော ဆိပ်ကမ်းကို ရှောင်လွှဲရန်အလို့ငှါ၊ အသ သေယျထာ–ဖြစ်ရာသကဲ့သို့၊ (ဆိပ်ကမ်းဆိုတာ မြစ်ကမ်းမှာ ရေချိုးတဲ့ဆိပ် ရေခပ်တဲ့ဆိပ် လှေဆိပ် သင်္ဘောဆိပ်ဆိုတာ တွေပါပဲ၊ တချို့အရပ်မှာ အဲဒီလို ဆိပ်ကမ်းက မညီညွတ်ဖြစ်ပြီး ဆိုးနေတယ်၊ ဒါပေမယ့် အခြားတစ်နေရာမှာတော့ ညီညွတ်တဲ့ဆိပ်ကမ်းလဲ ရှိတတ်ပါတယ်၊ အဲဒီလို ရှိတဲ့နေရာမှာ မညီညွတ်တဲ့ ဆိပ်ကို ရှောင်လွှဲဖို့ရာ ဖြစ်တယ်၊ ဆိပ်ကမ်းဆိုးက မသွားချင်ရင် ဆိပ်ကမ်းကောင်းက ရှောင်လွှဲပြီး သွားနိုင်ပါတယ်၊ အဲဒါလဲ ဥပမာ တစ်ခုပဲ) စုန္ဒ–ချစ်သားစုန္ဒ၊ ဧဝမေဝ–ဤအတူပင်လျှင်၊ ဝိဟိံသကသ–ညှဉ်းဆဲတတ်သော၊ ဝါ–ညှဉ်းဆဲလေ့ရှိသော၊ ပုရိသပုဂ္ဂလသ–ယောကျ်ားပုဂ္ဂိုလ်၏၊ (ဒီမှာ ပုရိသယောကျ်ားလို့ ဆိုထားတာနဲ့ ငါတို့ မိန်းမတွေ မပါဘူးလို့တော့ မယူကြပါနဲ့၊ ပြဋ္ဌာန်းတဲ့ ယောကျ်ားကိုထုတ်ပြလိုက်ရင် မပြဋ္ဌာန်းတဲ့ မိန်းမလဲ ပါဝင်တယ်လို့သာ ယူရတယ်) အဝိဟိံသာ–မညှဉ်းဆဲသောအကျင့်သည်၊ ပရိကၠမနာယ–ညှဉ်းဆဲမှု အကျင့်ဆိုးကို ရှောင်လွှဲရန်အလို့ငှါ၊ ဟောတိ–ဖြစ်ပေ၏။

လမ်းဆိုးနဲ့ လမ်းကောင်း ၂–ခုရှိရာမှာ လမ်းဆိုးကို မသွားချင်ရင် လမ်းကောင်းကို သွားခြင်းဖြင့် အဲဒီလမ်းဆိုးကို ရှောင်လွှဲနိုင်သလို၊ တနည်းအားဖြင့် ဆိပ်ကမ်း အဆိုးနဲ့အကောင်း ၂–ခုရှိရာမှာ ဆိပ်ကမ်းကောင်းက သွားခြင်းဖြင့် ဆိပ်ကမ်းဆိုးကို ရှောင်လွှဲနိုင်သလို မူလက ညှဉ်းဆဲလေ့ရှိနေတဲ့ သူဟာ တစ်သံသရာလုံး ဆင်းရဲမသွားချင်ရင် ချမ်းသာသွားချင်ရင် အဲဒီ ညှဉ်းဆဲမှုအကျင့်ဆိုးကို ရှောင်ရလိမ့်မယ်၊ ရှောင်ရင်လဲ အလွယ်ပါပဲ၊ လမ်းကောင်း ဆိပ်ကမ်းကောင်း ပြောင်းလိုက်သလို မညှဉ်းဆဲမှုဆိုတဲ့ သလ္လေခအကျင့်ကို ပြောင်းလိုက်ရုံပါပဲ၊ မညှဉ်းဆဲဘဲ နေလိုက်ရင် အဲဒီညှဉ်းဆဲမှု အကျင့်ဆိုးကို ရှောင်လွှဲပြီး ဖြစ်သွားတာပါပဲ၊ အဲဒီမှာ ညှဉ်းဆဲတတ်တဲ့သူ ညှဉ်းဆဲလေ့ရှိတဲ့သူလို့ ဆိုထားတဲ့အတွက် မူလကပင် ညှဉ်းဆဲခြင်းမရှိတဲ့သူမှာတော့ ဒီသလ္လေခအကျင့်နဲ့ မဆိုင်တော့ဘူးလား–လို့ မေးစရာ ရှိပါတယ်၊ ဆိုင်ပါတယ်၊ ယခု လောလောဆယ်မှာ ကိုယ်ဖြင့် နှုတ်ဖြင့်ထင်ရှားတဲ့ ညှဉ်းဆဲမှုမရှိပေမယ့် ရေးရေးဘဝတွေကလဲ ညှဉ်းဆဲမှုရှိခဲ့တယ်၊ နောင်ကာလမှာလဲ ညှဉ်းဆဲစရာ အကြောင်း ပေါ်လာတဲ့အခါမှာ ညှဉ်းဆဲဦးမှာပဲ၊ အနာဂါမ် ရဟန္တာ မဖြစ်သေးသမျှ ကာလပတ်လုံး ညှဉ်းဆဲမှု ကိလေသာ ကင်းပြီလို့ မဆိုနိုင်ပါဘူး၊ ဒါကြောင့် တတ်နိုင်လို့ရှိရင် ညှဉ်းဆဲမှု ကိလေသာကို အမြစ်ပြတ် ငြိမ်းစေနိုင်တဲ့ အရိယမဂ်များကို ရသည်တိုင်အောင် ဒီညှဉ်းဆဲမှုမှ ရှောင်ကြဉ်တဲ့ သလ္လေခအကျင့်ကို ကျင့်သွားရမှာချည်းပဲ၊ ဒါကြောင့် ဘုန်းကြီးက ဒီဝါရ အတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဒီလိုထည့်ထားပါတယ်၊ "ညှဉ်းဆဲမှုကို မညှဉ်းဆဲမှုနှင့် ရှောင်လွှဲမည်"တဲ့၊ ဒီပြင်နည်းနဲ့ ရှောင်လွှဲလို့ မရဘူး၊ ညှဉ်းဆဲမှုရဲ့ ဆန့်ကျင်ဘက် မညှဉ်းဆဲမှုနဲ့ ရှောင်လွှဲမှ အောင်မြင်နိုင်တယ်၊ ကဲ ဆောင်ပုဒ်ကို အစကစပြီး လိုက်ဆိုကြရမယ်။

"သူများတွေက ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ ညှဉ်းဆဲမှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ ညှဉ်းဆဲမှုကို မညှဉ်းဆဲမှုနှင့် ရှောင်လွှဲမည်။"

ဒီဝါရပြီးတော့ အထက်တန်းတက်ရန် ညွှန်ပြတဲ့ ဥပရိဘာဂဝါရကို ဒီလိုဆက်ပြီး ဟောတော်မူပြန်ပါတယ်။

ဥပရိဘာဂ၁ဝါရ

သေယျထာပိ စုန္ဒ ယေ ကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အဓောဘာဂင်္ဂမနီယာ၊ ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ဥပရိဘာဂင်္ဂမနီယာ၊ ဧဝ မေဝ ခေါ စုန္ဒ ဝိဟိံသကသ ပုရိသ ပုဂ္ဂလသ အဝိဟိံသာ ဟောတိ ဥပရိဘာဂါယ။

စုန္ဒ–ချစ်သားစုန္ဒ၊ သေယျထာပိ–ဥပမာအားဖြင့်ဆိုလျှင်၊ ယေ ကေစိ အကုသလာ ဓမ္မာ–အလုံးစုံသော အကုသိုလ်တရားတို့သည်၊ အတ္ထိ–ရှိကုန်၏၊ သဗ္ဗေ တေ–ထိုအလုံးစုံသော အကုသိုလ်တရားတို့သည်၊ အဓောဘာဂင်္ဂမနီယာ–အောက်အဖို့သို့ သွားစေတတ်ကုန်၏။

အကုသိုလ်တွေဆိုတာ လောဘ ဒေါသ မောဟ အရင်းခံပြီးဖြစ်တဲ့ တရားဆိုးတွေပါပဲ၊ အဲဒီ အကုသိုလ်တရားတွေထဲမှာ သူတစ်ပါးကို ညှဉ်းဆဲသတ်ဖြတ်ခြင်း သူတစ်ပါးဥစ္စာကို လုယက်ခိုးယူခြင်းအစရှိတဲ့ အားကြီးတဲ့ အကုသိုလ်တွေက အပါယ်ပဋ္ဌိသန္ဓေအကျိုးအထိ ကြီးလေးတဲ့ မကောင်းကျိုးတွေကို ပေးတတ်တယ်၊ ငရဲတိရစ္ဆာန် ပြိတ္တာ အသุရကာယ်ဆိုတဲ့ ယုတ်ညံ့တဲ့ ဘုံဘဝတွေကို ရောက်စေတတ်တယ်၊ တည့်တည့်ပြောရရင် ခွေး ကြက် ဝက် ဘဲ နွား ကျွဲ စသည် ဖြစ်စေတတ်တယ်၊ အဲဒီလောက် အားမကြီးတဲ့ နှစ်သက်လိုချင်ကာမျှ စိတ်ဆိုးကာမျှ သာမန်အကုသိုလ် အသေးအမွှားကလေးတွေကတော့ ပဋ္ဌိသန္ဓေအကျိုးထိအောင် မပေးနိုင်ဘူး၊ အကြောင်းညီညွတ်ရင် ပဝတ္တိအကျိုး အသေးအမွှားလောက်သာ အကျိုးပေးတတ်တယ်၊ အဲဒီလို အကျိုးပေးခွင့်မရတောင်မှ သံသရာဝဋ်ဆင်းရဲ ရှည်လျားဖို့ အထောက်အပံ့ကတော့ဖြစ်တာပါပဲ။

အားကြီးတဲ့ အကုသိုလ်တွေကတော့ အပါယ်ဘဝ အကျိုးတွေကို ပေးပြီးတဲ့နောက် ကုသိုလ်ကံကြောင့် လူ့ဘဝရောက်လာတဲ့အခါလဲ အဲဒီအကုသိုလ်က အသက်တိုခြင်း အနာများခြင်း မရှိဆင်းရဲခြင်းစသည်ဖြင့် မကောင်းကျိုးတွေကို ဘဝပေါင်းများစွာလိုက်ပြီး ပေးတတ်တယ်၊ ယခု ပြောနေတဲ့ ညှဉ်းဆဲမှု အကုသိုလ်မျိုးဆိုရင် အနာရောဂါများခြင်းဆိုတဲ့ မကောင်းကျိုးကို ပေးတတ်တယ်၊ အကုသိုလ်ဆိုတာ ဒုက္ခဝိပါကလက္ခဏာလို့ဆိုတဲ့အတိုင်း မကောင်းကျိုးကို ပေးတတ်တဲ့ သဘောရှိတာချည်းပဲ၊ ယုတ်ညံ့တဲ့ လူ့ဘဝ ဆင်းရဲနွမ်းပါးတဲ့ လူ့ဘဝအစရှိတဲ့ အောက်တန်းစားဘဝတွေကို ရောက်စေတတ်တယ်၊ နတ်ဖြစ်ရင်လဲ ဘုံဗိမာန်မရှိ စားစရာဝတ်စရာမရှိတဲ့ နတ်အညံ့စားကလေးတွေ ဖြစ်စေတတ်တယ်၊ တချို့လူတွေဟာ လူ့ဘဝမှာ ကောင်းစားချမ်းသာနေရာက မတော်တာတွေကို အလွန်အကျွံ ပြုလုပ်မိတဲ့အတွက် သေသည်၏အခြားမဲ့မှာ အနိမ့်ဆုံးငရဲဘုံကို ရောက်သွားရတယ်၊ ကကုသန်ဘုရားလက်ထက်တော်က ဒုသီဆိုတဲ့ မာရ်နတ်ကြီးဟာ ဘုရားရဟန္တာများကို ပြစ်မှားမိတဲ့အတွက် ချက်ချင်းသေပြီး အဝီစိငရဲ ရောက်သွားရတယ်၊ ဒါကြောင့် အကုသိုလ် ဟူသမျှဟာ အောက်အဖို့ကို သွားစေတတ်တယ်၊ ယုတ်ညံ့ရာကို ပို့ဆောင်တတ်တယ်လို့ မိန့်ဆိုတော်မူပါတယ်။

ယေ ကေစိ ကုသလာ ဓမ္မာ–အလုံးစုံသော ကုသိုလ်တရားတို့သည်၊ အတ္ထိ–ရှိကုန်၏၊ သဗ္ဗေ တေ–ထိုအလုံးစုံသော ကုသိုလ်တရားတို့သည်၊ ဥပရိဘာဂင်္ဂမနီယာ–အထက်အဖို့သို့ သွားစေတတ်ကုန်၏။

ဒါနသီလအစရှိသော ကုသိုလ်တရားတွေကတော့ လူ့ဘဝအဆင့်ဆင့် နတ်ဘဝအဆင့်ဆင့် ဗြဟ္မာဘဝ အဆင့်ဆင့်ဆိုတဲ့ အထက်အဖို့ကို သွားရောက်စေတတ်တယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပစ္စေကဗုဒ္ဓါဘုရားဆိုတဲ့ ဒီလို မြင့်မြတ်ရာတွေကိုလဲ ရောက်စေတတ်တယ်၊ လူ့ဘဝတွင်ပဲဆိုပါတော့ ဆင်းရဲနွမ်းပါးတဲ့ အခြေအနေက ပြည့်စုံကြွယ်ဝတဲ့ အခြေအနေကို ရောက်စေတတ်တယ်၊ သေဌေးအဖြစ် မင်းအဖြစ်များသို့လဲ ရောက်စေတတ်တယ်၊ သာဝတ္ထိမြို့က ပန်းသည်သမီး မလ္လိကာဟာ မြတ်စွာဘုရားကို မုန့်ကလေးများ လှူတာနဲ့ အဲဒီနေ့မှာပဲ ပသေနဒိကောသလမင်းကြီးရဲ့ မိဖုရားအဖြစ်ကို ရောက်ရတယ်၊ အဲဒါမျိုးပေါ့၊ ဒါကြောင့် ကုသိုလ်ဟူသမျှဟာ အထက်အဖို့သို့ သွားစေတတ်တယ်၊ မြင့်မြတ်ရာကို ရောက်စေတတ်တယ်လို့ ဆိုပါတယ်။

စုန္ဒ–ချစ်သားစုန္ဒ၊ ဧဝမေဝ–ဤအတူပင်လျှင် ဝိဟိံသကသ–ညှဉ်းဆဲတတ်သော၊ ပုရိသ ပုဂ္ဂလသ–ယောကျ်ားပုဂ္ဂိုလ်၏၊ အဝိဟိံသာ–မညှဉ်းဆဲသော အကျင့်သည်၊ ဥပရိဘာဂါယ–အထက်အဖို့အလို့ငှါ၊ ဝါ–အထက်အထက်သို့ အဆင့်အတန်းတက်ရန်အလို့ငှါ၊ ဟောတိ–ဖြစ်ပေ၏။

ဆီပုလင်းများ ဆီအိုးများကို ရေထဲမှာ ရိုက်ခွဲလိုက်မယ်ဆိုရင် လေးတဲ့ပုလင်းကွဲ အိုးကွဲတွေက အောက်ကျသွားတယ်၊ ပေါ့တဲ့ဆီတွေကတော့ အပေါ်တက်လာတယ်၊ အကုသိုလ်နဲ့ ကုသိုလ် အောက်ကျသွားပုံ အထက်တက်လာပုံက အဲဒါနဲ့လဲတူပါတယ်၊ ဒါကြောင့် အထက်တက်ချင်လို့ရှိရင် ညှဉ်းဆဲမှုကို ကြဉ်ရှောင်ပြီး မညှဉ်းဆဲတဲ့ သလ္လေခအကျင့်ကို ကျင့်ရင် တစ်ဆင့်ထက်တစ်ဆင့် မြင့်ပြီးတက်လာဖို့ ဖြစ်ပါတယ်တဲ့၊ အသက်ရှည်ခြင်း အနာကင်းခြင်း အဆင်းလှခြင်း ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝခြင်း အမျိုးမြတ်ခြင်း ရာထူးဂုဏ်သိန်မြင့်ခြင်း စသည်ဖြင့် အဆင့်အတန်း တက်သွားပါလိမ့်မယ်၊ နတ်ဘဝ ဗြဟ္မာဘဝ စသည်ကိုလဲ တက်သွားနိုင်ပါတယ်၊ သောတာပန်အဖြစ် စသည်ကိုလဲ တက်သွားနိုင်ပါတယ်၊ ဒီလို ကုသိုလ်နဲ့ တက်မှ ရရှိထားတဲ့အဆင့်ဟာ ခိုင်မြဲနိုင်ပါတယ်၊ ဒါကြောင့် ဘုန်းကြီးက ဒီဝါရအတွက် "မညှဉ်းဆဲမှုနှင့် အဆင့်အတန်းတက်

မည်"လို့ အဓိဋ္ဌာန်ဆောင်ပုဒ် စီထားပါတယ်၊ သူများတွေက ညှဉ်းဆဲနှိပ်စက်ပြီး အဆင့်အတန်း တက်နေကြရာမှာ ငါတို့က တော့ မညှဉ်းဆဲတဲ့ သလ္လေခအကျင့်နဲ့ အဆင့်အတန်းတက်မယ်–လို့ ဆိုလိုပါတယ်၊ ကိုင်းလိုက်ဆိုကြရမယ်။

"သူများတွေက ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ ညှဉ်းဆဲမှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ ညှဉ်းဆဲမှုကို မညှဉ်းဆဲမှုနှင့် ရှောင်လွှဲမည်၊ မညှဉ်းဆဲမှုနှင့် အဆင့်အတန်းတက်မည်။"

ကိလေသာခေါင်းပါးစေတဲ့ သလ္လေခအကျင့်က တစ်ဝါရ၊ ညှဉ်းဆဲမှု စသည်ကို ကြဉ်ရှောင်မယ်လို့ စိတ်ဖြစ်စေတာက တစ်ဝါရ၊ ညှဉ်းဆဲမှုစသည်ကို မညှဉ်းဆဲမှု စသည်နှင့် ရှောင်လွှဲဖို့က တစ်ဝါရ၊ မညှဉ်းဆဲမှု အစရှိတဲ့ကုသိုလ်နဲ့ အဆင့်အတန်း တက်ဖို့က တဝါရဆိုတော့ ၄–ဝါရပြီးသွားပြီ၊ ငြိမ်းအောင် ကျင့်ဖို့ဆိုတဲ့ ပရိနိဗ္ဗာနဝါရ တစ်ခုဘဲ လိုတော့တယ်၊ အဲဒီဝါရကို–မြတ်စွာဘုရားက ဒီလိုဆက်ပြီး ဟောတော်မူပါတယ်။

ပရိနိဗ္ဗာနဝါရ

> သော ဝတ စုန္ဒ အတ္တနာ ပလိပပလိပန္နော ပရံ ပလိပ ပလိပန္နံ ဥဒ္ဓရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ သော ဝတ စုန္ဒ အတ္တနာ အပလိပပလိပန္နော ပရံ ပလိပ ပလိပန္နံ ဥဒ္ဓရိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ၊ သော ဝတ စုန္ဒ အတ္တနာ အဒန္တော အဝိနီတော အပရိနိဗ္ဗုတော ပရံဒမေဿတိ ဝိနေဿတိ ပရိနိဗ္ဗာပေဿာတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ သော ဝတ စုန္ဒ အတ္တနာ ဒန္တော ဝိနီတော ပရိနိဗ္ဗုတော ပရံ ဒမေ ဿတိ ဝိနေဿတိ ပရိနိဗ္ဗာပေဿတီတိ ဌာနမေတံ ဝိဇ္ဇတိ၊ ဧဝမေဝ စုန္ဒ ဝိဟိံသကဿ ပုရိသပုဂ္ဂလဿ အဝိဟိံသာ ဟောတိ ပရိနိဗ္ဗာနာယ။

စုန္ဒ–ချစ်သားစုန္ဒ၊ အတ္တနာ–မိမိကိုယ်တိုင်၊ ပလိပ ပလိပန္နော–ရွံ့ဗွက်ထဲ၌ နှာခေါင်းထိအောင် နစ်မြုပ်နေသော၊ သော–ထိုပုဂ္ဂိုလ်သည်၊ ပလိပ ပလိပန္နံ–ရွံ့ဗွက်ထဲ၌ နစ်မြုပ်နေသော၊ ပရံ–အခြားသူကို၊ ဝတ–စင်စစ်၊ ဥဒ္ဓရိဿတီတိ–ဆယ်တင်နိုင်လိမ့်မည်ဟူသော၊ ဧတံ ဌာနံ–ဤအကြောင်းသည်၊ နဝိဇ္ဇတိ–မရှိပေ၊ စုန္ဒ–ချစ်သားစုန္ဒ၊ အတ္တနာ–မိမိကိုယ်တိုင်၊ အပလိပပလိပန္နော–ရွံ့ဗွက်ထဲ၌ မကျမနစ်ပါမူ၊ သော–ထိုသို့သောသူသည်၊ ပလိပ ပလိပန္နံ–ရွံ့ဗွက်ထဲ၌ နစ်မြုပ်နေသော၊ ပရံ–အခြားသူကို၊ ဝတ–စင်စစ်၊ ဥဒ္ဓရိဿတီတိ–ဆယ်တင်နိုင်လိမ့်မည်ဟူသော၊ ဧတံဌာနံ–ဤအကြောင်းသည်ကား၊ ဝိဇ္ဇတိ–ရှိပေ၏။

ကိုယ်ကိုယ်တိုင်က ရွံ့ဗွက်ထဲမှာ နှာခေါင်းအနီးအထိ နစ်မြုပ်နေတယ်ဆိုရင် အဲဒီလိုနစ်မြုပ်နေတဲ့လူက အခြားနစ်မြုပ်နေတဲ့လူကို ဆယ်တင်နိုင်ပါ့မလား၊ ဆယ်တင်နိုင်စရာ လုံးဝမရှိပါဘူး ကိုယ်က ရွံ့ဗွက်ထဲမှာ မကျဘဲ ပကတိမြေပြင်ပေါ်မှာ ရှိနေရင်တော့ ရွံ့ဗွက်ထဲ နစ်မြုပ်နေတဲ့ အခြားလူကို ဆယ်တင်နိုင်ပါတယ်တဲ့၊ အဲဒါဟာ ဥပမာ ပြတာပါပဲ။

အဲဒီမှာ ရွံ့ဗွက်ဆိုတာက ကာမဂုဏ်ငါးပါးကို ဆိုတယ်၊ ကာမဂုဏ်တွေကို နှစ်သက်သာယာနေတဲ့ သူဟာ ရွံ့ဗွက်ထဲ နစ်မြုပ်နေသည်မည်တယ်၊ ဒီတော့ ကာမဂုဏ်တွေကိုနှစ်သက်သာယာနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ကာမဂုဏ်တွေကို နှစ်သက်သာယာနေတဲ့ အခြားသူကို ကာမဂုဏ်ရွံ့ဗွက်ထဲက ထုတ်ဆောင်ကယ်တင်နိုင်လိမ့်မယ် ဆိုတာ မဖြစ်နိုင်ဘူးလို့ ဒီလိုဆိုလိုတဲ့ အကြောင်းကိုလဲ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။

စုန္ဒ–ချစ်သားစုန္ဒ၊ အတ္တနာ–မိမိကိုယ်တိုင်၊ အဒန္တော–မယဉ်ကျေးသေးပါဘဲ၊ အဝိနီတော–သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို မကျင့်ရသေးပါဘဲ၊ အပရိနိဗ္ဗုတော–ကိလေသာအပူဘေး မငြိမ်းသေးပါဘဲ၊ သော–ထိုသို့သော ပုဂ္ဂိုလ်သည်၊ ပရံ–အခြားသူကို၊ ဝတ–စင်စစ်၊ ဒမေဿတိ–ယဉ်ကျေးစေနိုင်လိမ့်မည်၊ ဝိနေဿတိ–သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို ကျင့်စေနိုင်လိမ့်မည်၊ ပရိနိဗ္ဗာပေဿတီတိ–ကိလေသာအပူဘေးကို ငြိမ်းအေးစေနိုင်လိမ့်မည်ဟူသော၊ ဧတံ ဌာနံ–ဤအကြောင်းသည်၊ နဝိဇ္ဇတိ–မရှိပေ၊ စုန္ဒ–ချစ်သားစုန္ဒ၊ အတ္တနာ–မိမိကိုယ်တိုင်၊ ဒန္တော–ယဉ်ကျေးပြီးသော၊ ဝိနီတော–သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို ကျင့်သုံးပြီးသော၊ ပရိနိဗ္ဗုတော–ကိလေသာ အပူဘေး လုံးဝငြိမ်းအေးပြီးသော၊ သော–ထိုသို့သော ပုဂ္ဂိုလ်သည်၊ ပရံ–အခြားသူကို၊ ဝတ–စင်စစ်၊ ဒမေဿတိ–ယဉ်ကျေးအောင် ဆုံးမနိုင်ပေလိမ့်မည်၊ ဝိနေဿတိ–သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို ညွှန်ကြားလျက် ကျင့်စေနိုင်လိမ့်မည်၊ ပရိနိဗ္ဗာပေဿတီတိ–ကိလေသာ အပူဘေး လုံးဝ ငြိမ်းအေးစေနိုင်လိမ့်မည်ဟူသော ဧတံ ဌာနံ–ဤအကြောင်းသည်၊ ဝိဇ္ဇတိ–ရှိပေ၏။

ကိုယ်တိုင်က ယဉ်ကျေးအောင်မကျင့်ရသေးလို့ ကိုယ်နှုတ်စိတ်အမူအရာတွေမှာ မယဉ်ကျေးသေးပါဘဲ၊ သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို မကျင့်ရသေးပါဘဲ၊ ကိုယ့်သန္တာန်မှာ ကိလေသာမငြိမ်းသေးပါဘဲ သူတစ်ပါးကို ယဉ်ကျေးအောင် ကိုယ်ကျင့်တရားကိုကျင့်နိုင်အောင် ကိလေသာအပူဘေးငြိမ်းအေးအောင် ညွှန်ကြားရှက်ဆောင်နိုင်လိမ့်မယ်ဆိုတဲ့ အကြောင်းကတော့ မရှိပါဘူးတဲ့၊ ဒီဥပမာသြဝါဒကတော့ ယခုကာလမှာ ကိုယ်တိုင်က တရားအားမထုတ်ဖူးပါဘဲ ဝိပဿနာအလုပ်ကို မလုပ်ဖူးပါ

ဘဲ ဘာဝနာအလုပ် ဝိပဿနာအလုပ်တွေကို ဟောပြောနေကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ အဲဒီလို ပုဂ္ဂိုလ်တွေထံမှာ တပည့်ခံနေကြတဲ့ ပုဂ္ဂိုလ်တွေအတွက် အထူးသတိပြုစရာပါပဲ၊ အမှန်စင်စစ်ကတော့ ကိုယ်တိုင်က ကျကျနန ကျင့်သုံးပြီးလို့ ယဉ်ကျေးပြီးဖြစ်တဲ့သူ သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို ကျင့်သုံးပြီးဖြစ်တဲ့သူ ကိလေသာအပူဘေး ငြိမ်းအေးပြီးဖြစ်တဲ့သူကမှ သူတစ်ပါးကို ယဉ်ကျေးအောင် သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို ကျင့်နိုင်အောင် ကိလေသာအပူဘေး ငြိမ်းအေးအောင် ရွက်ဆောင်နိုင်ပါတယ်။

ဒီနေရာမှာ ပုထုဇဉ်က ဟောတဲ့တရားကို နာပြီး တရားရတဲ့သူများလဲ ရှိတဲ့အကြောင်း အဲဒီလို နည်းမှန်အတိုင်း ဟောလို့ နည်းမှန်အတိုင်းနှလုံးသွင်းပြီး တရားထူးရတာကိုလဲ မြတ်စွာဘုရားက ကယ်တင်တယ်လို့သာ ယူသင့်တဲ့ အကြောင်းများကိုလဲ အဋ္ဌကထာမှာ ပြဆိုထားပါသေးတယ်၊ အဲဒါမျိုးကတော့ များလှမယ်မဟုတ်ပါဘူး၊ အနည်းငယ်သာ ရှိပါလိမ့်မယ်။

အဲဒီ ဥပမာ ၂-ခုမှာ ပထမဥပမာဖြင့် ကိုယ်တိုင်က မလွတ်မြောက်ရင် သူများကို လွတ်မြောက်အောင် မကယ်နိုင်တာလို ကိုယ်တိုင်က အပါယ်ဘေး သံသရာဘေးမှ မလွတ်မြောက်သေးရင် သူများကိုလဲ အဲဒီဘေးတွေမှ လွတ်မြောက်အောင် မကယ်နိုင်ဘူးဆိုတဲ့ အနက်အဓိပ္ပါယ်ကိုလဲ ထင်ရှားစေပါတယ်၊ ဒုတိယဥပမာဖြင့် ကိုယ်တိုင်က ကိလေသာ မငြိမ်းသေးရင် သူများကို ကိလေသာ ငြိမ်းအောင် မဆောင်ရွက်နိုင်ဘူးဆိုတဲ့ အနက်အဓိပ္ပါယ်ကိုလဲ ထင်ရှားစေပါတယ်၊ ဒါပေမယ့် ဒီမှာ ပြလိုရင်းကတော့ ရှုံ့ဗွက်ထဲ နစ်မြုပ်နေတဲ့သူအချင်းချင်း မကယ်တင်နိုင်တာလို ကိလေသာမငြိမ်းသူ အချင်းချင်း မဆယ်တင်နိုင်တာလို မစင်ကြယ်တဲ့ အကုသိုလ်အချင်းချင်း စင်ကြယ်အောင် မလုပ်နိုင်ဘူး၊ ဥပမာ မစင်ကြယ်တဲ့ အညစ်အကြေးကို မစင်ကြယ်တဲ့ အညစ်အကြေးရေနဲ့ ဆေးကြောလို့ မစင်ကြယ်စေနိုင်သလိုပါပဲ၊ နောက်ပြီးတော့ ပူလောင်တတ်တဲ့ အကုသိုလ် ကိလေသာ အချင်းချင်း ငြိမ်းအေးအောင် မပြုလုပ်နိုင်ဘူး၊ ဥပမာ မီးကို မီးနဲ့ငြိမ်းအောင် မပြုလုပ်နိုင်သလိုပါဘဲ၊ အဲဒါလိုပါပဲ ညှဉ်းဆဲမှုအစရှိသော မစင်ကြယ်တဲ့ အကုသိုလ်ကို အဲဒီမစင်ကြယ်တဲ့ အကုသိုလ်နဲ့တော့ စင်ကြယ်အောင် မလုပ်နိုင်ဘူး၊ ပူလောင်တတ်တဲ့ညှဉ်းဆဲမှု စသည်ကို အဲဒီညှဉ်းဆဲမှု စသည်ဖြင့် မငြိမ်းသတ်နိုင်ဘူး၊ စင်ကြယ်တဲ့ ကုသိုလ်ဖြင့်သာ စင်ကြယ်စေနိုင်တယ်၊ ငြိမ်းအေးတဲ့ကုသိုလ် ရေစင်ဖြင့်သာ ငြိမ်းစေနိုင်တယ်ဆိုတာကို သိစေလိုရင်းပါပဲ၊ ဒါကြောင့် လိုရင်းဥပမေယျကို ဒီလိုဆက်ပြီး ဟောတော်မူပါတယ်။

စုန္ဒ–ချစ်သားစုန္ဒ၊ ဧဝမေဝ–ဤဆိုခဲ့သော ဥပမာ ၂-ရပ် အတူပင်လျှင် ဝိဟိသကဿ–ညှဉ်းဆဲတတ်သော၊ ဝါ–ညှဉ်းဆဲလေ့ရှိသော၊ ဝါ–ညှဉ်းဆဲမှု ကိလေသာ လုံးဝမကင်းသေးသော၊ ပုရိသပုဂ္ဂလဿ–ယောက်ျားပုဂ္ဂိုလ်၏၊ အဝိဟိသာ–မညှဉ်းဆဲသောအကျင့်သည်၊ ပရိနိဗ္ဗာနာယ–ညှဉ်းဆဲမှု ကိလေသာဘေး လုံးဝငြိမ်းအေးရန် အလို့ငှါ၊ ဟောတိဖြစ်ပေ၏။

ညှဉ်းဆဲမှု လုံးဝကင်းပါပြီလို့ မဆိုနိုင်သေးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်မှာ အဲဒီ ညှဉ်းဆဲမှုကင်းအောင် သီလ သမာဓိ ပညာ အကျင့်ကိုကျင့်ခြင်းဟာ အဲဒီ ညှဉ်းဆဲမှုကိလေသာလဲ ငြိမ်းအေးဖို့ဖြစ်တယ်၊ အခြားကိလေသာတွေရော သံသရာဝဋ္ဋဆင်းရဲတွေရော အဲဒီ ဆင်းရဲဟူသမျှတွေလဲ ငြိမ်းဖို့ဖြစ်တယ်၊ ဒါကြောင့် ကိလေသာခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း ငြိမ်းဖို့ ဖြစ်ပါတယ်တဲ့၊ ဒါကြောင့် ဘုန်းကြီးက ဒီဝါရအတွက် "ညှဉ်းဆဲမှု ကိလေသာမီးကို မညှဉ်းဆဲမှုနှင့် ငြိမ်းသတ်မည်"လို့ အဓိဋ္ဌာန်ဆောင်ပုဒ် စီထားပါတယ်၊ ကိုင်း ဆောင်ပုဒ်ကို အစကစပြီး ဆိုလိုက်ကြဦးစို့။

(၁) အဓိဋ္ဌာန်ဆောင်ပုဒ်

> "သူများတွေက ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ ညှဉ်းဆဲမှုကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကိုကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ ညှဉ်းဆဲမှုကို မညှဉ်းဆဲမှုနှင့် ရှောင်လွှဲမည်၊ မညှဉ်းဆဲမှုနှင့် အဆင့်အတန်းတက်မည်၊ ညှဉ်းဆဲမှု ကိလေသာမီးကို မညှဉ်းဆဲမှုနှင့် ငြိမ်းသတ်မည်။"

အဲဒါဟာ သလ္လေခသုတ်မှာ ဟောထားတဲ့ ငါးဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ၊ အဲဒီမှာ "ကိလေသာ ပါးစေတဲ့ အကျင့်ကိုကျင့်မည်" ဆိုတဲ့စကားထိအောင် အဆိုက ကိလေသာခေါင်းပါးစေတဲ့ အောင်ကျင့်ဖို့ ညွှန်ကြားလို့ သလ္လေခဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်ဆိုတာက ကုသိုလ်စိတ်ကို ဖြစ်စေရမယ်လို့ ညွှန်ကြားတဲ့ စိတ္တုပ္ပါဒဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ၊ ညှဉ်းဆဲမှုကို မညှဉ်းဆဲမှုနှင့် ရှောင်လွှဲမည်ဆိုတာက အကုသိုလ်လမ်းဆိုးကို ကုသိုလ်လမ်းကောင်းနှင့်ရှောင်လွှဲဖို့ ညွှန်ကြားတဲ့ ပရိဏ္ဏာမနဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ၊ မညှဉ်းဆဲမှုနှင့် အဆင့်အတန်းတက်မည်ဆိုတာက ကုသိုလ်အလုပ်ဖြင့် အဆင့်အတန်းတက်ဖို့ ညွှန်ကြားတဲ့ ဥပရိဘာဝဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ၊ ညှဉ်းဆဲမှု ကိလေသာမီးကို မညှဉ်းဆဲမှုနှင့် ငြိမ်းသတ်မည်ဆိုတာက အကုသိုလ်ကို ကုသိုလ်ဖြင့် ငြိမ်းသတ်ဖို့ ညွှန်ကြားတဲ့ ပရိနိဗ္ဗာနဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ် အဲဒီငါးဝါရအတွက် ခေါင်းစဉ်ကိုလဲ "ခေါင်းပါးကိလေ၊ စိတ်ဖြစ်စေ၊ ရှောင်သွေထက်ဆင့် ငြိမ်းအောင်ကျင့်"လို့ ဆောင်ပုဒ် သီးသန့်စီထားတယ်၊ ကိလေသာခေါင်းပါးအောင် ကျင့်ဖို့က တစ်ဝါရ၊ ကုသိုလ်စိတ် ဖြစ်စေဖို့က တစ်ဝါရ၊ အကုသိုလ်လမ်းဆိုးကို ကုသိုလ်လမ်းကောင်းနဲ့ ရှောင်လွှဲဖို့က တစ်ဝါရ ကုသိုလ်အလုပ်ဖြင့် အဆင့်အတန်းတက်ဖို့

က တစ်ဝါရ အကုသိုလ်ကိလေသာမီးကို ကုသိုလ်ရေစင်ဖြင့်ငြိမ်းစေဖို့က တစ်ဝါရ–ပေါင်းငါးဝါရ ရရှိတယ်၊ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

"ခေါင်းပါးကိလေ၊ စိတ်ဖြစ်စေ၊ ရောင်သွေထက်ဆင့် ငြိမ်းအောင်ကျင့်။"

ညှဉ်းဆဲမှု၏အပြစ်နှင့် မညှဉ်းဆဲမှု၏အကျိုး

ညှဉ်းဆဲရင် ဘယ်လိုအပြစ်ရှိတယ် မညှဉ်းဆဲတော့ ဘယ်လိုအကျိုးရှိတယ် ဆိုတာကို ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မ ဝိဘင်္ဂသုတ်မှာ ဟောထားပါတယ်၊ အဲဒီ သုတ်မှာ သုဘဆိုတဲ့ လုလင်က လူလူချင်းတူပါလျက် တချို့က အသက်တိုတယ်၊ တချို့က အသက်ရှည်တယ်၊ ဘာကြောင့်ပါလဲ၊ တချို့က အနာရောဂါများတယ်၊ တချို့က အနာကင်းရှင်းကျန်းမာတယ်၊ ဘာကြောင့်ပါလဲ၊ တချို့က အရုပ်ဆိုးတယ်၊ တချို့က အရုပ်အဆင်းလှတယ်၊ ဘာကြောင့်ပါလဲ စသည်ဖြင့် မြတ်စွာဘုရားကို မေးလျှောက်တယ်၊ မြတ်စွာဘုရားက "ကမ္မဿကာ မာဏဝသုဘာ" စသည်ဖြင့် ဖြေရှင်း ဟောကြားတော်မူပါတယ်။

မာဏဝ–သုဘလုလင်၊ သတ္တာ–သတ္တဝါတို့သည်၊ ကမ္မဿကာ–မိမိတို့ ကိုယ်တိုင်ပြုထားတဲ့ အမှုကံလျှင် ကိုယ်ပိုင် ဥစ္စာရှိကုန်၏၊ ကမ္မဒါယာဒါ၊ ကံ၏အမွေကို ခံယူရကုန်၏၊ ကမ္မယောနိ–ကံသာလျှင် အကြောင်းရင်း ရှိကုန်၏၊ ကမ္မဗန္ဓု–ကံသာလျှင် ဆွေမျိုးအစစ် ရှိကုန်၏၊ ကမ္မပဋိသရဏာ–ကံသာလျှင် အားကိုးရာရှိကုန်၏၊ ကမ္မံ–ကံသည်၊ သတ္တော–သတ္တဝါတို့ကို၊ ဝိဘဇတိ–အယုတ်အမြတ်ဖြစ်ဖို့ရာ ဝေဖန်ခွဲခြား၏လို့ အကျဉ်းချုပ် ဖြေကြားတော်မူပါတယ်၊ အဲဒါကို သုဘလုလင်က သဘောမပေါက်လို့ အကျယ်ဝေဖန်ဟောဖို့ လျှောက်တဲ့အတွက် မြတ်စွာဘုရားက ညှဉ်းဆဲမှု အကုသိုလ်ကံ၏ အကျိုးပေးပုံ၊ မညှဉ်းဆဲမှု ကုသိုလ်ကံ၏ အကျိုးပေးပုံများကို အကျယ်ဝေဖန်ပြီး ဟောကြားတော်မူပါတယ်။

အတိုချုပ်ပြောရရင် သူတစ်ပါးကို မညှာမတာ ရက်ရက်စက်စက် ညှဉ်းဆဲတဲ့ သူဟာ သေသည်၏အခြားမဲ့မှာ အဲဒီ ညှဉ်းဆဲမှု အကုသိုလ်ကံကြောင့် ငရဲကို ကျရောက်ရတယ်၊ အဲဒီငရဲမှ လွတ်လာတဲ့အခါလဲ ဖြစ်လေရာရာဘဝမှာ အနာရောဂါများတတ်တယ် သူတစ်ပါးကို သနားညှာတာပြီး မညှဉ်းဆဲတဲ့သူကတော့ သေသည်၏ အခြားမဲ့မှာ အဲဒီကုသိုလ်ကြောင့် နတ်ပြည်ကို ရောက်ရတယ်၊ လူ့ဘဝ ပြန်ရောက်လာရင်လဲ အနာရောဂါကင်းပြီး ကျန်းမာတတ်တယ်ဆိုတဲ့အကြောင်း ဝေဖန်ပြီး ဟောကြားတော်မူပါတယ်၊ အဲဒါကို ဘုန်းကြီးက "ညှဉ်းဆဲသူကား၊ အနာများ၊ သနားကျန်းမာသည်"လို့ အတိုချုပ်ဆောင်ပုဒ် စီထားတယ်၊ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

"ညှဉ်းဆဲသူကား၊ အနာများ၊ သနားကျန်းမာသည်။" (ဆို)

ပူတိဂတ္တတိဿမထေရ်ဝတ္ထု

ညှဉ်းဆဲမှု အကုသိုလ်ကံကြောင့် အနာရောဂါများတတ်ပုံ သာဂေဝတ္ထုကတော့–မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိပြည်သားတစ်ယောက် မြတ်စွာဘုရား သာသနာတော်မှာဝင်ပြီး ရဟန်းပြုတယ်၊ သူ့အမည်က အရှင်တိဿတဲ့၊ ရဟန်းပြုပြီးတော့ သီလ သမာဓိ ပညာအကျင့်တွေကို ကောင်းမွန်စွာ ကျင့်နေတယ်၊ နောက်ကာလ အတန်ငယ်ကြာတော့ သူ့မှာ အနာရောဂါတွေပေါ်လာတယ်၊ အစမှာတော့ မုန်ညင်းစေ့လောက် အဖုကလေးတွေ ပေါက်လာတယ်၊ နောက်တဖြည်းဖြည်းနဲ့ ပဲနောက်လုံးလောက် ကုလားပဲလုံး စားတော်ပဲလုံးလောက် ဆီစေ့လောက် ဆီးဖြူသီးလောက် ဥသျှစ်သီးကင်းလောက် ဖြစ်လာတယ်၊ နောက်ဆုံးကျတော့ ဥသျှစ်သီးမှည့်လောက် အဖုအလုံးကြီးတွေဖြစ်လာပြီး ပေါက်ကွဲကြတယ်၊ တစ်ကိုယ်လုံးမှာ အပေါက် အပေါက်တွေ ဖြစ်နေတယ်၊ အဲဒီလို ဖြစ်ပြီး တစ်ကိုယ်လုံးပုပ်နေလို့ သူ့ကို ပူတိဂတ္တတိဿလို့ ခေါ်ကြတယ်၊ သူ့မှာ အရိုးတွေကလဲ ဆွေးမြည့်ပြီး ကျိုးကုန်သတဲ့၊ ယခုကာလမှာလဲ တချို့မှာ ဒီလို အရိုးတွေဆွေးနေတာကို ကြားရတယ်၊ လက်ကိုကိုင်ပြီး မလိုက်ရင် အဲဒီအရိုးက ကျိုးသွားသတဲ့ ခြေကို မလိုက်ရင်လဲ ခြေရိုးက ကျိုးသွားသတဲ့၊ ဒါကြောင့် ဒီလူမမာကို မကိုင်ဝံ့ မ မဝံ့တာနဲ့ ဆွေမျိုးတွေက ဘယ်လိုမှ မပြုနိုင်ဘဲ မျက်ရည်စက်လက်နဲ့ ကြည့်နေ ကြရတယ်လို့ဆိုတယ်၊ အဲဒီ ပူတိဂတ္တတိဿ မထေရ်မှာလဲ သူတပည့်တွေက ကြာတော့ မပြုစုနိုင်ကြတော့ဘူး၊ အဝတ်သင်္ကန်းတွေဟာလဲ သွေးပုပ် ပြည်ပုပ်တွေနဲ့ လူးပေနေတယ်၊ ဘယ်သူမှ ပြုစုသူမရှိဘဲ ကိုးကွယ်ရာမဲ့ ဖြစ်နေပါသတဲ့၊ ဟုတ်မှာပဲ၊ အလွန်ဆိုးရွားတဲ့ အနာရောဂါတွေကို ကြာရှည်ပြုစုရတော့ တာဝန်လေးကြမှာပဲ၊ တပည့်မပြောနဲ့ မိဘနဲ့သားသမီးတောင် ကြာရှည်လာတော့ တာဝန်လေးတတ်ပါတယ်။

ဘုရားကိုယ်တော်တိုင် သူနာပြုပုံ

အဲဒီလို ကိုးကွယ်ရာမဲ့ ဖြစ်နေတဲ့အခါမှာ မြတ်စွာဘုရားက အဲဒီ ပူတိဂတ္တတိသမထေရ် ကိုးကွယ်ရာမဲ့ ဖြစ်နေပုံနဲ့ ရဟန္တာဖြစ်ဖို့အကြောင်း ဥပနိဿယ ရှိပုံကို မြင်တော်မူတာနဲ့ ကျောင်းစဉ်လှည့်ပြီး ကြည့်ရှုတဲ့အနေအားဖြင့် အဲဒီနေရာကို ကြွသွားတော်မူတယ်၊ မီးတင်းကုပ်မှာ ရေနွေးတည်ပြီး ရေ ပူနွေးအောင် စောင့်နေတော်မူတယ်၊ ရေ ပူနွေးတဲ့အခါ အဲဒီ ပူတိဂတ္တတိသ ရဟန်းရဲ့ ခုတင်ညောင်စောင်းကို မပြီး ရွှေ့ဖို့ ကိုင်တော်မူတယ်၊ အဲဒီအခါ အနီးအပါးမှာရှိတဲ့ ရဟန်းတွေက "ဖယ်တော်မူပါဘုရား တပည့်တော်တို့ မ-ရွှေ့ပါမယ်"လို့ လျှောက်ပြီး မီးတင်းကုပ်သို့ ယူလာကြတယ်၊ မြတ်စွာဘုရားက ရေစည်ပိုင်းကို ယူစေပြီးတော့ ရေနွေးထည့်ပြီး အဲဒီရဟန်းတွေကို ပူတိဂတ္တတိသရဲ့ ဧကသီကို ရေနွေးနဲ့ ဆွတ်ခွာပြီး လျှော်စေတယ်၊ လျှော်ပြီး နေလှန်းစေသတဲ့၊ အဲဒီအတောအတွင်း မြတ်စွာဘုရားက အနီးအပါးမှာ ရပ်တော်မူကာ ပူတိဂတ္တတိသရဲ့ ကိုယ်ကို ရေနွေးနဲ့ဆွတ်ပြီး ရေချိုးပေးစေတယ်၊ နေလှန်းထားတဲ့ ဧကသီ ခြောက်တဲ့အခါ အဲဒီဧကသီကို ဝတ်စေပြီးတော့ သင်းပိုင်းကို ရေနွေးနဲ့လျှော်ပြီး နေပူမှာ လှန်းထားစေတယ်၊ အဲဒီ သင်္ကန်းခြောက်တဲ့အခါ အဲဒီသင်းပိုင်ကို ဝတ်စေတယ်၊ ဧကသီကို ရုံစေတယ်၊ အဲဒီအခါ ပူတိဂတ္တတိသမထေရ်ဟာ သက်သာရာရပြီး စိတ်တည်ငြိမ်စွာနဲ့ ခုတင်ပေါ်မှာ လျောင်းနေတယ်၊ မြတ်စွာဘုရားက ပူတိဂတ္တတိသရဲ့ ခေါင်းရင်းက ရပ်တော်မူလျက် တရားဂါထာတစ်ပုဒ်ကို ဒီလို ဟောတော်မူပါတယ်။

အစိရံ ဝတ ယံ ကာယော၊ ပထဝိံအဓိသေဿတိ။
ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံ ဝ ကလိင်္ဂရံ။

ဘိက္ခု-ချစ်သားတိသရဟန်း၊ အယံကာယော-ဤသင့်ကိုယ်သည်၊ အစိရံ-မကြာမြင့်မီ၊ အပေတဝိညာဏော-အသိစိတ်ဝိညာဏ် ကင်းသည်ဖြစ်၍၊ (မကြာခင်ဘဲ အသိစိတ်ဝိညာဏ်ချုပ်ကင်းပြီး သေတော့မယ်လို့ ဆိုပါတယ်၊ အနာရောဂါက အသည်းအသန်ဖြစ်နေတော့ မကြာခင်သေတော့မယ်ဆိုတာ အလွန်ပင် ထင်ရှားနေပါတယ်၊ သတိသံဝေဂဖြစ်စရာ အင်မတန်ပေါ်လွင်နေပါတယ်၊ အဲဒါကို မြတ်စွာဘုရားက သတိဖော်ပေးပါတယ်၊ ဒီလိုအခါမှာ ဘာမှမျှော်လင့်စရာမရှိတော့ တရားပဲ အားကိုးစရာ ရှိတော့တယ် ဆိုတာကို သတိရစေပါတယ်၊) အပေတဝိညာဏော အသိစိတ်ဝိညာဏ်ကင်းသည်ဖြစ်၍၊ ဆုဒ္ဓေါ-သီတင်းသုံးဖော်များက သုသာန်၌ စွန့်ပယ်အပ်သောကြောင့် (အသိစိတ်ဝိညာဏ် မရှိတော့ဘူး သေပြီဆိုမှဖြင့် ရုပ်ကိုယ်ကြီးဆိုတာ ဘာမှအသုံးကျတာ မဟုတ်တော့ဘူး၊ မသေခင်က ဘယ်လိုပင် အလေးအမြတ်ပြုအပ်တဲ့ ကိုယ်ဖြစ်ပေမယ့် သေသွားတဲ့အခါကျတော့ ဘယ်သူကမျှ အလေးအမြတ်မပြုနိုင်ကြတော့ဘူး၊ ဘယ်သူမှ ဒီအလောင်းကောင်ကြီးနားမှာ မနေချင်ကြတော့ဘူး၊ မသေခင်က ခဏလေးတောင် မခွဲရက်ဘူးဆိုတဲ့ သူတွေလဲ အနီးအပါး မကပ်ချင်ကြတော့ဘူး၊ ၂-ရက် ၃-ရက်လောက်ကြာရင် ပုပ်ပွပြီးတော့ သာပြီးရွံ့စရာကြောက်စရာကြီး ဖြစ်လာတယ်၊ ဒါကြောင့် ကျောင်းမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ၊ ကြာကြာ မထားနိုင်ကြဘူး၊ ဝေးရာ သုသာန်သို့ ပို့လိုက်ကြရ စွန့်လိုက်ကြရတော့တာပဲ၊ ဒါကြောင့်) ဆုဒ္ဓေါ-သီတင်းသုံးဖော်တို့က သုသာန်၌ စွန့်ပယ်အပ်သောကြောင့် ပထဝိံအဓိသေဿတိဝတ-သုသာန်မြေ၌ စင်းစင်းခွေခွေ အိပ်နေရတော့မည်တကား၊ (ဘယ်သူမှ ကြည့်ရှုသူမရှိဘဲ သုသာန်မြေပေါ်မှာ ဒီကိုယ်ကောင်ကြီးဟာ စင်းစင်းဖြစ်စေ၊ ခွေခွေဖြစ်စေ၊ အိပ်နေရချေတော့မယ်၊ မကြာတော့ဘူးတဲ့၊) ကိမိဝ-ဘာနှင့်တူမလဲဆိုရင်၊ နိရတ္ထံ-အကျိုးမပြီး၍ အသုံးမဝင်သော၊ ကလိင်္ဂရံဝ-သစ်သားအဖျင်းအည့ံကဲ့သို့ပင် အိပ်နေရချေတော့မည်တဲ့၊ (ကုလားထိုင် ခုတင် အိမ်တိုင်စသည် အသုံးကျတဲ့ သစ်သားချောင်းများကိုတော့ လူတွေက အိမ်မှာယူပြီး အသုံးချကြတယ်၊ အဲဒီလို အသုံးမကျတဲ့ အကောက်အကွေး အပိုင်းအစ သစ်သားဖျင်း သစ်သားညံ့တွေကိုတော့ တောထဲမှာပဲ စွန့်ပစ်ထားခဲ့ကြတယ်၊ ဘယ်သူမှ ဂရုမစိုက်ကြဘူး၊ သူ့ဟာသူ တောထဲမှာပင် တည်နေရသလိုပဲ သင်၏ဒီကိုယ်ကောင်ဟာလဲ သုသာန်မြေပေါ်မှာ ဘယ်သူကမှ ဂရုပြုခြင်းမရှိဘဲ စင်းစင်းခွေခွေ သူ့ဟာသူပဲ တည်နေရချေတော့မယ်လို့ ဆိုလိုပါတယ်။)

ရဟန္တာဓာတ်တော်ဆိုတာ အရိုးတွေပါပဲ

ပူတိဂတ္တိသမထေရ်ဟာ မူလကလဲ တရားကို နှလုံးသွင်းအားထုတ်မှု အခြေခံကရှိနေတဲ့အတွက် အဲဒီဂါထာတရားကို နာနေရင်း ဝိပဿနာဉာဏ် အစဉ်အတိုင်း တက်ပြီး အရဟတ္တဖိုလ်သို့ ရောက်သွားတယ်၊ ရဟန္တာဖြစ်သွားတယ်၊ ရဟန္တာဖြစ်ပြီး မကြာခင်ဘဲ ပရိနိဗ္ဗာန်စံသွားတယ်၊ မြတ်စွာဘုရားက သူ့အလောင်းကို မီးသင်္ဂြိုဟ်စေပြီး အရိုးဓာတ်တော်တွေကို စေတီတည်စေတယ်၊ ရဟန္တာဓာတ်တော်ဆိုတာ အရိုးဓာတ်တော်တွေပါပဲ၊ မြန်မာပြည်မှာတော့ ဓာတ်တော်ဆိုရင် ဘုရားဓာတ်တော်လို အလုံး အလုံးကလေးတွေလို့ ဒီလိုအများက ထင်မြင်ယူဆ ပြောဆိုနေကြပါတယ်၊ အမှန်မှာတော့ အဲဒီလို မဟုတ်ဘူး၊ ဘုရားဓာတ်တော်များသာ မြတ်စွာဘုရား၏ အဓိဋ္ဌာန်ချက်ကြောင့် အလုံး အလုံးကလေးတွေ ဖြစ်ကြတာပါ၊ ရဟန္တာများ၏ ဓာတ်တော်များက ပကတိအရိုးအတိုင်းပါပဲ၊ ဘာကြောင့် ဒီလိုသိရသလဲဆိုရင် ဘုန်းကြီးတို့ အိန္ဒိယနိုင်ငံ ကလကတ္တားမြို့ကို သီးသန့်လေယာဉ်ဖြင့်သွားပြီး အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်များကို ပင့်ဆောင်စဉ် အခါတုန်းက ဓာတ်တော်တိုက်ထဲမှာ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်တွေကို ထင်ရှားတွေ့ခဲ့ရပါတယ်၊ ပကတိအရိုးအတိုင်းပါပဲ၊ အရောင်းအဆင်းက ဖြူဖွေးနေတယ်၊ ပုံသဏ္ဌာန်ကတော့ လက်ဆစ်ရိုးကလေးတွေဟာ လက်ဆစ်ကလေးများအတိုင်းပါပဲ၊ အစွန်း ၂–ဘက် အဆစ်နေရာများကကြီးပြီး ခါးလယ်ကသေးနေတယ်၊ အဲဒီအရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်များတောင် ပကတိအရိုးအတိုင်း ရှိနေတယ်ဆိုတော့ ဒီပြင် ရဟန္တာများ၏ ဓာတ်တော်များဟာလဲ ပကတိအရိုးအတိုင်းပဲ ရှိလိမ့်မယ်ဆိုတာ သံသယဖြစ်ဖွယ် မရှိပါဘူး၊ ဒါကြောင့် ယခုမြန်မာပြည်မှာ ရိုသေလေးစားအပ်တဲ့ ဆရာတော် တစ်ပါးပါး ပျံတော်မူလို့ မီးသင်္ဂြိုဟ်တဲ့အခါမှာ ကျောက်ခဲကလေးများလို ဓာတ်တော်များကျတယ်ဆိုတာကို ချင့်ပြီး ယုံကြဖို့ပါပဲ။

ပူတိဂတ္တတိသ မထေရ်၏ရှေးအကြောင်း

အဲဒီလို စေတီတည်စေပြီးနောက် ရဟန်းတော်များက ပူတိဂတ္တတိသမထေရ်ဟာ ဘယ်မှာဖြစ်ပါသလဲ–လို့ မေးလျှောက်ကြတယ်၊ ပရိနိဗ္ဗာန်စံသွားတဲ့အကြောင်း မြတ်စွာဘုရားက မိန့်တော်မူတဲ့အခါ "ရဟန္တာဖြစ်ဖို့အကြောင်း ဥပနိဿယ ရှိပါလျက် သူ့ကိုယ်ဟာ ဘာကြောင့်အနာတွေပေါက်ပြီး ပုပ်ရပါသလဲ၊ သူ့အရိုးတွေဟာ ဘာကြောင့်ကျိုးရပါသလဲ၊ ဘာကြောင့် ရဟန္တာ ဖြစ်ရပါသလဲ"လို့ မေးလျှောက်ကြပြန်တယ်၊ အဲဒီအခါ မြတ်စွာဘုရားက ဒီလို ဖြေကြားတော်မူပါတယ်။

ပူတိဂတ္တတိသမထေရ်ရဲ့ အလောင်းဟာ ကဿပမြတ်စွာဘုရား လက်ထက်တော်ကာလက ၄က်မုဆိုး ဖြစ်ခဲ့တယ်၊ ၄က်တွေကိုသတ်ပြီး ရောင်းစားခဲ့တယ်၊ တစ်နေ့တည်းရောင်းလို့ မကုန်နိုင်မည့် ၄က်တွေကို မသတ်သေးဘဲ အတောင်ချိုးထားတယ်၊ ခြေကိုချိုးထားတယ်၊ ဟိုတုန်းက အအေးခန်းတို့ ရေခဲစိမ်တာတို့ ဆိုတာရှိပုံမပေါ်ဘူး၊ ဒါကြောင့် ပုပ်ပျက်မကုန်အောင် အရှင်အတိုင်းချိုးဖဲ့ပြီး သိမ်းဆည်းထားတယ်၊ ယခုကာလမှာလဲ ၄က်တွေကို မသတ်သေးဘဲ ဒီလိုနှိပ်စက်ပြီး လှောင်ထားတာတွေ ငါးတွေကို လှောင်ထားတာတွေ ရှိတယ်လို့ ကြားရတယ်၊ အဲဒါမျိုး ဖြစ်ပါလိမ့်မယ်၊ အဲဒီလို ၄က်တွေကို လိမ်ချိုးပြီး နှိပ်စက်ခဲ့ သတ်ခဲ့တဲ့အတွက် ငရဲမှာ ကြာမြင့်စွာ ဆင်းရဲဒုက္ခ ခံခဲ့ရပြီးတော့ အဲဒီကံကြောင်းကြောင့် လူဖြစ်တဲ့အခါမှာလဲ အနာရောဂါများခဲ့ရတယ်၊ ယခုဘဝမှာလဲ အဲဒီ နှိပ်စက်မှု အကုသိုလ်ကံကြောင့် အနာတွေပေါက်ပြီး တစ်ကိုယ်လုံးပုပ်ရတယ်၊ အရိုးတွေလဲကျိုးရတယ်၊ နောက်ဆုံး အဲဒီ၄က်မုဆိုးဖြစ်စဉ်က တစ်နေ့သောအခါ သူ့အိမ်ကို ကြွရောက်လာတဲ့ ရဟန္တာမထေရ်အား သူစားဖို့ချက်ထားတဲ့ ၄က်သားဟင်းနှင့် ဆွမ်းကိုလှူပြီးတော့ အရှင်မြတ်တို့ သိမြင်တဲ့ တရား၏အပြီးအဆုံးသို့ ရောက်ရပါစေ–လို့ ဆုတောင်းခဲ့တယ်၊ အဲဒီ ဆွမ်းအလှူဒါနကြောင့် ရဟန္တာဖြစ်ရတယ်ဆိုတဲ့အကြောင်း ဖြေကြားတော်မူပါတယ်။

အဲဒီ ဝတ္ထုထဲမှာ အနာရောဂါတွေ အကြီးအကျယ်ဖြစ်ပြီး တစ်ကိုယ်လုံး ရစရာမရှိအောင် ပုပ်ရတယ်၊ အရိုးတွေလဲကျိုးရတယ်ဆိုတာဟာ "ညှဉ်းဆဲသူကား အနာများ"ဆိုတဲ့ အကုသိုလ်အကျိုးပြ စကားရဲ့ သက်သေသာဓကပါပဲ၊ သူတစ်ပါးကို ကိုယ်ချင်းစာကာ သနားပြီး မညှဉ်းဆဲဘဲ ကြဉ်ရှောင်ရင်တော့ အရှင်ဗာကုလတို့လို အနာကင်းရှင်း ကျန်းမာခြင်း၏အကြောင်း ဖြစ်ပါတယ်၊ ဘုန်းကြီး ဆယ်ဝါလောက်တုန်းက မော်လမြိုင်တောင်ဝိုင်း တိုက်ကျောင်းမှာ နေစဉ်တုန်းက အနာကင်းရှင်း ကျန်းမာတဲ့ ဒကာမကြီးတစ်ယောက်ကို တွေ့ဖူးတယ်၊ သူ့ကျန်းမာပုံကတော့ ချီးမွမ်းစရာကောင်းပါတယ်၊ အဲဒီတုန်းက ဒီ ဒကာမကြီးဟာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်လောက်ရှိနေပါပြီ၊ သူ့တစ်သက်မှာ နေမကောင်းတာဆိုရင် နှာစေးတာ ခေါင်းကိုက်တာတောင် မတွေ့ဖူးဘူးတဲ့၊ ဆေးဆိုရင်လဲ လျက်ဆားတောင် မလျက်ဘူးတဲ့၊ ဘုန်းကြီးတို့နေတဲ့ တောင်ဝိုင်းဆိုတာ အဲဒီအခါတုန်းက ၄က်ဖျားရှိပါတယ်၊ အဲဒီမှာ ၂–လ ၃–လလောက်နေမိရင် ဖျားတတ်ပါတယ်၊ အဲဒီ ဒကာမကြီးမှာတော့ အဲဒီတောင်ပိုင်းမှာ နှစ်လုံးပေါက်နေပေမယ်လို့ ဘာမှနေမကောင်း ထိုင်မသာ မဖြစ်ဘူး။ တော်တော်ကို ကျန်းမာရေးကောင်းတဲ့ ဒကာမကြီးပဲ၊ အဲဒါဟာ ညှဉ်းဆဲမှု ကြဉ်ရှောင်တဲ့ ကုသိုလ်ကြောင့်လို့ ယူဆရပါတယ်။

ဒါကြောင့် မိမိကိုယ်တိုင် ကျန်းမာမှုများနေရင် ရှေးက ညှဉ်းဆဲမှု နည်းခဲ့လို့ ကင်းခဲ့လို့ပဲဆိုတာ ယူဆသင့်ပါတယ်၊ အနာရောဂါတွေများနေရင်တော့ ရှေးက သူတစ်ပါးကို ညှဉ်းဆဲခဲ့တဲ့ အကုသိုလ်ကြောင့်ပဲလို့ ယူဆသင့်ပါတယ်၊ အဲဒီလို ယူဆ

ပြီးတော့ နောင်ကာလ နောင်ဘဝတွေမှာ အနာရောဂါကင်းရှင်းပြီး ကျန်းမာ ချမ်းသာရအောင် ညှဉ်းဆဲမှုကို ရှောင်ကြဉ်မယ်လို့ အဓိဋ္ဌာန်ပြုပြီး မညှဉ်းဆဲမှု သနားညှာတာမှု ကုသိုလ်တရားတွေကို ပွားသည်ထက်ပွားအောင် များသည်ထက်များအောင် ကျင့်သုံးသွားကြရမယ်၊ ကဲ အကျိုးပြဆောင်ပုဒ်ကို ဆိုကြပါဦး။

ညှဉ်းဆဲသူကား အနာများ သနားကျန်းမာသည်။ (ဆို)

သလ္လေခသုတ်မှာ အကုသိုလ်တရား ၄၄–ပါးကို ရှောင်ကြဉ်ဖို့ ဟောထားတဲ့ သလ္လေခတရား ၄၄–ပါးရှိတဲ့အနက်က ဒီကနေ့ဟောခဲ့တာဟာ ဝိဟိံသာညှဉ်းဆဲမှုမှ ရှောင်ကြဉ်မှုတစ်ပါးပဲ ပြီးသေးတယ်၊ နောက်ဆက်ဟောဖို့ရာ ၄၃–ပါး ကျန်သေးတယ်၊ ဒီကနေ့တော့ ဒီတွင်ပဲ ရပ်ကြဦးစို့၊ ဒီကနေ့ ပြုပြုသမျှ ကုသိုလ်တွေကို အမျှဝေပြီး တရားသိမ်းကြစို့၊ ကဲလိုက်ဆိုကြ။

အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျွန်ုပ်တို့ပြုစုပွားများ အားထုတ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ဝေယျာဝစ္စကုသိုလ် တရားဟောရသောကုသိုလ် တရားနာရသောကုသိုလ် အစရှိသော ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမိအဘတို့အား အမျှပေးဝေပါကုန်၏၊ အဆွေအမျိုးတို့အား အမျှပေးဝေပါကုန်၏၊ ဤအရပ်၌ ရောက်ရှိနေကြသော လူပရိသတ် နတ်ပရိသတ်အပေါင်းတို့အား အမျှပေးဝေပါကုန်၏။ သိကြားမင်းကြီးမှစ၍ အလုံးစုံသော နတ်အပေါင်း အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု.... သာဓု..... သာဓု.....။

သလ္လေခသုတ်တရားတော် ပဌမပိုင်း ဤတွင်ပြီး၏။

သလ္လေခသုတ်တရားတော်ကြီး

ဒုတိယပိုင်း

၁၃၃၂–ခုနှစ်၊ ဦးတန်ခူးလပြည့်နေ့ ဟောသည်။

တရားအနှုသနေ့

သလ္လေခသုတ် တရားကို ပြီးခဲ့တဲ့ တန်ခူးလဆန်း ၈–ရက် သင်္ကြန်အကျနေ့ကစပြီး ဟောခဲ့တယ်၊ အဲဒီမှာ–

ဝိဟိသာ, ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာ, မုသာ၊ ပိသု၊ ဖရု, သမ္ဖာ၊ အဘိဇ, ဗျာနှင့်၊ ဆယ်ဖြာ မိစ္ဆတ္တ၊ စဉ်တိုင်းပြ ၍–စသည်ဖြင့် ဆောင်ပုဒ်မှာ ပြထားတဲ့အတိုင်း ၄၄–ပါးသော အကုသိုလ်တရားတွေကို ပယ်ဖို့ရာ မြတ်စွာဘုရားက ညွှန်ပြ ထားပါတယ်၊ ဒါကြောင့် အဲဒီဆောင်ပုဒ်ရဲ့ အဆုံးမှာ ကိလေသာဘေး၊ လေးဆယ့်လေးကို၊ ဝေးဝေးစွန့်စေ၊ ညွှန်ပြပေသည်၊ သလ္လေခသုတ် မိန့်ခွန်းတည်း–လို့ ဆိုထားပါတယ်။

အဲဒီ ၄၄–ပါးထဲက သင်္ကြန်အကျနေ့တုန်းက ဟောခဲ့တာဟာ ဝိဟိသာဆိုတဲ့ အစဆုံး အကုသိုလ်တစ်ခုပဲ ပြီးခဲ့သေး တယ်၊ အဲဒီ ဝိဟိသာပြီးတော့ ပါတ–ဆိုတဲ့ ပါဏာတိပါတကို ဟောရမယ်၊ ဆောင်ပုဒ်ထဲမှာ အက္ခရာလေးလုံး စီရမည့်နေရာမှာ အက္ခရာငါးလုံးမက လွန်နေလို့ ပါဏာတိဆိုတာကို နှုတ်ပြီး ပါတ–လို့ သိရုံလောက် စီထားရတယ်၊ ပါဏာတိပါတဆိုတာ ငါးပါးသီလထဲမှာ ပါဝင်နေလို့ အများက သိနားလည်ကြပြီးပဲ ဖြစ်ပါတယ်၊ ဒါပေမယ့် တရားအစဉ် ကျရောက်လာတဲ့အခါ သေချာသည်ထက် သေချာအောင် သရုပ်ခွဲပြီး ဟောရမယ်။

ပါဏာတိပါတ–ပုဒ်အနက်

ပါဏ–ဆိုတာက လောကဝေါဟာရအားဖြင့် သတ္တဝါလို့ ခေါ်တာပဲ၊ ပရမတ္ထ သဘောတရားအားဖြင့်တော့ ဇီဝိတိန္ဒြေ ကိုခေါ်တယ်၊ ဇီဝိတိန္ဒြေဆိုတာ အသက်လို့ခေါ်ရတဲ့ သဘောတရားပါပဲ၊ အတိ–ဆိုတာက အလွန်လျင်မြန်စွာတဲ့၊ ပါတ–ဆိုတာ က ကျစေတယ်တဲ့၊ ဒါကြောင့် ပါဏာတိပါတဆိုတာ ဇီဝိတိန္ဒြေခေါ်တဲ့ အသက်ကို သေချိန်မကျသေးခင် အလျင်အမြန် ကျစေ တယ်လို့ ဆိုလိုပါတယ်၊ သတ္တဝါကို သေချိန်မကျသေးခင် သေအောင်ပြုလုပ်တာကို ဆိုတာပါပဲ၊ အဲဒါကို အရပ်သုံးစကားနဲ့ ဆိုရင်တော့ သတ္တဝါကို သေစေတယ်၊ သတ်တယ်လို့ ပြောဆိုနေကြပါတယ်၊ အဲဒီ သတ်မှု အကုသိုလ်ကို ပယ်ဖို့ရာ မြတ်စွာ ဘုရားက သလ္လေခဝါရမှစပြီး ငါးဝါရခွဲခြားဟောထားပါတယ်၊ သလ္လေခ ဝါရမှာ ဟောတော်မူပုံကတော့–

သလ္လေဝေါရဏ် ဟောတော်မူပုံ

ပရေ ပါဏာတိပါတီ ဘဝိဿန္တိ၊ မယမေတ္ထ ပါဏာတိပါတာ ပဋိဝိရတာ ဘဝိဿ
မာတိ သလ္လေခေါ ကရဏီယော–တဲ့။

ပရေ–တစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ ဏရ–သလ္လေခအကျင့်ကို မကျင့်ကြသော သူတစ်ပါးတို့သည်၊ ပါဏာတိပါတီ– သတ္တဝါ၏ အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိကုန်သည်၊ ဘဝိဿန္တိ–ဖြစ်ကုန်လတ္တံ့။

ကိလေသာကို ခေါင်းပါးစေတဲ့ သလ္လေခအကျင့်ကို မကျင့်နိုင်ကြတဲ့ အခြားပုဂ္ဂိုလ်တွေက သူတစ်ပါးကို မညှာမတာ ရက်ရက်စက်စက် သတ်ကြလိမ့်မယ်တဲ့၊ အဲဒီလို သတ်နေကြတာတွေဟာ အများကြီးပါပဲ၊ ကိုယ့်အသက်သေရမှာကျတော့ အဲဒီလို ပုဂ္ဂိုလ်တွေက အလွန်ကြောက်ကြပါတယ်၊ ဒါကြောင့်–

သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော–လို့

ဒီလိုလဲ ဟောထားပါတယ်၊ သဗ္ဗေ–အလုံးစုံသော သတ္တဝါတို့သည်၊ ဒဏ္ဍဿဘေးဒဏ်မှ၊ တသန္တိ–ထိတ်လန့်ကြကုန်၏၊ သဗ္ဗေ –အလုံးစုံသော သတ္တဝါတို့သည်၊ မစ္စုနော–သေခြင်းမှ၊ ဝါ–သေရမည်မှ၊ ဘာယန္တိ–ကြောက်ကြကုန်၏။

သတ္တဝါတွေအားလုံးဟာ ဘေးဒဏ်သင့်မှာ သေရမှာ ထိတ်လန့်ကြတယ်၊ ကြောက်ကြတယ်၊ အဲဒါဟာ ယေဘုယျ အများကိုင့်ပြီး ပြောတာပါပဲ၊ ဒေါသကင်းတဲ့အနာဂါမ်နှင့် ရဟန္တာတွေကတော့ မထိတ်လန့်ကြ မကြောက်ကြပါဘူး၊ ဒါပေမယ့် အဲဒီလို မထိတ်လန့်တတ် မကြောက်တတ်တဲ့ အနာဂါမ် ရဟန္တာဆိုတာက အလွန်နည်းပါတယ်၊ အနာဂါမ် ရဟန္တာမဟုတ်တဲ့ အခြားသတ္တဝါတွေကပဲ အတိုင်းမသိများပြားပါတယ်၊ အဲဒီ အတိုင်းမသိများပြားလှတဲ့ သတ္တဝါတွေဟာ အားလုံးပဲ ထိတ်လန့် တတ်ကြ ကြောက်တတ်ကြပါတယ်၊ ဒါကြောင့် အများကိုင့်ပြီး ယေဘုယျအားဖြင့် သတ္တဝါတွေ အားလုံးဟာ ဘေးဒဏ်သင့်မှာ ထိတ်လန့်ကြတယ်၊ သေရမှာကြောက်ကြတယ်–လို့ ဟောထားပါတယ်၊ သတ္တဝါတွေဟာ ကိုယ်သေရမှာတော့ သိပ်ကြောက်ကြ တယ်၊ ဒါပေမယ့် သူတစ်ပါးကိုတော့ ရက်ရက်စက်စက် သတ်ဖြတ် ကြတယ်။

ကမ္ဘာလောကကြီးကို လျှောက်ကြည့်လိုက်ရင် အများအားဖြင့် နိုင်ရာနိုင်ရာ သတ်စားနေကြတာကို တွေ့ရတယ်၊ ကိုယ့်အသက်တစ်ခုရှင်ရေးအတွက် အခြားသတ္တဝါတွေများစွာကို သတ်ပြီးစားနေကြတယ်၊ ပင်လယ်ထဲ ရေထဲမှာ အလွန်သေး ငယ်တဲ့ သတ္တဝါကလေးတွေဆိုတာ ရှိတယ်၊ အဲဒီသတ္တဝါအငယ်ကလေးတွေကို သူတို့ထက် အတော်အတန်ကြီးတဲ့ သတ္တဝါ တွေက သတ်စားကြတယ်၊ အဲဒီအတော်အတန်ကြီးတဲ့ သတ္တဝါတွေကလဲ သူတို့ထက်ကြီးတဲ့ သတ္တဝါတွေက သတ်စားကြ တယ်၊ အဲဒီနည်းဖြင့် နိုင်ရာ နိုင်ရာ အဆင့်ဆင့် သတ်စားကြတာဟာ ဝေလငါးဆိုတဲ့ အကောင်ကြီးတွေရောက်ရော၊ အဲဒီ အကောင်ကြီးတွေကတော့ ရေသတ္တဝါထဲမှာ အကြီးဆုံးပဲ၊ အဲဒီ ငါးကြီးတွေက သူတို့အောက် စားလောက်တဲ့ ငါးတွေကို သတ်စာ ားကြတယ်၊ အဲဒါက ရေသတ္တဝါ အချင်းချင်း နိုင်ရာ သတ်စားနေကြပုံပဲ။

ကုန်းသတ္တဝါတွေကို ကြည့်လိုက်ရင်လဲ အများအားဖြင့် နိုင်ရာ နိုင်ရာ သတ်စားကြတာကို နည်းတူပဲ တွေ့ရတယ်၊ ဒီအထဲမှာ ပုရွက်ဆိတ်တို့ ကျားတို့ ဒီလိုအကောင်တွေကတော့ သူတို့ထက်ကြီးတဲ့ အကောင်တွေကိုလဲ သတ်စားကြတာပဲ၊ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုနိုင်ရာ သတ်စားနေကြတဲ့ တိရစ္ဆာန်တွေကို ရည်ပြီးတော့၊ ဇတ္တ–ဤတိရစ္ဆာန်လောကၦ၊ အညမညခါဒိကာ–အချင်းချင်း စားတတ်သော အကျင့်သည်၊ ဒုဗ္ဗလခါဒိကာ–အားနည်းသူကို စားတတ်သော အကျင့်သည်၊ ဝတ္တတိ–ဖြစ်နေသည်–လို့ ဟောထားပေတာပဲ၊ လူတွေကို ကြည့်လိုက်မယ်ဆိုရင် လူတွေက ပိုပြီး နယ်ကျယ်တာကို တွေ့ရ တယ်၊ ကုန်းပေါ်က သတ္တဝါတွေကိုရော မြေကြီးထဲအောင်းနေတဲ့ သတ္တဝါတွေကိုရော ရေထဲက သတ္တဝါတွေရော ကောင်းကင် မှာပျံနေတဲ့ သတ္တဝါတွေကိုရော ဖမ်းပြီး သတ်စားနေကြတယ်၊ အလွန်ဝေးကွာတဲ့ ပယ်လယ်ထဲက ဝေလငါးကြီးတွေ ဆိုတာလဲ သတ်ပြီး အဆီကိုယူ–သုံးစွဲနေကြတယ်၊ အလွန်ကို နယ်ကျယ်ပါတယ်။

အဲဒီလို သူတစ်ပါးကိုသတ်ပြီး စားကြ သုံးစွဲကြတာဟာ ဘာအတွက်လဲဆိုရင် မိမိတို့ ကိုယ်ခန္ဓာ အသက်ရှင်ရေး အတွက် ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်၊ အဲဒီတော့ ကိုယ့်အသက်ကလေးတစ်ခု ရှင်ဖို့ရာ အခြားသတ္တဝါတွေ များစွာကို သတ်ရတယ်၊ အခြားသတ္တဝါတွေရဲ့ အသားအသွေး ရုပ်တွေနဲ့ရင်းနှီးပြီး ကိုယ်ခန္ဓာကို မွေးမြူပြုစုတယ်ဆိုတာဟာ တော်တော် ကို မတရားတဲ့အလုပ်ပါပဲ၊ အဲဒီလို သူတစ်ပါးကိုသတ်ပြီး ကိုယ့်ခန္ဓာကို မွေးမြူနေကြတဲ့ သူတွေဟာ မိမိကိုယ်တိုင် သေရမယ် ဆိုရင်တော့ အင်မတန် ကြောက်ကြပါတယ်၊ သူများက သတ်လို့ သေရမယ်ဆိုရင် သာပြီး ကြောက်တတ်ကြတယ်၊ အဲဒါထက် အခြားသတ္တဝါကြီးတွေက မိမိကို ဖမ်းစားမယ်ဆိုရင် သာပြီးကြောက်လိမ့်မယ်၊ ကျားတို့ ခြသေ့်တို့ ဒီလိုအကောင်တွေက ဖမ်းစားမယ်ဆိုရင် မကြောက်ကြပေဘူးလား၊ လူကို မျိုနိုင်လောက်တဲ့ မြွေကြီးက ဖမ်းပြီးမျိုမယ်ဆိုရင် မကြောက်ကြပေဘူး လား၊ သိပ်ကြောက်ကြမှာပဲ၊ တစ်ခါက ဗဟုသုတဖြစ် စာတစ်ခုကို ဖတ်ဖူးတယ်၊ အမေရိကန်လူတစ်စုဟာ အင်ဒိုနီးရှားကျွန်း တစ်ခုမှာ ဒရာဂွန်ခေါ်တဲ့ အကောင်ကြီးတွေကို ဖမ်းကြတယ်၊ ဒရာဂွန်ဆိုတာ နဂါးလို့ မြန်မာပြန်ကြတယ်၊ ဒါပေမယ့် ပဋ္ဌက စာပေမှာဆိုထားတဲ့ နတ်နဂါး–မြွေနဂါးမျိုးတော့ မဟုတ်ပါဘူး၊ ပုတ်သင်ညိုလို အကောင်အကြီးစားမျိုးပါပဲ၊ အဲဒီအကောင်ကြီး တွေက လူထက်ကြီးပါတယ်၊ သူတို့ဟာ အဲဒီအကောင်ကြီးတွေကို ထောင်ချက်နဲ့ထောင်ပြီး အရှင်ရအောင်လဲ ဖမ်းကြတယ်၊ သေနတ်နဲ့ပစ်သတ်ပြီး အသေလဲဖမ်းကြတယ်၊ အဲဒီသူတို့လူစုထဲမှာ အမျိုးသမီးတစ်ယောက်လဲ ပါတယ်၊ တစ်ခါတော့ ဒရာဂွန် အကောင်ကြီးတစ်ကောင်က အဲဒီ အမျိုးသမီးဆီကို ကိုက်စားမယ်လို့ လာနေတယ်၊ အလွန်နီးကပ်နေပြီ၊ သူ့လက်ထဲမှာလဲ သေနတ်က မရှိတဲ့အခါဖြစ်နေတော့ အဲဒီအမျိုးသမီးဟာ အင်မတန်ပဲ ကြောက်ပါသတဲ့၊ ဒါပေမယ့် အဖော်တစ်ယောက်က အဲဒီဒရာဂွန်အကောင်ကြီးကို သေနတ်နဲ့ ပစ်လိုက်လို့ အဲဒီအမျိုးသမီးဟာ သေဘေးက သီသီကလေး လွတ်သွားတယ်ဆိုတဲ့ အကြောင်း ဖတ်ရဖူးတယ်၊ အဲဒီမှာ သူတစ်ပါးကို ရက်ရက်စက်စက် သတ်ရပေမယ့် ကိုယ့်ကိုနိုင်လောက်တဲ့ အကောင်ကြီးက ဖမ်းစားမယ်ဆိုတော့ အလွန်ကြောက်တဲ့အကြောင်း ဖော်ပြထားတာဟာ ဒီနေရာမှာ သာဓကပါပဲ။

အဲဒါတွေကို စဉ်းစားကြည့်လိုက်ရင် ကိုယ်တိုင်သေရမှာ ကြောက်သလို သတ္တဝါတိုင်း သေရမှာ ကြောက်ကြတယ်၊ ဒါကြောင့် ကိုယ်ချင်းစာတရားနဲ့ သူတစ်ပါးကို မသတ်သင့်ဘူးဆိုတာ ထင်ရှားပေါ်လာပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက–

ပရေ–တစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ ပရေ–သလ္လေခအကျင့်ကို မကျင့်ကြသော သူတစ်ပါးတို့သည်၊ ပါဏာတိပါတီ–သတ္တဝါ၏အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိကုန်သည်၊ ဘဝိဿန္တိ–ဖြစ်ကုန်လတ္တံ့၊ ဇတ္တ–ဤအရာ၌၊ ဝါ–သူ တစ်ပါးအသက်ကို သတ်ဖြတ်လေ့ရှိသော ဤလောကကြီးထဲ၌၊ မယံ–ဘုရားအဆုံးအမကိုရကြသော ငါတို့သည်၊ ပါဏာတိပါ

တာ ပဋ္ဌိဝိရတာ–သတ္တဝါ၏အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့၊ သလ္လေခေါ–ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို ကရဏီယော–ပြုကျင့်အပ်၏–လို့ ဟောတော်မူပါတယ်။

"သူများတွေက သတ်ဖြတ်ကြမည့်နေရာမှာ ငါတို့ကတော့ သူတစ်ပါး အသက်ကို မသတ်ဘူး၊ သတ်မှုမှကြဉ်ရှောင်မယ်၊ သတ်မှုဆိုတဲ့ ကိလေသာကို ပယ်မယ်၊ ခေါင်းပါးစေမယ်"လို့ အဓိဋ္ဌာန်ပြုပြီး ကိလေသာခေါင်းပါးစေတဲ့ အကျင့်ကိုကျင့်ရမယ်တဲ့၊ အဲဒါက သလ္လေခဝါရ–ပဲ။

စိတ္တုပ္ပါဒဝါရစသည်

စိတ္တုပ္ပါဒဝါရကျတော့ ဣတိစိတ္တံ ဥပ္ပါဒေတဗ္ဗံ–ဤသို့သော စိတ်ကိုဖြစ်စေရမယ်လို့ ဟောထားပါတယ်၊ သတ်စရာအကြောင်းမပေါ်သေးခင် စောစောကတည်းက သတ်မှုမှရှောင်ကြဉ်မယ်ဆိုတဲ့ စိတ်ကူးကြံစည်မျိုးမှုကို ဖြစ်စေရမယ်တဲ့၊ ပရိက္ကမနဝါရာ ကြတော့–

ပါဏာတိပါတိနော ပုရိသပုဂ္ဂလဿ–သူ့အသက်ကို သတ်လေ့ရှိသော ယောကျာ်းပုဂ္ဂိုလ်၏၊ ပါဏာတိပါတာ ဝေရမဏီ–သတ်မှုမှရှောင်ကြဉ်ခြင်းသည်၊ ပရိက္ကမနာယ–ရှောင်လွှဲရန်အလို့ငှါ၊ ဟောတိ–ဖြစ်ပေ၏ လို့ဟောထားပါတယ်။

လမ်းဆိုနဲ့လမ်းကောင်း ၂–ခုရှိရာမှာ လမ်းဆိုးက မသွားချင်ရင် လမ်းကောင်းက သွားခြင်းဖြင့် လမ်းဆိုးကို ရှောင်လွှဲနိုင်တာလို သူ့အသက်သတ်ခြင်းဆိုတဲ့ မကောင်းမှုကို သတ်မှုမှကြဉ်ရှောင်ခြင်းဆိုတဲ့ ကောင်းမှုနဲ့ ရှောင်လွှဲနိုင်ပါတယ်၊ သတ်မှုလုံးဝကင်းပြီးလို့ မဆိုရသေးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်မှာ သတ်မှုကို ကြဉ်ရှောင်တာဟာ သတ်မှုဆိုတဲ့ လမ်းဆိုးကို ရှောင်လွှဲဖို့ရာ လမ်းကောင်းဖြစ်တယ်၊ ရှောင်ချင်ရင် ရှောင်လွှဲလိုက်ရုံပါပဲ တဲ့၊ ဆိပ်ကမ်းဆိုးကို ရှောင်လွှဲချင်ရင် ဆိပ်ကမ်းကောင်းက သွားရသလို သတ်မှုကို ရှောင်လွှဲချင်ရင် မသတ်မှုနဲ့ ပြောင်းလဲလိုက်ရုံပါပဲ၊ သတ်မှုကို ကြဉ်ရှောင်မယ်လို့ အဓိဋ္ဌာန်ပြုပြီး ရှောင်လွှဲလိုက်ရုံပါပဲ။

ဥပရိဘာဂဝါရကျတော့–ပါဏာတိပါတာ ဝေရမဏီ–သူ့အသက်သတ်မှုမှ ကြဉ်ရှောင်ခြင်းသည်၊ ဥပရိဘာဂါယ–အထက်အဖို့ အလို့ငှါ၊ ဟောတိ–ဖြစ်ပေ၏ လို့ ဟောထားပါတယ်။

သူ့အသက်ကို သတ်ခြင်းဆိုတာက အကုသိုလ်တရားပဲ၊ အကုသိုလ်ဆိုတာ အောက်အဖို့ကို ကျသွားစေတတ်တယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အပါယ်ရွာ ကျရောက်စေတတ်တယ်၊ လူဖြစ်ပြန်ရင်လဲ ဆင်းရဲတဲ့ အောက်တန်းသစားဘဝတွေမျိုးမှာ ဖြစ်စေတတ်တယ်၊ သူ့အသက်သတ်မှုမှ ကြဉ်ရှောင်တယ်ဆိုတာက ကုသိုလ်တရားပဲ၊ ကုသိုလ်ဆိုတာက လူ့ဘဝ နတ်ဘဝ မြင့်မြတ်ရာဘဝတွေကို ရောက်စေတတ်တယ်၊ တစ်ဆင့်ထက်တစ်ဆင့် ရောက်စေတတ်တယ်၊ မြင့်မြတ်ရာကို ရောက်စေတတ်တယ်၊ ဒါကြောင့် သတ်မှုမှ ကြဉ်ရှောင်တာဟာ အထက်အဖို့ တက်ဖို့ရာ ဖြစ်တယ်လို့ ဆိုပါတယ်၊ ဒီတော့ လူတိုင်း လူတိုင်း စဉ်းစားကြည့်နိုင်ပါတယ်၊ အောက်လမ်းသွားချင်သလား၊ အထက်လမ်းသွားချင်သလား၊ အောက်လမ်းသွားချင်ရင် သူ့အသက်သတ်တဲ့ ပါဏာတိပါတိ–လမ်းကိုသွားရုံပဲ၊ အထက်လမ်းသွားချင်ရင်တော့ သတ်မှုမှကြဉ်ရှောင်ရုံပဲ၊ အဲဒီ အထက်လမ်းသွားရင်တော့ ယခုမျက်မှောက်မှာလဲ ဘေးရန်အန္တရာယ်ကင်းခြင်း စိတ်ချမ်းသာခြင်း စသည်ဖြင့် အဆင့်အတန်း မြင့်တက်သွားပါလိမ့်မည်၊ နောင်သံသရာဘဝတွေမှာလဲ အထက်တန်းကျတဲ့ ဘဝတွေချည်းဖြစ်ပြီး ကြီးပွားချမ်းသာ သွားပါလိမ့်မယ်၊ ဒါကြောင့် ဘုရားတပည့် ဖြစ်ကြတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ကတော့ သတ်မှုမှ ကြဉ်ရှောင်တဲ့ ကုသိုလ်လမ်းစဉ်နဲ့ အထက်တန်းကို တက်ကြရမယ်၊ ဘုရားအဆုံးအမကို မသိတဲ့လူတွေ သိသော်လဲ မလိုက်နာနိုင်တဲ့ သူတွေကတော့ သူတစ်ပါးတွေကို သတ်ပြီးတော့လဲ ကြီးပွားချမ်းသာအောင် အဆင့်အတန်းမြင့်အောင် အားထုတ်နေကြတာတွေ ရှိပါတယ်၊ အဲဒါကတော့ အကြောင်းညီညွတ်လို့ ကြီးပွားချမ်းသာတောင် တစ်ခဏပါပဲ၊ တစ်သက်လျာလောက်ပါပဲ၊ နောက်ဘဝ နောက်ကာလတွေကြတော့ အောက်တန်းကျပြီး ဆင်းရဲဒုက္ခ ရောက်သွားရာကြမှာတွေပါပဲ၊ ပါဏာတိပါတမှ ကြဉ်ရှောင်တယ်ဆိုတဲ့ ဒီလမ်းနဲ့ အဆင့်အတန်း တက်တာကတော့ ပြန်ကျတယ်လို့ မရှိဘူး၊ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်သွားဖို့ပဲရှိတယ်၊ ဒါကြောင့် မသတ်မှုနှင့် အဆင့်အတန်းတက်မယ်လို့ ဒီလိုအဓိဋ္ဌာန်ပြုပြီး ကျင့်ကြရမယ်၊ ကျင့်လဲကျင့်နေကြတာပါပဲ၊ ငါးပါးသီလကို နေ့စဉ်ဆောက်တည်ပြီး ကျင့်နေတာဟာ ပါဏာတိပါတ စသည်မှ ကြဉ်ရှောင်မှုဖြင့် အဆင့်အတန်း တက်နေကြတာပါပဲ၊ ရှစ်ပါးသီလ ဆယ်ပါးသီလ ဆောက်တည်ကျင့်သုံးနေကြတာကိုတော့ အထူးပြောစရာမလိုပါဘူး၊ ငါတို့ဟာ အကောင်းဆုံးနည်းနဲ့ အဆင့်အတန်းတက်ဖို့ အားထုတ်နေရတာပါကလားလို့ ဆင်ခြင်ပြီး ဝမ်းမြောက်ဖို့ပဲ ရှိပါတယ်။

နောက်ဆုံး ပရိနိဗ္ဗာနဝါရမှာတော့ ပါဏာတိပါတာ ဝေရမဏီ–သတ်မှုမှ ကြဉ်ရှောင်ခြင်းသည်၊ ပရိနိဗ္ဗာနာယ–ကိလေသာမီး အပြီးတိုင် ငြိမ်းခြင်းငှါ၊ ဟောတိ–ဖြစ်ပေ၏ လို့ ဟောထားပါတယ်။

မီးကိုရေနဲ့ ငြိမ်းသက်ရင် ငြိမ်းသွားသလို သတ်မှုဆိုတဲ့ ကိလေသာမီးကို ရှောင်ကြဉ်မှု မသတ်မှုဆိုတဲ့ ကုသိုလ်ရေစင်နဲ့ ငြိမ်းသတ်နိုင်ပါတယ်၊ အဲဒီလို ငြိမ်းသတ်လိုက်ရင် အပြီးတိုင် ငြိမ်းသွားနိုင်ပါတယ်တဲ့၊ ယခု ပြောလာခဲ့တာဟာ ပါဏာတိပါတနဲ့စပ်ပြီး ဟောထားတဲ့ ငါးဝါရလုံး ပြည့်စုံသွားပြီ၊ ကဲ–အဓိဋ္ဌာန်ဆောင်ပုဒ် ဆိုကြစို့။ လိုက်ဆိုကြ–

(၂) အဓိဋ္ဌာန်ဆောင်ပုဒ်

"သူများတွေက သတ်ဖြတ်ကြမည့်နေရာမှာ ငါတို့ကတော့ သတ်ဖြတ်မှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ သတ်ဖြတ်မှုကို မသတ်မှုနဲ့ ရှောင်လွှဲမည်၊ မသတ်မှုနှင့် အဆင့်အတန်းတက်မည်၊ သတ်ဖြတ်မှု ကိလေသာမီးကို မသတ်မှုကုသိုလ်ရေစင်နှင့် ငြိမ်းသတ်မည်။"

ဗျာန်နှင့်မသတ်မှု နှိုင်းယှဉ်ပြခြင်း

ပါဏာတိပါတာဝေရမဏီ–သူ့အသက်သတ်မှုမှ ကြဉ်ရှောင်ခြင်းဆိုတာဟာ သီလကုသိုလ် မဟုတ်ပါလား၊ ဒီ သီလကုသိုလ်ကို ဗျာန်သမာပတ်ထက်မြက်တဲ့ သလ္လေခတရားရယ်လို့ ဘာကြောင့်ဟောရသလဲလို့ ဒီလိုမေးစရာရှိပါတယ်၊ အဲဒီမေးခွန်းကို အဋ္ဌကထာမှာ ဖြေရှင်းပုံကတော့ မူလကထုတ်ပြခဲ့တဲ့ ဗျာန်သမာပတ်တွေက သာသနာပတရားများသာ ဖြစ်တဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် မရောက်နိုင်ဘူး၊ မည့်ဉ်းဆဲခြင်း သတ်မှုမှ ကြဉ်ရှောင်ခြင်း အစရှိတဲ့ ကုသိုလ်တရားတွေကတော့ သာသနာတွင်းတရားတွေ ဖြစ်တဲ့အတွက် မဂ်ဖိုလ် နိဗ္ဗာန်အထိ ရောက်စေနိုင်ပါတယ်၊ ဒါကြောင့် သလ္လေခတရားလို့ ဟောတယ်ဆိုတဲ့အကြောင်း ဖြေရှင်းပြသွားပါတယ်။

အဲဒီဖြေရှင်းချက်မှာလဲ ပါဠိတတ်ပုဂ္ဂိုလ်တွေက ထပ်ပြီးမေးစရာရှိပြန်ပါတယ်၊ ဗျာန်သမာပတ်တွေနဲ့ အထင်ကြီးနေပုံကို ပြတဲ့ပါဠိမှာ ဣမေကစ္စာ ဘိက္ခု–ဤသာသနာတော်က အချို့သောရဟန်း–လို့ ဟောထားတယ် မဟုတ်ပါလား၊ ဒီတော့ သာသနာတွင်းမှာ ဗျာန်သမာပတ်တွေနဲ့ အားရပြီးအထင်ကြီးနေတာလဲ သလ္လေခမှ အလွတ်မဖြစ်နိုင်ပေဘူးလား–လို့ မေးစရာရှိပါတယ်၊ ဘုန်းကြီးတို့ကတော့ ဗျာန်သမာပတ်တွေနဲ့အားရနေရင် သာသနာတွင်းမှာလဲ အဲဒီဗျာန်သမာပတ်တွေဟာ ကိလေသာကို ခေါင်းပါးစေတဲ့ သလ္လေခတရား မဖြစ်ဘူးလို့ဘဲ ဆိုချင်ပါတယ်၊ ဘာကြောင့်လဲဆိုရင် အဲဒီဗျာန်သမာပတ်လောက်နဲ့ အားရကျေနပ်နေရင် အရိယမဂ်ဖိုလ် တရားထူးတွေကို မရနိုင်ဘူး၊ အရိယမဂ်ဖိုလ်ကို မရနိုင်ရင် ကိလေသာကို သမုစ္ဆေဒဟာန်ဖြင့် အကြွင်းမဲ့ ခေါင်းပါးအောင် ကင်းအောင် မပြုနိုင်ဘူး၊ ဒါကြောင့် သလ္လေခအကျင့် မမည်ဘူးလို့ ဆိုချင်ပါတယ်။

ပထမပိုင်းတုန်းက ထုတ်ပြခဲ့တဲ့ မဟာနာဂမထေရ် စူဠသုမ မထေရ်တို့ဟာ ဗျာန်သမာပတ်တွေနဲ့ အားရပြီးနေကြတဲ့အတွက် အနှစ် ၆၀–ခန့်တိုင်အောင် လောကုတ္တရာတရားထူးကို မရဘဲ ရှိနေခဲ့တယ်၊ အကယ်၍သာ အရှင်ဓမ္မဒိန္နမထေရ်ရဲ့ သြဝါဒကို မရရင် အဲဒီမထေရ်တွေဟာ ပျံလွန်တော်မူကြသည်တိုင်အောင် လောကုတ္တရာ တရားထူးကို မရဘဲ အာဠာရရသေ့ ဥဒကရသေ့တို့လိုပဲ အချည်းနှီး ဆုံးရှုံးသွားကြဖွယ် ရှိပါတယ်၊ ဒါကြောင့် သာသနာပမှာသာ မဟုတ်ဘူး၊ သာသနာတွင်းမှာလဲ ဗျာန်သမာပတ်ကိုပင် တရားထူးထင်ပြီး အားရကျေနပ်ရင် အဲဒီဗျာန်သမာပတ်ဟာလဲ ဘုရားအလိုတော်အရအားဖြင့် သလ္လေခအကျင့် မဟုတ်သေးဘူးလို့သာ ဆိုရမယ်။

ဘုရားအလိုတော်ကျ သလ္လေခအကျင့်ကတော့ ညှဉ်းဆဲမှု သတ်မှု အစရှိသော အကုသိုလ်တရားတွေကို သီလနဲ့လဲပယ်ရမယ်၊ သမာဓိနဲ့လဲ ပယ်ရမယ်၊ ပညာနဲ့လဲ ပယ်ရမယ်၊ သီလကို ဆောက်တည်ပြီး ရိုရိုသေသေ စောင့်ထိန်းနေတဲ့ သူမှာ ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်တဲ့ ဝီတိက္ကမကိလေသာ ဖြစ်ခွင့်မရဘူး၊ ကင်းတယ်၊ အဲဒါဟာ သီလနဲ့ ဝီတိက္ကမ ကိလေသာကို ပယ်တာပါပဲ၊ ဒါပေမယ့် စိတ်ကူးထဲမှာ ဖြစ်လာတဲ့ လောဘ ဒေါသ မောဟဆိုတဲ့ ပရိယุဋ္ဌာန် ကိလေသာကိုတော့ သီလနဲ့မပယ်နိုင်ဘူး၊ အဲဒီ စိတ်ကူးထဲမှာ ဖြစ်ပေါ်လာတဲ့ ကိလေသာတွေကိုတော့ သမာဓိနဲ့ ပယ်ရတယ်၊ ဒါကြောင့် အတိုချုပ်အားဖြင့် မှတ်ချင်ရင် သီလဖြင့် ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်မှု ဝီတိက္ကမ ကိလေသာကို ပယ်သည်၊ သမာဓိဖြင့် စိတ်ကူးထဲမှာ ထကြွဖြစ်ပေါ်သော ပရိယุဋ္ဌာန်ကိလေသာကို ပယ်သည်–လို့ မှတ်ထားကြရမယ်၊ ကဲ–မှတ်မိအောင် လိုက်ဆိုကြ–

> "သီလဖြင့် ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်မှု ဝီတိက္ကမ ကိလေသာကို ပယ်သည်။"

ကာယကံမြောက် ကျူးလွန်မှုဆိုတာ သူ့အသက်ကို သတ်တယ်၊ သူ့ဥစ္စာကို နိုးယူတယ်၊ လုယက်တယ်၊ မပိုင်ဆိုင်တဲ့ ကာမဂုဏ်တွေမှာ ပြစ်မှားတယ်၊ ဒါမျိုးတွေပါပဲ၊ ဝစီကံမြောက် ကျူးလွန်မှုဆိုတာကတော့ သူတစ်ပါးအား အကျိုးမဲ့ဖြစ်အောင် လိမ်တယ်၊ ကုန်းတိုက်တယ်၊ ဆဲရေးတယ်၊ အနှစ်မဲ့စကားကို အဖိုးတန် စကားလုပ်ပြီး ပြောတယ်၊ ဒီလိုဟာမျိုးတွေပါပဲ၊ သီလကို ရိုရိုသေသေ စောင့်ထိန်းနေတဲ့သူမှာ အဲဒီလို ကျူးလွန်မှုတွေ မဖြစ်ဘူး ကင်းတယ်၊ ကဲ လိုက်ဆိုကြဦး–

"သမာဓိဖြင့် စိတ်ကူးထဲမှာ ထကြွဖြစ်ပေါ်သော ပရိယုဋ္ဌာန် ကိလေသာကို ပယ်သည်။"

သမာဓိဘာဝနာ ဖြစ်နေတဲ့အခါမှာ သတ်ဖို့ ခိုးဖို့ လိမ်ဖို့ စသည်ဖြင့် ကြံတဲ့ အကုသိုလ်စိတ်ကူးတွေဟာ မဖြစ်နိုင်ဘူး ကင်းနေတယ်၊ ပုံစံထုတ်ပြရရင် ပထဝီကသိုဏ်းကို အာရုံပြုပြီး ပွားများအားထုတ်နေတဲ့သူဟာ ပထဝီပထဝီ မြေမြေလို့စိတ်ဖြင့် မပြတ်နှလုံးသွင်းနေရတယ်၊ အဲဒီလိုနှလုံးသွင်းနေလို့ စိတ်တည်ကြည်မှု သမာဓိဖြစ်နေတဲ့အခါမှာ လောဘစိတ်ကူးလဲ မဖြစ်နိုင်ဘူး၊ ဒေါသစိတ်ကူး စသည်လဲ မဖြစ်နိုင်ဘူး၊ ရှုနေတဲ့ ဘာဝနာ ကုသိုလ်စိတ်ကလေး တစ်ခုတည်းသာ မပြတ်ဖြစ်နေတယ်၊ အာပေါကသိုဏ်းစသည်ကို ရှုနေရင်လဲ နည်းတူပါပဲ။

အာနာပါနသမထဘာဝနာကို ပွားနေတယ်ဆိုရင်လဲ နာသီးဖျားမှာဖြစ်စေ၊ အထက်နှုတ်ခမ်းမှာ ဖြစ်စေ၊ ထင်ရှား တိုက်ခိုက်ရာက စောင့်ပြီးရှုနေရတယ်၊ ဝင်လေကို ဝင်တယ်လို့ ရှုရတယ်၊ ထွက်လေကို ထွက်တယ်လို့ ရှုရတယ်၊ အဌကထာ မှာတော့ တစ် နှစ် သုံး လေး ၈၊ စသည်ဖြင့် ဂဏန်းနဲ့ရေတွက်ပြီး ရှုဖို့တောင် ပြထားပါသေးတယ်၊ အားထုတ်ခါစမှာ သမာဓိ ဖြစ်လွယ်အောင်လို့ ညွှန်ကြားတာပါပဲ၊ လိုရင်းကတော့ ရှူသွင်းတိုင်း ရှူသွင်းတိုင်း အဲဒီ ဝင်လေ ထွက်လေကို ရှုမိနေဖို့က လိုရင်းပါပဲ၊ အဲဒီလို ဝင်လေထွက်လေကို စူးစိုက်ပြီး မပြတ်ရှုနေတဲ့အခါမှာလဲ အကုသိုလ်စိတ်ကူးတွေ မဖြစ်နိုင်ဘူး၊ ကင်းနေ တယ်၊ ၈၊ မိနစ် ဆယ်မိနစ် စသည်ဖြင့် တသမတ်တည်း ရှုနေနိုင်တဲ့အခါမှာ အဲဒီအချိန်ကာလအတွင်း အကုသိုလ်စိတ်ကူးတွေ မဖြစ်ဘဲ ကင်းဝေးနေတယ်၊ စျာန်ထိအောင် ရောက်ရင်တော့ အဲဒီစျာန်ကို ဝင်စားပြီးတော့ ၁-နာရီ ၂-နာရီ ၃-နာရီ စသည် ဖြင့် တစ်သမတ်တည်း တည်ငြိမ်နေနိုင်တယ်၊ အဲဒီလိုအခါမှာ စျာန်စိတ်မှတစ်ပါး အခြားစိတ်ဆိုရင် ဘာစိတ်မှ မဖြစ်နိုင်ဘူး၊ အကုသိုလ်စိတ်ကူး ဖြစ်ဖို့ဆိုတာကတော့ ဝေးပါတယ်၊ အဲဒါဟာ သမာဓိဖြင့် အကုသိုလ် စိတ်ကူး ပရိယုဋ္ဌာန်ကို ပယ်ပုံပါပဲ။

ဒါပေမယ့် အဲဒီသမာဓိဖြင့် ပယ်တာကတော့ အမြစ်ပြတ်မငြိမ်းသေးဘူး၊ အဲဒီသမာဓိကို မလေ့လာဘဲ လွှတ်ထားတဲ့ အခါ သမာဓိနဲ့ ဝေးကွာသွားတဲ့အခါကျတော့ အကုသိုလ်တွေ ကိလေသာတွေက ပြန်ပြီး ဖြစ်ပေါ်လာတတ်တယ်၊ ဥပမာ ရေကန်ထဲမှာ မှော်သေးကလေးတွေဆိုတာ ရှိတတ်တယ်၊ ရေမျက်နှာပြင်မှာ တဆက်တည်း ပိတ်နေတတ်တယ်၊ ရေခပ်တဲ့သူက ရေခပ်တဲ့အခါမှာ အဲဒီ မှော်တွေကို ရေအိုးနဲ့ ရိုက်ပြီး ဖယ်ရှားရတယ်၊ အဲဒီလို ရေအိုးနဲ့ ရိုက်လိုက်လိုက်တဲ့အခါမှာ မှော်တွေက ရှဲသွားကြတယ်၊ ကျဲသွားကြတယ်၊ အဲဒီအခါမှာ ရေအိုးကို ရေထဲမှာနစ်ပြီး ရေကိုခပ်ယူရတယ်၊ အဲဒီလိုရေကို ခပ်ယူတဲ့အခါမှာ မှော်တွေမရှိဘဲ ရှင်းနေတယ်၊ ဒါပေမယ့် မှော်တွေက တဖြည်းဖြည်းချင်း ပြန်ပြီး ပြည့်နေတယ်၊ အဲဒီမှာ ရေအိုးနဲ့ ရိုက်လို့ ရေအိုးဒဏ်ကြောင့် မှော်တွေရဲ့ကွာနေတာလို သမာဓိအဟုန်ကြောင့် ပရိယုဋ္ဌာန် ခေါ်တဲ့ အကုသိုလ်စိတ်ကူးတွေ မဖြစ်ပေါ်ဘဲ ခေတ္တခဏဝေးကွာနေတာနဲ့ တူပါတယ်၊ တော်တော်ကြာတော့ မှော်တွေပြန်ပြီး ပြည့်မြဲပြည့်လာတာလို သမာဓိနဲ့ ဝေးသွားတဲ့ အခါ အကုသိုလ်စိတ်ကူးတွေ ပြန်ပြီး ဖြစ်မြဲဖြစ်ပေါ်လာပုံနဲ့ တူပါတယ်၊ အဲဒီလို ပယ်ပုံကို ဝိက္ခမ္ဘနပဟာန်လို့ ဆိုလိုပါတယ်၊ ခေတ္တခဏလောက် ဝေးကွာနေရုံမျှဖြင့် ပယ်တယ်လို့ ဆိုလိုပါတယ်။

ထို့အတူ ကေသာ လောမာ နခါဒန္တာ တစော–ဆံပင်အမွှေးလက်သည်း ခြေသည်း သွား အရေ စသည်ဖြင့် ကိုယ်ထဲက စက်ဆုပ်ရွံ့ရှာဖွယ် ၃၂–ကောသဋ္ဌာကို နှလုံးသွင်းနေရင်လဲ နှလုံးသွင်းဖန်များတော့ ကိုယ့်ကိုယ်လဲ နှစ်သက်ဖွယ်မရှိ၊ သူများကိုယ်လဲ နှစ်သက်ဖွယ်မရှိ၊ စက်ဆုပ်ဖွယ် ရွံ့ဖွယ်တွေဖြစ်ပြီး ထင်နေတတ်ပါတယ်၊ အဲဒီလိုအခါမှာ ဘယ်လိုပင် လှပ အောင် ပြုပြင်ထားတဲ့သူကို မြင်ရပေမယ့် နှစ်သက်သာယာမှုမရှိတဲ့ စက်ဆုပ်ရွံ့ရှာဖွယ် အနေအားဖြင့်သာ ထင်နေတတ်ပါ တယ်၊ အဲဒါလဲ သမာဓိအဟုန်ကြောင့် ရာဂကိလေသာတွေ ဝေးကွာနေတာပါပဲ၊ ဝိက္ခမ္ဘနပပကန်ဖြင့် ပယ်ထားတာပါပဲ၊ ဒါပေမယ့် အဲဒီလို ဆံပင်အမွှေးစသည်ဖြင့် အသုဘနှလုံးသွင်းမှုက ဝေးကွာတဲ့အခါမှာ နှစ်သက်သာယာဖွယ်အနေဖြင့် ပြန်ပြီး ထင်တတ်တယ်၊ နှစ်သက်သာယာတဲ့စိတ်တွေလဲ ဖြစ်မြဲပင် ပြန်ပြီးဖြစ်တတ်တယ်၊ သမာဓိဖြင့် ပယ်တာဟူသမျှဟာ ဒီနည်း ချည်းပါပဲ၊ အမြစ်ပြတ်မငြိမ်းဘူး ကိလေသာဖြစ်မှု ဝေးကွာနေရုံမျှပါပဲ။

ပညာဖြင့်ပယ်မှ အမြစ်ပြတ်ငြိမ်းသည်

ပညာဖြင့်ပယ်မှ အမြစ်ပြတ်ငြိမ်းတယ်၊ ပညာနဲ့ ပယ်လိုက်ရင်တော့ အကုသိုလ်ဟာဖြစ်ဖို့ အခွင့်တောင် မရှိတော့ဘဲ ငြိမ်းသွားတယ်၊ ဥပမာ–ငှက်ဖျားအစရှိတဲ့ အနာရောဂါကို အမြစ်ပြတ်ပျောက်စေနိုင်တဲ့ ဆေးနဲ့ ဖြတ်လိုက်တဲ့အခါ တစ်ဖန် မပေါ်လာတော့ဘဲ ပျောက်ကင်းသွားသလိုပါပဲ၊ ဘယ်လိုလဲဆိုရင် ဒွါရ ၆-ပါးက ပေါ်လာသမျှ အာရုံတွေကို သတိပညာဖြင့် မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ ဘဂ်ဉာဏ်စသည် ဖြစ်နေတဲ့အခါ ပေါ်လာသမျှ အာရုံရောမှတ်သိတဲ့ စိတ်ရော တရိပ်ရိပ်နဲ့ အတွဲလိုက် အတွဲလိုက် ပျက်ပျက်သွားတာကိုယ်ချည်း တွေ့နေရတယ်၊ မြင်တယ်ဆိုရင် မြင်ရတာရော မြင်တာရော မှတ်သိတာရော ရိပ်ခနဲ ရိပ်ခနဲ ပျောက်ပျောက် သွားတာကိုသာ တွေ့ရတယ်၊ မြဲတည်နေတဲ့ ပုံသဏ္ဌာန် အထည်ဒြပ်ရယ်လို့ မတွေ့ရဘူး၊ ကြားတယ်ဆိုရင်လဲ ကြားတာရော မှတ်သိတာရော ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျက် သွားတာကိုသာ တွေ့ရတယ်၊ ဘယ်လိုအသံပဲ ဘာသံပဲ စသည်ဖြင့် စိတ်ထဲမှာစွဲပြီး မကျန်ရစ်ဘူး၊ ဒါကြောင့် အဲဒီလို မြင်မှု ကြားမှုနဲ့စပ်ပြီး လောဘ ဒေါသ ကိလေသာတွေ မဖြစ်ရဘူး၊ မြင်ဆဲ ကြားဆဲမှာလဲ မဖြစ်ရဘူး၊ နောင်လဲ ပြန်လည်စဉ်းစားပြီး မဖြစ်ရဘူး၊ ဘာကြောင့်လဲဆိုရင် မြင်စဉ် ကြားစဉ်ကပင် နှစ်သက်ဖွယ် မုန်းဖွယ် စသည်ဖြင့် မထင်ရှားခဲ့လို့ပါဘဲ၊ အဲဒါဟာ ကိလေသာ ဖြစ်ခွင့်မရအောင် ရှုမှတ်မှု ဝိပဿနာက တဒင်ံပဟာန်ဖြင့် ပယ်သွားပုံပါပဲ၊ နံခိုက် စားသိခိုက် ထိသိခိုက် ကြံသိခိုက် စသည်တွေမှာလဲ နည်းတူပဲ ရှုမှတ်ပြီး နည်းတူပဲသိသိသွားတယ်၊ ပေါ်လာတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော တစ်ခဏချင်း ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ ဒါကြောင့် အဲဒီ နံမှု စားသိမှု ထိသိမှု ကြံသိမှု စသည်နှင့် စပ်ပြီးတော့လဲ အကုသိုလ် ကိလေသာတွေ မဖြစ်ရဘူး၊ ကိလေသာ ဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းနေတယ်၊ အဲဒါဟာ ဝိပဿနာက တဒင်ံပဟာန်ဖြင့် ကိလေသာကို ပယ်ပုံပါပဲ၊ တဒင်ံပဟာန်ဆိုတာ ရှုမိတဲ့ အာရုံနဲ့ စပ်ပြီးတော့ တစ်စိတ် တစ်ဒေသလောက်သာ ပယ်နိုင်တယ်၊ မရှုမိတဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ ဖြစ်မည့် ကိလေသာတွေကို မပယ်နိုင်ဘူး၊ ဒါကြောင့် မရှုမိတဲ့ အာရုံတွေမှာတော့ ကိလေသာက ဖြစ်နိုင်သေးတာပဲ။

ဒါပေမယ့် မပြတ်ရှုမှတ်လို့ ဝိပဿနာ ဉာဏ်ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားတယ်၊ အဲဒီလို အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်သွားရင်တော့ သူမဂ်ဉာဏ်ဆိုင်ရာ ကိလေသာတွေဟာ လုံးဝမဖြစ်ပေါ်နိုင်တော့ဘဲ အမြစ်ပြတ် တစ်ခါတည်းငြိမ်းသွားတယ်၊ သောတာပတ္တိမဂ်ဆိုရင် သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာငြိမ်းတယ်၊ နောက်ပြီးတော့ အပါယ်လားရောက်စေတတ်တဲ့ အကုသိုလ်တွေလဲ ငြိမ်းတယ်၊ ပါဏာတိပါတ–သူ့အသက်ကိုသတ်ခြင်း၊ အဒိန္နာဒါန–သူ့ဥစ္စာကို လုယက်ခိုးယူခြင်း၊ ကာမေသုမိစ္ဆာစာရ–မပိုင်မဆိုင်သော ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်ခြင်း၊ မုသာဝါဒ–လိမ်လည်ပြောဆိုခြင်း၊ သုရာမေရယ–သေရည်သေရက်စသည် သောက်စားခြင်းဆိုတဲ့ အပါယ်လားကြောင်း အကုသိုလ်တွေဟာ ဖြစ်နိုင်ခွင့် မရှိတော့ဘဲ လုံးဝငြိမ်းသွားတယ်၊ သောတာပန်မှာ လောဘ ဒေါသကတော့ အကုန်လုံး မကင်းသေးပါဘူး၊ ဒါကြောင့် လိုချင်နှစ်သက်စရာကို တွေ့ရရင် လိုချင်မှု နှစ်သက်မှုကတော့ ဖြစ်သေးတာပဲ၊ စိတ်ဆိုးစရာကို တွေ့ရရင် စိတ်ဆိုးမှုကတော့ ဖြစ်သေးတာပဲ၊ ဒါပေမယ်လို့ သူတစ်ပါးကို သတ်နိုင်လောက်အောင် သူ့ဥစ္စာကို လုယက်ခိုးယူနိုင်လောက်အောင် ပြင်းထန်တဲ့ လောဘ ဒေါသ အကြမ်းစားတွေကတော့ မဖြစ်တော့ဘူး၊ မဂ်မှန် ဖိုလ်မှန်ဖြင့် သောတာပန် အစစ်ဖြစ်ရင် အဲဒီလို အပါယ်လားကြောင်း အကုသိုလ်တွေ လုံးဝကင်းတယ်၊ အဲဒါဟာ အကုသိုလ်ကိလေသာကို ပညာဖြင့် အမြစ်ပြတ် ငြိမ်းအောင် ပယ်တာပဲ၊ ဒါကြောင့် အတိုချုပ်အားဖြင့် မှတ်ချင်ရင် "ပညာဖြင့် ကိလေသာဖြစ်ခွင့်ကို ပယ်သည်"လို့ မှတ်ထားကြရမယ်၊ ကိလေသာဖြစ်ခွင့်ဆိုတာ အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်တဲ့ အနုသယကိလေသာပါပဲ၊ ကဲ–အဲဒါကို ဆိုကြရမယ်။

"ပညာဖြင့် ကိလေသာဖြစ်ခွင့်ကို ပယ်သည်။" (ဆို)

ယခုပြောနေတဲ့ "ပါဏာတိပါတ ဝေရမဏီ–သူ့အသက်တတ်မှုမှ ကြဉ်ရှောင်ခြင်း"ဆိုတဲ့ သလ္လေခအကျင့် အရဆိုရင် ဒီလို သောတာပတ္တိမဂ်ဖြင့် အမြစ်ပြတ် ပယ်နိုင်သည်အထိ ကျင့်ရမှာ အဲဒါက အရေးကြီးပါတယ်၊ တချို့မှာ သမာဓိရရုံ လောက်နဲ့ ဖိုလ်ဝင်စားနိုင်ပြီလို့ထင်ပြီး အားရကျေနပ်နေတတ်ကြတယ်၊ အာနာပါနကို ရှုနေရင်းဖြစ်စေ၊ တခြားအာရုံကို ရှုနေရင်းဖြစ်စေ၊ တစ်ကိုယ်လုံးတောင့်ပြီး ဘာမျှသတိမရတော့ဘဲ ချုပ်နေတယ် ဆိုတာတွေရှိတယ်၊ အဲဒီလို ချုပ်နေတာကို ဆရာကရော ပတ်ဝန်းကျင်ကရော ဖိုလ်ဝင်စားနေတယ်လို့ ယူဆတတ်ကြတယ်၊ ရုပ်နာမ်ကိုလဲ ပိုင်းခြားပြီး မသိရသေးပါဘဲ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ သဘောလက္ခဏာတွေကိုလဲ မသိရသေးပါဘဲနဲ့ အဲဒီလို ချုပ်နေတာကတော့ သမာဓိသက်သက်နဲ့ ချုပ်နေတာ ဖြစ်တတ်တယ်၊ အဲဒီလို သမာဓိသက်သက်နဲ့ ချုပ်နေတာ ဖြစ်တတ်တယ်၊ အဲဒီလို သမာဓိသက်သက်နဲ့ ချုပ်နေတဲ့ ပုဂ္ဂိုလ်မှာ နောင်တစ်ချိန်ကျရင် သတ်ခြင်း ခိုးခြင်း လိမ်ခြင်း စသည်ဖြင့် သီလပျက်ပြီး အမှုမှန်ပေါ်တတ်ပါတယ်၊ အဲဒီလို ဖြစ်တာဟာ သမာဓိမျှဖြင့် ကိလေသာကို အမြစ်ပြတ် မပယ်နိုင်လို့ပါဘဲ၊ ဒါကြောင့် ရုပ်နာမ်အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို သိဖို့လိုပါတယ်၊ ဝိပဿနာဉာဏ်တွေလဲ အစဉ်အတိုင်း အပြည့်အစုံဖြစ်ဖို့ လိုပါတယ်၊ အဲဒီလို အပြည့်အစုံဖြစ်ပြီး ရုပ်နာမ်သခ်ါရ လုံးဝချုပ်တဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် ဆိုက်ရောက်အောင် အားထုတ်ဖို့လိုပါတယ်၊ အဲဒီလို မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားရင်တော့ သတ်မှု ခိုးမှု လိမ်မှု အစရှိသော အကုသိုလ်တွေဟာ လုံးဝ ကင်းငြိမ်းသွားပါတယ်၊ အဲဒီလို ကင်းငြိမ်းသွားအောင် အားထုတ်ကြဖို့ပါပဲ၊ အားထုတ်ပြီးတဲ့အခါလဲ ဆင်ခြင်ကြည့်ရမယ်၊ သူ့အသက်ကို သတ်နိုင်သေးသလား၊ မသတ်နိုင်တော့ဘူးလားဆိုတာ ဆင်ခြင်ကြည့်ရမယ်၊ ကိုယ်ရေးကိုယ်တာအတွက် တကယ့်အရေးကျတော့ သတ်နိုင်သေး

တယ်ဆိုရင် ဒီသလ္လေခအကျင့်က မပြည့်စုံသေးဘူးလို့ မှတ်ရမယ်၊ ဘယ်နည်းနဲ့မှ မသတ်နိုင်တော့ဘူးဆိုရင်တော့ နေရာကျပြီ၊ ဒီသလ္လေခအကျင့် ပြည့်စုံပြီလို့ ဆုံးဖြတ်ရုံပဲ။

ပါဏာတိပါတက် မြောက် မမြောက်

ယခု ပါဏာတိပါတက်မြောက် မမြောက် စိစစ်ပြဦးမယ်၊ ပါဏာတိပါတက်မှာ အင်္ဂါက ငါးပါးရှိတယ်၊ (၁) ပါဏ–သက်ရှိအကောင်လဲ ဟုတ်ရမယ်၊ (၂) ပါဏသညိတာ–သက်ရှိသတ္တဝါ အကောင်လို့လဲ အမှတ်ရှိရမယ်၊ (၃) ဝဓကစိတ္တं–သတ်လိုတဲ့ စိတ်လဲ ရှိရမယ်၊ (၄) ပယောဂ–ရိုက်ခြင်း ခုတ်ခြင်း ထိုးခြင်း စသည်ဖြင့် သေအောင် အားထုတ်မှု သတ်မှုလဲ ရှိရမယ်၊ (၅) အဲဒီလို သတ်မှုကြောင့် အဲဒီအကောင်ဟာ သေလဲ သေရမယ်တဲ့၊ ဒီအင်္ဂါငါးပါးလုံး ပြည့်စုံမှ ပါဏာတိပါတက် မြောက်တယ်၊ ဒီအင်္ဂါငါးပါးထဲက တစ်ပါးပါးလိုနေရင် ကံမမြောက်ဘူး၊ သတ္တဝါမဟုတ်တဲ့ မြက်သစ်ပင်တွေကို သတ္တဝါထင် မှတ်ပြီးသတ်နေရင် အဲဒီမှာ သတ္တဝါမဟုတ်တဲ့အတွက် ပါဏာတိပါတက် မထိုက်ဘူး၊ ဒါပေမယ့် ဒေါသစိတ်နဲ့ ပြုလုပ်တဲ့ အတွက် အကုသိုလ်တော့ ဖြစ်တာပါပဲ၊ ဥပမာ ညမှောင်ထဲမှာ နွယ်တို့ ကြိုးတို့ကို မြွေထင်ပြီး ရိုက်သတ်တာမျိုးပါပဲ၊ အဲဒါဟာ ပါဏ–သတ္တဝါဆိုတဲ့ အင်္ဂါလိုနေတဲ့အတွက် ပါဏာတိပါတက် မထိုက်ဘူး၊ ဒေါသအကုသိုလ် ဖြစ်ရုံပါပဲ၊ ပြောပလောက်တဲ့ မကောင်းကျိုးကိုလဲ မပေးနိုင်ဘူးလို့ဘဲ ယူရတယ်။

သတ္တဝါဟုတ်နေပေမယ့် နွယ်တို့ ကြိုးတို့ တုတ်ချောင်းတို့ ထင်မှတ်ပြီး ခုတ်လိုက် ရိုက်လိုက်လို့ သေသွားရင် ပါဏာတိပါတ ကံ မထိုက်ဘူး၊ ဘာကြောင့်လဲ ဆိုရင် သတ္တဝါမှန်းမသိတဲ့အတွက် သတ်လိုသော စေတနာ မရှိလို့ပါဘဲ။

သတ္တဝါ ဟုတ်တယ်၊ သတ္တဝါမှန်းလဲ သိတယ်၊ ဒါပေမယ့် သေစေလိုတဲ့ စေတနာ မရှိဘဲ ပြုလုပ်မှုကြောင့် မတော်တဆ ထိခိုက်ပြီးသေသွားရင် အဲဒါလဲ ကံမထိုက်ဘူး၊ ဥပမာ သီလကို ရိုရိုသေသေ စောင့်ရှောက်နေတဲ့သူမှာ ပုရွက်ဆိတ် အကိုက်ခံရတယ် ဆိုပါတော့၊ အဲဒီလူဟာ ယားတာ နာတာကို မခံချင်တဲ့အတွက် အဲဒီ ပုရွက်ဆိတ်ကို ဖယ်ရှားရပေလိမ့်မယ်၊ သေအောင်လုပ်တာတော့ မဟုတ်ဘူး၊ ဖယ်ရှားတာပါပဲ၊ ဒါပေမယ့် ဖယ်ရှားရင် မတော်မဆ သေသွားတတ်တယ်၊ အဲဒီလို သေသွားရာမှာ သေစေလိုတဲ့ စေတနာ မရှိတဲ့အတွက် ကံလဲမထိုက်ဘူး၊ အကုသိုလ်လဲမဖြစ်ဘူး၊ လမ်းလျှောက်နေရင်း မတော်မဆနင်းမိလို့ ပိုးကောင်ကလေးများ သေသွားတာ၊ ထုရိုက်ပြီး အလုပ်တစ်ခုခု လုပ်နေရင်း မတော်မဆ ထုမိရိုက်မိလို့ သေသွားတာ ဒီလိုဟာတွေမှာလဲ သေစေလိုတဲ့ စေတနာ မရှိတဲ့အတွက် ကံလဲမထိုက်ဘူး၊ အကုသိုလ်လဲ မဖြစ်ဘူး။

သတ္တဝါလဲ ဟုတ်တယ်၊ သတ္တဝါမှန်းလဲ သိတယ်၊ သေစေလိုတဲ့ စေတနာလဲ ရှိတယ်၊ သေအောင်လဲ ရိုက်ခြင်း ခုတ်ခြင်း ထိုးခြင်း စသည်ကို ပြုတယ်၊ ဒါပေမယ့် မထိခိုက်လို့ ဖြစ်စေ၊ ထိခိုက်သော်လဲ သေလောက်အောင် ဒဏ်ရာက မပြင်းထန်လို့ဖြစ်စေ အဲဒီသတ္တဝါမသေရင် ပါဏာတိပါတက်တော့ မထိုက်ဘူး၊ အကုသိုလ်တော့ဖြစ်တယ်၊ အဲဒီသတ္တဝါရဲ့ ဂုဏ်အားလျော်စွာ အပြစ်လဲ ကြီးတတ်တယ်၊ အဲဒီ သတ္တဝါဟာ မိမိကပြုလုပ်တဲ့ ဒဏ်ကြောင့် သေသွားရင်တော့ အင်္ဂါငါးပါးလုံး ညီညွတ်ပြီး ပါဏာတိပါတက် ထိုက်တယ်၊ အဲဒီသတ္တဝါရဲ့ ဂုဏ်အားလျော်စွာ အပြစ်လဲ ကြီးတတ်တယ်၊ ဒီနေရာမှာ အပြစ်ကြီးပုံငယ်ပုံကို ဒီလိုခွဲခြားထားပါတယ်၊ သတ်တဲ့သူရဲ့ အကုသိုလ်စေတနာ မထက်သန်ရင် အပြစ်ငယ်တယ်၊ ထက်သန်ရင် ထက်သန်သလောက် အပြစ်ကြီးတယ်၊ သေအောင်ပြုလုပ်ရာမှာ ကြောင့်ကြဗျာပါရနည်းလျှင် အပြစ်ငယ်တယ်၊ ကြောင့်ကြဗျာပါရများလျှင် များသလောက် အပြစ်ကြီးတယ်၊ အသတ်ခံရတဲ့ သတ္တဝါက သီလစသော ဂုဏ်မရှိရင် အပြစ်လဲ ငယ်တယ်၊ ဂုဏ်များရင် များသလောက် အပြစ်ကြီးတယ်။

စေခိုင်းလျှင်လဲ ကံထိုက်တယ်

ဒီပါဏာတိပါတအရာမှာ ကိုယ်တိုင်သတ်မှသာ မဟုတ်ဘူး၊ သူတစ်ပါးကို အသတ်ခိုင်းရင်လဲ ကံထိုက်တာပဲ၊ သူတစ်ပါးအားသတ်ဖို့ အရိပ်နိမိတ်ပြရင် ပြတဲ့အတိုင်း အဲဒီသူတစ်ပါးကလဲသတ်ရင် အဲဒါလဲကံထိုက်တာပဲ၊ ဒါက အရေးကြီးပါတယ်၊ ချက်ရေး ပြုတ်ရေးဘက်က အမျိုးသမီးတွေမှာ အထူးသတိပြုစရာ ကောင်းပါတယ်၊ ဘယ်လိုဟာလဲဆိုရင် ငါးတွေကို အရှင်အတိုင်းထားပြီး ဝယ်မည့်သူလာမှ ထုပြီးရောင်းတာ ရှိတယ်လို့ ကြားရတယ်၊ ငါးသည်တွေက ထုနှက်ထားပြီးဖြစ်တဲ့ ငါးအသေတွေကိုတွေ့လို့ ဝယ်ယူလာတာကတော့ အပြစ်မရှိဘူးလို့ ဆိုရမှာပဲ၊ ဒါပေမယ့် ငါးအရှင်တွေကို တွေ့တာနဲ့ အရှင်တွေဟဲ့ဆိုပြီး တစ်ဘက်ကိုရှောင်လွှဲသွားတယ်၊ နောက်တစ်ခါလည့်လာရင် သတ်ထားပြီး ဖြစ်ကောင်းပါရဲ့အနေနဲ့ အရိပ်နိမိတ်ပြတဲ့သဘောပါပဲ၊ အဲဒီမှာ ငါးသည်ကရိပ်မိပြီး ငါးတွေကိုထုသတ်ထားတယ်၊ ခုတင်က အရှင်တွေဆိုပြီး တစ်ဘက်လှည့်သွားတဲ့သူက တစ်ပတ်ပြန်လှည့်လာတယ်၊ သူ့ရည်ရွယ်ချက်အတိုင်း ငါးအသေတွေကို တွေ့ရတော့ အဲဒါတွေကို ဝယ်ယူသွားတယ်၊ အဲဒီလိုဆိုရင် ဝယ်တဲ့သူလဲ ကံထိုက်တာပဲ၊ အပြစ်ရှိတာပဲ၊ ဒါကြောင့် အဲဒီလို ပါဏာတိပါတက် မထိုက်အောင် ဝယ်တတ်ဖို့ အရေးကြီးပါတယ်။

အစွန်းသုံးပါး လွတ်တဲ့အသား

ရဟန်းများမှာ ဒိဋ္ဌ သုတ ပရိသင်္ကိတဆိုတဲ့ အစွန်းသုံးပါးလွတ်တဲ့ အသားကိုသာ သုံးဆောင်ကောင်းတယ်၊ ရဟန်းတော်များအတွက် ရည်ရွယ်ပြီး သတ်တာကို တွေ့မြင်ပြီး သိရရင် အဲဒီလိုအသားကို ဒိဋ္ဌ–မြင်ရတဲ့အသားလို့ ခေါ်တယ်၊ အဲဒီလို အသားဟင်းကို မစားကောင်းဘူး၊ ရဟန်းတော်များအတွက် ရည်ရွယ်ပြီး သတ်တဲ့အကြောင်း ကြားသိရလို့ ရှိရင် အဲဒီအသားကို သုတ–တစ်ဆင့်ကြားရတဲ့ အသားလို့ခေါ်တယ်၊ အဲဒါကိုလဲ မစားကောင်းဘူး၊ ရဟန်းတော်များအတွက် သတ်တဲ့ အသားလေးလားလို့ ယုံမှားရှိရင် အဲဒီအသားကို ပရိသင်္ကိတ–ရွံ့ရှာအပ်တဲ့ အသားမသင်္ကာတဲ့ အသားလို့ ခေါ်တယ်၊ အဲဒါမျိုးလဲ မစားကောင်းဘူး၊ တောရွာအချို့မှာ ကြက် ဘဲ စသည်ကို ရောင်းတယ် ဈေးသည်ရယ်လို့ မရှိဘူး၊ အဲဒီလိုအရပ်မှာ အာဂန္တုရဟန်းအတွက် ကြက်သားဟင်း၊ ဘဲသားဟင်းနဲ့ ဆွမ်းလာပို့ရင် ဆွမ်းပို့ရန်အတွက် သတ်ပြီး ချက်လာလေသလားလို့ မသင်္ကာစရာဖြစ်တယ်၊ အဲဒီလို အသားကို ရဟန်းများ မစားကောင်းဘူး၊ စားချင်ရင် မေးမြန်းကြည့်ရမယ်၊ ရဟန်းများအတွက် သတ်ပြီးချက်တဲ့ ဟင်းမဟုတ်ပါဘူးဆိုရင် သံသယကင်းရင်တော့ စားကောင်းပါတယ်၊ အစွန်းသုံးပါး မလွတ်တဲ့ အသားကို စားရင် ပါဏာတိပါတကံထိုက်သလား၊ ဒီလိုကံထိုက်တာကတော့ မဟုတ်ပါဘူး၊ ဝိနည်းသိက္ခာပုဒ်အရ မစားကောင်းတာပါပဲ၊ စားရင် ဒုက္ကဋ်အာပတ်သင့်ပါတယ်။

ဂျိန်းဘာသာဝင်တွေကတော့ ကိုယ့်အတွက် ရည်ပြီး သတ်တဲ့အသားကို သိလျှက်နဲ့စားရင် ပဋ္ဌိစ္စကံထိုက်တယ်၊ ပါဏာတိပါတကံ တစ်ဝက်ထိုက်တယ်လို့ ဆိုကြပါတယ်၊ ဒါပေမယ့် ဗုဒ္ဓတရားတော်အရ အားဖြင့်တော့ ကံတစ်ဝက်လဲ မထိုက်ပါဘူး၊ တစ်စိတ်လဲ မထိုက်ပါဘူး၊ ဒါပေမယ့် ကိုယ့်အတွက် သတ်တာကို သိလျက်နဲ့ စားနေရင်တော့ မသနားရာလဲ ရောက်ပါတယ်၊ ကိုယ့်အတွက် နောက်ထပ်လဲ သတ်ကြပါလိမ့်မယ်၊ ဒါကြောင့် အကုသိုလ်တော့ မကင်းဘူးလို့ဆိုရမှာပဲ၊ ရဟန်းများမှာတော့ ကိုယ့်တစ်ပါးတည်းအတွက်သာ မဟုတ်ဘူး၊ ရဟန်းတစ်ပါးပါးအတွက် ဖြစ်စေ၊ သံဃာအတွက်ဖြစ်စေ ရည်ပြီး သတ်တဲ့အသားဆိုရင် ဒိဋ္ဌ သုတ ပရိသင်္ကိတလဲ ရှိမယ်ဆိုရင် ဘယ်ရဟန်းမှ မစားကောင်းဘူး။

သီဟိုဠ်ကျွန်းမှာ ရဟန်းများဟာ ဘဲဥ ကြက်ဥကို မစားရဘူးလို့ ဆိုတယ်၊ အားလုံးကပဲ "မစားကောင်းဘူးလို့ အယူရှိကြတယ်"လို့ ဆိုတယ်၊ အဲဒါဟာ သဘာဝကျပုံပေါ်တယ်၊ ဘာကြောင့်လဲဆိုရင် ဘဲဥကြက်ဥဆိုတာဟာ ရဟန်းများပဲ ကပ်လှူရင် ရဟန်းများအတွက် သက်သက်ရည်ရွယ်ပြီး ပြုတ်ရကြော်ရတာက များပါတယ်၊ ဟင်းတစ်ခွက်အနေနဲ့ ကြော်ပြီးလှူရင်တော့ အဲဒီရဟန်းအတွက် သက်သက်လှူပြီး ပြုလုပ်ရကြောင်း ထင်ရှားနေပါတယ်၊ ဒါကြောင့် ဒိဋ္ဌ သုတမဟုတ်တောင် ပရိသင်္ကိတကတော့ လွတ်နိုင်စရာ အကြောင်းမရှိပေဘူး၊ ဒါပေမယ့် အပြစ် ကင်းနိုင်တဲ့ ဘဲဥ ကြက်ဥလဲ ရှိပါသေးရဲ့၊ ဘယ်လိုဟာလဲဆိုရင် ဆားရေစိမ်တို့ ထုံးရေစိမ်တို့ ဆိုတာတွေပါပဲ၊ အဲဒါမျိုးတွေဟာ ရှားတုန်းကတော့ ရှိပါတယ်၊ ယခုတော့ ရှိ မရှိ မပြောတတ်ဘူး၊ နောက်ပြီးတော့ ပြုတ်ပြီးရောင်းတဲ့ ဘဲဥ ကြက်ဥတွေလဲ အစွန်းသုံးပါးက လွတ်ပါတယ်၊ ယခုခေတ်မှာ အကောင်မပေါက်နိုင်တဲ့ ဘဲဥ ကြက်ဥ ဆိုတာတွေလဲ ရှိပါတယ်၊ အဲဒါတွေကိုတော့ အများက သက်မဲ့အနေနဲ့ ယူဆနေကြတယ်၊ သက်မဲ့ဟုတ်ရင်တော့ အဲဒီလို ဥတွေနဲ့စပ်ပြီး အပြစ်ဖြစ်စရာ မရှိပါဘူး၊ ဘုန်းကြီးအနေနဲ့ဆိုရင်တော့ အဲဒီဥတွေဟာ သက်မဲ့ ဟုတ်မှ ဟုတ်ပါ့မလားလို့ သံသယရှိတယ်၊ အကောင်အဖြစ်သို့ မရောက်ရဘဲ သေရမည့် သတ္တဝါတွေများလေလားလို့လဲ စဉ်းစားဖွယ် ရှိနေပါတယ်၊ ဘာကြောင့်လဲဆိုရင် လောကမှာ သတ္တဝါတွေရဲ့ ကံအားလျော်စွာ ဖြစ်နေကြပုံက အလွန်ဆန်းကြယ်တဲ့ အတွက်ကြောင့်ပါပဲ၊ တချို့သတ္တဝါတွေဟာ ကျောက်တုံး ကျောက်ခဲထဲမှာ ပဋ္ဌိသန္ဓေတည်ပြီး ဖြစ်ကြတယ်၊ အဲဒီ သတ္တဝါတွေမှာ သူတို့ရဲ့ တည်ရာဌာနက အလွန်ကျဉ်းကျပ်ပါဘိနဲ့ ကိုယ်ကာယကြီးထွားလာလေလေ အဲဒီကျောက်တွေကြားထဲမှာ ညှပ်ပြီး အင်မတန် နာကျင်မှာပါပဲ၊ ဘယ်လိုအကုသိုလ်ကံကြောင့် ဒါလောက် ကျဉ်းကျပ်တဲ့နေရာထဲမှာ ဖြစ်လာရသလဲ မပြောတတ်ဘူး၊ အင်မတန် ကြောက်စရာ ကောင်းပါတယ်၊ ယခု အကောင်မပေါက်နိုင်တဲ့ ဥတွေဆိုတာလဲ အဲဒီလို ကံမကောင်းတဲ့ သတ္တဝါတွေများလေလားလို့ စဉ်းစားစရာ ရှိပါတယ်၊ ဒါပေမယ့် သက်မဲ့ ဥတွေပဲလို့ ယူဆပြီး ပြုတ်ကြော်စားတဲ့ လူတွေမှာ သက်ရှိအကောင် ဖြစ်နေစေကာမူ ပါဏာတိပါတကံ မထိုက်ဘူးလို့ ဆိုရမှာဘဲ၊ ဘာကြောင့်လဲဆိုရင် ပါဏသညိတာဆိုတဲ့ အင်္ဂါအရ သတ္တဝါလို့ အမှတ်မရှိဘဲ အင်္ဂါချွတ်ယွင်းနေတဲ့ အတွက်ပါပဲ၊ နောက်ပြီးတော့ သတ္တဝါလို့ အမှတ်မရှိတဲ့အတွက် သေစေလိုတဲ့ စေတနာလဲ မရှိသောကြောင့်ပါပဲ။

နောက်တစ်ခုကတော့ တောရွာအချို့မှာ အလှကြီးတွေ ပေးလှူတဲ့အခါ ကျွေးမွေးပုံကိုလဲ စဉ်းစားစရာကောင်းတယ်၊ မြို့ကြီးများမှာလို အသားသည်ကမရှိတော့ အမဲသား ဝက်သားနဲ့ကျွေးရင် အသားရောင်းမည့်သူကို အကြောင်းကြား မှာထားရတာလဲရှိတယ်လို့ ကြားရတယ်၊ အဲဒီလိုဆိုရင် အလှူ့ရှင်မှာ နွားတွေ ဝက်တွေကို အသတ်ခိုင်းရာရောက်တယ်၊ ကုသိုလ်ရခြင်းလို့ အလှူပေးကာမှ နွားသတ်တဲ့ အကုသိုလ် ဝက်သတ်တဲ့ အကုသိုလ်ကံ ဖြစ်ရတယ်၊ ဝမ်းနည်းစရာပါပဲ။ နောက်ပြီးတော့ အဲဒီလိုမှာကြာပြီး ကပ်လှူတဲ့ အသားဟင်းကို ရဟန်းတော်များ စားသင့်မစားသင့်လဲ စဉ်းစားစရာ ရှိပါတယ်၊ တချို့တောရွာများမှာတော့ ကျောင်းမှာ အလှူလုပ်တယ်ဆိုရင် ဝက်တွေကို အရှင်လိုက် ကျောင်းကို ယူလာကြပြီး ဟင်းလုပ်ကြတာလဲ ရှိတယ်လို့ ကြားရတယ်၊ အဲဒါကတော့ အလွန်ကို မတော်တာပါဘဲ၊ ဘုန်းကြီးရဲ့မိတ်ဆွေ ဘုန်းကြီးတစ်ပါးဟာ လွန်ခဲ့ အနှစ် ၃၀–လောက်က အဲဒီလို တောရွာကျောင်းတစ်ခုမှာ သွားနေမိလို့ အဲဒီလို မတော်တာတွေကို တွေ့ရတဲ့အတွက် အပြင်းအထန်

ပြောပြီး အတင်းတားမြစ်ရတယ်ဆိုတဲ့အကြောင်း ကြားရဖူးပါတယ်၊ အဲဒါဟာ ဆရာသမားတာဝန်ရှိတဲ့အတိုင်း ဆုံးမသွန်သင်မှုပါပဲ၊ ဒီလိုမလျော်တဲ့ အမှုကို တွေ့ရရင် ဆရာသမားတိုင်းက ဆုံးမသင့်ပါတယ်။

နောက်တစ်ခုကတော့ ဟိုတယ်ကမှာပြီး ကြက်သားဒံပေါက် ဆိတ်သား ဒံပေါက် ဆွမ်းကပ်လှူကြရာမှာ အပြစ်ကင်းမကင်း စဉ်းစားဖို့ရာပါပဲ၊ ဟိုတယ်က သေပြီးအသားတွေကို ဝယ်ယူပြီး ပြုပြင်လာတယ်ဆိုရင်တော့ အပြစ်မရှိဘူးလို့ ဆိုရမှာဘဲ၊ သူတို့ကိုယ်တိုင် သတ်ပြီးတော့ဖြစ်စေ၊ စောစောက မှာယူပြီးတော့ဖြစ်စေ၊ ချက်လာတဲ့ ဒံပေါက်ဆွမ်းဆိုရင်တော့ အပြစ်ကင်းတယ်လို့ဆိုဖို့ရာ ခက်ပါတယ်၊ အဲဒီလို ဒံပေါက်ဆွမ်းဟာ ရဟန်းတော်များအတွက် ပရိသက်တမှ လွတ်မလွတ်လဲ စဉ်းစားဖို့ရှိပါတယ်၊ ဒါတွေကို လျှောက်စဉ်းစားလိုက်ရင် အသက်သတ်လွတ်စားတာဟာ အပြစ်ကင်းဆုံးပါပဲ၊ အသက်သတ်လွတ် မဟုတ်ရင်လဲ ကိုယ်တိုင်သတ်မှု စေခိုင်းသတ်မှု အရိပ်နမိတ်ပြပြီးသတ်မှုဆိုတဲ့ ပါဏာတိပါတမှလွတ်အောင် ကြဉ်ရှောင်ကြဖို့လိုပါတယ်၊ အဲဒီလို ကြဉ်ရှောင်တာဟာ "ငါတို့ကတော့ သတ်ဖြတ်မှု ကင်းစေမည်"ဆိုတဲ့ ဒီသလ္လေခအကျင့်နှင့် အညီပါပဲ၊ ကဲ–အဲဒီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုလိုက်ကြဦးစို့။

(၂) "သူများတွေက သတ်ဖြတ်ကြမည့်နေရာမှာ ငါတို့ကတော့ သတ်ဖြတ်မှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်။ ပ။မသတ်မှု ကုသိုလ်ရေစင်နှင့် ငြိမ်းသတ်မည်။"

အဲဒီ အဓိဋ္ဌာန်ဆောင်ပုဒ်အတိုင်း သတ်ဖြတ်မှု အကုသိုလ်ကို သီလနဲ့လဲ ပယ်ရမယ်၊ သမာဓိပညာနဲ့လဲ ပယ်ရမယ်၊ ယခုဒီမှာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆–ပါးက ပေါ်လာသမျှတွေကို လိုက်ပြီး မပြတ်ရှုမှတ်နေကြရတာဟာ အဲဒီလို အကုသိုလ်တွေကို အမြစ်ပြတ်ငြိမ်းအောင် အားထုတ်နေကြရတာပဲ၊ မရှုမမှတ်ဘဲ နေတဲ့သူတွေမှာ မြင်ရာကလဲ စပြီး သတ်ချင်တဲ့စိတ် ဖြစ်ပေါ်တတ်တယ်၊ ကြားရာစသည်ကလဲ စပြီး ဖြစ်ပေါ်တတ်တယ်၊ မပြတ်ရှုမှတ်ပြီး အဖြစ်အပျက် အနိစ္စ ဒုက္ခအနတ္တသဘောချည်း တွေ့မြင်နေတဲ့ ယောဂီမှာတော့ သတ်စရာ ပုဂ္ဂိုလ် သတ္တဝါအကောင်ထင်တဲ့ စိတ်တောင် မဖြစ်ရဘူး၊ သတ်ချင်တဲ့ အကုသိုလ် စိတ်ဆိုတာ ဘယ်ဖြစ်နိုင်တော့မလဲ၊ ဥပမာ ရှုမှတ်ခြင်း မရှိတဲ့သူမှာ ပုရွက်ဆိတ်က ကိုက်ရင် ယားလိုက်တာ နာလိုက်တာ ဘာပါလိမ့်မလဲလို့ ကြည့်လိမ့်မယ်၊ ကိုက်နေတဲ့ ပုရွက်ဆိတ်ကိုမြင်ရင် ငါ့ကို ကိုက်ရမလားလို့ စိတ်ဆိုးလိမ့်မယ်၊ သီလမရှိတဲ့သူဆိုရင် နင်ကိုက်ရင် နင်သေရော့ဆိုပြီး ပွတ်သတ်လိုက်လိမ့်မယ်၊ သီလရှိတဲ့သူကတော့ သတ်ချင်တဲ့စိတ် ဖြစ်ပေမယ်လို့ သတ်တော့ မသတ်ဘူး၊ ဖယ်ရှားပစ်လိမ့်မယ်၊ ဝိပဿနာ ရှုနေတဲ့ ယောဂီကတော့ ယားတယ်၊ နာတယ်၊ ယားတယ်၊ နာတယ်–လို့ ရှုမှတ်နေရင်း အဲဒီယားမှု နာမှုကလေးတွေနဲ့ မှတ်သိမှုကလေးတွေ ခဏမစဲ ဖြစ်ပျက်နေတာကိုသာ တွေ့ရတယ်၊ ပုရွက်ဆိတ်က ငါ့ကိုကိုက်တယ်ဆိုတဲ့စိတ် ဒေါသစိတ်တွေမဖြစ်ရဘူး၊ သတ်ချင်တဲ့စိတ်ဆိုတာက တော့ဝေးရော၊ အဲဒီလို ရှုမှတ်နေရင်း ယားမှု နာမှု ပျောက်သွားတာလဲ ရှိတယ်၊ မခံသာလှရင်လဲ ရှုမှတ်ပြီး ကုတ်ရ ဖျောက်ရတယ်၊ သတ်ချင်တဲ့စိတ်နဲ့ သတ်မှုကတော့ မဖြစ်ရတော့ဘူး၊ အဲဒီ ပုရွက်ဆိတ်ကိုက်ရာမှာ လိုပဲ မြင်ရာ ကြားရာ စသည်မှာလဲ မပြတ်ရှုမှတ်နေတဲ့သူမှာ ဝိပဿနာဉာဏ်ရင့်နေတဲ့အခါ ဘယ်ကမှ အကုသိုလ်စိတ် မဝင်နိုင်ဘူး၊ သတ်ချင်တဲ့ စိတ်ဆိုတာက တော့ ဝေးရော၊ အဲဒီအခါကျတော့ ဒီပါဏာတိပါတ အကုသိုလ်မျိုးဟာ အစဉ်ထာဝရ လုံးဝကင်းငြိမ်းသွားတယ်၊ ဒါကြောင့် ယခုငါတို့ ရှုမှတ်နေကြရတာဟာ အကုသိုလ်ဟူသမျှကို အမြစ်ဖြတ်ပယ်နိုင်တဲ့ သလ္လေခအကျင့်ကို ကျင့်နေကြရတာပါကလားလို့ ဆင်ခြင်ပြီး ဝမ်းမြောက် ဝမ်းသာကြရမယ်။

အပြစ်နှင့်အကျိုး

သူ့အသက်သတ်ရင် ဘယ်လိုအပြစ်ရှိသလဲ၊ မသတ်ရင် သတ်မှုမှ ကြဉ်ရှောင်ရင် ဘယ်လို အကျိုးရှိသလဲလို့ဆိုတော့ ပထမပိုင်းတုန်းက ပြောခဲ့တဲ့အတိုင်း သုဘဆိုတဲ့ လုလင်က မေးလို့ မြတ်စွာဘုရားက ဖြေကြားထားတာ ရှိပါတယ်၊ ဘယ်လိုလဲဆိုတော့ လူလူချင်း တူကြပါလျက် တချို့က အသက်တိုတယ်၊ တချို့က အသက်ရှည်တယ်၊ ဘာကြောင့်ပါလဲ–တဲ့၊ သုဘလုလင်က ဒီလိုမေးလျှောက်တယ်၊ ဒီအမေးထဲမှာ ဘာကြောင့်ပါလဲလို့ မေးထားတဲ့အတွက် အကြောင်းမဲ့အလိုလို ကွဲပြားတယ်ဆိုတဲ့ အဖြေကိုတော့ လက်မခံနိုင်ပေဘူး၊ အကြောင်းကလဲ အမျိုးမျိုးရှိပါတယ်၊ ပစ္စုပ္ပန်မျက်မြင် အကြောင်းလဲရှိတယ်၊ မျက်မြင်မဟုတ်တဲ့ အကြောင်းလဲ ရှိတယ်၊ မျက်မြင်အကြောင်းကတော့ မိခင် ဖခင်တို့ရဲ့ ရုပ်အကြောင်းနဲ့ အစာအဟာရ အစရှိတဲ့ အကြောင်းတွေပါပဲ၊ အဲဒီမှာလဲ တချို့က အမြွှာညီနောင် ၂–ယောက်တောင်မှ အသက်အရှည်အတို မတူဘဲ ကွဲပြားနေတာ ရှိပါတယ်၊ ဒါကြောင့် အဲဒီ မျက်မြင်အကြောင်းနဲ့တော့ ဒီအသက်ရှည်တို ပြဿနာက မပြေလည်နိုင်ပေဘူး၊ မျက်မြင်မဟုတ်တဲ့ အကြောင်းကတော့ ဣဿရကုတ္တဆိုတာ ဗြဟ္မကုတ္တဆိုတဲ့ အကြောင်းနဲ့ ကံအကြောင်းပါပဲ၊ ဣဿရကုတ္တဆိုတာ ဣဿရခေါ်တဲ့ ဘုရားသခင်က ကမ္ဘာလောကနဲ့ သတ္တဝါတွေကို ဖန်ဆင်းတယ်ဆိုတဲ့ အယူဝါဒပါပဲ၊ ဗြဟ္မကုတ္တဆိုတာကလဲ ဗြဟ္မလို့ခေါ်တဲ့ ဘုရားသခင်က ဖန်ဆင်းတယ်ဆိုတဲ့ အယူဝါဒပါပဲ၊ ဒီအယူဝါဒ ၂–ခုဟာ အမည်မျှသာ ကွဲပါတယ်၊ ဆိုလိုရင်းကတော့အတူတူပါပဲ၊ ဒီဘုရားသခင်က ဖန်ဆင်းတယ်ဆိုတဲ့ အယူဝါဒဟာ ဗုဒ္ဓဘုရားမပွင့်မီ ကမ္ဘာ့သက္ကရာဇ် မရှိသေးမီ ကတည်းက ပေါ်လာခဲ့တဲ့ အယူဝါဒ လက်ဟောင်းကြီး ဖြစ်ပါတယ်၊ အဲဒါကို ဒီဃနိကာယ် ပါတိကသုတ် (နာ–၁၃) စသည်

မှာ မြတ်စွာဘုရား ဟောထားပါတယ်၊ အဲဒီဖန်းဆင်းဝါဒအရ ဆိုရင်တော့ ဖန်ဆင်းတဲ့ ဘုရားသခင်၏ အလိုအတိုင်း အသက်ရှည်အောင် ဖန်ဆင်းရင် အသက်ရှည်တယ်၊ တိုအောင် ဖန်ဆင်းရင် တိုတယ်လို့ ဆိုရမှာပဲ။

မွေးခါစကလေးသေတာ ဘာကြောင့်လဲ

ဒါပေမယ့် "မွေးခါစ ကလေးသေးတာ ဘာကြောင့်လဲ" ဆိုတဲ့ ပြဿနာကို ပြေလည်အောင် ဖြေဖို့ကတော့ ခက်ပါတယ်၊ "မွေးခါစကလေးသေတယ်" ဆိုတာ လူမျိုးတိုင်း ဘာသာဝင်တိုင်းမှာ ရှိတယ်၊ ဘုရားမဲ့ တရားမဲ့ ဘာသာမဲ့ဆိုတဲ့ လူတွေထဲမှာလဲ ရှိတယ်၊ ဘယ်လိုဆေးဆရာတွေနဲ့ စောင့်ရှောက်နေပေမယ်လို့ တစ်ဦးတလေမှာ ကလေးသေတာကတော့ ရှိတာပဲ၊ တစ်ချို့များ သားသမီးရချင်လွန်းလို့ ဆေးဆရာတွေ အစောင့်အရှောက်တွေနဲ့ ကျန်းမာရေးကောင်းအောင် အင်မတန် ဂရုစိုက်နေပေမယ့် အကြောင်းက မညီညွတ်တော့ ကလေးအဖတ်မတင်ဘူး၊ ဒီလို အမျိုးသမီးလဲ ရှိတာပဲ၊ တချို့ တောရွာတွေက အမျိုးသမီးတွေကျတော့လဲ ဘာမှ အပြုအစု အစောင့်အရှောက်မရှိဘဲ ဖြစ်သလို နေပေမယ်လို့ သားသမီးတွေက တစ်ဆယ် တစ်ဆယ်ကျော်ရှိနေတယ်၊ ဒီလိုဖြစ်ပုံဟာ ကမ္ဘာအရပ်ရပ် နိုင်ငံတိုင်းမှာ ရှိတယ်၊ ဘာသာဝင်တိုင်းမှာ ရှိတယ်၊ ဘာသာမဲ့ထဲမှာလဲ ရှိတာပဲ။

အဲဒီတော့ ဖန်ဆင်းတဲ့ ဘုရားသခင်၏ အလိုအတိုင်း ဖြစ်ရမယ်ဆိုရင် မွေးခါစ ကလေးသေတာပဲ အဲဒီဘုရားသခင်၏ အလိုတော်ကြောင့်လို့ ဆိုရပေလိမ့်မယ်၊ ဒီလိုဆိုရင် ဘိုးစဉ်ဘောင်ဆက်က အဲဒီဘုရားသခင်ကို ရိုရိုသေသေ ကိုးကွယ်လာတဲ့ မိဘများ၏ ကလေးကို ဘာကြောင့် အသက်တိုအောင် ဖန်ဆင်းရသလဲ၊ အဲဒီလို မိဘတွေဘက်က ကြည့်မယ်ဆိုရင် အဲဒီလို မိဘတွေ စိတ်ဆင်းရဲအောင် မဖန်ဆင်းသင့်ပေဘူး၊ စိတ်ချမ်းသာအောင်သာ ဖန်ဆင်းသင့်ပေတယ်၊ ကလေးဘက်ကနေကြည့်ရင်လဲ ယခုဘဝမှစပြီး ဖန်ဆင်းတယ်ဆိုတဲ့ ဝါဒအရဆိုရင် ဒီကလေးဟာ ဘာမျှမသိသေးတဲ့အတွက် ပြစ်မှားမိတာရယ်လို့လဲ မရှိသေးပေဘူး၊ ဒါကြောင့် ဒီကလေးကို ဘာ့ကြောင့် ဒါလောက်အသက်တိုအောင် ဖန်ဆင်းရသလဲဆိုတော့ ဖြေရှင်းဖို့ ခက်ပါတယ်။

ဗုဒ္ဓမြတ်စွာ၏အဖြေ

ဗုဒ္ဓမြတ်စွာဘုရားကတော့ "လူလူခြင်းတူပါလျက် တချို့က အသက်တိုတယ်၊ တချို့က အသက်ရှည်တယ်၊ ဘာကြောင့်ပါလဲ"လို့ မေးတဲ့ သုဘလုလင်၏ အမေးပြဿနာကို ဒီလို ဖြေကြားတော်မူပါတယ်၊ "ဤလောကမှာ မိန်းမဖြစ်စေ ယောကျာ်းဖြစ်စေ သူတစ်ပါး၏ အသက်ကို ရက်ရက်စက်စက် သတ်တဲ့သူဟာ အပါယ်ငရဲကို ကျရောက်တတ်တယ်၊ အဲဒီမှာ အနှစ်သိန်းပေါင်းများစွာ ငရဲဆင်းရဲကို ခံစားရတယ်၊ အဲဒီ ငရဲမှလွတ်လို့ လူ့ဘဝရောက်ရင်လဲ အသက်တိုရတယ်"တဲ့၊ အဲဒီလို ဖြေကြားတော်မူပါတယ်။

အဲဒီမှာ "သတ်တဲ့သူဟာ အပါယ်ငရဲ ကျရောက်တတ်တယ်"ဆိုတာက ကျရောက်တတ်တာ ကျရောက်နိုင်တာ ကိုသာ ဆိုလိုပါတယ်၊ သတ်တဲ့သူတိုင်း သေပြီးသည့်နောက် အခြားမဲ့မှာ ငရဲကို ဧကန်ကျရောက်တယ်လို့တော့ ဆိုလိုတာ မဟုတ်ပါဘူး၊ တချို့မှာ သတ်မှု–အကုသိုလ်တွေ ရှိနေပေမယ်လို့ သူ့ထက်အားကောင်းတဲ့ အခြားကုသိုလ်ကံက အကျိုးပေးနေတာနဲ့ လူ့ဘဝ နာဘဝမှာ ဖြစ်နေရတာလဲ ရှိပါတယ်၊ သာဓကတော့ နာရဒဇာတ်တော်မှာ အလာတဆိုတဲ့ စစ်သူကြီးဟာ နွားသတ်သမားဘဝက သေလာပြီး အခြားကုသိုလ်ကံကြောင့် လူ့ဘဝရောက်လာပြီး အထက်တန်းစား စစ်သူကြီး ဖြစ်နေတယ်ဆိုတာဟာ သာဓကပါပဲ၊ ဒါပေမယ့် အဲဒီလို ပုဂ္ဂိုလ်ဟာလဲ နောင်တစ်ချိန်ကျတော့ သူပြုထားတဲ့ အကုသိုလ်ကံက အပါယ်ငရဲကို ရောက်စေတာပါပဲ၊ ဒါကြောင့် သူတစ်ပါးကို သတ်တဲ့သူဟာ အဲဒီ ကုသိုလ်ကံက အကျိုးပေးခွင့် ရတဲ့အခါမှာ အပါယ်ငရဲကို ကျရောက်ရတယ်၊ အဲဒီမှာ အနှစ်သိန်းပေါင်းများစွာ ငရဲဒုက္ခဆင်းရဲတွေကို ခံစားရတယ်၊ အဲဒီ အကုသိုလ်ကံကုန်လို့ ငရဲမှ လွတ်ပြီး လူ့ဘဝရောက်လာပြန်ရင်လဲ အသက်တမ်းပြည့်မနေရဘဲ အသက်တိုရတယ်၊ ဒီလို လူ့ဘဝ ရောက်ရတယ်ဆိုတာကလဲ လူဖြစ်ဖို့ ကုသိုလ်ကံကရှိပါမှ ရောက်ရပါတယ်၊ ကုသိုလ် ကံ မရှိရင်တော့ ငရဲမှ လွတ်တဲ့အခါ ကြက် ဝက် ဘဲ ဆိတ် နွားကျွဲ အစရှိတဲ့ တိရစ္ဆာန်ဘဝတွေမှာပဲ ဖြစ်ရတယ်၊ အဲဒီ ဖြစ်ရာဘဝတွေမှာ အသက်တမ်းအတိုင်း မနေရဘဲ အသေဆိုးနဲ့ သေရတယ်။

ဒါကတော့ ယခု အများမြင်နေကြရတဲ့ အတိုင်းပါပဲ၊ ကြက်တို့ ဘဲတို့ ဆိုတာတွေဟာ တချို့မှာ အကောင်တောင် မပေါက်လိုက်ရသေးဘူး၊ ဥထဲရှိနေတုန်းမှာ လူတွေက ပြုတ်စားကြ ကြော်စားကြတာနဲ့ သေကုန်ကြရတယ်၊ ဥထဲက အကောင်ပေါက်လာပြန်ရင်လဲ လူတွေစားဖို့ ဟင်းမျိုးလုပ်ကြတာနဲ့ အသက်တမ်းအတိုင်း မနေရဘဲ သေကုန်ရှာကြရတယ်၊ ဝက်တွေ ဆိတ်တွေ နွားတွေ ကျွဲတွေလဲ ဒီအတိုင်းပါပဲ၊ အသက်အတိုင်း နေကြရတာက ရှားပါတယ်၊ သားသတ်ရုံရောက်ပြီး မရှုမလှ အသတ်ခံရလို့ သေရာကြရတာကပဲ များပါတယ်၊ နောက်ပြီးတော့ ငရဲထဲက သတ္တဝါတွေဆိုတာကလဲ နိုင်ရာ နိုင်ရာစားလို့ သေကုန်ကြရတာကပဲ များပါလိမ့်မယ်၊ အဲဒီအထဲမှာ လူတွေစားဖို့ ဖမ်းယူတဲ့အတွက် သေရတာတွေကလဲ ကမ္ဘာအရပ်ရပ်က

စာရင်းအရဆိုရင် အများကြီးပါပဲ၊ နောက်ပြီးတော့ ကုန်းသတ္တဝါတွေထဲက ပိုးကောင်ကလေးတွေဆိုတာလဲ နိုင်ရာနိုင်ရာ အကောင်တွေက ဖမ်းစားလို့ မကြာခင်ဘဲ သေကုန်ရှာကြရတယ်၊ အထူးအားဖြင့်တော့ လူတွေ စိုက်ပျိုးထားတဲ့ လယ်ယာတွေထဲမှာလာဖြစ်ကြတဲ့ သတ္တဝါတွေကတော့ အသက်အတိုဆုံးလို့ဆိုရမှာပဲ၊ သူတို့က ကံမကောင်းတဲ့အတွက် လူတွေရဲ့စိုက်ခင်းတွေထဲမှာ လာပြီးဖြစ်ကြရတယ်၊ လူတွေမှာလဲ သူတို့ကို မသုတ်သင်ရင် စားသောက်နေထိုင်ရေးအတွက် အင်မတန် ကျပ်ပါလိမ့်မယ်၊ ဒါကြောင့် သူတို့ကို လျစ်လျူရှုမထားနိုင်ပေဘူး၊ သုတ်သင်ရှင်းလင်းကြရပေလိမ့်မယ်၊ အဲဒီလို သုတ်သင်ရှင်းလင်းလိုက်တော့ အဲဒီပိုးကောင်တွေဟာ မကြာခင်ဘဲ သေကုန်ရှာကြတယ်၊ ဒီလို အချိန်မကျဘဲ သေကြရတာတွေဟာ ပါဏာတိပါတကံကြောင့်ဖြစ်တယ်ဆိုတာကို ဗုဒ္ဓတရားတော်အရအားဖြင့် သိရပါတယ်။

နောက်ပြီးတော့ လူ့ဘဝရောက်လာပြန်လဲ တချို့မှာ အမိဝမ်းထဲတွင်ပဲ သေကြရတယ်၊ တချို့လဲ မွေးပြီး မကြာခင်ဘဲ သေကြရတယ်၊ တချို့လဲ တစ်လ နှစ်လ စသည်အတွင်းမှာပဲ သေကြရတယ်၊ တချို့လဲ တစ်နှစ် နှစ်နှစ် စသည်အတွင်းမှာပဲ သေကြရတယ်၊ တချို့လဲ ဆယ်နှစ် အနှစ် နှစ်ဆယ် သုံးဆယ် စသည်ဖြင့် အသက်တမ်းစေ့ မနေရဘဲ သေကြရတယ်၊ အဲဒီလို သေကြရာမှာလဲ တချို့က သူတစ်ပါး၏ သတ်ဖြတ်ခြင်းခံရပြီး သေကြရတယ်၊ တချို့ကလဲ မတော်မဆ ထိခိုက်ပြီး သေကြရတယ်၊ တချို့ကလဲ ရောဂါဆိုး နိပ်စက်ခံရပြီး သေကြရတယ်၊ အဲဒီလို သေချိန်မကျဘဲ သေကြရတာတွေဟာ သူတစ်ပါးကို သတ်ခဲ့တဲ့ ပါဏာတိပါတကံကြောင့်ချည်းပါပဲ၊ ဒီတော့ လူလူချင်းတူပါလျက် သူများလို အသက်တမ်းစေ့မနေကြရဘဲ သေကြရတာ အသက်တိုတာဟာ ဘာကြောင့်လဲဆိုရင် သူတစ်ပါးကိုသတ်ခဲ့တဲ့ ပါဏာတိပါတ ကံကြောင့်ပဲဆိုတာ ထင်ရှားနေပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက–

အပ္ပါယုကသံဝတ္တနိကာ ဧသာ မာဏာဝ ပဋိပဒါယဒိဒံ ပါဏာတိပါတီ ဟောတိ–လို့ အတိုချုပ် ဟောထားပါတယ်။

မာဏာဝ–သုဘလုလင်၊ ယဒိဒံယောအယံ–အကြင်ပုဂ္ဂိုလ်သည်၊ ပါဏာတိပါတီ ဟောတိ–သတ္တဝါတို့ကို သတ်ဖြတ်လေ့ရှိ၏၊ တသ–ထိုပုဂ္ဂိုလ်၏၊ ဧသာပဋိပဒါ–ဤသတ်ဖြတ်မှု အကျင့်သည်၊ အပ္ပါယုကသံဝတ္တနိကာ–အသက်တိုခြင်းကို ဖြစ်စေတတ်၏၊ ဝါ–အသက်တိုစေတတ်၏–တဲ့။

အဲဒါကို ဘုန်းကြီးက အတိုချုပ် ဆောင်ပုဒ်စီထားတယ် သူ့ကို သတ်ဖြတ်၊ သက်တိုတတ်–လို့ စီထားပါတယ်၊ သူတစ်ပါးကို သတ်ရင် အသက်တိုတတ်တယ်လို့ ဆိုလိုပါတယ်၊ သိလွယ်ပါတယ်၊ ဒီနေရာမှာ သာဓကဝတ္ထုများကို အတိုချုပ်ထုတ်ပြရဦးမယ်။

သို့ကို့သတ်မိလို့ သို့ဇွေးနှင့်အမျှ ခံရသည်

ရှေးတုန်းက ဗာရာဏသီမြို့က မင်းသားတစ်ဦးဟာ ခမည်းတော် ကွယ်လွန်တဲ့အခါ မင်းအဖြစ်ကို ရရင် ဇမ္ဗုဒီပါကျွန်းမှာရှိတဲ့ မိဖုရားများနှင့်တကွ တစ်ရာ့တစ်ပါးသော မင်းတို့၏ လည်ချောင်းသွေးဖြင့် ပူဇော်ပသပမယ်–လို့ ညောင်ပင်စောင့်နတ်ကို ကိုးထားတယ်၊ အဲဒီလို ကိုးထားတဲ့အတိုင်း သူမင်းဖြစ်တဲ့အခါ တစ်ရာ့တစ်ပါးသော မင်းတွေ မိဖုရားတွေကိုဖမ်းပြီး ညောင်ပင်စောင့်နတ်ကို ပူဇော်ဖို့စီစဉ်တယ်၊ အဲဒီအခါ အငယ်ဆုံးမင်းကလေးရဲ့ မိဖုရားကမ္မဒိန္နာ–တဲ့၊ သူက သူ့ခင်ပွန်းမင်းကလေးကိုသာ ရှိခိုးနေတယ်၊ အဲဒါကို မြင်ရတော့ ဗာရာဏသီမင်းက ငါသို့သော တန်ခိုးအကြီးဆုံးမင်းကို ရှိမခိုးဘဲနေရမလားလို့ ကြိမ်မောင်းပြောဆိုတယ်၊ ဒီတော့ ကမ္မဒိန္နာက "ငါ့မှာသင်နှင့် ဘာစပ်ဆိုင်လို့ ရှိခိုးရမှာလဲ၊ ငါ့အရှင် သခင်ဖြစ်တဲ့ ဒီမင်းက ငါ့ကို မိဖုရား စည်းစိမ်ပေးထားတဲ့ ကျေးဇူးရှင် ဖြစ်တယ်၊ ဒီလိုကျေးဇူးရှင်ကိုမှ ရှိမခိုးရင် ဘယ်သူ့ကို ရှိခိုးရမှာလဲ"လို့ ချေပပြောဆိုတယ်၊ အဲဒီလို အချေအတင်ပြောဆိုနေရင်း ကမ္မဒိန္နာက ငိုလဲငိုတယ်၊ ရယ်လဲရယ်ပါသတဲ့၊ ဒီတော့ ဗာရာဏသီမင်းက ဘာကြောင့်ငိုရသလဲ၊ ဘာကြောင့်ရယ်ရသလဲ ရူးနေသလားလို့ မေးတယ်၊ အဲဒီအမေးအဖြေပုံကို ကမ္မဒအဋ္ဌကထာ မူရင်းအတိုင်း ရွတ်ပြမယ်။

မာဒိသာ–ငါသို့သော အမျိုးသမီးတို့သည်၊ ဥမ္မတ္တိတာ–ရူးကုန်သည်၊ နု ဟောန္တိ–မဟုတ်ကုန်၊ မဟာရာဇ–မြတ်သော မင်းကြီး၊ သုဏောဟိ–ငိုခြင်းရယ်ခြင်း၏အကြောင်းကို နားဆင်ပါလော၊ အဟံ–ငါသည်၊ အတီတေ–လွန်ခဲ့သော ရှေးဘဝတစ်ခု၌ ကုလဓိတာ ဟုတ္တာ–အမျိုးသမီးဖြစ်ခဲ့၍ ပတိကုလေ ဝသန္တိ–လင်ယောကျ်ား အိမ်၌နေစဉ်၊ ဝါ–အိမ်ရှင်မဖြစ်နေစဉ် (အိမ်ရှင်မဖြစ်ပြီး အိမ်ရှင်မတာဝန်ကို ဆောင်ရွက်နေစဉ်မှာ–လို့ဆိုလိုပါတယ်၊) သာမိကဿ သဟာယကံ ပါဟုနကံ အာဂတံ ဒိသွာ–လင်၏မိတ်ဆွေ ဧည့်သည်ရောက်လာတာကိုတွေ့ရ၍ တဿ ဘတ္တံ ပစိတုကာမာ ထိုဧည့်သည်အတွက် ထမင်းဟင်းချက်လိုသောကြောင့် မံသံ အာဟရာတိ–အသား ဝယ်ပါချေဟု ဒါသိယာ ကဟာပဏံ ဒတ္တာ–ကျွန်မကိုငွေပေး၍ လွှတ်လိုက်ပြီး နောက်၊ တာယ မံသံ အလဘိတ္တာ အာဂတာယ–အသားမရမူ၍ ပြန်လာသော ထိုကျွန်မက၊ နတ္ထိမံသန္တိ ဝုတ္တေ–အသားမရှိဟု ဆိုလတ်သော်၊ ဂေဟဿ ပစ္ဆိမဘာဂ သယိတာယ–အိမ်နောက်ဖေး၌ ဝပ်နေသော၊ ဧဠကာယ–ဆိတ်ကုလားခေါ်သော သိုးမ၏၊ သီသံ ဆိန္ဒိတ္တာ–ဦးခေါင်းကိုဖြတ်၍၊ ဘတ္တံသမ္ဘာဒေသိ" ထမင်းဟင်းကို ပြုပြင်၍ ကျွေးမွေးခဲ့ပါသည်၊ (အင်း အိမ်ရှင်မ တာဝန်ကလဲ အကြီးသားပဲ၊ ကိုယ့်လင်၏ မိတ်ဆွေကို အသားဟင်းမပါဘဲ ကျွေးရရင် မျက်နှာမလှဘဲ ဖြစ်နေမှာ စိုးလို့နဲ့ တူပါရဲ့

သိုးမကို ကိုယ်တိုင်သတ်ပြီး ဟင်းချက်ကျွေးရာသတ့ဲနော်) သာအဟံ–ထိုသို့ သိုးမတစ်ကောင်ကို လည်လှီးသတ်ခဲ့သော ငါသည်၊ (ဒီနေရာမှာ ရန်သူမင်းတစ်ဦးရဲ့ မိဖုရားက ပြောတဲ့စကားဆိုတော့ မြန်မာယဉ်ကျေးမှုအရ ကျွန်မလို့ အနက်ပြန်ရန်မသင့်ဘူးလို့ ယူဆပါတယ်၊ ဒါကြောင့် သဒ္ဒါအနက်အတိုင်း ငါသည်လို့ပဲ ပြန်လိုက်ပါတယ်၊ ဧကိသဧဠကာယ သီသံ ဆိန္ဒိတ္တာ သိုးမတစ်ကောင်၏ ခေါင်းကိုဖြတ်၍ သတ်မိခဲ့သောကြောင့်၊ နိရယေ ပစ္စိတ္တာ–ငရဲ၌ ငရဲမီးအလောင်းခံခဲ့ရပြီး၍၊ ပက္ကာဝသေသေန–ငရဲ၌ကျက်စေ အလောင်ခံရစေသော ကံမှ ကြွင်းသော ကံကြောင့်၊ တသ–ထိုသိုးမ၏၊ လောမဂဏာနာယ–အမွေးအရေအတွက်ဖြင့်၊ သီသဿ္ဆေဒံပါပုဏိ–ခေါင်းဖြတ်ခံရခြင်းသို့ ရောက်ခဲ့ရလေပြီ၊ သိုးမွေးတွေဟာ ဘယ်လောက်ရှိတယ်လို့ အတိအကျ ရေတွက်ပြဖို့တော့ ခက်ပါတယ်၊ ဒါကြောင့် သိုးမွေးအရေအတွက်နှင့်အမျှ ခေါင်းဖြတ်ခံရတယ်ဆိုတာကို ခန့်မှန်းခြေအရ ပြောတဲ့စကားလို့ ယူဆသင့်ပါတယ်၊) တွံ–သင်ဗာရာဏသီမင်းသည်၊ ဧတ္တာကံဧနံ ဝမိတ္တာ–ဤမျှများပြားသောမင်းတွေနှင့်မိဖုရားကို သတ်ပြီးလျှင်၊ တဒါ–ဘယ်သောအခါကျမှ၊ ဒုက္ခာ မုစ္စိဿတီတိ–အသက်ခံရ၍ သေရသောဆင်းရဲမှ လွတ်ပါလိမ့်မည်နည်းဟု၊ ဧဝံ တဝ ဒုက္ခံ အနုဿရန္တီ–ဤသို့သင်၏ ခံစားရမည့်ဆင်းရဲကို မျှော်တွေးလျက်၊ အဟံရောဒိ– ငါငိုမိသည် –လို့–

ဓမ္မဒိန္နာက ပြောပါသည်၊ ဘာကြောင့်ရယ်ရသလဲဆိုတာကိုတော့ သူ့မှာ သိုးမကို သတ်မိတဲ့ ကံ၏အကျိုးပေးမှ လွတ်ပေပြီလို့ ဆင်ခြင်မိတဲ့အတွက် ဝမ်းမြောက်လို့ ရယ်ပါတယ်–တဲ့၊ အဲဒီတော့ ဗာရာဏသီမင်းဟာ အလွန်ထိတ်လန့်ပြီးတော့ ဖမ်းထားတဲ့မင်းတွေ မိဖုရားတွေကို ကန်တော့တောင်းပန်ပြီး လွှတ်လိုက်ပါသတဲ့၊ ဒီဝတ္ထုထဲမှာ သိစေလိုရင်းကတော့ သိုးတစ်ကောင်သတ်တဲ့ အကုသိုလ်ကံကြောင့် ငရဲကျပြီး ငရဲဒုက္ခတွေကို ခံခဲ့ရတယ်၊ အဲဒီကနောက် ကံကြွင်းကြောင့် သိုးတစ်ကောင်၏ အမွေးအရေအတွက်ခန့်မျှသာ ဘဝတို့၌ လည်လှီးပြီး အသတ်ခံခဲ့ရတယ် ဆိုတာပါပဲ။ (ဓမ္မပဒဋ္ဌ ပ–၂၉၀)

မတကဘတ် ဇာတ်ဝတ္ထု

ဧကနိပါတ် ၁၈–ခုမြောက် မတကဘတ် ဇာတ်ဝတ္ထုမှာတော့ ဒီလိုပြထားပါတယ်၊ ပုဏ္ဏားတစ်ယောက်ဟာ သေသွားတဲ့သူတွေအတွက် ဝေဒကျမ်းအရ မတကဘတ်ဆိုတာကို ပြုလုပ်တယ်၊ မတကဘတ်ဆိုတာ သေသူတို့အတွက် ထမင်းကျွေးတာပါပဲ၊ အဲဒီထမင်းကျွေးပွဲမှာ ဆိတ်ကုလားခေါ်တဲ့ သိုးတစ်ကောင်ကို ဝေဒကျမ်းအရ စီမံပြီးသတ်တယ်၊ သတ်ပြီးယစ်ပူဇော်တယ်၊ ကျွေးမွေးတယ်၊ အဲဒီအကုသိုလ်ကံကြောင့် အဲဒီပုဏ္ဏားဟာ ဘဝငါးရာတိုင်အောင် သိုးဖြစ်ပြီး လည်လှီးအသတ်ခံရတယ် ဆိုတဲ့အကြောင်း ပြဆိုထားတယ်၊ အဖန်ငါးရာ–လို့ အစဉ်အဆက် ပြောနေကြတဲ့စကားဟာ ဒီဇာတ်ဝတ္ထုကိုမှီပြီး ဖြစ်လာဟန်တူပါတယ်။

အသက်တို့သူနှင့်စပ်ပြီး သောကဖြစ်ရတာကတော့

အသက်တိုခြင်း၏ အကြောင်းကတော့ ပါဏာတိပါတကံကြောင့် ဖြစ်ရတယ်ဆိုတာက ထင်ရှားပါပြီ၊ အသက်တိုတဲ့ ကလေးနှင့်စပ်ပြီး မိခင်ဖခင်များမှာ သောကဖြစ်ရတာကတော့ ဘာကြောင့်လဲလို့ မေးစရာ ရှိပါသေးတယ်၊ အဲဒါဟာလဲ ဗုဒ္ဓတရားတော်အရကတော့ ရှင်းလင်းပြတ်သားပါတယ်၊ ပါဏာတိပါတကံ ပြုစဉ်ကာလတုန်းက ဝမ်းမြောက်ဝမ်းသာ သဘောတူတဲ့သူတွေဟာ အဲဒီပါဏာတိပါတကံ ပြုသူ၏ မိဘစသည်ဖြစ်ရတယ်၊ အဲဒီကံဆိုးသူက အဲဒီ ပါဏာတိပါတကံကြောင့် သေချိန်မကျဘဲ သေရတဲ့အခါ မိခင်ဖခင် စသည်ဖြင့် ဖြစ်တဲ့သူတွေမှာ သတ်ဖြတ်မှုကို သဘောတူခဲ့တဲ့ကံကြောင့် စိတ်ဆင်းရဲခြင်း ဖြစ်ပါတယ်တဲ့၊ ဒီတော့ သူ့အမှု သူ့ကံနဲ့ သူအကျိုးပေးတယ်ဆိုတဲ့ ဗုဒ္ဓတရားတော်အရကတော့ ရှင်းနေပါတယ်၊ ပါဏာတိပါတကံကြောင့် အသက်တိုရတယ်၊ ပါဏာတိပါတအမှုကို ဝမ်းမြောက်သဘောတူတဲ့သူတွေမှာ သောကဖြစ်ရတယ်ဆိုတဲ့ အကြောင်းကတော့ ပြီးသွားပါပြီ၊ ယခု ပါဏာတိပါတအမှုမှာ ကြဉ်ရှောင်တဲ့ ကုသိုလ်ကံ၏အကျိုးပေးပုံကို ပြောရမယ်။

ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်း၏အကျိုး

အသက်ရှည်တာ ဘာကြောင့်လဲဆိုတဲ့ အမေးကို မြတ်စွာဘုရားက ဒီလို ဖြေကြားတော်မူပါတယ်၊ ဤလောကမှာ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ၊ သူ့အသက်သတ်ဖြတ်မှုမှ ကြဉ်ရှောင်တဲ့သူဟာ နတ်ပြည်ကို ရောက်ရတယ်၊ လူ့ဘဝကို ပြန်ရောက်ပြန်ရင်လဲ အသက်တမ်းပြည့်ဖြစ်စေ၊ အသက်တမ်းထက် ကျော်လွန်ပြီးတော့ ဖြစ်စေ အသက်ရှည်ရတယ် ဆိုတဲ့ အကြောင်းကို အကျယ်ဖော်ပြပြီးတော့ အတိုချုပ်အားဖြင့် ဒီလိုဟောတော်မူပါတယ်။

ဒီဃာယုကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ပါဏာတိပါတံပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။

မာဏဝ–သုဘလုလင်၊ ယဒိဒံ–ယောအယံ–အကြင်ပုဂ္ဂိုလ်သည်၊ ပါဏာတိပါတံပဟာယ–သူ့အသက် သတ်ဖြတ်မှုကို ပယ်၍၊ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ–သူ့အသက်သတ်ဖြတ်မှုမှ ကြဉ်ရှောင်၏၊ တသ–ထိုပုဂ္ဂိုလ်၏၊ ဧသာ ပဋိပဒါ–ဤသတ်ဖြတ်မှုမှ ကြဉ်ရှောင်သာအကျင့်သည်၊ ဒီဃာယုက သံဝတ္တနိကာ–အသက်ရှည်ခြင်းကို ဖြစ်စေတတ်၏၊ ဝါ အသက်ရှည်စေတတ်၏ တဲ့။

အဲဒါကို ရှေ့နားက ပြောခဲ့တဲ့ အသက်တိုကြောင်း ဆောင်ပုဒ်နဲ့ ပေါင်းပြီးတော့ "သူ့ကိုသတ်ဖြတ်၊ သက်တိုတယ်၊ မသတ် အသက်ရှည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သူ့ကိုသတ်ဖြတ်၊ သက်တိုတယ်၊ မသတ် အသက်ရှည်။ (ဆို)

သတ်ဖြတ်ခြင်းမှ ကြဉ်ရှောင်ခဲ့တဲ့သူဟာ အသက်ရှည်တတ်ပါတယ်တဲ့၊ အဲဒါဟာ ဥပရိပဏ္ဏာသ ပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတဲ့တရားပါပဲ၊ အသက်ရှည်ချင်တဲ့သူတွေဟာ သူ့အသက်သတ်ခြင်းမှ ကြဉ်ရှောင်ကြရမယ်၊ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေဟာ ငါးပါးသီလကို ရိုရိုသေသေ စောင့်ရှောက်နေရင် ဒီအသက်ရှည်ကြောင်း ကုသိုလ်ကတော့ ပြည့်စုံနေတာပါပဲ။

နောက်ပြီးတော့ ခုဒ္ဒကပါဌအဋ္ဌကထာ (နာ ၂၃)နှင့် ဣတိဝုတ်အဋ္ဌကထာ (နာ–၂၂၄) မှာ ပြထားတဲ့ အကျိုးတွေလဲ ရှိပါသေးတယ်၊ အဲဒီမှာ ပါဏာတိပါတမှ ကြဉ်ရှောင်တဲ့ ကုသိုလ်ကြောင့် ရနိုင်တဲ့အကျိုးများကို ၂၃–ပါးအထိ ဖော်ပြထားပါတယ်၊ အဲဒီ ၂၃–ပါးထဲက မှတ်လို့လွယ်အောင် အချို့အကျိုးများကို အတိုချုပ် ဆောင်ပုဒ်စီထားပါတယ်။

လှပ–သက်ရှည်, ကျန်းမာသည်, ချစ်ကြည်–ခြွေရံများ။
သောကကင်းလတ်, မကွဲတတ်, သတ်သတ်ရှောင်ကျိုးများ။

ဒီ ၂–ပုဒ်တည်းနှင့် ချုံးပြီး စီထားတယ်၊ အဋ္ဌကထာမှ ပြထားတဲ့အကျိုး ၂၃–ပါးလုံးကို အကုန်စီရင်တော့ ဆောင်ပုဒ်တွေက များနေလို့ ကျက်မှတ်ထားဖို့ရာ လွယ်ကူမှာ မဟုတ်ဘူး၊ ဒါကြောင့် အတိုချုံးပြီး စီထားပါတယ်၊ ကဲ–ဆိုကြရမယ်။

လှပ–သက်ရှည်, ကျန်းမာသည်, ချစ်ကြည်–ခြွေရံများ။ (ဆို)

သတ်မှုမှ ကြဉ်ရှောင်တဲ့သူဟာ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ လှပတင့်တယ်တတ်ပါတယ်တဲ့၊ လူတိုင်း လူတိုင်း လှချင်ကြတယ်၊ အထူးအားဖြင့် ငယ်ငယ်ရွယ်ရွယ်လူတွေက သာပြီးလှချင်တယ်၊ ဒီအထဲမှာလဲ အမျိုးသမီးတွေက သာပြီး လှချင်ကြတယ်၊ လှချင်ရင် လှခြင်း၏အကြောင်းဖြစ်တဲ့ ဒီကုသိုလ်ကို ပွားများရမယ်၊ သူ့အသက်သတ်မှုမှ အမြဲတမ်း ကြဉ်ရှောင်ကြရမယ်၊ အဲဒီလှပဆိုတဲ့ စကားတွေထဲမှာ အဋ္ဌကထာက ပြထားတဲ့ အကျိုးတွေ ရှစ်ပါးပါဝင်ပါတယ်၊ အင်္ဂါကြီးငယ် ပြည့်စုံတယ်ဆိုတာလဲ ပါဝင်တယ်၊ အင်္ဂါမစုံရင် ဘယ်မှာလှပနိုင်မလဲ၊ အင်္ဂါစုံမှ လှပနိုင်ပါတယ်၊ နောက်ပြီးတော့ အလုံးအရပ် ညီမျှပြည့်စုံတယ်ဆိုတာလဲ ပါဝင်တယ်၊ ကိုယ်လုံးကသေးပြီး အရပ်ကြီးရှည်နေရင် မလှနိုင်ပါဘူး၊ အလွန်ဝပြီး ပုကွကွကလေး ဖြစ်နေရင်လဲ မလှနိုင်ဘူး၊ အလုံးနှင့်အရပ်ညီမျှနေမှ လှပနိုင်တယ်၊ နောက်ပြီးတော့ ခြေဖဝါး ညီညာတယ်ဆိုတာပဲ လှပခြင်း၏ အစိတ်အပိုင်းတစ်ခုပဲ၊ စာရတာ–တင့်တယ်ခြင်း၊ မုဒုတာ–နူးညံ့ခြင်း၊ သုစိတာ–စင်ကြယ်ခြင်းဆိုတဲ့ ဒီသုံးပါးလဲ လှပခြင်း၏အစိတ်အပိုင်းတွေပဲ၊ နောက်ပြီးတော့ သုရူပတာ ကောင်းသော ရုပ်အဆင်းရှိခြင်း၊ သုသဏ္ဌာနတာ–ကောင်းသော ပုံသဏ္ဌာန်ရှိခြင်း ဆိုတာတွေကတော့ လှပပုံကို ပြတဲ့ဂုဏ်တွေပဲ၊ ဒါကြောင့် ယခုပြောခဲ့တဲ့ ဂုဏ်ရှစ်ပါးဟာ လှပတဲ့စကားထဲမှာ အတွင်းဝင်ပါတယ်၊ အဲဒီဂုဏ်ရှစ်ပါးဟာ လှပတဲ့စကားထဲမှာ အတွင်းဝင် ပါတယ်၊ အဲဒီဂုဏ်ရှစ်ပါးနဲ့ ပြည့်စုံပြီး လှပတင့်တယ်တာကို ဒီဆောင်ပုဒ်ထဲမှာ လှပ–လို့ ဆိုထားပါတယ်။

နောက်ပြီးတော့ သက်ရှည်ဆိုတဲ့အကျိုးထဲမှာ အသက်ရှည်ခြင်းနှင့် သူတစ်ပါး၏ လုံ့လပယောဂဖြင့် မသေရခြင်းဆိုတဲ့ အကျိုး ၂–ပါး ပါဝင်ပါတယ်၊ ဟုတ်တယ်၊ သူတစ်ပါးကသတ်လို့ သေရတယ်ဆိုရင် ဘယ်မှာအသက်ရှည်နိုင်မလဲ၊ ဒါကြောင့် အသက်ရှည်တယ်ဆိုရင် သူတစ်ပါး၏ လုံ့လပယောဂကြောင့် မသေရဘူး၊ ကောင်းသော သေခြင်းဖြင့်သာ သေရတယ်ဆိုတာလဲ ပါဝင်သွားပါတယ်၊ ဒါကြောင့် လုပသက်ရှည်ဆိုတဲ့ ၂–ပုဒ်ထဲနဲ့ အကျိုးဆယ်ပါးကို ချုံးပြီး ပြထားပါတယ်။

နောက်ပြီးတော့ ကျန်းမာသည်–ဆိုတဲ့စကားထဲမှာ အပ္ပါဗာဓတာ–အနာကင်းတယ် ဆိုတာကတော့ တိုက်ရိုက်ပါဝင်ပါတယ်၊ မဟဗ္ဗလာ–ခွန်အားကြီးခြင်း၊ ဇဝနသမ္ပတ္တိ–လျင်သောအဟုန်နှင့် ပြည့်စုံခြင်းဆိုတာတွေလဲ ပါဝင်တယ်၊ ဟုတ်တယ် ကျန်းမာရင် ခွန်အားလဲ ရှိတာပဲ၊ လျင်မြန်သွက်လက်ခြင်းလဲ ရှိတာပဲ၊ အကျိုး ၁၃–ပါးရှိသွားပြီး၊ နောက်ပြီးတော့ ချစ်ကြည်–ဆိုတဲ့စကားထဲမှာ လူအများက ချစ်ကြတယ်ဆိုတာရယ်၊ နေလတာ–အပြစ်ကင်းတဲ့စကား ရှိတယ်ဆိုတာရယ် ဒီ ၂–ပါးပါဝင်တယ်၊ ဟုတ်တယ် ပြောတဲ့စကားက အပြစ်များနေရင် အဲဒီလိုလူကို အများက မုန်းတယ်၊ အပြောအဆိုကောင်းတဲ့သူကိုမှ အများက ချစ်ခင်တတ်ကြတယ်၊ အကျိုး ၁၅–ပါးရှိသွားပြီ၊ ခြွေရံများဆိုတာကတော့ အနန္တပရိဝါရတာ အခြွေအရံအပိုင်းအခြားကန့်သတ်မှုမရှိ များတတ်တယ်ဆိုတဲ့ အဌကထာရဲ့ ဘာသာပြန်ပါပဲ၊ ဒီပထမဆောင်ပုဒ်ထဲမှာ အကျိုး ၁၆–ပါးပါဝင်ပါတယ်၊ ဒုတိယ ဆောင်ပုဒ်ကို ဆိုကြရမယ်။

"သောကကင်းလတ်၊ မကွဲတတ်၊ သက်သတ်ရှောင်ကျိုးများ။" (ဆို)

သောကကင်းတယ်တဲ့၊ အဲဒါက အရေးကြီးပါတယ်၊ စိုးရိမ်ပူပန်မှု သောကမရှိဘဲ စိတ်အေးချမ်းသာစွာ နေရတယ်ဆိုတာကို လူတိုင်းလူတိုင်း အလိုရှိကြတယ်၊ ဒါကြောင့် သောကကင်းဝေးနေနိုင်ရေးလို့ အမည်တပ်ပြီးတော့တောင် စာအုပ်ထုတ်ဝေကြသေးတယ်၊ အဲဒီစာအုပ်ဟာ လူတွေ တော်တော်အကြိုက်များပါလိမ့်မယ်၊ တော်တော်များများ ရောင်းရပါလိမ့်မယ်၊ သောကကင်းဝေးနေနိုင်ရေး အကောင်းဆုံးနည်းကတော့ သီလသိက္ခာပုဒ်တွေကို လုံခြုံအောင်စောင့်ထိန်းတာနဲ့ သတိပဋ္ဌာန်တရားကို အားထုတ်တာတွေပါပဲ၊ ယခု သာသနာ့ရိပ်သာမှာ ပါဏာတိပါတာ ဝေရမဏိ အစရှိတဲ့ သီလ သိက္ခာပုဒ်တွေကိုလဲ ရိုရိုသေသေစောင့်ထိန်းပြီး သတိပဋ္ဌာန်တရားတွေကို နေ့ရော ည၌ပါ မပြတ်ပွားများနေကြတာဟာ "သောကပရိဒေဝါနံ သမတိက္ကမာယ စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်အတွက် တစ်ကြောင်းတည်းသောလမ်းပဲ"လို့ မြတ်စွာဘုရားကဟောထားတဲ့ အကောင်းဆုံးအကျင့်လမ်းကို ကျင့်နေကြရတာပါပဲ၊ သိပ်နေရာကျတာပဲ သောကကင်းတဲ့ စခန်းရောက်ပြီး အမြတ်မမ်းစိတ်ချမ်းသာစွာနဲ့ နေထိုင်သွားကြရတော့မယ်၊ ယခုဒီဆောင်ပုဒ်အရာမှာတော့ သူ့အသက်သတ်မှုမှ ကြဉ်ရှောင်တဲ့ကုသိုလ်ဟာ ဖြစ်လေရာရာဘဝတိုင်းမှာ စိုးရိမ်ပူဆွေးမှုသောကမဖြစ်ရဘဲ ချမ်းသာစွာနေရခြင်း အကျိုးကိုရစေတတ်ပါတယ်–တဲ့။

နောက်ပြီးတော့ မကွဲတတ် ဆိုတာကတော့ ချစ်ခင်မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေ ဥစ္စာပစ္စည်းတွေနဲ့ မကွဲမကွာ အတူတကွ ပြည့်စုံနေပါတယ်–တဲ့၊ ဒါကလဲ အရေးကြီးတာပဲ၊ ချစ်ခင်နှစ်သက်အပ် မြတ်နိုးအပ်တဲ့ လင်မယား သားသမီး စသည်တွေနဲ့ မကွဲချင်ကြဘူး၊ အသက်ထက်ဆုံး အတူတကွ ဝမ်းမြောက်ဝမ်းသာနဲ့ နေသွားချင်ကြတယ်၊ အဲဒါတွေနဲ့ မတော်မဆ ကွဲကွာသွားရရင် အင်မတန်ဆင်းရဲဒုက္ခ ရောက်ကြပါတယ်၊ တချို့မှာ ရင်ကွဲနာကျပြီး သေတောင် သေသွားတတ်သေးတယ်၊ ချစ်ခင်မြတ်နိုးအပ်တဲ့ ပစ္စည်းဥစ္စာတွေနဲ့လဲ မကွဲမကွာချင်ကြဘူး၊ ရန်သူမျိုးငါးပါးကြောင့် မတော်တဆ စီးပွားဥစ္စာတွေ ပျက်စီးသွားရင် သေလုနီးပါး စိတ်ဒုက္ခရောက်တတ် ကြပါတယ်၊ တချို့မှာဆိုရင် သေတောင်သေသွားတတ်သေးတယ်၊ သူ့အသက်သတ်မှု ကြဉ်ရှောင်တဲ့ကုသိုလ်က အဲဒီ ချစ်ခင်နှစ်သက်အပ် မြတ်နိုးအပ်တဲ့ ပုဂ္ဂိုလ်တွေ ပစ္စည်းဥစ္စာတွေနဲ့ မကွဲမကွာ ချမ်းသာစွာ နေရခြင်းအကျိုးကိုလဲ ရစေနိုင်ပါတယ်–တဲ့၊ နောက်ပြီးတော့ ဒီမကွဲတတ် ဆိုတဲ့စကားထဲမှာ အဘေဒပရိသတာ–အခြွေအရံပရိသတ် မကွဲမပျက်ခြင်းဆိုတဲ့ အကျိုးကိုလဲ ထည့်ယူရမယ်၊ ဒီတော့ သောကကင်းလတ်ဆိုတာက အကျိုးတစ်ပါး၊ မကွဲတတ်ဆိုတာက အကျိုး ၂–ပါးပေါင်းလိုက်ရင် ဒီဒုတိယဆောင်ပုဒ်မှာ အကျိုး ၃–ပါး ဖြစ်တယ်၊ ပထမဆောင်ပုဒ်က အကျိုး ၁၆–ပါး အားလုံးပေါင်း အကျိုး ၁၉–ပါးဖြစ်တယ်၊ အဲဒီအကျိုးတွေဟာ သူတစ်ပါးကို မသတ်ခြင်း သတ်မှုမှ ကြဉ်ရှောင်ခြင်း၏ အကျိုးများပဲဆိုတာကို "သက်သတ်ရှောင်ကျိုးများ"လို့ ပြဆိုထားပါတယ်၊ အဲဒီအကျိုး ၁၉–ပါး ရတယ်ဆိုရင် ဒီသီလကို ကျင့်သင့်ကျင့်ထိုက်လှပါပြီ၊ ဒါကြောင့် "လုပသက်ရှည် ကျန်းမာသည် ချစ်ကြည်ခြွေရံများ၊ သောကကင်းလတ် မကွဲတတ် သတ်သတ်ရှောင် ကျိုးများ"လို့ အကျဉ်းချုံးပြီး ဆောင်ပုဒ်စီထားပါတယ်။

အဲဒီဆောင်ပုဒ်ထဲမှာ မပါဝင်ဘဲ ကျန်နေတာကတော့ (၁) သူရတာ ရဲရင့်ခြင်း၊ (၂) ဝိဿဒ္ဓဝစနတာ–ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ခြင်း၊ (၃) အစ္ဆမ္ဘိတာ မကြောက်မရွံ့ မတုန်မလှုပ်ခြင်း၊ (၄) ဒုပ္ပဓံသိယတော–သူတစ်ပါးတို့က မဖျက်ဆီးနိုင်ခြင်းဆိုတဲ့ ဒီအကျိုး ၄–ပါးပါပဲ၊ အဲဒါတွေကို ပါဆိုရင်တော့ ဆောင်ပုဒ်က နောက်တစ်ပုဒ် ထပ်တိုးရလိမ့်ဦးမယ်၊ဆောင်ပုဒ်ကိုလဲ မများစေချင်ဘူး၊ ပြခဲ့ပြီး အကျိုးများဖြင့်ပင် စိတ်ဝင်စားဖွယ် ကောင်းပြီလို့လဲ စဉ်းစားမိတယ်၊ ဒါကြောင့် အကျိုး ၁၉–ပါးပါဝင်တဲ့ ပဓာနအကျိုး ၇–ပါးကိုသာ ဆောင်ပုဒ် ၂–ပုဒ်ဖြင့် ချုံးပြီး စီထားပါတယ်၊ ကဲ–အဲဒီ ဆောင်ပုဒ်များကို ဆိုကြဦး။

"လုပ, သက်ရှည်, ကျန်းမာသည်, ချစ်ကြည်, ခြွေရံများ။" (ဆို)

"သောကကင်းလတ်, မကွဲတတ်, သက်သတ်ရှောင်ကျိုးများ။" (ဆို)

ပါဏာတိပါတမှ ရှောင်ခြင်း၏ အကျိုးပဓာနအားဖြင့် ၇–ပါး၊ အတွင်းဝင်တာက ၁၉–ပါး၊ ကျန်တာက ၄–ပါး၊ အဲဒါကိုသိရရင် ပါဏာတိပါတ၏ အပြစ်များကိုလဲ အဲဒီအကျိုးများမှ ပြောင်းပြန်ပြန်ပြီး ယူနိုင်ပါတယ်၊ ဘယ်လိုလဲဆိုရင် လုပဆိုရာမှာ မလုပခြင်း အရုပ်ဆိုခြင်း စသည်ဖြင့် ပြန်ယူရုံပါပဲ၊ အင်္ဂါကြီးငယ် စုံလင်တယ်ဆိုရာမှာ လက် ခြေ စသည် အင်္ဂါ မစုံဘူး စသည်ဖြင့် ပြန်ယူရုံပါပဲ။

ဒီကနေ့တော့ ရာသီဥတုကလဲ ပူပြင်းတာနဲ့ တစ်နာရီလောက်သာ ဟောမယ်လို့ မူလက ရည်ရွယ်ထားပါတယ်၊ တစ်နာရီလဲ အနည်းငယ် ကျော်သွားပါပြီ၊ ဒါကြောင့် ဒီတွင်ပဲ ရပ်ပြီး တရားသိမ်းကြစို့၊ ကဲ အမျှဝေပြီး တရားသိမ်းကြရမယ်။

အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျွန်ုပ်တို့ ပြုစုပွားများအားထုတ်အပ်သော ဒါနကုသိုလ်။ပ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါ စေကုန်သတည်း။

အမျှ..... အမျှ..... အမျှ..... ယူတော်မူကြပါကုန်လော့။

သာဓု.... သာဓု..... သာဓု.....။

သလ္လေခသုတ်တရားတော် ဒုတိယပိုင်း ဤတွင်ပြီး၏။

သလ္လေခသုတ်တရားတော်ကြီး

တတိယပိုင်း

၁၃၃၂–ခုနှစ်၊ ကဆုန်လပြည့်နေ့ ဟောသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့

ယခု မြန်မာသက္ကရာဇ် ၁၃၃၂–ခုနှစ်ထဲမှာ ၁၁၈၂ ကိုရောထည့်လျှင် ဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှစ၍ ရေတွက်လာခဲ့တဲ့ သာသနာတော်နှစ် ၂၅၁၄–ခု ဖြစ်တယ်၊ ဒီလို ၁၁၈၂–ခုကို ပေါင်းထည့်ရခြင်း၏ အကြောင်းရင်းတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှစ၍ ခုနှစ်ရေတွက်လာခဲ့ရာမှာ ၆၂၄–နှစ်ရှိသောအခါ သုမုန္ဒရီမင်းက ၆၂၂–ကို ဖြိုပစ်ခဲ့တယ်၊ တစ်ဖန် ၅၆၂–ခုနှစ်ရှိသောအခါ သက်ရာဇ်မင်းက ၅၆၀–ကို ဖြိုပစ်ခဲ့ပြန်တယ်၊ အဲဒီ ဖြိုခဲ့တဲ့ ၆၂၂ နှင့် ၅၆၀ ကို ပေါင်းလိုက်ရင် ၁၁၈၂–ဖြစ်တယ်၊ ဒါကြောင့် သာသနာနှစ်ကိုသိချင်ရင် ရောက်ဆဲမြန်မာသက္ကရာဇ်ထဲမှာ အဲဒီဖြိုခဲ့တဲ့ ၁၁၈၂–ကိုရောထည့်ရတယ်။

အဲဒီ ၂၅၁၄–ခုမြောက် နှစ်ဆိုတာက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခဲ့တဲ့ နှစ်ဖြစ်တယ်၊ ဖွားမြင်တော်မူခဲ့တဲ့ နှစ်ကတော့ မြတ်စွာဘုရား၏ သက်တော် (၈၀)ကို ထပ်ထည့်ရမယ်၊ အဲဒီလို ထပ်ထည့်လိုက်ရင် ၂၅၉၄–နှစ်ဖြစ်တယ်၊ အဲဒီ ၂၅၉၄–ခု မြောက်နှစ်က ဗုဒ္ဓမြတ်စွာဘုရား၏ အလောင်းတော် သိद္ဓတ္ထမင်းသားဟာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် မာယာဒေဝီတို့မှ ဖွားမြင်တော်မူခဲ့ပါတယ်၊ အသက်တော် ၁၆–နှစ်အရွယ်မှာ ယသော်ဓရာဒေဝီနှင့် စုံဖက်၍ ထီးနန်းစည်းစိမ်ကို ခံစားတော်မူခဲ့ပါတယ်၊ ၂၉–နှစ်အရွယ်မှာ အိုခြင်း နာခြင်း သေခြင်းကင်းတဲ့ တရားကိုရှာဖို့ရာ တောထွက်တော်မူပြီး ရဟန်းပြုတော်မူခဲ့ပါတယ်။

အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ တရားတွေဟာ အလိုမရှိအပ်တဲ့ တရားဆိုးတွေဖြစ်မယ်၊ အဲဒီတရားဆိုးတွေကို ပယ်နိုင်အောင် ရှာကြံတယ်ဆိုတာဟာ အလွန်မွန်မြတ်တဲ့ အလုပ်ဖြစ်ပါတယ်၊ လောကမှာ ပညာရှိသူတော်ကောင်းတွေဟာ လူတွေရဲ့ အကျိုးမဲ့တွေကိုပယ်ဖို့ အကျိုးစီးပွားဖြစ်ထွန်းဖို့ အမြဲရှာကြံနေကြတာပဲ၊ ရှေးကလဲ ရှာကြံခဲ့ကြတယ်၊ ယခုလဲ ရှာကြံနေကြတုန်းပဲ သုတေသန လုပ်နေကြတာတွေပေါ့၊ အထူးအားဖြင့် ယခုခေတ်မှာ ကျန်းမာရေးဘက်က အမြဲမပြတ် ရှာကြံနေကြတယ်၊ အကောင်းတွေချည်းပါပဲ။

ဘုရားအလောင်းတော်လို့ စွန့်ရဲကြပါမလား

ဘုရားအလောင်းတော်မှာတော့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ကစပြီး ဘဝအဆက်ဆက် သတ္တဝါတွေ၏ အကျိုးကို ရှာကြံလာခဲ့တယ်၊ အကျိုးမဲ့တွေကိုပယ်ဖို့ ရှာကြံလာခဲ့ကြတယ်၊ အကျိုးမဲတွေထဲမှာ အိုခြင်း နာခြင်း သေခြင်းဆိုတာတွေက အဆိုးဆုံး အကျိုးမဲ့တွေပဲ၊ အဲဒီ သုံးပါးထဲမှာလဲ သေခြင်းဆိုတာကတော့ အဆိုးဆုံးပဲ၊ အဲဒီ အိုခြင်း နာခြင်း သေခြင်းကင်းတဲ့ တရားဆိုတာကတော့ အကောင်းဆုံးတရားပဲ၊ အဲဒီအကောင်းဆုံးတရားကို ရှာဖို့ရန် ဘုရားအလောင်းတော်ဟာ သက်တော် ၂၉–နှစ်မှာ တောထွက်တော်မူခဲ့တယ်၊ အသက် ၂၉–နှစ်ဆိုတော့ ပျိုမျစ်နုနယ် ငယ်ပါသေးတယ်၊ ယခုနေအခါမှာ တချို့ဆိုရင် ပညာသင်ကြားတုန်း ကျောင်းသားအရွယ် ရှိသေးတာပဲ၊ ဒီဂရီဘွဲ့ထူးတွေကိုရအောင် ကြိုးစားတုန်းရှိသေးတာပဲ၊ လောကအလုပ်တောင် ထိထိရောက်ရောက်မလုပ်ရသေးဘူး၊ ငါတို့ ဘုရားအလောင်းတော်ကတော့ အဲဒီ ၂၉–နှစ်အရွယ်မှာ ယသော်ဓရာဒေဝီနှင့်တကွ လောကစည်းစိမ် ချမ်းသာတွေကို အာလယပြတ် ပယ်စွန့်ပြီး ရဟန်းပြုလို့ တရားကျင့်သုံးနေပြီ၊ အဲဒါဟာ ယခုလူတွေအနေနဲ့ စဉ်းစားကြည့်ရင် အင်မတန် အံ့သြစရာ ကောင်းပါတယ်၊ ဘာကြောင့်လဲဆိုရင် ယခု လူတွေဟာ အတော်အတန် ပြည့်စုံနေတဲ့ မိမိတို့ရဲ့ အိုးအိမ်စည်းစိမ်ကို ဘုရားအလောင်းတော်လို အလယပြတ် စွန့်ရမယ်ဆိုရင် စွန့်ရဲကြပါ့မလား၊ တကယ်စွန့်ဖို့ မပြောနဲ့အုံး စိတ်ကူးနဲ့ ကြံကြည့်ဖို့တောင် တချို့မှာ ခဲယဉ်းနေကောင်း နေပါလိမ့်မယ်၊ အဲဒါကြောင့် ဘုရားအလောင်းတော် စွန့်လွှတ် တောထွက်တာဟာ အင်မတန် အံ့သြစရာ ကောင်းတာပါပဲ။

အဲဒီလို တောထွက်ပြီး ဘုရားအလောင်းတော်ဟာ ဥရုဝေလဆိုတဲ့ တောအရပ်မှာ ၆–နှစ်ပတ်လုံး ဒုက္ကစရိယ အကျင့်တွေကို ကျင့်ခဲ့ပါတယ်၊ ဒုက္ကရစရိယာဆိုတာ ပြန့်ပြိုင်ခဲ့တဲ့ အကျင့်တွေလို့ ဆိုလိုပါတယ်၊ ဘာတွေလဲဆိုရင် ထွက်သက် ဝင်သက်ကို ချုပ်ပြီးကျင့်တာရယ် အစာအာဟာရကို ဖြတ်ပြီးကျင့်တာရယ် ဒါတွေပါပဲ၊ ဒါပေမယ့် အဲဒီအကျင့်တွေကတော့ ဘုရားဖြစ်ဖို့ အကျင့်ကောင်း အကျင့်မှန်တွေ မဟုတ်ပါဘူး၊ ဒါကြောင့် အလောင်းတော်ဟာ ၆–နှစ် ကြာတဲ့အခါ အဲဒီ အကျင့်တွေကို စွန့်ပြီးတော့ မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းအကျင့်ကို ကျင့်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

ဘုရားဖြစ်တော်မူရာဌာန

ဘုရားအဖြစ်သို့ ရောက်တော်မူပုံကတော့ ဘုရားအလောင်းတော်ဟာ အစာအာဟာရကို ဖြတ်ပြီးကျင့်နေရာမှ အဲဒီအကျင့်ဖြင့် တရားထူးကို မရနိုင်ကြောင်းသိပြီးတော့ အာနာပါနစ္စာန်ကို ရအောင်အားထုတ်ဖို့ သင့်လျော်တဲ့ အစာအာဟာရများကို မှီဝဲသုံးဆောင်ခဲ့ပါတယ်၊ အင်အားပြည့်တဲ့အခါ အာနာပါနကမ္မဋ္ဌာန်းဖြင့် စျာန်သမာပတ်များကို ရခဲ့ပါတယ်၊ အဲဒီလိုရပြီးတဲ့နောက် ယနေ့လို ကဆုန်လပြည့် နေ့နံနက်မှာ သုဇာတာဆိုတဲ့ သေဋ္ဌေးကတော်လှူတဲ့ ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီး အဲဒီညနေခင်းမှာ ဗောဓိညောင်ပင်ကြီးအောက်သို့ ကြွတော်မူပါတယ်၊ အဲဒီ ညောင်ပင်ကြီးက ဘယ်အရပ်မှာလဲဆိုရင် မဓ္ဓိမဒေသ ခေါ်တဲ့ အိန္ဒိယ အလယ်ပိုင်းအရပ် ယခု ဂယာလို့ခေါ်တဲ့ မြို့ရဲ့ အရှေ့တောင်ဘက် ၆-မိုင်ခန့်တွင် ဗုဒ္ဓဂယာခေါ်တဲ့ အရပ်မှာ ရှိပါတယ်၊ ယခုတော့ အဲဒီအပင်ကြီး မရှိပါဘူး၊ အဲဒီနေရာမှ တည်ထားတဲ့ စေတီကြီးသာ ရှိပါတော့တယ်၊ အဲဒီစေတီရဲ့ အနောက်ဘက်မှာကပ်လျက် ညောင်ပင်ပျိုတစ်ပင်တော့ရှိပါတယ်၊ မူလဗောဓိညောင်ပင်ကြီးရဲ့မျိုးစေ့မှ ပေါက်လာတဲ့ ဗောဓိညောင်ပင်ပွား ဖြစ်တယ်လို့ ပြောကြပါတယ်။

ဘုရားအလောင်းတော်ဟာ ဗောဓိညောင်ပင်ကြီးအောက် ရောက်ပြီးတော့ အဲဒီညောင်ပင်ကြီးရဲ့ အရှေ့မျက်နှာအရပ်မှာ မြက်ရိတ်သမားက လှူလိုက်တဲ့ မြက်ရှစ်ဆုပ်ကို အဖျားကကိုင်ပြီး ဖြန့်ကျဲလိုက်ပါတယ်၊ ထိုင်ဖို့နေရာခင်းလိုက်တာပါပဲ၊ မြက်ကိုထိုင်ဖို့ ခင်းတယ်ဆိုတာ အိန္ဒိယမှာ အထူးအဆန်းမဟုတ်ပါဘူး၊ အဲဒီရသေ့တွေ ပရိဗိုဇ်တွေက ဒီလိုပဲ မြက်ကိုခင်းပြီး ထိုင်လေ့ အိပ်လေ့ ရှိကြပါတယ်၊ ဒါကြောင့် မြက်အခင်းဟာ အိန္ဒိယ ရသေ့ ရဟန်းတွေရဲ့ အခင်းတစ်မျိုး ဖြစ်ပါတယ်၊ ဘုရားအလောင်းတော်က ဖြန့်ခင်းလိုက်တဲ့ မြက်တွေဟာ (စုဒ္ဒသဟတ္ထ) တစ်ဆယ့်လေးတောင်တဲ့ ပလ္လင်ဖြစ်သွားတယ်လို့ ဗုဒ္ဓဝင် အဋ္ဌကထာ ဇာတ်အဋ္ဌကထာများမှာ ဆိုထားပါတယ်၊ ဟတ္ထသဒ္ဒါ-အရ ၆-လက်မရှိ မိုက်ကိုယူရင်လဲ ၁၄-မိုက်ရှိတဲ့ ပလ္လင်ဖြစ်တယ်လို့ ယူရမယ်၊ (ပလ္လင်) ပလ္လင်ဆိုတာ ထက်ဝယ်ဖွဲ့ခွေပြီး ထိုင်တာကိုလဲ ခေါ်တယ်၊ ဒါကြောင့် တင်ပျဉ်ခွေထိုင်တယ်လို့ ပြောနေကြတာပဲ၊ နောက်ပြီးတော့ ထိုင်စရာ အိပ်စရာ လေးထောင့်စပ်စပ်ခုံကိုလဲ ပလ္လင်လို့ခေါ်တယ်၊ ထိုင်စရာ အိပ်စရာ သာမာန်နေရာကိုလဲ ပလ္လင်လို့ခေါ်တယ်၊ ယခုပြောနေတဲ့ ပလ္လင်ကတော့ ထိုင်စရာမြက်အခင်းပါပဲ၊ ဒါကြောင့် ဗုဒ္ဓအဝင် အဋ္ဌကထာမှာ "ဗောဓိသတ္တော-ဘုရားအလောင်းတော်သည်၊ စုဒ္ဒသဟတ္ထေ ၁၄-တောင်ရှိသော၊ တတ္ထ တိဏသန္ထရေ-ထိုမြက်အခင်း၌ (ပလ္လင်)၌၊ တိသန္ဓိပလ္လင်္ကော-အစပ်သုံးခုရှိသော တင်ပျဉ်ခွေကို အာဘုဇိတ္တာ-ဖွဲ့ခွေ၍၊ စတုရင်္ဂသမန္နာ ဂတဝီရိယံ၊ အင်္ဂါ ၄-ပါးရှိသော ဝီရိယကို၊ အဓိဋ္ဌဟိတ္တာ-ဆောက်တည်၍၊ နိသီဒိ-ထိုင်နေတော်မူလေ၏၊" လို့ မိန့်ဆိုထားပါတယ်၊ အဲဒီ ပလ္လင်ကိုရတနာဖြင့် ပြီးတဲ့ပလ္လင်လို့လဲ ရေးသားပြောဆို လေ့ရှိကြပါတယ်၊ လောကီရတနာတွေကို စွန့်ပယ်လာခဲ့တဲ့ ဘုရားအလောင်းတော်မှာ ရတနာပလ္လင် ခမ်းခမ်းနားနားကြီးတော့ လိုပုံမရပါဘူး၊ အဋ္ဌကထာများမှာလဲ "ပလ္လင်္ကော-ပလ္လင်ဖြစ်တယ်လို့ သာမည်သာ ပြဆိုထားပါတယ်။

ပလ္လင်၏ ပမာဏ

စုဒ္ဒသဟတ္ထ ၁၄-တောင် သို့မဟုတ် ၁၄-မိုက်ဆိုတဲ့ ပမာဏဟာ အမြင့်လား အကျယ်လားဆိုရင် တချို့က အမြင့်လို့ ဆိုကြပါတယ်၊ တချို့ကတော့လဲ အကျယ်လို့ဆိုကြပါတယ်၊ ဒီအချက်ကို ရှေးက ဆရာ့ဆရာအကျော်အမော်တွေ စိစစ်ဆုံးဖြတ်ထားချက်တွေ ရှိပါတယ်၊ မဟာဗုဒ္ဓဝင် ပထမတွဲ (ဒုတိယပိုင်း) စာမျက်နှာ ၁၈၅-စသည်မှာ အရှင်ဝိစိတ္တက စုပေါင်းပြီး ပြထားချက် ရှိပါတယ်၊ ဘုန်းကြီးကတော့ အကျယ်ပမာဏကို သဘောကျပါတယ်၊ ဘာကြောင့်လဲဆိုရင် မြက်ရှစ်ဆုပ်ကို ဖြန့်ကြဲခင်းတာဟာ ထိုင်ဖို့ရာဖြစ်တဲ့အတွက် တင့်တင့်တယ်တယ် ကျယ်ကျယ်ပြန့်ပြန့် ထိုင်လောက်တဲ့ အကျယ်အဝန်း ရှိဖို့က လိုရင်းဖြစ်ပါတယ်၊ မြင့်တာက လိုရင်းမဟုတ်ဘူး၊ ဒါကြောင့်ပါပဲ၊ နောက်ပြီးတော့ ဗုဒ္ဓဝံသအဋ္ဌကထာဆရာကလဲ အကျယ်ပမာဏကိုသာ ပြထားပါတယ်၊ ဒီပက်ရာဘုရားနောက်မှာ ပွင့်တော်မူတဲ့ ကောဏ္ဍညဘုရားမှစပြီး ဘုရားအလောင်းတော်များ ဖြန့်ကြဲလိုက်တဲ့ မြက်အခင်းပမာဏကို အဋ္ဌပဏ္ဏာသဟတ္ထဝိတ္ထတံ ၅၈-တောင် ကျယ်ပြန့်သောအခင်း၊ တိသဟတ္ထဝိတ္ထတံ-အတောင်သုံးဆယ်ကျယ် ပြန့်သောအခင်း စသည်ဖြင့် အကျယ်ပမာဏကို ပြထားပါတယ်၊ အတ္ထဒဿီ-ဘုရားလောင်း၏ မြက်အခင်းကိုတော့ တေပညာသဟတ္ထာယာမဝိတ္ထတံ ၅၃-တောင် အလျားအနံရှိသော အခင်းလို့ အလျားအနံပါတောင် ပြထားပါသေးတယ်၊ ကဿပဘုရားလောင်း၏ မြက်အခင်းကိုလဲ ထို့အတူပဲ အလျားအနံပါ ပြထားပါတယ်၊ ဒါကြောင့် ဘုန်းကြီးကတော့ ဂေါတမဘုရားအလောင်းတော် ဖြန့်ကြဲလိုက်တဲ့ မြက် အခင်းရဲ့ ပမာဏ ၁၄-တောင် သို့မဟုတ် ၁၄-မိုက်ဆိုတာဟာလဲ အကျယ်ပမာဏပဲလို့ သဘောကျပါတယ်၊ အမြင့်ကတော့ ပါရမီအားလျော်စွာ ရှိသင့်သလောက် ရှိပါလိမ့်မယ်၊ အဲဒီ အမြင့် ပမာဏကတော့ ဒီနေရာမှာ လိုရင်း မဟုတ်ဘူးလို့လဲ သဘောကျပါတယ်။

ဒေဝပုတ္တမာရ်ကို အောင်တော်မူခြင်း

ဘုရားအလောင်းတော်ဟာ "ဘုရားအဖြစ်သို့ မရောက်မချင်း ဤထက်ဝယ်ဖွဲ့ခွေထိုင်နေခြင်းကို မဖျက်တော့ဘူး၊ ဒီနေရာမှ မထတော့ဘူး၊"လို့ အဓိဋ္ဌာန်ပြုပြီး အဲဒီမြက်အခင်းပလ္လင်ပေါ်မှာ ထိုင်တော်မူပါတယ်၊ အဲဒီအခါ မာရ်နတ်က လာပြီး အနှောင့်အယှက် ပြုလုပ်တယ်၊ ဘာကြောင့်လဲဆိုရင် မာရ်နတ်ဆိုတာက တရားကျင့်ပြီး တရားထူးရတာ လောကမှ လွတ်မြောက်သွားတာကို မကြိုက်ဘူး၊ ယခုကာလမှာ သူများတရားအားထုတ်တာကို မလိုလားတဲ့ လူတွေလိုနေမှာပေါ့၊ သူက ဘုရားအလောင်းတော် တောထွက်ကတည်းက မြို့တော်ကို ပြန်ဝင်ဖို့ ဖြားယောင်းတိုက်တွန်းခဲ့တယ်၊ အဲဒီလို တိုက်တွန်းလို့ မရတဲ့အတွက် သူက ဘုရားအလောင်းတော်ကို အမြဲလိုက်ပြီး ထောက်လှမ်းကြည့်ရှုနေတယ်၊ အပြစ်တွေ့ရင် စောဒနာဖို့ပါပဲ၊ ယခု ဘုရားအလောင်းတော်က ဘုရားမဖြစ်မသေးမချင်း ဒီနေရာက မထတော့ဘူးလို့ အဓိဋ္ဌာန်ပြုပြီး ထိုင်လိုက်တော့ သူ့စိတ်ထဲမှာ အကြီးအကျယ် ထိခိုက်တုန်လှုပ်သွားတယ်၊ "သိဒ္ဓတ္ထမင်းသားဟာ စိတ်ဓာတ်ခိုင်မြဲတယ်၊ သူ့အဓိဋ္ဌာန် ပြုထားတဲ့အတိုင်း တရားမရရင် ဒီနေရာမှထတော့မှာ မဟုတ်ဘူး၊ မထဘဲအားထုတ်လို့ အောင်မြင်သွားရင် သူက လူတွေနတ်တွေကိုလဲ ဟောပြောလိမ့်မယ်၊ လူတွေ နတ်တွေအများပင် ငါ့လက်အောက် နယ်ပယ်မှ လွတ်မြောက်ကုန်လိမ့်မယ်၊ အဲဒါကို ငါအလိုမရှိဘူး၊ လျစ်လျူရှုမနေဘူး၊ ကာကွယ်ရမယ်"ဆိုတဲ့ အနေနဲ့ သူက လာပြီး အနှောင့်အယှက် ပြုလုပ်တော့တာပါပဲ၊ လောကမှာ လူတွေဟာ ကိုယ်နဲ့အယူဝါဒမတူတဲ့ လူတွေကို အနှောင့်အယှက်ပေးကြတဲ့ သဘောမျိုးပါပဲ၊ တချို့နိုင်ငံတွေမှာ ဘာသာရေးစစ်ပွဲတွေ ဖြစ်ပုံနဲ့လဲ နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။

အနှောင့်အယှက်ပြုပုံကတော့ သူက နတ်ပြည် ၆-ထပ်မှာ သြဇာကြီးတယ်၊ ဒါကြောင့် သူ့သြဇာခံ နတ်တွေ ဘီလူးတွေ ရက္ခိုဿ်တွေကို ခေါ်လာတယ်၊ သူ့ဘက်တော်သား မာရ်နတ်ပရိသတ်တွေက အလွန်ကြောက်ဖွယ်ကောင်းတဲ့ ပုံသဏ္ဌာန်အမျိုးမျိုးကို ဖန်ဆင်းလာတယ်၊ လက်နက်အမျိုးမျိုးတွေ စွဲကိုင်လာတယ်၊ အလွန်စူးရှပြင်းထန်တဲ့ ကြွေးကြော်သံတွေကို ဟစ်အော်ကြွေးကြော်လာတယ်၊ အဲဒီ မာရ်နတ် ပရိသတ်စစ်သည်တွေဟာ ရှေ့ကရော လက်ဝဲ လက်ယာ ၂-ဘက်ကရော ၁၂-ယူဇနာစီရှိတယ်၊ နောက်ကတော့ စကြဝဠာအဆုံးထိအောင် များပြားတယ်၊ အထက် အောက်ထုကတော့ ၉-ယူဇနာရှိတယ်လို့ ဆိုပါတယ်၊ လူ့လောကမှာတော့ ဒီလောက် ကြီးကျယ်တဲ့ စစ်တပ်ဆိုတာ မရှိနိုင်ပါဘူး၊ မာရ်နတ်ကြီးကိုယ်တိုင်ကတော့ ဂိရိမေခလာဆိုတဲ့ အလွန်ကြီးမားတဲ့ ဆင်ကြီးကို စီးလာတယ်၊ သူမှာ မူလရှိရင်းကတော့ လက်ဟာ သူများလိုပင် ၂-ဘက်သာရှိပါတယ်၊ ဒါပေမယ့် ကြောက်မက်ဖွယ်ဖြစ်အောင် သူက လက်တွေကို အများကြီး ဖန်ဆင်းလာတယ်၊ ဗာဟုသဟဿံ မာပေတွာ-လက်ရုံးတစ်ထောင် ဖန်ဆင်းတယ်လို့ ဆိုပေမယ့် တစ်ထောင်တိတိကျကျရယ်လို့တော့ မဟုတ်ပါဘူး၊ များတာကိုပဲ ဆိုလိုပါတယ်၊ ဒီလိုနေရာမှ သတံ-တစ်ရာ၊ သဟဿံ-တစ်ထောင်လို့ဆိုတာကို အနေကသင်္ခ်ာ-လို့ ခေါ်ပါတယ်၊ များပြားတာကိုပဲ ဆိုလိုပါတယ်၊ အဲဒီလက်တွေများစွာမှာလဲ လက်တစ်ချောင်း တစ်ချောင်းမှာ လက်နက်တစ်မျိုးစီ ကိုင်လာပါတယ်၊အဲဒီလို ကြောက်မက်ဖွယ်တွေ ဖန်ဆင်းလာပြီးတော့ ဘုရားအလောင်းတော် ထိုင်နေရာမှထပြေးအောင် အမျိုးမျိုးချောက်လှန့်တယ်၊ အကြီးအကျယ် တစ္ဆေခြောက်တယ်လို့ ဆိုရမှာပဲ။

ဘယ်လိုပင် ခြောက်လှန့်ပြီး အန္တရာယ်ပြုသော်လဲ ဘုရားအလောင်းတော်မှာ တုန်လှုပ်ခြင်းမရှိဘဲ တည်ငြိမ်စွာထိုင်လျက် သီတင်းသုံးတာကို မြင်ရတော့မာရ်နတ်က နောက်ဆုံးမှာ စကားနဲ့စစ်ထိုးပြန်တယ်၊ "ဒီပလ္လင် ဒီနေရာဟာ ကျွန်ုပ်၏ ဒါနကောင်းမှုကြောင့် ဖြစ်ပါတယ်၊ ဒီနေရာမှထပါ"လို့ မာရ်နတ်က ဆိုတယ်၊ သင် ဒါနပြုခဲ့တဲ့ အကြောင်း သက်သေပြပါလို့ အလောင်းတော်က ဆိုတဲ့အခါ မာရ်နတ်က သူ့ပရိသတ်ကို သက်သေပြတယ်၊ သူ့ပရိသတ်က "ကျွန်ုပ် မျက်မြင် ဖြစ်ပါတယ်၊ ကျွန်ုပ်မျက်မြင်ဖြစ်ပါတယ်"လို့ ထောက်ခံလိုက်ကြတာဟာ မြေကြီးပြိုကျသွားသလို တခဲနက်ဆူညံသွားတယ်-လို့ ဆိုပါတယ်၊ ဒီတော့ မာရ်နတ်က "ကျွန်ုပ်ဘက်ကတော့ ခိုင်လုံပါပြီ၊ သင်မင်းသားဘက်က သက်သေထူပြပါ"လို့ ဆိုတယ်၊ ဘုရားအလောင်းတော်၏ အနီးအပါးမှာ သက်ရှိသက်သေထူစရာဆိုရင် တစ်ဦးတစ်ယောက်မျှ မရှိဘူး၊ မယ်တော်ခမည်းတော်တွေလဲ မရှိဘူး၊ ဆွေတော် မျိုးတော်တွေလဲ မရှိဘူး၊ အလုပ်အကျွေး ပုဂ္ဂိုလ်လဲ မရှိဘူး၊ မာရ်နတ်စစ်သည်တွေ မလာခင်ကဆိုရင်တော့ ကာလနဂါးမင်း သိကြားမင်း ဗြဟ္မာမင်းတို့ဆိုတာ အလောင်းတော်ရဲ့ အနီးအပါးမှာ ရှိကြပါတယ်၊ မာရ်နတ်စစ်သည်တွေ ချီတက်လာတဲ့အခါမှာ သူတို့က သူတို့တာဝန်မဟုတ်တာနဲ့ ရှောင်ခွာသွားကြပါတယ်၊ ဒီတော့ သာမန်လူတစ်ယောက်အနေနဲ့ ဆိုရင်တော့ အင်မတန် စိတ်အားငယ်မှာပါပဲ၊ ဒါပေမယ့် ဘုရားအလောင်းတော်မှာတော့ စိတ်အားငယ်ခြင်း မရှိပါဘူး၊ သက်ရှိပုဂ္ဂိုလ် သက်သေထက် ခိုင်လုံတဲ့ သက်သေကို မြင်ထားပြီးသား ရှိနေပါတယ်၊ ဒါကြောင့် ဒါနကုသိုလ်ကို ပြုတိုင်း အလှူရေစက် သွန်ချရာဖြစ်တဲ့ မဟာပထဝီမြေကြီးကိုပဲ သက်သေထူလိုက်ပါတယ်၊ တခြားဘဝတွေကို ဖယ်ထားလိုက်ဦးတော့ ဝေဿန္တရာမင်းအဖြစ် တစ်ဘဝတည်းမှာပဲ ဒီပလ္လင်ဒီနေရာအတွက် ငါ အလှူကြီးတွေ ပေးလှူခဲ့ရာမှာ ဒီမဟာပထဝီမြေကြီးဟာ ခုနစ်ကြိမ်တိုင်တိုင်တုန်လှုပ်ပြီး ကောင်းချီးပေးခဲ့ပါတယ်၊ ဒီမဟာပထဝီမြေကြီးဟာ ငါ၏မျက်မြင်သက်သေပါပဲ-လို့ လက်ယာတော်ဖြင့် မြေကြီးကိုညွှန်ပြသက်သေ ထူလိုက်ပါတယ်၊ ယခုတွေ့မြင်နေကြရတဲ့ တင်ပျဉ်ခွေ ဆင်းတုတော်ပုံတွေထဲမှာ လက်ယာတော်လက်ကို လက်ယာခြေပေါ်မှာ မှောက်လျက် ချထားတဲ့ ပုံတော်ဟာ မဟာပထဝီမြေကြီးကို သက်သေအဖြစ် ညွှန်ပြနေတဲ့ ပုံတော်လို့ အချို့ပညာရှင်များက ဆိုကြတယ်၊ ဘုမိဖသမုဒ္ဒလို့လဲ ခေါ်ကြတယ်၊ တချို့ ပညာရှင်များကတော့

လှန်ထားတဲ့ လက်ဝဲလက်ဖြင့် လက်ဖဝါးလက္ခဏာကိုပြပြီး မှောက်ထားတဲ့ လက်ယာလက်ဖြင့် လက်ဖမိုး လက္ခဏာကိုပြတဲ့ ပုံတော် ဖြစ်တယ်လို့ ဆိုကြပါတယ်။

အဲဒီလို ဘုရားအလောင်းတော်က လက်ယာလက်တော်ဖြင့် ညွှန်ပြီး သက်သေထူလိုက်တဲ့အခါ မဟာပထဝီမြေကြီးဟာ အသက်ဝိညာဏ်မရှိသော်လဲ အလောင်းတော် အလှူကြီးများပေးလှူခဲ့တာကို ကျွန်ုပ်မျက်မြင်ဖြစ်ပါသည်ဟု မဆိုသော်လည်း ဆိုဘိသကဲ့သို့ တက်၍ တက်၍ လှုပ်ခြင်း၊ သက်၍ သက်၍ လှုပ်ခြင်း၊ ခါ၍ ရမ်း၍ လှုပ်ခြင်း၊ ဝိုင်း၍ လှည့်၍ လှုပ်ခြင်း စသည်ဖြင့် အမျိုးမျိုး အထွေထွေ အကြီးအကျယ် တုန်လှုပ်ပြီး သက်သေခံလိုက်ပါတယ်။ အဲဒီလို မြေငလျင် အကြီးအကျယ် တုန်လှုပ်တဲ့အခါ မာရ်နတ်ပရိသတ်တွေဟာ ဆောက်တည်ရာမရဘဲ ဖရိဖရဲဖြစ်ပြီး ထွက်ပြေးကြပါတယ်။ နတ်တွေဆိုတာ ကောင်းကင်မှာလဲ တည်နေနိုင်တဲ့အတွက် မြေငလျင်လှုပ်ပေမယ့် ကောင်းကင်မှာ ရပ်တည်မနေနိုင်ဘူးလားလို့ ဒီလိုလဲ စဉ်းစားစရာရှိပါတယ်။ ဒီမြေငလျင်က ရိုးရိုးမြေငလျင်မဟုတ်ပါဘူး၊ ဘုရားအလောင်းတော်ရဲ့ ပါရမီတော်ကြောင့် မာရ်စစ်သည်တွေ မခံမရပ်နိုင်အောင် လှုပ်တဲ့ မြေငလျင် ဖြစ်ပါတယ်။ ဒါကြောင့် မြေကြီးတွင် မဟုတ်ဘဲ မြေကြီးနှင့် ဆက်စပ်နေတဲ့ ကောင်းကင်က လေဓာတ်အခိုးအငွေ့ဓာတ်တွေရော အကုန်လုံးလှုပ်လိုက်တဲ့အတွက် မာရ်နတ်ပရိသတ်တွေဟာ ဆောက်တည်ရာမရဘဲ ထွက်ပြေးကြရခြင်း ဖြစ်တယ်လို့ ယူဆရပါတယ်။ မာရ်နတ်ကြီးလဲ ဂိရိမေခလာဆင်ကြီးပေါ်က ကျွမ်းထိုး မှောက်ခုံကျပြီး ထွက်ပြေးရတယ်လို့ ဆိုပါတယ်။

ဝသုန္ဓရီနတ်ဆို့တာ ရှိသလား

ဒါပေမယ့် မာရ်နတ်ရော သူ့ဘက်သား နတ်တွေရော ဘယ်သူမှ ကျိုးတယ် ဒဏ်ရာရတယ် သေတယ်လို့တော့ မရှိပါဘူး၊ ဘုရားအလောင်းတော်ရဲ့ ပါရမီတော် အဟုန်ကြောင့် ကြောက်လန့်ပြီး ထွက်ပြေးကြရရုံပါပဲ၊ ဒီစကားထည့်ပြောရတာက တခြားကြောင့် မဟုတ်ဘူး၊ ဗုဒ္ဓသာသနာတော်ကို မကြည်ညိုတဲ့ သူတွေက မဟုတ် မဟုတ်လုပ်ကြံပြီး ပြောကြတာကို ကြားရဖူးပါတယ်၊ ဘုရားအလောင်းတော်ရဲ့ သက်သေထူချက်ကြောင့် ဝသုန္ဓရီနတ်က ဆံပင်ရေတွေ ညှစ်ချလိုက်တာနဲ့ မာရ်နတ်စစ်သည်တွေ ရေထဲမျောနစ်ပြီး သေကုန်ကြတယ်၊ အဲဒါဟာ ဘုရားအလောင်းတော်ဟာ မသနားလို့ပဲ–လို့ ဒီလို ကြံကြံဖန်ဖန် ပြောကြတာကို ကြားရဖူးပါတယ်၊ အမှန်ကတော့ ဝသုန္ဓရီနတ်ဆိုတာလဲ ထေရဝါဒဗုဒ္ဓစာပေကျမ်းဂန်ထဲမှာ မရှိပါဘူး၊ တချို့ ဘုရားကျောင်းတွေမှာ ဝသုန္ဓရီနတ်ရုပ် ထုထားတာတော့ တွေ့ရပါတယ်၊ ဒါပေမယ့် ထေရဝါဒစာပေမှာတော့ မရှိပါဘူး၊ အသင့်ယုတ္တိလဲ မရှိပါဘူး၊ အမှန်ကတော့ ဝသုန္ဓရီဆိုတဲ့ ပါဠိကလဲ မြေကြီးလို့ အနက်ရှိပါတယ်၊ ဒါကြောင့် မြေကြီးတုန်လှုပ်တဲ့အတွက် ခုတင်က ပြောခဲ့တဲ့အတိုင်း ကြော်လန့်ပြီး ထွက်ပြေးကြခြင်းသာ ဖြစ်ပါတယ်။

ယခုပြောခဲ့တာဟာ မာရ်ငါးပါးထဲက ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူပုံပါပဲ၊ အဲဒါကို ရှေးဆရာတို့က အောင်ခြင်းရှစ်ပါးထဲမှာ ပထမဆုံး အောင်ခြင်းအဖြစ်ဖြင့် ဒီလို ဂါထာ စီကုံးထားကြပါတယ်။

အောင်တော်မူဂါထာ

ဗာဟုံသဟဿမဘိနိမ္မိတသာဝုဓံ တံ၊
ဂိရိမေခလံ ဥဒိတဃောရံ သသေနမာရံ။
ဒါနာဒိမမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇော ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော–အကြင်မြတ်စွာဘုရားသည်၊ ဂိရိမေခလံ–ဂိရိမေခလာ အမည်ရှိသော ဆင်ကြီးကို၊ ဥဒိတံ–တက်စီးလျက်၊ အဘိနိမ္မိတသာဝုဓံ–လွန်လွန်ကဲကဲ ဖန်ဆင်းထားသော လက်နက်တို့နှင့်တကွသော၊ ဗာဟုံသဟဿံ–လက်ရုံးပေါင်းတစ်ထောင်ရှိသော၊ ဃောရံ–ကြမ်းတမ်းလှစွာသော၊ သသေနမာရံ–ရှေ့နှင့်ဝဲယာ ၁၂–ယူဇနာစီရှိသည့်ပြင် နောက်မှ စကြဝဠာအဆုံးအထိ များပြားလှသော စစ်သည် အပေါင်းနှင့်တကွသော၊ တံ–ထိုမာရ်နတ်မင်းကို၊ ဒါနာဒိမမ္မဝိဓိနာ–ဒါနစသည် ပါရမီတော် ဆယ်ချက်ကောင်းမှုတည်းဟူသော လက်နက်အစီအရင်ဖြင့်၊ ဇိတဝါ–မပင်မပန်း ရွှင်လန်းကြည်လင် အောင်မြင်တော်မူလေပြီ၊ တံတေဇော–မာရ်နတ်မင်းကို အောင်မြင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ–အကျွန်ုပ်အား၊ အဂ္ဂံ–မြတ်သော၊ ဇယမင်္ဂလံ–အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု–ဖြစ်ပါစေသတည်း။

ဒါက သူ့မူရင်းအတိုင်း အနက်ပြန်ခြင်း ဖြစ်ပါတယ်၊ အဲဒီလို ဆိုတော့ ကိုယ့်တစ်ဦးတည်းအတွက် ဆုတောင်းနေခြင်း ဖြစ်နေတယ်၊ တရားနာပရိသတ်တွေလဲပါအောင် "တံတေဇော ဘဝတု နော ဇယမင်္ဂလဂ္ဂံ"လို့ ပြင်ဆိုပါတယ်၊ တံ တေဇော–မာရ်နတ်မင်းကို အောင်မြင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ နော–အမှာကံတရားဟောလျက် တရားနာ

လျက်ရှိကြသော အကျွန်ုပ်တို့အား၊ အဂ္ဂ–မြတ်သော၊ ဧယမဂ်လံ–အောင်ခြင်းမဂ်လာသည်၊ ဘဝတု–စင်စစ်မသွေ ဖြစ်ပါစေသတည်း။ (သာဓု... သာဓု.... သာဓု....။)

ဒီနေရာမှာ သဒ္ဓါတရားရော သုတရော နည်းတဲ့သူ အချို့က စောဒနာတဲ့ စကားတစ်ခုလဲ ရှိပါသေးတယ်၊ ဘုရားအလောင်းတော်ဟာ မြက်အခင်းပလ္လင်နေရာကို ဘာကြောင့် ငြိကပ်တွယ်တာနေရသလဲ၊ မာရ်နတ်က လိုချင်တယ်ဆိုရာမှာ ဖယ်ပေးလိုက်ရင် အလွယ်တကူနဲ့ ပြီးငြိမ်းသွားနိုင်မယ် မဟုတ်လားလို့ စောဒနာတယ်၊ အဲဒါကတော့ သဒ္ဓါတရားနဲ့ အကြားအမြင်နည်းတဲ့ပြင် အမြော်အမြင် ဉာဏ်ကလဲ မရှိလို့ စောဒနာခြင်းပါပဲ၊ "မာရ်နတ်က စစ်သည်တွေ များစွာနဲ့ အကြီးအကျယ် ချီတက်လာတာဟာ ပလ္လင်နေရာကို လိုချင်လို့ မဟုတ်ဘူး၊ ဘုရားမဖြစ်အောင်လို့ အနှောင့်အယှက်ပေးလိုတဲ့ အတွက်သာ ဖြစ်တယ်"ဆိုတာ ရှေ့နားက ပြောခဲ့တဲ့စကားဖြင့် ထင်ရှားနေပါပြီ၊ သမ္မာသမ္ဗုद्ध ဘုရားအဖြစ်သို့ ရောက်တော်မူကြတဲ့ ဘုရားတိုင်းဟာ ဒီမဟာဗောဓိပင် ပလ္လင်နေရာမှသာ ဘုရားအဖြစ်သို့ ရောက်တော်မူကြရတယ်၊ ဒီတော့ အဲဒီနေရာမှ ထပေးလိုက်ရင် ဘုရားအလောင်းတော်မှာ "ဘုရားမဖြစ်မချင်း ဒီနေရာက မထတော့ဘူးဆိုတဲ့ အဓိဋ္ဌာန်ကြီးလဲ ပျက်သွားမယ်၊ တခြားနေရာမှာလဲ ဘုရားမဖြစ်နိုင်ဘူး၊ ဒါကြောင့် နေရာမှထပေးလိုက်တာနဲ့ မာရ်နတ်က အနိုင်ရသွားမယ်၊ "နေရာက လိုရင်းမဟုတ်ဘူး၊ အကျင့်မှန်တာက လိုရင်းဖြစ်တယ်၊ ဘယ်နေရာမှာပဲ ကျင့်ကျင့် အကျင့်မှန်ရင် ဘုရားဖြစ်နိုင်တယ်"လို့ ဆိုစေကာမူ မာရ်နတ်က နောက်တစ်နေရာလဲ လိုက်ပြီး နှောင့်ယှက်ဦးမှာပဲ၊ အဲဒီလို ရွှေ့သွားတဲ့ နေရာတိုင်းမှာ လိုက်ပြီးနှောင့်ယှက်နေရင် ဘယ်မှာ ဘုရားဖြစ်နိုင်တော့မလဲ၊ အမှန်ကတော့ ဘုရားဖြစ်ရမည့် နေရာမြတ်မှာ အဓိဋ္ဌာန်ကြီးနဲ့ ထိုင်တော်မူလိုက်ကတည်းက အဲဒီ အဓိဋ္ဌာန်လဲ မပျက်ရဘူး၊ အဲဒီနေရာမှာပဲ ဧကန်မုချ ဘုရားအဖြစ်သို့လဲ ရောက်ရမယ်၊ ဒါကြောင့် ဘုရားအလောင်းတော်က အဲဒီနေရာမှ ထမပေးဘဲ မိမိ၏ဒါနကြောင့် ရတဲ့ ပလ္လင်ဖြစ်ကြောင်း မဟာပထဝီမြေကြီးကို သက်သေထူပြီး အနိုင်ယူလိုက်ခြင်းဖြစ်ပါတယ်၊ အဲဒါဟာ အချိန်ကာလအားဖြင့် ကဆုန်လပြည့်နေ့ ညနေခင်း နေမဝင်မီ အချိန်ဖြစ်တယ်၊ ဒါကြောင့် အဋ္ဌကထာများမှာ သူရိယေ ဧရမာနေယေဝ–နေမဝင်သေး၍ နေရှိနေစဉ်ပင်လျှင်၊ မာရဗလံ ဝိဓမိတ္တာ–မာရ်စစ်သည် ဗိုလ်ပါအပေါင်းကို နှိမ်နင်းပယ်ရှားပြီး၍ စသည်ဖြင့် ပြဆိုထားပါတယ်။

ပုဗ္ဗေနိဝါသဉာဏ်ကိုရတော်မူခြင်း

မာရ်နတ်ကို အောင်မြင်ပြီးတဲ့နောက် ရှေးကတည်းက ရထားပြီးဖြစ်တဲ့ စျာန်သမာပတ်တွေကို လေ့လာဝင်စားသောအားဖြင့် ညဉ့်ဦးယံမှာ ပုဗ္ဗေနိဝါသ အဘိညာဉ်ကို ရတော်မူပါတယ်၊ ပုဗ္ဗေနိပါသဆိုတာ ရှေးကာလ၌ နေခဲ့ဖူးဖြစ်ခဲ့ဖူးတဲ့ ခန္ဓာအစဉ် ဘဝအစဉ်တွေပါပဲ၊ အဘိညာဉ်ဆိုတာ ထူးထူးခြားခြားသိတဲ့ ဉာဏ်ပါပဲ၊ ဒါကြောင့် ပုဗ္ဗေနိဝါသအဘိညာဏ်ဆိုတာ ရှေးကဖြစ်ခဲ့ဖူးတဲ့ ဘဝတွေကို ပြန်ပြီး အထူးသိမြင်တဲ့ဉာဏ်–လို့ ဆိုလိုပါတယ်၊ အဲဒီဉာဏ်ဖြင့် ဘုရားအလောင်းတော်ဟာ ရှေးဘဝဟောင်းတွေကို ပြန်ပြီးဆင်ခြင်တော်မူပါတယ်၊ နောက်ဆုံး သိဒ္ဓတ္ထမင်းသား ဘဝကို မရောက်မီက တုသိတာနတ်ပြည်မှာ သေတကေတုမည်သော နတ်သားဖြစ်ခဲ့ပြီး ၅၇–ကုဋေနှင့် အနှစ် ၆–သန်း ကာလပတ်လုံး နတ်စည်းစိမ်တွေ ခံစားနေခဲ့တာကို မြင်တယ်၊ အဲဒီက နောက်ပြန်ပြီး ကြည့်လိုက်တဲ့အခါ ဝေဿန္တရာမင်းဖြစ်စဉ်က ဒါနပါရမီ စသည်ကို ဖြည့်ကျင့်ခဲ့ပုံတွေကို မြင်တယ်၊ ဒီပုံဒီနည်းဖြင့် ရှေးရှေးက ဖြစ်ခဲ့တဲ့ ဘဝဟောင်းတွေကို နိယတဗျာဒိတ်ခံခဲ့ရတဲ့ သုမေဓာရသေ့ ဘဝတိုင်အောင်လဲ ပြန်ပြီးမြင်တယ်၊ အဲဒီထက်ရှေးကျတဲ့ သင်္ချေနှစ်ဆယ်ထက်က ဗြဟ္မဒေဝဘုရား လက်ထက်တိုင်အောင်လဲမြင်တယ်၊ အဲဒီထက်ရှေးကျတဲ့ ဘဝဟောင်းတွေကို ပြန်လှန်ဆင်ခြင်ပြီး သိမြင်နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်ကို ညဉ့်ဦးယံမှာ ရတော်မူပါတယ်။

ဒီဉာဏ်က လောကုတ္တရာ မဟုတ်သေးဘူး၊ လောကီဉာဏ်ပဲ၊ ဒါကြောင့် ဒီဉာဏ်မျိုးကို သာသနာပ ရသေ့တွေလဲ ရနိုင်ပါတယ်၊ ဒါပေမယ့် သာသနာပ ရသေ့တွေကတော့ တချို့မှာ ဘဝအနည်းငယ်လောက်သာ ပြန်လည်အောက်မေ့နိုင်တယ်၊ တချို့လဲ ဘဝတစ်ရာ ဘဝတစ်ထောင်လောက်သာ ပြန်လည်အောက်မေ့နိုင်တယ်၊ တချို့လဲ ကမ္ဘာတစ်ဆယ် နှစ်ဆယ် သုံးဆယ်လောက်သာ အောက်မေ့နိုင်တယ်၊ အများဆုံး ကမ္ဘာလေးဆယ်လောက်သာ အောက်မေ့နိုင်တယ်၊ သာသနာတွင်းက သာဝကတွေမှာလဲ တချို့မှာ ဘဝအနည်းငယ်လောက် ကမ္ဘာ အနည်းငယ်လောက်သာ အောက်မေ့နိုင်တယ်၊ မဟာသာဝကတွေကတော့ ကမ္ဘာ တစ်သိန်းအထိ အောက်မေ့နိုင်တယ်၊ အဂ္ဂသာဝကများကတော့ တစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်းအထိ အောက်မေ့နိုင်တယ်၊ ပစ္စေကဗုဒ္ဓများကတော့ ၂–သင်္ချေနှင့် ကမ္ဘာတစ်သိန်းအထိ အောက်မေ့နိုင်တယ်၊ ဗုဒ္ဓမြတ်စွာဘုရားများကတော့ ကမ္ဘာ အကန့်အသတ်မရှိ အလိုရှိတိုင်း အောက်မေ့ဆင်ခြင်ပြီး သိမြင်တော်မူနိုင်ကြပါတယ်၊ ကိုယ့်ဘဝတွေကိုသာ မဟုတ်ဘူး၊ သတ္တဝါအများ၏ ဘဝဟောင်းတွေကိုလဲ ဆင်ခြင်ပြီး သိမြင်တော်မူနိုင်ကြပါတယ်၊ အဲဒီလို သိမြင်နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်ကို ညဉ့်ဦးယံမှာ ရတော်မူပါတယ်။

ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူခြင်း

ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူပြီးတဲ့နောက် သန်းခေါင်းယံမှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူပါတယ်၊ သန်းခေါင်ယံဆိုတာ စက်နာရီဖြင့် ၁၀–နာရီမှ နံနက် ၂–နာရီ အတွင်းပေါ့၊ ဒိဗ္ဗစက္ခုဆိုတာ နတ်မျက်စိလို့ အနက်ရှိပါတယ်၊ နတ်မျက်စိလိုပင် မြင်စွမ်းနိုင်တဲ့ ဉာဏ်မျက်စိလို့ ဆိုလိုပါတယ်၊ ဒါပေမယ့် ဒီဉာဏ်မျက်စိက နတ်မျက်စိ ထက်များစွာသာလွန်ပါတယ်၊ တခြား ဥပမာမရှိလို့သာ နတ်မျက်စိကိုဥပမာပြုပြီး ပြောဆိုရခြင်းဖြစ်ပါတယ်၊ နတ်မျက်စိဖြင့် မမြင်နိုင်တာတွေကိုလဲ ဒီဉာဏ်မျက်စိဖြင့် မြင်နိုင်ပါတယ်။

ဒီဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်လိုက်ရင် ပကတိမျက်စိနဲ့ မမြင်နိုင်တာတွေကို မြင်နိုင်တယ်၊ အလွန်သေးငယ်တာတွေရော –နံရံစသည်ဖြင့် ကွယ်ခြားနေတာတွေရော အလွန်ဝေးတဲ့အရပ်မှာ တည်ရှိနေတာတွေရော နတ်ပြည် ဗြဟ္မာ့ပြည် ငရဲဘုံ ပြိတ္တာဘုံတွေရော အကုန်လုံး မြင်နိုင်တယ်၊ ဒီစကြာဝဠာတွင်သာမဟုတ်ဘူး၊ အခြား စကြာဝဠာတွေလဲ မြင်နိုင်တယ်၊ ဒါပေမယ့် ဒီဉာဏ်ကလဲ လောကုတ္တရာတော့ မဟုတ်သေးဘူး၊ လောကီဉာဏ်ပဲ ရှိပါသေးတယ်၊ ဒါကြောင့် သာသနာပ ရသေ့များလဲ ဒီဉာဏ်ကို ရနိုင်ပါတယ်၊ ဒီဉာဏ်ရရုံနဲ့တော့ အရိယာဖြစ်တယ် ရဟန္တာဖြစ်တယ်လို့ မဆိုရသေးဘူး၊ ဘုရားအလောင်းတော်လဲ ဒီဉာဏ်ကို ရခါစက အဲဒီသန်းခေါင်ယံမှာ ဘုရားမဖြစ်သေးပါဘူး၊ ပုထုဇဉ်အဖြစ်မှာပဲ တည်ရှိပါသေးတယ်။

ဒါပေမယ့် ထူးခြားတာကတော့ အခြားပုဂ္ဂိုလ်တွေရတဲ့ ဒိဗ္ဗစက္ခုဉာဏ်ကတော့ အကန့်အသတ်နဲ့ တော်ရုံတန်ရုံသာ မြင်နိုင်တယ်၊ ဘုရားအလောင်းတော်ရတဲ့ ဒိဗ္ဗစက္ခုကတော့ အလိုရှိသလောက် အကန့်အသတ်မရှိ အနန္တစကြာဝဠာတွေကို မြင်နိုင်ပါတယ်၊ ယခုခေတ် သိပ္ပံပညာရှင်တွေက အလွန်ကောင်းတဲ့ ကောင်းကင်ကြည့်မှန်ပြောင်းကြီးနဲ့ ကြည့်တဲ့အခါ မြန်မာတို့က ကြယ်လို့ခေါ်တဲ့ နေကြီးတွေနဲ့ စကြဝဠာတွေ ကုဋေပေါင်းများစွာကို တွေ့ရတယ်လို့ ဆိုကြပါတယ်၊ နောက်ပြီးတော့ သူတို့မှန်းပြောင်းနဲ့ မမြင်နိုင်တဲ့ စကြဝဠာတွေလဲ များစွာပင် ရှိလိမ့်ဦးမယ်လို့လဲ ယုံကြည်ယူဆကြပါတယ်၊ သူတို့ရဲ့ မှန်းပြောင်းလဲ ချီးမွမ်းစရာကောင်းပါတယ်၊ ယခုဘုရားအလောင်းတော်ရတဲ့ ဒိဗ္ဗစက္ခုကတော့ အလိုရှိလို့ ကြည့်လိုက်မယ်ဆိုရင် မမြင်နိုင်တာ ရယ်လို့ကို မရှိဘူး၊ အကုန်လုံးကို မြင်နိုင်တယ်၊ သူတို့ရဲ့ မှန်ပြောင်းဖြင့်ကြည့်ရင် ကြယ်လို့ခေါ်တဲ့ နေကိုသာ မြင်နိုင်တယ်၊ အဲဒီနေရဲ့ ပတ်ဝန်းကျင်မှာရှိကြတဲ့ ဂြိုဟ်တွေကိုလဲ မမြင်နိုင်ဘူး၊ အဲဒီ ဂြိုဟ်တွေပေါ်မှာရှိနေတဲ့ သက်ရှိ သက်မဲ့ ဝတ္ထုတွေကိုလဲ မမြင်နိုင်ဘူး၊ နတ်တွေဆိုတာကတော့ ဒီစကြာဝဠာတောင် မမြင်နိုင်ဘူး၊ အလောင်းတော်ရတဲ့ ဒိဗ္ဗစက္ခုကတော့ အဲဒါတွေ အကုန်လုံးကို မြင်နိုင်ပါတယ်။

ဒါကြောင့်လဲ အဲဒီဒိဗ္ဗစက္ခုဉာဏ်ဖြင့် အလောင်းတော်ဟာ သတ္တဝါတွေလက်ရှိ ဘဝမှသေပြီး ကံအားလျော်စွာ ဘဝသစ်များမှာ ဖြစ်ကြတာကိုလဲ မြင်တော်မူပါတယ်၊ ကုသိုလ်ကံရှိတဲ့ သတ္တဝါတွေ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာ ဖြစ်ကြတာကိုလဲ မြင်တော်မူပါတယ်၊ အကုသိုလ်ကံရှိတဲ့သူတွေ ငရဲ တရိစ္ဆာန် ပြိတ္တာ အပါယ်ဘုံတွေမှာ ဖြစ်ကြတာကိုလဲ မြင်တော်မူပါတယ်၊ ချမ်းသာတဲ့ လူ့ဘဝ နတ်ဘဝကသေပြီး ငရဲဘုံ ပြိတ္တာဘုံ ရောက်သွားတာတွေ နွား ကျွဲ ခွေး ဝက် ကြက် စသည် ဖြစ်သွားတာတွေကိုလဲ မြင်တော်မူပါတယ်၊ အဲဒီလိုမြင်ရတော့ သံသရာမှာ ကျင်လည်နေရတာနဲ့စပ်ပြီး အင်မတန်သံဝေဂရစရာ ထိတ်လန့်စရာ ကောင်းမှာပါပဲ၊ အဲဒီလို မြင်ရတာတော့ သံသရာမှာ ကျင်လည်နေရတာနဲ့စပ်ပြီး အင်မတန် သံဝေဂရစရာ ထိတ်လန့်စရာ ကောင်းမှာပါပဲ၊ အဲဒီလိုမြင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ကို သန်းခေါင်ယံမှာ ရတော်မူပါတယ်၊

ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူခြင်း

ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူပြီးနောက် စက်နာရီ ၂–နာရီကျော် မိုးသောက်ယံ အချိန်မှာ ရှေးဦးစွာ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူပါတယ်၊ အဲဒီလို ဆင်ခြင်ပုံကတော့ ပဋိစ္စသမုပ္ပါဒ်တရားတော်စာအုပ်မှာ အကျယ်ပြထားပြီးရှိနေပါပြီ၊ဒါကြောင့် ဒီမှာတော့ အင်္ဂါစုံရုံ အကျဉ်းချုပ်ပဲ ပြောရမယ်။

ဆင်ခြင်တော်မူပုံကတော့ အိုခြင်း သေခြင်းဟာ ဘာကြောင့် ရှိရသလဲ ဘဝအသစ်ဖြစ်ခဲ့လို့ ရှိရတယ်၊ ဘဝအသစ်က ဘာကြောင့် ဖြစ်ရသလဲ၊ ဖြစ်ကြောင်း ကံရှိလို့ ဖြစ်ရတယ်၊ ကံက ဘာကြောင့် ဖြစ်ရသလဲ၊ စွဲလမ်းမှု ဥပါဒါန်ရှိလို့ ဖြစ်ရတယ်၊ ဘာကြောင့် စွဲလမ်းရသလဲ၊ တပ်မက်ဆာလောင်မှု တဏှာရှိလို့ စွဲလမ်းတယ်၊ ဘာကြောင့် တပ်မက်ရသလဲ၊ အကောင်းအဆိုးကိုခံစားရလို့ တပ်မက်တယ်၊ ဘာကြောင့်ခံစားရသလဲ၊ အာရုံကိုတွေ့ရလို့ ခံစားရတယ်၊ ဘာကြောင့်တွေ့ရသလဲ၊ တွေ့ဖို့ရာ အကြောင်း အာယတနတွေရှိနေလို့ တွေ့ရတယ်၊ မျက်စိနဲ့ အဆင်းရှိလို့ မြင်တွေ့ရတယ်၊ နားနဲ့အသံရှိလို့ ကြားတွေ့ရတယ်၊ နှာခေါင်းနဲ့ အနံ့ရှိလို့ နံတွေ့ရတယ်၊ လျှာနဲ့အရသာရှိလို့ စားသိပြီး တွေ့ရတယ်၊ ကိုယ်နဲ့အတွေ့ရုပ်ရှိလို့ ထိတွေ့ရတယ်၊ အကြောင်းတွေက ဘာကြောင့်ဖြစ်ရသလဲ၊ နာမ်နှင့်ရုပ်ရှိလို့ ဖြစ်ရတယ်၊ နာမ်ရုပ်က ဘာကြောင့် ဖြစ်ရသလဲ၊ စိတ်ဝိညာဏ်ရှိလို့ ဖြစ်ရတယ်၊ စိတ်ဝိညာဏ်က ဘာကြောင့်ဖြစ်ရသလဲ နာမ်နှင့်ရုပ်ရှိလို့ ဖြစ်ရတယ်၊ ဒီမျှဖြင့် ဖြစ်လဲဖြစ်နိုင်တယ်၊ အိုလဲ အိုနိုင်တယ်၊ သေလဲသေနိုင်တယ်၊ အဆက်ဆက်လဲ ရွှေ့လျော သေပျက်နိုင်တယ်၊ ကပ်ရောက်ပြီးတော့လဲ ဖြစ်နိုင်တယ်၊ အကြောင်း

အကျိုးဆက်ပြီး ဖြစ်ပုံကတော့ စိတ်ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် ဖြစ်ကြောင်း အာယတနဖြစ်တယ်၊ အာယတနကြောင့် တွေ့မှုဖဿဖြစ်တယ်၊ ဖဿကြောင့် ခံစားမှု ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တပ်မက်ဆာလောင်မှု တဏှာဖြစ်တယ်၊ တဏှာကြောင့် စွဲလမ်းမှုဥပါဒါန် ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဖြစ်ကြောင်းကံဘဝ ဖြစ်တယ်၊ ဖြစ်ကြောင်းကံကြောင့် ဘဝသစ်ဖြစ်တယ်၊ ဘဝသစ်ဖြစ်လို့ အိုရ သေရတယ်၊ စိုးရိမ်ပူဆွေးရ ငိုကြွေးရ ဆင်းရဲရ နှလုံးမသာရ အပြင်းအထန် စိတ်ပူပန်ရတယ်၊ ဒီပုံဒီနည်းဖြင့် သက်သက်ဆင်းရဲအစုမျှသာဖြစ်တဲ့ ဒီအကြောင်းအကျိုး တရားအဆက်ဆက်၏ ဖြစ်နေခြင်းမျှသာ ရှိတာပဲ–လို့ ဖြစ်ကြောင်းတရားနဲ့ ဖြစ်နေပုံကို ဆင်ခြင်တော်မူပါတယ်။

နောက်ပြီးတော့ အဘယ်တရားမရှိရင် အိုခြင်း သေခြင်း ကင်းမလဲ၊ ဘဝအသစ်ဖြစ်ခြင်း မရှိရင် အိုခြင်း သေခြင်း မရှိနိုင်၊ အိုခြင်း သေခြင်းကင်းသည် စသည်ဖြင့်လဲ အကြောင်းအကျိုး အဆက်ဆက်က ကင်းခြင်းချုပ်ခြင်းကို ဆင်ခြင်တော်မူပါတယ်၊ စိတ်ဝိညာဏ်မရှိလျှင် နာမ်ရုပ် မရှိနိုင်၊ နာမ်ရုပ်မရှိလျှင် အာရုံကိုတွေ့ဖို့ရာ အကြောင်းအာယတနမရှိနိုင်၊ အာယတနမရှိလျှင် အာရုံကို မတွေ့နိုင်၊ အာရုံကို မတွေ့ရလျှင် အကောင်း အဆိုးကို မခံစားနိုင် မခံစားရလျှင် တပ်မက်ဆာလောင်းခြင်း မဖြစ်နိုင်၊ ဆာလောင်ခြင်းမရှိလျှင် မစွဲလမ်းနိုင်၊ မစွဲလမ်းလျှင် ဖြစ်ကြောင်းအမှုကံ မဖြစ်နိုင်၊ ဖြစ်ကြောင်းကံမရှိလျှင် ဘဝအသစ် မဖြစ်နိုင်၊ ဘဝအသစ်မဖြစ်လျှင် အိုခြင်း သေခြင်း မရှိနိုင်၊ စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း စိတ်ပူပန်ခြင်းတို့လဲမရှိနိုင်၊ ဒီပုံဒီနည်းဖြင့် သက်သက်ဆင်းရဲ အစုမျှသာဖြစ်တဲ့ ဒီအကြောင်းအကျိုး အဆက်ဆက်၏ ချုပ်ခြင်းမျှသာပဲ–လို့ ချုပ်ကြောင်းတရားနဲ့ ချုပ်ခြင်းသဘောကိုလဲ ဆင်ခြင်တော်မူပါတယ်။

အာသဝက္ခယညာဏ်ရရန် ဝိပဿနာ ရှုတော်မူပုံ

အဲဒီလို ပဋ္ဌိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ ဖြစ်ပုံ ချုပ်ပုံများကို ဆင်ခြင်တော်မူပြီးတဲ့ နောက်မှာ အာသဝေါကုန်ကြောင်း တရားဖြစ်လို့ အာသဝက္ခယခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်ကိုရဖို့ ဘုရားဖြစ်ဖို့အတွက် ဝိပဿနာဘာဝနာကို ပွားများတော်မူပါတယ်၊ ဝိပဿနာဆိုတာ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို ရှုတာပဲ၊ ဒါကြောင့် ပဉ္စက္ခန် ဥပါဒါနက္ခန္ဓာနံ–ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၏ ဥဒယဗ္ဗယာနုပဿီ–အဖြစ်အပျက်ကို ရှုလျက်၊ ဝိဟာသိ–နေခဲ့ပြီလို့ ဟောတော်မူပါတယ်။

ငါ–ငါ့ဥစ္စာလို့ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ရှုပြီးနေခဲ့ပါတယ်တဲ့၊ အဲဒါဟာ မြတ်စွာဘုရားကိုယ်တော်တိုင် ဝိပဿနာရှုခဲ့ပုံကို ပြန်ဟောထားတဲ့ စကားတော်ပါပဲ၊ ယခု ယောဂီတွေ ရှုမှတ်နေကြရတာလဲ ဒီဥပါဒါနက္ခန္ဓာတရားတွေပါပဲ၊ ဥပါဒါန–ဆိုတာ မြဲတယ် ချမ်းသာတယ် ကောင်းတယ် ငါပဲ ငါ့ဥစ္စာပဲ–လို့ စွဲလမ်းတတ်တဲ့ တရားပဲ၊ အဲဒီဥပါဒါန်တို့၏ အာရုံဖြစ်တဲ့ "မြဲတယ် ချမ်းသာတယ် ကောင်းတယ် ငါပဲ ငါ့ဥစ္စာပဲ" လို့ စွဲလမ်းနိုင်တဲ့ ရုပ်နာမ်တရားတွေကို ဥပါဒါနက္ခန္ဓာ–လို့ခေါ်တယ်၊ ယခု လူတွေဟာ ရုပ်ကိုယ်ကြီး တစ်ခုလုံးကို မြဲတယ်လို့လဲ ထင်နေကြတယ်၊ ကလေးဘဝမှ ရုပ်ကိုယ်ကပဲ ယခုထက်တိုင် တည်ရှိနေတယ်လို့ ထင်နေကြတယ်၊ နောင်သေသည့်တိုင်အောင်လဲ တည်ရှိနေမယ်လို့ ထင်နေကြတယ်၊ ဒီရုပ်ကိုယ်ကြီးကိုမှီပြီး အကောင်းတွေကို ခံစားနေရတဲ့အတွက် ကောင်းတယ်လို့လဲ ထင်နေကြတယ်၊ ငါပဲ အသက်ရှင်နေတဲ့အကောင်ပဲ–လို့လဲ ထင်နေကြတယ်၊ ငါ့လက် ငါ့ခြေ ငါ့ကိုယ် စသည်ဖြင့် ငါ့ဥစ္စာ–လို့လဲ ထင်နေကြတယ်၊ ဒီလိုမထင်ကြပေဘူးလား၊ စာပေဗဟုသုတ မရှိရင် အဲဒီလိုပဲ ထင်နေကြတယ်၊ မယုံရင် ကလေးတွေကို မေးကြည့်ပါ။ အဲဒီလိုပဲ အဖြေပေးကြပါလိမ့်မယ်၊ အဲဒီလိုထင်နေကြတာဟာ ရုပ်ကိုစွဲလမ်းနေကြတာပါပဲ၊ ဒါကြောင့် ရုပ်ကိုယ်ကြီးတစ်ခုလုံးဟာ ရုပ်ဥပါဒါနက္ခန္ဓာမည်ပါတယ်၊ ကိုယ့်ရုပ်ကို စွဲလမ်းရင် သူတစ်ပါးတွေရဲ့ ရုပ်တွေကိုလဲ နည်းတူပင် စွဲလမ်းတော့တာပါပဲ၊ ဒါကြောင့် ရုပ်ဟူသမျှဟာ ရုပ်ဥပါဒါနက္ခန္ဓာ မည်ပါတယ်၊ မိမိသန္တာန်ကဖြစ်စေ သူတစ်ပါးသန္တာန်ကဖြစ်စေ ရုပ်တရားများ ထင်ရှားပေါ်လာတဲ့အခါ ဝိပဿနာဉာဏ်ဖြင့်မရှုမိလို့ အမှန်အတိုင်းမသိရင် အဲဒီရုပ်တရားကို မြဲတဲ့အနေ ချမ်းသာတဲ့ ကောင်းတဲ့အနေ အတ္တကောင် ငါကောင် သူကောင်အနေဖြင့် စွဲလမ်းတော့တာပဲ၊ အဲဒီလို မစွဲလမ်းရအောင်လို့ စွဲလမ်းမှု ဖြစ်ခွင့်မရအောင်–လို့ ထင်ရှားပေါ်လာခိုက်မှာ အဲဒီရုပ်ကို ရှုရတာပဲ၊ အကျဉ်းချုပ်အားဖြင့် ပြောရရင် ငါ–ငါ့ဥစ္စာအနေဖြင့် စွဲလမ်းနိုင်တဲ့ တရားကို ဥပါဒါနက္ခန္ဓာခေါ်တယ်၊ ဒါကြောင့် ဘုန်းကြီးက "ငါ–ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်"လို့ ဆောင်ပုဒ်စီထားပါတယ်၊ အဲဒီမှာ ငါကောင်အနေနဲ့ စွဲလမ်းတာက ဒိဋ္ဌိဖြင့် အထင်လွဲအယူလွဲပြီး စွဲလမ်းတာ၊ ငါ့ဥစ္စာအနေနဲ့ သာယာသိမ်းပိုက်ပြီး စွဲလမ်းတာက တဏှာဖြင့် စွဲလမ်းတယ်ဆိုတာ ဒိဋ္ဌိနဲ့တဏှာ ဒီ ၂–ပါးဖြင့် စွဲလမ်းတာပဲ၊ ဒါကြောင့် "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်"လို့လဲ ဆောင်ပုဒ်စီထားပါတယ်၊ ရုပ်ကိုယ်ကြီးဆိုတာ မျက်စိနဲ့ မမြင်နိုင်လောက်အောင် အင်မတန် သေးငယ်တဲ့ ရုပ်ကလေးတွေများစွာ စုပေါင်းပြီးတည်နေတဲ့ ရုပ်အစုအဝေးမျှသာ အမှန်ဖြစ်တယ်၊ မျက်တောင်မွေးကလေး တစ်ပင်ထဲမှာကို ရုပ်တွေ ကုဋေပေါင်းများစွာ ပါဝင်နေပါတယ်၊ အဲဒါကို ယခု သိပ္ပံပညာက ထောက်ခံနေပါတယ်၊ လက်ညှိုးထိပ်ကို အပ်နှင့်ထိုးပြီးညှစ်လိုက်ရင် သွေးတစ်စက်ကျလာမယ်၊ အဲဒီသွေးတစ်စက်ကို ယခုအခေါ် အကောင်းဆုံး မှန်ပြောင်းနဲ့ ကြည့်ရင် ဆဲလ်ခေါ်တဲ့ ရုပ်အပေါင်းအစု ကလာပ်တွေ ငါးသန်းခန့်ကို တွေ့မြင်ရတယ်လို့ သိပ္ပံဆရာတွေက ဆိုပါတယ်၊ အဲဒါဟာ ဗုဒ္ဓတရားတော်အဆိုကို ထောက်ခံချက်ပါပဲ၊ အဲဒီတော့ ဒီရုပ်ကိုယ်ကြီးထဲမှာ အင်မတန် သေးငယ်တဲ့ ရုပ်မှုန့်တွေ မရေမတွက်နိုင်အောင် အများကြီး ပါဝင်နေတယ်၊ ရုပ်တစ်မှုန့် တစ်မှုန့်ထဲမှာလဲ ရုပ်အသေးကလေးတွေ များစွာပါဝင်နေတယ်၊ ဒီလို

ရုပ်မှန့်အစုအဝေးမျှသာဖြစ်တဲ့ ကိုယ်ကြီးဟာ ဘယ်မှာ အတ္တကောင် ငါကောင်ရယ်လို့ မရှိတော့ ငါ၏ဥစ္စာလို့လဲ ဘယ်မှာဆိုနိုင်ပါ့မလဲ၊ နောက်ပြီးတော့ ဒီရုပ်တွေက မြဲတည်နေတာ မဟုတ်ဘူး၊ ခဏမစဲ ဖြစ်ပျက်နေတာပဲ၊ မျက်စိတစ်မှိတ်လောက် တစ်ခဏကလေးအတွင်းမှာ စိတ်ဆိုရင် အကြိမ်ပေါင်း ကုဋေတစ်သိန်းခန့် ဖြစ်ပျက်သွားတယ်လို့ဆိုတော့ ရုပ်ဆိုရင် အကြိမ်ပေါင်း ကုဋေငါးထောင်လောက် ဖြစ်ပျက်သွားတယ်–လို့ ယူရပါတယ်၊ အဲဒီ ကျမ်းဂန်အဆိုကိုလဲ သိပ္ပံပညာက ထောက်ခံချက်ပေးနေပါတယ်၊ အက်တမ်ခေါ်တဲ့ ပရမာဏုမြူရုပ်၏ အသက်ဟာ တစ်စက္ကန့်ကို အပုံတစ်သန်းပုံပြီး တစ်ပုံခန့်သာ ရှိတယ်လို့ သိပ္ပံဆရာတို့က ဆိုကြပါတယ်၊ အဲဒါဟာ မျက်စိတစ်မှိတ်ခန့်မှာ ရုပ်တွေ အကြိမ်ပေါင်း ကုဋေငါးထောင်ခန့် ဖြစ်ပျက်သွားတယ်ဆိုတဲ့ ဗုဒ္ဓစာပေအဆိုနဲ့ နီးစပ်တဲ့အတွက် ထောက်ခံချက် ဖြစ်ပါတယ်၊ ဒါလောက် လျင်မြန်စွာ ပျက်နေတဲ့ ရုပ်တွေကို ချမ်းသာတယ် ကောင်းတယ်လို့ကော ဆိုသင့်ပါ့မလား၊ မဆိုသင့်ပါဘူး၊ ဒါကြောင့် ဒီလိုလျင်မြန်စွာ ဖြစ်ပျက်နေတာလို့ ရုပ်တရားတွေဟာ မမြဲဘူး၊ ဆင်းရဲမျှပဲ၊ ငါကောင် မဟုတ်တဲ့ အနတ္တပဲ၊ ငါ့ဥစ္စာလဲ မဟုတ်ဘူးဆိုတာတွေကို အမှန်အတိုင်း သိရအောင်–လို့ ဝိပဿနာရှုမှတ်နေကြရတာပဲ၊ ရှုမှတ်လို့ ဉာဏ်ရင့်လာတဲ့အခါကျတော့ ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေတာကို အမှန်အတိုင်းပဲ သိရပါတယ်။

နာမ် ဥပါဒါနက္ခန္ဓာတွေကိုတော့ ဝေဒနာရယ် သညာရယ် သင်္ခါရရယ် ဝိညာဏ်ရယ် ဒီလို ၄–မျိုးခွဲပြီး ဟောထားတယ်၊ ကိုယ်ထဲစိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ခံစားမှု အကောင်းအဆိုးတွေဟာ ဝေဒနာပဲ၊ အဲဒီခံစားမှုဝေဒနာကို ငါလို့လဲ ထင်မှတ်နေကြတယ်၊ ငါ၏ခံစားမှု ငါ့ဥစ္စာလို့လဲ ထင်မှတ်နေကြတယ်၊ အဲဒီလို ငါအနေ ငါ့ဥစ္စာအနေဖြင့် ထင်မှတ်စွဲလမ်းနိုင်တဲ့အတွက် အဲဒီခံစားမှုကို ဝေဒနာဥပါဒါနက္ခန္ဓာ–လို့ခေါ်တယ်၊ မှတ်သားမှုသညာကိုလဲ ငါကမှတ်မိတယ်၊ မှတ်နိုင်တယ် မှတ်ဉာဏ်ကောင်းတယ်လို့လဲ ထင်မှတ်နေကြတယ်၊ ငါ၏မှတ်သားမှု ငါ၏မှတ်ဉာဏ်လို့လဲ ထင်မှတ်နေကြတယ်၊ ဒါကြောင့် သညာကိုလဲ ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ ပြုလုပ်အားထုတ်မှု သင်္ခါရတွေကိုလဲ ငါက လုပ်တယ်၊ ငါကြံတယ်၊ ငါကသွားအောင် ရပ်အောင် ထိုင်အောင် ကွေးအောင် ဆန့်အောင် လုပ်တယ် စသည်ဖြင့် ထင်မှတ်နေကြတယ်၊ အဲဒီလို ကြံစည်အားထုတ်မှုတွေကိုလဲ ငါ၏အားထုတ်မှု ငါ့ဥစ္စာ–လို့ ထင်မှတ်နေကြတယ်၊ ဒါကြောင့် အဲဒီ အားထုတ်မှု သင်္ခါရတွေကိုလည်း ဥပါဒါနက္ခန္ဓာ–လို့ ခေါ်တယ်၊ စိတ်ကိုလဲ ငါက မြင်တယ်၊ ကြားတယ်၊ သိတယ် စသည်ဖြင့် ထင်မှတ်နေကြတယ်၊ ငါ့စိတ် ငါ့အသိ ငါ့ဥစ္စာလို့လဲ ထင်မှတ်နေကြတယ်၊ ဒါကြောင့် စိတ်ဝိညာဏ်ကိုလဲ ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ မြင်ခိုက် ကြားခိုက် စသည်မှာ မရှုမမှတ်မိ–လို့ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို အမှန်အတိုင်း မသိရင် ဒီနာမ်ခန္ဓာတွေကိုလဲ ငါအနေ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းနိုင်တယ်၊ အဲဒီလို စွဲလမ်းမှု ဖြစ်ခွင့်မရအောင် မြင်ခိုက် ကြားခိုက် စသည်မှာ မပြတ်လိုက်ပြီး ရှုမှတ်နေကြရတာပဲ။

အဲဒီလို မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း လိုက်ပြီး ရှုနေရင် သမာဓိဉာဏ် ရင့်လာတဲ့အခါမှာ ရှုသိရတဲ့ ရုပ်နာမ်သဘောတရားတွေကို ရှင်းရှင်းလင်းလင်း ပိုင်းပိုင်းခြားခြား သိလာတယ်၊ အဲဒီကနောက် ရှုသိရတဲ့ တရားရော ရှုသိတဲ့ တရားရော ခဏမစဲ ဖြစ်ပျက်နေတာကိုသိရတယ်၊ အဲဒီလိုသိရတော့ ဖြစ်ပေါ်လာပြီး ကွယ်ပျောက်နေတာကို သိရတယ်၊ အဲဒီလို သိရတော့ ဖြစ်ပေါ်လာပြီး ကွယ်ပျောက်သွားလို့ မမြဲတဲ့တရားတွေဘဲ၊ ဖြစ်မှု ပျက်မှုက မပြတ်နိုပ်စက်နေလို့ ဆင်းရဲတွေပဲ သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ အနတ္တသဘောတရားတွေပဲလို့ သိမြင်သဘောကျလာတယ်၊ အဲဒါက သာမန်ပုဂ္ဂိုလ်တွေရဲ့ သိမြင်ပုံပဲ၊ ဘုရားအလောင်းတော်မှာတော့ ကိုယ်တွင်းကရော ကိုယ်ပကရော တစ်လောကလုံးမှာ ရှိရှိသမျှ ရုပ်နာမ်ခန္ဓာတွေ၏ အဖြစ်အပျက်ကိုရှုမြင်တဲ့ ဝိပဿနာဉာဏ်တွေကို ဖြစ်ပွားစေပါတယ်၊ ဒါကြောင့် ပဋ္ဌာန်ဥပါဒါနက္ခန္ဓနံ–ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၏ ဥယဒဿယာနုပဿီ–အဖြစ်အပျက်ကို ရှုလျက်၊ ဝိဟာသိ–နေခဲ့ပြီလို့ ဟောတော်မူပါတယ်။

ဗုဒ္ဓ–ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

အဲဒီလို ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို ရှုရင်း ဝိပဿနာဉာဏ်တွေ တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်လျက်မြင့်တက်ပြီးတော့ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုသိမြင်ပြီး သောတာပန်အဆင့်သို့ ရောက်သွားပါတယ်၊ အဲဒီက တစ်ဖန် ဝိပဿနာရှုပြီးတော့ သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီး သကဒါဂါမ်အဆင့်သို့ ရောက်သွားပြန်ပါတယ်၊ အဲဒီကတစ်ဖန်ရှုပြီးတော့ အနာဂါမိမဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီး အနာဂါမ်အဆင့်ကို ရောက်သွားပြန်ပါတယ်၊ အဲဒီကတစ်ဖန် ဝိပဿနာရှုပြီးတော့ ဝိပဿနာရှုပြီးတော့ အာသဝက္ခယခေါ်တဲ့ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီး တရားအလုံးစုံကို အကုန်သိမြင်နိုင်တဲ့ ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

ဘုရားတပည့် သာဝကများမှာတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်လျှင် ကိလေသာကုန်ရုံမျှပဲ၊ ကိလေသာရှိစဉ်က အထုံပါနေတဲ့ ဝါသနာကတော့ မကင်းဘဲလဲ ရှိတတ်တယ်၊ နောက်ပြီးတော့ တချို့မှာ ရဟန္တာ ဖြစ်ရုံမျှပဲ၊ အကြားအမြင်စသော ဂုဏ်ထူးတွေကိုတော့ မရဘူး၊ တချို့မှာတော့ ပု–ဒိ–အာဆိုတဲ့ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံရုံမျှပဲ၊ ပု–ဆိုတာက ရှေးဘဝဟောင်းတွေကို ပြန်ပြီးအောက်မေ့ သိမြင်နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်ပဲ၊ ဒိ–ဆိုတာက အဝေးအနီး အကြီးအသေး မြင်စရာတွေကို ကြည့်ရှုပြီး မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ပဲ၊ အာ–ဆိုတာကတော့ အာသဝေါ ကိလေသာတွေကို ကုန်စင်ကင်းစေနိုင်တဲ့ အာသဝက္ခယခေါ် အရဟတ္တမဂ်ဉာဏ်ပဲ၊ အချို့မှာတော့ အဘိညာဉ် ၆–ပါးနှင့် ပြည့်စုံတဲ့ ဆဋ္ဌဘိညရဟန္တာဖြစ်ပါတယ်၊

အဘိညာဉ် ၆-ပါးဆိုတာ အထွေထွေအမျိုးမျိုး တန်ခိုးဖန်ဆင်းနိုင်တဲ့ ဣဒ္ဓိဝိဓညာဏ်၊ အဝေးမှအသံ သိမ်မွေ့သော အသံများကို လဲကြားနိုင်တဲ့ ဒိဗ္ဗသောတညာဏ်၊ သူတစ်ပါး၏စိတ်အကြံကို သိနိုင်တဲ့ စေတောပရိယညာဏ်ဆိုတဲ့ ဒီအဘိညာဏ် သုံးပါးနှင့် တကွ ပု-ဒိ-အာဆိုတဲ့ အဘိညာဉ်သုံးပါးပါပဲ၊ တချို့မှာတော့ အဘိညာဉ် ၆-ပါးအပြင် ပဋိသမ္ဘိဒါဉာဏ် ၄-ပါးနှင့်လဲ ပြည့်စုံတဲ့ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ပါတယ်၊ ဒါပေမယ့် ဝါသနာကတော့မကင်းဘူး၊ တရားအလုံးစုံကို မသိနိုင်ဘူး၊ ဗုဒ္ဓမြတ်စွာ ဘုရားမှာတော့ ကိလေသာကို ကင်းရှဲမျှမကဘဲ အထုံဝါသနာတွေလဲ ကင်းတယ်၊ တရားအလုံးစုံကို သိလဲသိနိုင်တယ်၊ ဒီပြင် ဘုရားဂုဏ်အလုံးစုံနှင့်လဲ ပြည့်စုံတော်မူတယ်၊ အဲဒီလို ဘုရားတို့၏ ဂုဏ်အလုံးစုံနှင့် ပြည့်စုံတော်မူတဲ့အဆင့်သို့ ရောက်သွားတာကို ဘုရားဖြစ်တော်မူတယ်လို့ ဆိုရတယ်၊ အဲဒါက ဘယ်အချိန်မှာလဲဆိုရင် ကဆုန်လပြည့်နေ့ ညဉ့်အဆုံး အရုဏ်တက်ခါနီးဆဲဆဲ အချိန်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် ယခု ပြောခဲ့တဲ့အတိုင်း ဘုရားအဖြစ်သို့လဲ ရောက်ပြီးရော အရုဏ်လဲတက်ပြီး လပြည့်ကျော် တစ်ရက်နေ့သို့လဲ ရောက်သွားတယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

ရူပကာယကိုယ်တော် ဘယ်လိုထူးသလဲ

အဲဒီလို အရဟတ္တမဂ်ဉာဏ်သို့ ရောက်တဲ့အချိန်ကစပြီး တရားအလုံးစုံကို သိမြင်နိုင်တဲ့ သဗ္ဗညုတညာဏ်ကိုလဲ ရတော်မူပါတယ်၊ ဒါကြောင့် အလိုရှိလို့ နှလုံးသွင်း ဆင်ခြင်တော်မူလျှင် ဘယ်အရာမဆို အကုန်လုံး သိတော်မူနိုင်ပါတယ်၊ အဲဒီလို ဘုရားဖြစ်တော်မူတဲ့အခါမှာ သဗ္ဗညုတညာဏ်တော် အစရှိတဲ့ ဉာဏ်တော်အထူးများနှင့် ပြည့်စုံကြောင်းကို ကျမ်းဂန်များမှာ ပြဆိုထားပါတယ်၊ ဒါပေမယ့် ရုပ်ကိုယ်တော်မှာ ထူးခြားခြင်းကိုတော့ ပြဆိုထားခြင်း မရှိဘူး၊ အဲဒါလဲ အထူးသတိပြုစရာပါပဲ၊ အဲဒီရုပ်ကိုယ်တော် ထူးခြားပုံကိုတော့ စတုတ္ထသတ္တာဟကျမှ ပြထားတယ်၊ ပြပုံကတော့ ဘုရားဖြစ်တော်မူပြီးတဲ့နောက် ပထမ (၇)ရက်မှာ အဲဒီဘုရား ဖြစ်တော်မူရာ ပလ္လင်တော်မှာပဲ ထိုင်မြဲပင် ထိုင်တော်မူလျက် ဖလသမာပတ်ဖြင့် နိဗ္ဗာန်ချမ်းသာကို အာရုံပြုပြီး ခံစားနေတော်မူပါတယ်၊ ဒုတိယ (၇)ရက်မှာတော့ ရပ်တော်မူလျက် အဲဒီပလ္လင်တော်ကို မမှိတ်သော မျက်စိဖြင့် ရှုစားတော်မူကာ သီတင်းသုံးနေတော်မူပါတယ်၊ တတိယ (၇)ရက်မှာ အရှေ့အနောက် စင်္ကြံကြွလျက် သီတင်းသုံးနေတော်မူပါတယ်၊ စတုတ္ထ (၇)ရက်မှာ အဘိဓမ္မာတရားတော်ကို ဆင်ခြင်လျက် သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီလို ဆင်ခြင်နေစဉ် ပဋ္ဌာန်းဒေသနာတော်ကြီးကို ဆင်ခြင်တော်မူလိုက်တဲ့အခါ ဉာဏ်တော် အစွမ်းရှိသမျှ ကျက်စားခွင့်ရတဲ့အတွက် ဉာဏ်တော်ကွန်မြူးပြီး ရူပကာယကိုယ်တော်မှ (နီလ ပီတ လောဟိတ သြဒါတ မဇ္ဇိဋ္ဌ ပဘဿရ) အသို အရွှေ အနီ အဖြူ အမောင်း (အနီနုရောင်) ပြိုးပြိုးပြက်ပြက်အရောင်ဆိုတဲ့ ရောင်ခြည်တော်ခြောက်သွယ် ထွက်ပေါ်လာကြတယ်လို့ အဋ္ဌကထာမှာ ဆိုထားပါတယ်၊ ဒါကြောင့် အဲဒီအခါကျမှ ရူပကာယကိုယ်တော်၏ ဂုဏ်ထူး ထင်ရှားပေါ်လာတယ်လို့ မှတ်ရတယ်၊ အဲဒီကနောက် အဇပါလခေါ်တဲ့ ညောင်ပင်ကြီးအောက်မှာ (၇)ရက်၊ မုစလိန္ဒာ ရေအိုင်အနီး ကျည်းပင် အောက်မှာ (၇)ရက်၊ လင်းလွန်းပင် အောက်မှာ (၇)ရက်၊ အဲဒီ သုံးဌာနမှာလဲ ဖလသမာပတ် ဝင်စားပြီး (၇)ရက်စီ သီတင်းသုံးတော်မူခဲ့ ပါတယ်။

တရားဟောခြင်းနှင့် ပရိနိဗ္ဗာန်

အဲဒီကနောက် (ဘုရားဖြစ်ပြီးသည်မှ) ရက်ငါးဆယ်မြောက်မှာ အဇပါလ ညောင်ပင်အောက်သို့ တစ်ဖန်ကြွပြီး သီတင်းသုံးတော်မူခိုက်မှာ တရားဦးဟောဖို့ ဆင်ခြင်တော်မူပြီးတော့ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောအရပ်သို့ ကြွတော်မူကာ ဝါဆိုလပြည့်နေ့မှာ နတ်ဗြဟ္မာအပေါင်းနှင့်တကွ ပဉ္စဝဂ္ဂီရဟန်းငါးပါးတို့အား ဓမ္မစက္ကပဝတ္တနခေါ်တဲ့ ဓမ္မစကြာတရားတော်မြတ်ကို စတင်ပြီး ဟောတော်မူခဲ့ပါတယ်၊ အဲဒီကနောက် ၄၅-ဝါ ၄၅-နှစ် ကာလပတ်လုံး ထိုထိုအရပ်ဒေသများကို ကြွရောက်တော်မူပြီး တရားဒေသနာများကို ဟောကြားတော်မူခဲ့ပါတယ်၊ သက်တော်ရှစ်ဆယ်ရှိတဲ့အခါမှာ ကုသိနာရုံမြို့ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန် စံတော်မူခဲ့ပါတယ်။

ရာဇဝင်အကြောင်း ထင်ရှားမှ စိတ်ချရတယ်

ယခု ပြောခဲ့တာတွေဟာ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေရဲ့ ကိုးကွယ်ရာဖြစ်တဲ့ ဗုဒ္ဓဘုရားဆိုတာဟာ လူသားစင်စစ်က တရားလမ်းမှန်ကို ကျင့်ပြီး တရားအလုံးစုံကို သိတဲ့ ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ကြောင်း တိုင်းပြည်တော် မယ်တော် ခမည်းတော်စသည် ထင်ရှားရှိကြောင်း ဘုရားဖြစ်တော်မူရာ တရားဦးဟောရာ စသည်ထင်ရှားရှိကြောင်း ပရိနိဗ္ဗာန်စံတော်မူရာ ထင်ရှားရှိကြောင်း ဒီလိုအဘက်ဘက်မှ အထောက်အထားထင်ရှားရှိပြီး ရာဇဝင်အကြောင်းအရအားဖြင့် ထင်ရှားတဲ့ဘုရားဖြစ်ကြောင်း သိရအောင်ပြဆိုထားတဲ့ စကားများဖြစ်ပါတယ်၊ ဒီလို ရာဇဝင်ကြောင်းနှင့်တကွ ထင်ရှားတဲ့ဘုရားမှ တကယ်ယုံကြည်စိတ်ချရ အားကိုးရပါတယ်၊ ရာဇဝင်ကြောင်းအားဖြင့် မထင်ရှားတဲ့ ဘုရားကတော့ စိတ်မချရဘူး၊ တကယ်ရှိတာမှ ဟုတ်ပါလေရဲ့လားလို့ စဉ်းစားစရာ ရှိပါတယ်၊ ဒါကြောင့် ဒီဃနိကာယ် မဟာဝဂ္ဂ အဋ္ဌကထာ (နှာ ၁၅) မှာ ဒီလို ပြဆိုထားပါတယ်။

ဣမသ-ဣဘုရား၏၊ နေဝ ဇာတနဂရံ-ဖွားတော်မူရာ တိုင်းပြည်မြို့တော်လည်း မထင်ရှား၊ နေ ပိတာ-ခမည်းတော်လည်း မထင်ရှား၊ နေ မာတာ-မယ်တော်လည်း မထင်ရှား၊ နေ ဘရိယာ-ကြင်ရာတော်လည်း မထင်ရှား၊ နပုတ္တော ပညာယတိ-

သားတော်လည်း မထင်ရား၊ (ကမ္ဘာလောကကြီးနှင့် သတ္တဝါတွေကို ဖန်ဆင်းတယ်လို့ ယုံကြည်ယူဆထားတဲ့ ဣသရခေါ်တဲ့ ဘုရားဟာ တိုင်းပြည်တော် ခမည်းတော် မယ်တော်စသည် မထင်ရားဘူး၊ ဘယ်အရပ်မှာ ရှိတယ်လို့တောင် အတိအကျမပြောနိုင်ဘူး၊ အဲဒီလို မထင်ရားတော့ လူတွေရဲ့ စိတ်ထဲမှာ ဘယ်လိုထင်သလဲဆိုရင်) ဇေ–တိုင်းပြည် စသည် မထင်ရားသော ဤဘုရားသည်၊ ဒေဝေါဝါ–နတ်သော်လည်း ဖြစ်ရာ၏၊ သက္ကောဝါ–သိကြားသော်လည်း ဖြစ်ရာ၏၊ မာရောဝါ–မာရ်နတ်သော်လည်းဖြစ်ရာ၏၊ ဗြဟ္မာဝါမညေ–ဗြဟ္မာသော်လည်း ဖြစ်ရာ၏ဟု ငါထင်၏၊ ဒေဝါနဉ္စ–နတ်တို့မှာလည်း၊ ဤဒိသံပါဠိဟာရိယံ အနစ္ဆရိယံ–ဤသို့သော အံ့ဖွယ်တန်ခိုး ပြာဋိဟာသည်၊ အတ္ထိတိ–ရှိပေသည်ဟု၊ မညမာနော–ထင်မှတ်လျက်၊ ဧနော–လူ အပေါင်းသည်၊ နေဝ သောတဗ္ဗံမညေယျ–ထိုဘုရား၏တရားကို နာသင့်သည်ဟုမထင်ရာ၊ နဿဒ္ဓါတဗ္ဗံမညေယျ–ယုံကြည်အပ်သည်ဟု မထင်ရာ–လို့ ပြဆိုထားပါတယ်။

အဲဒီ အဋ္ဌကထာကပြဆိုထားတဲ့အတိုင်း ဖွားမြင်တော်မူရာ တိုင်းပြည်စသည် မထင်ရားတဲ့ ဘုရားဆိုရင် တကယ့်ပညာရှိတွေက မယုံကြည်နိုင်ကြဘူး၊ တန်ခိုးကြီးကြတဲ့ နတ်တို့ ဗြဟ္မာတို့ ဆိုတာမျိုး ဖြစ်မှာပဲလို့ ထင်မှတ်တတ်ကြတယ်၊ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာဘုရားကတော့ ဖွားမြင်ရာစသည်နှင့်တကွ ရာဇဝင်ကြောင်းအရ အလွန်ထင်ရားပါတယ်၊ ဒီအထဲမှာ သီရိမဓာသောကမင်းကြီးက ဖွားမြင်တော်မူရာ ဌာနစသည်မှာ ကျောက်တိုင်တွေ စိုက်ထူထားခဲ့လို့ သာပြီးတော့ ခိုင်လုံထင်ရားနေပါတယ်၊ နောက်ပြီးတော့ တရားတော်ဆိုရင်လဲ ဘယ်တရားကို ဘယ်အရပ်မှာ ဟောတယ်၊ ဘယ်ပုဂ္ဂိုလ်တွေအား ဟောတယ်စသည်ဖြင့် ဗုဒ္ဓဘုရားဟောထားကြောင်း အလွန်ပဲထင်ရားပါတယ်၊ ဒါကြောင့် ဘုရားစစ်ဘုရားမှန်ဖြစ်ကြောင်း ဘုရားဟောတရား အစစ်အမှန်ဖြစ်ကြောင်း ထင်ရားပါတယ်၊ ယုံကြည်စိတ်ချရပါတယ်၊ ဒါတွင်တောင်မကသေးဘူး၊ ဘုရားရှင်၏ ဓာတ်တော်များဖြင့်လဲ ထင်ရားပါသေးတယ်။

ဘုရားရှင်၏ဓာတ်တော်များ

ဘုန်းကြီးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူတဲ့ ဗုဒ္ဓမြတ်စွာဘုရားဟာ ၄၅–နှစ်ပတ်လုံး အိန္ဒိယနိုင်ငံ အလယ်ပိုင်းမှာ လှည့်လည်ပြီး တရားဟောတော်မူခဲ့ပါတယ်၊ အဲဒီလို တရားဟောခဲ့ရာ အရပ်ဒေသဟာ ကမ္ဘာ့မြေပုံနဲ့ ကြည့်လိုက်ရင် သိပ်မကျယ်ပြန့်လှပါဘူး၊ ဟောတဲ့ကာလကလဲ ၄၅–နှစ်ဆိုတော့ မကြာလှဘူး၊ ဒီတော့ မြတ်စွာဘုရားကို ဖူးမြင်ရတဲ့ လူကလဲ များသင့်သလောက် များပါဘူး၊ မဖူးမြင်ရတဲ့ လူတွေကသာ များခဲ့ပါတယ်၊ ဒါကြောင့် ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် ဓာတ်တော်များကိုဖူးမြော်ပြီး ကုသိုလ်ပွားရစ်ရအောင်လို့ ဓာတ်တော်များ အစိတ်စိတ် အမြွှာမြွှာကွဲအောင် မြတ်စွာဘုရားက အဓိဋ္ဌာန်ပြုတော်မူခဲ့ပါတယ်၊ အဲဒီအဓိဋ္ဌာန်ချက်ကြောင့် တေဇောဓာတ်လောင်တဲ့အခါမှာ ဓာတ်တော်တွေဟာ အစိတ်စိတ်အမြွှာမြွှာ ကွဲခဲ့ကြပါတယ်၊ အသက်တမ်းရှည်တော်မူခဲ့ကြတဲ့ ဘုရားရှင်များမှတော့ ဖူးမြင်ဖူးတဲ့ သူတွေများတဲ့အတွက်ကြောင့် အဲဒီလို အဓိဋ္ဌာန်ကို ပြုတော်မမူခဲ့ကြဘူး၊ ဒါကြောင့် အသက်သောင်းတမ်း သိန်းတမ်းမှာ ပွင့်တော်မူကြတဲ့ ကဿပဘုရားစသည်တို့၏ သရီရဓာတ်တော်ဟာ အစိတ်စိတ်မကွဲဘဲ တစ်လုံးတည်းသာ တည်နေတယ်၊ ဒါကြောင့် စေတီတည်တဲ့အခါလဲ တစ်ဆူတည်းသာ တည်ထားကိုးကွယ်ကြတယ်၊ ဘုန်းကြီးတို့၏ ဂေါတမမြတ်စွာဘုရားဓာတ်တော်တွေကတော့ အဓိဋ္ဌာန်ကြောင့် အစိတ်စိတ်ကွဲပြီး တည်နေကြတဲ့အတွက် ရှေးဦးစွာ လူ့လောကမှ ရှစ်ဌာနတွင် အဲဒီဓာတ်တော်များကို ဌာပနာပြီး စေတီးရှစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြတယ်၊ နောက်ကာလ သီရိမဓာသောကမင်းလက်ထက်မှာ စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထားကိုးကွယ်ခဲ့ကြတယ်လို့ အဆိုရှိပါတယ်။

ဘုရားဓာတ်တော်များ၏ ပမာဏနှင့်အဆင်း

အဲဒီ မြတ်စွာဘုရား၏ ဓာတ်တော်များဟာ အကြီးစား အလတ်စား အငယ်စားအားဖြင့် ၃–မျိုးရှိတယ်၊ မဟန္တာ မုဂ္ဂတ္တောဝ–ဓာတ်တော်အကြီးစားတွေက ပဲနောက်လုံးပမာဏရှိကြတယ်၊ မဇ္ဈိမာဘိန္နတဏ္ဍုလာ–အလတ်စားတွေက ဆန်ကျိုးပမာဏရှိကြတယ်၊ ခုဒ္ဒကာ သာသပမတ္တာ–အငယ်စားတွေက မုန်ညင်းစေ့ ပမာဏရှိကြတယ်တဲ့၊ ဒါက ဘုရားဓာတ်တော်များရဲ့ပမာဏပဲ၊ အသွေးအရောင်အဆင်းကတော့ မဟန္တာ သုဝဏ္ဏဝဏ္ဏာ–ဓာတ်တော်အကြီးစားတွေက ရွှေအဆင်း ရှိကြတယ်၊ မဇ္ဈိမာ ဇကုလဝဏ္ဏာ–အလတ်စားတွေက ခရေစေ့အဆင်းရှိကြတယ်တဲ့၊ နီကြင်ကြင် အရောင်ရှိမှာပေါ့၊ ခုဒ္ဒကာ မုတ္တာဝဏ္ဏာ အငယ်စားတွေက ပုလဲအဆင်း အရောင်ရှိကြတယ်တဲ့၊ ဖြူဖြူကလေးတွေ ဖြစ်မှာပေါ့၊ ဒါက ဘုရားဓာတ်တော်များနဲ့ အသွေးအရောင်အဆင်းပဲ၊ အဲဒီပမာဏအသွေးအရောင် အဆင်းများနှင့်နှိုင်းချိန်ပြီး ဘုရားဓာတ်တော်အစစ် ဟုတ်မဟုတ် ဆုံးဖြတ်နိုင်ပါတယ်၊ ရဟန္တာဓာတ်တော်များကတော့ အရိုးအတိုင်းပဲ၊ ဖြစ်သင့်တဲ့အကြောင်း ပထမပိုင်းတုန်းက ပူတိဂတ္တတိသ မထေရ်၏ ဝတ္ထု (နှာ ၇၃) မှာ ပြောခဲ့ပါပြီ၊ ယခု ကမ္ဘာအေးစေတီမှာ ကိုးကွယ်ထားတဲ့ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလန်တို့၏ ဓာတ်တော်များကို ဖူးမြော်ကြည့်ရှုပြီးတော့ ဆုံးဖြတ်နိုင်ပါတယ်၊ အဲဒီဓာတ်တော် ၂–ဆူဟာ ဟိုတုန်းက ကလကတ္တား မဟာဗောဓိကျောင်းဓာတ်တော်တိုက်ထဲက အရိုးဓာတ်တော်တွေထဲမှာ ပေးလိုက်တဲ့ ဓာတ်တော်အသေးအငယ်ကလေး ၂–ဆူဖြစ်ပါတယ်၊ အဲဒီ ဓာတ်တော်တိုက်တွေထဲမှာ လက်ချောင်းအရိုးအတိုင်း ပကတိ အရိုးအတိုင်း အရိုးဓာတ်တော်ကြီးတွေလဲ တော်တော်များ

များရှိနေပါတယ်၊ ဒါကြောင့် ရဟန္တာဓာတ်တော်ကတော့ ပကတိအရိုးအတိုင်းသာ ဖြစ်သင့်တယ်လို့ ဘုန်းကြီးက သဘောကျနေပါတယ်။

ယခု ဒီမှာပြောလိုရင်းကတော့ ဘုရားဓာတ်တော်တွေပါပဲ၊ အဲဒီဘုရားဓာတ်တော်တွေကို ယခုထက်တိုင် အထင်အရှားဖူးမြင်ရတဲ့အတွက်လဲ ဗုဒ္ဓမြတ်စွာဘုရားဟာ ရာဇဝင်ကြောင်းအရ ထင်ရှားပါတယ်၊ အဲဒီလို ရာဇဝင်အရ အဘက်ဘက်မှ ထင်ရှားတဲ့ ဗုဒ္ဓမြတ်စွာဘုရား၏ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ရာ ဗုဒ္ဓနေ့အဖြစ်ဖြင့် ဒီနေ့ ဒီရက်မှာ မြတ်စွာဘုရားကို ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်များက အရိုအသေပြုကြ ပူဇော်ကြတယ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူစဉ်က ကျောင်းတော်အဖြစ်ဖြင့် သုံးစွဲတော်မူခဲ့တဲ့ ပရိဘောဂစေတီ ဗောဓိညောင်ပင်ကိုလဲ ရေစင်ရေချမ်းဖြင့် သွန်းလောင်းပူဇော်ကြတယ်၊ ဒါဟာ အင်မတန်သင့်လျော်မွန်မြတ်တဲ့ ပူဇော်ခြင်းပါပဲ ဒီသာသနာရိပ်သာမှာလဲ နံနက်ပိုင်းက ဗောဓိပင်ပွားဖြစ်တဲ့ ညောင်းပင်ကို ၁၃–ကြိမ်မြောက် ပူဇော်ပွဲအဖြစ်ဖြင့် ကျင်းပပြီး ရေစင်ရေချမ်းဖြင့် သွန်းလောင်း ပူဇော်ခဲ့ကြတယ်၊ ယခု အချိန်မှာတော့ တရားဟောခြင်း တရားနာခြင်း တရားနှလုံးသွင်းခြင်း အားထုတ်ခြင်းဆိုတဲ့ ဓမ္မပူဇာဖြင့် ပူဇော်နေကြတာပါပဲ၊ ဒီလို ပူဇော်ရာမှာ ပထမပိုင်းအနေဖြင့် ဗုဒ္ဓနေ့အကြောင်းကို အခွင့်သင့်သည့်အားလျော်စွာ ဟောလာခဲ့တာ တော်တော်စုံသွားပါပြီ၊ ဒါကြောင့် ဗုဒ္ဓနေ့အကြောင်းကို ဒီတွင်ပဲရပ်ပြီး တန်ခူးလပြည့်နေ့က အဆက် သလ္လေခသုတ်ကို ဆက်ပြီး ဟောရမယ်။

အဒိန္နာဒါန–လုယက်ခိုးယူခြင်း

ဝိဟိ`သာပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာ။ပ။ယူသည်းစွာဟု ကိလေသာဘေး၊ လေးဆယ့်လေးကို၊ ဝေးဝေးစွန့်စေ၊ ညွှန်ပြပေသည်၊ သလ္လေခသုတ် မိန့်ခွန်းတည်း။

ဒီဆောင်ပုဒ်အရ ပယ်ရမည့်ကိလေသာ ၄၄–ပါးထဲက ဝိဟိ`သာနဲ့ ပါဏာတိပါတဆိုတဲ့ ဒီ ၂–ပါးကို အလျင် ၂–ရက်က ဟောခဲ့ပြီ၊ ဒီကနေ့ အဒိန္နာဒါနကို ဟောရမယ်။

ပရေ အဒိန္နာဒါယီ ဘဝိသန္တိ၊ မယမေတ္ထ အဒိန္နာဒါနာ ပဋိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ–တခြားတစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ အဒိန္နာဒါယီ–အရှင်မပေးသော သူတစ်ပါးဥစ္စာကို လုယက်ခိုးယူကြကုန်သည်၊ ဘဝိသန္တိ–ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ–ဤအရာ၌၊ မယံ–ဘုရားအဆုံးအမကိုရကြသော ငါတို့သည်၊ အဒိန္နာဒါနာပဋိဝိရတာ–လုယက်ခိုးယူခြင်းမှ ကြဉ်ရှောင်ကြကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့၊ သလ္လေခေါ–ကိလေသာ ခေါင်းပါးစေသော အကျင့်ကို၊ ကရဏီယော–ပြုကျင့်အပ်၏တဲ့။

ကိုယ်ချင်းစာတရားမဲ့တဲ့ အခြားတစ်ပါးသော သူတွေက သူတစ်ပါးဥစ္စာကို လုယက်ခိုးယူကြလိမ့်မယ်၊ ဒီလိုင်ညှာခြင်းမရှိဘဲ လုယက်ခိုးယူနေကြတဲ့ လောကကြီးထဲမှာ ငါတို့ကတော့ လုယက်ခိုးယူမှုမှ ကြဉ်ရှောင်မယ်လို့ ဆောက်တည်ပြီး ကိလေသာခေါင်းပါးစေတဲ့ သလ္လေခအကျင့်ကိုကျင့်ရမယ်တဲ့၊ ယခုတရားနာနေကြတဲ့ ဒကာ ဒကာမတွေလို ဘုရားအဆုံးအမကို ရိုရိုသေသေ လိုက်နာနေကြတဲ့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေကတော့ ငါးပါးသီလ စသည်ကို ဆောက်တည်တဲ့အခါမှာ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ–လို့ ဆောက်တည်ပြီး ဒီသလ္လေခအကျင့်ကို ကျင့်လာခဲ့ကြတာ ကြာပါပြီ။ ဒါပေမယ့် အဲဒီ အဒိန္နာဒါန်အကြောင်းနဲ့ အပြည့်အစုံ ကျင့်ပုံကို ချဲ့ပြီး ပြောရဦးမယ်။

အဒိန္နာဒါန်ဆိုတာ အဒိန္နာ–ပိုင်ရှင်ကမပေးတဲ့ ပစ္စည်းကို+အာဒါန–ယူခြင်းလို့ အနက်ရှိပါတယ်၊ ပိုင်ရှင်မပေးဘဲ ယူတာကို ခိုးယူတယ်လို့ ဆိုရပါတယ်၊ ခိုးယူဆိုတာ တိတ်တဆိတ်ကွယ်ဝှက်ပြီး ယူတာလဲ ပါဝင်တယ်၊ အတင်းဗလကျွှာရပြုပြီး လုယက်ယူတာလဲပါဝင်တယ်၊ ဒုတိယပါရာဇိက အဒိန္နာဒါန်သိက္ခာပုဒ်မှာ ရဟန်းများကြဉ်ရှောင်ဖို့ပြထားတဲ့ ခိုးပုံခိုးနည်းတွေဟာ ၂၅–ပါးရှိပါတယ်၊ အဲဒီ ၂၅–ပါးကို ဒီနေရာမှာ အစဉ်အတိုင်း ပြောနေရင် အလွန်လဲ ကျယ်သွားမယ်၊ မှတ်လဲ မှတ်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ခိုးယူခြင်းနဲ့လုယက်ခြင်းဆိုတဲ့ ဒီခိုးခြင်း၊ ၂–ပါးကို မူတည်ပြီးတော့ အခြားခိုးခြင်းများကိုလဲ ထည့်သွင်းနိုင်သမျှ ထည့်သွင်းပြီး ပြောသွားမယ်။

ခိုးယူတယ်ဆိုတာ ပိုင်ရှင်အိပ်ပျော်နေတုန်းဖြစ်စေ၊ အမှတ်တမဲ့ သတိလစ်နေတုန်းဖြစ်စေ အခြားဘက်ကို မျက်နှာလှည့်နေတုန်းဖြစ်စေ မမြင်နိုင်တဲ့ အခြားအရပ်ကို ရောက်နေတုန်းဖြစ်စေ အဲဒီလို အခါမျိုးမှာ ပိုင်ရှင်မသိအောင် တိတ်တဆိတ် ခိုးဝှက်ယူခြင်းပါပဲ၊ တင်းတောင်း အချိန်အချင့်လိမ်ပြီးယူတာ အဖိုးမတန်တာကို အဖိုးတန်ပစ္စည်းလုပ်ပြီး ရောင်းတာ ရွှေငွေ စသည် အတုအပလုပ်ပြီး ရောင်းတာ ဝယ်တာ ပေးသင့် ပေးထိုက်တဲ့ လုပ်ကိုင်ခ ယာဉ်ရထားခ သဏ္ဌာန်ခ အကောက်အခွန် စသည်ကို မပေးဘဲနေတာ ငှားရမ်းထားတဲ့ ပစ္စည်းများ အကြွေးများကို မပေးမဆပ်ဘဲ နေတာ သူတစ်ပါးက ခေတ္တအပ်ထားတဲ့ ပစ္စည်းကို ပြန်မပေးဘဲနေတာ မိမိ၏ ပယောဂကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ ပစ္စည်းအတွက် ဘဏ္ဍာစားမလျော်ဘဲနေတာ ဒီလိုဟာတွေလဲ ခိုးယူခြင်းထဲမှာ ပါဝင်တယ်လို့ မှတ်ရမယ်။

လုယက်ခြင်းဆိုတာကတော့ သူတစ်ပါးပစ္စည်းကို အနိုင်ကျင့်ပြီး ယူတာပါပဲ၊ ဓားပြတိုက်တဲ့ သဘောမျိုးပါပဲ၊ အဲဒီ လုယက်ခြင်းထဲမှာ မရသင့် မရထိုက်တာကို ခြိမ်းခြောက်ပြီး အတင်းတောင်းယူတာ အခွန်အခကို ပိုပြီး အတင်းတောင်းယူတာ မသိမ်းသင့်တဲ့ပစ္စည်းကို အကြွေးအနေဖြင့် အတင်းသိမ်းယူတာ မိမိမပိုင်တဲ့ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းအနေဖြင့် တရားစွဲဆိုပြီး တော့ မတရား သက်သေများ ကောက်ကျစ်သော လျှောက်လဲချက်များဖြင့် အနိုင်ရအောင်လုပ်ပြီး သိမ်းယူတာ ဒီလို လုယူခြင်း တွေလဲ ပါဝင်တယ်လို့ မှတ်ရတယ်။

ခိုးမှု မြောက် မမြောက် စိစစ်ချက်

အဲဒီခိုးမှုမှာ အင်္ဂါငါးပါးရှိတယ်၊ ၁။ သူတစ်ပါးသိမ်းပိုက်ထားတဲ့ ဥစ္စာဖြစ်ခြင်း၊ ၂။ သူတစ်ပါးဥစ္စာဟု အမှတ်ရှိခြင်း၊ ၃။ ခိုးလိုလုယက်လိုခြင်း၊ ၄။ လုယက်ခိုးယူခြင်း၊ ၅။ တည်ရာဌာနမှ ရွှေ့ခြင်း စသည်ဖြင့် ထမြောက်ခြင်း ဆိုတဲ့ ဒီအင်္ဂါငါးပါး ညီညွတ်ပြည့်စုံလျှင် ခိုးမှုမြောက်တယ်၊ အဲဒီငါးပါးထဲမှာ ပိုင်ဆိုင်သူ အရှင်မရှိတဲ့ ပစ္စည်းဖြစ်လျှင် ပထမအင်္ဂါမပြည့်စုံတဲ့ အတွက် ခိုးမှုကံမမြောက်ဘူး၊ ပိုင်ရှင်ရှိတဲ့ ပစ္စည်းဖြစ်စေကာမူ ပိုင်ရှင်မရှိဘူးထင်လို့ဖြစ်စေ ကိုယ့်ပစ္စည်းထင်လို့ဖြစ်စေ ယူမိ လျှင်တော့ ဒုတိယ တတိယ အင်္ဂါများမပြည့်စုံတဲ့အတွက် ခိုးမှုမဖြစ်ဘူး၊ ဒါပေမယ့် သူတစ်ပါးပစ္စည်းမှန်းသိတဲ့အခါ ပြန်ပေးရ တယ်၊ ဘဏ္ဍာစားရင်လဲ ပေးလျော်ရတယ်။ မပေးဘဲနေရင်တော့ အဲဒါလဲ ခိုးမှုဖြစ်တယ်၊ ခိုးလိုတဲ့စိတ်မရှိဘဲ အကျွမ်းဝင်နေတဲ့ အနေဖြင့် ယူလျှင်လဲ တတိယအင်္ဂါမပြည့်စုံတဲ့အတွက် ခိုးမှုမဖြစ်ဘူး၊ ဒါပေမယ့် ပိုင်ရှင်က မကျေနပ်ရင်တော့ ပြန်ပေးရတယ်၊ မပေးရင် အဲဒါလဲ ခိုးမှုဖြစ်တာပဲ၊ လုယက်ခိုးယူခြင်းဆိုတဲ့ စတုတ္ထအင်္ဂါမှာတော့ ကိုယ်တိုင်လုယက်ခိုးယူသည် ဖြစ်စေ၊ သူ တစ်ပါးကို လုယက်ခိုးယူစေသည်ဖြစ်စေ အဲဒီ ၂–မျိုးလုံးကို ယူရမယ်၊ ပဉ္စမအင်္ဂါမှာတော့ ခိုးလိုတဲ့ပစ္စည်းကိုဆွဲ၍ မြှောက်၍ ယူလိုက်လျှင် တည်ရာဌာနမှ ရွှေ့သွားသည်နှင့် တပြိုင်နက် ခိုးမှုကံမြောက်တယ်၊ ပိုင်ရှင်က မြင်ခြင်း စသည်ကြောင့် အဲဒီ ပစ္စည်းကို ပြန်ချထားခဲ့ပေမယ့် ခိုးမှုကတော့ မြောက်သွားပါပြီ၊ ရဟန်းမှာဆိုရင် အဲဒီပစ္စည်းကလဲ တစ်မတ်တန်ဖြစ်ရင် ပါရာဇိကအာပတ်သင့်တော့တာပဲ၊ ပြန်ချထားခဲ့ပေမယ့် အပြစ်မှမလွတ်နိုင်ဘူး၊ အဲဒါဟာ အလွန်အရေးကြီးပါတယ်၊ ခိုးတဲ့သူ အပိုင်ရတာ မရတာက လိုရင်းမဟုတ်ဘူး၊ ခိုးယူတဲ့ပစ္စည်း သူ့တည်နေရာမှ ရွှေတာကသာ လိုရင်းဖြစ်တယ်၊ အဲဒီမှာ စသည်– ဆိုတဲ့ စကားလဲပါတယ်၊ အဲဒီစကားက တည်နေရာမှ မရွှေ့စေဘဲ ခိုးမှုမြှောက်တဲ့ ပစ္စည်းတွေ ခိုးနည်းတွေအတွက် ပြတဲ့စကား ဖြစ်ပါတယ်၊ ပေးသင့်ပေးထိုက်တဲ့ အဖိုးငွေ လုပ်ကိုင်ခ ယာဉ်ရထားခ စသည်ကို ပေးသင့်တဲ့သူကလဲ မပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တဲ့အချိန် ရသင့်သူကလဲ ရမှာမဟုတ်ပါဘူးလို့ ဆုံးဖြတ်လိုက်တဲ့အချိန် အဲဒီလိုအချိန်မှာ ခိုးမှုမြောက်တယ်၊ တရားစွဲပြီး လုယူတဲ့ပစ္စည်းဆိုရင် နောက်ဆုံးစီရင်ချက် ချလိုက်တဲ့အချိန်မှာ ခိုးမှုမြောက်တယ်၊ ဒါကြောင့် ဒီလိုဟာတွေ ပါယူ ရအောင်လို့ ဒီပဉ္စမအင်္ဂါကို တည်ရာဌာနမှရွှေ့ခြင်းစသည်ဖြင့် ထမြောက်ခြင်းလို့ ဆိုထားခြင်းဖြစ်ပါတယ်၊ အဲဒီလို အင်္ဂါငါးပါး ပြည့်စုံလျှင် အဒိန္နာဒါန်ကံ ခိုးမှုကံထိုက်တယ်၊ တိတ်တဆိတ် လျှို့ဝှက်ပုန်းကွယ်လိမ်လည်ပြီး ခိုးသည်ဖြစ်စေ အတင်းလုယက် ခြိမ်းခြောက်ပြီး သိမ်းယူသည်ဖြစ်စေ ခိုးမှုကံမြောက်တယ်၊ ဒါကြောင့် အဲဒီလို လုယက်ခိုးမှုမှ ကြဉ်ရှောင်ဖို့ရာ မြတ်စွာဘုရား က–

"ပရေ အဒိန္နာဒါယီ ဘဝိသန္တိ၊ မယမတ္ထေ အဒိန္နာဒါနာပဋိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော"လို့ ဟောတော်မူတယ်။

ပရေ–အခြားတစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ အဒိန္နာဒါယီ–အရှင်မပေးသော သူတစ်ပါးဥစ္စာကို လုယက်ခိုးယူကုန်ကြ သည်၊ ဘဝိသန္တိ–ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ–ဤအရာ၌၊ မယံ–ဘုရားအဆုံးအမကို ရကြသောငါတို့သည်၊ အဒိန္နာဒါနာပဋိဝိရတာ– အရှင်မပေးသော သူတစ်ပါးဥစ္စာကို လုယက်ခိုးယူခြင်းမှ ရှောင်ကြဉ်ကြကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့၊ သလ္လေခေါ–ကိလေသာခေါင်းပါးစေသော အကျင့်ကို၊ ကရဏီယော– ပြုကျင့်အပ်၏–တဲ့။

သူများတွေက သူတစ်ပါးဥစ္စာကို ကိုယ်ချင်းမစာဘဲ မညှာမတာ လုယက်ကြ ခိုးယူကြမည့်နေရာမှာ ငါတို့ကတော့ သူ တစ်ပါးဥစ္စာကို မလုမယက် မခိုးယူဘူး၊ လုယက်ခိုးယူမှုမှ ကြဉ်ရှောင်မယ်၊ လုယက်ခြင်း ခိုးယူခြင်းဆိုတဲ့ ကိလေသာကို ပယ်မယ်၊ ခေါင်းပါးစေမယ်လို့ အဓိဋ္ဌာန်ပြုပြီး ကိလေသာခေါင်းပါးစေတဲ့ အကျင့်ကို ကျင့်ရမယ်လို့ ဆိုလိုပါတယ်၊ အဲဒါက သလ္လေခဝါရမှာ ဟောပုံပဲ၊ စိတ္တပ္ပါဒဝါရကျတော့ ဣတိ စိတ္တံ ဥပ္ပါဒေတဗ္ဗံ–ဤသို့သောစိတ်ကို ဖြစ်စေရမယ်လို့ ဟောတော်မူပါ တယ်၊ သူတစ်ပါးဥစ္စာကို လုယက်ခိုးယူခြင်းမှ ကြဉ်ရှောင်မယ်ဆိုတဲ့ စိတ်ကူးမျိုးကို ဖြစ်စေရမယ်–လို့ ဆိုလိုပါတယ်၊ ပရိဂ္ဂဟနဝါရကျတော့–

အဒိန္နာဒါယိနော ပုရိသပုဂ္ဂလဿ–သူတစ်ပါးဥစ္စာကို ခိုးယူလေ့ရှိသော ပုဂ္ဂိုလ်၏၊ ဝါ–ခိုးယူမှု ကိလေသာလုံးဝ မကင်းသေးသော ပုဂ္ဂိုလ်၏၊ အဒိန္နာဒါနာ ဝေရမဏီ–ခိုးယူမှုမှ ကြဉ်ရှောင်ခြင်းသည်၊ ပရိဂ္ဂဟနာယ–ခိုးယူခြင်း ဟူသော လမ်းဆိုးကို ရှောင်လွှဲရန်အလို့ငှါ၊ ဟောတိ–ဖြစ်ပေ၏–လို့ ဟောတော်မူပါတယ်။

လက်ဝဲဘက် လမ်းဆိုးက မသွားချင်ရင် လက်ယာဘက် လမ်းကောင်းက ရှောင်လွှဲသွားနိုင်တာလို ခိုးယူမှုလမ်းဆိုးကို ရှောင်လွှဲချင်ရင် မခိုးမှုလမ်းကောင်းက လိုက်ပါ၊ ခိုးယူမှုလမ်းဆိုးကို မခိုးမှုလမ်းကောင်းနဲ့ ရှောင်လွှဲလိုက်ပါလို့ ဆိုလိုပါတယ်။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ–အရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏–လို့ ဒကာ ဒကာမတွေ ဆောက်တည်နေကြတာဟာ ဒီသလ္လေခအကျင့်ကို ဆောက်တည်တာ ပါပဲ၊ ဒီနေရာမှာ ဝေရမဏီ–အရ ကြဉ်ရှောင်ပုံကို ဝိရတီသုံးပါးကို ပြောရဦးမယ်၊ တစ်နေ့က ပါဏာတိပါတာ ဝေရမဏီကို ဟောတုန်းကတည်းက ဒီဝိရတီသုံးပါးကို ဟောဖို့ပါပဲ၊ ဒါပေမယ့် အဲဒီတုန်းက အချိန်မရှိ–လို့ မဟောခဲ့ရဘူး၊ ယခုတော့ ဒီ ဝိရတီသုံးပါးကို ဟောဖို့ပါပဲ၊ ဒါပေမယ့် အဲဒီတုန်းက အချိန်မရှိလို့ မဟောခဲ့ရဘူး၊ ယခုတော့ ဒီဝိရတီသုံးပါးကို ခွဲပြီးဟောရ မယ်။

ဝိရတီသုံးပါး

ဝိရတီ–ကြဉ်ရှောင်တယ်ဆိုတာ (၁) သမ္မတ္တဝိရတီ၊ (၂) သမာဒါနဝိရတီ၊ (၃) သမุစ္ဆေဒဝိရတီရယ်–လို့ သုံးပါးရှိပါ တယ်၊ အဲဒီသုံးပါးထဲက သမ္မတ္တဝိရတီဆိုတာ စောစောက သီလဆောက်တည်ထားခြင်း မရှိဘဲနဲ့ သတ်ဖို့ ခိုးဖို့ လိမ်ဖို့ စသည် ဖြင့် အကုသိုလ်အမှုကို ပြုလုပ်ဖို့ အကြောင်းဆုံလာတဲ့အခါ အဲဒီအကုသိုလ်အမှုကို မပြုဘဲ ကြဉ်ရှောင်လိုက်တာကို ဆိုတာပါပဲ၊ ဒီနေရာမှာ အဋ္ဌကထာက စက္ကနဆိုတဲ့ လူရဲ့ကြဉ်ရှောင်ပုံကို ပုံစံထုတ်ပြထားတယ်၊ ထုတ်ပြထားပုံကတော့–

သီဟိုဠ်ကျွန်းမှာ စက္ကနဆိုတဲ့လူဟာ သူ့အမေ မကျန်းမာတဲ့အတွက် ဆေးဆရာက ယုန်သားဓာတ်စာ ပေးထားလို့ ယုန်ဖမ်းဖို့ လယ်တောသွားတယ်၊ အဲဒီအခါ ယုန်တစ်ကောင်က ပျိုးပင်နုကို စားဖို့လာတယ်၊ စက္ကနကို မြင်တာနဲ့ အဲဒီယုန်က လန့်ပြီးပြေးရင်း နွယ်နဲ့ငြိပြီး မိနေတယ်၊ စက္ကနက အဲဒီယုန်ကိုဖမ်းယူပြီး အမေ့အတွက် ဓာတ်စားဆေးလုပ်မယ်–လို့ ကြံ့စည် တယ်၊ အဲဒီလို ကြံ့စည်ပြီးတော့ တစ်ဖန်ထပ်ပြီး စဉ်းစားပြန်တယ်၊ ငါ့အမေ အသက်ရှင်အောင် သူတစ်ပါးကို သတ်မယ်ဆိုတာ မသင့်တော်ဘူးလို့စဉ်းစားပြီး စက္ကနက အဲဒီယုန်ကလေးကို ဘေးမဲ့လွှတ်လိုက်ပါသတဲ့၊ အဲဒီလိုလွှတ်ခဲ့ပြီးတော့ အိမ်ပြန်ရောက် တဲ့အခါ သူ့အမေထံမှာ ဒီလိုသစ္စာဆိုပါသတဲ့၊ ငါဟာ လူဖြစ်လာကတည်းက သတ္တဝါကို သတ်ဖူးကြောင်း အမှတ်မရပါ၊ ဒီ မှန်ကန်တဲ့ သစ္စာစကားကြောင့် ငါ့မိခင်မှာ ရောဂါပျောက်ပါစေလို့ သစ္စာဆိုလိုက်တဲ့အခါ သူ့အမေမှာ ချက်ချင်းပျောက်သွား ပါသတဲ့၊ အဲဒီဝတ္ထုမှာ စက္ကနဟာ စောစောက သီလဆောက်တည်ထားခြင်းမရှိဘူး၊ ဒါကြောင့် သူဟာ ယုန်ဖမ်းဖို့ တောကိုသွား တယ်၊ ယုန်ကိုရတော့လဲ သတ်ဖို့ကြံ့စည်တယ်၊ နောက်မှ စဉ်းစားဆင်ခြင်ပြီး ယုန်ကို ဘေးမဲ့လွှတ်လိုက်တယ်၊ ဒါဟာ သတ်ဖို့ရာ အခွင့်ကြုံလာတဲ့အခါ မသတ်ပဲကြဉ်ရှောင်တဲ့ သမ္မတ္တဝိရတီပါပဲ၊ ထို့အတူ ခိုးဖို့လိမ်ဖို့ စသည် အခွင့်ကြုံတဲ့အခါများ မှာလဲ မခိုးဘဲ မလုပ်ဘဲ မကောင်းမှုကို မပြုဘဲ ကြဉ်ရှောင်ရင် သမ္မတ္တဝိရတီ–လို့ပဲ ခေါ်ပါတယ်။

သမာဒါနဝိရတီ ဆိုတာကတော့ ဆောက်တည်ထားတဲ့ သီလမပျက်အောင် ကြဉ်ရှောင်တာကို ဆိုပါတယ်၊ ဒီနေရာမှာ လဲ (ဥတ္တရဝမ္မမာနပဇ္ဇတဝါသီဆိုတဲ့) တောင်ပေါ်သား ဥပါသကာ တစ်ယောက်ကို ပုံစံထုတ်ပြထားပါတယ်၊ အဲဒီဥပါသကာ ဟာ ဗုဒ္ဓရက္ခိမထေရ်ထံမှာ သီလသိက္ခာပုဒ်များကို ဆောက်တည်ပြီးတော့ လယ်ထွန်နေတယ်၊ လယ်ထွန်ပြီးတော့ လွှတ်လိုက် တဲ့ နွားက ပြန်မလာဘဲ ပျောက်နေလို့ တောင်ပေါ်တက်ပြီး လိုက်ရှာရင်း (ဥတ္တရဝမ္မမာနဆိုတဲ့) တောင်ပေါ်တက်သွားတယ်၊ အဲဒီတောင်ပေါ်ရောက်တော့ စပါးကြီးမြွေကြီးက သူ့ကို ရစ်ပတ်ပြီးဖမ်းတယ်၊ ဒီတော့ သူက လက်ထဲမှာပါတဲ့ ဓားနဲ့မြွေကြီးရဲ့ ခေါင်းကို ခုတ်ဖြတ်မယ်လို့ ကြံမိတယ်၊ အဲဒီလိုကြံပြီးတော့ သူကတစ်ဖန် စဉ်းစားဆင်ခြင်မိပြန်ပါတယ်၊ ဩော်–ငါက အလေး ပြုအပ်တဲ့ ဗုဒ္ဓရက္ခိတမထေရ်ကြီးထံက သီလဆောက်တည်လာခဲ့တယ်၊ ဒီသီလကို ဖျက်ရန်မသင့်ဘူး၊ အသက်ကိုစွန့်မယ် သိက္ခာပုဒ်ကိုတော့ မစွန့်ဘူးလို့ ဆင်ခြင်ပြီးတော့ ပခုံးပေါ်က ထမ်းလာတဲ့ ဓားကိုတောထဲ စွန့်ပစ်လိုက်ပါသတဲ့၊ အဲဒီလို စွန့်ပစ်လိုက်ရော မြွေကြီးကလဲ သူ့ကိုလွှတ်ပြီး သွားပါရောတဲ့၊ ဒီဝတ္ထုမှာ ဆောက်တည်ထားတဲ့ သီလကို မပျက်ရစေအောင် စောင့်ရှောက်ကြဉ်ရှောင်တာ ဖြစ်တဲ့အတွက် သမာဒါန ဝိရတီ–ခေါ်တယ်။

သမုစ္ဆေဒဝိရတီ–ဆိုတာကတော့ အရိယမဂ်ထဲမှာ ပါဝင်တဲ့ သမ္မာဝါစာ သမ္မကမ္မန္တ သမ္မာအာဇီဝ–ဆိုတဲ့ ဝိရတီတရား သုံးပါပဲ၊ အဲဒီအရိယမဂ်ဝိရတီ ဖြစ်တဲ့အချိန်ကစပြီး သတ်လိုတဲ့စိတ် ခိုးလိုတဲ့စိတ် လိမ်လိုတဲ့စိတ် ဆိုတာတွေဟာ ဖြစ်မလာ တော့ဘူး၊ ဒုစရိုက်ဒုရာဇီဝဆိုတဲ့ အကုသိုလ်တွေကို ပြုလိုတဲ့စိတ် ပြုနိုင်လောက်အောင် ထက်သန်တဲ့စိတ်တွေဟာ မဖြစ်မလာ တော့ဘူး၊ တစ်ခါတည်း အမြစ်ပြတ် ငြိမ်းသွားတယ်၊ ဒါကြောင့် အဲဒီလို အစဉ်ထာဝရ အမြစ်ပြတ် ငြိမ်းစေနိုင်တဲ့ မဂ်ဝိရတီကို သမုစ္ဆေဒဝိရတီလို့ ခေါ်တယ်၊ ဘုရားလက်ထက်တော်ကာလက ခုဇ္ဇတ္တရာဆိုတဲ့ အစေခံကျွန်မဟာ ပန်းဖိုးရှစ်ကျပ်ထဲက လေးကျပ်ကို နေ့စဉ်ဖြတ်စားတယ်၊ တစ်နေ့တော့ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရင်း သောတာပတ္တိမဂ်ဖိုလ်ရောက် ပြီး သောတာပန်ဖြစ်သွားတယ်၊ အဲဒီနေ့ကစပြီး ပန်းဖိုးရှစ်ကျပ်ထဲမှ ခိုးဝှက်စားခြင်း မပြုတော့ဘဲ ရှစ်ကျပ်ဖိုးလုံး ပန်းဝယ်ခဲ့ပြီး သူ့အရှင်မ သာမာဝတီမိဖုရားထံ ဆက်သတယ်၊ သာမာဝတီက မေးတဲ့အခါလဲ လိမ်မပြောဘဲ အမှန်အတိုင်း ဝန်ခံပြောဆို တယ်၊ အဲဒါဟာ သမုစ္ဆေဒဝိရတီဖြင့် မကောင်းမှုကို အမြစ်ပြတ် ကြဉ်ရှောင်တာပါပဲ။

ဒီတော့ မြတ်စွာဘုရား၏ အဆုံးအမ သလ္လေခအကျင့်ကိုကျင့်တဲ့သူဆိုရင် အောက်ထစ်ဆုံးအားဖြင့် ငါးပါးသီလတော့ ဆောက်တည်ပြီး ကျင့်ရလိမ့်မယ်၊ ဒါကြောင့် သတ်မှုခိုးမှုအစရှိတဲ့ မကောင်းမှုတွေကို သမာဒါနဝိရတီဖြင့် အမြဲတမ်းကြဉ် ရှောင်နေရမယ်၊ ဒီထက်တတ်နိုင်ရင် သမုဒ္ဓေဒဝိရတီဖြင့် အမြဲမပြတ် ကြဉ်ရှောင်နိုင်အောင် ဝိပဿနာအလုပ်ကို အားထုတ်ရ မယ်၊ မြင်တိုင်းကြားတိုင်း တွေ့တိုင်းသိတိုင်း ဒွါရ ၆-ပါးက ပေါ်လာသမျှကိုရှုမှတ်နေရင် မှတ်တိုင်းမှတ်တိုင်း အဲဒီမကောင်းမှု တွေကို ကြဉ်ရှောင်ခြင်းကိစ္စ ပြီးနေပါတယ်၊ ပြီးပုံကို နည်းနည်းရှင်းပြဦးမယ်၊ မရှုမှတ်ဘဲနေရင် မြင်ရကစပြီးတော့လဲ သတ် ချင်တဲ့စိတ် ခိုးချင်တဲ့စိတ် စသည်ဖြစ်နိုင်တယ်၊ ကြားရာစသည်မှာလဲ နည်းတူပဲ ဖြစ်နိုင်တယ်၊ အဲဒီစိတ်တွေက အားကောင်း လာရင် သတ်မှုခိုးမှုစသည် ထမြောက်အောင်မြင်သွားနိုင်တယ်၊ ဒွါရ ၆-ပါးက ပေါ်လာသမျှကို မပြတ်ရှုနေတဲ့ ယောဂီမှာတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းမှာ ရုပ်နာမ်မျှကိုသာ တွေ့ရတယ်၊ အဖြစ်အပျက်မျှကိုသာ တွေ့ရတယ်၊ အနိစ္စ ဒုက္ခ အနတ္တသဘောမျှကိုသာ တွေ့ရတယ်၊ ချစ်ဖွယ် မုန်းဖွယ် မထင်ဘူး၊ သတ်ချင်တဲ့စိတ် စသည်ဖြစ်ဖို့ကတော့ ဝေးပါတယ်၊ ဒါကြောင့် မကောင်းမှုမှ ကြဉ်ရှောင်ခြင်းကိစ္စ ပြီးနေပါတယ်၊ အဲဒီဝိပဿနာဉာဏ်က ရင့်သန်တဲ့အခါ အရိယမဂ်ဉာဏ် ဖြစ်ပေါ် လာတယ်၊ အဲဒီအခါမှာတော့ ဒုစရိုက်ဒုရာဇီဝဆိုတဲ့ မကောင်းမှုကို ပြုလိုတဲ့စိတ်တွေ လုံးဝကင်းသွားတယ်၊ အဲဒါဟာ သမုဒ္ဓေဒ ဝိရတီ၏ အစွမ်းအားဖြင့် မကောင်းမှုမှ ကြဉ်ရှောင်ခြင်းကိစ္စ လုံးဝပြီးစီးသွားတာပါပဲ။

အဲဒီ ဝိရတီသုံးပါးအရ ကြဉ်ရှောင်တာဟာ အကုသိုလ် လမ်းဆိုးတွေကို ကုသိုလ်လမ်းကောင်းဖြင့် ရှောင်လွှဲလိုက်တာ ပါပဲ၊ ယခုပြောနေတဲ့ အဒိန္နာဒါန်အရာ မှာဆိုရင်တော့ ခိုးယူမှုလမ်းဆိုးကို မခိုးမှုဆိုတဲ့ လမ်းကောင်းဖြင့် ရှောင်လွှဲလိုက်တာပါ ပဲ၊ ဒါကြောင့် ခိုးယူမှုကို မခိုးယူမှုဖြင့် ရှောင်လွှဲမည်–လို့လဲ အဓိဋ္ဌာန်ပြုပြီး ကျင့်ရမယ်။

မခိုးမှုနှင့် အဆင့်အတန်းတက်မည်

အကုသိုလ်ဆိုတာ ယုတ်ညံ့တဲ့ အောက်တန်းစားဘဝ အခြေအနေမျိုးကို ရောက်စေတတ်တယ်၊ ကုသိုလ်ကတော့ မြင့် မြတ်တဲ့ အထက်တန်းစားဘဝ အခြေအနေမျိုးကို ရောက်စေတတ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက အဒိန္နာဒါနာဝေရမဏီ ခိုးမှုမှ ကြဉ်ရှောင်ခြင်းသည်၊ ဥပရိဘာဝါယ–အထက်အဖို့ အလို့ငှါ၊ ဟောတိဖြစ်၏လို့ ဟောထားပါတယ်။

လောကမှာ တရားမစောင့်တဲ့ လူတွေက အခွင့်ရရင် ရသည့်အားလျော်စွာ သူတစ်ပါးဥစ္စာကို လုယက်ခိုးယူပြီး ကြီးပွားအောင် လုပ်တတ်ကြတယ်၊ အဆင့်အတန်းတက်ကြတဲ့ သဘောပါပဲ၊ အဲဒီလို သူများတွေ လုယက်ခိုးယူပြီး မတရား သဖြင့် အဆင့်အတန်းတက်နေကြတဲ့နေရာမှာ ငါတို့ကတော့ ခိုးယူမှုမှ ကြဉ်ရှောင်ပြီး အဆင့်အတန်းတက်မယ်လို့ ဒီလိုပဲ အဓိဋ္ဌာန်ပြုပြီး ကျင့်ကြရမယ်။

မခိုးမှုနှင့်ငြိမ်းစေမည်

ပရိနိဗ္ဗာနဝါရကျတော့ မြတ်စွာဘုရားက အဒိန္နာဒါနာ ဝေရမဏီ–ခိုးယူမှုမှ ကြဉ်ရှောင်ခြင်းသည်၊ ပရိနိဗ္ဗာနာယ– ခိုးယူမှုကိလေသာမီးကို အပြီးတိုင်ငြိမ်းစေခြင်းငှါ၊ ဟောတိ–ဖြစ်၏လို့ ဒီလိုလဲ ဟောထားပါတယ်၊ ဒါကြောင့် ခိုးယူမှု ကိလေသာမီးကို မခိုးမှုနှင့်ငြိမ်းသတ်မည်လို့ ဒီလိုလဲ အဓိဋ္ဌာန်ပြုပြီး ကျင့်ကြရမယ်၊ ငါးဝါရလုံးစုံသွားပြီ၊ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြစို့။

(၃) အဓိဋ္ဌာန်ဆောင်ပုဒ်

"သူများတွေက ခိုးယူကြမည့်နေရာမှာ ငါတို့ကတော့ ခိုးယူမှုကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကိုကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ ခိုးယူမှုကို မခိုးမှုနှင့် ရှောင်လွှဲမည်၊ မခိုးမှုနှင့် အဆင့်အတန်း တက်မည်၊ ခိုးယူမှု ကိလေသာမီးကို မခိုးမှုနှင့် ငြိမ်းသတ်မည်။"

အဲဒီ အဓိဋ္ဌာန်အတိုင်း ဆောက်တည်ပြီး ကျင့်ကြရမယ်၊ ဒီနေရာမှာတို့ ဒကာ ဒကာမတွေကတော့ ဒီအဒိန္နာဒါန်သိက္ခာ ပုဒ်ကို ဆောက်တည်ပြီး ကျင့်လာကြတာကြာပါပြီ၊ ဒီတော့ ငါတို့ဆောက်တည်ပြီး ကျင့်လာကြတာဟာ မြတ်စွာဘုရား၏ သြဝါဒတော်ဖြစ်တဲ့ ဒီသလ္လေခသုတ်နှင့် ညီညွတ်နေတာပါလားလို့ နလုံးသွင်းပြီးတော့ ပြည့်စုံသည်ထက် ပြည့်စုံအောင် စင်ကြယ်သည်ထက် စင်ကြယ်အောင် စောင့်ရှောက်သွားကြဖို့ပါပဲ၊ ဒီလို ခိုးမှုက ကြဉ်ရှောင်တော့ ဘယ်လိုအကျိုးရှိသလဲ၊ ခိုးမှု ကို ကျူးလွန်တော့ ဘယ်လိုအပြစ်ရှိပါသလဲ ဆိုလို့ရှိရင် အဂုံတ္တရပါဠိတော်မှာ မြတ်စွာဘုရားက ဒီလိုဟောထားပါတယ်။

အပြစ်နှင့်အကျိုး

အဒိန္နာဒါနံ ဘိက္ခဝေ အသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိသံဝတ္တနိကံ ပေတ္တိဝိသယသံဝတ္တနိကံ ယော သဗ္ဗလဟုသော အဒိန္နာဒါနသ ဝိပါကော မနုဿဘူတသ ဘောဂဗျသနသံဝတ္တနိကော ဟောတိ၊ (အံ ၃၊ ၇၇)

ဘိက္ခဝေ–ရဟန်းတို့၊ အဒိန္နာဒါနံ–လုယက်ခိုးယူခြင်းသည်၊ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ–မှီဝဲပွားများ အကြိမ်များစွာ ပြုအပ်သည်ရှိသော်၊ နိရယသံ ဝတ္တနိကံ–ငရဲ၌ ဖြစ်တတ်လေ၏၊ တိရစ္ဆာနယောနိသံဝတ္တနိကံ–တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပေတ္တိဝိသယသံဝတ္တနိကံ–ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ ယော သဗ္ဗလဟုသော အဒိန္နာဒါနသ ဝိပါကော–ခိုးမှုကံ၏ အပေါ့ဆုံး အညံ့ဆုံးဖြစ်သော အကြင်အကျိုးသည်ရှိ၏၊ သော–ထိုအညံ့ဆုံး အကျိုးသည်၊ မနုဿဘူတသ–လူ့လောကဌ် လူဖြစ်နေစဉ်၊ ဘောဂဗျသနသံဝတ္တနိကော–စီးပွားဥစ္စာပျက်စီးခြင်းကို ဖြစ်စေတတ်သည်၊ ဟောတိ–ဖြစ်၏လို့ ဟောထားပါတယ်။

သူတစ်ပါးဥစ္စာကို လုယက်ခိုးယူတဲ့သူဟာ ငရဲဘုံသို့ ကျတတ်တယ်၊ နွား ကျွဲ မြင်းစသော တိရစ္ဆာန်လဲ ဖြစ်တတ်တယ်၊ မြန်မာပြည်မှာပဲ မြို့တစ်မြို့က လူကြီးတစ်ယောက်ဟာ အကြွေးပေးထားတဲ့ ငွေ ၄၀–ကို ရပြီးသား ဖြစ်ပါလျက်နဲ့ မရသေးဘူးလို့ အတင်းငြင်းပြီးတော့ တစ်ဖန်ထပ်ပြီး ကြွေးအဆပ်ခိုင်းသတဲ့၊ အကြွေးဆပ်ပြီးသားဖြစ်လို့ရှိရင် သင့်အိမ်မှာ ငါကျွဲဖြစ်ပါစေလို့လဲ ကျိန်ဆိုသတဲ့၊ အဲဒီတော့ ကြွေးယူသုံးတဲ့ ဆင်းရဲသားက ငွေ ၄၀–နောက်ထပ်ပေးလိုက်ရပါရောတဲ့၊ အဲဒီကနောက် ကျွဲဖြစ်ပါစေလို့ ကျိန်ဆိုပြီး အကြွေးတောင်းတဲ့လူကြီးဟာ သေသွားတဲ့အခါ အကြွေး ၂–ခါဆပ်ရတဲ့ ဆင်းရဲသားအိမ်မှာ ကျွဲကလေးဖြစ်နေရှာပါသတဲ့၊ အဲဒါ ဘယ်လိုနည်းနဲ့သိရသလဲဆိုရင် အဲဒီလူကြီးရဲ့ သမီးတွေက ခေါ်နေကျအမည်နဲ့ ခေါ်လိုက်ရင် အဲဒီကျွဲကလေးက လာသတဲ့၊ ဒါကြောင့် ဟုတ်လောက်တယ်လို့ အများက ယုံကြည်ယူဆကြတယ်၊ အဲဒါဟာ ခိုးမှုကြောင့် တိရစ္ဆာန် ဖြစ်တတ်တယ်ဆိုရာမှာ ပစ္စုပ္ပန်ဝတ္ထုလို့ ဆိုသင့်ပါတယ်၊ နောက်ပြီး လုယက်ခိုးယူသူမှာ အငတ်ငတ် အပြတ်ပြတ်နဲ့ အလွန်ဆင်းရဲတဲ့ ပြိတ္တာလဲ ဖြစ်တတ်တယ်၊ ကုသိုလ်ကံက ထောက်ပံ့လို့ လူဖြစ်လာတဲ့အခါမှာလဲ ရာဖွေစုဆောင်းတဲ့ စီးပွားဥစ္စာတွေ အကြီးအကျယ် ပျက်စီးတတ်ပါတယ်တဲ့၊ အဲဒီ ပါဠိတော်ကို ဒီမှာ အကျဉ်းချုပ်ဆောင်ပုဒ် စီတားတယ်၊ ခိုးလုသူမှာ–ပါယ်လားကာ၊ ဥစ္စာပျက်ဆုံးပါး–တဲ့၊ အဲဒါကို ဆိုကြရမယ်။

"ခိုးလုသူမှာ၊ ပါယ်လားကာ ဥစ္စာ ပျက် ဆုံးပါး။" (ဆို)

သူတစ်ပါးဥစ္စာကို ခိုးယူတဲ့သူ လုယူတဲ့သူဟာ ငရဲ တိရစ္ဆာန် ပြိတ္တာဆိုတဲ့ အပါယ်ဘုံတွေ ကျရောက်တတ်တယ်၊ အဲဒီ အပါယ်ဘဝမှ လွတ်လာတောင် လူဖြစ်တဲ့အခါ စီးပွားဥစ္စာတွေ ပျက်စီးဆုံးပါးခြင်း ဘေးဆိုးနဲ့ တွေ့ကြုံရတတ်တယ်လို့ ဆိုလိုပါတယ်၊ ခိုးယူမှုမှ ကြဉ်ရှောင်ခြင်း၏ အကျိုးကိုတော့ အဲဒီမကောင်းကျိုးမှ ပြောင်းပြန်လှန်ပြီး ယူရုံပါပဲ၊ နတ်ပြည်လောကသို့ ရောက်တတ်တယ်၊ လူ့ဘဝရောက်လာပြန်လဲ ပစ္စည်းဥစ္စာ ပြည့်စုံတတ်တယ်၊ မပျက်မစီး ခိုင်မြဲတတ်တယ်–လို့ယူရုံပါပဲ၊ အဲဒါက ပါဠိတော်မှာဟောထားတဲ့ အပြစ်နဲ့အကျိုးပဲ၊ ခုဒ္ဒကပါဋ္ဌအဋ္ဌကထာ ဣတိဝုတ်အဋ္ဌကထာများမှတော့ ခိုးယူမှုမှ ကြဉ်ရှောင်ခြင်း၏ အကျိုးတွေကို ၁၁–ပါးအထိ ဖော်ပြထားပါတယ်၊ ဒီမှာတော့ မှတ်ရလွယ်အောင်လို့ အကျဉ်ချုံးပြီး ဆောင်ပုဒ် ၂–ခုတည်းစီထားပါတယ်။

"ဥစ္စာပေါသည်၊ ရ, ခိုင်တည်၊ ကင်းပြီ ရန်သူငါး။
ကြီးကဲဖြစ်ရ၊ အေးချမ်းရ၊ အဒိန္နရှောင်ကျိုးများ၊" တဲ့။

အဲဒီမှာ မဟဒ္ဓနတာ–အရ ဥစ္စာပေါသည်ဆိုတဲ့ အကျိုးထဲမှာ ပဟူတဓန ဧညတာ–များသော ဥစ္စာစပါးရှိခြင်းဆိုတဲ့ အကျိုးလဲပါဝင်တယ်၊ အနန္တဘောဂတာ–အပိုင်းအခြား အကန့်အသတ်မရှိတဲ့ အသုံးအဆောင်များရှိခြင်းဆိုတဲ့ အကျိုးလဲပါဝင်တယ်၊ နတ္ထိကဘာဝဿအဇာနနတာ–မရှိဆိုတာကို မသိရခြင်းဆိုတဲ့ အကျိုးလဲ ပါဝင်တယ်၊ ဒါက အကျိုးလေးပါး၊ ရ, ခိုင်တည်ဆိုရာမှာ ရတာကအကျိုးတစ်ခု၊ ခိုင်မြဲတည်တံ့တာက အကျိုးတစ်ခု ရတယ်ဆိုတဲ့အကျိုးထဲမှာ အနုပ္ပန္နဘောဂုပ္ပတ္တိတာ–မဖြစ်သေးတဲ့ စီးပွားဥစ္စာဖြစ်ပေါ်ခြင်းဆိုတာလဲ ပါဝင်တယ်၊ ခ်ိပ္ပပဋ္ဌိလာဘိတာ–အလိုရှိတဲ့ စီးပွားဥစ္စာ အသုံးအဆောင်ကို လျင်မြန်စွာ ရရှိခြင်း ဆိုတာလဲပါဝင်တယ်၊ အဲဒါကအကျိုး ၂–ပါး၊ ခိုင်တည်ဆိုတဲ့ အကျိုးကတော့၊ ဥပ္ပန္နဘောဂထာဝရတာ–ဖြစ်ပြီးသော စီးပွားဥစ္စာ၏ ခိုင်မြဲခြင်းဆိုတဲ့ စကားအရပါပဲ၊ ကင်းပြီ ရန်သူငါးဆိုတာကတော့ ရန်သူမျိုး ငါးပါးကင်းတယ်–လို့ ဆိုလိုပါတယ်၊ အဲဒီအကျိုးထဲမှာ ရာဇောရဒကဂ္ဂိအဗ္ဗိယဒါယာဒေဟိ အသာဓာရဏဘောဂတာ–မင်း, ခိုးသူ, ရေ, မီး, မလိုမုန်းထားတဲ့ အမွေခံတို့နှင့် မစပ်ဆိုင်တဲ့ ဥစ္စာရှိခြင်းဆိုတဲ့ အကျိုးလဲ ပါဝင်တယ်၊ အဲဒီမှာ မင်းဆိုတာ တရားစောင့်တဲ့မင်း တရားမစောင့်တဲ့ မင်းလို့ ဒီလို ၂–မျိုးရှိတယ်၊ တရားစောင့်တဲ့ မင်းကြောင့်တော့ စီးပွားဥစ္စာ မပျက်တတ်ဘူး၊ စီးပွားဥစ္စာဖြစ်ဖို့ တိုးတက်ဖို့သာရှိပါတယ်၊ ဒါကြောင့် တရားမစောင့်တဲ့မင်းကိုသာ မင်းဘေးလို့ဆိုပါတယ်၊ အဲဒီလိုတရားမစောင့်တဲ့မင်းကြောင့်လဲ စီးပွားဥစ္စာမပျက်နိုင်ဘူးတဲ့၊ အဲဒီလို မင်းမျိုးနဲ့မတွေ့လို့ဖြစ်စေ၊ တွေ့ရသော်လဲ တစ်နည်းနည်းဖြင့် ဖြစ်စေ အဲဒီမင်းဘေးက

လွတ်ကင်းတတ်ပါတယ်တဲ့၊ စောရခိုးသူဆိုရာမှာလဲ သူခိုး ဓားပြနဲ့ မတွေ့ရလို့ဖြစ်စေ၊ တွေ့ရသော်လဲ တစ်နည်းနည်းဖြင့် ဖြစ်စေ အဲဒီလို ခိုးသူဘေးမှလဲ လွတ်တတ်တယ်၊ ဥဒက–ရေဘေး ဆိုတာကတော့ ရေလွှမ်းမိုးတတ်တဲ့ အရပ်မှာဆိုရင် လွတ်ဖို့ ခက်ပါတယ်၊ ဒါကြောင့် မိမိပစ္စည်းထားတဲ့ နေရာက မြင့်နေလို့ဖြစ်စေ၊ ရေကာတာစသည် အခြားတစ်နည်းဖြင့်ဖြစ်စေ၊ အဲဒီလို ရေဘေးမှ လွတ်ကင်းတတ်တယ်လို့ ယူရမှာပဲ၊ မီးဘေးဆိုတာကတော့ ကံကောင်းတဲ့သူမှာ သီသီကလေးနဲ့ ကပ်ပြီးတော့လဲ လွတ်တတ်ပါတယ်၊ တချို့မှာ သားဆိုး အမွေခံဆိုးတွေကို အမွေမပေးချင်ဘဲနဲ့ ခွဲပေးရလို့ စီးပွားဥစ္စာ ဆုံးပါးတတ်တယ်၊ အဒိန္နာဒါန်မှ ကြဉ်ရှောင်ရသူမှာတော့ အဲဒီလို အမွေခံဆိုးကြောင့်လဲ စီးပွားဥစ္စာပျက်စီးခြင်း မရှိပါဘူးတဲ့၊ ဒါကြောင့် ရန်သူမျိုး ငါးပါးကင်းတယ် လို့ ဆိုထားပါတယ်၊ နောက်ပြီးတော့ ရန်သူမျိုး ငါးပါးကင်းတယ်ဆိုရင် အသာဓာရဏ ဓန–ပဋ္ဌိလာဘိတာ သူတစ်ပါးနှင့် မစပ်ဆိုင်သော ဥစ္စာကို ရခြင်းဆိုတဲ့ အကျိုးလဲ ဝင်တော့တာပဲ၊ ဒါကြောင့် ကင်းပြီး ရန်သူငါးဆိုတဲ့ ပုဒ်က အကျိုး ၂–ပါး၊ အားလုံးပေါင်းလိုက် ဒီပထမအပိုဒ်မှာ အကျိုးတရား ၉–ပါး ပါဝင်တယ်၊ ကဲ–အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

"ဥစ္စာပေါသည်, ရ, ခိုင်တည်၊ ကင်းပြီ ရန်သူငါး။" (ဆို)

ဒုတိယအပိုဒ်မှာ လောကုတ္တမတာ–လောကဠ္ဍ အကြီးအကဲ အမြင့်အမြတ် ဖြစ်ရခြင်းဆိုတာကို ကြီးကဲဖြစ်ရလို့ စီထားပါတယ်၊ အကြီးအကဲဆိုတာ မင်းတို့ ဝန်ကြီးတို့ အမတ်ကြီးတို့ အရာရှိကြီးတို့ ဒီလိုပုဂ္ဂိုလ်တွေပေါ့၊ ဒါကတော့ ထင်ရှားပါတယ်၊ နောက်ပြီးတော့ သုခဝိဟာရိတာ–ချမ်းသာစွာ နေရခြင်းဆိုတာကို အေးချမ်းစွ–လို့ စီထားပါတယ်၊ ဘေးရန်အန္တရာယ် အနှောင့်အယှက်မရှိဘဲ ကိုယ်စိတ်မဆင်းရဲရဘဲ အေးချမ်းစွာ နေရတယ်လို့ ဆိုလိုပါတယ်၊ ဒီအကျိုးကလဲ အလွန်အရေးကြီးပါတယ်၊ ဒီဒုတိယပိုဒ်ကတော့ ဒီအကျိုး ၂–ပါးပါပဲ၊ ပထမပိုဒ်က အကျိုး ၉–ပါးနှင့် ပေါင်းလိုက်ရင် အဌကထာမှာ ပြဆိုထားတဲ့ အကျိုး ၁၁–ပါး ဖြစ်ပါတယ်၊ အကျဉ်းချုပ်ဆိုရင်တော့ ၁။ ဥစ္စာပေါခြင်း၊ ၂။ စီးပွားဥစ္စာကိုရခြင်း၊ ၃။ စီးပွားဥစ္စာမပျက်ဘဲ ခိုင်မြဲ တည်တံ့ခြင်း၊ ၄။ ရန်သူမျိုးငါးပါးကင်းခြင်း၊ ၅။ အကြီးအကဲဖြစ်ရခြင်း၊ ၆။ အေးချမ်းစွာနေရခြင်းဆိုတဲ့ ဒီအကျိုး ၆–ပါးပါပဲ၊ အဲဒီအကျိုးတွေဟာ အဒိန္နာဒါန်မှ ကြဉ်ရှောင်ခြင်း၏ အကျိုးတွေဖြစ်ပါတယ်၊ ဒါကြောင့် "ကြီးကဲဖြစ်ရ၊ အေးချမ်းစွ၊ အဒိန္နေ ရှောင်ကျိုးများ"လို့ ဆိုလိုပါတယ်၊ အဲဒါကို ဆိုကြရမယ်။

"ကြီးကဲဖြစ်ရ, အေးချမ်းစွ, အဒိန္နေ ရှောင်ကျိုးများ။" (ဆို)

အဲဒါတွေဟာ ခိုးယူမှုမှ ကြဉ်ရှောင်ခြင်းရဲ့ အကျိုးတွေပဲ၊ ခိုးယူမှုရဲ့ အပြစ်တွေကိုတော့ ပြောင်းပြန်လှန်ပြီး ယူရုံပါပဲ။ ၁။ ပစ္စည်းဥစ္စာမရှိဘဲ မွဲပြာကျနေခြင်း၊ ၂။ ဘယ်လိုပင် အားထုတ်၍ ရှာသော်လဲ အလိုရှိတဲ့ စီးပွားဥစ္စာ အသုံးအဆောင်များကို မရဘဲ ငတ်ငတ်ပြတ်ပြတ်ဖြစ်နေခြင်း၊ ၃။ ရထားတဲ့ စီးပွားဥစ္စာတွေ ပျက်စီးသွားခြင်း၊ ၄။ မင်း ခိုးသူ စသောရန်သူမျိုး ငါးပါးကြောင့်ပျက်စီးရခြင်း၊ ၅။ အောက်ကျနောက်ကျ လူရာမဝင်ခြင်း၊ ၆။ ဆင်းရဲပင်ပန်းစွာ အသက်မွေး နေထိုင်ရခြင်းဆိုတာတွေဟာ ခိုးယူလုယက်မှုရဲ့ မကောင်းကျိုး အပြစ်တွေပဲလို့ ယူရမယ်။

အဆင့်အတန်း တက်ရအောင်

ဒီတော့ လူတိုင်း လူတိုင်း အောက်တန်းမကျချင်ရင် ကြီးပွားချမ်းသာချင်ရင် ခိုးမှုမှ ကြဉ်ရှောင်သင့်ပါတယ်၊ ခိုးယူမှုမှ ကြဉ်ရှောင်တဲ့အကျင့်နဲ့ အဆင့်အတန်း တိုးတက်အောင် ကြီးပွားချမ်းသာအောင် အားထုတ်သင့်ပါတယ်၊ ဒါသာမဟုတ်သေးဘူး၊ ဒီသလ္လေခသုတ်မှာ ဟောထားတဲ့ ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း အစရှိတဲ့ ကြွင်းသောအကုသိုလ် ၄၃–ပါးကိုလဲ ပယ်ပြီးတော့ အဆင့်အတန်းတက်အောင် ကြီးပွားချမ်းသာအောင် အားထုတ်သင့်တယ်၊ သီလနှင့်ဆိုင်တဲ့ အကုသိုလ်ဆိုရင် ဆောက်တည်ပြီးတော့ သမာဒါနဝိရတိဖြင့် ပယ်ရမယ်၊ ဝိပဿနာအလုပ်ကို အားထုတ်ပြီး သမုစ္ဆေဒဝိရတိဖြင့် ပယ်နိုင်အောင်လဲ ကြိုးစားရမယ်၊ သီလနှင့်မဆိုင်တဲ့ အကုသိုလ်တွေကိုတော့ ယောနိသောမနသိကာရဖြင့်လဲ သင့်လျော်စွာ နလုံးသွင်းဆင်ခြင်ပြီးတော့လဲ ပယ်ရမယ်၊ နောက်ဆုံး အရိယမဂ်ဉာဏ်ဖြင့်လဲ ပယ်ရမယ်၊ အဲဒီအကုသိုလ် ၄၄–ပါးထဲက တချို့ အကုသိုလ်တွေကို သောတာပတ္တိမဂ်ဖြင့် အကြွင်းမဲ့ပယ်နိုင်တယ်၊ တချို့ကိုတော့ အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ပယ်နိုင်တယ်၊ တချို့ကိုတော့ အရဟတ္တမဂ်နဲ့မှ အကြွင်းမဲ့ ပယ်နိုင်တယ်၊ အဲဒီရောက်အောင် အားထုတ်ရမှာ။

ကိလေသာကိန်းပုံနှင့် ငြိမ်းပုံ

ယခု ဒီသာသနာ့ရိပ်သာမှာ အားထုတ်နေကြရတာဟာ အဲဒီမဂ်ဖိုလ်တရားတွေ ရောက်အောင်လို့ အားထုတ်နေကြရတာပဲ၊ မြင်တိုင်းကြားတိုင်း နံတိုင်းစားသိတိုင်း တွေ့ထိတိုင်းကွေးတိုင်း ဆန့်တိုင်းလှုပ်ရှားတိုင်း စိတ်ကူးစဉ်းစားကြံစည်တိုင်း ရှုမှတ်ပြီး သိနေကြရတာဟာ အဲဒီအကုသိုလ် ကိလေသာတွေကို ပယ်နိုင်အောင်လို့ ရှုမှတ်နေကြရတာပဲ၊ မရှုမမှတ်ဘဲနေရင် မြင်တိုင်းကြားတိုင်း တွေ့တိုင်းသိတိုင်း အကုသိုလ်ကိလေသာတွေက ဖြစ်နိုင်တယ်၊ မြင်ဆဲ ကြားဆဲ စသည်မှာ မဖြစ်တောင်မှ နောင်ပြန်လည်စဉ်းစားမိတဲ့အခါ အဲဒီအကုသိုလ် ကိလေသာတွေက ဖြစ်နိုင်သေးတာပဲ၊ အဲဒီလို ဖြစ်နိုင်တာကို အနုသယ ကိလေသာကိန်းတယ်လို့ ဆိုရတယ်၊ အဲဒီလို ကိန်းပြီးဖြစ်နိုင်တဲ့အတွက် အဲဒီမြင်ခဲ့တာ ကြားခဲ့တာစသည်ကို ပြန်လည်စဉ်းစားပြီးတော့ ညှဉ်းဆဲလိုတဲ့စိတ် သတ်လိုတဲ့စိတ် ခိုးလိုတဲ့စိတ် စသည်တွေ ဖြစ်လာနိုင်တယ်၊ အဲဒီစိတ်တွေက အားကောင်းလာတဲ့အခါမှာ ညှဉ်းဆဲ သတ်မှု ခိုးမှု စသည်တွေ ဖြစ်သွားတာပဲ။

မြင်တိုင်း ကြားတိုင်း စသည်မှာ မပြတ်ရှုမှတ်နေရင်တော့ သမာဓိဉာဏ်ရင့်တဲ့အခါမှာ မှတ်တိုင်း မှတ်တိုင်း ရုပ်နာမ် ၂–ပါးမျှကိုသာ တွေ့ရတယ်၊ ခဏမစဲ ဖြစ်ပျက်နေတာကိုသာ တွေ့ရတယ်၊ အဲဒီတော့ ဖြစ်ပေါ်ပြီး ပျောက်ပျက်သွားလို့ မမြဲဘူးလို့လဲ သိရတယ်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ဆင်းရဲချည်းပဲလို့လဲ သိရတယ်၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားမျှပဲလို့ သိရတယ်၊ အဲဒီလို သိရတဲ့အတွက် အဲဒီ မြင်မှု ကြားမှု စသည်တွေနှင့်စပ်ပြီး လောဘလဲ မဖြစ်နိုင်ဘူး၊ အဲဒီလို အကုသိုလ်တရားတွေ အကုန်ငြိမ်းတယ်၊ အဲဒါဟာ မှတ်တိုင်းမှတ်တိုင်း တစ်မှတ်တစ်မှတ် တစ်ခါတစ်ခါ ဒါကြောင့် တဒင်္ဂပဟာန်ဖြင့် ငြိမ်းတယ်လို့ ဆိုရတယ်။

အဲဒီလို ဝိပဿနာက မှတ်တိုင်းမှတ်တိုင်း တဒင်္ဂပဟာန်ဖြင့် ငြိမ်းစေပြီးတော့ အဲဒီဝိပဿနာ ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယမဂ်သို့ ရောက်စေတယ်၊ ရှေးဦးစွာ သောတာပတ္တိမဂ်ရောက်ရင် ဒိဋ္ဌိဝိစိကိစ္ဆာနှင့်တကွ သတ်မှု ခိုးမှုအစရှိတဲ့ အပါယ်လားကြောင်း ဒုစရိုက်အကုသိုလ်တွေ အကုန်လုံးငြိမ်းတယ်၊ အဲဒီကနောက် သကဒါဂါမိမဂ်ရောက်တဲ့အခါ ကြမ်းတဲ့ ကာမရာဂ ဗျာပါဒနှင့် စပ်ဆိုင်တဲ့ အကုသိုလ်တွေ အကုန်ငြိမ်းတယ်၊ အဲဒီကနောက် အနာဂါမိမဂ်ရောက်တဲ့အခါ သိမ်မွေ့တဲ့ ကာမရာဂ ဗျာပါဒနှင့် စပ်ဆိုင်တဲ့ အကုသိုလ်တွေ အကုန်ငြိမ်းတယ်၊ နောက်ဆုံးအရဟတ္တမဂ် ရောက်တဲ့အခါကျတော့ ဘဝရာဂ မာန အဝိဇ္ဇာနှင့် စပ်ဆိုင်တဲ့ အကုသိုလ်တွေ အကုန်ငြိမ်းတယ်၊ အဲဒီလို ငြိမ်းအောင်လို့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်း ဖောင်းတိုင်း ပိန်တိုင်း စိတ်ကူးစဉ်းစားကြံသိတိုင်း ရှုမှတ်နေကြရတာပဲ၊ အဲဒါဟာ ဒီသလ္လေခသုတ်နှင့် အညီ ကျင့်နေကြတာပါပဲ။

ရှုမှတ်တာလဲ သလ္လေခအကျင့်ပဲ

တချို့က သလ္လေခသုတ်နှင့် ရှုမှတ်တာ ဘာဆိုင်သလဲ မေးချင်ကောင်း မေးချင်ကြလိမ့်မယ်၊ နားမလည်ရင်တော့ မဆိုင်ပေဘူး၊ နားလည်ရင်တော့ ဆိုင်ပါတယ်၊ အံကျကိုက်နေပါတယ်၊ မှတ်တိုင်း မှတ်တိုင်း သလ္လေခအကျင့်ကို အမြင့်အမြတ်ဆုံး ကျင့်နေသည် မည်ပါတယ်၊ ဒါကြောင့် ရှုမှတ်ခြင်း မရှိတဲ့ သူတစ်ပါးတွေက မြင်မှု ကြားမှု စသည်နှင့်စပ်ပြီး ညှဉ်းဆဲခြင်း သတ်ခြင်း ခိုးယူခြင်း စသည်ကို ပြုလုပ်ကြမည့်နေရာမှာ ငါတို့ကတော့ မြင်တိုင်း ကြားတိုင်း စသည်မှာ မပြတ် ရှုမှတ်ပြီးတော့ ညှဉ်းဆဲမှုအစရှိတဲ့ အဲဒီအကုသိုလ်တွေကို ကင်းစေမည်လို့ ဒီလိုလဲ အဓိဋ္ဌာန်ပြုပြီး ရှုမှတ်ကျင့်သုံးနိုင်ပါတယ်။

ရှုမှတ်ရင် အဆင့်အတန်းတက်တယ်

မရှုမမှတ်ဘဲနေရင် ဖြစ်နိုင်တဲ့ အကုသိုလ်တွေကို လက်ခံနေရာ ရောက်ပါတယ်၊ ဒါကြောင့် ညှဉ်းဆဲမှု သတ်မှု ခိုးမှု စသောလမ်းဆိုးကို သွားနေရာလဲ ရောက်ပါတယ်၊ ရှုမှတ်နေရင်တော့ အဲဒီလမ်းဆိုးကို ရှောင်လွှဲပြီး ဖြစ်နေပါတယ်၊ နောက်ပြီးတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဆင့်အတန်းလဲ တက်နေပါတယ်၊ ဘယ်လိုလဲဆိုရင် မူလက မြင်ဆဲ ကြားဆဲစသည်မှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ဘာမျှမသိသေးတဲ့ အန္ဓပုထုဇဉ်အဆင့်မှာ ရှိနေပါတယ်၊ ရှုမှတ်လိုက်တဲ့အခါကျတော့ မဖြစ်ဖူးသေးတဲ့ စိတ်တည်ကြည်မှု သမာဓိလဲ ဖြစ်လာတယ်၊ မဖြစ်ဖူးသေးတဲ့ ကိုယ်တိုင်တွေ့ အသိဉာဏ်တွေလဲ ဖြစ်လာတယ်၊ မှတ်တိုင်း မှတ်တိုင်း သိစရာရုပ်နဲ့ သိတဲ့နာမ်တရား ဒီ ၂–မျိုးသာ ရှိတယ်လို့လဲ သိလာတယ်၊ အဲဒါဟာ ပထမဆုံးအဆင့်ပဲ၊ နောက်ပြီးတော့ အကြောင်းနဲ့အကျိုး ဒီ ၂–မျိုးသာ ရှိတယ်၊ အဲဒါက ဒုတိယအဆင့်ပဲ၊ နောက်ပြီးတော့ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကိုလဲ လက်နဲ့ကိုင်ကြည့်ရသလို သေသေချာချာသိတဲ့ ဉဒယဗ္ဗယဉာဏ် စသည်လဲ အဆင့်ဆင့် ဖြစ်လာတယ်။

အဲဒါဟာ အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေ ကိုယ်တိုင်ထုတ်ဖော်ပြီး ဝန်ခံကြတဲ့ သိပုံတွေပါပဲ၊ အထူးအသိရှင်းတဲ့ အမျိုးသားယောဂီတွေကလဲ ပြောကြတယ်၊ အမျိုးသမီးယောဂီတွေကလဲ ပြောကြတယ်၊ ဒီကနေ့ နံနက်ကပဲ ဒုလ္လဘတစ်ပါးက ပြောသွားသေးတယ်၊ သူဟာ အစက တရားသဘောကို ဘာမျှမသိဘူးတဲ့၊ ယခုမှ တရားသဘောတွေကို သိပြီးတော့ သာသနာ

ကို ကြည်ညိုတတ်ပါတယ်တဲ့၊ ဟုတ်တယ်၊ တရားအားမထုတ်ရသေးရင် တရားအကြောင်း သာသနာအကြောင်းကို ကောင်းကောင်းမသိသေးဘူး၊ မိရိုးဖလာအနေနဲ့သာ ယုံကြည်နေရတာ၊ ဆရာသမားတွေက ဟောပြောပေမယ်လို့ တယ်မထူးဘူးလို့ အောက်မေ့ပြီး စိတ်မဝင်စားဘဲ ရှိနေတတ်တယ်၊ ကိုယ်တိုင်ရှုမှတ် အားထုတ်ကြည့်တော့မှ ရှေးကမသိဖူးသေးတာ တွေကို သိလာတယ်၊ ခုတင်က ပြောခဲ့တဲ့အတိုင်း ရုပ်နာမ်အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို သိလာတယ်၊ အဲဒါဟာ အဆင့်အတန်းတွေ တက်လာတာပဲ။

တချို့က ယောဂီပုဂ္ဂိုလ်တွေသိပုံကို ဘုန်းကြီးက ထုတ်ဖော်ပြောပြနေပေမယ်လို့ မနာတတ်ကြဘူး၊ နားမလည်ကြဘူး၊ ဘာတွေပြောနေမှန်း မသိကြဘူး၊ ဘာမှမမှတ်နိုင်ကြဘူးတဲ့၊ ဟုတ်မှာပဲ၊ သူတို့ကိုယ်တိုင် မှတ်သိထားတဲ့ အခံက မရှိတော့ နားမလည်ကြပေဘူး၊ မမှတ်မိဘဲလဲ ရှိကြပေလိမ့်မယ်၊ မမှတ်မိကြတဲ့အတွက် ဘုန်းကြီးဟောတဲ့တရားကို ဘာမှမကောင်းဘူးလို့တောင် ပြောသွားကြသေးသတဲ့၊ အင်း–ပြောကြပေမှာပဲ၊ ဘုန်းကြီးက သူတို့နားလည်နိုင်မည့် တရားကိုမှ မဟောဘဲဟာကိုး၊ ဒါပေမယ့် တရားအားထုတ်ထားတဲ့ ယောဂီတွေကတော့ ဘုန်းကြီးဟောတာကို နားလည်ကြပါတယ်၊ သူတို့ကတော့ ဒီလို တရားမျိုးကိုမှ နာချင်တယ်၊ ဒီပြင်တရားတွေကို နာရရင် သူတို့မှာ အားမရဘဲလဲ ရှိနေတတ်တယ်၊ စာပေကျမ်းဂန်နဲ့ ဥပမာ ဥပမေယျတွေနဲ့ အကျယ်တဝင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ဟောတဲ့ တရားပေမယ်လို့ လုပ်ငန်းစဉ်မပါရင် ကျဲတယ်လို့ သူတို့က ပြောတတ်ကြတယ်၊ ဘာကြောင့်ဒီလိုပြောသလဲဆိုရင် ဒေသနာနည်းအရဆိုတော့ ရုပ်နာမ်မျှရှိတယ် ဆိုတာကိုတောင် အသေးစိတ် အကျယ်ဝေဖန်ပြီး ဟောနေရတယ်၊ အနိစ္စအကြောင်းကို ပြောရင်လဲ ဥပမာတွေနဲ့ အကျယ်ဝေဖန်ပြီး ပြောနေရတယ်၊ ရှုမှတ်တဲ့ယောဂီမှာတော့ တစ်ချက်မှတ် တစ်ချက်မှတ်အတွင်းမှာပဲ ရုပ်နဲ့နာမ်ကိုလဲ ခွဲခြားပြီးသိတယ်၊ ရှုမှတ်နေဆဲမှာပဲ ပျောက်ပျောက်သွားလို့ မမြဘူးဆိုတာကိုလဲ ရှင်းရှင်းလင်းလင်း သိရတယ်၊ အဲဒါဟာ တစ်ကြိမ်တစ်ခါမျှ မဟုတ်ဘူး၊ မှတ်ချက်တိုင်း မှတ်ချက်တိုင်းမှာ သိသိသွားတဲ့ ဒီလို ကိုယ်ထဲက တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို အသေးစိတ်ပြီး သိနေကြတဲ့အတွက် ယောဂီတွေက လုပ်ငန်းစဉ်မပါတဲ့တရားကို ကျဲတယ်လို့ပြောကြတာပါပဲ၊ အဲဒီလိုရှုမှတ်ပြီး ကိုယ်တွေ့သိထားတဲ့ ပုဂ္ဂိုလ်တွေကတော့ ဘုန်းကြီးတို့ ဟောတဲ့တရားကို သူတို့ကိုယ်တွေ့နဲ့ တိုက်ဆိုင်ပြီး သဘောကျကြပါတယ်၊ အဲဒါဟာ အဆင့်အတန်း တက်လာတာပဲ။

မရှုမမှတ်ရသေးခင်ကတော့ သူတို့လဲ သူများလိုပဲ ဘာမှမသိကြသေးဘူး၊ ရှုမှတ်လိုက်တော့ ရုပ်နာမ်သဘောတရားတွေ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောတရားတွေကို သိပြီး ဥဒယဗ္ဗယညာဏ် အစရှိတဲ့ ဝိပဿနာညာဏ် အဆင့်အတန်းကို ရောက်လာတယ်၊ အဲဒီဝိပဿနာညာဏ်တွေထဲက ဥဒယဗ္ဗယညာဏ်ဆိုတာ အင်မတန် ထူးခြားပါတယ်၊ အမှတ်သတိကလဲလျင်မြန်တယ်၊ အသိညာဏ်ကလဲ အလွန်ထက်မြက်တယ်၊ မမှတ်နိုင်တာ မသိနိုင်တာ မရှိတော့ဘူးလို့တောင် ထင်ရတယ်၊ အရောင်အလင်းတွေကလဲ ပေါ်နေကြတယ်၊ ဝမ်းမြောက်တက်ကြွတဲ့ ဝီတိကလဲ အလွန်အကဲ ဖြစ်နေတယ်၊ စိတ်ကလဲ အလွန်ကြည်လင်ပြီး အလွန်ချမ်းသာနေတယ်၊ အဲဒီအခါမှာ ဘယ်လိုကောင်းမှန်း မသိအောင် ကောင်းနေတတ်ပါတယ်၊ ဒါကြောင့် အဲဒီလိုချမ်းသာပြီး ကောင်းနေတာကို (အမာနုသီရတိ) သာမန်လူတို့ မတွေ့ဘူးတဲ့ ပျော်မွေ့ခြင်း ဖြစ်တယ်လို့ မြတ်စွာဘုရားက ချီးကျူးထားပေတာပဲ၊ ဒါပေမယ့် အဲဒီအကောင်းတွေကိုလဲ ရှုမှတ်ပြီး ပယ်သွားရတယ်၊ အဲဒီလိုရှုမှတ်ပြီး ပယ်လိုက်တော့ ဘင်ဏာဏ်ဆိုတဲ့ အဆင့်ကို ရောက်သွားတယ်၊ အဲဒီညာဏ်ကျတော့ မှတ်ရတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော မှတ်ရင်းမှတ်ရင်း ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ လက် ခြေ ခေါင်း ကိုယ် အစရှိတဲ့ ပုံသဏ္ဌာန် အထည်ဒြပ်ရယ်လို့ မတွေ့ရတော့ဘဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ ဒါကြောင် မမြဘူး–လို့ သိတဲ့ညာဏ်ဟာ ပိုပြီးရှင်းလာတယ်၊ ဒုက္ခ အနတ္တ အသိညာဏ်တွေလဲ ပိုပြီးရှင်းလာတယ်။

အဲဒီကနောက် ဘယညာဏ် အာဒီနဝညာဏ် နိဗ္ဗိဒါညာဏ် မုဉ္စိတုကမျတာညာဏ် ပဋိသင်္ခါညာဏ်ဆိုတာတွေလဲ အစဉ်အတိုင်းဖြစ်ပြီးတော့ သင်္ခါရုပေက္ခာညာဏ်ဆိုတဲ့ အလွန်သိမ်မွေ့တဲ့ညာဏ်ကို ရောက်လာတယ်၊ အဲဒီညာဏ်ကတော့ အလွန်ကောင်းပါတယ်၊ ရှုမှတ်စရာအာရုံကလဲ တစ်ခုပြီးတစ်ခု သူ့အလိုလို ပေါ်နေတယ်၊ အမှတ်အသိကလဲ အထူးကြောင့်ကြမစိုက်ရဘဲ သူ့အလိုလို သိသိသွားနေတယ်၊ တစ်နာရီ နှစ်နာရီ စသည်ကြာအောင်လဲ အရှိန်မပျက်ဘဲ သွားနေတယ်၊ နှစ်သက် ဝမ်းမြောက်မှုလဲမရှိဘူး၊ စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှုလဲမရှိဘူး၊ အင်မတန်ကို ကောင်းပါတယ်၊ အဲဒါလဲ အဆင့်အတန်းတက်လာတာပါပဲ၊ အဲဒီကနောက် အထူးထက်သန်တဲ့ အနုလောမညာဏ်ဖြစ်ပြီးတော့ ဖြစ်ပျက်တဲ့ ရုပ်နာမ်သင်္ခါရ ဆင်းရဲတွေ ချုပ်ငြိမ်းတဲ့ သဘောကို တွေ့မြင်တဲ့ အရိယမဂ်ဖိုလ်ညာဏ် ဖြစ်ပေါ်လာတယ်၊ အဲဒါဟာ သောတာပန်ဆိုတဲ့ အရိယဘုံအဆင့်ကို ရောက်သွားတာပါပဲ၊ ဥပမာအားဖြင့် တောင်ပေါ်တက်ရာမှာ တစ်ဆင့်ထက် တစ်ဆင့် မြင့်မြင့်ပြီး တောင်ထိပ်ပေါ် ရောက်သွားသလိုပါပဲ။

အဲဒီကနောက် ဆက်ပြီးရှုမှတ်နေရင် သကဒါဂါမ်အဆင့် အနာဂါမ်အဆင့် ရဟန္တာအဆင့်တွေကိုလဲ ရောက်သွားနိုင်ပါတယ်၊ အဲဒီရဟန္တာအဆင့်ဆိုတာကတော့ အမြင့်ဆုံးတောင်ထိပ်ကြီးနဲ့ တူပါတယ်၊ ယခုပြောခဲ့တဲ့ ဝိပဿနာညာဏ်အဆင့်ဆင့်နဲ့ အရိယမဂ်ညာဏ် အဆင့်တွေဆိုတာ ဒွါရ ၆-ပါးက မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်တွေကို ရှုမှတ်ပါမှ ရောက်နိုင်တယ်၊ ဒါကြောင့် ပေါ်လာသမျှ ရုပ်နာမ်တွေကို ရှုမှတ်တဲ့ ဝိပဿနာအလုပ်နဲ့ အဆင့်အတန်းတက်မယ်လို့ ဒီလိုဆောက်တည်ပြီး အကုသိုလ်ကိလေသာတွေကို ပယ်ကြရမယ်။

ယခုပြောခဲ့တဲ့ အဆင့်အတန်းတွေထဲမှာ သောတာပန်အဆင့်အတန်းရောက်ရင် ပါဏာတိပါတ အဒိန္နာဒါန် အစရှိတဲ့ အပါယ်လားကြောင်း ဒုစရိုက် အကုသိုလ်တွေကို ပယ်ပြီးသား ဖြစ်သွားပါပြီ၊ ဒါကြောင့် ယခုဟောနေတဲ့ အဒိန္နာဒါန် ဒုစရိုက်အကုသိုလ်ကို အမြစ်ပြတ် ပယ်နိုင်အောင် အောက်ထစ်ဆုံးအားဖြင့် သောတာပတ္တိမဂ်ဖိုလ်ဉာဏ် အဆင့်ရောက်အောင် အားထုတ်ကြဖို့ လိုပါတယ်၊ စွမ်းနိုင်သေးရင်တော့ အရဟတ္တမဂ်ဖိုလ် အဆင့်ရောက်အောင် အားထုတ်သွားကြဖို့ပါပဲ၊ ၄-နာရီ တီးသွားပြီ၊ ဒီကနေ့ ဒီတွင်ရပ်ပြီး၊ တရားသိမ်းကြစို့၊ အမျှဝေပြီး တရားသိမ်းကြရမယ်၊ လိုက်ဆိုကြ။

အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျွန်ုပ် ပြုစုပွားများအားထုတ်အပ်သော ဒါနကုသိုလ် ။ပ။ ကိုယ်စိတ်နှာဖြာ ချမ်းသာကြသည် ဖြစ်ပါစေ ကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု.... သာဓု.... သာဓု....

သလ္လေခသုတ်တရားတော် တတိယပိုင်း ဤတွင်ပြီး၏။

သလ္လေခသုတ်တရားတော်ကြီး

စတုတ္ထပိုင်း

၁၃၃၂–ခုနှစ်၊ နယုန်လပြည့်နေ့ ဟောသည်။

မဟာသမယနေ့

ဒီနေ့ဟာ ၁၃၃၂–ခုနှစ် နယုန်လပြည့်နေ့ ဖြစ်တယ်၊ ဒီနေ့မှာ မြတ်စွာဘုရားက မဟာသမယသုတ်ကို ဟောတော်မူတဲ့အတွက် ဒီနေ့ကို ဗုဒ္ဓသာသနာဝင်တွေက မဟာသမယနေ့လို့ အသိအမှတ်ပြုပြီး ပူဇော်ပွဲတွေ အရပ်ရပ်မှာ ကျင်းပကြတယ်။

မဟာသမယသုတ်ကို ဟောတော်မူပုံကတော့ သာကီဝင်မင်းမျိုးက ဖြစ်လာကြတဲ့ ရဟန်းတော်ငါးရာဟာ ဒီနေ့မှာပဲ မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းယူပြီး ကဝိလဝတ်ပြည်အနီးက မဟာဝုန်တောကြီးထဲမှာ အသီးအသီးနေရာယူပြီး တရားအားထုတ်နေကြတယ်၊ အဲဒီလိုအားထုတ်ပြီး ဒီနေ့မှာပဲ ရဟန္တာဖြစ်တော်မူကြတယ်၊ ပထမဆုံး ရဟန္တာဖြစ်တဲ့ ရဟန်းက မိမိ၏ ရဟန္တာဖြစ်ပုံ ရဟန်းကိစ္စပြီးပုံကို မြတ်စွာဘုရားထံ လျှောက်ထားဖို့လာတယ်၊ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးတော့ မိမိရဲ့ ရဟန္တာဖြစ်ကြောင်း လျှောက်မယ်ကြံပြီး နောက်ကိုလှည့်ကြည့်လိုက်တဲ့အခါ အခြားရဟန်းတစ်ပါးက လာနေတာနဲ့ မလျှောက်ရဘူး၊ အဲဒီကနောက် လာတဲ့ရဟန်းကလဲ လှည့်ကြည့်လိုက်တဲ့အခါ အခြားရဟန်းတစ်ပါးက လာနေပြန်လို့ မလျှောက်ရပြန်ဘူး၊ ဒီနည်းဖြင့် တစ်ပါးပြီးတစ်ပါး မြတ်စွာဘုရားထံ အဆက်မပြတ် ရောက်လာကြတာဟာ ရဟန်းငါးရာလုံး အကုန်စုံပါရောတဲ့၊ ဒါကြောင့် မိမိတို့ ရဟန္တာဖြစ်တဲ့အကြောင်း မလျှောက်ကြရတော့ဘူးတဲ့၊ ဘာကြောင့် မလျှောက်ကြသလဲဆိုရင် မိမိတို့ဂုဏ်ကို သူများမသိစေချင်တဲ့ အပ္ပိစ္ဆာခေါ် အလိုနည်းတဲ့ အတွက်ကြောင့်ပါပဲ။

ရဟန္တာအစစ်ဆိုရင် မိမိရထားတဲ့တရားကို သူတစ်ပါးအား ရစေချင်တယ်၊ မိမိလို့ပဲ အခြားသူတွေကိုလဲ ရဟန္တာဖြစ်စေလိုတဲ့ ဆန္ဒထက်သန်စွာ ရှိပါတယ်၊ ဒါပေမယ့် ရဟန္တာဆိုတဲ့ မိမိရဲ့ဂုဏ်ကိုတော့ သူတစ်ပါးအား မသိစေချင်ဘူး၊ လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်ထားတယ်၊ ရဟန်းမဟုတ်တဲ့ အခြားသူတွေဆိုရင် လုံးလုံးပြောကြလေ့မရှိဘူး၊ ရဟန်းပုဂ္ဂိုလ်က မရှောင်မလွှဲသာအောင် အတင်းအကျပ်မေးရင်တော့ တစ်ခါတစ်ရံ ပြောကြားတတ်ပါတယ်၊ ဒါတောင် တိုက်ရိုက်မဟုတ်ဘဲ ပရိယာယ်နဲ့ ပြောတာလဲ ရှိပါတယ်၊ တစ်ခါက ရဟန္တာမထေရ်ကြီးတစ်ပါးရဲ့နောက်က သပိတ်သင်္ကန်းများကိုယူပြီး ဝတ်ကြီးဝတ်ငယ်ပြုနေတဲ့ တောထွက်ရဟန်းကြီးက "အရိယာပုဂ္ဂိုလ်ဆိုတာ ဘယ်လိုနေပါသလဲ"လို့ မထေရ်ကြီးကို မေးလျှောက်တယ်၊ ဒီတော့ ရဟန္တာထေရ်ကြီးက "ဦးပဉ္စင်းကြီး အရိယာပုဂ္ဂိုလ်ဆိုတာ အသိရခက်တယ်၊ တချို့ တောထွက်ဦးပဉ္စင်းကြီးဟာ အရိယာပုဂ္ဂိုလ် မထေရ်ကြီးရဲ့ သပိတ်သင်္ကန်းကိုယူဆောင်ပြီး နောက်ကလိုက်နေတာတောင် ကိုယ့်ဆရာမထေရ်ကြီးကို အရိယာမှန်းမသိရဘူး၊ ဒါလောက်အထိ အသိရခက်တယ်"လို့ ပရိယာယ်နဲ့ ပြောသတဲ့၊ ဒီတော့ အဲဒီ ဦးပဉ္စင်းကြီးက "အဲ–ဘုရား အရိယာများတယ် အသိရခက်သကိုး"လို့ ပြောသတဲ့၊ အဲဒါဟာ အလိုနည်းတဲ့အတွက် "ငါအရိယာပဲ ရဟန္တာ"လို့ မပြောဘဲ ပရိယာယ်နဲ့ ပြောတာပဲ၊ ရဟန္တာများဖွင့်ဟ ပြောကြားတတ်တာကတော့ ပရိနိဗ္ဗာန်စံခါနီးမှာသာ ပြောကြားတတ်ပါတယ်။

ဒါကြောင့် သာကီဝင်မင်းသား ရဟန္တာအရှင်သူမြတ်တွေလဲ အလိုနည်းတဲ့အတွက် မိမိရဲ့ ရဟန္တာဂုဏ်ကို သူများမသိစေချင်ဘူး၊ သူများရှေ့မှာ မြတ်စွာဘုရားအား လျှောက်လိုက်ရင် မိမိဂုဏ်ကို ဖော်ပြရာရောက်မှာ ရှက်တယ်၊ ဒါကြောင့် မိမိတို့ ၏ဂုဏ်ကို မလျှောက်ကြတော့ဘဲ ငြိမ်သက်စွာ ထိုင်နေတော်မူကြတယ်၊ အဲဒီအခါမှာ နတ်တွေ ဗြဟ္မာတွေက ရဟန္တာ ဖြစ်ခါစ သစ်သစ်လွင်လွင် ရဟန္တာငါးရာနှင့်တကွ မြတ်စွာဘုရားကို ဖူးမြော်ကြရအောင် ဘုရားထံသို့ လာရောက်ကြတယ်၊ စကြာဝဠာပေါင်း တိုက်တစ်သောင်းက နတ်ဗြဟ္မာတွေဟာ အများအားဖြင့် လာရောက်ကြတယ်လို့ ဆိုလိုပါတယ်၊ အင်မတန် ကြီးမားတဲ့ နတ်ဗြဟ္မာ အစည်းအဝေးကြီးပါပဲ၊ အဲဒီ အစည်းအဝေးကြီးမှာ လာရောက်တဲ့ နတ်တွေ ဗြဟ္မာတွေရဲ့ စာရင်းကို မြတ်စွာဘုရားက ရှေးဦးစွာ ကြေညာတော်မူပါတယ်၊ အဲဒီကနောက် အဏ္ဏာသယ ၆–ပါး အသီးသီး ရှိကြတဲ့ နတ်ဗြဟ္မာ ၆–စုနှင့် သင့်လျော်တဲ့သုတ်တရားတော် ၆–ပုဒ်ကို အသီးသီး ဟောကြားတော်မူပါတယ်၊ အဲဒီသုတ်တရားတော်များ အဆုံးမှာ သင့်လျော်တဲ့စရိုက်ရှိတဲ့ နတ်ဗြဟ္မာတွေ အသီးသီးဟာ မရေမတွက်နိုင်အောင် များစွာပင် မဂ်ဖိုလ်တရားထူးကို ရကြတယ်လို့ ဆိုပါတယ်၊ အဲဒီ ၆–သုတ်ကိုတော့ ရှေးကဒီရိပ်သာမှာပဲ ၂–ကြိမ်တိုင်တိုင် ဟောခဲ့ဖူးပါပြီ၊ ပုရာဘေဒသုတ်ဆိုတာကိုတော့ ပုံနှိပ်စာအုပ်အဖြစ်နှင့်တောင် တွေ့နေကြရပါပြီ၊ အဲဒီလို မဟာသမယသုတ်များကို ဟောတော်မူတဲ့ နေ့ဖြစ်တဲ့အတွက် ဒီနယုန်လပြည့်နေ့ကို မဟာသမယနေ့လို့ အသိအမှတ် ပြုထားကြပါတယ်၊ ဒီကနေ့ ဟောဖို့ကတော့ အလျင်လပြည့်နေ့များက ဟောခဲ့တဲ့ သလ္လေခသုတ်တရားတော်ပါပဲ။

ဒီကနေ့ အလှည့်ကျတာက

ဝိဟိံသာ, ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာ၊ မုသာ, ဝိသု၊ ဖရု, သမ္ဖာ၊ အဘိဇ, ဗျာနှင့်၊ ဆယ်ဖြာ မိစ္ဆတ္တာ၊ စဉ်တိုင်းပြ၍ စသည်ဖြင့် ဆိုထားတဲ့ ဆောင်ပုဒ်အရ–

ဝိဟိံသာ–ညှဉ်းဆဲခြင်းကို ဟောပြီးပြီ၊ ပါဏာတိပါတ–သူတစ်ပါးကိုသတ်ခြင်း ဆိုတာကိုလဲဟောပြီးပြီ၊ အဒိန္နာဒါန–သူတစ်ပါး ဥစ္စာကို ခိုးယူခြင်းဆိုတာကိုလဲ ဟောပြီးပြီ၊ ဒီကနေ့ အဗြဟ္မစရိယ ဆိုတာကိုဟောဖို့ အလှည့်ကျတယ်၊ အဲဒါကို မြတ်စွာဘုရားက ဒီလို ဟောထားပါတယ်။

သလ္လေခဝါရ

ပရေ အဗြဟ္မစရိဘဝိသန္တိ၊ မယမေတ္ထ ဗြဟ္မစာရိဘဝိသာမာတိ၊ သလ္လေခေါ ကရဏီယော–တဲ့။

ပရေ–တစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ အဗြဟ္မစာရီ–မမြတ်သော မေထုန်အမှုကို ပြုကျင့်ကြကုန်သည်၊ ဘဝိသန္တိ–ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ–ဤအရာ၌၊ မယံ–ငါတို့သည်၊ ဗြဟ္မစာရီ–မြတ်သောအကျင့်ကို ကျင့်ကုန်သည်၊ ဘဝိသမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့ သလ္လေခေါ–ကိလေသာ ခေါင်းပါးစေသော အကျင့်ကို၊ ကရဏီယော–ပြုကျင့်အပ်၏၊

ဒီအပိုဒ်မှာတော့ သူတစ်ပါးတွေဆိုတာ မေထုန်အမှုမှ မကြဉ်ရှောင်နိုင်ကြတဲ့ သူတွေကို ဆိုပါတယ်၊ အဲဒီ လိုပုဂ္ဂိုလ်တွေကတော့ အလွန်များပါတယ်၊ ဝိနည်းသိက္ခာပုဒ်ကို ရိုရိုသေသေစောင့်ရှောက်နေတဲ့ ရဟန်းတော်တွေ၊ ရှစ်ပါးသီလ ဆယ်ပါးသီလ ဗြဟ္မစရိယပဋ္ဌမသီလများကို စောင့်ရှောက်နေတဲ့သူတွေ ဒီလိုပုဂ္ဂိုလ်တွေမှ တစ်ပါးဆိုရင် အကုန်လုံးကိုပဲ ယူရလိမ့်မယ်၊ အဲဒီလို လူများစုဖြစ်တဲ့ သူတစ်ပါးတွေက မမြတ်သောအကျင့်လို့ ဆိုရတဲ့ မေထုန်အမှုကို ပြုကျင့်နေကြလိမ့်မယ်တဲ့၊ ဒါပေမယ့် ဒီမမြတ်တဲ့အကျင့်ဆိုတာကတော့ ကာမေသုမိစ္ဆာစာရ မဟုတ်ရင် သတ်မှု ခိုးမှုတို့လို ဒုစရိုက်တော့ မဟုတ်ဘူး၊ ဒါကြောင့် ဒီဗြဟ္မစရိယကတော့ လူဝတ်ကြောင်များမှာဆိုရင် သူ့သက်သက်နဲ့တော့ အပါယ်ကို ကျစေနိုင်ခြင်း မရှိတဲ့အတွက် သတ်မှု ခိုးမှုတို့လို အပြစ်မကြီးဘူးဆိုတာလဲ သိထားကြရမယ်။

အဗြဟ္မစရိယ နှစ်မျိုး

ဒီနေရာမှာ အဗြဟ္မစရိယ–မမြတ်သောအကျင့်ကို ကာမေသုမိစ္ဆာစာရကံ ထိုက်တဲ့အကျင့်လို့ ဒီလို ၂–မျိုးခွဲပြီးတော့လဲ မှတ်ကြရမယ်၊ ကာမေသုမိစ္ဆာစာရ ကံထိုက်တဲ့ အဗြဟ္မစရိယကိုတော့ လူတိုင်း ရှင်တိုင်း ရဟန်းတိုင်း ကြဉ်ရှောင်ရမယ်၊ အဲဒီကံမထိုက်တဲ့ မေထုန်အမှုကိုတော့ လူများမှာ မကြဉ်ရှောင်သောလဲ ငါးပါးသီလမပျက်ဘူး၊ ကြဉ်ရှောင်ရင်တော့ ကုသိုလ်ဖြစ်တယ်၊ ရှင်ရဟန်းများမှာတော့ အဲဒီမေထုန်အမှုကို လုံးဝကြဉ်ရှောင်တယ်၊ မကြဉ်ရှောင်ဘဲ ကျူးလွန်မိရင် သီလပျက်တယ်၊ ဒါကြောင့် ဒီအပိုဒ်ကတော့ မုချကြဉ်ရှောင်ရမည့် ရှင်ရဟန်းများကို ပဓာနပြုပြီး ဟောထားတဲ့ စကားလို့ ယူရမယ်၊ ဒါပေမယ့် ရှစ်ပါးသီလ ဆယ်ပါးသီလ ဆောက်တည်တဲ့လူများ ဗြဟ္မစရိယပဋ္ဌမ သီလဆောက်တည်တဲ့ လူများနှင့်လဲ သက်ဆိုင်ပါတယ်၊ ဒါကြောင့် အဲဒီ သက်ဆိုင်တဲ့ လူများနှင့် ရှင်ရဟန်းများဟာ "သူများတွေက မမြတ်သော မေထုန်အမှုကို ပြုကြမည့်နေရာမှာ ငါတို့ကတော့ မေထုန်အမှုမှ ကြဉ်ရှောင်တဲ့ မြတ်သောအကျင့်ကို ကျင့်မည်"လို့ ဒီလို နှလုံးသွင်းဆောက်တည်ပြီးကျင့်ကြရမယ်၊ ဒီအကျင့်ဟာ ဘုရားရဟန္တာအရှင်မြတ်တွေ တစ်သက်လုံးကျင့်တော်မူကြတဲ့ အကျင့်မြတ်ဖြစ်ပါတယ်၊ လူများမှာ တစ်နေ့တစ်ရက် ကျင့်နိုင်ရင်လဲ အဲဒီ တစ်နေ့တစ်ရက်အတွင်းမှာ ဘုရားရဟန္တာများ၏ အကျင့်ဂုဏ်နှင့် တစ်စိတ်တစ်ပိုင်း ပြည့်စုံပြီး နေရတာပဲ၊ အင်မတန် မြင့်မြတ် စင်ကြယ်ကြပါတယ်၊ အဲဒီလို မကျင့်နိုင်ကြတဲ့အခါမှာတော့ လူဝတ်ကြောင်များမှာ "သူများတွေက မပိုင်မဆိုင်တဲ့ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်ကြမည့်နေရာမှာ ငါတို့ကတော့ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်ခြင်းမှ ကင်းစေမည်"လို့ ဒီလို ဆောက်တည်ပြီး ကာမေသုမိစ္ဆာစာရမှ လွတ်လွတ်ကင်းကင်း ကြဉ်ရှောင်နိုင်ရင် သင့်တော်လောက်ပါပြီ။

ကာမေသုမိစ္ဆာစာရ

ကာမေသုမိစ္ဆာစာရဆိုတာက ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်မှုပဲ၊ ကာမဂုဏ်ဆိုတာကလဲ ဒီနေရာမှာ တခြားကာမဂုဏ်ကိုဆိုတာ မဟုတ်ဘူး၊ မေထုန်နှင့်ဆိုင်တဲ့ အတွေ့အထိ ကာမဂုဏ်ကိုသာဆိုတယ်၊ ဒါကြောင့် လောကမှာ ပညာရှိသူတော်ကောင်းတွေက သတ်မှတ်ထားတဲ့ ကျင့်ရိုးကျင့်စဉ်ကို ကျူးကျော်ပြီးတော့ မေထုန်အမှုကျူးလွန်တာကို ကာမေသုမိစ္ဆာစာရလို့ ခေါ်တယ်၊ ယောကျ်ားများမှာ မသွားမလာကောင်းတဲ့ မိန်းမ ၂၀–သတ်မှတ်ထားတယ်၊ အတိုချုပ်ပြောရရင်တော့ မိဘ ဆွေမျိုးများက စောင့်ရှောက်ထားတဲ့ မိန်းမ၊ အမျိုးအနွယ် မျိုးတူပုဂ္ဂိုလ်တို့က စောင့်ရှောက်ထိန်းသိမ်းထားတဲ့ မိန်းမ၊ တရားကျင့်ဖော်များက စောင့်ရှောက်ထားတဲ့ မိန်းမ၊ လင်ရှိမိန်းမ၊ စေ့စပ်ထားတဲ့မိန်းမ၊ ဒီလိုအစောင့်အရှောက်ရှိတဲ့ မိန်းမပိုင်ရှင်ရှိတဲ့ မိန်းမတွေဟာ မပိုင်မဆိုင်တဲ့ ယောကျ်ားများ မကျူးလွန်ကောင်းတဲ့ အရာတွေပါပဲ၊ အိမ်ထောင်ရှင်မိန်းမများမှာ ဆိုရင်တော့ ကိုယ့်လင်မှတစ်ပါး၊ အခြားယောကျ်ားများဟာ မကျူးလွန်ကောင်းတဲ့ အရာတွေပါပဲ၊ အဲဒီ မပိုင်မဆိုင်တဲ့ ယောကျ်ား မိန်းမ အချင်းချင်းကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်၊ အဲဒီ ကာမေသုမိစ္ဆာကံကိုတော့ လူတိုင်းလူတိုင်း ကြဉ်ရှောင်ရတယ်။

ဖြဟ္မစရိယ

ဖြဟ္မစာရီ–မြတ်သောအကျင့်ကို ကျင့်ကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့–လို့ ဆိုရာမှာ မြတ်သောအကျင့်ကတော့ ကာမေသုမိစ္ဆာစာရကံထိုက်တဲ့ မေထုန်မှုရော မထိုက်တဲ့မေထုန်မှုရော မေထုန်မှုဟူသမျှမှ ကြဉ်ရှောင်တဲ့အကျင့်ကို ဆိုလိုပါတယ်၊ ဒီမြတ်သောအကျင့်ကို ရှင်ရဟန်းများမှာ အမြဲတမ်းကျင့်နေရတယ်၊ ရသေ့များ သီလရှင်များလဲ အမြဲတမ်းကျင့်နေရတယ်၊ လူဝတ်ကြောင်များမှာတော့ စွမ်းနိုင်တဲ့အခါ ဖြဟ္မစရိယပဋ္ဌမသီလကို ဆောက်တည်ပြီးတော့ ဖြစ်စေ၊ ရှစ်ပါးသီလ ဆယ်ပါးသီလများကို ဆောက်တည်ပြီးတော့ဖြစ်စေ ကျင့်ရတယ်၊ အဲဒီလို ကျင့်ရမှာကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက–

ပရေ–တစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ အဖြဟ္မစာရီ–မမြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်သည်၊ ဘဝိဿန္တိ–ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ–ဤအရာ၌၊ မယံ–ငါတို့သည်၊ ဖြဟ္မစာရီ–မြတ်သောအကျင့်ကို ကျင့်ကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့၊ သလ္လေခေါ–ကိလေသာ ခေါင်းပါးစေသော အကျင့်ကို၊ ကရဏီယော– ပြုကျင့်အပ်၏–လို့ ဟောတော်မူပါတယ်၊ အဲဒါက သလ္လေခဝါရပဲ။

စိတ္တာပ္ပါဒဝါရကျတော့ ..... ဣတိ စိတ္တံ–ဤသို့သော စိတ်ကို၊ ဥပ္ပါဒေတဗ္ဗော ဖြစ်စေအပ်၏–လို့ ဟောတော်မူပါတယ်၊ အဲဒါကြောင့် ဒီ ၂–ဝါရအတွက်–

သူများတွေက မမြတ်သောအအကျင့်ကို ကျင့်ကြမည့်နေရာမှာ ငါတို့ကတော့ မြတ်သောအကျင့်ကို ကျင့်မည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလို စိတ်မျိုးကို ဖြစ်စေမည်လို့ အဓိဋ္ဌာန်ပြုကြရမယ်။

အဲဒါက ရဟန်းတော်များ ရှင်သာမဏေများ သီလရှင်များ ဖြဟ္မစရိယ ပဋ္ဌမသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ ဆောက်တည်ထားတဲ့ သူများအတွက် ပြုသင့်တဲ့အဓိဋ္ဌာန်ပဲ၊ ရှစ်ပါးသီလနဲ့ တရားအားထုတ်နေတဲ့ ယောဂီတွေဟာ သုံးလေးရက်ဖြစ်စေ ခုနှစ်ရက်ဖြစ်စေ တစ်လ နှစ်လ စသည်ဖြစ်စေ အဲဒီကာလအတွင်းမှာ အဓိဋ္ဌာန်အတိုင်း ဆောက်တည်ပြီး ကျင့်နိုင်ပါတယ်၊ အဖြဟ္မစရိယာ ဝေရမဏိ–သိက္ခာပုဒ်ကို မကျင့်နိုင်ကြတဲ့ လူတွေအတွက်ကတော့–

သူများတွေက မပိုင်မဆိုင်သော ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်ကြမည့် နေရာမှာ ငါတို့ကတော့ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်မှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကိုကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်–လို့ အဓိဋ္ဌာန်ပြုပြီး ကာမေသုမိစ္ဆာစာရမှ ဝေးစွာကြဉ်ရှောင်ကြရမယ်။

ပရိက္ကမနဝါရ စသည်

အဲဒီကနောက် ပရိက္ကမနဝါရ ဥပရိဘာဂဝါရ ပရိနိဗ္ဗာနဝါရ များကျတော့ အဗြဟ္မစရိယာ ဝေရမဏီ–မမြတ်သော အကျင့်မှ ကြဉ်ရှောင်ခြင်းသည်၊ ပရိက္ကမနာယ ဟောတိ–မမြတ်သောအကျင့်ဟူသော လမ်းဆိုးကို ရှောင်လွှဲရန်အတွက် ဖြစ်ပေသည်၊ ဥပရိဘာဂါယဟောတိ–အထက်အဖို့သို့ တက်ရန်အတွက် ဖြစ်ပေသည်၊ ပရိနိဗ္ဗာနာယ ဟောတိ–မမြတ်သောအမှုကို ပြုလိုသော ကိလေသာမီး ငြိမ်းရန်အတွက် ဖြစ်ပေသည်လို့ ဟောတော်မူပါတယ်။

အဲဒီမှာ အဗြဟ္မစရိယဆိုတဲ့ အကျင့်လမ်းဆိုးကို မရှောင်လွှဲချင်ရင် အဲဒီအကျင့်ကို မပြုမလုပ်ဘဲ ရှောင်လွှဲလိုက်ရုံပါပဲ၊ ဒါပေမယ့် ကာမရာဂမကင်းသေးတဲ့ သတ္တဝါတွေမှာ အဲဒီအကျင့်ကို မကြဉ်ရှောင်နိုင်တာက ခက်နေတယ်၊ အဲဒါဟာလဲ ကာမကိလေသာတွေရဲ့ အပြစ်ကိုမမြင်ဘဲ အကောင်းထင်နေလို့ပါပဲ၊ ဒီတော့ ကာမကိလေသာတွေ၏အပြစ်ကို ဆင်ခြင်ဖို့လိုပါတယ်၊ အဲဒီကာမဂုဏ်ကိုသာယာတဲ့ ကိလေသာကိုလက်ခံထားရင် စိတ်ဟာမစင်ကြယ်ဘဲ ညစ်နွမ်းနေတယ်၊ ကာမအာရုံ၏ အလိုကို လိုက်နေရတယ်၊ ကာမအာရုံ၏ ကျွန်ဖြစ်နေတယ်၊ ကာမအာရုံအတွက် ရှာကြံရလို့လဲ ဆင်းရဲတယ်၊ မတော်မသင့်တာ ပြုမိပြီးတော့ မင်းဘေးမင်းဒဏ်စသည်ဖြင့်လဲ သင့်နိုင်တယ်၊ ဒုစရိုက်မှုကိုပြုမိပြီးတော့ အပါယ်လေးပါးလဲကျနိုင်တယ်၊ အောက်တန်းစားကာမဘဝမှ မထွက်မြောက်နိုင်ဘူး၊ သံသရာမှ မထွက်မြောက်နိုင်ဘူး စသည်ဖြင့် ကာမဂုဏ်အာရုံနှင့် ကာမကိလေသာ၏ အပြစ်ကို ဆင်ခြင်ပြီး ကြဉ်ရှောင်နိုင်အောင် ကြိုးစားကြရမယ်။

အဲဒီမေထုနဓမ္မဆိုတဲ့ အဗြဟ္မစရိယမှ ကြဉ်ရှောင်နေရင် မြင့်မြတ်တဲ့အဆင့်လဲ ရောက်နေပါတယ်၊ ယခုရဟန်းတော်တွေကို ကြည့်ပါ၊ အဲဒီ အဗြဟ္မစရိယမှ ကြဉ်ရှောင်နေတဲ့အတွက် လူအများက အရိုအသေပြုကြတယ်၊ ပေးလှူပူဇော်ကြတယ်၊ အဲဒါထက် သီလ သမာဓိ ပညာဆိုတဲ့ သာသနဗြဟ္မစရိယကို အပြည့်အစုံကျင့်ရင် သာပြီးမြင့်မြတ်တယ်၊ အဲဒီအထဲက သီလလောက် ပြည့်ပြည့်စုံစုံ ကျင့်နေရင်ကိုလဲ မြင့်မြတ်လှပါပြီ၊ အများက ကြည်ညိုကြ ရိုသေကြ ပေးလှူကြလှပါပြီ၊ အဲဒီလို သီလနှင့်ပြည့်စုံပြီး ကြည်ညိုဖွယ်ရှိတဲ့ ရဟန်းတော်များမှာ ဆွမ်း သင်္ကန်း ကျောင်း ဆေး လိုလေသေးမရှိ အားလုံးပြည့်စုံနေတာပဲ၊ ဒါကြောင့် သင်္ကန်းရှားပါးတယ်ဆိုပြီး လာအလှူခံကြတဲ့ တခြားကကိုယ်တော်ကြီးတွေကို "ကိုယ်တော်တို့က ပါသာဒိကဂုဏ်နှင့်ပြည့်စုံအောင်မနေလို့ သင်္ကန်းရှားနေတာပါ၊ ပါသာဒိကဂုဏ်နှင့် ပြည့်စုံအောင် နေကြပါလို့" ညွှန်ကြားတိုက်တွန်းရတယ်၊ မြတ်စွာဘုရားကိုယ်တော်တိုင်ကလဲ အာကခေ်ယျသုတ်မှာ ဒီအတိုင်းပဲ ဟောထားပါတယ်၊ ဆွမ်း သင်္ကန်း ကျောင်းဆေး ပစ္စည်းလေးပါး ပေါများပြည့်စုံချင်လို့ရှိရင်လဲ (သီလသွေဝဿ ပရိဟူရကာရီ) သီလတို့၌ အပြည့်အစုံကျင့်ပါတဲ့၊ ဒါကြောင့် ဗြဟ္မစရိယ မြတ်သောအကျင့်ဟာ မျက်မှောက်ဘဝတွင်လဲ အထက်တန်းရောက်ခြင်း၏ အကြောင်းဖြစ်ပါတယ်၊ နောင်သံသရာဘဝတွေမှာလဲ လူ့ဘဝ နတ်ဘဝ အဆင့်ဆင့်တက်ပြီး နိဗ္ဗာန်ထိအောင် ရောက်ခြင်း၏ အကြောင်းဖြစ်ပါတယ်၊ နောက်ပြီးတော့ မမြတ်သောအကျင့်ဆိုတဲ့ အကုသိုလ်ငြိမ်းခြင်း၏ အကြောင်းလဲ ဖြစ်ပါတယ်၊ ဒါကြောင့် မြတ်သော အကျင့်ကို အမြဲကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်တွေမှာ–

မမြတ်သောအကျင့်ကို မြတ်သောအကျင့်နှင့် ရှောင်လွှဲမည်၊ မြတ်သောအကျင့်နှင့် အဆင့်အတန်းတက်မည်၊ မမြတ်သောအကျင့် ကိလေသာမီးကို မြတ်သောအကျင့်နှင့် ငြိမ်းသတ်မည်လို့ ဒီလိုအဓိဋ္ဌာန်ပြုပြီး စင်စင်ကြယ်ကြယ် ကျင့်ကြရမယ်။

အဲဒီမှာ စင်စင်ကြယ်ကြယ်ဆိုတာ နှစ်ဦးနှစ်ယောက် သဘောတူပြီး ပြုရတဲ့ မေထုန် အကြီးစားမှ ကင်းရုံတွင်မကဘဲ အငယ်စားတွေပါ ကင်းအောင်ကျင့်ဖို့ရာ ရည်ရွယ်ပြီး ပြောခြင်းဖြစ်ပါတယ်၊ မေထုန်အငယ်ဆိုတာ ဘာတွေလဲဆိုရင် အဂုံတ္တရပါဠိတော် (၃–၄–၃၈) မေထုနသုတ်မှာ မြတ်စွာဘုရား ဟောထားတာရှိပါတယ်၊ ဘယ်လိုလဲဆိုရင်–

မေထုန်ငယ် ၇–မါး

အခါတစ်ပါးမှာ ဇာဏုဿောဏိဆိုတဲ့ ပုဏ္ဏားကြီးက မြတ်စွာဘုရားထံ လာရောက်ပြီး မေးလျှောက်တယ်၊ အဲဒီ ပုဏ္ဏားကြီးဟာ ဟိုခေတ်တုန်းက ဝေဒကျမ်းတတ် ပဏ္ဍိတ်ပညာရှင်ကြီးပေါ့၊ အဲဒီခေတ်တုန်းက ပုဏ္ဏားပညာရှိတွေက ဘုရားထံလာရောက်ပြီး ဆွေးနွေးကြတယ်၊ မေးမြန်းကြတယ်၊ စောဒကတတ်ကြတယ်၊ ယခုခေတ် ဟိန္ဒူတွေဆိုတာ အဲဒီပုဏ္ဏားတွေက ဆင်းသက်လာတာပဲ၊ ဒါကြောင့် အဲဒီဇာဏုဿေါဏိကို ပညာရှိကြီးဆိုရင်လဲ အများကသဘောပေါက်လွယ်ပါလိမ့်မယ်၊ အဲဒီဇာဏုဿေဏိဆိုတဲ့ ဟိန္ဒူပညာရှိကြီးက မြတ်စွာဘုရားကို မေးလျှောက်တယ်၊ မေးပုံကတော့ အရှင်ဂေါတမလဲ မြတ်သောအကျင့်ကိုကျင့်တဲ့ ဗြဟ္မစာရီပုဂ္ဂိုလ်လို့ ဝန်ခံပါသလားတဲ့၊ သူ့အလိုကတော့ မြတ်သောအကျင့်ကိုကျင့်တဲ့ ဗြဟ္မစာရီပုဂ္ဂိုလ်လို့ ဝန်မခံထိုက်ဘူးထင်ပြီး စောဒနာတာပါပဲ။

သူတို့ရဲ့ ဗြဟ္မဏကျမ်းတွေမှာ ဗြဟ္မစရိယကျင့်ပုံကျင့်နည်း ပြထားတာရှိတယ်၊ ငယ်ရွယ်စဉ်ကတည်းက အိမ်ထောင်မပြုဘဲ အသက် ၄၈–နှစ်အထိ ဝေဒကျမ်းတွေကို ရွတ်ဖတ်သင်ယူနေတယ်၊ ၄၈–နှစ်ပြည့်တဲ့အခါကျတော့ တချို့ပုဏ္ဏားက

ဆရာက အလှူခံပေးပြီးတော့ ရသေ့ပြုသွားတယ်၊ တချို့ကတော့ အမျိုးအနွယ်အဆက်မပြတ် ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သမီးပျိုရှိတဲ့ ပုဏ္ဏားအိမ်တွေမှာ သွားပြီး သမီးပျိုကို အလှူခံတယ်၊ သူ ၄၈–နှစ်ပတ်လုံးကျင့်ခဲ့တဲ့ ဗြဟ္မစရိယကုသိုလ်တွေကို ပေးမယ်၊ သမီးပျိုကို လှူပါလို့ဆိုပြီး တောင်းခံတယ်၊ အဲဒီကုသိုလ်တွေကို ကိုယ်တိုင်မကျင့်ဘဲနဲ့ ရချင်တဲ့ သမီးရှင် ပုဏ္ဏားမိဘများက သူတို့ရဲ့သမီးကို ရေစက်သွန်းချပြီး ဝမ်းမြောက်ဝမ်းသာနဲ့ လှူကြသတဲ့၊ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေအနေနဲ့ စဉ်းစားကြည့်ရင်တော့ အဲဒီလှူတယ်ဆိုတာ အံ့ဖွယ်ကြီးဖြစ်နေမှာပဲ၊ ဒါပေမယ့် မြန်မာပြည်မှာ လူလိမ်တစ်ယောက်ကို မင်းလောင်းထင်မှတ်ပြီး သမီးကို မိဖုရားအဖြစ် ဆက်သကြတယ်ဆိုတာကို တစ်ခါတစ်ရံကြားရတယ်၊ အဲဒါနှင့် နှိုင်းစာကြည့်ရင်တော့ သိပ်မထူးဆန်းလှပါဘူး၊ ပုဏ္ဏားတွေက သမီးလှူတယ်ဆိုတာက သူတို့ဘာသာတရားဖြစ်တဲ့ ဝေဒကျမ်းတွေအရ ယုံကြည်ပြီး လှူတာပဲ၊ တို့မြန်မာတွေ မိဖုရားလောင်းအဖြစ် ဆက်သတာကတော့ ကျမ်းဂန်အလွတ် ကိုယ့်အထင်သက်သက်နဲ့ လှူတာပဲ၊ လူတွေဟာ သူတစ်ပါးအမြင်နဲ့ ဘာမျှမဟုတ်ပေမယ့် ကိုယ့်အထင်နဲ့ ကိုယ့်ယုံကြည်ချက်နဲ့ဆိုတော့ မျှော်လင့်စရာ ရှိနေကြတာပဲ။

အဲဒီလို ပုဏ္ဏေးမသမီးပျိုကို ရလာတဲ့ ပုဏ္ဏားဟာ အဲဒီပုဏ္ဏေးမနှင့် အတူနေပြီး သားသမီးတစ်ယောက် ရလာတဲ့အခါ အမျိုးမပြတ်အောင် သားရပြီးလို့ ယူဆပြီးတော့ လူ့ဘောင်ကထွက်ခွာပြီး တစ်ဖန် ရသေ့ပြုသွားတာလဲရှိတယ်၊ လူ့ဘောင်မှာပဲ မခွာနိုင်ဘဲ နေမြဲနေသွားတာလဲ ရှိတယ်၊ အဲဒီ ပုဏ္ဏားများကို ၄၈–နှစ်ပတ်လုံး ငယ်ဖြူအဖြစ်နဲ့ နေနိုင်မှ ဗြဟ္မစာရီ–မြတ်သော အကျင့်ကို ကျင့်သူ ဖြစ်သင့်တယ်လို့ ဇာဏုဿေဏိပုဏ္ဏားက ယူဆထားတယ်၊ ဗုဒ္ဓမြတ်စွာဘုရားကတော့ အလောင်းတော်ဘဝ သိဒ္ဓတ္တမင်းသား ဖြစ်စဉ်က ၁၆–နှစ်သားအရွယ်မှ ၂၉–နှစ်တိုင်အောင် ယသော်ဓရာ အမှူးရှိသော မိဖုရားမောင်းမတွေနှင့် ကာမဂုဏ်အာရုံတွေကို ခံစားလာခဲ့တယ်၊ ဒါကြောင့် မြတ်သော အကျင့်ကို ကျင့်သူ မဖြစ်သင့်ဘူးလို့လဲ သူက ယူဆထားတယ်၊ ဒါကြောင့် "အရှင်ဂေါတမလဲ မြတ်သော အကျင့်ကို ကျင့်တဲ့ ဗြဟ္မစာရီပုဂ္ဂိုလ်လို့ ဝန်ခံပါသလား"လို့ မယုံကြည်တဲ့ သဘောနဲ့ စောဒနာလိုက်တာပါပဲ၊ အဲဒါဟာ ပြေလည်အောင် မဖြေနိုင်ပေဘူးဆိုတဲ့ အနေနဲ့ ဖိနှိပ်ပြီး မေးလိုက်တာပါပဲ။

အဲဒီတော့ မြတ်စွာဘုရားက "မြတ်သောအကျင့်ကိုကျင့်တဲ့ ဗြဟ္မစာရီပုဂ္ဂိုလ်ကို အမှန်အတိုင်း ညွှန်ပြပြောဆိုမယ်ဆိုရင် ငါဘုရားကိုသာ ပြောဆိုထိုက်တယ်"လို့ ပလ္လင်ခံပြီးတော့ မြတ်သော အကျင့်သီလ၏ ကျိုးပေါက် ပြောက်ကျား ညစ်နွမ်းကြောင်းဖြစ်တဲ့ မေထုန်ငယ် ခုနှစ်ပါးကို ဒီလို ထုတ်ဖော်ပြီး ဟောကြားတော်မူပါတယ်။

(၁) အချို့သော သမဏာအမည်ခံ ဗြဟ္မာဏအမည်ခံ ပုဂ္ဂိုလ်တွေဟာတဲ့ အဲဒီခေတ်တုန်းက သူတို့ဘာသာတရားအရ သမဏာ–ကိလေသာငြိမ်းတဲ့ ရဟန်းနဲ့ ဗြဟ္မဏာ–သူမြတ်လို့ ဝန်ခံနေတဲ့ ပုဂ္ဂိုလ်တွေ ရှိကြတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေကို ရည်ပြီးတော့ အချို့သောသာမဏာအမည်ခံ ဗြဟ္မဏာအမည်ခံ ပုဂ္ဂိုလ်တွေလို့ ဆိုပါတယ်၊ အဲဒီအချို့သော သမဏာဗြာဟ္မဏာအမည်ခံ ပုဂ္ဂိုလ်တွေဟာ မာတုဂါမများနှင့်ပြုလုပ်ရတဲ့ မေထုန်အကျင့်မှ ကြဉ်ရှောင်နိုင်ရုံမျှဖြင့် မြတ်သောအကျင့်ကိုကျင့်တဲ့ ဗြဟ္မစာရီပုဂ္ဂိုလ်လို့ ဝန်ခံနေကြတယ်၊ ဒါပေမယ့် အဲဒီလိုပုဂ္ဂိုလ်တွေဟာ မာတုဂါမက ပွတ်သပ်ပေးတာ ရေချိုးချေးတွန်းပေးတာ နံ့သာစသည်ဖြင့်လူးလိမ်းပေးတာ ဒီလိုပြုစုပေးတာတွေကို လက်ခံနေကြတယ်၊ နှစ်သက်သာယာနေကြတယ်၊ အဲဒီလို ပြုစုပေးတာတွေနဲ့ သူတို့ဝမ်းသာအားရနေကြတယ်၊ အဲဒါဟာ မြတ်သောအကျင့်၏ ကျိုးပျက်ကြောင်းလဲဖြစ်တယ်၊ ပေါက်ခြင်း ကြောင်ကျားခြင်း အပြောက်အစွန်းထင်ခြင်း၏ အကြောင်းလဲဖြစ်တယ်၊ ဒီလိုပုဂ္ဂိုလ်၏ ဗြဟ္မစရိယဟာ မစင်ကြယ်ဘူး၊ ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ဘူး၊ ဒါက (၁) နံပါတ် မေထုန်ငယ်ခေါ်တယ်၊ သာသနာတော်တွင်းမှာလဲ ယခုနေအခါမှာ တချို့ကိုယ်တော်ကြီးတွေဟာ မာတုဂါမနှိပ်အနယ်ကို ခံနေတယ်လို့ ကြားရတယ်၊ အဲဒါဟာ ဗြဟ္မစရိယ၏ ညစ်နွမ်းကြောင်း ဖြစ်တယ်၊ မာတုဂါမ၏အတွေ့ကို သာယာပြီး လှုပ်ရှားအားထုတ်ရင် သံဃာဒိသိသ်အာပတ် သင့်နိုင်တယ်။

(၂) နံပါတ် မေထုန်ငယ်ကတော့ မာတုဂါမနှင့် ရယ်ရွှင်ပြောဆိုပြီး ကျီစယ်ကစားနေတာတဲ့၊ ဒါကတော့ ကိုယ်ချင်းတော့ ထိပါးခြင်းမရှိဘူး၊ အပြောင်အပျက်တွေ ပြောဆိုပြီး နောက်ပြောင်ရုံ၊ ကစားရုံပါပဲ၊ ဒါပေမယ့် ဒါကလဲ ယုတ်ညံ့တဲ့ ကိုယ်အင်္ဂါတွေနဲ့ စပ်ပြီး ပြောလို့ရှိရင် သံဃာဒိသိသ်အာပတ် သင့်နိုင်တယ်။

(၃) နံပါတ်ကတော့ စက္ခုနှာ–မိမိမျက်စိဖြင့်၊ စက္ခုံ–မာတုဂါမ၏ မျက်စိမျက်နှာကို၊ ဥပနိဇ္ဈာယတိ ပေက္ခတိ–စူးစိုက်၍ တစိန်းစိန်းကြည့်နေ–၏တဲ့၊ နှစ်သက်သာယာတဲ့စိတ်နဲ့ မာတုဂါမမျက်နှာကို တစိန်းစိန်း စူးစိုက်ပြီး ကြည့်ရှုနေတာလဲ မေထုန်ငယ်တစ်ခုပါပဲ–တဲ့။

(၄) နံပါတ်ကတော့ တံတိုင်းတို့ နံရံတို့ လိုက်ကာတို့ဖြင့် ကွယ်ခြားနေလို့ မာတုဂါမ၏ ရုပ်အဆင်းကိုတော့ မမြင်ရဘူး၊ အသံကိုသာ ကြားရတယ်၊ အဲဒီမာတုဂါမရဲ့ ရယ်သံ ငိုသံ ပြောဆိုတဲ့အသံ သီချင်းဆိုတဲ့အသံကို နားထောင်ပြီး နှစ်သက်သာယာနေတဲ့၊ ဒါကတော့ ယခုနေအခါမှာ ရှေးကထက် ပေါများနေပါတယ်၊ ရေဒီယိုကလာတဲ့ မာတုဂါမအသံတွေဟာ နေရာတကာမှာ ကြားနိုင်တယ်၊ အဲဒါတွေကို နှစ်သက်သာယာနေရင်လဲ မေထုန်ငယ်ဖြစ်တာပဲ။

(၅) နံပါတ်ကတော့ ရှေးကလာတဲ့ မာတုဂါမနှင့် ပျော်ရွှင်ပျော်ပါး ကစားခဲ့ဖူးတာတွေ ပြောဆိုခဲ့ဖူးတာတွေကို ပြန်လည်စဉ်းစားပြီး သာယာနေတာတဲ့၊ ဒါကတော့ ငယ်ရွယ်စဉ်က လူ့လောကမှာနေခဲ့ပြီးတော့ ကြီးမှရဟန်းပြုလာတဲ့ ပုဂ္ဂိုလ်များနှင့်သာ ဆိုင်ပါတယ်။

(၆) နံပါတ်ကတော့ လူ့လောကမှာ ကာမဂုဏ်အာရုံတွေနဲ့ ပြည့်စုံပြီး သုံးဆောင်ခံစားနေတဲ့ သူဌေးသူကြွယ်တွေ သူဌေးသူကြွယ်သားတွေကို မြင်ရတဲ့အခါ ငါလဲ သူတို့လို ဖြစ်ချင်ပါဘိတော့တယ်လို့ လိုလားတောင့်တ အားကျနေတာတဲ့၊ ဒါလဲ ဗြဟ္မစရိယ၏ ညစ်နွမ်းကြောင်းဖြစ်ပါတယ်၊ ဒါကတော့ အတော်သိမ်မွေ့လာပြီး ဒီ ၆-နံပါတ်အထိ မေထုန်ငယ်တွေက တော့ ယခု မျက်မှောက်လောကနဲ့ စပ်ဆိုင်တဲ့ မေထုန်ငယ်တွေပါပဲ။

(၇) နံပါတ်နောက်ဆုံး မေထုန်ငယ်ကတော့ မိမိကျင့်တဲ့ သီလကုသိုလ် ဗြဟ္မစရိယကုသိုလ်ကြောင့် နောင်ဘဝမှာ နတ်ဖြစ်ရပါစေ၊ နတ်စည်းစိမ်ချမ်းသာတွေကို ခံစားရပါစေလို့ တောင့်တတာတဲ့၊ အဲဒါကလဲ နောက်ဘဝမှာ နတ်သမီးတွေနဲ့ ခံစားဖို့ရာ တောင့်တတာဖြစ်တဲ့အတွက် ရဟန်းဘဝက လူထွက်ပြီး ခံစားဖို့ရာ တောင့်တတာမျိုးပဲ ဖြစ်နေပါတယ်၊ ဒါကြောင့် နတ်စည်းစိမ် ချမ်းသာတောင့်တတာကိုလဲ မေထုန်ငယ်အဖြစ်ဖြင့် မြတ်စွာဘုရားက ဟောတော်မူပါတယ်၊ အမှန်ကတော့ ရဟန်းပြုလာတယ်ဆိုတာ "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ"လို့ ဆိုခဲ့တဲ့အတိုင်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ရာသာ ဖြစ်ပါတယ်၊ နတ်စည်းစိမ်တွေ ခံစားဖို့ မဟုတ်ပါဘူး၊ ဒါကြောင့် ဣဒံ မေ ပုညံ နိဗ္ဗာနသ ပစ္စယော ဟောတု-လို့ ဒီလိုသာ ရည်ရွယ်ဆုတောင်းတာကိုး၊ ဒါကြောင့် မစင်ကြယ်တဲ့ ဗြဟ္မစရိယလို့ ဆိုလိုရတာပေါ့၊ အဲဒီ မေထုန်ငယ် ၇-ပါးကို လွယ်လွယ်နဲ့ မှတ်ရအောင် ဘုန်းကြီးက ဆောင်ပုဒ်တစ်ခု စီထားတယ်။

မေထုန်ငယ်ဆောင်ပုဒ်

ပွတ်သပ်နှိပ်နယ် ၁။ ပြိုးရယ်ကျီးစား ၂။ မနှင့်ကျားတို့ ကြည့်ငြားမျက်နှာ ၃။ ချောင်းမြောင်းနာနှင့် ၄။ ရှေးခါပျော်ပါး တွေးစဉ်းစားတည့် ၅။ သူများပျော်တာ မြင်ကာအားကျ ၆။ တောင့်တနတ်ပြည် ၇။ ခုနှစ်လီခေါ်သည် မေထုန်အငယ်တည်းတဲ့။

မာတုဂါမ ပွတ်သတ်နှိပ်နယ်ပေးတာကို ရဟန်းဖြစ်သူ ဥပုသ်စောင့်သူ ယောကျ်ားပုဂ္ဂိုလ်က နှစ်သက်သာယာနေလျှင် ယောကျ်ားက ပွတ်သပ်နှိပ်နယ်ပေးတာကို ဥပုသ်သီလရှိသူ မိန်းမက နှစ်သက်သာယာနေလျှင် အဲဒါဟာ ဗြဟ္မစရိယ ညစ်နွမ်းခြင်း၏အကြောင်း ၁-နံပါတ် မေထုန်ငယ်ပဲ၊ အဲဒါကို ပွတ်သပ်နှိပ်နယ်လို့ အတိုချုပ်ဆိုထားတယ်၊ ရေချိုးပေးတာ ချေးတွန်းပေးတာ နံ့သာတို့ ဆေးတို့ လူလိမ်းပေးတာ ဒီလိုဟာတွေကို နှစ်သက်သာယာနေရင်လဲ မေထုန်ငယ်ပဲလို့ အပြည့်အစုံ ယူရမယ်၊ ဆောင်ပုဒ်မှာတော့ တိုတိုနဲ့ သိနိုင်လောက်ရုံပါပဲ ပြဆိုထားပါတယ်။

နောက်ပြီးတော့ "ပြိုးရယ်ကျီးစား" ဆိုတာက မာတုဂါမနှင့် ရဟန်းဖြစ်စေ ဥပုသ်သည် ယောကျ်ားဖြစ်စေ ယောကျ်ားနှင့် ဥပုသ်သည်မိန်းမဖြစ်စေ၊ အချင်းချင်း ပြိုးရယ်နေလျှင် ရယ်စရာ အပြောင်အပျက်တွေ ပြောပြီး ကျီစယ်ကစားနေလျှင် အဲဒါ ၂-နံပါတ် မေထုန်ငယ်ပဲလို့ ဆိုလိုပါတယ်။

၃-နံပါတ် မေထုန်ငယ်မှာ မြတ်စွာဘုရားကတော့ ရဟန်းကိုသာ ပဓာနပြုပြီး "မာတုဂါမ၏ မျက်စိကို ကြည့်တယ်" လို့သာ ဟောထားပါတယ်၊ ဒါပေမယ့် အပွဓာနဖြစ်တဲ့ ရဟန်းမိန်းမတို့ သီလရှင်တို့ ဥပုသ်သည် အမျိုးသမီးတို့ ဒီလိုမိန်းမတွေက ယောကျ်ားကို ကြည့်တာလဲယူရမှာပဲ၊ ဒါကြောင့် ဆောင်ပုဒ်မှာ မနှင့်ကျားတို့ကြည့်ငြား မျက်နှာလို့ ဆိုထားပါတယ်၊ မိန်းမနှင့်ယောကျ်ားအချင်းချင်း တစ်ဦးမျက်နှာ တစ်ဦးကကြည့်ပြီး နှစ်သက်သာယာနေရင် မေထုန်ငယ်ပဲလို့ ဆိုလိုပါတယ်၊ အဲဒီ ၃-နံပါမှာလိုပဲ အခြားမေထုန်ငယ်များမှာလဲ မိန်းမနှင့် ယောကျ်ားအချင်းချင်း အပြန်အလှန် အပြည့်အစုံချည်း ယူရမယ်။

(၄) နံပါတ်မှာ "ချောင်းမြောင်းနာ" ဆိုတာ မိန်းမနှင့်ယောကျ်ား အချင်းချင်း မတွေ့မမြင်ရပါဘဲ ကွယ်ရာကနေပြီး တော့ ရယ်သံ ငိုသံ ပြောဆိုသံ သီချင်းသံကို တိတ်တဆိတ် နားထောင်ပြီး နှစ်သက် သာယာနေတာကို ဆိုလိုပါတယ်။

(၅-၆-၇) နံပါတ်တွေကတော့ သိသာထင်ရှားနေပါပြီ။

ဒီမေထုန်ငယ် ၇-ပါးထဲမှာ နံပါတ် (၁-၂) မေထုန်ငယ်တွေကတော့ သီလပျက်ဖို့ရာနှင့် နီးစပ်နေပါတယ်၊ ကျန်တဲ့ ငါးပါးကတော့ သူတို့သက်သက်နဲ့ဆိုရင် သီလကို မပျက်စေနိုင်ပါဘူး၊ ဒါပေမယ့် သီလညစ်နွမ်းခြင်း၏ အကြောင်းကတော့ ဖြစ်ပါတယ်၊ ဒါကြောင့် ရဟန်းတော်များမှာ စွမ်းနိုင်လို့ရှိရင် အဲဒီမေထုန်ငယ် ၇-ပါးလုံး ကင်းအောင် ကျင့်သင့်ပါတယ်၊ ဒါပေမယ့် အဲဒီ ၇-ပါးထဲက နတ်စည်းစိမ် မတောင့်တရဘူးဆိုတာ ကတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များအတွက် ကင်းရှင်းမှာမဟုတ်ပါဘူး၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာတောင် အပါယ်မှ လွတ်ရုံလောက်ရည်ရွယ်တဲ့ သူတွေအတွက်တော့ ကင်း

ရှင်းဖို့ခက်ပါတယ်၊ ဒါပေမယ့် ဝိပဿနာရှုနေဆဲ ယောဂီတွေမှာတော့ အဲဒီမေထုန်ငယ်နှင့် စပ်ဆိုင်တဲ့ ကြံစည်တောင့်တမှုတွေကိုလဲ ရှုမှတ်ပြီးပယ်သွားရမှာပဲ၊ ဆေးကောင်းရှိနေတဲ့သူမှာ ဖြစ်ပေါ်လာတဲ့ အနာရောဂါကို ကုသဖို့လွယ်တာလိုပဲ ရှုမှတ်နည်းရှိနေတဲ့ ယောဂီတွေမှာတော့ အဲဒါတွေကို ပယ်ဖို့လွယ်ပါတယ်၊ အဲဒီဖြစ်ပေါ်လာတဲ့ ကြံစည်မှု နှစ်သက်သာယာမှု တောင့်တမှုတွေကိုရှုမှတ်ပြီး ပယ်လိုက်ရုံပါပဲ၊ တစ်နည်းအားဖြင့်ဆိုရင် (နပုနေဝံ ကရိသာမိ) ဒီလိုစိတ်ကူးမျိုးကို တစ်ဖန်မပြုတော့ဘူး၊ မဖြစ်စေတော့ဘူးလို့ ဆောက်တည်ရတဲ့ ဣန္ဒြိယသံဝရသီလ စောင့်ပုံနည်းဖြင့်လဲ ပယ်နိုင်ပါတယ်။

သာသနာပက ဗြဟ္မစရိယကို ကျင့်နေတဲ့သူတွေမှာတော့ အဲဒီမေထုန်ငယ်တွေကို ပယ်ရမယ်ဆိုတာလဲ မသိကြဘူး၊ ပယ်ဖို့ရာ ရှုမှတ်နည်း ဆင်ခြင်နည်းလဲ မရှိဘူး၊ ဒါကြောင့် ဗြာဟ္မဏဝါဒအရ ၄၈–နှစ်ပတ်လုံး ဗြဟ္မစရိယကို ကျင့်နေတဲ့သူတွေမှာ ဒီမေထုန်ငယ်တွေမှ မစင်ကြယ်ကြဘူး၊ နောက်ပြီးတော့ အဲဒီဗြာဟ္မဏတွေဟာ ၄၈–နှစ်ကျင့်ပြီးတော့ အိမ်ထောင်ပြုသွားကြတဲ့အတွက်လဲ သူတို့ရဲ့ဗြဟ္မစရိယဟာ မစင်ကြယ်ဘူးဆိုတာတွေကို ဇာဏုဿောဏိပုဏ္ဏားကြီး နားလည်သဘောပေါက်အောင်လို့ မြတ်စွာဘုရားက ဒီမေထုန်ငယ် ၇–ပါးကို ထုတ်ဖော်ပြီး ဟောကြားတော်မူပါတယ်။

အဲဒီလိုဟောပြီးတဲ့နောက် မြတ်စွာဘုရားက မိမိဟာ အဲဒီမေထုန်ငယ် ၇–ပါးကို လုံးဝကင်းအောင် မပယ်နိုင်သေးသမျှ ကာလပတ်လုံး သမ္မာသမ္ဗုद्ध မှန်စွာ ကိုယ်တိုင်သိတဲ့ဘုရားအဖြစ်ကို ဝန်မခံခဲ့သေးကြောင်း အဲဒါတွေ လုံးဝကင်းအောင်ပယ်ပြီးမှ သမ္မာသမ္ဗုद्धဘုရားအဖြစ်သို့ ဝန်ခံခဲ့ကြောင်းများကိုလဲ ထုတ်ဖော်ပြီး ဟောတော်မူပါတယ်၊ အဲဒီတော့မှ ဇာဏုဿောဏိပုဏ္ဏားကြီးဟာ သဘောပေါက်ပြီးတော့ မြတ်စွာဘုရားထံမှာ သရဏဂုံ ဆောက်တည်ပြီး တပည့်အဖြစ် ခံယူသွားပါတယ်။

မြတ်စွာဘုရားသာသနာတော်မှာတော့ မြတ်စွာဘုရားမှာသာ အဲဒီမေထုန်ငယ်တွေကင်းတာ မဟုတ်သေးပါဘူး၊ရဟန္တာအရှင်မြတ်တွေလဲ ကင်းပါတယ်၊ အနာဂါမ်မှာတောင် ရူပဘဝ အရူပဘဝကို သာယာမှုမှ တစ်ပါးဆိုရင် ကင်းနေပါတယ်၊ သောတာပန် သကဒါဂါမ်တွေမှာလဲ ရှင်ရဟန်းဆိုရင် အများအားဖြင့် ကင်းဖို့ရှိပါတယ်၊ လူဝတ်ကြောင်တွေမှာလဲ ဥပုသ် သီလ ဆောက်တည်နေတဲ့အခါ တရားအားထုတ်နေတဲ့အခါများမှာ အဲဒါမျိုးတွေကင်းအောင် အားထုတ်ဖို့လိုပါတယ်၊ ဖြစ်ပေါ်လာရင်လဲ ရှုမှတ်ပြီးတော့ဖြစ်စေ တစ်ဖန် မဖြစ်စေတော့ဘူးလို့ ဆောက်တည်ပြီးတော့ ဖြစ်စေ ပယ်ပယ် သွားဖို့လိုပါတယ်၊ အဲဒီလို ပယ်သွားနိုင်လို့ရှိရင် မိမိတို့ကျင့်နေတဲ့ ဗြဟ္မစရိယအတွက် အင်မတန် ဝမ်းမြောက်စရာပါပဲ၊ အစွန်းအကွက် အညစ်အနွမ်းမရှိဘဲ ပွတ် သစ်စ ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူ စင်ကြယ်နေတဲ့ ဗြဟ္မစရိယ ဖြစ်ပါတယ်၊ အဲဒီလို ဗြဟ္မစရိယကို ရည်ရွယ်ပြီး ကျင့်ကြရအောင်လို့ ဒီနေရာမှာ ဒီမေထုန်ငယ် ၇–ပါးအကြောင်းကို ထည့်သွင်းပြောခြင်းဖြစ်ပါတယ်၊ အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယामိ–လို့ ဆောက်တည်ပြီး ကျင့်ရတဲ့ ဗြဟ္မစရိယ သီလသက်သက် အလိုကတော့ နှစ်ဦးနှစ်ယောက်တို့ ပြုလုပ်အပ်တဲ့ မေထုန်အမှုကြီးကို မပြုရင် စင်ကြယ်နေတာပါပဲ၊ အပြစ်ကင်းနေတာပါပဲ။

အဲဒီ အဗြဟ္မစရိယ သိက္ခာပုဒ်ကို မဆောက်တည်နိုင်ကြတဲ့ လူဝတ်ကြောင်တွေ အတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ကတော့–

ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်မှုကို ကြဉ်ရှောင်မှုနှင့် ရှောင်လွှဲမည်၊ ကြဉ်ရှောင်မှုနှင့် အဆင့်အတန်းတက်မည်၊ ကာမေသုမိစ္ဆာစာရ ကိလေသာမီးကို ကြဉ်ရှောင်မှု ဝိရတိဖြင့် ငြိမ်းသတ်မည်–လို့

ဒီလို အဓိဋ္ဌာန်ပြုပြီးတော့ မပိုင်မဆိုင်တဲ့ ကာမဂုဏ်မှာ မကျူးလွန်မိအောင် ကြဉ်ရှောင် ကျင့်သုံးကြရမယ်။

အပြစ်နှင့်အကျိုး

အဲဒီ ကာမေသုမိစ္ဆာစာရကို မရှောင်ဘဲ ကျူးလွန်ရင် ခံစားရတတ်တဲ့ မကောင်းကျိုးတွေကို အဂုံတ္တရပါဠိတော်မှာ မြတ်စွာဘုရားဟောထားတဲ့ စကားတော်ရှိပါတယ်၊ အဲဒါကို အလွယ်တကူမှတ်ရအောင် ဘုန်းကြီးက ဆောင်ပုဒ်စီထားပါတယ်၊ "ကာမေသုမှာ၊ ပါယ်လားကာ၊ လူ့ရွာ ရန်သူများ"တဲ့ ဆိုလိုတာကတော့ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်တဲ့သူဟာ အပါယ်လေးပါးကျတတ်တယ်၊ အပါယ်မှလွတ်ပြီးတော့ လူ့ဘဝရောက်လာတဲ့အခါမှာလဲ မုန်းတဲ့သူတွေ များတတ်တယ်လို့ ဆိုလိုပါတယ်၊ အဲ အဲဒီဆောင်ပုဒ် ဆိုကြရမယ်။

"ကာမေသုမှာ၊ ပါယ်လားကာ၊ လူ့ရွာ ရန်သူများ။" (ဆို)

ကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်ရင် ဘယ်အကျိုးကို ရသလဲဆိုတော့ အဲဒီ ဆောင်ပုဒ်ကို ပြောင်းပြန်ပြန်ပြီး ယူရုံပါပဲ၊ အပါယ်မှ ပြောင်းပြန်ဖြစ်တဲ့ နတ်ပြည်လောကကို ရောက်တတ်တယ်၊ အဲဒီကုသိုလ်ကံက အရှိန်ကုန်လို့ လူ့ဘဝရောက်လာလဲ အခါလဲ ရန်သူကင်းတယ်၊ မုန်းတဲ့လူမရှိဘူး၊ ချစ်တဲ့သူတွေ မိတ်ဆွေကောင်းတွေများတယ်–လို့ ဒီလိုပြန်လှန်ပြီး ယူရုံပါပဲ၊ အဲဒါက အဂုံတ္တရပါဠိတော်နှင့်အညီ ကာမေသု မိစ္ဆာစာရနှင့် စပ်ပြီး ရတတ်တဲ့ အပြစ်နှင့် အကျိုးတွေပဲ။

ခုဒ္ဒကပါဋ္ဌအဋ္ဌကထာနှင့် ဣတိဝုတ်အဋ္ဌကထာများမှာတော့ အဗြဟ္မစရိယမှ ကြဉ်ရှောင်ခြင်း၏ အကျိုးတွေကို ၂၀–အထိ ပြဆိုထားပါတယ်၊ အဲဒီ အကျိုး ၂၀–ထဲက အထူးမှတ်ဖွယ်ကောင်းတဲ့ အကျိုး ၈–ပါးကို ပဓာနပြုပြီး ဆောင်ပုဒ် ၃–ခုစီ ထားတယ်၊ အဲဒီ ၃–ပုဒ်ထဲက ပထမဆောင်ပုဒ်မှာ "ရန်ဘေးကင်းပ၊ ချစ်ခင်ကြ၊ ပေါလှသုံးဖွယ်များ"တဲ့၊ ဆိုလိုတာကတော့ ရန်ကင်းတယ်၊ ဘေးကင်းတယ်၊ အများက ချစ်ခင်ကြတယ်၊ သုံးဆောင်ဖွယ်တွေ ပေါများတယ်လို့ ဆိုလိုပါတယ်၊ အဲဒါဟာ အရေးကြီးတဲ့အကျိုး ၄–ပါးပါပဲ၊ အဲဒီ ၄–ပါးထဲမှာ ရန်ကင်းတယ်ဆိုတာက ဝိဂတ္တပစ္စတ္ထိကတာ–ဆိုတဲ့ အဋ္ဌကထာရဲ့ အဋ္ဌကထာရဲ့ ဘာသာပြန်ပါပဲ၊ ဘေးကင်းတယ်ဆိုတာကတော့ ၁။ အပါယဘယဝိနိမုတ္တာတာ–အပါယ်ဘေးမှလွတ်ခြင်း၊ ၂။ အကုတောဘယတာ–ဘယ်အရပ်ကမှ ကြောက်ဖွယ်ဘေးမရှိခြင်းဆိုတဲ့ ဒီအကျိုး ၂–ပါးကို ပေါင်းပြီးပြထားတဲ့ စကားပဲ၊ နောက်ပြီးတော့ ၁။ ပစ္စက္ခကာရိတာ–ပုန်းကွယ်ပြီး မပြုဘဲ မျက်မှောက်၌ ပြုလေ့ရှိခြင်းဆိုတာလဲ ကြောက်ဖွယ်မရှိလို့ပါပဲ၊ ၂။ အပတိကွန္ဓတာ–ပခုံးမကျဘဲ ပြောရဲဆိုရဲရှိခြင်းဆိုတာလဲ ကြောက်ဖွယ်မရှိလို့ပါပဲ၊ ၃။ အနဓေမုခတာ–မျက်နှာခေါင်းမငုံရဘဲ ပြောဆိုနိုင်ခြင်းဆိုတာလဲ ကြောက်ဖွယ်မရှိလို့ပါဘဲ၊ ဒါကြောင့် ဒီအကျိုးသုံးပါးလဲ ဘေးကင်းတယ်ဆိုတဲ့ အကျိုးထဲမှာပါဝင်တယ်၊ ဒါကြောင့် ဘေးကင်းတယ်ဆိုတာထဲမှာ အကျိုး ၅–ပါး ပါဝင်တယ်လို့ မှတ်ရမယ်၊ "ချစ်ခင်ကြ" ဆိုတာကတော့ သဗ္ဗဇနပ္ပိယတာ ဆိုတဲ့စကားရဲ့ ဘာသာပြန်ပါပဲ၊ အဲဒီအကျိုးထဲမှာ အညမညပိယတာ–မိန်းမနှင့်ယောကျ်ား အချင်းချင်း ချစ်ခင်ခြင်းဆိုတာလဲ ပါဝင်တယ်၊ သုံးဆောင်ဖွယ် ပေါများသည် ဆိုတာကတော့ အန္နပါနဝတ္ထုအယနာဒီနံ လာဘိတာ–ထမင်း အဖျော်အဝတ် အိပ်ရာ အစရှိသော အသုံးအဆောင်တို့ကို များစွာရခြင်းဆိုတဲ့ စကားရဲ့ အတိုချုပ်ပါပဲ၊ ဒါကြောင့် ဒီဆောင်ပုဒ်ထဲမှာ အားလုံးပေါင်း အကျိုး ၉–ပါး ပါဝင်တယ်၊ ကဲ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

"ရန်ဘေးကင်းပ၊ ချစ်ခင်ကြ၊ ပေါလှ သုံးဖွယ်များ။" (ဆို)

နောက်တစ်ပုဒ်ကတော့ "ရုပ်အင်စုံစွာ မကွဲကွာ ချမ်းသာမရ၌ရှား"တဲ့၊ အဲဒီမှာ ရုပ်အင်စုံစွာဆိုတာက ရုပ်လက္ခဏာ ကိုယ်အင်္ဂါအလုံးစုံ ပြည့်စုံတယ်လို့ ဆိုလိုပါတယ်၊ အဲဒီစကားထဲမှာ ၁။ ပရိပုဏ္ဏိန္ဒြိယတာ–မျက်စိ နား စသော ဣန္ဒြေများ ပြည့်စုံခြင်းလဲ ပါဝင်တယ်၊ ၂။ ပရိပုဏ္ဏလက္ခဏတာ–အမျိုးသား အမျိုးသမီးကောင်းတို့မှာ ပြည့်စုံသင့်တဲ့ လက္ခဏာနှင့် ပြည့်စုံခြင်းဆိုတာလဲ ပါဝင်တယ်၊ ၃။ နပုန်းပဏ္ဍာက် မဖြစ်ခြင်းဆိုတာလဲ ပါဝင်တယ်၊ ၃။ ယောကျ်ားဘဝမှ မိန်းမအဖြစ်သို့ မရောက်ရခြင်းဆိုတာလဲ ပါဝင်တယ်၊ ဒါကြောင့် အဲဒီစကားထဲမှာ အဋ္ဌကထာကပြထားတဲ့ အကျိုး ၄–ပါးပါဝင်တယ်လို့ မှတ်ရမယ်၊ မကွဲမကွာ ဆိုတာကတော့ ပိယဝိပ္ပယောဂါဘာဝတာ–ချစ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်ဝတ္ထုတို့နှင့် ကွဲကွာမှုမရှိခြင်းဆိုတဲ့ စကားရဲ့ အတိုချုပ်ပါပဲ၊ ချမ်းသာဆိုတာကတော့ ချမ်းသာစွာ အိပ်ရခြင်း ချမ်းသာစွာ နိုးရခြင်း ချမ်းသာစွာနေရခြင်းဆိုတဲ့ အကျိုး ၃–ပါးကို အတိုချုံး ပြတဲ့စကားပါပဲ၊ အဲဒီအကျိုးထဲမှာ စားဝတ်နေရေး စသည်အတွက် ကြောင့်ကြမပြုရခြင်းဆိုတဲ့ အကျိုးကိုလဲ ထည့်သွင်းယူနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုရင် ကြောင့်ကြမစိုက်ရတော့ မပင်ပန်းဘူး၊ ချမ်းသာတယ်ဆိုတာ ပါဝင်နေလို့ပါပဲ၊ နောက်ပြီးတော့ အကြွေးခနေတာ–ဒေါသမကြီးဘူး ဆိုတာကိုလဲ ထည့်သွင်းယူနိုင်ပါသေးတယ်၊ ဘာကြောင့်လဲဆိုရင် အမျက်ထွက်လွယ်ပြီး ဒေါသကြီးနေရင်ဆင်းရဲတယ်၊ မချမ်းသာဘူး၊ အမျက်မထွက်ရင် ချမ်းသာတယ်ဆိုတာ ပါဝင်နေလို့ပါပဲ၊ ဒါကြောင့် ချမ်းသာဆိုတဲ့စကားထဲမှာ အကျိုး ၅–ပါး ပါဝင်တယ်၊ မရ၌ရှားဆိုတာကတော့ နိရာသင်္ကာတာ–ပုဒ်ရဲ့ ဘာသာပြန်ပါပဲ၊ ဒါကြောင့် ဒီဒုတိယ ဆောင်ပုဒ်ထဲမှာ အကျိုး ၁၁–ပါး ပါဝင်တယ်၊ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

"ရုပ်အင်စုံစွာ မကွဲကွာ ချမ်းသာ မရ၌ရှား။" (ဆို)

အဲဒါတွေဟာ အကျဉ်းအားဖြင့် ၈–ပါး အကျယ်အားဖြင့် ၂၀–ရှိတယ်၊ အဲဒီအကျိုးတွေဟာ ကာမေသုမိစ္ဆာစာရမှ ရှောင်တဲ့ကုသိုလ်၏ အကျိုးတွေဖြစ်တယ်၊ ကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်ရုံနဲ့တောင် ဒီအကျိုးတွေကိုရနိုင်ရင် အဗြဟ္မစရိယမှ ကြဉ်ရှောင်တဲ့သူမှာတော့ အဲဒါတွေထက် ပိုပြီးရဖို့ပဲရှိပါတယ်၊ ဒါကြောင့် "မိစ္ဆာရှောင်နှင့် မြတ်သောကျင့် ရသင့်အကျိုးများ" လို့ နိဂုံးချုပ် ဆောင်ပုဒ်ကိုလဲ စီထားတယ်၊ ကဲ အဲဒါကို ဆိုကြရမယ်။

"မိစ္ဆာ ရှောင်နှင့်၊ မြတ်သောကျင့်၊ ရသင့်အကျိုးများ။" (ဆို)

ယခုဆိုခဲ့တဲ့ အကျဉ်းချုပ်အကျိုး ၈–ပါး အကျယ်အကျိုး ၂၀–ဆိုတာတွေဟာ ငါးပါးသီလ ဆောက်တည်တဲ့အခါ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိလို့ ဆောက်တည်ပြီး ကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်တဲ့ သီလကုသိုလ်ဖြင့် ရနိုင်တဲ့အကျိုးများလဲ ဖြစ်တယ်၊ ရှစ်ပါးသီလ ဆောက်တည်တဲ့အခါ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိလို့ ဆောက်တည်ပြီး အဗြဟ္မစရိယာမှ ကြဉ်ရှောင်တဲ့ ဗြဟ္မစရိယသီလကုသိုလ်ဖြင့် ရနိုင်တဲ့အကျိုးများလည်း ဖြစ်တယ်၊ ရှင်ရဟန်းများ အမြဲတမ်းကျင့်နေ၍ ဗြဟ္မစရိယသီလကုသိုလ်၏ အကျိုးလဲ ဖြစ်တယ်ဆိုတာကတော့ အထူးပြောနေဖို့ မလိုတော့ပါဘူး၊ အဲဒီ ဗြဟ္မစရိယအကျင့်ဖြင့် ဒီလိုအကျိုးတွေရပုံကို သာဓကဝတ္ထု တစ်ခု ထုတ်ပြီးပြရဦးမယ်။

အမျိုးသားများဘက်က ဝတ္ထု

ကဿပမြတ်စွာဘုရား လက်ထက်တော်က သာသနာတော်နောက်ပိုင်းမှာ အချို့သော ရှင်ရဟန်းများ အကျင့်သိက္ခာ ချွတ်ယွင်းဖောက်ပြန်ကြတာကို တွေ့မြင်ကြရလို့ အကျင့်သိက္ခာကို လိုလားတဲ့ ရဟန်းတော် ၇-ပါးဟာ သဘောတူတိုင်ပင်ပြီး တောထွက်ကြရတယ်၊ တောင်ကလပ်တစ်ခုပေါ်သို့ လှေကားထောင်ပြီး တက်ကြတယ်၊ တောင်ပေါ်ရောက်တော့ အားလုံး သဘောတူ အဲဒီလှေကားကို လှဲလိုက်ကြတယ်၊ အသက်ကိုမင့်ဘဲ အားထုတ်နေကြရာမှာ ရှေးဦးစွာ သံဃာ့မထေရ်ကြီးက ရဟန္တာဖြစ်တယ်၊ အဘိညာဉ်တန်ခိုးနှင့်လဲ ပြည့်စုံတယ်၊ ဒါကြောင့် အဲဒီမထေရ်ကြီးက အဘိညာဉ်တန်ခိုးဖြင့် ဆွမ်းခံကြွပြီး ကျန်တဲ့ ၆-ပါးကို သူယူလာခဲ့တဲ့ ဆွမ်းဘုဉ်းပေးကြဖို့ ဖိတ်ကြားပြောဆိုတယ်၊ ဒါပေမယ့် အဲဒီရဟန်းများက သူတစ်ပါး ယူလာတဲ့ဆွမ်းကို စားနေရင် သေဘေးကို မကြောက်ဘဲ ပေါ့လျော့နေလိမ့်ဆိုတဲ့ ထင်မြင်ချက်နဲ့ အဲဒီဆွမ်းကို လက်မခံဘဲ အားထုတ်နေကြတယ်။

နောက်တစ်ရက်ကျတော့ ကျန်တဲ့ ၆-ပါးထဲက အကြီးဆုံးမထေရ်က အနာဂါမ်ဖြစ်တယ်၊ အဘိညာဉ်တန်ခိုးနှင့်လဲ ပြည့်စုံတယ်၊ အဲဒီအနာဂါမ်မထေရ်ကလဲ နည်းတူပဲ၊ ဆွမ်းခံကြွပြီး ကျန်တဲ့ရဟန်း ၅-ပါးကို ဆွမ်းလှူပြန်တယ်၊ အဲဒီဆွမ်းကို အဲဒီရဟန်း ၅-ပါးက လက်မခံကြဘဲ တရားကိုသာ အားထုတ်နေကြတယ်၊ ဒါပေမယ့် အဲဒီရဟန်း ၅-ပါးမှာ ပါရမီဣန္ဒြေက မရင့်ကျက်သေးလို့ မဂ်ဖိုလ်တရားထူးကိုတော့ မရရှာကြဘူး၊ နောက်ဆုံးတစ်နေ့မှာ အစာငတ် ရေငတ်တာနဲ့ ကွယ်လွန်တော်မူ ကြရှာတယ်။

ဒီနေရာမှာ ဒီကိုယ်တော်တွေဟာ အလွန်အကျွံကျင့်လို့ မသေသင့်ဘဲ သေသွားကြတယ်၊ ဆုံးရှုံးသွားရှာကြတယ်လို့ ထင်စရာရှိတယ်၊ ဒါပေမယ့် ယောနိသောမနသိကာရနဲ့ ဆင်ခြင်ကြည့်ရင် မဆုံးရှုံးပါဘူး အများကြီး မြတ်ပါတယ်၊ ဘယ်လိုလဲ ဆိုရင် အဲဒီကိုယ်တော်တွေဟာ ဗြဟ္မစရိယဆိုတဲ့ မြတ်သောအကျင့်ကို ကောင်းစွာမကျင့်ဘဲ ချမ်းသာစွာနဲ့ စားသောက်ပြီး အနှစ်တစ်သောင်းတမ်း ကာလပတ်လုံး အသက်ရှည်နေကြပေမယ့် သေသည်၏ အခြားမဲ့မှာ ကောင်းကျိုးချမ်းသာတွေကို များစွာရကြမှာ မဟုတ်ပါဘူး၊ ယခုတော့ သူတို့ဟာ ဗြဟ္မစရိယဆိုတဲ့ မြတ်သောအကျင့်ကို အပြည့်အစုံ ကောင်းစွာကျင့်ပြီး သေသွားကြတဲ့အတွက် သေသည်၏ အခြားမဲ့မှာ နတ်ပြည်လောကကို ရောက်ကြတယ်၊ အဲဒါဟာ တစ်ဘဝနှင့်နှစ်ဘဝ အနည်း ငယ်မျှမဟုတ်ဘူး၊ ကဿပမြတ်စွာဘုရား လက်ထက်တော်မှစပြီး ယခု ဘုရားလက်ထက်ရောက်အောင် နတ်ပြည်မှာချည်း ထပ်ကာထပ်ကာဖြစ်ပြီး နတ်စည်းစိမ်ချမ်းသာတွေကို ခံစားလာခဲ့ကြရတယ်၊ ယခု ဘုရားလက်ထက်တော်ကျတော့လဲ အဲဒီ ငါးပါးလုံး ကျွတ်တမ်းဝင်ကြရတယ်၊ တစ်ပါးက အရှင်ဒဗ္ဗဆိုတဲ့ ရဟန္တာဖြစ်တယ်၊ တစ်ပါးက အရှင်ကုမာရကဿပဆိုတဲ့ ရဟန္တာဖြစ်တယ်၊ တစ်ပါးက ဗာဟိယဒါရုစီရိယဆိုတဲ့ ရဟန္တာဖြစ်တယ်၊ တစ်ပါးက သဘိယဆိုတဲ့ ပရိဗိုဇ်အဖြစ်မှ မြတ်စွာ ဘုရားထံ ပြဿနာများကို မေးလျှောက်ပြီးတော့ ရဟန္တာဖြစ်တယ်၊ တစ်ပါးက ပုက္ကုသာတိဆိုတဲ့ မင်းအဖြစ်မှ ဓာတုဝိဘင်္ဂ သုတ်တရားကိုနာပြီး အနာဂါမ်ဖြစ်တယ်၊ မကြာခင်ဘဲ စုတေပြီး သုဒ္ဓါဝါသဗြဟ္မာဘုံရောက်ပြီး ရဟန္တာဖြစ်သွားတယ်၊ အဲဒီ ငါးပါးလုံးနတ်ပြည်မှာ အကြိမ်ကြိမ်ဖြစ်ပြီး နတ်စည်းစိမ်ချမ်းသာတွေ ခံစားကြရတာရယ်၊ ယခုဘုရားလက်ထက်မှာ ရဟန္တာ ဖြစ်ပြီး ကျွတ်တမ်းဝင်ကြတာရယ်၊ ဒါတွေဟာ ရဟန်းအဖြစ်နဲ့ ဗြဟ္မစရိယအကျင့်ကို ကျင့်ခဲ့ကြလို့ပါပဲ၊ ဒါကြောင့် သူတို့ဟာ ဟိုဘဝက အစာပြတ်ပြီး သေခဲ့ကြရပေမယ့် အများကြီးအမြတ်ရတယ်လို့ ဆိုနိုင်ပါတယ်၊ အဲဒါဟာ အမျိုးသားများဘက်က ဗြဟ္မစရိယအကျင့်ဖြင့် ကောင်းကျိုးများကို ရပုံ သာဓကဝတ္ထုပါပဲ၊ (ဤဝတ္ထုအကျယ်ကို ဝမ္မိကသုတ်တရားတော်မှာ ကြည့်ပါ။)

အမျိုးသမီးများဘက်က ဝတ္ထု

အမျိုးသားများဘက်က ပြောပြီးတော့ အမျိုးသမီးများဘက်ကလဲ ပြောရဦးမယ်၊ ကဿပမြတ်စွာ ဘုရားလက်ထက် တော်က သက်တော်ထင်ရှား ကဿပမြတ်စွာဘုရားကို ပြုစုလုပ်ကျွေးတဲ့ ဒါယကာအရင်းဖြစ်တဲ့ ကိကီဆိုတဲ့ ဗာရာဏသီပြည် က မင်းတစ်ပါး ရှိခဲ့တယ်၊ အဲဒီမင်းမှာ သမီးတော် ၇-ယောက်ရှိတယ်၊ တစ်ယောက်က သာမဏီတဲ့၊ အခြားတစ်ယောက်က သမဏာဂုတ္တာ-တဲ့၊ နောက်တစ်ယောက်က ဘိက္ခုနီ-တဲ့၊ နောက်တစ်ယောက်က ဘိက္ခုဒါယိကာ-တဲ့၊ နောက်တစ်ယောက်က ဓမ္မာတဲ့-နောက်တစ်ယောက်က သုဓမ္မာ-တဲ့၊ နောက်ဆုံးတစ်ယောက်က သံဃဒါယိကာ-တဲ့၊ ဒီအမည်တွေကို စဉ်းစားကြည့် လိုက်ရင် အဲဒီကိကီမင်းကြီးဟာ သာသနာတော်ကို အလွန်ကြည်ညိုကြောင်း သိရပါတယ်၊ ဘာကြောင့်လဲဆိုရင် သူ့သမီးတော် တွေကို သာသနာနဲ့စပ်တဲ့ အမည်တွေချည်းပေးထားလို့ပါပဲ၊ အဲဒီ သမီးတော် ၇-ယောက်ကလဲ သာသနာတော်ကို အလွန် ကြည်ညိုကြပါတယ်၊ကြည်ညိုကြတဲ့အတွက် သာသနာတော်မှာ ရဟန်းပြုလိုတဲ့ဆန္ဒတွေ ထက်သန်စွာဖြစ်ကြပါတယ်၊ဒါကြောင့် သူတို့ရဲ့ ခမည်းတော်မင်းကြီးထံ ရဟန်းပြုခွင့်တောင်းကြပါတယ်၊ ဒါပေမယ့် မင်းကြီးက ခွင့်မပြုလို့ သာသနာတော်ကိုတော့ မဝင်ရှာကြဘူး၊ လူ့ဘဝတွင်ပဲ အိမ်ထောင်မပြုဘဲ ဗြဟ္မစရိယခေါ်တဲ့ မြတ်သောအကျင့်ကို အနှစ်နှစ်သောင်းကာလပတ်လုံး ကျင့်သုံးလာခဲ့ကြပါတယ်တဲ့၊ ဒါကြောင့် အပဒါန်ပါဠိတော်မှာ ဒီလို ပြဆိုထားပါတယ်။

အနုဇာနိ နနော တာတော၊ အဂါရေဝ တဒါ မယံ
ဝိသဝဿသဟဿာနိ၊ ဝိစရိမ္မ အတန္ဒိတာ။
ကောမာရဗြဟ္မစရိယံ၊ ရာဇကညာ သုခေဓိတာ။
ဗုဒ္ဓေါပဌာန နိရတာ၊ မုဒိတာ သတ္တ ဓိတရော။

နော–သမီးတော်ဖြစ်ကြသော ငါတို့၏ တာတော–ခမည်းတော်ဖြစ်သော ကိုကိမင်းကြီးသည်၊ နော–ငါတို့အား၊ နအနုဇာနိ–ရဟန်းပြုရန် ခွင့်မပြုခဲ့ပေ၊ တသ္မာ–ထို့ကြောင့်၊ တဒါ–ထိုစဉ်အခါက ထိုဘဝကာလ၌၊ ရာဇကညာ ကိကီမင်းကြီး၏ သမီးကညာ ဖြစ်ကြကုန်သော၊ သုခေဓိတာ–ချမ်းသာစွာ ကြီးပွားလာကုန်သော၊ သတ္တဓီတရော–သမီးတော် ခုနစ်ယောက်ဖြစ်ကြကုန်သော၊ မယံ–ငါတို့သည်၊ ဗုဒ္ဓေါပဌာနနိရတာ–မြတ်စွာဘုရားအား ဆွမ်းစသည်ဖြင့် ပြုစုလုပ်ကျွေးခြင်း၌ အမြဲတမ်းမွေ့လျော်ကုန်သည်ဖြစ်၍၊ အဂါရေဝ–နန်းတော်တွင်း အိမ်တော်၌သာလျှင်၊ ဝါ–လူ့ဘောင်၌သာလျှင်၊ ကောမာရဗြဟ္မစရိယံ–အပျိုအစင်အဖြစ်ဖြင့် မြတ်သောအကျင့်ကို၊ အတန္ဒိတာ–ပျင်းရိခြင်း မရှိကုန်ဘဲ၊ ဝါ–အိမ်ထောင်ပြုလိုခြင်း မရှိကုန်ဘဲ၊ မုဒိတာ–ဝမ်းမြောက်ပျော်ရွှင်ကြကုန်လျက်၊ ဝိသဝဿသဟဿာနိ–အနှစ်နှစ်သောင်းတမ်း ကာလပတ်လုံး ဝိစရိမ္မ ကျင့်သုံးနေထိုင်ခဲ့ကြပါကုန်သတည်း။

အဲဒီမှာ ဘုရင်မင်းမြတ်၏ သမီးတော်တွေဆိုတော့ မွေးဖွားလာကတည်းက အထိန်းတော်တွေနဲ့ ယုယုယယ ပြုစုစောင့်ရှောက်ခံရပြီး ကြီးလာကြရတယ်၊ ဒါကြောင့် သုခေဓိတာ–ချမ်းသာစွာ ကြီးပွားလာကြတယ်လို့ ဆိုထားပါတယ်၊ နောက်ပြီးတော့ သူတို့မှာ စားဝတ်နေရေး စသည်အတွက် ဘာမျှကြောင့်ကြမစိုက်ကြရဘူး၊ အိမ်ထောင်ကလဲမရှိတော့ ဘာမျှပူပန်စရာကြောင့်ကြစိုက်စရာ မရှိကြဘူး၊ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးတဲ့ အလုပ်သာရှိကြတယ်၊ ဒါကြောင့် ဗုဒ္ဓေါပဌာနနိရတာ–ဘုရားအား ပြုစုလုပ်ကျွေးခြင်း၌ အမြဲတမ်း မွေ့လျော်နေကြတယ်လို့လဲ ဖော်ပြထားပါတယ်၊ နောက်ပြီးတော့ သူတို့ရဲ့ တရားအကျင့်ကတော့ ကောမာရဗြဟ္မစရိယအကျင့်–တဲ့၊ ကောမာရ–ကုမာရီ အပျိုစင်အဖြစ်နဲ့၊ ဗြဟ္မစရိယ–မြတ်သောအကျင့်ကို ကျင့်သုံးခဲ့ကြပါတယ်၊ အဲဒါက တစ်နေ့တစ်ရက်မျှလဲ မဟုတ်ဘူး၊ တစ်လမျှ တစ်နှစ်မျှလဲမဟုတ်ဘူး၊ သူတို့ရဲ့ အသက်တမ်းရှိသမျှ အနှစ်နှစ်သောင်းကာလပတ်လုံး ကျင့်သုံးနေခဲ့ကြပါတယ်–တဲ့၊ ဒီလိုအကြာကြီးဆိုတော့ မပျင်းကြမငြီးငွေ့ကြဘူးလားလို့ မေးစရာရှိတယ်၊ ဒါကြောင့် အတန္ဒိတာ–ပျင်းရိခြင်း ငြီးငွေ့ခြင်းလဲ မရှိကြဘူးလို့ ဖော်ပြထားပါတယ်၊ အဲဒီ မြတ်သောအကျင့်ကထွက်ပြီး အိမ်ထောင်ပြုလိုတဲ့ စိတ်လဲ မရှိကြပါဘူးလို့ ဆိုလိုပါတယ်၊ နောက်ပြီးတော့ မုဒိတာ ဝမ်းမြောက်ဝမ်းသာနဲ့ပဲ ကျင့်သုံးခဲ့ကြပါတယ်လို့လဲ ဖော်ပြထားသေးတယ်။

အဲဒီလို အနှစ် နှစ်သောင်းကာလပတ်လုံး အပျိုစင်အဖြစ်နဲ့ ဗြဟ္မစရိယကို ကျင့်သုံးလာခဲ့ကြတဲ့အတွက် အဲဒီဘဝကကွယ်လွန်ကြတဲ့အခါမှာ နတ်ပြည်လောက ရောက်ပြီးတော့ နတ်စည်းစိမ်ချမ်းသာတွေကို အကြိမ်ကြိမ် ခံစားလာခဲ့ကြရတယ်၊ တစ်ရံတစ်ခါလဲ လူ့လောကရောက်ပြီး လူချမ်းသာတွေနဲ့ ပြည့်စုံလာခဲ့ကြတယ်၊ ယခု နောက်ဆုံးဘဝကျတော့ ဘုရားသာသနာတော်မှာ တရားထူးတွေကို ရကြပါတယ်၊ အဲဒီသမီးတော် သာမဏီဆိုတဲ့ အကြီးဆုံးသမီးတော်က ပညာအရာမှာ ဇောတဒဂ်ရတဲ့ ပထမ အဂ္ဂသာဝိကာ ခေမာထေရ်ရီဆိုတဲ့ ရဟန္တာမ ဖြစ်လာတယ်။

(၁) ခေမာထေရီဝတ္ထု

သူ့ဖြစ်ပုံကတော့ ပထမက သူဟာ မဂဓတိုင်းပြည်၏ ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ အဂ္ဂမဟေသီမိဖုရားကြီးဖြစ်ခဲ့တယ်၊ မြတ်စွာဘုရားက ဥရုဝေလတောထဲမှ ရသေ့တစ်ထောင်ကို ချွတ်ပြီး အဲဒီရသေ့တွေထဲမှ ဖြစ်လာတဲ့ ရဟန္တာတစ်ထောင်နှင့်တကွ ရာဇဂြိဟ်မြို့ကို ကြွလာတော်မူတဲ့အခါ ဗိမ္ဗိသာရမင်းကြီးက တစ်သိန်းနှစ်သောင်းသော လူထုနှင့်တကွ ခရီးဦးကြိုဆိုပါတယ်၊ အဲဒီအခါမှာ မြတ်စွာဘုရားက သူတို့နှင့် သင့်လျော်တဲ့တရားကို ဟောတော်မူတယ်၊ အဲဒီတရားကို နာရတဲ့အတွက် ဗိမ္ဗိသာရမင်းကြီးနှင့်တကွ တစ်သိန်းတစ်သောင်းသော လူတွေဟာ သောတာပန် ဖြစ်ကြတယ်၊ ဗိမ္ဗိသာရမင်းကြီးဟာ နောက်တစ်ရက်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းကပ်တော့ ဝေဠုဝန်ဥယျာဉ်တော်ကို ကျောင်းတိုက်အဖြစ်ဖြင့် ဘုရားအမှူးရှိတဲ့ သံဃာတော်ကို လှူတယ်၊ အဲဒီအခါကစပြီး သံဃာတော်များနှင့်တကွ မြတ်စွာဘုရားဟာ ဝေဠုဝန်ကျောင်းတိုက်တော်မှာ သီတင်းသုံးပြီး တရားဟောနေတော်မူပါတယ်၊ ဝါတော်စဉ်အားဖြင့်ဆိုရင် ဒုတိယ တတိယ စတုတ္ထဝါများနှင့် ၁၇–ခုမြောက်ဝါ နှစ်ဆယ်မြောက်ဝါများမှာ အဲဒီဝေဠုဝန်ကျောင်းတိုက်တော်မှာပဲ သီတင်းသုံးတော်မူပါတယ်၊ အခြားဝါများမှာလဲ ဝါပကာလများမှာ ဒေသစာရီကြွရင်း အခိုက်တန့် သီတင်းသုံးတော်မူတဲ့အခါများမှာ ဗိမ္ဗိသာရမင်းကြီးက အခွင့်သာတိုင်း မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး တရားနာလေ့ ရှိပါတယ်။

ဒါပေမယ့် ခေမာဆိုတဲ့ သူ့ရဲ့မိဖုရားကြီးကတော့ မြတ်စွာဘုရားထံ ချဉ်းကပ်ခြင်း မရှိဘူးတဲ့၊ ဘာကြောင့်လဲဆိုရင် သူက ရုပ်အဆင်း အလွန်လှပတဲ့အတွက် သူ့ရုပ်အဆင်းကိုသာ အလေးအမြတ်ပြုပြီး အလှပြင်ဆင်နေတယ်၊ မြတ်စွာဘုရားက ရုပ်အဆင်းကို ကဲ့ရဲ့ရှုတ်ချပြီး တရားဟောလေ့ရှိတယ်ဆိုတာကိုလဲ သူက သတင်းကြားထားတယ်၊ ဒီတော့ သူ့ကိုတွေ့ရင်လဲ မြတ်စွာဘုရားက ကဲ့ရဲ့ရှုတ်ချပြီး တရားဟောလိမ့်မယ်လို့ သူကထင်မြင်ပြီး ကြောက်ရွံ့နေလို့ မသွားဘဲနေခြင်း ဖြစ်ပါသတဲ့၊

ဗိမ္မိသာရမင်းကြီးကတော့ တရားကို သိပြီးဖြစ်တဲ့အတွက် သူ့မိဖုရားကြီး ခေမာကို ဘုရားထံ ဆည်းကပ်စေချင်တယ်၊ တရားနာစေချင်တယ်၊ ဒါပေမယ့် ခေမာမိဖုရားကြီးကတော့ ဘုရားထံသွားလိုတဲ့ စိတ်မရှိဘူး၊ မိဖုရားကြီးဆိုပေမယ့် အရွယ်ကတော့ သိပ်မကြီးလှသေးပေဘူး၊ ဗိမ္မိသာရမင်းကြီးတောင် မြတ်စွာဘုရားအောက် ငါးနှစ်ငယ်တယ်ဆိုတော့ အဲဒီအခါတုန်းက ခေမာမိဖုရားဟာ အသက်နှစ်ဆယ်ကျော် သုံးဆယ်အရွယ်လောက်ပဲ ရှိဟန်တူပါတယ်၊ ဒါကြောင့် သူက ရုပ်အဆင်းကိုသာ တသသ ပြင်နေသတဲ့၊ ဒီတော့မင်းကြီးက ခေမာမိဖုရားကြီး ဝေဠုဝန်ဥယျာဉ်တော်ကို သွားချင်အောင် ကဗျာဆရာတွေကို ဝေဠုဝန်ဥယျာဉ်တော်ဘွဲ့ သီချင်းများကို အရေးခိုင်းပြီး အဆိုတော်များကို ဆိုစေတယ်။

ကဗျာဆရာတွေကလဲ အရေးအသား အဖွဲ့အနွဲ့ တယ်ကောင်းတယ်၊ "မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဝေဠုဝန်ဥယျာဉ်တော်ဟာ အလွန်ပျော်မွေ့ဖွယ် ကောင်းတဲ့အကြောင်း အဲဒီဥယျာဉ်တော်ကို တွေ့မြင်ရရင် နတ်ပြည်က နန္ဒဝန်ဥယျာဉ်ကို တွေ့မြင်ရတာနဲ့တူညီကြောင်း နတ်တွေတောင် နန္ဒဝန်ဥယျာဉ်မှ ထွက်ခွာခဲ့ကြပြီးတော့ ဝေဠုဝန်ဥယျာဉ်တော်သို့ လာကြကြောင်း မွေ့လျော်ဖွယ်ကောင်းလှတဲ့ ဝေဠုဝန်ဥယျာဉ်တော်ကို မြင်ကြရတော့ နတ်တွေဟာ အံ့မခန်းဖြစ်ပြီး ရှုစားရှုအားမရနိုင်ဘဲရှိကြတဲ့အကြောင်း မင်းဏ၏ဘုန်းကံကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဠုဝန်ဥယျာဉ်တော်ဟာ မြတ်စွာဘုရား၏ ဘုန်းကံတော်ကြောင့် တစ်မျိုးတစ်ဖုံ အလွန်တင့်တယ်နေကြောင်း" စသည်တို့ကိုဖော်ပြပြီး စီကုံးထားကြပါတယ်၊ ပါဠိဂါထာသီချင်းတွေပါပဲ၊ အသံကောင်းကောင်း အရွတ်အဆိုကောင်းကောင်းနဲ့ ရွတ်ပြီး ဟောလိုက်ရရင် အင်မတန် ကောင်းမှာပါပဲ။

အဲဒီ သီချင်းတွေကို နန်းတွင်းသူတွေကလဲ သီဆိုနေကြတယ်၊ အဲဒီသီဆိုသံ တွေကိုကြားရတော့ ခေမာမိဖုရားကြီးမှာ ဝေဠုဝန်ဥယျာဉ်တော်သို့ သွားလိုတဲ့ အကြံအစည်ဖြစ်လာတယ်၊ ဝေဠုဝန်ကျောင်းတော်ဟာ မြတ်စွာဘုရား၏ ဘုန်းကံတော်ကြောင့် တစ်မျိုးတစ်ဖုံ အလွန်တင့်တယ် သာယာနေတယ်လို့လဲ ဆိုတယ်၊ နတ်ပြည်က နတ်တွေတောင် လာကြပြီးတော့ ရှုစားလို့ အားမရနိုင်အောင် ဖြစ်နေတယ်လဲဆိုတယ်၊ ငါလဲမရောက်တာကြာသွားပြီ၊ ယခုတစ်ခါ သွားကြည့်ဦးမှပဲလို့ အကြံအစည်ဖြစ်လာသတဲ့၊ အဲဒီမှာ ဝေဠုဝန်ဥယျာဉ်တော်ဟာ မြတ်စွာဘုရား၏ ဘုန်းကံကြောင့် တစ်မျိုးတစ်ဖုံ အလွန်တင့်တယ်သာယာနေတယ်ဆိုတာလဲ မှန်ပါပေတယ်၊ ရှေးကတော့ ရိုးရိုးပန်းပင် အသီးပင် စသည်တို့ဖြင့်သာ တင့်တယ်သာယာခဲ့တယ်၊ ယခုတော့ မြတ်စွာဘုရား၏ တရားတော်သံဖြင့်လဲ တင့်တယ်သာယာနေတယ်၊ တရားအားထုတ်နေတဲ့ ရဟန်းတော်တွေ ယောဂီပုဂ္ဂိုလ်တွေဖြင့်လဲ တင့်တယ်သာယာနေတယ်၊ ဈာန်သမာပတ်ဝင်စားနေတဲ့ အရှင်မြတ်တွေဖြင့်လဲ တင့်တယ်သာယာနေတယ်၊ နောက်ပြီးတော့ နတ်တွေဟာ ဥယျာဉ်တော်ကိုလာရောက်ပြီး အားမရနိုင်အောင် ပျော်နေကြတယ်ဆိုတာလဲ မှန်ပါပေတယ်၊ နတ်တွေဟာ မြတ်စွာဘုရားထံ လာရောက်ကြတယ်၊ တရားနာခြင်း ဘုရားနှင့်သံဃာတော်ကို ဖူးမြော်ခြင်းဖြင့် အားမရနိုင်ဘဲ ရှိနေကြတယ်၊ ဒါကြောင့် စာရေးဆရာတွေက စီကုံးထားတဲ့အတိုင်း အမှန်တွေချည်း ဖြစ်နေပါတယ်။

အဲဒီလို အကြံအစည်ဖြစ်ပြီးတော့ ခေမာမိဖုရားကြီးဟာ ဝေဠုဝန်ဥယျာဉ်တော်ကိုသွားဖို့ ဘုရင်မင်းမြတ်ထံခွင့်ပန်တယ်၊ ဘုရင်မင်းမြတ်က ဝမ်းမြောက်ဝမ်းသာနဲ့ ခွင့်ပြုလိုက်တယ်၊ ဒါပေမယ့် မြတ်စွာဘုရားကိုလဲ ဖူးမြောက်ခဲ့ရမယ်ဆိုတဲ့ အချုပ်အချယ်ကလေးတစ်ခုပါ ထည့်ပေးလိုက်တယ်၊ ဒီတော့ ခေမာမိဖုရားက "ကျောင်းတော်မှာ ဘုရားမရှိတဲ့ အချိန်သွားမယ်" လို့ကြံပြီးတော့ နံနက်ခင်း မြတ်စွာဘုရားက ဆွမ်းခံကြွနေတဲ့အချိန်မှာ ဥယျာဉ်တော်ကို သွားပါသတဲ့၊ မြတ်စွာဘုရားအား မရှိခိုက်မို့ မဖူးမြော်ခဲ့ရဘူးလို့ ဘုရင်မင်းမြတ်အား ဖြေရှင်းပြဖို့ ရည်ရွယ်ချက်နဲ့သွားတာပါပဲ၊ ဒါပေမယ့် ဥယျာဉ်တော်ရောက်တော့ ဥယျာဉ်တော်၏ ရှုမျှော်ခင်း ကြည်နူးဖွယ်တွေကို တွေ့မြင်ရတဲ့အတွက် အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်၊ ရှုမျှော်ခင်းတွေကို တစ်ခုပြီးတစ်ခု လျှောက်ကြည့်နေရင်း တစ်ခုသောသစ်ပင်အောက်မှာထိုင်ပြီး တရားအားထုတ်နေတဲ့ ရဟန်းငယ်တစ်ပါးကို တွေ့ရတော့ သူ့စိတ်ထဲမှာ အလွဲလျှောက်ပြီး ကြံတွေးမိတယ်၊ ပျိုရွယ်စဉ်မှာ ကာမဂုဏ်အာရုံတွေကို ခံစားပြီးတော့ အိုမင်းကြီးရင့်မှ ရဟန်းတရား အားထုတ်သင့်တာပဲ၊ ဒီကိုယ်တော်ကလေးကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာကြောင့်ရဟန်းပြုပြီး တရားအားထုတ်နေပါလိမ့်မလဲလို့ ကြံတွေးမိပါသတဲ့၊ ယခုနေအခါလဲ ဒီလိုထင်မြင်ကြံတွေးတဲ့ လူတွေရှိမှာပါပဲ။

အချိန်အတန်ကြာလို့ နန်းတော်ကို ပြန်ဖို့ ခေမာကပြောတဲ့အခါမှာ အမတ်ကြီးတွေက မြတ်စွာဘုရားကို ဖူးမြော်ပြီးမှ ပြန်ခဲ့ဖို့ ဘုရင်မင်းမြတ်က မိန့်မှာလိုက်တဲ့အကြောင်း အတင်းအကျပ် ပြောကြတယ်၊ ဒီတော့ ခေမာမိဖုရားဟာ မင်ြင်းသာတာနဲ့ ဂန္ဓကုဋ္ဌိတိုက်သို့သွားရတယ်၊ မြတ်စွာဘုရား ဆွမ်းခံရာမှပြန်မရောက်သေးဘဲ ရှိကောင်းပါရဲ့လို့ သူက မျှော်လင့်လိုက်သေးသတဲ့၊ မြတ်စွာဘုရားနဲ့လွဲအောင်လို့ တိမ်းရှောင်ချင်တဲ့သဘောပါပဲ၊ ဒါပေမယ့် ဘဝပေါင်းများစွာက ဆည်းပူးခဲ့တဲ့ ပါရမီကပြည့်စုံနေတော့ ရှောင်တိမ်းလို့မရဘူး၊ မြတ်စွာဘုရားနဲ့ ပက်ပင်းတွေ့ရတော့တာပဲ၊ ဂန္ဓကုဋ္ဌိတိုက်ထဲဝင်သွားတဲ့အခါ မြတ်စွာဘုရား၏အနီးမှာ နတ်သမီးတမျှ အလွန်လှပတဲ့ သူငယ်မပျိုကလေးက မြတ်စွာဘုရားအား ယပ်ခတ်ပြီး ဝတ်ပြုနေတာကိုလဲ တွေ့ရတယ်၊ အမှန်ကတော့ အဲဒီသူငယ်မပျိုကလေးဆိုတာဟာ မြတ်စွာဘုရားက အဘိညာဉ်တန်ခိုးဖြင့် ဖန်ဆင်းထားတဲ့ နိမ္မိတအရုပ်ကလေးပါပဲ၊ ခေမာကတော့ တကယ့်လူသား မိန်းကလေးထင်ပြီး အလွန်အံ့အားသင့်သွားတယ်၊ ဒီလောက် အဆင်းလှတဲ့မိန်းမကို တစ်ခါမျှမမြင်ဖူးဘူး၊ ဒီမိန်းကလေးနှင့် နှိုင်းယှဉ်ကြည့်ရင် ငါအဆင်းလှတယ်ဆိုတာ ဘာမျှမပြောပလောက်ဘူး၊ ဒီလောက်အဆင်းလှတဲ့ မိန်းမကိုတောင်မှ အနီးအပါးမှာ လက်ခံထားတယ်ဆိုတော့ လှပတဲ့ငါ့ရုပ်အဆင်းကို ဘုရားက ကဲ့ရဲ့

ရှုတ်ချလိမ့်မယ်လို့ ထင်ခဲ့တာဟာ မှားတာပဲလို့လဲ ဆင်မြင်မိတယ်၊ ရုပ်အဆင်းနဲ့စပ်ပြီး တက်ကြွနေတဲ့ မာန်မာနလဲကျသွားတယ်။

အဲဒီလို မာန်မာနကျပြီးတော့ နိမ္မိတမိန်းမပျိုကလေး၏ ရုပ်အဆင်းကိုသာ စူးစိုက်ပြီး ကြည့်ရှုနေတဲ့အခါမှာ မြတ်စွာဘုရားက အဲဒီ နိမ္မိတမိန်းမရုပ်ကို အသက်သုံးဆယ်ရွယ် လေးဆယ်ရွယ် ငါးဆယ်ရွယ် ဖြစ်အောင်လဲ အဓိဋ္ဌာန်ပြုတော်မူတယ်၊ ခေမာက သူ့မျက်စိအောက်တွင်ပင် ပျိုရွယ်တဲ့ရုပ်အဆင်းတွေဟာ ရင့်ပြီးပြောင်းလဲသွားတာကို စဉ်းစားဆင်ခြင်မိတယ်၊ အဲဒီကနောက် အသက်ခြောက်ဆယ်ရွယ် ခုနစ်ဆယ်ရွယ် ရှစ်ဆယ်ရွယ် ကိုးဆယ်ရွယ် ဖြစ်အောင်လဲ အဓိဋ္ဌာန် ပြုတော်မူပြန်ပါတယ်၊ အဲဒီတော့ အဲဒီမိန်းမရုပ်ဟာ ဆံပင်တွေကဖြူ သွားတွေကကျိုး အရေတွေကတွန့် အကြောတွေက ပြိုင်းပြိုင်းထပြီး အရိုးတွေက ငေါငေါပေါ်လို့ အလွန်အိုမင်းတဲ့ အဘွားအိုကြီးဖြစ်သွားတယ်၊ အဲဒီအဘွားအိုကြီးက သူ့ကိုယ်သူမဆောင်နိုင်လို့လဲ ခွေကျပြီး တည်းညည်း တည်ရှည်ရှည်ဖြစ်နေတာ မောပန်းပြီး ဖိလှိုက်ဖိလှိုက်နဲ့ အသက်ရှူနေတာကိုလဲ ခေမာက တွေ့မြင်ရတယ်၊ အဲဒီလို တွေ့မြင်ရတော့ ခေမာမှာ သံဝေဂဉာဏ်ဖြစ်လာတယ်၊ ဪ ဒီရုပ်ကိုယ်တော်ကြီးဟာ ဘာမျှ မစင်ကြယ်ပါကလား၊ စက်ဆုပ်ရွံ့ရှာစရာပါကလား၊ အမှန်ကိုမသိတဲ့သူတွေက ဒီရုပ်ကိုယ်ကြီးကို နှစ်သက်သာယာနေကြတာပဲလို့ သံဝေဂဉာဏ် ဖြစ်လာတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူပါတယ်။

အာသုရံ အသုစိ ပူတိ၊ ပဿ ခေမေ သမုဿယံ။
ဥဋ္ဌရန္တံ ပဋ္ဌရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ။

ခေမေ–ခေမာမိဖုရား၊ အာတုရံ–ရောဂါအမျိုးမျိုး ဘေးဒဏ်ဆိုးတို့ဖြင့် လွှမ်းမိုးအစဉ် နာကျင်နှိပ်စက်တတ်သော၊ ဥဋ္ဌရန္တံ–အပုပ်အညှီ တစီစီ တပွက်ပွက် ဆန်ထွက်တတ်သော၊ ပဋ္ဌရန္တံ–အောက်ဖက်သို့လည်း ယိုစီးထွက်ကျတတ်သော၊ ဝါ–ယိုစီးထွက်ကျတတ်သည်ဖြစ်၍၊ အသုစိ–မစင်မကြယ် စက်ဆုပ်ဖွယ် အစုအဝေးမျှဖြစ်သော၊ ပူတိ ပုပ်ညှီနံလျှောင်း မကောင်းသော အနံ့ရှိသော၊ ဝါ–မကောင်းသော အနံ့ရှိပါလျက်၊ ဗာလာနံ–သဘောမှန်ကို မသိသူအများလူတို့က၊ အဘိနန္ဒိတံ–နှံ့သာထုံးပမာ လွန်စာနှစ်သက်အပ်သော၊ သမုဿယံ–ရုပ်အပေါင်းကိုမျှ ကိုယ်ကာယကို၊ ပဿ–ဉာဏ်ဖြင့် ထင်ထင်ရှုဆင်ခြင်လိုက်ပါလော့ ချစ်သမီး။

အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။
သတိ ကာယဂတာ တျတ္ထု၊ နိဗ္ဗိဒါဗဟုလာ ဘဝ။

တသ္မာ–ထိုသို့ မစင်ကြယ်သော အပုပ်ကောင်မျှသာ ဖြစ်သောကြောင့်၊ စိတ္တံ–သင်၏ စိတ်ကို၊ အသုဘာယ–စက်ဆုပ်ရွံ့ရှာဖွယ် မတင့်တယ်ဟု ရှုသောဘာဝနာ၌၊ ဧကဂ္ဂံ–တစ်ခုတည်းသော အာရုံရှိလျက်၊ သုသမာဟိတံ–ကောင်းစွာ တည်ကြည်အောင်ပြု၍၊ ဘာဝေဟိ–ဖြစ်ပွားစေလော့၊ တေ–သင်၏၊ သတိ–အမှတ်ရမှုသည်၊ ကာယဂတာ–စက်ဆုပ်ဖွယ် ရုပ်အပေါင်းကိုယ်၌တည်သည်၊ အတ္ထု–ဖြစ်ပါစေလော့၊ တွံ–သင်သည်၊ နိဗ္ဗိဒါဗဟုလာ–ငြီးငွေ့မှုအဖြစ်များသည်၊ ဘဝ–ဖြစ်ပါလော့ ချစ်သမီး။

ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
အဗ္ဘန္တရဗာဟိရံ ဗဟိဒ္ဓါစ၊ ကာယေ ဆန္ဒံ ဝိရာဇယ။

ယထာဣဒံ–ဤသင့်ကိုယ်သည် ယခုအခါ တင့်တယ်သကဲ့သို့၊ တထာဧတံ–ထိုမိန်းမငယ်၏ ရုပ်ကိုယ်သည်လည်း မပျက်စီးမီက တင့်တယ်ခဲ့ပေ၏၊ ယထာဧတံ–ပျက်စီးသွားသော ထိုမိန်းမငယ်၏ ရုပ်ကိုယ်သည် ယခုအခါ စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့၊ တထာ ဣဒံ–ထို့အတူပင် သင့်ကိုယ်သည်လည်း စက်ဆုပ်ဖွယ် ဖြစ်လတ္တံ၊ အဗ္ဘန္တရဗာဟိရံ–အတွင်းဘက် မိမိကိုယ်၌လည်းကောင်း၊ ဗဟိဒ္ဓါ စ ကာယေ–အပြင်ဘက် သူတစ်ပါး၏ ကိုယ်၌လည်းကောင်း၊ ဆန္ဒံ–လိုချင်နှစ်သက်မှုကို၊ ဝိရာဇယ–ကင်းပါစေလော့ ချစ်သမီး။

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿသိ။

အနိမိတ္တဉ္စ–အမြဲတည်နေဟန် သဏ္ဌာန်နိမိတ် ကင်းသော အနိစ္စာနုပဿနာကိုလည်း၊ ဘာဝေဟိ–ပွါးပါစေလော့၊ (ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်ခြင်းမရှိဘဲ မိမွေးတိုင်း ဖမွေးတိုင်း ပကတိနေမြဲ နေကြတဲ့သူတွေမှာ မိမိတို့၏ ရုပ်ကိုယ်ကိုလဲ ငယ်ငယ်ကလေးဘဝမှ ယခုထက်တိုင် အမြဲတမ်းတည်နေတယ်လို့ ထင်နေကြတယ်၊စိတ်ကိုလဲ အမြဲတမ်းတည်နေတဲ့ အကောင်အနေအားဖြင့် ထင်နေကြတယ်၊ တချို့ကတော့ ရုပ်ကိုယ်ရော စိတ်ရော တစ်ကိုယ်တည်းပဲ အမြဲတည်နေတယ်လို့ ထင်နေကြတယ်၊ အဲဒါဟာ မြတ်သဏ္ဌာန်နိမိတ် ထင်နေတာပဲ၊ ရုပ်နာမ်စေတသိက်တွေကို သရုပ်ခွဲပြီး ပြောတတ်တဲ့သူပေမယ့် ဖြစ်ခိုက်

ရုပ်နာမ်ကို ကျကျနန မရှုမမှတ်ဖူးရင် ပကတိအသိကတော့ ဒီအတိုင်းပဲ ထင်မြင်နေတာပဲ၊ မြဲတဲ့သဏ္ဌာန်နိမိတ် ထင်နေတာပဲ၊ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်ခိုက်ရုပ်နာမ်ကို မပြတ်ရှုမှတ်နေတဲ့ ပုဂ္ဂိုလ်မှာတော့ သမာဓိဉာဏ်, ရင့်သန်လာတဲ့အခါမှာ လက် ခြေ ခေါင်း ကိုယ် စသည်သဏ္ဌာန်လဲ မထင်တော့ဘူး၊ မှတ်သိရတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော မှတ်ဆဲ မှတ်ဆဲမှာပဲ ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်။ ဒီတော့ တရိပ်ရိပ်နဲ့ ခဏမစဲ ပျောက်ပျောက်သွားတဲ့ တရားတွေ ချည်းပဲ၊ တခဏကလေးမျှ မတည်မြဲတဲ့တရားတွေချည်းပဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းရှင်းလင်းလင်း သိသိသွားတယ်၊ အဲဒါဟာ အနိမိတ္တာနုပဿနာခေါ်တဲ့ အနိစ္စာ နုပဿနာဉာဏ်ပဲ၊ အဲဒီ အနိစ္စာနုပဿနာဉာဏ်ကို ဖြစ်စေပါတယ်၊ အဲဒီဉာဏ်ဖြစ်အောင် ရှုလိုက်ပါလို့ ဆိုလိုပါတယ်၊ အဲဒီလို ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲတာချည်းပဲလို့ သိမြင်နေရင် ထောင်လွှားတက်ကြွတဲ့ မာန်မာနလဲ ကင်းငြိမ်းတယ်၊ ဒါကြောင့် မာနာနုသယံ–မမြဲဟု ပိုင်ပိုင်နိုင်နိုင်မသိလျှင် ဖြစ်နိုင်သော မာန်မာနကို၊ ဥဒ္ဓေဟ–အမြစ်ပြတ်ပယ်စွန့်လော့၊ (ခဏမစဲ ပျက်နေလို့ မမြဲတာချည်းဘဲ ဆိုတာကို ပိုင်ပိုင်နိုင်နိုင် မသိတဲ့အတွက် ငါဟာ အဆင်းလှတယ်လို့ စွဲလမ်းပြီးတော့လဲ မာနက ခေမာမိဖုရားကြီးမှာ အလွန်အကဲ ဖြစ်နေတယ်၊ အဂ္ဂမဟေသီမိဖုရားကြီးပဲလို့ စွဲလမ်းပြီးတော့လဲ မာနက အလွန်အကဲဖြစ်နေတယ်၊ အဲဒီလို မာနကို အမြစ်ပြတ်ပယ်နိုင်အောင် အားထုတ်ပါလို့ ဆိုလိုတယ်၊ အဲဒီမာနကို အမြစ်ပြတ်ပယ်နိုင်အောင် အားထုတ်ပါလို့ဆိုလိုတယ်၊ အဲဒီမာနကို ပယ်လိုက်တော့ ဘာအကျိုးရသလဲဆိုရင်) တတော မာနာဘိသမယာ–ထိုမာနကို သိ၍ပယ်ခြင်းကြောင့်၊ တွံ–သင်သည်၊ ဥပသန္တော–ငြိမ်းအေးသည်ဖြစ်၍၊ စရိဿသိ–သွားလာနေထိုင်ရပေလတ္တံ့၊ (အဲဒီမာနကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်နိုင်လျှင် ကိလေသာပူပန်မှုတွေ အကုန်ငြိမ်းပြီး အခါခပ်သိမ်း ချမ်းသာစွာ နေရပါလိမ့်မယ်–တဲ့။)

ယေ ရာဂရတ္တာနုပတန္တိ သောတံ၊
သယံကတံ မက္ကဋကောဝ ဇာလံ။
ဧတမ္ပိ ဆေတ္ဝာန ပရိဗ္ဗဇန္တိ၊
အနပေက္ခိနော ကာမသုခံ ပဟာယ။

မက္ကဋကော–ပင့်ကူကောင်သည်၊ သယံကတံ ဇာလံ–ကိုယ်တိုင်လုပ်ထားသော ပင့်ကူမျှင် ကွန်ယက်အိမ်ကို၊ အနုပတတိ ဣဝ–အစဉ်တစိုက် လိုက်နေဘိသကဲ့သို့၊ ရာဂရတ္တာ–ရာဂဖြင့်တပ်စွဲနေကုန်သော၊ ယေ–အကြင်ပုဂ္ဂိုလ်တို့သည်၊သယံကတံ–ကိုယ်တိုင်ပင် ပြုလုပ်ထားသော၊ သောတံ ရာဂအယဉ် (ရာဂကြောင့်ဖြစ်သော ခန္ဓာအယဉ်ကို၊ အနုပတန္တိ–တစ်ဘဝပြီး တစ်ဘဝ အစဉ်တစိုက်လိုက်နေကြကုန်၏၊ တေ–ထိုရာဂအယဉ် ခန္ဓာအယဉ်ကို အစဉ်လိုက်နေကြသော ပုဂ္ဂိုလ်တို့သည်၊ နပရိဗ္ဗဇန္တိ–သံသရာမှ မထွက်ခွာနိုင်ကုန်၊) ကာမသုခံ–ကာမဂုဏ်နှင့်စပ်သော ချမ်းသာကို၊ အနပေက္ခိနော၊ မင့်ကွက်ကုန်ဘဲ၊ ပဟာယ–ပယ်စွန့်ကုန်၍၊ ဝါ–ပယ်စွန့်၍ ကျင့်သောသူတို့သည်၊ ဧတမ္ပိ–အစဉ်လိုက်၍နေရာ ရာဂအယဉ် ခန္ဓာအယဉ်ကိုသော်လည်း၊ ဆေတ္ဝာန–ဖြတ်ကုန်၍၊ ပရိဗ္ဗဇန္တိ–သံသရာမှ ထွက်ခွာသွားကုန်၏။

ဒီနောက်ဆုံးဂါထာကမှာ ဆိုလိုတာကတော့ ပင့်ကူကောင်များဟာ ကိုယ်လုပ်ထားတဲ့ ပင့်ကူမျှင်အိမ်လို့ မခွာနိုင်ဘူး၊ အဲဒီပင့်ကူအိမ်မှာသာ လှည့်ပတ်သွားလာနေသလို ထို့အတူပင် ရာဂမကင်းသေးတဲ့ သတ္တဝါတွေဟာလဲ တဏှာရာဂဖြင့် တပ်မက်စွဲလမ်းပြီး ပြုထားတဲ့ကံကြောင့် ရထားတဲ့ မိမိတို့၏ ရုပ်နာမ်ခန္ဓာအယဉ်ဆိုတဲ့ သံသရာကို တစ်ဘဝပြီးတစ်ဘဝ အစဉ်လျှောက်နေကြတယ်၊ ရုပ်နာမ်ခန္ဓာအယဉ်မှ ခွဲခွာမသွားနိုင်ကြဘူး၊ တချို့က နိဗ္ဗာန်ရောက်သွားရင် လူ့ဘဝ နတ်ဘဝမှာ ပြန်မဖြစ်ရတော့ဘူး ဆိုတာကိုတောင် ကြောက်နေကြတယ်၊ အဲဒါဟာ ခန္ဓာအယဉ်မှ မထွက်ခွာရာဘဲ ဖြစ်နေတာပါပဲ၊ အဲဒီလို စွန့်ခွာနိုင်ခဲ့တဲ့ ခန္ဓာအယဉ်ကိုလဲ ဘုရားရဟန္တာများကတော့ ကာမဂုဏ်ချမ်းသာကို မင့်ကွက်စွန့်ပယ်ပြီး ကျင့်သောအားဖြင့် ပယ်ဖြတ်ပြီး သံသရာမှ ထွက်ခွာသွားကြတယ်၊ ခေမာလဲ ကာမဂုဏ်ချမ်းသာကို မင့်ကွက်ဘဲစွန့်ပြီး ရဟန်းတရားကိုကျင့်သောအားဖြင့် ဘဝအစဉ် ခန္ဓာအယဉ်ကို ဖြတ်ရမယ်၊ အဲဒီလို ဖြတ်ပြီးတော့ သံသရာမှ ထွက်ခွာသွားရမယ်လို့ ဆိုလိုပါတယ်။

အဲဒီတရားကို ကြားနာရတဲ့အတွက် ခေမာမိဖုရားဟာ ရဟန္တာမ ဖြစ်သွားတယ်လို့ အဋ္ဌကထာများမှာ ဆိုပါတယ်၊ အပဒါန်ပါဠိတော်မှာတော့ ဒီဂါထာတရားများနှင့် မဟာနိဒါနသုတ်ကို ကြားနာပြီးတော့ ဓမ္မစက္ခုကိုရသွားတယ်၊အဲဒီကနောက် ရဟန်းမိန်းမ ပြုပြီးတဲ့အခါ တစ်လခွဲကြာမှ တရားနှလုံးသွင်းအားထုတ်ပြီး ရဟန္တာမ ဖြစ်သွားတယ်လို့ ဆိုပါတယ်၊ အဲဒီမှာ ဓမ္မစက္ခု–တရားမျက်စိဆိုတာက သောတာပတ္တိမဂ်ဉာဏ်လဲ ဖြစ်နိုင်တယ်၊ အနာဂါမိမဂ်ဉာဏ်လဲ ဖြစ်နိုင်တယ်၊ထေရီအဋ္ဌကထာမှာတော့ သောတာပတ္တိမဂ်ဉာဏ်ကို ယူပြီး ပြဆိုထားတယ်၊ လူ့ဘောင်မှ ထွက်ခွာပြီး ရဟန်းပြုပုံကို ထောက်ဆကြည့်ရင်တော့ ရဟန္တာမမဖြစ်သေးတောင် ကာမရာဂကင်းတဲ့ အနာဂါမဂ်အဆင့်တော့ ရောက်သွားတယ်လို့ယူလျှင် သင့်လျော်ဖွယ် ရှိပါတယ်။

အဲဒီလို တရားထူးများကိုရပြီးတော့ ခေမာမိဖုရားဟာ နန်းတော်ကို ပြန်သွားတယ်၊ ဗိမ္ဗိသာရဘုရင်မင်းမြတ်ထံ ရဟန်းပြုဖို့ခွင့်တောင်းတယ်၊ မင်းကြီးက ဝမ်းမြောက်ဝမ်းသာနဲ့ ခွင့်ပြုပြီးတော့ ရွှေထမ်းစင်ဖြင့် ဘိက္ခုနီမကျောင်းသို့ လိုက်ပို့ပြီး ရဟန်းပြုစေပါတယ်၊ ရဟန်းပြုပြီးတဲ့အခါမှာ ခေမာထေရီလို့ ခေါ်ကြပါတယ်၊ ရဟန်းမထဲမှာ ဉာဏ်ပညာဘက်က အကြီးအမြတ်ဆုံးဖြစ်တဲ့အတွက် မြတ်စွာဘုရားက ခေမာထေရီကို ပညာအရာမှာ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပါတယ်။

(၂) ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

ကိုကီမင်းကြီး၏သမီးတော် ၇–ယောက်ထဲက ပထမသမီးတော်အကြောင်းကတော့ ပြီးသွားပြီ၊ ဒုတိယသမီးတော် သမဏဂုတ္တာဆိုတာကတော့ ယခုဘုရားလက်ထက်မှာ သာဝတ္ထိပြည်က သူဌေးတစ်ဦး၏ သမီးဖြစ်လာတယ်၊ သူ့အရေအဆင်းက ကြာညိုပန်းအဆင်းနဲ့ တူတဲ့အတွက် ဥပ္ပလဝဏ္ဏာလို့ အမည်ပေးထားတယ်၊ အဲဒီကနောက်တော့ အကျဉ်းချုပ်ပဲ ပြောသွားရမယ်၊ ဥပ္ပလဝဏ္ဏာရဲ့ လှပတဲ့ဂုဏ်သတင်း ကြားကြရတဲ့အတွက် ဇမ္ဗူဒိပ်ကျွန်း အိန္ဒိယမှာရှိကြတဲ့ မင်းတွေ သူဌေးတွေက သူ့ဖခင်သူဌေးကြီးထံ သဝဏ်လွှာပို့ပြီး ဥပ္ပလဝဏ္ဏာကို တောင်းဆိုကြသတဲ့၊ ဒီတော့ သူဌေးကြီးမှာ အကျပ်ကျနေတယ်၊ သမီးတစ်ယောက်တည်းနဲ့ တောင်းဆိုတဲ့ မင်းတွေ သူဌေးတွေကို ကျေနပ်အောင် ဆောင်ရွက်ဖို့ ခက်နေတယ်၊ ဘယ်သူ့ကိုမှ ပေးလို့ မဖြစ်နိုင်ဘဲရှိနေတယ်၊ ဒါကြောင့် သူဌေးကြီးက သူ့သမီးကို ရဟန်းပြုနိုင်ပါ့မလားလို့မေးတယ်၊ ပါရမီရှင် ပစ္စေကဗုဒ္ဓါလ် ဖြစ်တဲ့အတွက် ပြုနိုင်ပါတယ်လို့ ပြန်ကြားလိုက်တယ်၊ ဒီတော့ ဖခင်သူဌေးကြီးက ဥပ္ပလဝဏ္ဏာကို အခမ်းအနားဖြင့် ဘိက္ခုနီမ ကျောင်းသို့ပို့ပြီး ရဟန်းပြုစေပါတယ်၊ ရဟန်းပြုတဲ့အခါ ဥပ္ပလဝဏ်ထေရီလို့ ခေါ်ကြပါတယ်၊ မကြာမီပင် ရဟန္တာမ ဖြစ်သွားပါတယ်၊ ရဟန်းမိန်းမထဲက တန်ခိုးအရာမှာ အကြီးမြတ်ဆုံး ဖြစ်တဲ့အတွက် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်း ခံရပါတယ်။

(၃) ပဋာစာရာထေရီဝတ္ထု

တတိယသမီးတော် ဘိက္ခုနီဆိုတာကတော့ ပဋာစာရာထေရီမ ဖြစ်လာပါတယ်၊ သူ့အကြောင်းကတော့ ဇာတ်ပွဲတွေက ပြကြတဲ့အတွက် အများက သိပြီးဖြစ်နေပါတယ်၊ လင်ရယ် သားတွေရယ် မိဘတွေရယ် မောင်ရယ် အဲဒါတွေ သေဆုံးကြတာ အကြောင်းပြုပြီး အရှုးမဖြစ်သွားတယ်၊ ခြေဦးတည့်ရာ လျှောက်သွားနေရင်း ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား တရားဟောနေရာ ရောက်လာတယ်၊ မြတ်စွာဘုရားက "သူငယ်မသတိရလော့"လို့ သတိပေးလိုက်တာနဲ့ ပါရမီရှင်ဖြစ်တဲ့အတိုင်း ကျွတ်ချိန်တန်နေတဲ့အတွက် သတိရပြီး အရှုးပျောက်သွားတယ်၊ အဲဒီတစ်ထိုင်အတွင်းမှာပဲ မြတ်စွာဘုရား၏ တရားကိုနာပြီး သောတာပန် ဖြစ်တယ်၊ ရဟန်းပြုပြီး မကြာခင်ဘဲ ရဟန္တာမ ဖြစ်သွားတယ်၊ ဝိနည်းဆောင် ဧတဒဂ်ရ ရဟန္တာမ ဖြစ်ပါတယ်။

(၄) ကုဏ္ဍလကေသာထေရီဝတ္ထု

ဘိက္ခုဒါယိကာဆိုတဲ့ စတုတ္ထသမီးတော်ကတော့ ရာဇဂြိုဟ်မြို့မှာ သူဌေးတစ်ဦး၏ သမီးဖြစ်လာတယ်၊ မူလအမည်ကတော့ ဘဒ္ဒါတဲ့၊ အရွယ်ရောက်တဲ့အခါ သေဒဏ်အပြစ်ရောက်နေတဲ့ ဓားပြလူဆိုးကို ငွေဖြင့် ရွေးယူပြီး အိမ်ထောင်ဖက်ပြုမိလို့ တစ်နေ့ကျတော့ အဲဒီလူဆိုးက နတ်ပူဇော်ရန်ဆိုပြီး သူ့ကို တောင်ပေါ်ခေါ်သွားတယ်၊ တောင်ပေါ်ရောက်တော့ သူ့လက်ဝတ်လက်စားတွေကိုယူပြီး သူ့ကိုလဲ သတ်မယ်လို့ ပြောတယ်၊ ဒီတော့ ဘဒ္ဒါက သူမသေခင် ကန်တော့ပါရစေလို့ တောင်းပန်ပြီး တောင်စောင်းမှာ လူဆိုးကို လှည့်ပတ်ပွေ့ဖက်ပြီး ကန်တော့ရင်း တောင်ထိပ်မှ ချောက်ထဲတွန်းချလိုက်တယ်၊ အဲဒီကနောက် မိဘအိမ်ကိုလဲ မပြန်ဝံ့တာနဲ့ ပရိဗိုဇ်ကျောင်းတစ်ခုမှာဝင်ပြီး ပရိဗိုဇ်ပြုပေးဖို့ တောင်းပန်တယ်၊ ပရိဗိုဇ်ပြုပေးတဲ့အခါမှာ သူတို့ရဲ့ တရားကျမ်းဂန်အရ ဆံပင်တွေကို ထန်းစေ့နဲ့ညှပ်ပြီး နတ်ပစ်ကြတယ်၊ ဆံပင်တစ်ပင်ချင်းညှပ်ပြီး ဆွဲနတ်တယ်ဆိုတော့ အကြိမ်ပေါင်း တစ်သောင်းမက အနာခံရမှာပါပဲ၊ အဲဒီလိုနတ်ပြီး ပရိဗိုဇ် ပြုပေးကြတဲ့အတွက် သူ့ခေါင်းမှာ ဆံပင်တွေ အသစ်ပေါက်လာတဲ့အခါ နားတောင်းလို အဝိုင်းပုံပေါ်နေတယ်၊ ဒါကြောင့် သူ့ကို ကုဏ္ဍလကေသာလို့ ခေါ်ကြတယ်။

သူက ပရိဗိုဇ်တို့၏ အခြေအတင်ဝါဒတွေကို သင်ယူပြီးတော့ ထိုထိုမြို့ရွာတွေကို လှည့်ပြီးဝါဒပြုနေတယ်၊ တစ်နေ့သောအခါမှာ ရှင်သာရိပုတ္တရာနဲ့တွေ့ပြီး ဝါဒအခြေအတင်ပြုရာမှာ ရှုံးနိမ့်သွားတဲ့အတွက် အရှင်သာရိပုတ္တရာထံမှာ တပည့်ခံတယ်၊ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားထံ ညွှန်ကြားလိုက်တယ်၊ မြတ်စွာဘုရားထံမှာ တရားနာပြီး အရဟတ္တဖိုလ်ရောက်သွားတယ်လို့ အဋ္ဌကထာများမှာဆိုတယ်၊ အပဒါန်ပါဠိတော်မှာတော့ မြတ်စွာဘုရားထံမှာ တရားနာပြီး ဒိဗ္ဗစက္ခုခေါ်တဲ့ အရိယာမဂ်ဉာဏ်ကို ရတဲ့အကြောင်း၊ ရဟန်းပြုပြီးတော့ တရားနှလုံးသွင်းအားထုတ်သဖြင့် ရဟန္တာဖြစ်သွားကြောင်း ပြဆိုထားပါတယ်၊ သူဟာ ခိပ္ပါဘိညအရာ ဧတဒဂ်ရ ရဟန္တာမဖြစ်ပါတယ်။

(၅) ကိသာဂေါတမီထေရီ ဝတ္ထု

ဓမ္မာဆိုတဲ့ ပဠုမသမီးတော်ကတော့ သာဝတ္ထိပြည်မှာ ဆင်းရဲသားတစ်ဦး၏ သမီးဖြစ်လာတယ်၊ မူလအမည်က ဂေါတမီတဲ့၊ အသားအရေက ပိန်ပိန်ပါးပါးမို့ ကိသာ–ပိန်တယ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့တွဲပြီး ကိသာဂေါတမီလို့ ခေါ်ကြတယ်၊ အရွယ်ရောက်လို့ အိမ်ထောင်ကျတဲ့အခါ သူ့ခင်ပွန်းဘက်က အမျိုးတွေက သူ့ကို ဆင်းရဲသား၏ သမီးဖြစ်တဲ့အတွက် ဖိနှိပ်ပြီး ပြောကြဆိုကြခိုင်းကြတယ်၊ သားကလေးရလာတဲ့အခါကျမှ သူ့ကိုလေးစားကြတယ်၊ ကံမကောင်းအကြောင်းမသင့်ချင်တော့ အဲဒီသားကလေးက ပြေးလွှားကစားနိုင်တဲ့ အရွယ်မှာ ဆုံးသွားတယ်၊ ဒါကြောင့် သောကပွားပြီး ရူးသလိုလို ဖြစ်နေရှာတယ်။

သားကလေးကို မစွန့်ရက်ဘဲ ရင်ခွင်မှာပိုက်ပြီး အသက်ပြန်ရှင်အောင် ကုဖို့ မြို့ထဲမှ အိမ်စဉ်လှည့်ပြီး ဆေးကောင်းရှာနေတယ်၊ အဲဒီအခါမှာ ပညာရှိတစ်ယောက်က မြတ်စွာဘုရားထံ သွားဖို့ ညွှန်ကြားလိုက်တယ်၊ မြတ်စွာဘုရားထံရောက်တော့ လူတစ်ယောက်မျှ မသေဖူးတဲ့အိမ်က မုန့်ညင်းစေ့ကို ယူခဲ့ဖို့ရာ မြတ်စွာဘုရားက ပြောကြားလိုက်တယ်၊ ဒီတော့ သူက ဝမ်းမြောက်ဝမ်းသာနဲ့ မြို့ထဲသွားပြီး သူ့သားကို ဆေးကုဖို့ မုန့်ညင်းစေ့တောင်းတယ်၊ အတောင်းခံရတဲ့အိမ်က မုန့်ညင်းစေ့ပေးမယ်ဆိုတော့ ဒီအိမ်မှာ သေဖူးတဲ့သူမရှိမှ ယူမယ်လို့ဆိုတယ်၊ ဒီတော့ ဟဲ့ နင်ဘယ်နယ်ပြောတာလဲ ဒီအိမ်မှာ သေဖူးတဲ့လူတွေများလှပြီ ရေတောင် မရေတွက်နိုင်ဘူးလို့ ပြောလိုက်ကြတယ်၊ တခြားအိမ်တွေ သွားတောင်းပြန်တော့လဲ ဒီနည်းအတိုင်းပဲ ပြောလိုက်ကြတယ်၊ ဒီတော့ ကိသာဂေါတမီဟာ ၃–အိမ်လောက်သွားပြီးတော့ သဘောပေါက်လာတယ်၊ တစ်မြို့လုံး လျှောက်ပြီးတောင်းနေရင်လဲ ဒီလိုချည်းတွေ့ရမှာပဲ၊ လူမသေဖူးတဲ့အိမ်ရယ်လို့ မရှိနိုင်ဘူး၊ ငါ့သား တစ်ယောက်တည်းသာ သေတာ မဟုတ်ဘူး၊ အားလုံး သေတတ်ကြတာချည်းပဲလို့ သဘောပေါက်ပြီးတော့ သားသေကို သုသာန်မှာစွန့်ပစ်ခဲ့ပြီး ဒီလိုလဲ နှုတ်ကရွတ်ဆိုမိပါသတဲ့။

နာ ဂါမဓမ္မော နော နိဂမသ ဓမ္မော၊ နာ စာပိယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊ ဧသော ဓမ္မော ယဒိဒံ အနိစ္စတော။

အယံ–သေခြင်းတရားသည်၊ နာ ဂါမဓမ္မော–တစ်ရွာတည်းနှင့်သာဆိုင်သော တရားလည်း မဟုတ်ချေ၊ နော နိဂမသ ဓမ္မော–နိဂုံးတစ်ခုတည်းနှင့်သာဆိုင်သော တရားလည်းမဟုတ်ချေ၊ နာ စာပိ ဧကကုလဿ ဓမ္မော–တစ်ခုသော အမျိုးတစ်ခုသော အိမ်ထောင်စုနှင့်သာဆိုင်သော တရားလည်းမဟုတ်ချေ၊ ယဒိဒံ အနိစ္စတာ–မမြဲသည်၏ဖြစ်ကြောင်း အကြင်သေခြင်းသည်ရှိ၏၊ ဧသေ–ဤသေခြင်းသည်၊ သဒေဝကဿ–နတ်နှင့်တကွသော၊ သဗ္ဗဿဧဝလောကဿ–တစ်လောကလုံး သတ္တဝါအားလုံး၏သာလျှင်၊ ဓမ္မော–သက်ဆိုင်သော တရားပေတည်း။

ဒီနေရာမှာ မေးစရာရှိပါတယ်၊ ဒီသူဆင်းရဲမကလေးက ဆန်းဂိုဏ်းနဲ့သဒ္ဒါနဲ့အညီ ဂါထာဖြစ်အောင် စီတတ်ပါသလား လို့မေးစရာရှိပါတယ်၊ သူကိုယ်တိုင် စီတတ်တာလဲ ဖြစ်နိုင်ပါတယ်၊ သူက အရပ်သုံးစကားနဲ့ ပြောဆိုတာကို မြတ်စွာဘုရားက ဂါထာဖြင့် ဟောထားတာလဲ ဖြစ်နိုင်ပါတယ်၊ အဲဒါက အဋ္ဌကထာများမှာ ကိသာဂေါတမီက ရွတ်ဆိုတယ်လို့ ပြဆိုထားတဲ့အတိုင်း ကြံ့ဆပြီး ပြောရတာပါပဲ၊ အပဒါန်ပါဠိတော်မှာတော့ သားသေကို စွန့်ပစ်ခဲ့ပြီး မြတ်စွာဘုရားထံ ပြန်သွားတဲ့အခါ အဲဒီဂါထာကိုရော အခြားဂါထာတစ်ခုကိုရော မြတ်စွာဘုရားက ဟောတယ်လို့လဲ ပြဆိုထားပါတယ်၊ အဲဒီအခါ မြတ်စွာဘုရား ဟောတဲ့တရားကို ကြားနာပြီးတော့ ကိသာဂေါတမီဟာ သောတာပန်ဖြစ်သွားတယ်၊ အဲဒီကနောက် ရဟန်းပြုပြီးတော့ တရားအားထုတ်သဖြင့် မကြာခင်ဘဲ ရဟန္တာမဖြစ်သွားတယ်၊ ဒီထေရီမဟာ ခေါင်းပါးတဲ့သက်နံ့ကိုဝတ်ရုံသော ရဟန်းမိန်းမတွေထဲမှာ ဧတဒဂ်ရ ထေရီမဖြစ်ပါတယ်။

(၆) ဓမ္မဒိန္နာထေရီဝတ္ထု

သုဓမ္မာဆိုတဲ့ ဆဋ္ဌမသမီးတော်ကတော့ ယခုဘုရားလက်ထက်မှာ ရာဇဂြိုဟ်မြို့တွင် ဝိသာခသူဌေးကြီး၏ ဇနီး ဓမ္မဒိန္နာ ဆိုတဲ့ သူဌေးကတော် ဖြစ်လာတယ်၊ ဝိသာခသူဌေးကြီးက မြတ်စွာဘုရား ရာဇဂြိုဟ်ကို ပထမကြွလာစဉ်က ခရီးဦးကြိုဆိုပွဲမှာ တရားနာပြီး ဗိမ္ဗိသာရမင်းကြီးနှင့်အတူပဲ သောတာပန် ဖြစ်ခဲ့တယ်၊ နောက်လဲ မြတ်စွာဘုရားထံ သွားရောက်ပြီး တရားနာလေ့ရှိပါတယ်၊ တစ်နေ့သောအခါမှာတော့ အဲဒီလို တရားနာရင်း အနာဂါမ် ဖြစ်လာတယ်၊ အနာဂါမ်ဆိုတော့ ကာမဂုဏ်အာရုံကို သာယာနှစ်သက်မှု ရာဂကင်းတယ်၊ ဝိသဘာဂအာရုံကောင်းတွေကို ကြည့်ချင်မြင်ချင်တာ မရှိဘူး၊ ဝိသဘာဂအသံကောင်းတွေကို ကြားချင်နားထောင်ချင်တာ မရှိဘူး၊ အနံ့ကောင်း အရသာကောင်းတွေကို ခံစားချင်တာ မရှိဘူး၊ ဝိသဘာဂ အတွေ့အာရုံနှင့် တွေ့ထိချင်တာမရှိဘူး၊ ဒါကြောင့် အလျင့်အလျင် နေ့များကလို ဟိုဟိုဒီဒီ ကြည့်ခြင်းမရှိဘဲ အဲဒီနေ့မှာ စက္ခုနွေ့ကိုချပြီး ဣန္ဒြေရစွာနဲ့ အိမ်ကိုပြန်လာတယ်၊ အိမ်က သူဌေးကတော် ဓမ္မဒိန္နာက သူဌေးကြီး ပြန်လာမည့် လမ်းဆီကို ပြတင်းပေါက်က မျှော်ကြည့်နေတယ်၊ အခါတိုင်းဆိုရင် သူဌေးကြီးကလဲ သူဌေးကတော်ရှိရာ ပြတင်းပေါက်ဆီကို မျှော်ကြည့်ပြီးလာတယ်၊ သူဌေးကတော်နှင့် မျက်နှာချင်းဆုံမိတဲ့အခါမှ နှစ်ယောက်လုံး ပြုံးကြတယ်၊ ဒီကနေ့တော့ မျက်လွှာကိုချပြီး ဣန္ဒြေကြီးနဲ့ လမ်းလောက်သာကြည့်ပြီး လာနေတာကို မြင်ရတဲ့အခါ "ဘာဖြစ်လာပါလိမ့်မလဲ" သူဌေးကတော်ရဲ့ စိတ်ထဲမှာ စိုးရိမ်မကင်း ဖြစ်သွားတယ်။

သူဌေးကတော်က အခါတိုင်းလိုပင် တိုက်အိမ်ပေါ်ကဆင်းပြီး သူဌေးကြီးကို ကြိုဆိုတယ်၊ လှေကားရင်းမှာ အခါတိုင်းလို လက်တွဲပြီး တက်ရအောင် လက်ကို လှမ်းပေးလိုက်တယ်၊ ဝိသာခသူဌေးကြီးက မိမိလက်ကို နောက်ပြန်ဆုတ်လိုက်တယ်၊ "နံနက်စာ စားတဲ့အခါ သူ့အကြောင်း သိရမှာပဲ"လို့ သူဌေးကတော်က စဉ်းစားမိတယ်၊ အခါတိုင်းဆိုရင် ဝိသာခသူဌေးကြီးက သူဌေးကတော်ဓမ္မဒိန္နာနှင့်အတူ စကားတပြောပြောနဲ့ ထမင်းစားလေ့ရှိတယ်၊ ဒီကနေ့ ဓမ္မဒိန္နာကို အတူစားဖို့ ခေါ်ခြင်းမရှိဘဲ ယောဂီပုဂ္ဂိုလ်ကို တိတ်ဆိတ်ငြိမ်သက်စွာနဲ့ တစ်ယောက်တည်း စားနေတယ်၊ ဒီတော့ ဓမ္မဒိန္နာမှာ "ဒီကနေ့ဘာများဖြစ်လာပါလိမ့်မလဲ" လို့ သာပြီးစိတ်ပူသွားတယ်၊ "အဲလေ ညချမ်းကျတော့ သိရမှာပေါ့" လို့ ကြံတွေးပြီး ဓမ္မဒိန္နာက စောင့်ကြည့်နေတယ်၊ ဝိသာခသူဌေးကြီးက အဲဒီနေ့ညမှာ အဆါတိုင်း နှစ်ယောက်အတူ အိပ်နေကျအခန်းကို မဝင်တော့ဘူး၊ တခြားအခန်းကို ရှင်းလင်းပြီး ရှစ်ပါးသီလနှင့်လျှောက်တဲ့ ခုတင်ကိုခင်းစေပြီးတော့ သူတစ်ယောက်တည်း အိပ်တယ်၊ အဲဒီလို ထူးခြားတဲ့ အခြေအနေတွေကိုတွေ့ရတော့ ဓမ္မဒိန္နာမှာ အလွန်စိတ်နှလုံးပူပန်ခြင်း ဖြစ်တယ်၊ "ဘယ့်နယ်လဲ သူ့မှာ တခြားမိန်းမကိုများ လိုချင်တောင့်တခြင်း ရှိနေသလား၊ သို့မဟုတ် တစ်ယောက်ယောက်က ငါ့ကိုမုန်းအောင် ကုန်းတိုက်ထားလေသလား" အဲဒီလို မဟုတ်ရင်လဲ ငါ့မှာပဲ အပြစ်ရှိနေလေသလား"လို့ ကြံတွေးပြီး အကြီးအကျယ် ပူဆွေးနေတယ်၊ ဒါပေမယ့် နှစ်ရက်လောက်တော့ အောင်ပြီးသည်းခံနေတယ်၊ သုံးရက်လောက် ရှိတဲ့အခါကျတော့ မအောင့်နိုင်တော့ဘူး သူဌေးကြီးထံ ချဉ်းကပ်ပြီး ရှိခိုးလျက် ရပ်တည်နေတယ်။

ဒီတော့ သူဌေးကြီးက "ဘာလဲ ဓမ္မဒိန္နာ အချိန်အခါမဟုတ်ဘဲ ဘာကြောင့် လာရသလဲ"လို့ မေးတယ်၊ လာရပါသော်ကော အရှင်သူဌေးကြီး အရှင်က အလျင်ကလိုမဟုတ်ဘဲဖြစ်နေတာကိုး၊ ဘယ့်နယ်လဲ အရှင့်မှာ အခြားမိန်းမကို လိုချင်တောင့်တခြင်း ရှိနေပါသလား၊ မရှိပါဘူး ဓမ္မဒိန္နာရယ်၊ ဒါဖြင့် တခြားလူကများ ကုန်းတိုက်ထားပါသလား၊ အဲဒီလို ကုန်းတိုက်တဲ့လူလဲ မရှိပါဘူး၊ ဒီလိုဆိုရင်တော့ ကျွန်မမှာ အပြစ်တစ်ခုခုရှိလို့ဖြစ်မှာပေါ့၊ သင့်မှာလဲ အပြစ်မရှိပါဘူးကွယ်၊ ဒါဖြင့် အခါတိုင်းလို ကျွန်မနှင့် စကားမပြောဘဲနေတာက ဘာကြောင့်လဲလို့ ဓမ္မဒိန္နာက တည့်တိုးကြီးမေးပါတယ်။

အဲဒီတော့ ဝိသာခသူဌေးကြီးက စဉ်းစားဆင်ခြင်တယ်၊ လောကုတ္တရာတရားဆိုတာ သူတစ်ပါးအား ပြောမပြသင့်တဲ့ တရားပဲ၊ ယခု ဓမ္မဒိန္နာမေးတဲ့ ပြဿနာကတော့ မဖြေဘဲနေလို့ မဖြစ်ပေဘူး၊ မဖြေဘဲနေလျှင် သူဟာ နှလုံးကွဲပြီး သေဖွယ်ရာ အကြောင်းရှိတယ်၊ ဒါကြောင့် သူ့ကို ချီးမြှောက်စောင့်ရှောက်သောအားဖြင့် အမှန်ကို ထုတ်ဖော်ပြောမှာပဲလို့ကြံပြီး ဒီလိုဖွင့်ဟပြောလိုက်ပါတယ်၊"ဓမ္မဒိန္နာရေ–ငါဟာ မြတ်စွာဘုရား၏ တရားတော်ကိုကြားနာပြီး လောကကိုကျော်လွန်တဲ့ လောကုတ္တရာတရားဆိုတာကို ရလာတယ်၊ အနာဂါမိမဂ်ဖိုလ်ဆိုတဲ့ ဒီတရားကိုရတဲ့သူမှာ အလျင်က သင်နဲ့ငါ ရောနှောဆက်ဆံတဲ့ လောကီအမှုအရာမျိုးကိုတော့ မပြုအပ်တော့ဘူး၊ မပြုနိုင်တော့ဘူး၊ ပြုလိုတဲ့စိတ်လဲ မရှိတော့ဘူးကွဲ့၊ ဒါကြောင့် ဒီအိမ်မှာ သင့်ဥစ္စာက ကုဋေ ၄၀၊ ငါ့ဥစ္စာက ကုဋေ ၄၀၊ အားလုံးပေါင်း ကုဋေ ၈၀ ရှိတယ်၊ အဲဒီဥစ္စာတွေအားလုံးကို သင့်သဘောအတိုင်း သိမ်းပိုက်စီမံပါ၊ ငါကတော့ သင်ပေးသမျှ ကျွေးမွေးသမျှနဲ့ မျှတပြီး နေပါမယ်၊ အကယ်၍ အဲဒီလို မနေချင်ရင်လဲ အဲဒီဥစ္စာတွေကိုယူပြီး သင့်မိဘအိမ် ပြန်လိုက ပြန်သွားနိုင်ပါတယ်၊ အကယ်၍ သင့်မှာ တခြားယောကျ်ားကို လိုလားတောင့်တခြင်း မရှိဘူး၊ ဒီအိမ်မှာပဲ နေလိုပါတယ်ဆိုရင်လဲ သင့်ကို ငါက နှမလို သမီးလို သဘောထားပြီး ကျွေးမွေးစောင့်ရှောက်သွားပါမယ်"လို့ ဝိသာခသူဌေးကြီးက သာယာညှင်းပျောင်းစွာနှင့် ရှင်းလင်းပြောပြပါတယ်။

ဒီတော့ ဓမ္မဒိန္နာက ပါရမီရှင်ဖြစ်တဲ့အတိုင်း ဒီလို စဉ်းစားဆင်ခြင်တယ်၊ "သာမန်ပကတိ ယောကျ်ားဆိုရင် ဒီလို စကားမျိုးကို မပြောနိုင်ပေဘူး၊ သူဟာ ထူးမြတ်တဲ့ လောကုတ္တရာတရားကို ရလာတယ်ဆိုတာ ဇကန်ဟုတ်ပေလိမ့်မယ်၊ ဒီ

တရားကို ငါလဲရရင် ကောင်းမှာပဲ"လို့ စဉ်းစားဆင်ခြင်မိတယ်၊ ပါရမီရှင်မို့ ဒီလိုစဉ်းစားမိတာ၊ သို့မဟုတ်ရင်လဲ အလွဲလျှောက်ပြီးကြံမိမှာ၊ "သူကငါ့အပေါ်မှာ ဒါလောက်စိတ်ပြတ်ရင် ငါကလဲ သူ့အပေါ်မှာ စိတ်ပြတ်လိုက်မယ်၊ လောကထဲမှာ ယောကျ်ားဆိုတာ မရှားပါဘူး"လို့များ အလွဲလျှောက်ပြီးကြံမိလျှင် အကျိုးမဲ့တွေ အများကြီးဖြစ်သွားနိုင်တယ်၊ ဓမ္မာဒိန္နာကတော့ ပါရမီရှိတဲ့သူမို့ ယောနိသော မနသိကာရနဲ့ အသင့်အမှန်ကိုသာ ကြံမိတယ်၊ "သူ့မှာ တရားထူးရလာလို့ ရှေးက အင်မတန်ခင်မင်မြတ်နိုးနေတဲ့ ကာမဂုဏ်တွေကို ခင်မင်တွယ်တာမှု နှစ်သက်သာယာမှု မရှိတော့ဘူးတဲ့၊ သူရလာတယ် ဆိုတဲ့တရားဟာ အင်မတန်ကောင်းတဲ့တရားပေပဲ၊ ဒီတရားကိုရအောင် ငါလဲကျင့်ချင်တယ်၊ ငါလဲရချင်တယ်"လို့ ကြံပြီးတော့ "အရှင်သူဌေးကြီး အရှင်ရလာတဲ့တရားဟာ ယောကျ်ားများသာရနိုင်တဲ့ တရားပါလား၊ သို့မဟုတ် ကျွန်မတို့ မိန်းမများလဲ ရနိုင်ပါသလား" လို့ မေးပါတယ်၊ မည်သူမဆို ဒီတရားကို ကျင့်နိုင်ပါတယ်၊ အကြောင်း ဥပနိဿယရှိတဲ့ သူဆိုရင် ရနိုင်တာချည်းပါပဲလို့ ဝိသာခသူဌေးကြီးက ပြန်ပြောတယ်၊ ဒါဖြင့် ကျွန်မကို ရဟန်းပြုဖို့ရာ ခွင့်ပြုပါလို့ ဓမ္မဒိန္နာက ခွင့်တောင်းတယ်၊ "ရှင်မရေ ကောင်းလိုက်တာကွယ်၊ သာဓုပါပဲ၊ ငါကလဲ သင့်ကို အဲဒီလို ရဟန်းပြုဖို့ပဲ တိုက်တွန်းချင်နေတာ၊ ဒါပေမယ့် သင့်စိတ်သဘောကို မသိရလို့ မပြောရဲဘဲ ရှိနေပါတယ်၊ ဝမ်းမြောက်စွာနဲ့ ခွင့်ပြုပါတယ်"လို့ ပြောပြီးတော့ ဗိမ္ဗိသာရမင်းကြီးထံမှ ရွှေထမ်းစင်ကို တောင်းယူပြီး အဲဒီရွှေထမ်းစင်ဖြင့် သူဌေးကတော်ဓမ္မဒိန္နာကို တခမ်းတနား ဘိက္ခုနီမကျောင်းကို လိုက်ပို့စေတယ်၊ ရဟန်းမိန်းမအဖြစ်သို့ ရောက်ပြီး မကြာမီပင် ရဟန္တာမ ဖြစ်သွားပါတယ်၊ အဲဒီအခါမှာ ဝိသာခသူဌေးကြီးက အလွန်နက်နဲတဲ့ ပြဿနာတွေကို မေးလို့ ဓမ္မဒိန္နာထေရီမက ရှင်းလင်းပြတ်သားစွာ ဖြေကြားတယ်၊ အဲဒီအမေးအဖြေကို စူဠဝေဒလ္လသုတ်ဆိုတဲ့ အမည်နဲ့ မဇ္ဈိမနိကာယ်မှာ သင်္ဂါယနာတင်ထားတယ်၊ အဲဒီ အဖြေကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရားက ဓမ္မဒိန္နာထေရီကို ဓမ္မကထိကအရာမှာ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးတော်မူပါတယ်။

(၇) ဝိသာခါဝတ္ထု

သံဃဒါယိကာဆိုတဲ့ သတ္တမသမီးတော်ကတော့ ယခု ဘုရားလက်ထက်မှာ ပုဗ္ဗရုံကျောင်းအမကြီး ဝိသာခါဖြစ်ပါတယ်၊ ဒီဝိသာခါကတော့ ၇–နှစ်သမီးအရွယ်ကတည်းက ဘဒ္ဒိယမြို့သို့ မြတ်စွာဘုရား ကြွလာတဲ့အခါမှာ အခြွေအရံသူငယ်မ ငါးရာနှင့်တကွ ခရီးဦးကြိုဆိုကြစဉ် တရားနာရပြီး သောတာပန် ဖြစ်ခဲ့တယ်၊ နောက်ကာလမှာ ပသေနဒီကောသလမင်းကြီးက သူ့ဖခင်ဓနဉ္ဇယသူဌေးကို ကောသလနိုင်ငံထဲမှာလာနေဖို့ ဖိတ်ခေါ်တဲ့အတွက် မိဘများနှင့်အတူ သာကေတမြို့ကို ရောက်သွားတယ်၊ အရွယ်ရောက်တဲ့အခါ သာဝတ္ထိမြို့က မိဂါရသူဌေးသား ပုဏ္ဏဝမုနနှင့် လက်ဆက်ပြီး သာဝတ္ထိမြို့မှာ နေရတယ်၊ ပုဗ္ဗရုံမည်တဲ့ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းတယ်၊ သူ့အိမ်မှာ နေ့စဉ် သံဃာတော်များအား ယာဂုများ ဆွမ်းများကို ကပ်လှူတယ်၊ ညနေပိုင်းမှာလဲ ကျောင်းသို့သွားပြီးတော့ အဖျော်များ ဆေးပစ္စည်းများကို သံဃာတော်များအား ကပ်လှူပြီး တရားနာရတယ်၊ ဒါတွေကတော့ သိကြပြီး ဖြစ်နေပါတယ်။

ကောမာရဗြဟ္မစရိယကို ကျင့်လာခဲ့ကြတဲ့ ကိုကိမင်းကြီး၏ သမီးတော် ၇–ယောက်ထဲက ရှေ့ ၆–ယောက်ကတော့ ခုတင်က ပြောခဲ့တဲ့အတိုင်း ရဟန္တာမတွေဖြစ်ပြီး ပရိနိဗ္ဗာန်စံတော်မူကုန်ပါပြီ။ နောက်ဆုံးသမီး သံဃဒါယိကာမှ ဖြစ်လာတဲ့ ဝိသာခါကျောင်းအမကြီးကတော့ အထက်မဂ်ဖိုလ်များကို မရောက်ဘူး၊ သောတာပန်အဖြစ်နဲ့ပဲ ကွယ်လွန်ပြီးတော့ ကာမာဝစရနတ်ပြည် ၆–ထပ်ထဲက နိမ္မာနရတိဆိုတဲ့ ငါးခုမြောက် နတ်ပြည်မှာ သုနိမ္မိတဆိုတဲ့ နတ်မင်းကြီး၏ နတ်မိဖုရားကြီး ဖြစ်နေပါတယ် (ဝိမာန၊ဌ၊ ၁၇၅) အဲဒီနတ်ပြည်မှာ အနာဂါမ်ဖြစ်ပြီး အဲဒီကစုတေတဲ့အခါ သုဒ္ဓါဝါသ ငါးဘုံအစဉ်အတိုင်း ဖြစ်သွားမယ်၊ နောက်ဆုံး အကနိဋ္ဌဘုံ ရောက်တဲ့အခါ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရပါလိမ့်မယ်–တဲ့။

ဘုံစဉ်စံ သောတာပန်

ဒါကြောင့် ကျောင်းအစ်မကြီးဝိသာခါကတော့ ယခုနေအခါ နိမ္မာနရတိနတ်ပြည်မှာ အကြီးဆုံး နတ်မိဖုရားကြီးအဖြစ်နဲ့ ရှိနေဆဲပါပဲ၊ အဲဒီဘုံမှာ နတ်တို့၏သက်တမ်းက ရှစ်ထောင် (၈၀၀၀) ရှိတယ်၊ လူတို့၏ နှစ်အရေအတွက်နှင့်ဆိုရင် သန်းပေါင်း နှစ်ထောင့်သုံးရာနှင့် လေးသန်းရှိတယ်၊ ဒါကြောင့် အဲဒီ ဝိသာခါ နတ်မိဖုရားကြီးဟာ အဲဒီဘုံမှာ အနှစ်သန်းပေါင်း နှစ်ထောင့်သုံးရာ ကျော်တိုင်အောင် ရှိနေဦးမယ်၊ နတ်စည်းစိမ်ချမ်းသာတွေကို ခံစားနေရဦးမယ်၊ ဒါလောက်ကြာတယ်ဆိုတော့ ပျင်းစရာတောင်ကောင်းနေမှာပါ၊ အဲဒီက အနာဂါမ်ဖြစ်ပြီး စုတေတဲ့အခါမှာ သုဒ္ဓါဝါသ ငါးဘုံထဲက အောက်ဆုံးဖြစ်တဲ့ အဝိဟာဘုံကို ရောက်ပြီး ဗြဟ္မာဖြစ်သွားမယ်၊ ဗြဟ္မာဆိုတာ မိန်းမလဲ မဟုတ်ဘူး၊ ယောကျ်ားလဲ မဟုတ်ဘူး၊ ဒါပေမယ့် ယောကျ်ားအသွင်နဲ့ ခန့်ခန့်ညားညားကြီးပါပဲ၊ ကာမရာဂမရှိတော့တဲ့အတွက် ကာမဂုဏ်အာရုံကိုလဲ အလိုမရှိဘူး၊ အဲဒီဘုံက ကမ္ဘာပေါင်းတစ်ထောင် အသက်တမ်းရှိတယ်၊ အဲဒီက အသက်တမ်းကုန်လို့ စုတေတဲ့အခါမှာ အတပ္ပါဆိုတဲ့ ဒုတိယသုဒ္ဓါဝါသဘုံကိုရောက်မယ်၊ အဲဒီမှာ အသက်တမ်းကမ္ဘာပေါင်း နှစ်ထောင်ရှိတဲ့အခါစုတေပြီး သုဒဿာဆိုတဲ့ တတိယသုဒ္ဓါဝါသဘုံ ရောက်မယ်၊ အဲဒီမှာ ကမ္ဘာပေါင်းလေးထောင်နေပြီးတဲ့အခါ သုဒဿီဆိုတဲ့ စတုတ္ထသုဒ္ဓါဝါသဘုံကို ရောက်မယ်၊ အဲဒီမှာ ကမ္ဘာပေါင်း ရှစ်ထောင်နေပြီးတဲ့အခါ အကနိဋ္ဌဆိုတဲ့အထက်ဆုံး သဒ္ဓါဝါသဘုံကို ရောက်မယ်၊ အဲဒီဘုံကျမှ ရဟန္တာဖြစ်မယ်၊ အဲဒီမှာ အသက်တမ်း ကမ္ဘာပေါင်းတစ်သောင်း ခြောက်ထောင်နေပြီးတဲ့အခါ ပရိနိဗ္ဗာန်စံရမယ်–တဲ့၊ အဲဒီက ဗြဟ္မာသက်တွေကို

ပေါင်းလိုက်ရင် ကမ္ဘာပေါင်း သုံးသောင်းတစ်ထောင် ရှိတယ်၊ ဒါကြောင့် ကျောင်းအစ်မကြီး ဝိသာခါကတော့ ဒီကမ္ဘာက နောက်ကမ္ဘာပေါင်း သုံးသောင်းတစ်ထောင်တိုင်အောင် ဗြဟ္မာ့ချမ်းသာတွေကို ခံစားပြီးမှ နိဗ္ဗာန်ကို ဝင်စံရမယ်–တဲ့။

ဝိသာခါဟာ နိမ္မာနရတိမှ သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်းတက်ပြီး ကမ္ဘာပေါင်း သုံးသောင်းတစ်ထောင်ကြာမှ နိဗ္ဗာန်ကို ဝင်စံရမယ်ဆိုတာ ဘယ်ကျမ်းကို အမှီပြုပြီး သိရပါသလဲဆိုရင် ဒီဃနိကာယ် မဟာဝဂ် သက္ကပဥ္ဇသုတ်အဖွင့် ၃၃၂–အဋ္ဌကထာကို အမှီပြုပြီး သိရပါတယ်၊ အဲဒီ အဋ္ဌကထာမှာ ဆိုထားပုံကတော့–

အယံ–ဤသိကြားမင်းသည်၊ တသ္မိံအတ္တဘာဝေ အနာဂါမိမဂ္ဂသ ပဋ္ဌိလဒ္ဓတာ–ထိုသိကြားဘဝ၌ အနာဂါမိမဂ်ကို ရသောကြောင့်၊ တတော သက္ကတ္တဘာဝတော စုတော–ထိုသိကြားအဖြစ်မှ စုတေလတ်သော် (သိကြားဘဝမှာပဲ အနာဂါမ်ဖြစ်တယ်၊ အဲဒီဘဝမှာပဲ စုတေတဲ့အခါမှာလို့ ဆိုလိုပါတယ်၊ အဲဒါကို အထူးသတိ ပြုထားကြရမယ်) ဥဒ္ဒံသောတော အကနိဋ္ဌဂါမီ ဟုတ္တာ–အထက်သို့ဆန်လျက် အကနိဋ္ဌဘုံအထိ သွားမည့်ပုဂ္ဂိုလ် ဖြစ်လတ်၍၊ အဝိဟာဒီသု နိဗ္ဗတ္တန္တော–အဝိဟာအစရှိသော သုဒ္ဓါဝါသ–အောက်လေးဘုံ၌ဖြစ်လျက်၊ ဝါ–ဖြစ်ပြီးလျှင်၊ အဝသာနေအကနိဋ္ဌေ နိဗ္ဗတ္တိဿတိ–နောက်ဆုံးမှာ အကနိဋ္ဌဘုံ၌ ဖြစ်လတ္တံ့၊ တံသန္ဓာယ–ထိုသို့ဖြစ်မည်ကို ရည်ရွယ်၍၊ ဧဝမာဟ–ထိုအကနိဋ္ဌသည် အကျွန်ုပ်၏ နောက်ဆုံးနေရာဘုံ ဖြစ်ပါလိမ့်မည်ဟု သိကြားမင်းက ဘုရားအားလျှောက်လေ၏၊ ကိရ–ဆရာအစဉ်အဆက်အားဖြင့် ကြားသိရသည်မှာ၊ ဧသ–ဤသိကြားသည်၊ အဝိဟေသု–အဝိဟာ ဗြဟ္မာတို့၌၊ ဝါ–အဝိဟာဘုံ၌၊ ကပ္ပသဟဿံ–ကမ္ဘာပေါင်း တစ်ထောင်ပတ်လုံး၊ ဝသိဿတိ–နေရလတ္တံ့၊ အတပ္ပေသုဒ္ဒေကပ္ပသဟဿာနိ–အတပ္ပါဘုံ၌ ကမ္ဘာနှစ်ထောင် နေရလတ္တံ့၊ သုဒဿေသု စတ္တာရိ ကပ္ပသဟဿာနိ–သုဒဿာဘုံ၌ ကမ္ဘာလေးထောင် နေရလတ္တံ့၊ သုဒဿီသု အဋ္ဌ–သုဒဿီဘုံ၌ ကမ္ဘာရှစ်ထောင် နေရလတ္တံ့၊ အကနိဋ္ဌေ သုသောဋ္ဌသ–အကနိဋ္ဌဘုံ၌ ကမ္ဘာတစ်သောင်းခြောက်ထောင် နေရလတ္တံ့၊ ဣတိ–ဤရေတွက်နည်းဖြင့်၊ ဧကတိံသ ကပ္ပသဟဿာနိ–ကမ္ဘာပေါင်း သုံးသောင်းတစ်ထောင်တို့ပတ်လုံး၊ ဗြဟ္မအာယုံ အနုဘဝိဿတိ–ဗြဟ္မာ့အသက် ဗြဟ္မာ့ချမ်းသာကို ခံစားရလတ္တံ့၊ (ဒီတိုင်အောင်သော စကားရပ်ကတော့ သိကြားမင်း၏ ဖြစ်သွားရမည့် ဘဝအစဉ်ကိုပြတဲ့ စကားဖြစ်ပါတယ်၊ အဲဒီစကားထဲမှာ အကနိဋ္ဌဘုံရောက်တော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရမယ် ဆိုတာကိုတော့ ပြမထားဘူး၊ အဲဒါကတော့ အကနိဋ္ဌဘုံမှာ ဘဝအသစ် ထပ်ပြီး ဖြစ်ရိုးလဲမရှိဘူး၊ အဲဒီဘုံမှာ အခြားဘုံကို ပြောင်းရွှေ့ပြီး ဖြစ်ရိုးလဲမရှိဘူး၊ အဲဒီဘုံမှာပဲ မုချရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရတယ်ဆိုတာဟာ သာသနာ့ဗဟုသုတ ရှိတဲ့ပုဂ္ဂိုလ်တွေမှာ အလွန်ထင်ရှားနေပါတယ်၊ ဒါကြောင့် အများက သိနားလည်ပြီးဖြစ်နေတဲ့ အဲဒီစကားကို ဒီနေရာမှာ ပြမထားခြင်း ဖြစ်ပါတယ်၊ အဲဒီအကနိဋ္ဌဘုံလိုပဲ ဝေဟပ္ဖလ်ဘုံနှင့် နေဝသညာနာသညာယတန ဘုံများမှာလဲ သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်များ ရောက်လာရင် အဲဒီမှာလဲ ထပ်ပြီးမဖြစ်ဘူး၊ အခြားဘုံမှာလဲ ပြောင်းရွှေ့ပြီးမဖြစ်ဘူး၊ အဲဒီဘုံမှာပဲ မုချရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရတယ်ဆိုတာကိုလဲ ဗဟုသုတ အဖြစ် မှတ်ထားကြရမယ်၊ ယခု ပြောတဲ့အတိုင်း သိကြားမင်း၏ ဖြစ်ရမည့် ဘဝအစဉ်ကို ပြောပြီးတော့ အဲဒီအဋ္ဌကထာမှာ အနာထပိဏ် ဝိသာခါတို့၏ ဖြစ်ရမည့်ဘဝအစဉ်ကိုလဲ ထိုနည်းတူပဲဆိုတာကို ဒီလိုဆက်ပြီး ပြဆိုပြန်ပါတယ်) သက္ကောဒေဝရာဇအနာထပိဏ္ဍိကော ဂဟပတိဝိသာခါ မဟာဥပါသိကာတိ၊ သိကြားမင်း အနာထပိဏ်သူဌေးကြီး ဝိသာခါဥပါသိကာမကြီး ဟူကုန်သော၊ တယောပိ ဣမေ–ဤသုံးဦးတို့သည်လည်း၊ ဧကပ္ပမာဏအာယုကောဧဝ– ဘဝအသက်တမ်းတူသော ပမာဏ ရှိကုန်သည်သာလျှင်တည်း–တဲ့။

ဒီသက္ကယပဥ္ဇသုတ် အဋ္ဌကထာမှာ အနာထပိဏ်နှင့် ဝိသာခါတို့လဲ သိကြားမင်းနှင့် အသက်အပိုင်းအခြား တူညီတယ်လို့ဆိုထားတဲ့အတွက် သိကြားမင်းဟာ သိကြားဘဝမှ သုဒ္ဓါဝါသ ငါးဘုံမှာ အစဉ်အတိုင်း ဖြစ်သွားသလို ဝိသာခါလဲ နိမ္မာနရတိမှ သုဒ္ဓါဝါသ ငါးဘုံမှာ အစဉ်အတိုင်း ဖြစ်သွားလိမ့်မယ်ဆိုတဲ့ အနက်ကို ယူရပါတယ်၊ ဒီလိုမယူဘဲ နိမ္မာနရတိဘုံမှ စုတေပြီး ပရနိမ္မိတဝသဝတ္တီဘုံမှာ ဖြစ်မယ်၊ အဲဒီမှာ အနာဂါမ်ဖြစ်ပြီးတော့ အဲဒီကစုတေတဲ့ အခါကျတော့မှ သုဒ္ဓါဝါသ ငါးဘုံမှာ အစဉ်အတိုင်း ဖြစ်သွားမယ်လို့ ဒီလိုပြောဆိုတဲ့ ဝါဒလဲ ရှိပါတယ်၊ အဲဒါဟာ ပါဠိအဋ္ဌကထာ ဋီကာရယ်လို့တော့ တိတိကျကျ မရှိဘူး၊ သို့သော် အဲဒီလိုလဲ ဖြစ်နိုင်ပါတယ်၊ သံယုတ်အဋ္ဌကထာ (တတိယတွဲ ၂၇၁) နှင့် ပုဂ္ဂလပညတ်အဋ္ဌကထာ (၄၇)များမှာတော့ ဒီလိုပြဆိုထားပါတယ်။

အချို့သောတာပန်ပုဂ္ဂိုလ်သည် ဝိပါကဝဋ်ဟူသော လောကီချမ်းသာကို လိုလား၏၊ လောကီချမ်းသာ၌ ပျော်မွေ့၏၊ ဝိပါကဝဋ်ဟူသော လောကထဲ၌သာလျှင် အဖန်ဖန်ကျင်လည်၏၊ ထင်ပေါ်၏။ အနာထပိဏ် ဝိသာခါ စူဠရထနတ်သား မဟာရထ နတ်သား သိကြားမင်း နာဂဒတ္တနတ်သား ဟူကုန်သော ဤ ၇–ဦးသော ပုဂ္ဂိုလ်တို့သည် ဝိပါကဝဋ်ကို လိုလားကြ၏၊ ဝိပါကဝဋ်၌ ပျော်မွေ့ကြ၏၊ အစမှစ၍ (ဆ ဒေဝလောကေ သော ဓေတွာ) ကာမာဝစရ နတ်ပြည် ၆–ဘုံ၌ ပရိနိဗ္ဗာန်ဝင်စံကုန်လတ္တံ့–လို့ ဆိုထားပါတယ်။

ဒီအဋ္ဌကထာစကားထဲမှာ ကာမဝစရနတ်ပြည် ၆–ထပ်မှာ အစဉ်အတိုင်း ဖြစ်တယ်ဆိုတာကတော့ တိတိကျကျယူသင့်ဟန်မတူပါဘူး၊ နတ်ပြည် ၆–ထပ်ထဲက တစ်ဘုံ နှစ်ဘုံ စသည်မှာဖြစ်ပြီး အဲဒီမှာ အနာဂါမ်ဖြစ်တယ်၊ အဲဒီဘုံမှ အဝိဟာဘုံမှာဖြစ်တယ် စသည်ဖြင့်ယူလျှင် သင့်စရာရှိပါတယ်၊ ဘာကြောင့်လဲဆိုလျှင် သက္ကပဥ္ဇသုတ်ပါဠိတော်မှာလဲ သိကြားမင်းဘဝမှာ အနာဂါမ်ဖြစ်ပြီး အဲဒီဘုံမှ အဝိဟာစသော သုဒ္ဓါဝါသဘုံများမှာ ဖြစ်မည့်အကြောင်း ပြဆိုထားသောကြောင့် ဖြစ်ပါ

တယ်၊ ဝိသာခါလို သောတာပန်ကတော့ သတ္တက္ခတ္တုပ္ပရမခေါ်တဲ့ သောတာပန်မျိုးလဲ မဟုတ်ဘူး၊ ကောလံကောလ ဧကာဗီဇီ–လို့ခေါ်တဲ့ သောတာပန်မျိုးလဲမဟုတ်ဘူး၊ ဘုံစဉ်စံသော သောတာပန်လို့ မြန်မာဝေါဟာရဖြင့်ခေါ်ကြတယ်၊ သံယုတ်အဋ္ဌကထာ ပုဂ္ဂလပညတ် အဋ္ဌကထာများကို ထောက်ဆကြည့်မယ်ဆိုရင်တော့ နတ်ပြည် ၆–ထပ်နှင့် သုဒ္ဓါဝါသ ငါးထပ်ဘုံအဆင့်ဆင့် စံသွားမှာကို အကြောင်းပြုပြီးတော့ ဘုံစဉ်စံခေါ်တယ်လို့ ဆိုဖွယ်ရာရှိပါတယ်။

တစ်နည်းအားဖြင့်တော့ ဓမ္မသင်္ဂဏီပါဠိတော်မှာ သောပတ္တိဖိုလ်ကို ပထမဘုံ၊ သကဒါဂါမိဖိုလ်ကို ဒုတိယဘုံ၊ အနာဂါမိဖိုလ်ကို တတိယဘုံ၊ အရဟတ္တဖိုလ်ကို စတုတ္ထဘုံလို့ ဟောထားပါတယ်၊ အဲဒီ အရိယဖိုလ်လေးပါးဘုံတွေကို တစ်ဆင့်ချင်း တက်သွားတဲ့အတွက် ဘုံစဉ်စံခေါ်တယ်လို့လဲ ဆိုနိုင်ပါတယ်၊ ဒီအရိယာဘုံ တစ်ဆင့်ချင်း စံသွားပုံက သတ္တက္ခတ္တုပ္ပရမ သောတာပန်–စသည်ဖြစ်ပုံနှင့် ကွဲလွဲထူးခြားတဲ့အတွက် သာပြီးသင့်လျော်ပါတယ်၊ ထူးခြားပုံကတော့ သတ္တက္ခပတ္တုပ္ပရမ သောတာပန်က ၇–ဘဝလုံး သောတာပန်အဖြစ်ဖြင့် တည်နေတယ်၊ ခုနစ်ခုမြောက် နောက်ဆုံးဘဝကျမှ အထက်မဂ်ဖိုလ်သုံးဆင့်ကို တစ်ခါတည်းတက်ပြီး ရဟန္တာဖြစ်သွားတယ်၊ ကောလံကောလ ဧကဗီဇီ–တို့ကလဲ နည်းတူပဲ၊ နောက်ဆုံးဘဝကျမှ အထက်မဂ်ဖိုလ်သုံးဆင့်ကို တစ်ခါတည်းတက်ပြီး ရဟန္တာဖြစ်ကြတာချည်းပဲ၊ဒီဘုံစဉ်စံကတော့ အဲဒီလိုမဟုတ်ဘူး၊သောတာပန်ဖြစ်ပြီးတဲ့နောက် ကာမာဝစရနတ်ဘုံတစ်ခုခုမှာ အနာဂါမ်ဖြစ်တယ်၊ အဲဒီနတ်ဘုံကစုတေတဲ့အခါ သုဒ္ဓါဝါသငါးဘုံမှာဖြစ်တယ်၊ အကနိဋ္ဌဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံတယ်၊ ဒီလို ထူးပါတယ်၊ ဒါကြောင့် သောတာပန်ဘုံအဆင့်မှ သကဒါဂါမ် အနာဂါမ် ရဟန္တာဘုံ အဆင့်များသို့ တစ်ဘဝစီ တက်ရောက်သွားလို့ ဘုံစဉ်စံခေါ်တယ်ဆိုတာက သာပြီး အသင့်ယုတ္တိရှိပါတယ်။

ယခု ပြောလာခဲ့တာဟာ အမျိုးသမီးများဘက်မှ ဗြဟ္မစရိယအကျင့်၏ အကျိုးတွေကို ခံစားရပုံ သာဓကဝတ္ထုတွေပါပဲ၊ အဲဒီတော့ အမျိုးသားဘက်ကရော အမျိုးသမီးဘက်ကရော အကျိုးပြုသာဓကတွေ စုံသွားပါပြီ၊ အဲဒီသာဓကတွေထဲမှာ ဗြဟ္မစရိယဖြင့် အဆင့်အတန်း တက်လာပုံတွေ တော်တော်များများ ပါပါတယ်၊ လူ့ချမ်းသာထက် နတ်ချမ်းသာအဆင့်ဆင့် တက်သွားပုံတွေလဲ ပါတယ်၊ ပုထုဇဉ်အဆင့်က အရိယာအဆင့် တက်သွားပုံလဲပါတယ်၊ သောတာပန်အဆင့်က သကဒါဂါမ် အနာဂါမ်အဆင့် တက်သွားပုံလဲပါတယ်၊ ဘုံအားဖြင့် လူ့ဘုံမှ နတ်ဘုံအဆင့်ဆင့် တက်သွားပုံ၊ နတ်ဘုံမှ သုဒ္ဓါဝါသ ဗြဟ္မာဘုံ အဆင့်ဆင့် တက်သွားပုံလဲပါတယ်၊ ဒါကြောင့် ဗြဟ္မစရိယကို အမြဲတမ်းဖြစ်စေ၊ ရက်ပိုင်း လပိုင်းဖြင့် ရံခါဖြစ်စေ၊ ကျင့်တဲ့ ပုဂ္ဂိုလ်များက ဒီလို အဓိဋ္ဌာန်ပြုပြီး လေးလေးနက်နက် ကျင့်ကြရမယ်၊ ကဲ–လိုက်ဆိုကြ။

သူများတွေက မမြတ်သောအကျင့်ကို ကျင့်ကြမည့်နေရာမှာ ငါတို့ကတော့ မြတ်သောအကျင့်ကိုကျင့်မည်၊ ကိလေသာပါးစေတဲ့ အကျင့်ကိုကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ မမြတ်သောအကျင့်ကို မြတ်သောအကျင့်နှင့် ရှောင်လွှဲမည်၊ မြတ်သောအကျင့်နှင့် အဆင့်အတန်းတက်မည်၊ မမြတ်သောအကျင့် ကိလေသာမီးကို မြတ်သောအကျင့်နှင့် ငြိမ်းသတ်မည်။

ငါးပါးသီလလောက် ကျင့်နိုင်ကြတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီလိုအဓိဋ္ဌာန်ပြုပြီး ကာမေသုမိစ္ဆာစာရမှ ကင်းကင်းရှင်းရှင်းကြဉ်ရှောင်ကြရမယ်၊ ကဲ–လိုက်ဆိုကြ။

"သူများတွေက မပိုင်ဆိုင်သောကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်ကြမည့်နေရာမှာ ငါတို့ကတော့ မှားယွင်းကျူးလွန်မှုကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကိုကျင့်မည်၊ ဒီလို စိတ်မျိုးကို ဖြစ်စေမည်၊ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်မှုကို ကြဉ်ရှောင်မှုနှင့် ရှောင်လွှဲမည်၊ ကြဉ်ရှောင်မှုနှင့် အဆင့်အတန်းတက်မည်၊ ကာမေသုမိစ္ဆာစာရ ကိလေသာမီးကို ကြဉ်ရှောင်မှု ဝိရတိဖြင့် ငြိမ်းသတ်မည်။"

အဗြဟ္မစရိယ ကိလေသာကို ပယ်ဖျောက်နှင့်စပ်ပြီး ပြောဟောလာတာကတော့ တော်တော်စုံသွားပြီ၊ ဒါကြောင့် ယခု အမျှဝေပြီး တရားသိမ်းကြစို့။

အမျှဝေတရားသိမ်းနိဂုံးချုပ်

ယနေ့အဖို့၌ ကျွန်ုပ်တို့ ပြုစုပွားများအားထုတ်အပ်သော ဒါနကုသိုလ်။ပ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု.... သာဓု.... သာဓု....။

သလ္လေခသုတ်တရားတော် စတုတ္ထပိုင်း ဤတွင်ပြီး၏။

သလ္လေခသုတ်တရားတော်ကြီး

ပဌမပိုင်း

၁၃၃၂–ခုနှစ်၊ ဝါခေါင်လဖြည့်နေ့ ဟောသည်။

တရားအနှုသန္ဓေ

သလ္လေခသုတ်တရားတော်ကို ဟောလာတာ ၄–ကြိမ်ရှိခဲ့ပြီ၊ အဲဒီ ၄–ကြိမ်မှာ "ဝိဟိသာ ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာ၊ မုသာ ပိသု၊ ဖရု သမ္ဖာ၊ အဘိဇ္ဈာနှင့်၊" စသည်ဖြင့် ဆိုထားတဲ့ ခေါင်းစဉ်ဆောင်ပုဒ်ထဲက အဗြဟ္မစရိယာအထိ ဟော လို့ပြီးခဲ့ပြီ၊ ယနေ့ ငါးကြိမ်မြောက်မှာ အစဉ်ကျတဲ့ မုသာဝါဒကို ဟောရမယ်။

မုသာဝါဒ

ပရေ မုသာဝါဒီ ဘဝိဿန္တိ၊ မယမေတ္တ မုသာဝါဒါ–ပဋိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ–တခြားတစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ မုသာဝါဒီ–မဟုတ်မမှန်သည်ကို လိမ်လည်ပြောဆိုကြကုန်သည်၊ ဘဝိဿန္တိ–ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ–သူတစ်ပါးတို့က လိမ်လည်ပြောဆိုကြမည့် ဤအရာဌာနဌ်၊ မယံ–မြတ်စွာဘုရား၏ တပည့်တော် သားတော် သမီးတော်ဖြစ်ကြသော ငါတို့သည်၊ မုသာဝါဒ ပဋိဝိရတာ–လိမ်လည်ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့၊ သလ္လေခေါ–ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို၊ ကရဏီယော–ပြုကျင့်အပ်၏။

အဲဒါ မြတ်စွာဘုရား၏ညြွှတ်ခံတော်ပဲ၊ သလ္လေခအကျင့်ကို မကျင့်ကြတဲ့ သူတစ်ပါးတွေက မုသာဝါဒကို ပြောဆိုကြမည့် နေရာမှာ ငါတို့ကတော့ မုသာဝါဒမှ ကြဉ်ရှောင်မယ်လို့ ဒီလိုအဓိဋ္ဌာန်ပြုပြီး သလ္လေခအကျင့်ကို ကျင့်ရမယ်တဲ့၊ အဲဒီမှာ မုသာ ဆိုတာက မဟုတ်မမှန်တာ၊ ဝါဒ–ကပြောဆိုခြင်း၊ ဒါကြောင့် မုသာဝါဒဆိုတာ မဟုတ်မမှန်တာကို အဟုတ်အမှန်လုပ်ပြီး လိမ်လည်ပြောဆိုခြင်းပါပဲ၊ ကိုယ်ကမြင်သိပါလျက်နှင့် မမြင်ဘူး မသိဘူးလို့ပြောတာ မမြင်ပါဘဲ မသိပါဘဲနှင့် မြင်တယ် သိတယ်လို့ပြောတာ အဲဒီလို လိမ်လည်ပြီးပြောတာမျိုးပါပဲ၊ အဲဒီမှာ အင်္ဂါ ၄–ပါးရှိတယ်၊ ၁။ ပြောတဲ့အရာဝတ္ထုက ပြောတဲ့ အတိုင်း မဟုတ်မမှန်ခြင်း၊ ၂။ အလွဲအမှားကို သူတစ်ပါးအား သိစေလိုခြင်း၊ ၃။ အလွဲအမှားကို အမှန်ပြု၍ ပြောဆိုခြင်း၊ ၄။ ထိုအလွဲအမှားကို အမှန်အနေအထားအားဖြင့် နာကြားသူက သိမှတ်ယုံကြည်ခြင်းဆိုတဲ့ ဒီအင်္ဂါ ၄–ပါးညီညွတ်လျှင် မုသာဝါဒ ကံ မြောက်တယ်၊ အဲဒါဟာ သူတစ်ပါးအကျိုးကို ပျက်စေနိုင်တဲ့ လိမ်လည်မှုဖြစ်ရပ် အပါယ်လေးပါးသို့ ကျစေနိုင်သည်။

အပြစ်အကြီးအငယ်ကတော့ သီလအစရှိသော ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့သူကို လိမ်ရင် အပြစ်ကြီးတယ်၊ အလိမ်ခံရတဲ့ သူက ဂုဏ်ကျေးဇူးများလေလေ အပြစ်ကြီးလေလေပဲ၊ အလိမ်ခံရတဲ့သူက သီလစသော ဂုဏ်မရှိရင် အပြစ်ငယ်တယ်၊ နောက် ပြီးတော့ အလိမ်ခံရတဲ့သူမှာ အကျိုးမဲ့ဖြစ်ရင် အပြစ်ကြီးတယ်၊ အကျိုးမဲ့များများ ဖြစ်လေလေ အပြစ်ကြီးလေလေပဲ၊ အကျိုးမဲ့ မဖြစ်စေနိုင်တဲ့ လိမ်မှုကတော့ အပြစ်မကြီးဘူး၊ "အပါယ်ပဋိသန္ဓေအကျိုး မပေးတတ်ဘူး"လို့လဲ ပြဆိုထားတာရှိပါတယ်၊ ဒါပေမယ့် သူတော်ကောင်းအနေနဲ့ဆိုရင်တော့ လိမ်လည်ပြောဆိုမှုကို လုံးဝရှောင်ကြဉ်ရတယ်၊ ပြက်ရယ်ပြုပြီး ရယ်စရာပြော တာမျိုးကိုလဲ ရှောင်ရတယ်၊ ရှောင်နိုင်လေလေ ကောင်းလေပါပဲ။

သူများက ကိုယ့်ဆီလာပြီး ပစ္စည်းတစ်စုံတစ်ခုကို ချေးငှားလာ တောင်းလာလို့ရှိရင် ကိုယ်ကလဲ အဲဒါကို မချေးချင် မပေးချင်ဘူးဆိုပါတော့၊ အဲဒါကို ဘယ်လိုပြန်ပြောမလဲ၊ ရှိနေပါလျက်နဲ့ မရှိဘူးလို့ပြောရင် မုသာဝါဒဖြစ်လိမ့်မယ်၊ ဒါပေမယ့် သူ့အကျိုးမဲ့ဖြစ်အောင် ပြောတာမဟုတ်လို့ အပြစ်ကြီးတယ်လို့တော့ မဆိုရဘူး၊ အပြစ်မကြီးပေမယ့် မုသာဝါဒကိုတော့ ရှောင် ကြဉ်သင့်တာပဲ၊ ဘယ့်နှယ်ပြောမလဲ၊ မချေးချင်ဘူး မပေးနိုင်ဘူးလို့ တည့်တည့်ပြောလိုက်ရင် ဝန်တိုတယ်ထင်ပြီး စိတ်ခုသွား လိမ့်မယ်၊ မြို့သူမြို့သားတွေဆိုတော့ အပြစ်ကင်းအောင် ပြောဖို့ရာ အကွက်မြင်နေမှာပါပဲ၊ ဘုန်းကြီးအနေနဲ့ ပြောရရင်တော့ ကိုယ်သုံးဖို့ရာလောက်သာ ရှိပါတယ်၊ ချေးဖို့ရာပေးဖို့ရာ မရှိဘူးလို့ ပြောရင်သင့်တော်လောက်စရာ ရှိပါရဲ့၊ အဲဒီလို အသေး အနုပ်ကလေးများမှစပြီး မုသာဝါဒကင်းအောင် ပြောဆိုဖို့လိုပါတယ်၊ မုသာဝါဒကိုကြဉ်ရှောင်ပြီး မှန်ကန်တဲ့ သစ္စာစကား ကိုသာ ပြောလေ့ရှိတဲ့သူကို ပတ်ဝန်းကျင်လူအများက ယုံကြည်တယ်၊ ဒီလူပြောတဲ့စကားဆိုရင် ဧကန်ဟုတ်လိမ့်မယ်လို့ အများက ယုံကြည်ကြတယ်၊ အလေးပြုကြတယ်။

သက်သေခံတဲ့အခါ အရေးကြီးတယ်

အမှန်ကိုပြောဖို့ရာ အရေးအကြီးဆုံးအခါကတော့ ပါဠိတော်များမှာ သက္ခိပုဒ္ဓော–သက်သေအဖြစ်ဖြင့် အမေးခံရလျှင်–လို့ ဆိုထားတဲ့အတိုင်း အငြင်းအခုံ အမှုကိစ္စကို ဆုံးဖြတ်ရန်အတွက် သက်သေအဖြစ်ဖြင့် မေးတဲ့အခါမှာ အမှန်အတိုင်းပြောဖို့ အလွန်အရေးကြီးပါတယ်၊ တရားစီရင်ရာ ရုံးတော်မှာဖြစ်စေ အခြားဌာနမှာ ဖြစ်စေ သက်သေအဖြစ်ဖြင့် မေးရင် မြင်တာ သိတာကို မြင်တယ် သိတယ်လို့ပဲ ပြောရမယ်၊ မမြင်တာ မသိတာကို မမြင်ဘူး မသိဘူးလို့ပဲ ပြောရမယ်၊ အဲဒါအလွန်အရေးကြီးပါတယ်၊ တချို့က မြင်ပါလျက် သိပါလျက် မမြင်ဘူး မသိဘူးလို့ ငြင်းကွယ်တယ်၊ မမြင်ဘဲ မသိဘဲနဲ့ မြင်ပါတယ် သိပါတယ်လို့ မတရားထွက်ဆိုတယ်၊ အဲဒီ မတရားထွက်ဆိုချက်ကို အတည်ပြုပြီး တရားသူကြီးက တရားစီရင်လိုက်ရင် မတရားသက်သေခံတဲ့လူမှာ အင်မတန် အပြစ်ကြီးပါတယ်၊ လူသတ်မှုမှာဆိုရင် အမှုမှန်မဟုတ်ပေမယ့် တရားခံမှာ ထောင်ဒဏ်သေဒဏ်ကျရောက်နိုင်တယ်၊ အခြားရာဇဝတ်မှုတွေမှာလဲ ငွေဒဏ် ထောင်ဒဏ်ကျရောက်နိုင်တယ်၊ အပြစ်မရှိဘဲနဲ့ ခံရတဲ့သူမှာလဲအလွန်နစ်နာတယ်၊ တရားစီရင်သူမှာလဲ အပြစ်မကင်းဘူး၊ဒါပေမယ့် လူ့ရုံးဆိုတာကတော့ သက်သေထွက်ချက်တွေအရသာ စီရင်ရတယ်၊ ကိုယ်က အမှားအမှန်သိနေပေမယ်လို့ သက်သေအထောက်အထားမရှိရင် ကိုယ်သိတဲ့အတိုင်း စီရင်ဖို့မဖြစ်နိုင်ဘူးလို့ ဆိုကြပါတယ်၊ ဘုန်းကြီးတို့၏ သာသနာတော်မှာလဲ အဓိကရုဏ်း အမှုကိစ္စဖြစ်ပေါ်လာရင် ပဋ္ဌိရူပံ ကာရဏံ လဘိတွာ–လို့ ဆိုထားတဲ့အတိုင်း သက်သေအထောက်အထားကို မှီပြီး ဆုံးဖြတ်ရတာပါပဲ။

ဒါကြောင့် သက်သေအဖြစ် အမေးခံရတဲ့အခါမှာ အမှန်အတိုင်း ပြောဆိုဖို့ရာဟာ အလွန်အရေးကြီးတယ်၊ ပစ္စည်းနှင့် ပတ်သက်ပြီး အငြင်းအခုံဖြစ်ရာမှာလဲ သက်သေက သိလျက်နဲ့ မသိဘူးလို့ ပြောရင် မသိဘဲနှင့် သိတယ်လို့လိမ်ပြောရင် တရားသူကြီးက အမှန်အတိုင်း ဆုံးဖြတ်ပေးဖို့ ခက်ပါတယ်၊ အလွဲဆုံးဖြတ်လိုက်ရင် ပိုင်ရှင်အစစ်အမှန်ဖြစ်တဲ့သူမှာ အများကြီး ဆုံးရှုံးနစ်နာတတ်ပါတယ်၊ တရားစီရင်တဲ့သူမှာလဲ အပြစ်မကင်းဘဲ ဖြစ်သွားတတ်ပါတယ်။

အရိယနှင့် အနရိယ ဝေါဟာရများ

ဒါကြောင့် အဲဒီလို သက်သေအဖြစ် အမေးခံရတဲ့အခါမှာ မြင်တာ ကြားတာ တွေ့တာ သိတာကို မြင်တယ် ကြားတယ် တွေ့တယ် သိတယ်လို့ အမှန်အတိုင်းပဲ ပြောဖို့ အရေးကြီးပါတယ်၊ မမြင်တာ မကြားတာ မတွေ့တာ မသိတာကိုလဲ မမြင်ဘူး မကြားဘူး မတွေ့ဘူး မသိဘူးလို့ အမှန်အတိုင်းပြောဖို့ အလွန်အရေးကြီးပါတယ် အဲဒီလို အမှန်အတိုင်း ပြောတဲ့ စကားရှစ်မျိုးကို အရိယဝေါဟာရရှစ်ပါးလို့ ခေါ်ပါတယ်၊ အရိယာများ သူတော်သူမြတ်များပြောတဲ့ စကားရှစ်ပါးလို့ ဆိုလိုပါတယ်၊ အဲဒီလို အမှန်အတိုင်းမပြောဘဲ မမြင်တာ မကြားတာ မတွေ့တာ မသိတာကို မြင်တယ် ကြားတယ် တွေ့တယ် သိတယ်လို့ လိမ်ပြောရင် အဲဒီစကားရှစ်မျိုးကို အနရိယ ဝေါဟာရလို့ခေါ်တယ်၊ သူယုတ်မာတို့ ပြောတဲ့စကား ရှစ်ပါးလို့ ဆိုလိုပါတယ်၊ (ပါဠိလိုကတော့ ဒိဋ္ဌေ ဒိဋ္ဌဝါဒိတာ၊ သုတေ သုတဝါဒိတာ၊ မုတေမုတဝါဒိတာ၊ ဝိညာတေ ဝိညတဝါဒိတာ–လို့ ဒါက ၄–ပါး၊ အဒိဋ္ဌေ အဒိဋ္ဌဝါဒိတာစသည်က ၄–ပါး၊ အဲဒါဟာ အရိယဝေါဟာရ ရှစ်ပါးပါပဲ၊ အနရိယ ဝေါဟာရှစ်ပါးကိုတော့ ဒိဋ္ဌေ အဒိဋ္ဌဝါဒိတာ စသည်ဖြင့်လည်းကောင်း၊ အဒိဋ္ဌေ ဒိဋ္ဌဝါဒိတာ စသည်ဖြင့်လည်းကောင်း၊ ပြောင်းပြန် ပြန်ပြီးယူရုံပါပဲ။)

ဒါကြောင့် သူများတွေက လိမ်လည်ကြမည့်နေရာမှာ ငါတို့ကတော့ လိမ်လည်မှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်–လို့ ဒီသလ္လေခအကျင့်အရ သူယုတ်မာတို့၏ မုသာဝါဒစကားရှစ်ပါးကို ပယ်ပြီးတော့ အရိယဝေါဟာရ ဆိုတဲ့ သူမြတ်တို့၏ သစ္စာစကားရှစ်ပါးကိုသာ ပြောဆိုသွားကြဖို့ပါပဲ။

စိတ္တုပ္ပါဒဝါရစသည်အတွက်

နောက်ပြီးတော့ စိတ္တုပ္ပါဒဝါရ အရဆိုရင်လဲ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်လို့ ရှေ့ဆောင်ပုဒ်တွေအတိုင်း ဆိုရုံပါပဲ၊ အဲဒီကနောက် ပရိတ္တမနဝါရစသည်အတွက်ကတော့ လိမ်လည်မှုကို သစ္စာစကားနဲ့ ရှောင်လွှဲမည်၊ သစ္စာစကားနဲ့ အဆင့်အတန်းတက်မည်၊ လိမ်လည်မှုကိလေသာမီးကို သစ္စာစကားနဲ့ ငြိမ်းသတ်မည်–လို့ ဒီလိုဆိုရုံပါပဲ၊ အဲဒီမှာ သစ္စာဆိုတဲ့ ပါဠိတော်ကတော့ မြန်မာစကားဖြစ်နေပါပြီ၊ ဒါကြောင့် မှန်တာပြောသစ္စာလို့ လူတိုင်းရဲ့ နှုတ်ဖျားမှာ တက်နေတတ်ပါတယ်၊ မှန်ကန်တဲ့ သစ္စာစကားကို ပြောခြင်းဖြင့် အပါယ်ကျစေနိုင်တဲ့ မုသာဝါဒလမ်းဆိုးကို ရှောင်လွှဲပြီးလဲ ဖြစ်သွားတယ်၊ လူ့ဘဝမှ နတ်ဘဝ ဗြဟ္မာ့ဘဝ အဆင့်ဆင့်တွေလဲ တက်သွားနိုင်တယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ အဆင့်တွေကိုလဲ တက်သွားနိုင်တယ်၊ နောက်ဆုံးမှာ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုလဲ ရောက်သွားနိုင်တယ်၊ ကဲ–အဲဒီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

အခိုင်ဘာန်ဆောင်ပုဒ်

"သူများတွေက လိမ်လည်ကြမည့်နေရာမှာ ငါတို့ကတော့ လိမ်လည်မှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလို စိတ်မျိုးကို ဖြစ်စေမည်၊ လိမ်လည်မှုကို သစ္စာစကားနဲ့ ရှောင်လွှဲမည်၊ သစ္စာစကားနဲ့ အဆင့်အတန်းတက်မည်၊ လိမ်လည်မှု ကိလေသာမီးကို သစ္စာစကားနဲ့ ငြိမ်းသတ်မည်။"

အပြစ်နှင့်အကျိုး

လိမ်ရင် ဘယ်လိုအပြစ်ရှိသလဲ၊ လိမ်လည်မှုမှ ကြဉ်ရှောင်ရင် ဘယ်လိုအကျိုးရှိသလဲလို့ ဆိုတော့ အဲဒါကို အဂုံတွေရ ပါဠိတော်မှာ မုသာဝါဒေါဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိကော စသည်ဖြင့် ပြထားပါတယ်၊ ပါဠိအသွားကတော့ အဒိန္နာဒါန်အရာမှာ ထုတ်ပြတဲ့ ပါဠိအသွားမျိုးပါပဲ၊ အတိုချုပ်ပြောရရင် လိမ်လည်ပြောတဲ့သူဟာ အပါယ်လေးပါးကျတတ်ပါတယ်–တဲ့၊ အပါယ်ကလွတ်ပြီး လူ့ဘဝရောက်လာလျှင်လဲ အစွပ်အစွဲခံရတတ်ပါတယ်–တဲ့၊ အဲဒါကို တိုတိုနဲ့ မှတ်ရအောင် ဘုန်းကြီးက "လိမ်လျှင် ပါယ်ကျ၊ လူဖြစ်က၊ ခံရအစွပ်စွဲများ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

"လိမ်လျှင် ပါယ်ကျ၊ လူဖြစ်က၊ ခံရအစွပ်စွဲများ။" (ဆို)

မုသာဝါဒမှ ရှောင်ကြဉ်ခြင်း၏ အကျိုးကိုတော့ အဲဒီက ပြန်လှန်ပြီး ယူရုံပါပဲ၊ လိမ်လည်မှုမှ ကြဉ်ရှောင်ရင် စတုမဟာရာဇ် တာဝတိံသာစသော နတ်ပြည် ၆–ထပ်ကို ရောက်တတ်တယ်၊ လူ့ဘဝရောက်ပြန်ရင်လဲ စွပ်စွဲကဲ့ရဲ့ခံရခြင်းမရှိဘဲ အများက ယုံကြည်လေးစားခြင်း ခံရတယ်လို့ ဒီလိုယူရုံပါပဲ၊ ခုဒ္ဒကပါဌနှင့် ဣတိဝုတ်အဖွင့် အဋ္ဌကထာများမှာတော့ မုသာဝါဒမှ ကြဉ်ရှောင်ခြင်း၏ အကျိုးများကို ၁၄–ပါးအထိ ပြထားပါတယ်၊ အဲဒါကို အကျဉ်းချုံးပြီး ဘုန်းကြီးက ဆောင်ပုဒ် ၃–ခု စီထားတယ်။

ပထမဆောင်ပုဒ်က "ခံတွင်းမွှေးစွာ သွားညီညာ လိုက်နာသူ့စကား"တဲ့၊ အဲဒီမှာ ခံတွင်းမွှေးစွာ–ဆိုတာက (ဥပ္ပလဂန္ဓမုခတာ) ကြာပန်းနံ့ကဲ့သို့ မွှေးသော ခံတွင်းရှိခြင်းဆိုတဲ့ စကားရဲ့ အတိုချုပ်ပဲ၊ သွားညီညာဆိုတာက (သမသိတသုဒ္ဓဒန္တာတာ) ညီညာစေ့စပ်၍ ဖြူစင်သောသွားရှိခြင်းဆိုတာရဲ့ အတိုချုပ်ပဲ၊ လိုက်နာသူ့စကားဆိုတာထဲမှာ (သုသ္ဝူသကပရိဇနတာ) ရိုရိုသေသေ နားထောင်သော ပရိသတ်ရှိခြင်းဆိုတာနှင့် (အာဒေယ္ယဝစနတာ) သူ့စကားကို အများက လိုက်နာခြင်းဆိုတဲ့ အကျိုး ၂–ပါးအတွက် ဖြစ်တယ်၊ ဒီတော့ ဒီပထမဆောင်ပုဒ်မှာ (၁) ကြာပန်းကဲ့သို့ ခံတွင်းအနံ့မွှေးခြင်း၊ (၂) ညီညွှတ်စေ့စပ်ဖြူစင်သော သွားရှိခြင်း၊ (၃) သူ့စကားကို အခြွေအရံများက ရိုသေစွာနားထောင်ခြင်း၊ (၄) သူ့စကားကို အများကလိုက်နာခြင်းဆိုတဲ့ အကျိုးလေးပါး ပါဝင်တယ်။

ဒုတိယဆောင်ပုဒ်ကတော့ "အတွေ့ကောင်းသည်၊ ဣန္ဒြေကြည်၊ စိတ်တည်လျှာနုပါး"တဲ့၊ အဲဒီမှာ အတွေ့ကောင်းသည် ဆိုတာက (သုခသမ္ဖဿတာ) ချမ်းသာသော အတွေ့ရှိခြင်းဆိုတာရဲ့ အတိုချုပ်ပဲ၊ ဣန္ဒြေကြည်–ဆိုတာက (ဝိပ္ပသန္နိန္ဒြိယတာ) ကြည်လင်သော ဣန္ဒြေရှိခြင်းဆိုတာရဲ့ အတိုချုပ်ပဲ၊ စိတ်တည်ဆိုတာက (အနုဒ္ဓတတာ) အတက်ကြွမပျံ့လွင့်ခြင်းဆိုတာနှင့် (အစ ဖပလတာ) မလျှပ်ပေါ်ခြင်းဆိုတာ၏ အတိုချုပ်ပဲ၊ လျှာနုပါးဆိုတာက (ကမလဒလသဒိသမုဒုလောဟိတ တနုဇိဝှတာ) ကြာပွင့်ဖတ်တူစွာ နူးညံ့နီမြန်း၍ ပါးလွှာသောလျှာရှိခြင်းဆိုတာရဲ့ အတိုချုပ်ပဲ၊ ဒီတော့ ဒီပုဒ်မှာ ၁။ ကောင်းသောအတွေ့ရှိခြင်း၊ ၂။ မျက်စိစသော ဣန္ဒြေတို့ ကြည်လင်ခြင်း၊ ၃။ စိတ်တည်ကြည်၍ မပျံ့လွင့်ခြင်း၊ ၄။ လျှပ်ပေါ်မှုကင်းခြင်း၊ ၅။ နီသောအဆင်းရှိလျက် နူးညံ့ပါးလွှာသော လျှာရှိခြင်းဆိုတဲ့ အကျိုးငါးပါး ပါဝင်တယ်၊ ပထမပုဒ်က ၄–ပါးနှင့် ပေါင်းလိုက်ရင် အကျိုး ၉–ပါး ရှိသွားပြီ။

တတိယဆောင်ပုဒ်ကတော့ "လုံးရပ်ညီညာ ပြောချိုစွာ မုသာရှောင်ကျိုးများ"တဲ့၊ အဲဒီမှာ လုံးရပ်ညီညာ ဆိုတာက ၁။ မဝလွန်းခြင်း၊ ၂။ မပိန်လွန်းခြင်း၊ ၃။ မပုလွန်းခြင်း၊ ၄။ မမြင့်လွန်းခြင်းဆိုတဲ့ အကျိုး ၄–ပါးအတွက် အတိုချုပ်ပဲ၊ ပြောချိုစွာ ဆိုတာကတော့ (ဝိဿဒ္ဓမဓုရဘာဏိတာ) ပြတ်သားချိုသာသော စကားရှိခြင်းဆိုတာရဲ့ အတိုချုပ်ပါပဲ၊ ဒီတော့ ဒီပုဒ်ထဲမှာ အကျိုး ၅–ပါးပါဝင်တယ်၊ ရှေ့ ၂–ပုဒ်က ၉–ပါးနှင့် ပေါင်းလိုက်ရင် အကျိုး ၁၄–ပါး ဖြစ်ပါတယ်၊ မုသာဝါဒမှ ကြဉ်ရှောင်တဲ့ သူမှာ နောက်ဘဝများ၌ ဒီအကျိုး ၁၄–ပါးကို ရနိုင်တယ်၊ ဒါကြောင့် "မုသာရှောင်ကျိုးများ"လို့ ဆိုထားပါတယ်၊ ကဲ ဒီဆောင်ပုဒ်တွေကို ဆိုကြရမယ်။

"ခံတွင်းမွေးစွာ၊ သွားညီညာ၊ လိုက်နာသူ့စကား။" (ဆို)

အဲဒီမှာ ခံတွင်းမွေးတယ်၊ သွားညီညွတ်စေ့စပ်ဖြူစင်တယ်၊ ကိုယ့်စကားကို အများက လိုက်နာတယ်ဆိုတာတွေဟာ လူတိုင်း လူတိုင်း အလိုရှိအပ်တဲ့ အကျိုးတွေပဲ။

"အတွေ့ကောင်းသည် ဣန္ဒြေကြည် စိတ်တည် လျှာနုပါး။" (ဆို)

အဲဒီမှာ ကိုယ်အတွေ့ကောင်းတယ်၊ မျက်စိနားစသည် ကြည်လင်တယ်၊ စိတ်တည်တံ့တယ်၊ လျှာနုညံ့တယ်၊ ပါးတယ် ဆိုတာတွေဟာလဲ လူတိုင်း လူတိုင်း အလိုရှိအပ်တဲ့ အကျိုးတွေချည်းပါပဲ။

"လုံးရပ်ညီညာ ပြောချိုစွာ မုသာ ရှောင်ကျိုးများ။" (ဆို)

အဲဒီမှာ လုံးရပ်ညီညာတယ် အချိုးကျတယ်ဆိုတာ လူတိုင်းအလိုရှိအပ်တဲ့ အကျိုးပါပဲ၊ အလွန်ဝပြီး ပုတ်ကြီးလိုဖြစ်နေ ရင်လဲ နေရာမကျဘူး၊ အလွန်ပိန်ပြီး အရိုးနဲ့အရေမျှ ဖြစ်နေရင်လဲ နေရာမကျဘူး၊ လူစဉ်မမီဘဲ ပုကွကွကလေး ဖြစ်နေရင်လဲ သိပ်နေရာမကျဘူး၊ သူများထက် အလွန်မြင့်ပြီး ဒေါင်ရှည်ကြီး ဖြစ်နေရင်လဲ သိပ်နေရာ မကျဘူး၊ အများ၏ စံချိန်အတိုင်း ကိုယ်လုံးနှင့်အရပ် အချိုးကျနေမှ ကောင်းတယ်၊ နောက်ပြီးတော့ ပြတ်ပြတ်သားသား ချိုချိုသာသာ ပြောတတ်တယ် ဆိုတာက လဲ အလွန်အရေးကြီးပါတယ်၊ ပြောဆိုတဲ့ အကြောင်းအရာက ဘယ်လိုပင် ကောင်းနေပေမယ့် အပြောအဆိုက နေရာမကျရင် အများက မကြိုက်ကြဘူး၊ ဝေ့လည်ဝေ့လည်နဲ့ လုံးထွေးထွေးကြီး ပြောနေရင် နားမထောင်ချင်ကြဘူး၊ တချို့က အကောင်းတွေ ပြောပြောနေတာပါပဲ၊ ဒါပေမယ့် ပြောပုံက ရန်ဖြစ်တဲ့စကားမျိုး ဖြစ်နေတယ်၊ နားမခံသာတဲ့ စကားဖြစ်နေတယ်၊ အဲဒီလို စကားကိုလဲ မကြိုက်ကြဘူး၊ တချို့ကတော့ သိပ်အပြောကောင်းတယ်၊ ရှင်းလင်းပြတ်သားတယ်၊ အစီအစဉ်ကျတယ်၊ နားဝင် လဲချိုတယ်၊ အဲဒီလိုစကားကိုတော့ အများကကြိုက်တယ်၊ အဲဒီလို အပြောကောင်းတဲ့သူမှာ ပြောတိုင်းပြောတိုင်း စ်ီးပြတ်အောင် မြင်တယ်၊ ဒါကြောင့် ပြတ်ပြတ်သားသားနဲ့ နားဝင်ချိုအောင် ပြောတတ်တယ်ဆိုတဲ့ဂုဏ်ဟာ အလွန်အရေးပါ အရာရောက်ပါ တယ်၊ အဲဒါတွေဟာ မုသာဝါဒမှ ရှောင်ပြီး သစ္စာစကားကို ပြောခြင်း၏ အကျိုးတွေပါပဲ။

မုသာဝါဒ၏ အပြစ်ဆိုတဲ့ မကောင်းကျိုးကိုတော့ အဲဒီမကောင်းကျိုးတွေမှ ပြန်လှန်ပြီး မှတ်ယူရုံပါပဲ၊ ဘယ်လိုလဲဆို ရင် ခံတွင်းမွေးစွာဆိုတာမှ ပြန်လှန်ပြီး ခံတွင်းပုပ်တယ်လို့လဲ မှတ်ယူရမယ်၊ တချို့ ခံတွင်းက အနံ့တွေ အလွန်ဆိုးနေတာဟာ ရှေးဘဝတွေက မုသာဝါဒ ပြောခဲ့ဖူးတဲ့အတွက်ကြောင့်လို့ ယူရမှာပဲ၊ သွားညီညာမှ ပြန်လှန်ပြီး သွားမညီဘူး ကျိုးတိုးကျဲတဲ ထော်လော်ကန့်လန့် ပေါက်တယ်လို့လဲ မှတ်ယူရမယ်၊ လိုက်နာသူ့စကားမှ ပြန်လှန်ပြီး သူ့စကားကို မယုံကြည်ကြ မလိုက်နာ ကြဘူး စသည်ဖြင့် ဒီလိုပြန်လှန်ပြီး မှတ်ယူရုံပါပဲ။

မျက်မှောက်မှာလဲ အကျိုးရနိုင်တယ်

နောက်ပြီးတော့ သစ္စာစကားဖြင့် နောင်တမလွန်ကျမှသာ အကျိုးကို ရနိုင်တာ မဟုတ်သေးဘူး၊ မျက်မှောက်မှာလဲ အကျိုးကိုရနိုင်ပါတယ်၊ သစ္စာစကားဖြင့် ရေပေါ်မှာလဲ သွားနိုင်ပါတယ်တဲ့၊ (သံဋ္ဌ ၁၊ ၃၀၁) ဗုဒ္ဓမြတ်စွာဘုရား လက်ထက် တော် ကာလတုန်းက မဟာကပ္ပိန မင်းကြီးဆိုတာ နောက်ပါအမတ်တစ်ထောင်နှင့်တကွ ရဟန်းပြုကြဖို့ မြတ်စွာဘုရားထံ လာကြတယ်၊ လမ်းမှာတွေ့ရတဲ့ မြစ်ကြီးသုံးတန်ကို ဘုရား တရား သံဃာ ရတနာသုံးပါးဖြင့် သစ္စာဆိုပြီး ကူးကြတယ်၊ သူတို့ စီးလာတဲ့ မြင်းတွေရဲ့ခွာတောင် ရေမစွတ်ဘူးတဲ့၊ အဲဒါဟာ သစ္စာဖြင့် ရေပေါ်မှာ ဖြတ်သွားနိုင်တယ်ဆိုတဲ့ အကြောင်းသာဓက ဝတ္ထုပါပဲ၊ ဒါပေမယ့် ယခုခေတ်လူတွေကတော့ အဲဒါကို ဒဏ္ဍာရီပါလို့ ပြောကြကောင်း ပြောကြလိမ့်မယ်၊ ဒီနေရာမှာ ယောနိ သော မနသိကာရနဲ့ စဉ်းစားဖို့ကတော့ ယခုခေတ်မှာ လေယာဉ်တွေဖြင့် ကောင်းကင်က သွားနေကြပုံတွေ အာကာသယာဉ်နဲ့ ကမ္ဘာကို ပတ်နေပုံတွေ လဗိမာန်ကို သွားပုံတွေ အဲဒါတွေကို ဘုရားလက်ထက်တော်ကာလက ကြိုတင်ပြီး ပြောပြမယ်ဆိုရင် အဲဒီခေတ်က လူတွေကလဲ ယခုခေတ်လူတွေ ဖြစ်ရပ်မှန်တွေကို ဒဏ္ဍာရီလို့ ဆိုကြဖွယ်ရှိပါတယ်၊ အမှန်ကတော့ ယခုခေတ် သိပ္ပံပညာဘက်က ထူးချွန်ပြည့်စုံသလို ဟိုရှေးခေတ်က လူတွေမှာလဲ ဘဝအဆက်ဆက်က ဖြည့်ဆည်းလေ့လာခဲ့တဲ့ ပါရမီတွေ ရှိကြတယ်ဆိုတာကို ဆင်ခြင်မိရင် လက်ခံနိုင်ဖွယ် ရှိပါတယ်။

အဆိပ်ကိုလဲ ပယ်ဖျောက်နိုင်တယ်

နောက်ပြီးတော့ သစ္စာစကားဖြင့် အဆိပ်ကိုလဲ ပယ်ဖျောက်နိုင်ပါတယ်တဲ့၊ (သံ၂–၁၊၃၀၁) အဲဒီ အကြောင်းအရာဟာ ကဏ္ဍာဒီပါယနဇာတ်ဖြင့် ထင်ရှားပါတယ်၊ အဲဒီဇာတ်မှာ ကဏ္ဍာဒီပါယနရသေ့ဟာ သူ့ဒါယကာဖြစ်တဲ့ မဏ္ဍာဗျ သူကြွယ်အိမ်သွားနေခိုက်မှာ သူကြွယ်၏သားဖြစ်တဲ့ ယညဒတ်ဆိုတဲ့ သူငယ်ကို မြွေကိုက်လို့ သူငယ်ဟာ အဆိပ်တက်ပြီး မေ့မြောနေတယ်၊ အဲဒီအခါ မဏ္ဍာဗျသူကြွယ်က ကလေးကို ဆေးကုပေးဖို့ ရသေ့ကို တောင်းပန်တယ်၊ ရသေ့က ဆေးတော့ ငါမကုတတ်ဘူး၊ သစ္စာဆိုပြီး ကုရမှာပဲလို့ ပြောပြီး သစ္စာဆိုပါသတဲ့၊ ဆိုပုံကတော့–

> "ငါဟာရသေ့ပြုပြီး ခုနစ်ရက်သာ ပျော်မွေ့ခဲ့တယ်၊ အဲဒီကနောက် အနှစ် ၁၂ဆယ်ပတ်လုံး မပျော်မွေ့ဘဲနဲ့ မြတ်သောအကျင့်ကို ကျင့်လာခဲ့တယ်။ အဲဒီလို မပျော်မွေ့ကြောင်းကို မည်သူမျှ မသိရအောင် ကျင့်ဝတ်မပျက် ကျင့်သုံးနေထိုင်ခဲ့တယ်၊ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သူငယ်မှာ အဆိပ်ပျက်ပြယ်ပြီး ချမ်းသာပါစေလို့ သစ္စာဆိုလိုက်သတဲ့။"

အဲဒီအခါ သူငယ်မှာ ရင်ဘတ်၏ အထက်ပိုင်းမှ အဆိပ်လျောကျသွားသဖြင့် မျက်စိများဖွင့်ကြည့်ကာ အမေအဖေလို့ ခေါ်နိုင်ပြီး ပြန်အိပ်သွားသတဲ့၊ အဲဒီအခါ ကလေးအဖေ မဏ္ဍာဗျသူကြွယ်က ဒီလို သစ္စာဆိုပြန်သတဲ့။

> "ငါဟာ ပေးလှူရတာကိုလဲ မနှစ်သက်ဖူး၊ အလှူခံပုဂ္ဂိုလ်ကိုလဲ မမြင်ချင်ဘူး၊ အဲဒီလို ငါ မနှစ်သက်တာကို အလှူခံပုဂ္ဂိုလ်တွေအား မရိပ်မိမသိစေဘဲ ဝတ်မပျက် ပေးလှူနေခဲ့ပါတယ်၊ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သူငယ်မှာ အဆိပ်ပျက်ပြယ်ပြီး ချမ်းသာပါစေလို့ သစ္စာဆိုလိုက်ပါသတဲ့။"

ဒီတော့ ခါးအထက်မှ အဆိပ်တွေကျသွားလို့ သူငယ်က ထပြီးထိုင်သတဲ့၊

အဲဒီအခါ သူကြွယ်က ကလေးအမေကို သစ္စာအဆိုခိုင်းတယ်၊ ကလေးအမေက "ရှင့် မျက်မှောက်မှာတော့ မဆိုဝံ့ပါဘူး"လို့ ပြောတယ်၊ "ဆိုသာဆိုပါကွယ်၊ ငါ့သား ချမ်းသာတာက လိုရင်းပါပဲ"လို့ ပြောပြီး အတင်းတိုက်တွန်းတဲ့အတွက် ကလေးအမေက ဒီလို သစ္စာဆိုပါသတဲ့။

> "ချစ်သားရေ သင့်ကိုက်တဲ့ မြွေကိုမချစ်တာနှင့် သင့်အဖေကို ငါကမချစ်တာ ထူးခြားခြင်း မရှိ အတူတူပင် ဖြစ်ပါတယ်၊ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ငါ့သားမှာ အဆိပ်ပျက်ပြယ်ပြီး ချမ်းသာပါစေ"လို့ ဆိုပါသတဲ့။

ဒီတော့ သူငယ်မှာ အဆိပ်တွေ အကုန်လျောကျပြီး ကောင်းကောင်းချမ်းသာ သွားပါသတဲ့၊ အဲဒီကနောက် ရသေ့နှင့် ကလေး၏ မိဘများဟာ အချင်းချင်း သတိပေး ဟောပြောကြတာနဲ့ သူကြွယ်ကလဲ ဝမ်းမြောက်ဝမ်းသာ စေတနာထက်သန်စွာနဲ့ ပေးလှူတယ်၊ ကလေးအမေကလဲ သူကြွယ့်အပေါ်မှာ ချစ်ခင်မြတ်နိုးစွာနဲ့ ပြုစုတယ်၊ ရသေ့ကြီးကလဲ ပျော်မွေ့စွာနဲ့ တရားအားထုတ်တဲ့အတွက် စျာန်အဘိညာဉ်များကို ရသွားပါသတဲ့။

ဒီဇာတ်မှာ ပြထားတဲ့အတိုင်း သစ္စာဆိုရုံမျှဖြင့် အဆိပ်ပျက်ပြယ်သွားတယ် ဆိုတာကို သိပ္ပံဆရာတွေ အနေနဲ့တော့ ယုံကြည်နိုင်ဖွယ် မရှိပေဘူး၊ ဒါပေမယ့် မြန်မာနိုင်ငံမှာ မြွေဆိပ်တက်နေတဲ့သူကို ဂါထာမန္တန်နဲ့ မန်းမှုတ်ပြီး ကုသရုံနဲ့ ပျောက်သွားတာ တွေ့မြင်ဖူးတဲ့ လူတွေအဖို့မှာတော့ ယုံမှားဖွယ်မရှိပါဘူး၊

ရောဂါကိုလဲ ပျောက်စေနိုင်တယ်

သစ္စာစကားကြောင့် ရောဂါလဲ ပျောက်တဲ့အကြောင်းကို ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားတာ ရှိပါတယ်၊ ဘယ်လိုလဲဆိုရင် သာသနာတော် အနှစ် ၄၀၀–လောက်အတွင်းက သီဟိုဠ်ကျွန်းမှာ မဟာမိတ္တမထေရ်ဆိုတာရှိခဲ့တယ်၊ အဲဒီမထေရ်၏ မယ်တော်မှာ ဝိသဂဏ္ဍကဆိုတဲ့ ရောဂါဖြစ်တယ်၊ ရင်သားပတ်ဝန်းကျင်မှာ ဖြစ်တဲ့အနာလို့ဆိုပါတယ်၊ ဆိပ်အိုင်းနာလို့ မြန်မာပြန်ကြတယ်၊ ကင်ဆာနာတစ်မျိုး ဖြစ်ဟန်တူပါတယ်၊ အဲဒီတော့ မယ်တော်ကြီးက သူ့သမီးဘိက္ခုနီမကို သားတော်မထေရ်ထံ ဆေးတောင်းဖို့ လွှတ်လိုက်တယ်၊ အဲဒီဘိက္ခုနီမက သူ့အစ်ကိုမထေရ်ထံ သွားပြောတဲ့အခါ မဟာမိတ္တမထေရ်က ဒီလိုပြောလိုက်ပါတယ်၊ "ငါက ဆေးမြစ်စသည်ကို ဖော်စပ်ကျိုချက်တဲ့ ဆေးနည်းကိုတော့ နားမလည်ဘူး၊ သစ္စာဆေး ပြောလိုက်ရမှာပဲ၊ ငါဟာ ရဟန်းပြုလာကတည်းက တပ်မက်သာယာတဲ့စိတ်ဖြင့် မာတုဂါမကို မကြည့်ဖူးဘူး၊ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ငါ့မယ်တော် ရောဂါပျောက်၍ ချမ်းသာပါစေ၊ ကဲသွားတော့ ဒီအတိုင်းဆိုပြီး မယ်တော်ကြီး၏ ကိုယ်ကိုပွတ်သပ်ပေးလေ"လို့ ပြောလိုက်ပါတယ်၊ ဘိက္ခုနီမ မယ်တော်ကြီးထံပြန်သွားပြီး မှာလိုက်တဲ့အတိုင်းသစ္စာဆိုပြီး ပွတ်သပ်ပေးလိုက်တဲ့အခါ မယ်တော်ကြီး၏ အနာရောဂါဟာ တစ်ခဏချင်းကြေပြီး ပျောက်သွားပါသတဲ့၊ (အဲဒါ ဝိသုဒ္ဓိမဂ် ပထမတွဲ စာမျက်နှာ (၃၈) မှာ ရှိပါတယ်။)

တရားဆေးတစ်မျိုးပေါ့

ဒါကိုလဲ ယခုခေတ် ဆရာဝန်တွေ အနေနဲ့တော့ ယုံချင်မှ ယုံမယ်၊ ဘာဖြစ်လို့လဲဆိုရင် သူတို့က သင့်လျော်တဲ့ ဆေးနဲ့မှ ရောဂါပျောက်တာကို တွေ့ဖူးတယ်၊ ရောဂါပိုးတွေ ဆိုတာကိုလဲ သူတို့က တွေ့ထားတယ်၊ ဒီပိုးတွေ အလိုလို ပျောက်သွားတယ်ဆိုတာ သူတို့အနေနဲ့ ယုံကြည်ဖို့ခက်နေကောင်း ခက်နေပါလိမ့်မယ်၊ ဒါကြောင့်ပါပဲ၊ ဒါပေမယ့် ဒီလိုသစ္စာနဲ့ ပျောက်တယ်ဆိုတာကလဲ ကမ္ဘာပေါ်မှာ ကုနည်းအမျိုးမျိုးထဲက ကုနည်းတစ်မျိုးလို့ မှတ်ယူသင့်ပါတယ်၊ တရားဆေးတစ်မျိုးပေါ့၊ ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဌာနတွေမှာ ဒုက္ခဝေဒနာတွေကို ရှုမှတ်ပြီး ရောဂါပျောက်သွားကြတဲ့ သူတွေ တော်တော်များများ ရှိပါတယ်၊ တချို့ကရောဂါရှိလို့ ဆရာဝန်ကိုသွားပြတယ်၊ ဆရာဝန်က ခွဲစိတ်ကုသရမယ်လို့ ညွှန်ကြားလိုက်တော့ ခွဲစိတ်ကုတဲ့အခါ အားကိုးရာရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုန်းကြီးတို့ရိပ်သာမှာ လာပြီး အားထုတ်တယ်၊ တရားအားထုတ်နေရင်း သမာဓိဉာဏ်က ထက်သန်လာတော့ ရောဂါက သူ့အလိုလို ပျောက်သွားတယ်၊ ဒါပေမယ့် တကယ်ပျောက်တာ ဟုတ်မဟုတ် သိရအောင်လို့ ပထမက ကြည့်ရှုဖူးတဲ့ဆရာဝန်ထံ သွားပြတယ်၊ ဒီတော့ ဆရာဝန်က ကြည့်ရှုစမ်းသပ်ပြီးတော့ ရောဂါမရှိကြောင်းပြောပြပြီး ဘယ်လိုကုလို့ပျောက်သွားတယ်ဆိုတာ မေးတယ်၊ ဘယ်လိုမှ မကုပါဘူး၊ တရားအားထုတ်ရင်း ပျောက်သွားတာပါပဲလို့ ပြန်ပြောတော့ ဆရာဝန်က အံ့သြနေသတဲ့၊ ပျောက်ဖူးတဲ့ ရောဂါတွေကတော့ တော်တော်စုံပါပြီ၊ တချို့မှာ လေနာပျောက်တယ်၊ တချို့မှာ ဗိုက်အောင့်နေတာ ပျောက်တယ်၊ တချို့မှာ သွေးတိုးရောဂါပျောက်တယ်၊ တချို့မှာ ကောင်းကိုက်နာပျောက်တယ်၊ တစ်ဦးမှာတော့ နှစ်ပေါင်းများစွာက နားပင်းနေတာပျောက်တယ်၊ တစ်ဦးမှာတော့ အနှစ် ၂၀–လောက်နာခေါင်းပိတ်နေတာ ပျောက်တယ်၊ အရှင်မဟာကဿပ အရှင်မဟာမောဂ္ဂလန်တို့မှာတော့ ဗောဇ္ဈင်တရားနာရုံနဲ့တောင် ရောဂါပျောက်ဖူးတယ်၊ မြတ်စွာဘုရားမှာတော့ ပရိနိဗ္ဗာန် စံလောက်အောင် ပြင်းထန်တဲ့ရောဂါတောင်မှ ဝိပဿနာရှုတာနဲ့ ပျောက်သွားတယ်၊ ဒါကြောင့် ဆေးမပါဘဲ အခြားနည်းဖြင့် ရောဂါပျောက်တာလဲ ရှိတယ်ဆိုတာကို ယုံကြည်သင့်ပါတယ်။

မိုးကိုလဲ ရွာစေနိုင်တယ်

နောက်တစ်ခုကတော့ သစ္စာစကားဖြင့် မိုးကိုလဲ ရွာစေနိုင်ပါတယ်တဲ့၊ (သံ၌၊ ၁၊၃၀၁) အဲဒါကတော့ ငါးရုံမင်းပရိတ်ဖြင့် ထင်ရှားနေပါပြီ၊ ဒီနေရာမှာ သစ္စာစကားဖြင့် အဆိပ်ကို ပျောက်စေနိုင်တယ်၊ ရောဂါကို ပျောက်စေနိုင်တယ်၊ မိုးကို ရွာစေနိုင်တယ်ဆိုတာတွေဟာ မုသာဝါဒမှကြဉ်ရှောင်တဲ့ ပုဂ္ဂိုလ်များနှင့်သာဆိုင်တယ်၊ အဲဒီလိုပုဂ္ဂိုလ်များက မိမိမှာရှိတဲ့ အကြောင်းအရာထူးကို ထုတ်ဖော်ပြီးသစ္စာဆိုမှ သစ္စာ၏အစွမ်းအာနုဘော်က ထင်ရှားပေါ်လာနိုင်တယ် ဆိုတာကိုလဲ သတိပြုထားကြရမယ်။

သုတသောမင်း

မုသာဝါဒမှ ကြဉ်ရှောင်မှုနှင့်စပ်ပြီး သုတသောမင်း၏ သစ္စာစောင့်ပုံဟာ အင်မတန် စိတ်ဝင်စားစရာ ကောင်းတယ်၊ ဒါကြောင့် အဲဒါကို ဒီနေရာမှာ အကျဉ်းချုပ်ထည့်ပြီး ပြောရဦးမယ်၊ သုတသောမဆိုတာ ဇာတ်တော်ထဲမှာ ၂–ဦး ရှိတယ်၊ အခုပြောမယ့် သုတသောမင်းဆိုတာကိုတော့ အခြားသုတသောမကို ထောက်ပြီးတော့ မဟာသုတသောမလို့ခေါ်တွင်ပါတယ်၊ ဒါပေမယ့် ဒီမှာတော့ မဟာကို ဖြုတ်ပြီး သုတသောမလို့ပဲ ပြောသွားမယ်။

ယခုလူတွေကလဲ အသားကြိုက်ကြတယ်

ပေါရိသာဒဆိုတာ အများက ကြားဖူးကြပါတယ်၊ တချို့မှာ ပေါရိသာဒရုပ်တောင် ဆေးထိုးထားကြသေးတယ်၊ သူဟာ မူလကတော့ ကာသိတိုင်းပြည် ဗာရာဏသီမြို့က ဗြဟ္မဒတ်မင်းဆိုတဲ့ မင်းပါပဲ၊ သူက ဘီလူးဘဝတွေမှာ အဖြစ်များခဲ့လို့ အသားကိုကြိုက်နေတယ်၊ အသားဟင်းမပါလျှင် ထမင်းမစားဘူးတဲ့၊ ယခုခေတ်လူတွေလဲ အများအားဖြင့် အသားကိုကြိုက်ကြတာပဲ၊ ကမ္ဘာပေါ်မှာ လိုက်ကြည့်ရင် အသားမစားတဲ့လူက အနည်းသားပဲ၊ အိန္ဒိယတစ်ဝိုက်က ဇာတ်မြင့်ဟိန္ဒူတွေလောက်ပဲ အစုလိုက်အားဖြင့် ထင်ရှားတယ်၊ တခြားအရပ်တွေမှာတော့ သက်သတ်လွတ်စားတဲ့သူဟာ အလွန်နည်းပါတယ်၊ ဆရာဝန်တွေကလဲ အာဟာရဓာတ်ပြည့်အောင် အသားစားဖို့ ညွှန်ကြားတတ်တယ်၊ လူတွေကလဲ အသားကြိုက်နေကြတာနဲ့တော့ အံ့ကျကိုက်နေတာပဲ။

လူသားစားလို့ နှင်ထုတ်ခံရတယ်

အဲဒီဗာရဏသီမင်းက အသားမပါရင် ထမင်းမစားတဲ့အတွက် ရသကဆိုတဲ့ စားတော်ချက်က အမြဲတမ်း အသားဟင်းချက်ပြီးတော့ ဆက်နေရတယ်၊ တစ်နေ့သောအခါ မယါတခေါ်တဲ့ သားငါးမသတ်ရတဲ့နေ့ ဖြစ်တဲ့အတွက် အသားမရှာဘဲရှိနေတယ်၊ အသားဟင်းမပါရင် အပြစ်ဒဏ်ပေးမှာကို ရသက, က ကြောက်ရှာတယ်၊ ဒါကြောင့် သူက သုသာန်သွားပြီးတော့ လတ်လတ်ဆတ်ဆတ် လူသေကောင်မှ အသားကို ယူလာပြီး ချက်တယ်၊ အိန္ဒိယမှာ လူသေရင် ကြာကြာမထားရဘူး၊ နေ့ချင်းပဲ သုသာန်ပို့ရတယ်၊ ဒါကြောင့် သေပြီးခါစ လောလောလတ်လတ် လူသေကောင်တွေက ရလွယ်ပါတယ်၊ ရသက, က အဲဒီလူသားကို ချက်ပြီး မင်းအား စားတော်ဆက်တယ်၊ ဗြဟ္မဒတ်မင်းက အဲဒီလူသားဟင်းကို စားမိတဲ့အခါ အလွန်မြိန်ရှက်ပြီး အရသာတွေ့သွားသတဲ့၊ ဒါကြောင့် ဒီအသားမျိုးသာ စားလိုတဲ့အတွက် ဘာသားလဲလို့ မေးတယ်၊ ရသက–က မပြောဝံ့၍ မပြောဘဲနေတယ်၊ မပြောရင် သတ်မယ်လို့ ခြိမ်းခြောက်တယ်၊ ဒီတော့မှ လူသားဖြစ်ကြောင်း ပြောတယ်၊ အဲဒီအခါကစပြီး လူသားကိုသာ ချက်ပြီးဆက်သဖို့ ရသကအား အမိန့်ပေးလိုက်တယ်၊ ရသက–က ထောင်ထဲက သေဒဏ်အပြစ်ရှိတဲ့ လူတွေကို သတ်ပြီး ချက်ပြုတ်ဆက်သရတယ်၊ သေဒဏ်အပြစ်ရှိတဲ့ လူတွေကုန်တော့ ညအခါ လူတစ်ယောက်ယောက်ကို သတ်ပြီး ချက်ပြုတ်ဆက်သတယ်၊ နောက်ဆုံးကျတော့ လူသားစားတဲ့ အမှုက ပေါ်လို့ စစ်သူကြီးနှင့်တကွ တိုင်းသူပြည်သားတွေက ဗြဟ္မဒတ်မင်းကို တိုင်းပြည်မှ နှင်ထုတ်လိုက်ကြတယ်။

လူသားစားလို့ ပေါရိသာဒခေါ်တယ်

ဒါကြောင့် ဗြဟ္မဒတ်မင်းက ရသက–ဆိုတဲ့ စားတော်ချက်နှင့်တကွ အဲဒီတိုင်းပြည်နယ်ပယ်မှ ထွက်ပြီးတော့ တစ်ခုသောတောအရပ်မှာ ညောင်ပင်ကြီးတစ်ခုကို အမှီပြုပြီးနေတယ်၊ တောလမ်းမှာ လာတဲ့လူကို ဖမ်းသတ်ပြီးတော့ ရသတအား ချက်ခိုင်းပြီး လူသားကို စားနေတယ်၊ ဒါကြောင့် သူ့ကို ပေါရိသာဒလို့ ခေါ်တယ်၊ ပေါရိသ–ဆိုတာက လူ၏အသား၊ အဒ–ဆိုတာက စားသူ၊ အဲဒီ ၂–ခုအပေါင်း ပေါရိသာဒဆိုတာက လူသားစားသူလို့ အနက်ရတယ်။

မရလှ ရသကချိုင်

တစ်နေ့သောအခါ ပေါရိသာဒဟာ အသားကို မရှာဘဲ ပြန်လာပြီးတော့ ရသကကို မီးဖိုမှာ ဟင်းအိုး အတည်ခိုင်းတယ်၊ အရှင်မင်းကြီး အသားက ဘယ်မှာလဲလို့ ရသက–ကမေးတော့ အသားရမှာပေါ့ အိုးသာ တည်လိုက်လို့ အမိန့်ပေးတယ်၊ ဒီတော့ ရသကခမျာမှာ ဒီကနေ့တော့ ငါ့အလုပ်ကျပြီလို့ တွေးတောပြီး ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်နဲ့ မီးထည့်ပြီး ဟင်းအိုးကို တည်ရရှာတယ်၊ ဟင်းအိုးတည်ပြီးသောအခါ ပေါရိသာဒက ရသကကိုသတ်ပြီး ချက်စားလိုက်ပါရောတဲ့၊ အဲဒါကို အကြောင်းပြုပြီးတော့ မရလှတော့ ရသကချိုင်တယ်လို့ ပြောစမှတ်တွင်နေတာပဲ။

ညောင်စောင့်နတ် ကိုးတယ်

အဲဒီကနောက်တော့ ပေါရိသာဒဟာ ခိုင်းစရာ တပည့်မရှိတော့ဘူး၊ အဲဒီ တောလမ်းလာတဲ့ သူတွေထဲက ကြိုက်ရာကို ဖမ်းသတ်ပြီး သူ့ဟာသူပဲ ချက်ပြုတ်စားနေတယ်၊ တစ်နေ့သောအခါမှာ အစောင့်အရှောက်တွေများစွာနဲ့လာတဲ့ ပုဏ္ဏားတစ်ယောက်ကို ဖမ်းယူလာတယ်၊ အစောင့်အရှောက်တွေက အရဲစွန့်ပြီး လိုက်ကြတော့ သူက စည်းရိုးတစ်ခုကို ခုန်ကျော်လိုက်တဲ့အခါမှာ ရှားငုတ်ပေါ်ကျပြီး သူ့ခြေထောက်ကို စူးသွားတယ်၊ အကြီးအကျယ် အနာတရဖြစ်တာနဲ့ ဖမ်းလာတဲ့ ပုဏ္ဏားကို စွန့်ပစ်ထားခဲ့ပြီးတော့ သူ့နေမြေနေရာ ညောင်ပင်အောက်မှာခွေပြီး အိပ်နေတယ်၊ အဲဒီလို ခွေပြီးအိပ်နေရင်းက သူက ညောင်ပင်စောင့်နတ်ကို "အနာပျောက်အောင် ကုသပေးပါ၊ အနာပျောက်ရင် အရှင်နတ်မင်းကို ၁၀၁–ပါးသော မင်းတွေရဲ့ လည်ချောင်းသွေးနဲ့ ပူဇော်ပါမည်"လို့ ကိုးသတဲ့၊ နတ်ကိုးတယ်ဆိုတာ ကလေးအရွယ်တုန်းက ဘုန်းကြီးကြားရ တွေ့ရဖူးတယ်၊ တောရွာက အမျိုးသမီးကြီးတွေဟာ ဘိုးတော်ကြီး အရှင်ကြီး ကျုပ်သားကလေးရောဂါကို ကုပေးပါ၊ ပျောက်တဲ့အခါ ပူဇော်ပသပါမယ် နတ်အုန်းသီး လဲပေးပါမယ်" စသည်ဖြင့် နတ်ကိုးတာတွေကို ကြားဖူးတယ်၊ တကယ်ဆိုတော့ နတ်ကလဲ ကုပေးနိုင်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် မိရိုးဖလာအစွဲအလမ်း ရှိတဲ့အတိုင်း တောရွာက အမျိုးသမီးတွေဟာ ဒီလိုပဲ ကိုးလေ့ရှိကြပါတယ်၊ အကြားအမြင်သုတနဲ့ အမြော်အမြင် ခေါင်းပါးရှာကြလို့ပါပဲ။

ယန်ပူဇော်ဖို့ မင်းတွေဖမ်းတယ်

ပေါရိသာဒမှာ စားစရာမရှိလို့ အစာမစားရတာနဲ့ ဒဏ်ရာက ခြောက်ပြီး ခုနစ်ရက်လောက်ကြာတော့ ပျောက်သွားတယ်၊ အဲဒါကို သူက ညောင်ပင်စောင့်နတ် ကုလို့ပျောက်တယ်ထင်ပြီး သူကိုးထားတဲ့အတိုင်းပူဇော်ဖို့ မင်းတွေကိုဖမ်းလာတယ်၊ လက်ဝါးကိုဖောက်ပြီး နွယ်ကြိုးနဲ့သီကာ ညောင်ပင်ရင်းမှာ ချည်နှောင်ထားတယ်၊ သုတသောမမင်းမှ တစ်ပါးသောမင်းတစ်ရာကို ခုနစ်ရက်အတွင်းမှာ ဖမ်းယူလာပြီး အဲဒီညောင်ပင်ရင်းမှာ စုထားတယ်လို့ ဆိုပါတယ်၊ ဇမ္ဗုဒီပါလို့ခေါ်တဲ့ အိန္ဒိယနိုင်ငံဟာ အရှေ့အနောက်တောင်မြောက် မိုင်ပေါင်းနှစ်ထောင်ကျော် သုံးထောင်ကျယ်ပါတယ်၊ ဒါလောက်ဝေးတဲ့ခရီးကို သူတစ်ယောက်တည်းနဲ့ မင်းတစ်ပါးကို ဖမ်းယူလိုက် တစ်ခါပြန်သွားလိုက် အခြားမင်းတစ်ပါးကို ဖမ်းယူလာလိုက်နဲ့ ဒီလို အခေါက်ပေါင်း တရာလောက် လုပ်ရလိမ့်မယ်၊ ခုနစ်ရက်အတွင်းဆိုတော့ နာရီတွက်ကြည့်လိုက်ရင် အလုပ်လုပ်ချိန်ဟာ နာရီပေါင်း ၁၆၈–နာရီလောက်ပဲရှိတယ်၊ မင်းတစ်ရာနဲ့ ဝေကြည့်လိုက်ရင် ပျမ်းမျှအားဖြင့် တစ်ပါးအတွက် အသွားအပြန် ၂–နာရီလောက်သာရနိုင်တယ်၊ ဒါကြောင့် အိန္ဒိယတစ်နိုင်ငံလုံးက မင်းတစ်ရာဆိုရင် ခုနစ်ရက်အတွင်းပြီးဖို့ ခက်ပါတယ်၊ အနီးပတ်ဝန်းကျင်က မင်းတွေလောက်သာ ဖြစ်နိုင်စရာ ရှိပါတယ်။

အဲဒီလို မင်းတွေကိုဖမ်းထားပြီးတော့ ပေါရိသာဒစဉ်းစားတယ်၊ သုတသောမမင်းကတော့ ပညာသင်စဉ်က ငါ့ဆရာဖြစ်နေတယ်၊ သူ့တော့ သွားဖမ်းလို့မတော်ဘူး၊ ယခု ဖမ်းထားပြီးမင်းတွေရဲ့ သွေးနဲ့ပဲ ညောင်ပင်စောင့်နတ်ကို ပူဇော်တော့မယ်လို့ စဉ်းစားမိသတဲ့၊ အဲဒီအခါ ညောင်ပင်စောင့်နတ်ကလဲ ပေါရိသာဒအနာဟာ ငါကုလို့ ပျောက်တာလဲ မဟုတ်ဘူး၊ မင်းတွေကိုသတ်ပြီး သူတို့ရဲ့သွေးတွေနဲ့ပူဇော်ရင် ငါ့ညောင်ပင်လဲ ညစ်ပေနေတော့မှာပဲ၊ အဲဒီမင်းတွေလဲ အချည်းအနှီး အသက်ဆုံးရှုံးကြမယ်၊ ဘယ်လိုလုပ်ပြီး တားမြစ်ရပါ့မလဲလို့ စဉ်းစားပြီးတော့ နတ်မင်းကြီးတွေထံ သွားပြီး အကြံဉာဏ်တောင်းတယ်၊ သုတသောမမင်းကိုပါ ဖမ်းပြီးပူဇော်မှ လက်ခံမယ်လို့ပြောဖို့ အဲဒါက အကြံဉာဏ်ပေးလိုက်ပါတယ်၊ ဒါကြောင့် ညောင်ပင်စောင့်နတ်က ကိုယ်ထင်ရှားပြပြီး ပေါရိသာဒကို ဒီလိုပြောတယ်၊ ဟေ့–ပေါရိသာဒ သင်ဟာ ဝန်ခံတုန်းက ဇမ္ဗုဒီပက မင်းတွေအကုန်လုံးဖမ်းပြီး ပူဇော်ပါ့မယ်လို့ ပြောခဲ့တယ်၊ ယခုတော့ ဂုဏ်သိန်မရှိတဲ့ အသေးအနုပ်ကလေးတွေသာ ဖမ်းလာခဲ့တယ်၊ ဒါနဲ့တော့ ငါလက်မခံနိုင်ဘူး၊ ထင်ရှားကျော်စောတဲ့ သုတသောမမင်းကိုပါ ဖမ်းလာမှ လက်ခံနိုင်မယ်လို့ ပြောသတဲ့၊ ဒီတော့ ပေါရိသာဒက ညောင်ပင်စောင့်နတ်ကိုလဲ ထင်ရှားတွေ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာနဲ့ အရှင်မင်းကြီး ဒီအတွက် မစိုးရိမ်ပါနဲ့ သုတသောမမင်းကိုလဲ ဖမ်းယူခဲ့ပါမယ်လို့ ဝန်ခံပြီး ဖမ်းဖို့ရာ ကြံစည်တယ်။

သုတသောမမင်းကို ဖမ်းပုံ

အဲဒီနေ့ရဲ့ နောက်တစ်ရက်ကလဲ ဖုဿနက္ခတ်နှင့် စန်းယှဉ်တဲ့နေ့ဖြစ်နေတဲ့အတွက် သုတသောမမင်း ခေါင်းဆေး မဂ်လာ ပြုမည့်အကြောင်းကို ပေါရိသာဒက သိတယ်၊ ဖုဿနက္ခတ်နှင့် စန်းယှဉ်တဲ့နေ့ဆိုတော့ ပြာသိုလပြည့်နေ့ ဖြစ်မှာပေါ့၊ ဒါကြောင့် အဲဒီနေ့မှာ သုတသောမမင်း၏ အစောင့်အရှောက်တွေ စစ်တပ်တွေရဲတွေ မရောက်သေးမီကတည်းက ပေါရိသာဒ ဟာ ကုရုတိုင်း ဣန္ဒပတ္ထမြို့အနီးက ဥယျာဉ်တော်အတွင်း မဂ်လာရေကန်ထဲမှာ ဆင်းပြီးတော့ ကြာဖက်အောက်က ပုန်းနေနှင့်တယ်၊ သုတသောမမင်း၏ စစ်သည်တွေ ရဲတွေကလဲ နံနက်စောစောကတည်းက နေရာယူပြီး စောင့်နေကြတယ်၊ ဥယျာဉ်တော်အတွင်းနှင့် ပတ်ဝန်းကျင်မှာ ဆင်တပ်တွေ မြင်းတပ်တွေ ရထားတပ်တွေ ခြေလျင်တပ်တွေ အထပ်ထပ် ပြည့်နေအောင် နေရာယူပြီးစောင့်နေကြတယ်၊ အဲဒါဘယ်လောက်ကြီးကျယ်သလဲဆိုရင် အဲဒီအစောင့်အရှောက်တွေ ချထားတဲ့နေရာဟာ သုံးယူဇနာရှိတယ်လို့ ဆိုပါတယ်။

သုတသောမမင်းလဲ အချိန်ကျတဲ့အခါမှာ ဆင်တော်ကိုစီးပြီး စစ်သည်တော် အခြံအရံနှင့်တကွ ဣန္ဒပတ္ထမြို့တော်က ထွက်လာတယ်၊ တံခါးဝရောက်တဲ့အခါ နန္ဒဆိုတဲ့ ပုဏ္ဏားက အမြင့်တစ်နေရာကရပ်ပြီး အောင်ဆုပေးနေတာကို တွေ့ရလို့ မေးကြည့်တဲ့အခါမှာ တစ်ဂါထာမှာ တစ်ရာတန်တဲ့ တရားဂါထာ ၄-ပုဒ်ကို ဟောဖို့ လာတဲ့အကြောင်း ကြားသိရတယ်၊ ဒါနဲ့ အဲဒီပုဏ္ဏားအား သင့်လျော်တဲ့နေရာကို ပေးစေပြီးတော့ ဥယျာဉ်တော်က ပြန်လာတဲ့အခါကျမှ တရားဂါထာများကို နာမည်အကြောင်း ပြောကြားပြီးတော့ ဥယျာဉ်တော်ကို ဆက်သွားတယ်၊ ဥယျာဉ်တော်ရောက်တော့ ဆံမုတ်ဆိတ်များကို ပြုပြင်စေပြီးတော့ မဂ်လာရေကန်ထဲဆင်းပြီး ရေချိုးတယ်၊ ရေချိုးပြီးလို့ ပြန်တက်လာတဲ့အခါ ဝတ်လဲတော်ကို ဝတ်တယ်၊ အဲဒီကနောက် ကိုယ်ရုံတော်နဲ့ မင်းတို့၏ အဆင်တန်ဆာတွေ ပန်းနံ့သာတွေကို ဆက်သကြတယ်။

အဲဒီအခါမှာ "ကိုယ်ရုံတော်တွေ အဆင်တန်တာတွေ ဆင်ပြီးတဲ့အခါမှ ဖမ်းယူရင် ထမ်းရတာ လေးလိမ့်မယ်၊ ယခုနေ အခါ ဖမ်းယူမှတော်မယ်"လို့ စဉ်းစားပြီးတော့ ပေါရိသာဒက သန်လျက်ကိုလဲဝင့်ပြီး အလွန်စူးရှပြင်းထန်တဲ့ အသံနဲ့ "ငါပေါရိသာဒဟော့"လို့လဲဟစ်အော်ပြီး ရေကန်ထဲက ခုန်တက်လာတယ်၊ "ပေါရိသာဒဟော့"ဆိုတဲ့ အသံကိုကြားတာနဲ့ အစောင့်အရှောက်စစ်တပ်တွေက ဖရိုဖရဲဖြစ်ပြီး ထွက်ပြေးကုန်သတဲ့၊ ဆင်ပေါ်က စစ်သူရဲတွေတောင် လိမ့်ကျကြတယ်လို့လဲ ဆိုပါတယ်၊ ဟိုခေတ်တုန်းက လူစွမ်းကောင်းကို အလေးပေးတဲ့ခေတ်ဖြစ်တဲ့အတွက် အကြောက်လွန်ကုန်ကြတာပါပဲ၊ ဒါကြောင့် အဲဒီခေတ်တုန်းက လူစွမ်းကောင်း တစ်ယောက်တည်းနဲ့ပေမယ့် ရန်သူအများကြီးကို အောင်နိုင်ပေတာပဲ၊ ယခုခေတ်မှာတော့ အဲဒီလို မဟုတ်တော့ပါဘူး၊ လူစွမ်းကောင်း တစ်ယောက်တည်းနဲ့ မအောင်မြင်နိုင်ဘူး၊ လက်နက်ကောင်း အကြံဉာဏ်ကောင်းနဲ့ လူများစုဖြင့်သာ အောင်မြင်နိုင်တယ်၊ ဟိုရှေးခေတ်တုန်းကတော့ လက်နက်ကလဲ ကိုယ်လိုသူလို ထူးကြတာမဟုတ်ဘူး၊ ခွန်အားဗလနဲ့ အစွမ်းသတ္တိကောင်းတဲ့သူကို ကြောက်ကြရတယ်၊ ဒါကြောင့် ပေါရိသာဒအသံကို ကြားရုံနဲ့ ကစဉ့်ကရဲ ထွက်ပြေးကုန်ကြတာပါပဲ၊ အဲဒီအခါ ပေါရိသာဒက သုတသာမမင်းကိုပွေ့ချီပြီး ပခုံးနဲ့ထမ်းကာ တစ်ဟုန်တည်း လျင်မြန်စွာ ယူဆောင်ပြေးသတဲ့၊ အစောင့်အရှောက်တွေက လိုက်ပြီးရန်မှုမှာကြောက်လို့ ပြေးတာပါပဲ၊ သူလဲ ကြောက်သေးတာပါပဲ၊ အဲဒီတုန်းက လူများစုက ဝိုင်းပြီးခဲနှင့်ထုရင်တောင် ပေါရိသာဒဟာ သေသွားနိုင်ပါတယ်၊ ဒါကြောင့် သူလဲ အတင်းပြေးပြီးတော့ လွတ်လောက်ရာရောက်မှ ပြန်လှည့်ကြည့်တယ်၊ တစ်စုံတစ်ယောက်မျှ လိုက်လာတာကို မမြင်ရတော့မှ ဖြည်းဖြည်းသက်သာသွားတယ်၊ တခြားမင်းတွေ ဖမ်းတဲ့အခါတုန်းကဆိုရင် ပေါရိသာဒဟာ ခြေထောက်ကကိုင်ပြီး ဇောက်ထိုးတွဲလောင်း ဆွဲယူလာတယ်၊သုတသောမမင်းကိုတော့ ဆရာဖြစ်ခဲ့ဖူးတဲ့အတွက် ပခုံးနဲ့ထမ်းပြီး ယူလာတယ်၊ အဲဒီလို ယူလာရာမှာ ရေချိုးပြီးခါစမို့ ဆံပင်မှ ရေတွေက ပေါရိသာဒ ကိုယ်ပေါ်ကျနေတယ်၊ အဲဒါကို ပေါရိသာဒက မျက်ရည်ကျတယ်လို့ ထင်မှတ်ပြီးတော့ ဒီလို ပြောဆိုမေးမြန်းတယ်၊ "ဆရာ ပညာရှိဆိုတာ ငိုရိုးထုံစံမရှိဘူး၊ သေရမှာကြောက်လို့ ငိုတာလား၊ သားမယား စသည်အတွက် စိုးရိမ်လို့ ငိုတာလား"လို့ မေးတယ်။

ဝန်ခံချက်ပျက်မှာတော့ စိုးရိမ်တယ်

ဒီတော့ သုတသောမမင်းက ပြန်ပြောတယ်၊ "ပေါရိသာဒ-ငါမငိုပါဘူး၊ သင့်ကိုယ်ပေါ်ကျတဲ့ ရေတွေက မျက်ရည်မဟုတ်ပါဘူး၊ ဆံပင်က ရေတွေပါ၊ ငါဟာ သေရမှာလဲ မကြောက်ဘူး၊ သားမယားစသည်တွေ အတွက်လဲ မစိုးရိမ်ဘူး၊ ဒါပေမယ့် စိုးရိမ်ပူပန်တာ တစ်ခုတော့ ရှိတယ်၊ ဥယျာဉ်တော်ထွက်လာစဉ်က နန္ဒပုဏ္ဏားနှင့် ချိန်းဆိုထားခဲ့တာ ရှိတယ်၊ အဲဒီ ချိန်းဆိုထားတဲ့ စကားပျက်ကွက်မှာတော့ စိုးရိမ်တယ်၊ ဒါကြောင့် အဲဒီပုဏ္ဏားနှင့်တွေ့ပြီး အဲဒီအချိန်းအချက်ကိစ္စကို ဖြေရှင်းပြီးတော့ သစ္စာစကားစောင့်သောအားဖြင့် သင့်ထံပြန်လာပါ့မယ်"လို့ ပြောတယ်။

"ဟာ-ဆရာ့နှယ် ဘယ့်နှယ်ပြောပါလိမ့်၊ သေမင်းလက်က လွတ်သွားတဲ့သူဟာ သေမင်းထံ ပြန်လာမယ်ဆိုတာ ကျွန်ုပ်မယုံနိုင်ဘူး၊ ဆရာဟာ ကိုယ့်နန်းတော်ပြန်ရောက်ပြီး သားမယားစသည် အခြွေအရံတွေနဲ့ ချမ်းချမ်းသာသာနေရာက

ရန်သူ့ထံ ပြန်လာမယ်ဆိုတာ မဖြစ်နိုင်ဘူး၊ စစ်တပ် အစောင့်အရှောက်တွေ အလယ်မှာနေတဲ့ ဆရာ့ကို ကျွန်ုပ်ကလဲ တစ်ဖန်လာပြီး ဖမ်းယူနိုင်မှာ မဟုတ်ဘူး"လို့ ပေါရိသာဒက ပြန်ပြောတယ်။

အဲဒီတော့ သုတသောမမင်းက "ပေါရိသာဒ သင်ဟာ ပညာသင်စဉ်က ငါနှင့်အတူ အကြာကြီးနေဖူးတာပဲ၊ လေတိုက်လို့ တောင်ကြီးသာ လိမ့်သွားရင်သွားနိုင်မယ်၊ ငါကတော့ ဘယ်နည်းနဲ့မှ လိမ်မပြောနိုင်ဘူး၊ ဒီလို ဝန်ခံပြောဆိုယုံနဲ့ မယုံသေးရင် ငါကျိန်ဆိုပြမယ်၊ သန်လျက်ဓားကိုလဲ သုံးသပ်ပါမယ်၊ လှံကို သုံးသပ်ပါမယ်၊ ငါဟာ ပြန်မလာလို့ရှိရင် သန်လျက် ဓားလှံ ဘေးဒဏ်သင့်ပြီး သေရပါစေလို့" ကျိန်ဆိုပြီး ခွင့်တောင်းလိုက်ပါတယ်။

ဒီတော့ ပေါရိသာဒက စဉ်းစားတယ်၊ "မင်းဆိုတာ သန်လျက်ဓားလှံနှင့် စပ်ပြီး ကျိန်ဆိုလေ့မရှိဘူး၊ သုတသောမမင်းဟာ အလွန်ကြမ်းတမ်းတဲ့ အလွန်ကြောက်ဖွယ်ကောင်းတဲ့ ကျိန်ဆိုခြင်းကိုတောင် ပြုပေတယ်၊ ပုဏ္ဏားနှင့် တွေ့ဆုံမယ်ဆိုတဲ့ ဝန်ခံချက်ပျက်သွားမှာ အလွန်စိုးရိမ်ပူပန်နေလို့ ဖြစ်မှာပဲ"လို့ ယုံကြည်ယူဆပြီး သုတသောမမင်းကို လွှတ်လိုက်ပါတယ်၊ ဝန်ခံချက်ကိစ္စပြီးတဲ့အခါ သစ္စာစကားကို စောင့်သောအားဖြင့် ဆက်ဆက်ပြန်လာခဲ့ရမယ်–လို့လဲ မှာလိုက်သေးတယ်။

တစ်ရာတန် ဂါထာများ

သုတသောမမင်းဟာ ပြန်လာတဲ့အခါ မြို့ပြင်က စောင့်နေကြတဲ့ မှူးမတ်စစ်သည် အခြွေအရံတွေနဲ့ တွေ့တယ်၊ အဲဒီ အခြွေအရံတော်တွေနဲ့ နန်းတော်ရောက်တဲ့အခါ နန္ဒပုဏ္ဏားရဲ့ တရားကိုနာဖို့ အရေးတကြီး အလျင်အမြန် စီစဉ်တယ်၊ အဲဒီ တရားဂါထာ ၄–ပုဒ်က ဒီကနေ့အတွက် မှတ်သားဖွယ်အထူးတစ်ရပ်ပဲ၊ နန္ဒတရားဂါထာများဖြစ်တယ်၊ ဒါကြောင့် သုတသောမမင်းက နန္ဒပုဏ္ဏားကို မြင့်တဲ့နေရာမှာ နေစေတယ်၊ မိမိက နိမ့်တဲ့နေရာက ထိုင်ပြီး တရားနာပါတယ်၊ အဲဒီအခါ နန္ဒပုဏ္ဏားက ဒီလိုဟောပါတယ်။

(၁) သကိဒေဝ သုတသောမ၊ သဇ္ဇိ ဟောတိ သမာဂမော။
သာ နံ သင်္ဂတိ ပါလေတိ၊ နာသဇ္ဇိ ဗဟုသင်္ဂမော။

သုတသောမ–အရှင်သုတသောမမင်း၊ သဇ္ဇိ–သူတော်ကောင်းတို့နှင့် သမာဂမော–ပေါင်းဆုံခြင်းသည်၊ သကိဒေဝ–တကြိမ်သာလျှင်၊ ဟောတိ–ဖြစ်၏၊ ဝါ–တစ်ကြိမ်သာလျှင် ဖြစ်စေကာမူ၊ သာသင်္ဂတိ–တစ်ကြိမ်ပေါင်းဆုံရ တွေ့ရခြင်းသည်၊ နံ–သူတော်ကောင်းတို့နှင့် ပေါင်းဆုံရ တွေ့ရသော ထိုသူကို၊ ပါလေတိ–အကျိုးမဲ့ပယ်ရှား အကျိုးများအောင် ရွက်ဆောင်စောင့်ရှောက်တတ်ပေ၏၊ အသဇ္ဇိ–သူယုတ်မာတို့နှင့်၊ ဗဟုသင်္ဂမော–အကြိမ်များစွာ ပေါင်းဆုံခြင်းသည်၊ ဝါ–အကြိမ်များစွာ ပေါင်းဆုံရစေကာမူ၊ နပါလေတိ–အကျိုးများအောင် မရွက်ဆောင် မစောင့်ရှောက်တတ်ပေ။

သူတော်ကောင်းဆိုတာ မိမိအကျိုး သူတစ်ပါးအကျိုး ပျက်အောင် မပြုတတ်ဘူး၊ မိမိအကျိုး သူတစ်ပါးအကျိုးဖြစ်အောင်သာ ကြံတတ်တယ်၊ ပြောတတ်တယ်၊ ပြုတတ်တယ်၊ အဲဒီလို သူတော်ကောင်းနဲ့ တစ်ကြိမ်တစ်ခါလောက် တွေ့ဆုံရ ပေါင်းဆုံရတယ်ဆိုရင်ကို အဲဒီလို တစ်ကြိမ်တစ်ခါ တွေ့ဆုံပေါင်းသင်းရခြင်းက အဲဒီ တွေ့ဆုံပေါင်း သင်းရတဲ့သူကို အကျိုးမဲ့ဖြစ်ရအောင် အကျိုးစီးပွားဖြစ်ရအောင် ကျေးဇူးပြုတတ် စောင့်ရှောက်တတ်ပါတယ်၊ မိမိအကျိုး သူတစ်ပါးအကျိုးကို ပျက်အောင် ကြံတတ်ပြောတတ်တဲ့ သူယုတ်မာနဲ့ဆိုရင်တော့ အကြိမ်များစွာ တွေ့ဆုံပေါင်းသင်းရပေမယ့် အဲဒီတွေ့ဆုံ ပေါင်းသင်းရခြင်းက အကျိုးများအောင် မဆောင်ရွက်တတ်ဘူး၊ အကျိုးမဲ့ကိုသာ ဖြစ်စေတတ်တယ်–လို့ ဆိုလိုပါတယ်၊ အဲဒါကို အလွယ်တကူ မှတ်ထားရအောင် ဆောင်ပုဒ် ၂–ခုစီထားပါတယ်၊ သပ္ပရိသ တစ်ကြိမ်မျှတွေ့က စောင့်ရှောက်သည်တဲ့၊ သပ္ပရိသဆိုတဲ့ ပါဠိတော်ကတော့ မြန်မာစကားဖြစ်နေပါပြီ၊ ဒါကြောင့် တရားနာဖိတ်တဲ့အခါမှာ "သပ္ပရိသအပေါင်း သူတော်ကောင်းတို့" ကြွေးကြော်လေ့ ရှိကြပါတယ်၊ ကဲ–အဲဒါကို ဆိုကြရမယ်။

"သပ္ပရိသ၊ တစ်ကြိမ်မျှ၊ တွေ့က စောင့်ရှောက်မည်။" (ဆို)

ဒုတိယဆောင်ပုဒ်ကတော့ သူယုတ်မာအား အကြိမ်များ တွေ့ငြား မစောင့်ပြီ"တဲ့၊ သူယုတ်မာကို အကြိမ်များစွာ တွေ့ဆုံပေါင်းသင်းရသော်လဲ အဲဒါကတော့ မစောင့်ရှောက်တတ်ဘူးလို့ ဆိုလိုပါတယ်၊ အဲဒါကို ဆိုကြရမယ်။

"သူယုတ်မာအား၊ အကြိမ်များ၊ တွေ့ငြား မစောင့်ပြီ။" (ဆို)

အဲဒီလို ပထမဂါထာကို ဟောပြီးတော့ နန္ဒပုဏ္ဏားက ဒုတိယဂါထာကို ဒီလို ဟောထားပါတယ်။

(၂) သဇ္ဇိရေ၀ သမာသေထ၊ သဇ္ဇိကု ဗ္ဗေထ သန္တ်ံ။
သတံ သဒ္ဓမ္မ မညာယ၊ သေယ္ယော ဟောတိ နပါပိယော။

သဇ္ဇိရေ၀–သူတော်ကောင်းတို့နှင့်သာလျှင်၊ သမာသေထ–အတူတကွ နေထိုင်ရာ၏၊ သဇ္ဇိ–သူတော်ကောင်းတို့နှင့်၊ သန္တ်ံ–ပေါင်းဖက်ယှဉ်တွဲ မှီ၀ဲဆည်းကပ်ခြင်းကို၊ ကုဗ္ဗေထ–ပြုရာ၏။

သူတော်ကောင်းနှင့်သာ အတူတကွနေထိုင်ရမယ်၊ သူတော်ကောင်းနှင့်အတူနေရင် အဲဒီသူတော်ကောင်း၏ ပြောဆိုပုံ ပြုလုပ်ပုံတွေကို တွေ့မြင်ကြားသိရပြီးတော့ ကောင်းတဲ့အမူအရာတွေကို အတုလိုက်ပြီး ပြောတတ်ပြုတတ်တယ်၊ ဒါကြောင့် သူတော်ကောင်းထံ ဆည်းကပ်မှု မရှိနှင့်ဦးတော့ အတူတကွနေထိုင်ရုံမျှပင် ကျေးဇူးများလှပေပြီ၊ ဒါပေမယ့် အဲဒါလောက်နဲ့ အားရမနေဘဲ သူတော်ကောင်းကို ဆည်းကပ် ပေါင်းသင်းရမယ်တဲ့၊ ဆရာတင်ပြီး ဆည်းကပ်မှီ၀ဲတာကို ဆိုတာပါပဲ၊ အဲဒီ ၂–ပိုဒ်ကို ပေါင်းပြီး ဆောင်ပုဒ်တစ်ခုတည်းပဲ စီထားတယ်၊ "သူတော်ကောင်းသာ၊ ပေါင်းသင်းရာ၊ မြတ်စွာမိန့်ခဲ့သည်"တဲ့၊ အဲဒီဂါထာကို သုတသောမမင်းအား နန္ဒပုဏ္ဏားက ဟောတာဖြစ်ပေမယ့်၊ မူလကတော့ ကဿပမြတ်စွာဘုရား ကိုယ်တော်တိုင် ဟောခဲ့တဲ့ဂါထာဖြစ်ပါတယ်၊ ဒါပေမယ့် သာသနာရဲ့အပြင်ပက ပုဂ္ဂိုလ်တွေကယူပြီး အဆက်ဆက်ဟောပြောလာကြတဲ့အတွက် အဲဒီအခါမှာ နန္ဒပုဏ္ဏားလက်ထဲ ရောက်နေခြင်းဖြစ်ပါတယ်၊ ယခုလဲ မြတ်စွာဘုရားဟောခဲ့တဲ့ တရားဂါထာအချို့ကို အိန္ဒိယက ဗြာဟ္မဏတွေက သူတို့ရဲ့ ကျမ်းတွေထဲ ထည့်သွင်းထားခဲ့ကြလို့ သူတို့ရဲ့ကျမ်းရင်းက တရားလိုလို ဖြစ်နေတာတွေ တော်တော်များများရှိနေပါတယ်၊ အဲဒီလို တရားဂါထာတွေဟာ ဗုဒ္ဓသာသနာတော် ကွယ်သွားပေမယ့် သူတို့ရဲ့ ကျမ်းတွေထဲမှာ ရှိနေမှာပဲ၊ ယခု နန္ဒပုဏ္ဏားဟောတဲ့ ဂါထာတွေဟာလဲ အဲဒီနည်းဖြင့် သာသနာပမှာ တည်ရှိနေတာပါ၊ မူလကတော့ ဘုရားဟောပါပဲ၊ ဒါကြောင့် "မြတ်စွာမိန့်ခဲ့သည်" လို့လဲ ဆောင်ပုဒ်ထဲမှာ ထည့်ထားပါတယ်၊ ကဲ–အဲဒါကို ဆိုကြရမယ်။

"သူတော်ကောင်းသာ၊ ပေါင်းသင်းရာ၊ မြတ်စွာမိန့်ခဲ့သည်။" (ဆို)

သိလျှင် သိရသလောက် မြင့်မြတ်လာသည်

သတံ–သူတော်ကောင်းတို့၏၊ သဒ္ဓမ္မံ– သူတော်ကောင်းတရားကို၊ အညာယ–သိ၍၊ ၀ါ–သိသည်ရှိသော်၊ သေယ္ယော–ရှေးကထက်တိုး၍ တစ်မျိုးမြင့်မြတ်သည်၊ ဟောတိ–ဖြစ်၏၊ နပါပိယော–ယုတ်ညံ့သွားသည်ကား မဟုတ်ပေ။

သူတော်ကောင်းတို့နှင့် ပေါင်းသင်းတော့ သူတော်ကောင်းတရားကို သိရတယ်၊ သူတော်ကောင်း တရားကို သိရတော့ ရှေးကထက်ပိုပြီး တစ်မျိုးတစ်မည် မြင့်မြတ်လာပါတယ်တဲ့၊ သူတော်ကောင်းတရားကို တစ်လုံးတစ်ပါဒမျှသိရရင် အဲဒီတစ်လုံး တစ်ပါဒအတွက် မြင့်မြတ်လာတာပဲ၊ နှစ်လုံး သုံးလုံး စသည်သိရရင် အဲဒီသိရသလောက် မြင့်မြတ်လာတာပဲ၊ နည်းနည်းသိရင် နည်းနည်းတော့ မြင့်မြတ်လာတာပဲ၊ များများသိရင် များများမြင့်မြတ်လာတာပဲ၊ ယခုဗုဒ္ဓသာသနာတော်မှာ သူတော်ကောင်းဖြစ်တဲ့ မိဘဆရာသမားတွေထံမှ ဘုရားစစ်ဘုရားမှန်အကြောင်းကို ကြားနာပြီးသိကြရတယ်၊ အရဟံအစရှိသော ဂုဏ်တော်တွေထဲက တစ်ပုဒ်လောက်သိရရင် အဲဒီတစ်ပုဒ်ကိုသိရတဲ့အတွက် မြင့်မြတ်လာတာပဲ၊ ဥပမာ–ကိလေသာတို့မှ ကင်းဝေးစင်ကြယ်တယ်ဆိုတဲ့ အရဟံဂုဏ်တော်အရ မြတ်စွာဘုရားမှာ လိုချင်တပ်မက်တဲ့ လောဘမရှိဘူး၊ စိတ်ဆိုးတယ် ပြစ်မှားတတ်တဲ့ ဒေါသ မရှိဘူး၊ အမှန်ကို မသိရင် အလွဲအမှားကို သိတတ်တဲ့ မောဟမရှိဘူးဆိုတာကို သိရရင် အဲဒီလိုသိပြီး ဘုရားစစ် ဘုရားမှန်ကို ကြည်ညိုတတ်တဲ့အတွက် မြင့်မြတ်လာတာပဲ၊ ဗုဒ္ဓဂုဏ်တော်အရ မြတ်စွာဘုရားဟာ တရားအလုံးစုံကို အကုန်သိတယ်၊ မသိတာရယ်လို့ မရှိဘူးဆိုတာကိုသိရရင်လဲ ဘုရားစစ်ဘုရားမှန်ကို ကြည်ညိုတတ်တဲ့အတွက် မြင့်မြတ်လာတာပဲ၊ တရားနဲ့စပ်ပြီးတော့လဲ တရားတော်ဟာ လိုက်နာပြီးကျင့်တဲ့သူကို အပါယ်လေးပါးမှ လွတ်စေတယ်၊ လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ရစေတတ်တယ်လို့ သိရရင်လဲ မြင့်မြတ်လာတာပဲ၊ လိုက်နာကျင့်ကြံရင် ကိုယ်တိုင်တွေ့နိုင်တဲ့ တရားတော်ပဲ၊ ကျင့်နေဆဲမှာပင် ချက်ချင်းအကျိုးပေးတတ်တဲ့ တရားတော်ပဲလို့ သိရရင်လဲ မြင့်မြတ်လာတာပဲ၊ သံဃာတော်နဲ့စပ်ပြီးတော့လဲ လောဘ ဒေါသ မောဟကင်းအောင် သီလ သမာဓိ ပညာအကျင့်တွေကို ကောင်းမွန်စွာ ကျင့်နေတဲ့ သံဃာတော်ပဲလို့ သိရရင် မြင့်မြတ်လာတာပဲ၊ သံဃာတော်ကို လက်အုပ်ချီမိုးရှိခိုးရင် အသက်ရှည်ခြင်း အနာကင်းခြင်းစသော ကောင်းကျိုးတွေကို ရနိုင်တယ်လို့ သိရရင်လဲ မြင့်မြတ်လာတာပဲ။

မိဘကြောင့် မြင့်မြတ်လာပုံ

ကလေးသူငယ်ကလေးတွေဟာ အစက ဘုရား တရား သံဃာဆိုတာ ဘာမျှမသိသေးဘူး၊ အဲဒီတုန်းက အနိမ့်ဆုံး အခြေအနေမှာ ရှိနေတယ်၊ နောက်စကားပီ နားလည်သိတတ်တဲ့ အရွယ်ရောက်လာတော့ လိမ္မာတဲ့မိဘများက ဘုရားကို ရှိခိုးဖို့ သံဃာတော်ကိုရှိခိုးဖို့ သင်ကြားပေးတယ်၊ ရှိခိုးရင် ကုသိုလ်ရတယ် အသက်ရှည်တယ် အနာကင်းတယ် စသည်ဖြင့် ရှိခိုးချင်အောင်လဲ ပြောပြပေးတယ်၊ အဲဒီလိုပြောပြလို့ သိနားလည်လာရင် အဲဒီကလေးသူငယ်ဟာ မူလအခြေအနေထက် မြင့်မြတ်လာတာပဲ၊ အဲဒီကနောက် ဗုဒ္ဓံ သရဏံဂစ္ဆामि–မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ ဓမ္မံသရဏံ ဂစ္ဆာမိ–တရားတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ သံဃံသရဏံ ဂစ္ဆာမိ–သံဃာတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏ဆိုတဲ့ သရဏဂုံ ဆောက်တည်ပုံတွေကိုသင်ပေးပြီး သရဏဂုံဆောက်တည်စေတယ်၊ အဲဒီတော့ ရှေးကမသိရသေးတဲ့ သရဏဂုံ ဆောက်တည်ပုံတွေကို သင်ပေးပြီး သရဏဂုံဆောက်တည်ပုံကိုလဲ သိရတယ်၊ သရဏဂုံတည်တဲ့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်လဲ ဖြစ်လာတယ်၊ အဲဒါ မြင့်မြတ်လာတာပဲ၊ အဲဒီလို သရဏဂုံတည်တဲ့သူဖြစ်ရင်ကို အပါယ်လေးပါးမှ လွတ်မြောက်နိုင်တယ်၊ အဲဒီကနောက် ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် ငါးပါးသီလ ဆောက်တည်ပုံကို သင်ပေးတယ်၊ သီလကိုလဲ ဆောက်တည်စေတယ်၊ အဲဒီတော့ သီလရှိသူအဖြစ်ကို ရောက်လာတယ်၊ အတော်ကိုမြင့်မြတ်လာပြီ၊ အဲဒါဟာ သူတော်ကောင်းတရားကိုသိပြီး မြင့်မြတ်လာပုံ အခြေခံတွေပါပဲ၊ တတ်သိလိမ္မာတဲ့ မိဘတွေကို အမှီပြုပြီး ကလေးသူငယ်ဘဝကတည်းက မြင့်မြတ်လာပုံပါပဲ၊ ဒီလို ဘာသာရေး သာသနာရေးနှင့်စပ်ပြီး သိသင့်သိထိုက်တာတွေကို မိဘများက သင်ကြားပေးရတယ်၊ ကိုယ်တိုင်က နားမလည်ရင်လဲ ဆရာကောင်းများထံ အပ်နှံပြီး သင်ပေးစေရတယ်၊ ဒီပြင်လဲ သြကာသဘုရားရှိခိုးတို့၊ နမောတဿ ဘုရားရှိခိုးတို့၊ ဣတိပိသော–ဂုဏ်တော်ပါဠိတို့ ဒီလိုဟာတွေလဲ ကလေးများကို သင်ပေးရတယ်၊ အဲဒါဟာ အတိုင်းမသိ အဖိုးတန်ဘဲ ဘာသာရေးအမွေတွေကို ပေးတာပဲ။

ဘုရားဟောနှင့်ညီမှ မြင့်မြတ်သည်

အဲ ယခုပြောခဲ့တာတွေဟာ မိဘတွေက သားသမီးတွေကို ငယ်စဉ်ကပင် မြင့်မြတ်သူဖြစ်အောင် ဆောင်ရွက်ပေးပုံတွေပဲ၊ အရွယ်ရောက်လို့ ကြီးလာတဲ့အခါကျတော့ သရဏဂုံသီလ၌ တည်သည့်ပြင် ဒါနကုသိုလ်တွေ ပြုလုပ်ပုံလဲသိရပြီး စွမ်းနိုင်သလောက် ပေးကမ်းလှူဒါန်းတယ်၊ မြင့်မြတ်လာတာပဲ၊ ရှစ်ပါးသီလဆောက်တည်ပုံကိုသိရပြီး ဥပုသ်သီလ ဆောက်တည်ကျင့်သုံးတယ်၊ မြင့်မြတ်လာတာပဲ၊ ဘုရားဟော တရားတော်နှင့်အညီ ဘာဝနာတရားကို ကြားနာရပြီးတော့ ဘာဝနာအလုပ်ကို နည်းလမ်းမှန်စွာ အားထုတ်တယ်၊ မြင့်မြတ်လာတာပဲ၊ အဲဒီမှာ ဘုရားဟောတရားတော်နှင့်အညီ ဆိုတဲ့စကား နည်းလမ်းမှန်စွာ ဆိုတဲ့ စကားများကို အထူးသတိပြုကြရမယ်၊ ဘုရားဟောတရားနှင့် မညီညွတ်ဘဲ ထင်ရာမြင်ရာ ဟောနေတဲ့တရားတွေကလဲ ရှိတယ်၊ နည်းလမ်းမမှန်ဘဲ အားထုတ်နေကြ တာတွေကလဲရှိတယ်၊ အဲဒီလို ဘုရားဟောနှင့်မညီဘဲ အလွဲအမှားတွေကို လေ့လာ အားထုတ်နေရင်တော့ မမြင့်မြတ်ဘူး၊ တရားမှန်တွေကို အထင်မှား ပြစ်မှားပြီး ယုတ်ညံ့တောင် သွားတတ်သေးတယ်၊ ဘုရားဟောနှင့်အညီ နည်းမှန်အတိုင်း အားထုတ်ရင်တော့ သမထဘာဝနာကို အားထုတ်ရင်လဲ မြင့်မြတ်တာပဲ၊ တချို့က သမထကို အားမထုတ်ကောင်းသယောင်ယောင် ရှုတ်ချပြီး ပြောတတ်ကြတယ်၊ အဲဒါ မသိနားမလည် ပြောတာပဲ၊ အဲဒီစျာန်ကို အခြေတည်ပြီး ဝိပဿနာရှုရင်တော့ အကောင်းဆုံး အမြတ်ဆုံးပဲ၊ အဲဒါဟာ မြတ်စွာဘုရားနှင့် အဂ္ဂသာဝက မဟာသာဝကတွေ အားထုတ်သွားတဲ့ ပထမတန်းလမ်းစဉ်ပဲ၊ ဒါကြောင့် သမထကို အားထုတ်ရင်လဲ မြင်မြတ်တယ်၊ ဝိပဿနာကို အားထုတ်ရင်တော့ သာပြီးမြင့်မြတ်တယ်၊ ဒါကြောင့်

သတံ–သူတော်ကောင်းတို့၏၊ သဒ္ဓမ္မံ–သူတော်ကောင်းတရားကို၊ အညာယ–သိ၍၊ ဝါ–သိသည်ရှိသော်၊ သေယျာ–ရှေးကထက်တိုး၍ တစ်မျိုးမြင့်မြတ်သည်၊ ဟောတိ–ဖြစ်၏၊ နပါပိယော–ယုတ်ညံ့သွားသည်ကား မဟုတ်ပေ–လို့ ဟောထားပါတယ်။

ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ဖြင့် မြင့်မြတ်ပုံ

အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်၊ "သူတော်ကောင်းတရား၊ သိမြင်ငြား၊ တိုးပွားမြင့်မြတ်သည်"တဲ့၊ ယခု ဒီသာသနာ့ရိပ်သာမှာ တရားအားထုတ်ကြတဲ့ သူတွေဟာ မူလကတော့ ဝိပဿနာ ရှုပုံရှုနည်းကို ကောင်းကောင်းမသိဘူး၊ တချို့ကတော့ လုံးလုံးကို မသိကြပါဘူး၊ ရင်းနှီးတဲ့ ယောဂီဟောင်းများထံမှ ကြားရလို့ ဖြစ်စေ၊ စာအုပ်ကို ကြည့်ရှုရလို့ဖြစ်စေ၊ တရားနာရလို့ဖြစ်စေ၊ အားထုတ်ပုံ အားထုတ်နည်းကို သိလာတယ်၊ ဝိပဿနာဉာဏ် ဖြစ်ပုံတွေကို သိလာတယ်၊ အဲဒါဟာ မြင့်မြတ်လာတာပဲ၊ အဲဒီကနောက် ရိပ်သာကိုလာရောက်ပြီး အားထုတ်တဲ့အခါမှာ ရှစ်ပါးသီလယူလိုက်ရုံနှင့်လဲ မြင့်မြတ်လာတာပဲ၊ ရှုမှတ်လို့ တစ်ည တစ်ရက် စသည်ကြာတဲ့အခါ စိတ်တည်ကြည်မှု သမာဓိ ဖြစ်လာတယ်၊ တစ်ခြားတစ်ပါး ထွက်သွားတဲ့စိတ်မရှိတော့ဘူး၊ ရှုမှတ်တဲ့စိတ်ချည်း တစဉ်တစ်တန်းတည်း ဖြစ်နေတယ်၊ အဲဒါဟာ စိတ္တဝိသုဒ္ဓိစခန်းပဲ၊ မြင့်မြတ်လာတာပဲ၊ အဲဒီကနောက် မှတ်သိရတဲ့ရုပ်နဲ့ မှတ်သိတဲ့နာမ် ဒီ ၂-ခုကိုသာ တွေ့ရတယ်၊ ဒိဋ္ဌိဝိ သုဒ္ဓိစခန်းပဲ၊ မြင့်မြတ်လာတာပဲ၊ အဲဒီကနောက် အကြောင်းနှင့်အကျိုး ဆက်စပ်ပြီးဖြစ်နေတာကို တွေ့ရတယ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းပဲ၊ မြင့်မြတ်လာတာပဲ၊ စူဠသောတာပန်ဖြစ်ပြီး ဂတိမြဲပြီလို့ ဝိသုဒ္ဓိမဂ်က အဆုံးအဖြတ် ပေးထားပါတယ်၊ အဲဒီကနောက် အဖြစ်အပျက်ကိုသိပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောကို မြင်လာတယ်၊ ဥဒယဗ္ဗယညာဏ်စခန်းလဲ ရောက်ပြီး အရောင်အလင်း ပီတိ သုခ အစရှိသော ဝမ်းမြောက် ဖွယ်တွေကို အကြီးအကျယ် တွေ့ရတယ်၊ မြင့်မြတ်လာတာပဲ၊ အဲဒီကနောက် မှတ်ရတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော အတွဲလိုက် အတွဲလိုက် ပျက်ပျက်သွားတာကို ရှုတိုင်း မှတ်တိုင်း တွေ့နေရတယ်၊ ဘင်္ဂဉာဏ်စခန်းပဲ၊ မြင့်မြတ်လာတာပါပဲ၊ အဲဒီကနောက် မှတ်တိုင်း မှတ်တိုင်း ကြောက်ဖွယ်ထင်လာတယ်၊ ဘယဉာဏ်ပဲ၊ အပြစ် မြင်လာတယ်၊ အာဒီနဝဉာဏ်ပဲ၊ ငြီးငွေ့လာတယ်၊ နိဗ္ဗိဒါဉာဏ်ပဲ၊ စွန့်လွှတ်ချင်လာတယ်၊ မုဉ္စိတုကမျှတာဉာဏ်ပဲ၊ စွန့်လွှတ်နိုင်အောင် တစ်ဖန်ရှုပြီး အထူးသိလာတယ်၊ ပဋိသင်္ခါဉာဏ်ပဲ၊ မြင့်မြတ်လာတာတွေချည်းပဲ၊ အဲဒီကနောက် အာရုံ အဆိုးအကောင်းတွေကို အညီအမျှရှုနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ်ဖြစ်လာတယ်၊ မြင့်မြတ်လာတာပဲ၊ တောင်ပေါ်တက်ရာမှာ တောင်ထိပ်အနီး ရောက်လာသလို အများကြီးကို မြင့်မြတ်လာပြီ၊ အဲဒီကနောက် မကြာတော့ဘူး၊ အထူးလျင်မြန်တဲ့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်အသိများ ဖြစ်ပေါ်လာပြီးတော့ ရုပ်နာမ် သင်္ခါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မဂ် ၄-ပါး ဖိုလ် ၄-ပါးဖြင့် မျက်မှောက်တွေ့သွားလိမ့်မယ်၊ အဲဒါကတော့ အမြင့်အမြတ် အဆုံးခေါင်ထိပ် ရောက်သွားတာပဲ၊ အဲဒီလို သူတော်ကောင်းတရားကို သိရင် တစ်ဆင့်ထက် တစ်ဆင့် မြင့်မြတ်သွားပါတယ်၊ ဒါကြောင့် "သူတော်ကောင်းတရား၊ သိမြင်ငြား၊ တိုးပွားမြင့်မြတ်သည်"လို့ ဆိုထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

"သူတော်ကောင်းတရား၊ သိမြင်ငြား၊ တိုးပွားမြင့်မြတ်သည်။" (ဆို)

တစ်ရာတန်ဂါထာ ၂-ပုဒ် ပြီးသွားပြီ၊ တတိယဂါထာကတော့-

ဇိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတ္တဉ္စ ဓမ္မော နဇရံ ဥပေတိ၊ သန္တော ဟဝေ သဒ္ဓိ ပဝေဒယန္တိ-တဲ့။

သုစိတ္တာ-အလွန်ဆန်းကြယ်၍ တင့်တယ်လှပကုန်သော၊ ရာဇရထာ-မင်းစီးယာဉ်ရထားတို့သည်၊ ဝေ-စင်စစ်၊ ဇိရန္တိ-ဆွေးမြည့်ယိုယွင်း အိုမင်းကြလေ့ကုန်၏။

တော်ဝင်ရထားတွေလဲ အိုမင်းသွားသည်

ရှေးတုန်းက ရှင်ဘုရင်ဆိုတဲ့ အဓိပတိမင်းတွေစီးတဲ့ ရထားတွေဆိုတာ သူ့ခေတ်အလိုက် အင်မတန်လှပ အင်မတန်ဆန်းကြယ်ပြီး အင်မတန်ကောင်းမှာပေါ့၊ ဒါပေမယ့် ယခုကာလ မော်တော်ကားမျိုးတော့ မဟုတ်ဘူး၊ မော်တော်ကားပေါ်လာတာက အနှစ်တစ်ရာလောက်ပဲ ရှိသေးတယ်၊ အဲဒီအလျင်ကတော့ မြင်းကတဲ့ ရထားတွေသာ ရှိခဲ့ပါတယ်၊ ဒါကြောင့် မြင်းရထားတွေပါပဲ၊ အဲဒီ ရှင်ဘုရင်မင်းများစီးတဲ့ ရထားတွေဟာ အင်မတန် ဆန်းကြယ်ပြီး တင့်တယ်လှပပေလိမ့်မယ်၊ သစ်သစ်လွင်လွင်ဆိုရင် လူအများက တအံ့တသြ ငေးမောကြည့်ရလောက်အောင် လှပပေလိမ့်မယ်၊ အဲဒီလို ဆန်းကြယ်လှပပေမယ့် ပထမမင်းလက်ထက်က ရထားဟာ ဒုတိယမင်းလက်ထက်ကျတော့ အိုမင်းသွားတာပဲ၊ တတိယမင်းလက်ထက် စသည်ကျတော့ သုံးလို့မရလောက်အောင်လဲ အိုမင်းပျက်စီးသွားလိမ့်မယ်၊ တချို့မင်းက အနှစ်ပေါင်းလေးငါးခြောက်ဆယ် အသက်ရှည်နေတာလဲ ရှိတယ်၊ အဲဒီလို့ နန်းသက်ရှည်တဲ့ မင်းများမှာတော့ နန်းတက်ခါစက ရထားတွေဟာ ၁၅-နှစ် အနှစ် ၂၀ စသည်ကြာတဲ့အခါ အိုမင်းကုန်မှာပဲ၊ ယခုခေတ်မှာ မင်းစီးရထားယာဉ်တွေလဲ ဒီလိုပါပဲ၊ ကြာရင် အိုမင်းကုန်တာပါပဲ၊ တချို့ မော်တော်ကားများဟာ ပေါ်လာခါစတော့ လှလိုက်တာ လှလိုက်တာနဲ့ ဝိုင်းပြီး ကြည့်နေကြတယ်၊ နောက် အနှစ်အစိတ် သုံးဆယ်လောက် ကြာတဲ့အခါကျတော့ ကားအိုကလေး ဖြစ်သွားတယ်၊ နောက်ထပ်ပေါ်လာတဲ့ ပုံသစ်ကားသစ်တွေနဲ့ ယှဉ်ကြည့်ရင် ကြည့်ရှုလို့ မကောင်းအောင်လဲ အိုနေတတ်တယ်၊ ဒါကြောင့် အရာရှိသားသမီးတွေ ပစ္စည်းရှင် သားသမီးတွေက အဲဒီလို ကားအိုကို မစီးချင်ကြတဲ့အတွက် မိဘများက ကားအသစ် ဝယ်ပေးရတယ်လို့တောင် ကြားရဖူးပါတယ်၊ ရထားတွေ

ကားတွေသာ မဟုတ်သေးဘူး၊ အိမ်တွေတိုက်တွေလဲ ဆောက်လုပ်ပြီးခါစတော့ လှပတင့်တယ်ပါတယ်၊ ဒါပေမယ့် အနှစ်လေးငါးခြောက်ဆယ် စသည်ကြာတဲ့အခါမှာ အိုမင်းကုန်တာပဲ၊ ဘုရားလက်ထက်တော်ကာလက အိန္ဒိယနိုင်ငံမှာ ရာဇဂြိုဟ်မြို့သဝတ္ထိမြို့ဆိုတာတွေဟာ အင်မတန်ကြီးကျယ်တဲ့ မြို့ကြီးတွေပါပဲ၊ ဒါပေမယ့် ယခုနေအခါမှာတော့ အဲဒီမြို့တွေဟာ သစ်ပင်တွေ ချုံပုတ်တွေနဲ့ တောဖြစ်နေတယ်၊ အိမ်တို့ တိုက်တို့ဆိုတာ တစ်ခုမျှ မရှိတော့ဘူး၊ မြန်မာပြည်မှာလဲ ရှေးကကြီးကျယ်ခဲ့တဲ့ ပုဂံမြို့ အင်းဝမြို့ဆိုတာတွေဟာ ရွာငယ်ကလေးလောက်ပဲ ရှိတော့တယ်၊ အဲဒီမှာ ကြီးကျယ်ခဲ့တဲ့ အဆောက်အအုံတွေဟာ အိုမင်းရာက ပျက်စီးကုန်တာပဲ၊ အဲဒါ မင်းစီးရထားတွေ အိုမင်းဆွေးမြည့် သွားကြတယ် ဆိုရာမှာ အလားတူ အိုမင်းဆွေးမြည့် ပျက်စီး တတ်ကြတယ်ဆိုတာကို နည်းမှီးပြီး ဆင်ခြင်ရအောင်လို့ အစဖော်ပေးတာပါပဲ၊ အဲဒီမှာ ဆောင်ပုဒ်ကတော့ "မင်းစီးရထား လွန်ဆန်းပြား၊ အိုသွားကြလေသည်"တဲ့၊ ကဲ–အဲဒါကို ဆိုကြရမယ်။

"မင်းစီးရထား လွန်ဆန်းပြား အိုသွားကြလေသည်။" (ဆို)

အထော–ထိုမှတစ်ပါး၊ သရီရမ္ဘိ–လူ၏ ခန္ဓာကိုယ်သည်လည်း၊ ဇရံ–အိုမင်းဆွေးမြည့်ခြင်းသို့၊ ဥပေတိ–ကပ်ရောက်လေတော့၏။

ခန္ဓာကိုယ်လဲ အိုမင်းသွားသည်

အခုတင်ကပြောခဲ့တဲ့ မင်းစီးရထားတွေ အိမ်တွေတိုက်တွေ မြို့ရွာအဆောက်အအုံတွေ အိုမင်းဆွေးမြည့် သွားကြတယ် ဆိုတာက ဥပမာအနေနဲ့ ပြောခဲ့တာပဲ၊ အဲဒါတွေလိုပဲ လူ့ခန္ဓာကိုယ်လဲ အိုမင်းဆွေးမြည့်သွားတာပဲ–တဲ့၊ အဲဒီ ပါဠိအတွက် ဆောင်ပုဒ်ကတော့ "ခန္ဓာကိုယ်လဲ၊ နည်းတူပဲ၊ မလွဲအိုရသည်"တဲ့၊ အဲဒါကတော့ ယခု အသက် ၆၀–ကျော် ၇၀–ကျော်ရှိတဲ့ အဘိုးကြီးအဘွားကြီးပိုင်း ပုဂ္ဂိုလ်တွေက ကိုယ်တွေ့ဖြစ်နေပါတယ်၊ အဲဒီလို အရွယ်ကြီးတဲ့သူတွေက ကိုယ့်ကိုယ်ကို စဉ်းစားကြည့်ရင် ရှေးကလို မဟုတ်တော့ဘဲ အိုမင်းဆွေးမြည့်နေတာကို ထင်ရှားတွေ့ရတယ်၊ တချို့မှာ ဆံပင်တွေကဖြူလို့၊ တချို့မှာ သွားတွေကလဲကျိုးလို့ အိုရုပ်ပေါ်နေတာကို တွေ့ရတယ်၊ အဲဒီမှာ တချို့လို့ ခြွင်းချက်နဲ့ ပြောရတာကတော့ ကံထူးတဲ့ တစ်ဦးတစ်လေမှာ အသက် ၇၀–ကျော်အထိ ဆံမဖြူ သွားမကျိုးတာလဲ ရှိတတ်သေးလို့ပါပဲ၊ ဒါပေမယ့် အဲဒီအရွယ်မှာ ဆံဖြူ သွားကျိုးတွေပဲ များပါတယ်၊ နောက်ပြီးတော့ အသက် ၅၀–လောက်ကတည်းကစပြီး အရေတွေ တွန့်နေတာကိုလဲ တွေ့ကြရတယ်၊ အသက် ၃၀–လောက် အတွင်းဆီကတော့ မျက်နှာကအရေတွေဟာ ပြောင်ချောလို့ တင်းနေတယ်၊ လက်မောင်းစသည်မှာလဲ ပြောင်နေတာ၊ ၅၀–ကျော် ၆၀–ကျော်ကျတော့ မျက်နှာကလဲ ရှုံ့တွတွ ဖြစ်နေတယ်၊ လက်မောင်းစသည်မှာလဲ ရှုံ့တွတွ ဖြစ်နေတယ်၊ တချို့မှာဆိုရင် အသားတွေကလျော့ပါးပြီး အကြောတွေက ပြိုင်းပြိုင်းထလို့ အရိုးတွေက ငေါငေါပေါ်နေတယ်၊ ကြည့်ရှုလို့ကို အဆင်မပြေတော့ပါဘူး၊ တချို့မှာ မျက်စိကလဲမှုန် နားကလဲထိုင်း ခါးကလဲကိုင်းလို့ အားကလဲ မရှိဘဲ ဖြစ်နေတတ်သေးတယ်၊ အဲဒါ အရွယ်ကြီးသူတွေ ကိုယ်တွေ့ပဲ၊ ကဲ–ဆိုကြရမယ်။

"ခန္ဓာကိုယ်လဲ၊ နည်းတူပဲ၊ မလွဲအိုရသည်။" (ဆို)

အဲဒီလို ကြည့်ရှုမကောင်း နေထိုင်သွားလာ မကောင်းအောင် အိုမင်းနေတဲ့ ခန္ဓာကိုယ်တွေဟာ လွန်ခဲ့တဲ့ အနှစ်သုံးလေးဆယ်ကျော်ကာလကဆိုရင် ပျိုပျိုရွယ်ရွယ် တင့်တင့်တယ်တယ်ပဲ ရှိခဲ့ပါတယ်၊ ယခု ၁၅–နှစ်အရွယ် ၂၀–အရွယ် အမျိုးသားကလေးတွေ အမျိုးသမီးကလေးတွေလိုပဲ ရှိခဲ့ပါတယ်၊ ပြည့်ပြည့်ဝဝ စိုစိုပြည်ပြည်နဲ့ မိမိတို့ကိုယ်ကို တသသနဲ့ ပြင်ဆင်နေခဲ့ကြပါတယ်၊ ပြန်လှန်ကြည့် လိုက်ရင် အဲဒီအခြေအနေတွေကို မြင်နိုင်ပါတယ်၊ ဒါပေမယ့် ယခုတော့ အဲဒီတုန်းက အခြေအနေတွေ မရှိတော့ဘူး၊ အိုမင်းကုန်ပြီ၊ ယခု ၁၅–နှစ် အနှစ် ၂၀–၃၀ အရွယ်တွေဟာလဲ နောင်အနှစ်သုံးလေးဆယ် လောက်ကြာတဲ့အခါ ဒီလို အိုမင်းကုန်ကြမှာပဲ၊ ဒါကြောင့် ယခုငယ်ရွယ်နေသေးတဲ့ သူတွေကလဲ တစ်နေ့ကျတော့ ငါတို့လဲ ယခုတွေ့မြင်နေကြရတဲ့ အဘိုးအို အဘွားအိုများလို အိုရဦးမယ်ဆိုတာ နှလုံးသွင်း ဆင်ခြင်ကြည့်ကြရမယ်၊ မင်္ဂလာမရှိဘူးလို့ မအောက်မေ့ကြနဲ့၊ ဆောင်ပုဒ်ကတော့ မလွဲအိုရသည် ဆိုမည့်အစား မလွဲအိုရမည်–လို့ ဆိုကြရမယ်၊ ကဲ–ဆိုကြ။

"ခန္ဓာကိုယ်လဲ နည်းတူပဲ မလွဲအိုရမည်။" (ဆို)

အိုတတ်တဲ့ရုပ်တွေကို အထည်ကိုယ်လုပ်နေရတော့ သူ့အချိန်ကျရင် အိုရမှာပဲ၊ ပဋ္ဌိသန္ဓေတည်ခါစ ကလလရေကြည် ဆိုတဲ့ရုပ်ကစပြီး ဖြစ်လာခဲ့တယ်၊ အနောက်တိုင်း ဆရာဝန်တွေရဲ့ စမ်းသပ်တွေ့မြင်ချက်အရဆိုရင်တော့ သားဥနှင့် သုက်ဓာတ် ဒီ ၂–ခုစပ် ရုပ်ကစပြီး ဖြစ်လာတယ်လို့ ဆိုရပေလိမ့်မယ်၊ အဲဒါကလဲ ကလလရေကြည်က စဖြစ်တာနှင့် သဘောအားဖြင့် အတူတူပါပဲ၊ အဲဒီရေကြည်ရုပ်ကရင့်ပြီး အမြှပ်ဆိုတာ ဖြစ်လာတယ်၊ အဲဒီက ရင့်ပြီး အသားတစ်ဆိုတာ ဖြစ်လာတယ်၊ အဲဒီက ရင့်ပြီး အစိုင်အခဲကလေး ဖြစ်လာတယ်၊ အဲဒီကရင့်ပြီး ခေါင်း လက် ခြေဆိုတဲ့ အစိတ်အပိုင်းတွေဖြစ်ဖို့ ခက်မငါးဖြာ အဖုငါးခု ထွက်လာတယ်၊ အဲဒီမှာလဲ ခေါင်းပိုင်းက ကြီးပြီး ကိုယ်ပိုင်းက သေးနေတယ်လို့ လက်တွေ့ဆရာတွေက ဆိုကြတယ်၊ အဲဒီက နောက် လက်ခြေ အဖုကလေးတွေကရှည်ထွက်ပြီး လက်ပုံခြေပုံ ဖြစ်လာတယ်၊ ခေါင်းပိုင်းကလဲ မျက်စိ နား နှာခေါင်း စသည်

ပေါ်လွင်ပြီး ထင်ရှားလာတယ်၊ ယောကျ်ားပုံ မိန်းမပုံ ရုပ်လုံးပေါ်လာတယ်၊ အဲဒီကနောက် တဖြည်းဖြည်း ကြီးထွားလာပြီးတော့ ၉-လကျော်ပြီး ၁၀-လကြာတဲ့အခါ မွေးဖွားလာတယ်၊ အဲဒီကနောက် မိဘတွေက နို့ရည်စသည် တိုက်ကျွေးပြီး ပြုစုစောင့်ရှောက်လာလို့ ကြီးပြင်းလာတယ်၊ တစ်ဆယ့် သုံးလေးနှစ်လောက်အထိတော့ ကလေးသူငယ်အနေပဲ ရှိပါသေးတယ်၊ ဒါပေမယ့် မွေးခါစကရုပ်နှင့် နှိုင်းယှဉ်ကြည့်ရင်တော့ ကြီးရင့်တဲ့သဘော ထင်ရှားပါတယ်၊ ၁၄-နှစ်ကျော်ကျော် ၁၅-နှစ်အရွယ်လောက်ကစပြီး ပျိုပျိုရွယ်ရွယ်ဖြစ်လာတယ်၊ ဘေးကပုဂ္ဂိုလ်အနေနဲ့ဆိုရင်လဲ ကြည့်လို့ကောင်းတယ် လှတယ် တင့်တယ်တယ်-လို့ ထင်ရတယ်၊ ကိုယ့်ဟာကိုယ်လဲ လှတယ် တင့်တယ်တယ်-လို့ ထင်ပေလိမ့်မယ်၊ အဲဒီ အခြေအနေဟာ အနှစ် ၂၀-ကျော် ၃၀-လောက်ထိအောင်တော့ အခြေမပျက်ဘဲ တည်နေတတ်ပါတယ်၊ အဲဒီကနောက်တော့ တချို့ပုဂ္ဂိုလ်မှာ အခြေပျက်လာတတ်တယ်၊ အများအားဖြင့် အသက် ၅၀-ကျော်လာရင် အိုရုပ်တွေ ပေါ်လာကြတော့တာပဲ၊ အသက် ၆၀-ကျော်ဆိုတော့ တယ်နေရာမကျတော့ပါဘူး၊ အဘိုးကြီးတွေ အဘွားကြီးတွေ ဖြစ်ကုန်ပါပြီ၊ ဒီတော့ မအိုသေးတဲ့သူတွေကလဲ တစ်နေ့ကျရင် ဒီလိုပဲ အိုကြရလိမ့်မယ်ဆိုတာ ဆင်ခြင်ပြီး စောစောကတည်းက အားကိုးစရာ ရှားထားဖို့ လိုပါတယ်၊ အိုနေတဲ့သူတွေကလဲ နောင်တစ်ဖန် မအိုရအောင် မအိုတဲ့တရားရှာဖို့ လိုပါတယ်၊ အဲဒီမအိုတဲ့တရားက ဘယ်ဟာလဲဆိုရင်-

သတ္ဌာမ္မောာ-သူတော်ကောင်းတို့၏ တရားသည်ကား၊ ဇရံ-အိုမင်းခြင်းသို့၊ နဥပေတိ-မရောက်တတ်၊ ဣတိ-ဤသို့၊ သန္တော-သူတော်ကောင်းတို့သည်၊ သဒ္ဓိ-သူတော်ကောင်းတို့နှင့်၊ ဟဝေပဝေဒယန္တိ-စင်စစ်အားဖြင့် ပြောကြားဆွေးနွေးကြလေကုန်၏။

မအိုတဲ့ တရားဆိုတာ သူတော်ကောင်းတို့ သိထားတဲ့ တရားပါပဲ-တဲ့။

သာမန်သူတော်ကောင်းတွေ သိတဲ့တရားတော့ မဟုတ်ဘူး၊ ဘုရား ရဟန္တာ အရိယာသူတော်ကောင်းတွေ သိထားတဲ့ တရားကိုဆိုပါတယ်၊ ဘယ်ဟာလဲဆိုရင် နိဗ္ဗာန်တရားပါပဲ၊ အဲဒီနိဗ္ဗာန်တရားကို အရဟတ္တမဂ်ဖိုလ်နှင့်သိရင်တော့ ဘဝတစ်ဖန် မဖြစ်ရတဲ့အတွက် တစ်ဖန်မအိုရတော့ဘူး၊ မအိုရုံတွင် မဟုတ်သေးဘူး၊ နာလဲမနာရတော့ဘူး၊ သေလဲ မသေရတော့ဘူး၊ ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ သူတော်ကောင်းတရားဟာ အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့ တရားပါပဲ၊ ဒါပေမယ့် ဒီဂါထာမှာတော့ သိလွယ်တဲ့ ရထားတွေ အိုမင်းဆွေးမြည့်တာကို ဥပမာပြုပြီး အိုခြင်းကင်းတဲ့ ဂုဏ်ကိုသာ ဖော်ပြထားတယ်၊ အိုခြင်းကင်းတယ်ဆိုရင် နာခြင်း သေခြင်းလဲ ကင်းတော့တာပါပဲ။

သတ္တဝါတွေဟာ ဘဝအသစ်ဖြစ်ဖြစ်ပြီးတော့ အိုနာပြီး သေလာခဲ့ရတာတွေ မရေတွက်နိုင်အောင် များလှပြီ၊ ဒါကြောင့် မအို မနာ မသေတဲ့ တရားကိုရှာဖို့ရာ သင့်လှပြီ၊ မြတ်စွာဘုရားအလောင်းတော်ဟာ ဒီအိုခြင်း နာခြင်း သေခြင်းကင်းတဲ့ တရားကို လေးသင်္ချေနှင့် ကုဋေတစ်သိန်းထက်စပြီး ရှာလာခဲ့တယ်၊ ယခုနောက်ဆုံးဘဝမှာလဲ ထီးနန်းနှင့်တကွ လောကီစည်းစိမ်တွေကိုအကုန်စွန့်ပြီး ရဟန်းပြုကာ ရှာလာခဲ့တယ်၊ လွန်ခဲ့တဲ့ ၂၅၅၉-ခုမြောက်နှစ်ကမှ အိုခြင်း နာခြင်း သေခြင်းကင်းတဲ့ ဒီနိဗ္ဗာန်တရားကို လူနတ်ဗြဟ္မာ သတ္တဝါတွေသိပြီး အိုခြင်း နာခြင်း သေခြင်း ကင်းကြရအောင် ဆင်းရဲခပ်သိမ်း ငြိမ်းကြရအောင် ၄၅-နှစ်ပတ်လုံး ဟောကြား ညွှန်ပြတော်မူခဲ့ပါတယ်၊ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း လိုက်နာပြီး ကျင့်တဲ့ ပုဂ္ဂိုလ်တွေဟာ အိုခြင်း နာခြင်း သေခြင်းကင်းတဲ့ အဲဒီနိဗ္ဗာန်တရားကို ရကြတာပဲ၊ ယခု ဒီသာသနာ့ရိပ်သာမှာ အားထုတ်နေကြတဲ့ ယောဂီတွေလဲ ဒီနိဗ္ဗာန်တရားကိုရဖို့ အားထုတ်နေကြတာပဲ၊ သမာဓိဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါကျတော့ အဲဒီနိဗ္ဗာန်တရားကို ကိုယ်တိုင်တွေ့ကြရပါလိမ့်မယ်။

တရားရှာပုံအားကျမှတ်

ဒီနေရာမှာ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿနှင့် အရှင်မဟာမောဂ္ဂလာန်အလောင်း ကောလိတတို့၏ တရားရှာပုံဟာ အလွန်စိတ်ဝင်စားစရာ ကောင်းတယ်၊ သူတို့ ၂-ဦးဟာ ငယ်ရွယ်စဉ်ကတည်းက သွားအတူ လာအတူ အလွန်ရင်းနှီးတဲ့ သူငယ်ချင်း မိတ်ဆွေများ ဖြစ်ကြတယ်၊ တစ်နေ့သောအခါမှာ ပွဲကြည့်နေရင်း ဒီလို စိတ်ကူးပေါ်လာတယ်၊ ယခု ပွဲကြည့်နေကြတဲ့လူတွေ ပွဲကပြနေကြတဲ့လူတွေ အားလုံးဟာ နောင် အနှစ်တစ်ရာလောက်ရှိတဲ့အခါ ဘယ်သူတစ်ယောက်မျှ ရှိကြမှာမဟုတ်ဘူး၊ အကုန်လုံး အိုနာပြီး သေကုန်ကြမှာပဲ၊ ဒါကြောင့် ငါတို့ဟာ မအို မနာ မသေတဲ့တရားကိုရှာရရင် ကောင်းမှာပဲလို့ စိတ်ကူးကြံစည်မိကြတယ်၊ အဲဒီလို ကြံစည်ပြီးတော့ သူတို့ ၂-ဦးလုံး ပရိဗိုဇ် ရဟန်းပြုကြတယ်၊ မအို မနာ မသေတဲ့တရားကို ဇမ္ဗူဒိပ် (အိန္ဒိယ) တစ်ခွင်မှာ အနှံ့အပြား လိုက်ရှာကြတယ်၊ ဘယ်မှာမှ အဲဒီတရားကို မတွေ့ကြရဘူး၊ နောက်ဆုံးကျတော့ အရှင်အဿဇိနဲ့ တွေ့ရတယ်၊ အဲဒီအခါ အရှင်အဿဇိဟောတဲ့ ဂါထာတစ်ပုဒ်တရားကိုနာပြီး အရှင်သာရိပုတ္တရာအလောင်း ဥပတိဿ သောတာပန်ဖြစ်တယ်၊ အရှင်မောဂ္ဂလာန်အလောင်း ကောလိတလဲ ဥပတိဿဟောတဲ့ အဲဒီဂါထာတစ်ပုဒ် တရားကိုနာပြီး သောတာပန်ဖြစ်တယ်၊ အဲဒီကနောက် မြတ်စွာဘုရားထံ သွားရောက်ပြီး ရဟန်းအဖြစ်ခံယူကြတယ်၊ အရှင်မောဂ္ဂလာန်က ၇-ရက်၊ အရှင်သာရိပုတ္တရာက ၁၅-ရက်၊ တရားအားထုတ်ပြီး ရဟန္တာဖြစ်ကြတယ်၊ အဲဒီ အဂ္ဂသာဝက အရှင် ၂-ပါးဟာ မြတ်စွာဘုရား ထင်ရှားရှိစဉ်ကပဲ ပရိနိဗ္ဗာန် ဝင်စံတော်မူသွားကြပါပြီ၊ အိုခြင်း နာခြင်း သေခြင်း လုံးဝကင်းတော်မူသွားပါပြီ၊ လုံးဝကင်းတော်မူသွားပါပြီ၊ အဲဒါဟာ အိုခြင်းနာခြင်း သေခြင်းကင်းတဲ့ တရားတွေက စောင့်ရှောက်သည်"ဆိုတဲ့ တရားဆောင်

ပုဒ်နှင့်အညီ တရားစစ် တရားမှန်ကို ဟောပြနိုင်တဲ့ အရှင်အသဒိနဲ့ တစ်ကြိမ်မျှတွေ့ရတာနဲ့ အကျိုးပြီးသွားပုံလဲ ဖြစ်ပါတယ်၊ "သူတော်ကောင်းများ သိတရား အိုသွားမရှိပြီ" ဆိုတာနဲ့ အညီပါပဲ၊ ကဲ–အဲဒါကို ဆိုကြရမယ်။

"သူတော်ကောင်းများ၊ သိတရား၊ အိုသွားမရှိပြီ။" (ဆို)

သူတော်ကောင်းများသိထားတဲ့ နိဗ္ဗာန်တရားဟာ အိုမင်းဆွေးမြည့်ခြင်းမရှိဘူး၊ ပျက်စီးခြင်းမရှိဘဲ အမြဲတည်နေတယ်၊ အဲဒီတရားကို အပြည့်အစုံသိတဲ့ ရဟန္တာပုဂ္ဂိုလ်မှာလဲ ပရိနိဗ္ဗာန်စံသည်မှ နောက်ကာလ၌ အိုခြင်းမရှိဘူး၊ နာခြင်း သေခြင်းလဲ မရှိဘူးလို့ ဆိုလိုပါတယ်၊ တစ်ရာတန် ၃–ဂါထာပြီး သွားပြီး၊ နောက်ဆုံးဂါထာကတော့–

အဝေးကြီး ၄–ပါး

(၄) နဘဋ္ဌ ဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဋ္ဌ ဓမ္မော အသတဋ္ဌ ရာဇေ။

ရာဇေ–အရှင်သုတသောမမင်းမြတ်၊ နဘဋ္ဌ–ကောင်းကင်အရပ်သည်လည်း၊ ဒူရေ–ကမ္ဘာမြေကြီးမှ ဝေးလှ၏၊ ပထဝီစ–ကမ္ဘာမြေကြီးသည်လည်း၊ ဒူရေ–ကောင်းကင်မှ ဝေးလှ၏။

ကောင်းကင်ဆိုတာ ဟင်းလင်းပြင်အရပ်ကို ခေါ်တယ်၊ မြေကြီးမှ တစ်လက်မ တစ်ပေ တစ်တောင် လူ့တစ်ရပ်စာ စသည်လွတ်နေတဲ့အရပ်ကိုလဲ ကောင်းကင်လို့ဆိုနိုင်တာပဲ၊ ဝါးတစ်ပြန် ထန်းတစ်ဖျား အမြင့်ကိုလဲ ကောင်းကင်လို့ ဆိုနိုင်တာပဲ၊ ဒါပေမယ့် အဲဒီဟင်းလင်းအရပ်တွေကတော့ မြေကြီးနဲ့မဝေးသေးဘူး၊ အဲဒီလောက် အမြင့်ကို ဆိုလိုတာမဟုတ်ဘူး၊ မျက်စိတစ်ဆုံလောက် မြင်နေတဲ့အရပ်မျိုးကိုသာ ဒီနေရာမှာ ကောင်းကင်လို့ ဆိုလိုတယ်၊ အဲဒီကောင်းကင်ကို ရှေးရှေးက လူတွေဟာ အမျိုးမျိုးအထွေထွေ ကြံခဲ့ကြတယ်၊ တချို့က ဒယ်အိုးကြီးများလို ခုံးခုံးအမိုးကြီးရှိပြီး အဲဒီမှာ ကြယ်တွေကို မီးအိမ်တွေဆွဲထားတဲ့အနေနဲ့လဲ ကြံခဲ့ကြတယ်၊ ဘုရားသခင်က ကောင်းကင်နဲ့မြေကြီးကို ရှေးဦးစွာ ဖန်ဆင်းတယ်လို့လဲ ယူဆခဲ့ကြတယ်၊ အမှန်ကတော့ မျက်စိနဲ့မြင်နိုင်ကောင်းတဲ့ အထည်ဒြပ်တွေမရှိဘဲ ဟာလာဟင်းလင်းပြင်အရပ်ကြီးပါပဲ၊ မျက်စိနဲ့ကြည့်လိုက်ရင် မြင်စရာမရှိလို့ မှည်းမှောင်နေတဲ့ အခြေအနေကိုသာ တွေ့ရတယ်၊ ညအခါဆိုရင် အဲဒီဟင်းလင်းပြင်ထဲမှာ ဝင်းလက်နေတဲ့ ကြယ်တွေကို တွေ့ရတယ်၊ လကိုလဲတွေ့ရတယ်၊ နေ့အခါဆိုရင်တော့ နေကြီးကို တွေ့ရတယ်၊ အဲဒီမျက်စိတစ်ဆုံးဝေးကွာတဲ့ ဟင်းလင်းပြင်အရပ်ကို ရည်ပြီးတော့ "ကောင်းကင်က မြေကြီးနှင့်ဝေးသည်၊ မြေကြီးကလဲ ကောင်းကင်နှင့်ဝေးသည်"လို့ ဆိုထားပါတယ်၊ အဲဒါဟာ အဝေးကြီး ၄–ပါးထဲက အဝေးကြီး ၂–ပါးပဲ" ကောင်းကင် တထွေ၊ ကမ္ဘာမြေ ဒူရေ–ဆိုတဲ့ ပါဠိနဲ့ ဝေးလှသည်ဆိုတဲ့ မြန်မာစကားဟာ အရတူပါပဲ၊ ကဲ–အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

"ကောင်းကင်တထွေ၊ ကမ္ဘာမြေ၊ ဒူရေ ဝေးလှသည်"။ (ဆို)

သမုဒ္ဒဿ–သမုဒ္ဒရာ၏၊ ပါရံ–ဟိုဘက်ကမ်းသည်၊ အတ္ထိ–ရှိ၏၊ တံ–ထိုသမုဒ္ဒရာ ဟိုဘက်ကမ်းကို၊ ဒူရေ–ဝေးသည် ဟူ၍၊ အာဟု–ဆိုကုန်၏။

သမုဒ္ဒရာ၏ ဟိုဘက်ကမ်းဆိုတာ ဒီဘက်ကမ်းမှ မျှော်ကြည့်ရင် ဝေးတယ်၊ ဒါပေမယ့် ရေလက်ကြားကလေးလောက် ဆိုရင်တော့ မဝေးဘူး၊ အဲဒီလိုနီးတဲ့ ကမ်းခြေကိုတော့ ဒီမှာ မဆိုလိုပါဘူး၊ ဆိုလိုတာကတော့ မြန်မာပြည် ပင်လယ်ကမ်းခြေကနေပြီး ကိုကိုးကျွန်း ကပွလီကျွန်း သီဟိုဠ်ကျွန်းတို့လို ဥရောပကမ်းခြေကနေပြီး အမေရိကတိုက်ကမ်းတို့လို ဟိုဘက်ကမ်းကိုသာ ဆိုလိုပါတယ်၊ အဲဒီလို ဟိုဘက်ကမ်းတွေကတော့ အလွန်ဝေးပါတယ်၊ မျက်စိနဲ့ မျှော်ကြည့်လို့ မမြင်နိုင်ဘူး၊ အဲဒါကို "သမုဒ္ဒရာ ဟိုကမ်းဟာ ဝေးကွာလှချေသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ ကဲ–ဆိုကြရမယ်။

"သမုဒ္ဒရာ၊ ဟိုကမ်းဟာ၊ ဝေးကွာလှချေသည်။" (ဆို)

အဝေးတကာ့ အဝေးဆုံး

တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတ္ဆ ဓမ္မော အသတ္ဆ ရာဇေ။

ရာဇေ–အရှင်သုတသောမမင်းမြတ်၊ သတ္ဆ–သူတော်ကောင်းတို့၏ တရားသည်လည်းကောင်း၊ အသတ္ဆ ဓမ္မော–သူယုတ်မာတို့၏ တရားသည်လည်းကောင်း၊ အတ္ထိ–ရှိ၏၊ တဒုဘယံ–ထိုတရားနှစ်ပါးကို၊ တတော–ထိုဆိုခဲ့သော အဝေးကြီး ၃–မျိုးထက်၊ ဟဝေ–စင်စစ်၊ ဒူရတရံ–သာလွန်၍ ဝေးသည်ဟု၊ ဝဒန္တိ–ပညာရှိတို့က ပြောဆိုကြကုန်ပြီ။

ကောင်းကင်ဟာ မြေကြီးနဲ့ဝေးတယ်၊ မြေကြီးကလဲ ကောင်းကင်နဲ့ဝေးတယ်၊ သမုဒ္ဒရာ၏ ဟိုဘက်ကမ်းလဲဝေးတယ်၊ အဲဒီသုံးမျိုးထက် သူတော်ကောင်းတရားနဲ့ သူယုတ်မာတရားက သာလွန်ပြီး ဝေးပါတယ်–တဲ့၊ သူတော်ကောင်းတရား ဆိုတာ ကုသိုလ်တရားပဲ၊ သူယုတ်မာတရားဆိုတာ အကုသိုလ်တရားပဲ၊ ဒီသလ္လေခသုတ်နဲ့ပြောရရင် ဝိဟိံသာ–ညှဉ်းဆဲခြင်း၊ ပါဏာတိပါတသင်္ဘဝါကို သတ်ခြင်းအစရှိတဲ့ အကုသိုလ်တရား ၄၄–ပါးဟာ သူယုတ်မာတရားတွေပါပဲ၊ မညှဉ်းဆဲခြင်း မသတ်ခြင်း အစရှိတဲ့ ကုသိုလ်တရား ၄၄–ပါးဟာ သူတော်ကောင်းတရားတွေပါပဲ၊ အဲဒီ သူတော်ကောင်းတရားတွေက မြင့်မြတ်တယ်၊ သူယုတ်မာတရားတွေက ယုတ်ညံ့တယ်၊ ဒါပေမယ့် သူယုတ်မာတရား ၄၄–ပါးလုံး ယုတ်ညံ့ပုံချင်း ညီတူညီမျှပဲလို့ မမှတ်ရဘူး၊ ဒုစရိုက်ဆယ်ပါး အစရှိသော အချို့အကုသိုလ်တရားတွေက အလွန်ယုတ်ညံ့တယ်၊ ထိန မိဒ္ဓ ဥဒ္ဓစ္စတို့လို သာမန် အကုသိုလ်တွေကတော့ အဲဒါတွေလောက် မယုတ်ညံ့ဘူး၊ ကုသိုလ်တရားတွေကတော့ အမြင့်မြတ်ချည်းပါပဲ၊ ဒါပေမယ့် အဲဒီမှာလဲ သာမန်ကုသိုလ်ထက် မဂ်၏အကြောင်းဖြစ်တဲ့ ကုသိုလ်က သာပြီးမြင့်မြတ်တယ်၊ "ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု၊ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု"လို့ ဆုတောင်းပြီးပြုတဲ့ ဒါန သီလ ဘာဝနာ ကုသိုလ်တွေ ယခုရှုမှတ်နေကြတဲ့ ဝိပဿနာကုသိုလ်တွေ ဒါနတွေဟာ အဲဒီသာပြီး မြင့်မြတ်တဲ့ ကုသိုလ်တွေပါပဲ၊ အဲဒါထက် မဂ် ၄–ပါး ကုသိုလ်တွေက သာပြီးမြတ်တယ်။

ဒါကြောင့် သာမန်ယုတ်ညံ့တဲ့ အကုသိုလ်ပွားစေတဲ့သူဟာ သာမန်ယုတ်ညံ့တဲ့သူ မည်တယ်၊ သူတစ်ပါးကို ညှဉ်းဆဲခြင်း သတ်ဖြတ်ခြင်း သူ့ဥစ္စာကို လုယက်ခိုးယူခြင်း စသည်ဖြင့် အလွန်ယုတ်ညံ့တဲ့ အကုသိုလ်တွေကို ပြုလုပ်နေတဲ့သူဟာ အလွန်ယုတ်ညံ့တဲ့သူ မည်တယ်၊ အဲဒီလို ယုတ်ညံ့တဲ့သူတွေဟာ သူတို့ပြုလုပ်နေကြ သူယုတ်မာတရားထဲမှာသာ စိတ်ဝင်စားနေတယ်၊ အဲဒီ အကုသိုလ်အလုပ်တွေမှ ကြဉ်ရှောင်ရတဲ့ ကုသိုလ်အလုပ်ကို စိတ်မဝင်စားနိုင်ဘူး၊ သူတော်ကောင်းတွေကလဲ ကုသိုလ်အလုပ်မှာသာ စိတ်ဝင်စားနေကြတယ်၊ အကုသိုလ်အလုပ်မှာ စိတ်မဝင်စားနိုင်ဘူး၊ ဒီလိုလဲ ဆန့်ကျင်ပြီး ဝေးကွာနေတယ်၊ အကုသိုလ်က အကျိုးမဲ့ကို ဖြစ်စေတတ်တယ်၊ ညစ်နွမ်းတယ်၊ ကုသိုလ်က အကျိုးစီးပွားကို ဖြစ်စေတတ်တယ်၊ ဖြူစင်တယ်၊ ဒီလိုလဲ ဆန့်ကျင်ဝေးကွာနေတယ်၊ တောင်နှင့်မြောက် အရှေ့နှင့်အနောက်လို ပြောင်းပြန်ဖြစ်ပြီး ဝေးကွာနေပါတယ်၊ ဒါကြောင့် သူတော်ကောင်းတရားနဲ့ သူယုတ်မာတရားကို သာပြီးဝေးတယ်လို့ဆိုပါတယ်၊ အဲဒါကို "သူတော် သူညစ်တရားနှစ်၊ စင်စစ် ဝေးလှသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒီမှာ တရားနှစ်ဆိုတာက တရားနှစ်မျိုးလို့ ဆိုလိုတယ်၊ ကဲ–အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

"သူတော် သူညစ်၊ တရားနှစ်၊ စင်စစ် ဝေးလှသည်။" (ဆို)

ရာတန်က ထောင်တန်ဖြစ်သည်

နန္ဒပုဏ္ဏားဟောတဲ့ တရားဂါထာ ၄–ပုဒ် ပြည့်စုံသွားပါပြီ၊ အဲဒီဂါထာ ၄–ပုဒ်ကို ဟောပြီးတဲ့အခါ သုတသောမမင်းက မေးပါတယ်၊

ဆရာပုဏ္ဏား အခြားမင်းတွေကို ဒီဂါထာများဟောတဲ့အခါ ဘယ်လောက်ရပါသလဲ။

အရှင်မင်းမြတ် တစ်ဂါထာ တစ်ဂါထာမှာ တစ်ရာတစ်ရာ ရပါတယ်၊ ဒါကြောင့် (သတာရဟ) ရာတန်ဂါထာ မည်ပါတယ်။

ဆရာပုဏ္ဏား ဆရာဟာ ကိုယ့်ပစ္စည်းရဲ့တန်ဖိုးကို မသိဘဲကိုး၊ ဒီဂါထာတွေဟာ ရာတန်မဟုတ်ဘူး၊ ထောင်တန်တွေပဲ လို့ပြောပြီး၊ နန္ဒပုဏ္ဏားအား တရားပူဇော်တဲ့အနေနဲ့ ငွေလေးထောင် ပေးစေပါတယ်၊ ယာဉ်ငယ်တစ်ခုကိုလဲပေးပြီး ပူဇော်ချီးမြှောက်ပါတယ်၊ အဲဒီကနောက် ဃယ်တော် ခမည်းတော်များကို ရှိခိုးကန်တော့ပြီးတဲ့အခါ သုတသောမမင်းက "တရားနာခြင်း ကိစ္စပြီးရင် ပြန်လာခဲ့ပါမယ်လို့" ဝန်ခံခဲ့တဲ့အတိုင်း "ပေါရိသာဒထံ ပြန်သွားတော့မယ်"လို့ ပြောကြားလိုက်တယ်၊ ဒီတော့

မယ်တော် ခမည်းတော်များကရော အဆွေအရံများကရော "ပေါရိသာဒ လူဆိုးကြီးကို စစ်တပ်နဲ့ဖမ်းမယ်၊ ပေါရိသာဒထံ မသွားပါနဲ့" တောင်းပန်ကြတယ်၊ နန်းတွင်းသူတွေ ကလဲ ငိုကြွေးပြီး တောင်းပန်ကြတယ်။

သစ္စာစောင့်ပုံ

ဒီတော့ သုတသောမမင်းက ဒီလိုရှင်းလင်းပြောပြပါတယ်၊ "ဝန်ခံချက်အတိုင်း မှန်ကန်စွာ ဆောင်ရွက်တာဟာ သူတော်ကောင်းတို့၏ အလေ့အကျင့် ဖြစ်တယ်၊ ပေါရိသာဒဟာ ငါ့ကို ယုံကြည်၍ လွှတ်လိုက်တယ်၊ သူက လွှတ်လိုက်ပေလို့ နန္ဒပုဏ္ဏားထံ တရားနာဖို့ ဝန်ခံထားတဲ့ပဋ္ဌိညာဉ်လဲ ပြေလည်သွားတယ်၊ အဲဒါဟာ သူ့ကျေးဇူးပဲ၊ အဲဒီ သူ့ကျေးဇူးကိုသိသောအားဖြင့်လဲ သွားရမယ် သူထံ ပြန်မသွားရင် ဝန်ခံချက်ပျက်ပြီး မုသာဝါဒသောဘော သက်ရောက်လိမ့်မယ်၊ ဒါကြောင့်လဲ သူ့ထံ ပြန်သွားမယ်"လို့ ရှင်းလင်းပြောပြပြီးတော့ မြို့တော်ကထွက်ပြီး ပေါရိသာဒထံသို့ ပြန်သွားပါတယ်၊ အဲဒီမှာ ဝန်ခံချက်ပျက်ရင် မုသာဝါဒသောဘော သက်ရောက်တယ်" ဆိုတာက မူလက စေတနာရိုးနဲ့ ဝန်ခံခဲ့ပြီးတော့ အကြောင်းမညီညွတ်လို့ ပျက်ကွက်သွားတာမျိုးပါပဲ၊ အဲဒါမျိုးကတော့ မုသာဝါဒကံ မထိုက်ပါဘူး၊ ကတိသစ္စာ ပျက်ကွက်ရုံလောက်ပဲ ရှိပါတယ်၊ မူလကတည်းက မရိုးသားတဲ့စေတနာနဲ့ဝ ဝန်ခံရင်တော့ အဲဒီလို ဝန်ခံကတည်းက မုသာဝါဒကံလဲ ထိုက်ပါတယ်၊ ဝန်ခံတဲ့အတိုင်း မဆောင်ရွက်တဲ့အတွက် ကတိသစ္စာလဲ ပျက်ကွက်ပါတယ်။

အဲဒီအခါ ပေါရိသာဒက "သုတသောမမင်း မလာရင်လဲ အခြားမင်းတွေရဲ့ အသွေးအသားဖြင့် ရက္ခစိုးနတ်မင်းအား ပူဇော်တော့မယ်"လို့ ကြံပြီး မီးကိုမွှေး တံစို့များကိုလဲ ချွန်နေတယ်၊ အဲဒီလို လုပ်နေတုန်း သုတသောမမင်း ရောက်လာတာကို တွေ့ရတော့ "ကိစ္စလုံးစုံ ပြီးခဲ့ပြီလားလို့" မေးတယ်၊ သုတသောမမင်းက "တရားလဲနာခဲ့ပြီ တရားလည်းပူဇော်ခဲ့ပြီ ကိစ္စအားလုံးပြီးတဲ့အတွက် ယခုပြန်လာခဲ့တယ်၊ ငါ့ကိုသတ်ပြီး ယဇ်ပူဇော်ချင်ရင်လဲ ပူဇော်ပါ၊ ငါ့အသားကို စားချင်လဲစားပါ"လို့ ရဲရဲရင့်ရင့် ပြန်ကြားပြောဆိုလိုက်ပါတယ်၊ ဒီတော့ ပေါရိသာဒက စဉ်းစားတယ်၊ သုတသောမမင်းဟာ သေရမှာကို မကြောက်ဘူး၊ အဲဒါဟာ တရားဂါထာတွေကို နာခဲ့ရလို့ ဖြစ်မှာပဲ၊ ငါလဲ အဲဒီတရားနာပြီး မကြောက်မရွံ့ရဲရင့်ချင်တယ်"လို့ ကြံပြီးတော့ အဲဒီ တရားဂါထာတွေကို သူ့အားဟောဖို့ တောင်းပန်တယ်။

ပေါရိသာဒ ရွှတ်ခန်း

ဒီတော့ သုတသောမမင်းက ဟေ့–ပေါရိသာဒ၊ သင်ဟာ လူတွေကို သတ်စားနေတဲ့လူပဲ၊ တရားမစောင့်ဘူး၊ သင့်မှာ သစ္စာလဲမရှိဘူး၊ တရားလဲမသိဘူး၊ သင့်မှာ တရားနာလို့ ဘာအကျိုးရှိမလဲ၊ အလကားဖြစ်မှာပဲလို့ ရှုတ်ချပြီး ပြောလိုက်တယ်၊ ရှက်ပြီး သံဝေဂ ရစေချင်လို့ ဒီလို ခပ်ကြမ်းကြမ်း ပြောလိုက်တာပါပဲ၊ ဒီလိုပြောလိုက်တော့ ပေါရိသာဒက သာပြီးတရားနာချင်စိတ်ရှိလာတယ်၊ ဒါကြောင့် သူက ဆရာရယ် တရားကိုနာပြီးမှ ကောင်းမှုမကောင်းမှုကို သိရမယ်မဟုတ်လား၊ အဲဒီဂါထာများကိုနာရရင် ကျွန်ုပ်စိတ်ဟာ တရားထဲမှာ ပျော်မွေ့သက်ဝင်သွားချင် သွားပါလိမ့်မယ်၊ ဒါကြောင့် ဟောပါလို့ ထပ်ပြီးတောင်းပန်ပြန်တယ်၊ အဲဒီတော့ သုတသောမမင်းက သူ့အခြေအနေကြည့်ပြီးတော့ ဟောသင့်တယ်လို့ ဆင်ခြင်ပြီး အဲဒီတရားဂါထာ ၄–ပုဒ်ကို ပေါရိသာဒအား ဟောပြောလိုက်ပါတယ်၊ ဒီနေရာမှာ ဟောပုံကို ပါဠိဂါထာတွေ ရွတ်ပြီးအနက်ပေးပြနေလျှင် အချိန်ကုန်နေလိမ့်မယ်၊ လုံးလုံးမဖော်ပြဘဲ ချန်ထားရင်လဲ တရားနာပြီး ပေါရိသာဒကျွတ်သွားပုံဟာ မပေါ်လွင်မထင်ရှားဘဲ ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် ဘုန်းကြီးက ဆောင်ပုဒ်ကိုသာ ဖြည်းဖြည်းချင်း ရွတ်ပြသွားမယ်၊ သုတသောမမင်းက ဟောနေပုံ၊ ပေါရိသာဒက ရိုသေစွာ တရားနာနေပုံတွေကို မျှော်တွေးပြီး နာကြရမယ်။

၁။ "သပ္ပုရိသ၊ တစ်ကြိမ်မျှ၊ တွေ့က စောင့်ရှောက်သည်၊"
"သူယုတ်မာအား၊ အကြိမ်များ၊ တွေ့ငြား မစောင့်ပြီ။"

၂။ "သူတော်ကောင်းသား၊ ပေါင်းသင်းရာ၊ မြတ်စွာမိန့်ခဲ့သည်။"
"သူတော်ကောင်းတရား၊ သိမြင်ငြား၊ တိုးပွားမြင့်မြတ်သည်။"

၃။ "မင်းစီးရထား၊ လွန်ဆန်းပြား၊ အိုသွားကြလေသည်။"
"ခန္ဓာကိုယ်လဲ၊ နည်းတူပဲ၊ မလွဲအိုရသည်။"
"သူတော်ကောင်းများ၊ သိတရား၊ အိုသွားမရှိပြီ။"

၄။ "ကောင်းကင်တထွေ၊ ကမ္ဘာမြေ၊ ဒုရေဝေးလှသည်၊"
"သမုဒ္ဒရာ၊ ဟိုကမ်းဟာ၊ ဝေးကွာလှချေသည်၊"
"သူတော် သူညစ်၊ တရားနှစ်၊ စင်စစ်ဝေးလှသည်။"

ပေါရိသာဒဟာ ဘဝအဆက်ဆက်က အလေ့အလာကြောင့် ကြမ်းကြုတ်နေပေမယ်လို့ တရားနဲ့တော့ တယ်မဝေးဘူး၊ ဒါကြောင့် သုတသောမမင်းဟောတဲ့ အဲဒီဂါထာတရားကိုနာရင်း သူ့ကိုယ်ထဲမှာ ဖြိုးဖြိုးဖျင်းဖျင်းနဲ့ နှစ်သိမ့်ဝမ်းမြောက်တဲ့ ပီတိတွေ အနှံ့အပြားဖြစ်နေသတဲ့၊ အဲဒီလိုဖြစ်ပုံကို အဋ္ဌကထာက "သုဏာန္ဓသေဝ– တရားဂါထာတို့ကို နာစဉ်ပင်လျှင်၊ သကလသ ရီရံ–တစ်ကိုယ်လုံးကို၊ ပဗ္ဗဝဏ္ဏာယပီတိယာ ငါးမျိုးသောပီတိဖြင့်၊ ပရိပ္ဖုရိပြည့်လေပြီလို့" ပြဆိုထားပါတယ်၊ အဲဒီလို ပီတိဖြစ်ပြီး ကြည်ညိုလာတော့ အဲဒီတရားကို သူက ပူဇော်ချင်တယ်၊ ဒါကြောင့် သူက ဒီလိုပြောပါတယ်၊ ဆရာ ဆရာ့ကို ပူဇော်ချင်တယ်၊ ရွှေ ငွေဆိုတာတော့ ပေးစရာမရှိဘူး၊ တစ်ဂါထာ တစ်ဂါထာအတွက် "ဝရ" ခေါ်တဲ့ ဆုတစ်ခုတစ်ခု ပေးချင်ပါတယ်လို့ ပြောတယ်၊ ရှေးတုန်းက မင်းများဟာ ဆုပေးတယ်ဆိုရင် ဘယ်ဟာမဆို တောင်းနိုင်တယ်၊ တောင်းတဲ့ဟာကို မငြင်းဘဲ ပေးရတယ်၊ ဒီလိုစည်းကမ်းရှိနေတယ်၊ ဒီတော့ သုတသောမမင်းက သူပေးမည့်ဆုကို ခိုင်မြဲစေလိုတဲ့အတွက် ဟော့ပေါရိသာဒ၊ ကိုယ့် အကျိုးစီးပွားကိုတောင်မသိတဲ့ သင်လိုလူဆိုကြီးက ဘယ်လိုဆုကိုပေးမှာလဲကွယ်လို့ ရှုတ်ချပြီးပြောလိုက်တယ်၊ ဆရာ ကျွန်ုပ်က တကယ်ပြောတာပါ၊ အသက်ကို စွန့်ရစေကာမူ ဆရာအလိုရှိတဲ့ဆုကို ပေးပါ့မယ်၊ အလိုရှိတဲ့ဆုကိုယူပါလို့ ပေါရိသာဒက ထပ်ပြီး ပြောပြန်တယ်၊ အဲဒီတော့ သုတသောမမင်းက ရှေးဦးစွာ ဒီလိုဆုကို တောင်းယူလိုက်ပါတယ်။

အဆွေ ပေါရိသာဒ၊ သူမြတ်သူမြတ်ချင်း ပညာရှိပညာရှိခြင်း အဆွေခင်ပွန်းဖြစ်တာဟာ ညီညွတ်ကောင်းမြတ်တယ်၊ ငါဟာ သင့်ကို အသက်တမ်းပြည့် အနှစ်တစ်ရာပတ်လုံး အနာရောဂါမရှိဘဲ ကျန်းမာနေတာ မြင်ချင်ပါတယ်–လို့ တောင်းယူလိုက်ပါတယ်။

ဒီဆုတောင်းပုံကတော့ ပေါရိသာဒ၏ အကျိုးကို မျှော်လင့်သလိုလိုနဲ့ အမှန်ကတော့ သုတသောမမင်းက "ငါ့ကို မသတ်ပါနဲ့လို့" ဆုတောင်းလိုက်ခြင်းဖြစ်ပါတယ်၊ မသတ်ပါမှ အနှစ်တစ်ရာပတ်လုံး တွေ့မြင်ခွင့်ရမယ်မဟုတ်လား၊ဒါကြောင့် ဒီလိုစကားမျိုးကတော့ ကိုယ့်အကျိုးလဲပြီးအောင် သူတစ်ပါးလဲ နားဝင်ချိုအောင်ပြောတဲ့ ပညာရှိစကားဖြစ်တယ်၊ နည်းယူထိုက်တဲ့စကားပါပဲ၊ ပေါရိသာဒက အဲဒီစကားကို ကြားရတော့ ငါကသူ့ကို သတ်ဖို့ ဖမ်းပေမယ့် သူကတော့ ငါ့အပေါ်မှာ မေတ္တာမပျက်ဘူး၊ ငါအကျိုးကိုတောင် အလိုရှိနေပေသေးတယ်လို့ ဆင်ခြင်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ အဲဒီဆုကို ပေးလိုက်ပါတယ်။

အဲဒီကနောက် ဖမ်းထားတဲ့ မင်းတွေကို မသတ်ဖို့ ဒုတိယဆုနှင့် မင်းတွေကို သူတို့တိုင်းပြည် အသီးသီးသို့ ပြန်ပို့ဖို့ တတိယဆုများကို တောင်းယူလိုက်ပါတယ်၊ ပေါရိသာဒကလဲ အဲဒီဆုများကို အလွယ်တကူနဲ့ပဲ ပေးလိုက်ပါတယ်။

နောက်ဆုံးစတုတ္ထဆုကိုတော့ "အဆွေပေါရိသာဒ သင်ဟာ လူသားစားခြင်းမှ ရှောင်ကြဉ်ပါ၊ အဲဒါကို နောက်ဆုံးစတုတ္ထဆုအဖြစ်ဖြင့် တောင်းယူပါတယ်"လို့ သုတသောမမင်းက ဆုတောင်းလိုက်ပါတယ်၊ အဲဒီတော့ ပေါရိသာဒက ဆရာ ကျွန်ုပ်ဟာ လူသားကြိုက်လို့ တိုင်းပြည်ကိုစွန့်ပြီး ဒီတောထဲမှာ လာနေရပါတယ်၊ ဒါကိုတော့ မကြဉ်ရှောင်နိုင်ဘူး၊ အခြားဆုကို ပြောင်းလဲယူပါလို့ ဆိုတယ်။

သုတသောမမင်းကလဲ ပေါရိသာဒအား တရားဟောပြီး လူသားစားခြင်းမှ ကြဉ်ရှောင်ဖို့ ဆုကိုသာပေးပါ၊ အခြားဆုကိုတော့ မယူလိုပါဘူးလို့ အတင်းအကျပ်တောင်းဆိုတယ်၊ ဒီတော့ ပေါရိသာဒမှာ အကျပ်ကျနေတယ်၊ အသက်ကို စွန့်ပြီး တော့တောင် တောင်းတဲ့ဆုကို ပေးပါမယ်လို့ ဝန်ခံထားပြီးလဲ ဖြစ်နေတယ်၊ နောက်ပြီးတော့ မင်းဆိုတာ ဆုပေးမယ်လို့ ဝန်ခံထားရင် အဲဒီဆုကို မငြင်းပယ်ဘဲ ပေးရတဲ့ စည်းကမ်းကလဲ ရှိနေတယ်၊ လူသားကို ကြဉ်ရှောင်ဖို့ဆိုတာကလဲ သူ့မှာ အလွန်ခက်ခဲနေတယ်၊ ဘယ်လောက်ခက်မယ်ဆိုတာဟာ ထီးနန်း စည်းစိမ်တွေ သားမယား အစရှိတဲ့ ကာမဂုဏ်တွေကို စွန့်ပြီးတော့ တောထဲမှာ အဆင်းရဲခံပြီး နေခြင်းဖြင့် အလွန်ထင်ရှားပါတယ်၊ နောက်ပြီးတော့ မိမိတို့၏ ကိုယ်တွေ့နဲ့ စဉ်းစားကြည့်ရင်လဲ ထင်ရှားနေပါတယ်၊ ယခုလူတွေဟာ အများအားဖြင့် အသားဟင်းကို ကြိုက်ကြတယ်၊ အဲဒီအသားဟင်းကြိုက်နေတဲ့လူတွေကို သက်သတ်လွတ် စားရမယ်ဆိုရင် လက်ခံဖို့ မခက်ကြပေဘူးလား၊ ယခုဒီမှာ တရားနာနေတဲ့ လူတွေကို ဘုန်းကြီးက သက်သတ်လွတ်စားဖို့ အလှူခံရင် လှူနိုင်ကြပါ့မလား၊ အင်း–ခက်ကြမှာပါပဲ၊ လူတွေထက် ဘုန်းကြီးတွေက သာပြီးခက်လိမ့်မယ်ထင်တယ်၊ ဘာကြောင့်လဲဆိုရင် သက်သတ်လွတ်ဆွမ်းကျွေးရင် တယ်မလိုက်ချင်ကြဘူးဆိုတာ ကြားသိရတယ်၊ နောက်ပြီးတော့ သက်သတ်လွတ်စားတာကို ဘုန်းကြီးတွေက ဒေဝဒတ်အကျင့်လို့လဲ ကဲ့ရဲ့ရှုတ်ချတာကိုလဲ ကြားဖူးတယ်၊ ချေပတာကိုလဲ ကြားဖူးတယ်၊ မှန်ပေတယ်၊ ပစ္စဝေက္ခဏာ ဆင်ခြင်မှု ရှုမှတ်မှုမရှိဘဲစားနေရင် သာယာတဲ့ လောဘဖြစ်တာကတော့ တူပေလိမ့်မယ်၊ ဒါပေမယ့် လောဘဖြစ်ပုံခြင်းကတော့ မတူပေဘူး၊ အဲဒါဟာ သက်သတ်လွတ်စားပါဆိုရင် မစားနိုင်ကြတာက သက်သေခံနေပါတယ်၊ တချို့က အသားဟင်းတွေထဲမှာတောင် ကြက်သား ဝက်သား ဆိတ်သား ဘဲသားတို့ မပါရင်ဘဲ ငါးခြောက်ဟင်းလောက်ဆိုရင် တယ်မကြိုက်ချင်ကြဘူး၊ အဲဒါဟာ အသားဟင်းကို သာယာစွဲလမ်းမှု အားကြီးနေလို့ပါပဲ၊ ဒီလိုဖြစ်ပုံတွေကို ထောက်ဆကြည့်ရင် ပေါရိသာဒမှာ လူသားမစားဘဲ ကြဉ်ရှောင်ရန်အတွက် အလွန်ခက်ရှာပေလိမ့်မယ် ဆိုတာသိနိုင်ပါတယ်၊ ဒါကြောင့် ပေါရိသာဒက တခြားဆုကိုယူဖို့ရာ ငိုယိုပြီးတော့လဲ တောင်းပန်ပါတယ်၊ သုတသောမမင်းကလဲ တခြားဆုကိုမယူနိုင်ဘူး၊ ဒီဆုကိုပဲပေးပါလို့ အတင်းအကျပ်တောင်းတယ်၊ ဒါနဲ့ နောက်ဆုံးကျတော့ ပေါရိသာဒဟာ မတိမ်းမရှောင်သာတဲ့အတွက် မျက်ရည်တွေကျလျက် ငိုနေရင်း ဒီလို ဆုပေးလိုက်ပါတယ်။

အဆွေ သုတသောမင်းမြတ် ကျွန်ုပ်ဟာ လူသားကြီးက်လွန်းလို့ တိုင်းပြည်ကို စွန့်ပြီး တောထဲမှာ လာနေခဲ့ပါတယ်၊ ဒီလောက် မြတ်နိုးနေပေမယ့် အဆွေတောင်းတဲ့အတိုင်း လူသားစားခြင်းမှ ကြဉ်ရှောင်ဖို့ဆိုတဲ့ ဆုကိုလဲ ပေးပါတယ်လို့၊

ဆိုပြီး အဲဒီနောက်ဆုံးဆုကိုလဲ ပေးလိုက်ပါသတဲ့၊ အဲဒါဟာ အားကျစရာ နည်းယူစရာ အလွန်ကောင်းပါတယ်၊ ပေါရိသာဒ လူကြမ်းတောင်မှ သူအလွန်ကြီးက်နှစ်သက်တဲ့ လူသားကို ရှောင်နိုင်သေးတာပဲ၊ ငါတို့ဟာ ဘာကြောင့် အကုသိုလ် ဒုစရိုက်တွေကို မရှောင်ကြဉ်နိုင်ပဲ ရှိပါ့မလဲ၊ ပေါရိသာဒဟာ ဘုရားအလောင်းမျှသာဖြစ်တဲ့ သုတသောမမင်း၏ စကားကို ဘာကြောင့် မလိုက်နာနိုင်ဘဲရှိပါ့မလဲ စသည်ဖြင့်အားကျပြီး မကောင်းမှုဟူသမျှကို ကြဉ်ရှောင်သင့်ပါတယ်၊ ကောင်းမှုဟူသမျှ ကိုလဲ ပြုနိုင်အောင် ကြိုးစားသင့်ပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း ပေါရိသာဒက နောက်ဆုံး စတုတ္ထဆုကို ပေးပြီးတဲ့အခါ သုတသောမမင်းက ပေါရိသာဒအား ငါးပါး သီလကိုလဲ ဆောက်တည်ကျင့်သုံးစေပါတယ်၊ အဲဒီကနောက် ဖမ်းထားတဲ့ မင်းတွေကိုလဲ လွှတ်စေပြီးတော့ အားအင် ပြည့်အောင် ပြုစုစေပါတယ်၊ အသီးအသီးသော တိုင်းပြည်များသို့ပို့ရန်လဲ စီမံပါတယ်၊ ရှေးဦးစွာ ပေါရိသာဒကို သူ့တိုင်းပြည် သို့ပြန်ရန် တိုက်တွန်းပါတယ်၊ အစပထမမှာတော့ တိုင်းပြည်ကို မပြန်တော့ဘူး၊ အဲဒီတောအရပ်မှာပဲ သစ်သီးသစ်မြစ်များကို စားပြီးနေတော့မယ်၊ လူသားမစားရရင် အသက်လဲရှည်မှာ မဟုတ်တော့ပါဘူး၊ မလိုက်တော့ပါဘူး စသည်ဖြင့် ငြင်းနေပါသေး တယ်၊ နောက်ဆုံးကျတော့ သုတသောမမင်း၏ တရားစကားကြောင့် သုတသောမမင်းနှင့် အတူလိုက်ပါလာတယ်၊ အဲဒီ ပေါရိသာဒကို သုတသောမမင်း ဆုံးမတဲ့အရပ်ဟာ သတိပဋ္ဌာနသုတ် ဟောရာဌာန ကမ္မာသဒမ္မ (ကမ္မာသမ္မ) ဆိုတဲ့ အရပ် ဖြစ်ကြောင်း သတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ ယခု အိန္ဒိယနိုင်ငံမှာ ဒေလီမြို့ဆိုတဲ့အရပ်ဟာ ရှေးက ကုရု တိုင်း ဣန္ဒပတ္ထမြို့အရပ်ဖြစ်တယ်လို့ ဆိုကြပါတယ်၊ ဒါကြောင့် ပေါရိသာဒကို ဆုံးမရာ အရပ်ဟာ အဲဒီဒေလီမြို့နယ်အတွင်းက တစ်နေရာ ဖြစ်ဖွယ်ရှိပါတယ်။

မြည်တော်ပြန်ခန်း

သုတသောမမင်းဟာ သူ့ပိုင်နက်ဖြစ်သော ဣန္ဒပတ္ထမြို့တော်မှ မှူးမတ်စစ်သည် အခြွေအရံများနှင့်တကွ ရှေးဦးစွာ ဗာရာဏသီမြို့သို့သွားပြီး ပေါရိသာဒကို ပို့ပါတယ်၊ အဲဒီမှာ မူလက နှင်ထုတ်လိုက်တဲ့ စစ်သေနာပတိကြီး ကာဠဟတ်က ပေါရိသာဒကို လက်မခံနိုင်ပါဘူးလို့ အပြင်းအထန် ငြင်းဆိုနေတဲ့အတွက် သုတသောမမင်းက အကြီးအကျယ် ဟောပြောနားချ ပြီးအပ်ရတယ်၊ အဲဒီကနောက် အခြားမင်းတွေကိုလဲ သူတို့ တိုင်းပြည်ကိုပြန်ပို့ပြီး သုတသောမမင်းလဲ သူ့တိုင်းပြည် ဣန္ဒပတ္ထ မြို့တော်သို့ ပြန်ပါတယ်။

ဇာတ်ပေါင်းခန်း

အဲဒီအခါတုန်းက ပေါရိသာဒဟာ ဘုရားလက်ထက်မှာ အဂ္ဂိလိမာလမထေရ် ဖြစ်လာတယ်၊ ကာဠဟတ်ဆိုတဲ့ စစ်သူ ကြီးက အရှင်သာရိပုတ္တရာ ဖြစ်လာတယ်၊ နန္ဒပုဏ္ဏားက အရှင်အာနန္ဒာ ဖြစ်လာတယ်၊ ညောင်ပင်စောင့်နတ်က အရှင်မဟာ ကဿပ ဖြစ်လာတယ်၊ သုတသောမမင်းက ဗုဒ္ဓမြတ်စွာဘုရား ဖြစ်တော်မူပါတယ်၊ အားလုံး ပရိနိဗ္ဗာန် ဝင်စံကုန်ကြပါပြီ။

လို့ရင်းကောက်နှုတ်ချက်

အဲဒီ ဇာတ်ဝတ္ထုအကြောင်းအရာထဲက ဒီမှာပြောလိုရင်းကတော့ သုတသောမမင်း မှသာဝါဒကြဉ်ရှောင်ပုံ သစ္စာစောင့် ပုံပါပဲ၊ ဥယျာဉ်တော်ကပြန်လာတဲ့အခါ နန္ဒပုဏ္ဏား၏တရားကို နာမယ်လို့ပြောခဲ့တဲ့အတိုင်း မပျက်မကွက် တရားနာနိုင်အောင် အားထုတ်ခဲ့တယ်၊ တရားနာပြီးတဲ့အခါ ပြန်လာပါ့မယ်လို့ ဝန်ခံခဲ့တဲ့အတိုင်း အသက်ကို မငဲ့ဘဲ ပေါရိသာဒထံ ပြန်လာခဲ့တယ်၊ အဲဒါတွေဟာ ဒီသလ္လေခသုတ်မှာ "သူများတွေက လိမ်လည်ကြမည့်နေရာမှာ ငါတို့ကတော့ လိမ်လည်မှု ကင်းစေမည်"ဆိုတဲ့ အမိဋ္ဌာန်ဆောင်ပုဒ်အရ ကျင့်ရန်အတွက် အတုယူစရာတွေပါပဲ၊ ကဲ–အဲဒီဆောင်ပုဒ်ကို ဆိုလိုက်ကြစို့။

"သူများတွေက လိမ်လည်ကြမည့်နေရာမှာ ငါတို့ကတော့ လိမ်လည်မှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ လိမ်လည်မှုကို သစ္စာစကားနဲ့ ရှောင်လွှဲမည်၊ သစ္စာစကားနဲ့ အဆင့်အတန်းတက်မည်၊ လိမ်လည်မှု ကိလေသာမီးကို သစ္စာစကားနဲ့ ငြိမ်းသတ်မည်။"

ယနေ့ ဒီတွင်ပဲ အမျှဝေပြီး တရားသိမ်းကြစို့။

အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျွန်ုပ်ပြုစုဖွားများအားထုတ်အပ်သော ဒါနကုသိုလ်။ပ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေ ကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု.... သာဓု.... သာဓု....။

သလ္လေခသုတ်တရားတော် ပဋ္ဌမပိုင်း ဤတွင်ပြီး၏။

သလ္လေခသုတ်တရားတော်ကြီး

ဆဋ္ဌမပိုင်း

၁၉၉၂–ခုနှစ်၊ တော်သလင်းလပြည့်နေ့ဟောသည်။

တရားအနှုသန္ဓေ

သလ္လေခသုတ်တရားတော်ကို ဟောလာခဲ့တာဟာ ၅–ကြိမ်ရှိပြီ၊ အဲဒီ ၅–ကြိမ်ထဲက တစ်ကြိမ်တစ်ကြိမ်မှာ သလ္လေခတရား တစ်ပါးတစ်ပါးသာ ပြီးခဲ့တယ်၊ ၁။ ဝိဟိသာတရား ခေါင်းပါးစေတဲ့ အကျင့်ကတစ်ပါး၊ ၂။ ပါဏာတိပါတကို ဆောင်းပါးစေတဲ့ အကျင့်ကတစ်ပါး၊ ၃။ အဒိန္နာဒါန်ကို ခေါင်းပါးစေတဲ့ အကျင့်ကတစ်ပါး၊ ၄။ အဗြဟ္မစရိယကို ခေါင်းပါးစေတဲ့ အကျင့်ကတစ်ပါး၊ ၅။ မုသာဝါဒကို ခေါင်းပါးစေတဲ့ အကျင့်ကတစ်ပါး၊ ဒီ ၅–ပါးပါပဲ ပြီးခဲ့သေးတယ်၊ သလ္လေခသုတ်တရား ၄၄–ပါးထဲမှ အဲဒီ ၅–ပါးကို နုတ်လိုက်ရင် ဟောဖို့ရာ ၃၉–ပါး ကျန်သေးတယ်၊ ဒါကြောင့် "ဝိဟိသာပါတ အဒိန္နနှင့် အဗြဟ္မစရိယာ မုသာ ပိသု ဖရု သမ္ဘာ အဘိဇ္ဈာနှင့် စသည်ဖြင့် ဆိုထားတဲ့ ခေါင်းစဉ် ဆောင်ပုဒ်ကြီးထဲမှာ မုသာရဲ့နောက် ပိသုဆိုတဲ့ခေါင်းစဉ်ကို ဟောဖို့ရာ အလှည့်ကျနေတယ်၊ အဲဒါက စပြီး ဒီကနေ့ ဟောရမယ်၊

ပိသုဏာဝါစာ

ပရေ ပိသုဏာဝါစါ ဘဝိဿန္တိ၊ မယမေတ္ထ ပိသုဏာယ ဝါစာယ ပဋိဝိရတာ ဘဝိဿာ
မာတိ သလ္လေခေါ ကရဏီယော။

ပရေ–သလ္လေခအကျင့်ကို မကျင့်နိုင်ကြသော သူတစ်ပါးတို့သည်၊ ပိသုဏာဝါစာ–ကုန်းတိုက် စကားကို ပြောဆိုနေကြကုန်သည်၊ ဘဝိဿန္တိ–ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ–ဤသို့ကုန်းတိုက်ပြောဆိုရာ၌ မယံ–ငါတို့သည်၊ ပိသုဏာယ ဝါစာယ–ကုန်းတိုက်ပြောဆိုခြင်းမှ ပဋိဝိရတာ–ကြဉ်ရှောင်ကြကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့ သလ္လေခေါ–ကိလေသာခေါင်းပါးစေသော အကျင့်ကို၊ ကရဏီယော–ပြုကျင့်အပ်၏။

တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီးဖြစ်ပြီး ချစ်ခင်ကြည်ညိုနေကြရာမှာ အဲဒီ ပုဂ္ဂိုလ်အချင်းချင်း မရင်းနှီးအောင် မချစ်ခင်အောင် မုန်းတီးအောင် အကြည်ညိုပျက်အောင် တစ်ဦး၏ အပြစ်အနာအဆာကို အခြားသူတစ်ဦးထံ သွားပြောတာကို ပိသုဏာဝါစာလို့ ခေါ်တယ်၊ မြန်မာလိုကတော့ ကုန်းတိုက်တယ် ကုန်းချောတယ်လို့ ခေါ်တယ်၊ ပါဠိသဒ္ဒါနည်းဖြင့် ခွဲပြရလျှင်တော့ ပိယ–ချစ်သူနှစ်ဦးတို့၏ ချစ်ခင်ကြည်ညိုခြင်းကို သုည–ဆိတ်သုဉ်းပျက်စီးစေတတ်တဲ့ စကားလို့ ဆိုလိုပါတယ်၊ မျက်ကွယ်မှာ သူတစ်ပါး၏ အတင်းအဖျင်းစကားကို ပြောတာလဲ ဒီပိသုဏာဝါစာထဲမှာ ပါဝင်တယ်လို့ မှတ်ရမယ်၊ ဘာကြောင့်လဲဆိုလျှင် အဲဒီလိုပြောတဲ့ အတင်းအဖျင်းစကားကို ကြားရတဲ့ သူတွေဟာ အဲဒီအတင်းအဖျင်းနဲ့ စပ်ဆိုင်တဲ့ ပုဂ္ဂိုလ်ပေါ်မှာ မူလက ကြည်ညိုရင်း ရှိနေပေမယ့် အကြည်ညိုမဲ့သွားတတ်ကြတယ်၊ အဲဒါကြောင့်ပါပဲ။

ဒီပိသုဏာဝါစာကို မြတ်စွာဘုရား ဝေဖန်ပြပုံကတော့ ဒီကလူတွေနှင့် ဟိုကလူတွေ ကွဲပြားကုန်အောင် ဒီကစကားကို ဟိုသွားပြောတယ်၊ ဟိုကစကားကို ဒီမှာလာပြောတယ်၊ ဒီလိုပြောခြင်းဖြင့် (သမဂ္ဂါနံ ဝါဘေတ္တာ) ညီညွတ်နေတဲ့ သူတွေကိုလဲ ခွဲတတ်တယ်၊ (ဘိန္နာနံဝါအနုပ္ပဒါတာ) ကွဲပြားနေတဲ့သူတွေကိုလဲ တိုးပြီးကွဲအောင် အားပေးအားမြှောက် ပြုတတ်တယ်၊ (ဝဂ္ဂါ ရာမော ဝဂ္ဂရတော ဝဂ္ဂနန္ဒီ) အဲဒီလိုကုန်းတိုက်တဲ့ သူတွေက ကွဲပြားနေတာကို နှစ်သက်တယ်၊ သူများတွေ ကွဲပြားနေမှ သူက ပျော်တယ်၊ ဒါကြောင့် သူက (ဝဂ္ဂကရဏိဝါစံဘာသိတာဟောတိ) ကွဲပြားကြောင်းစကားကို ပြောတတ်တယ်လို့ ဝေဖန်ပြထားပါတယ်။

လောကမှာ ဒီလိုကုန်းတိုက်စကားကို ပြောနေကြတာကလဲ တော်တော်များပါတယ်၊ သူတစ်ပါး၏ အပြစ်အနာအဆာ အတင်းအဖျင်းတွေကို ပြောရတာ နားထောင်ရတာ တစ်ဆင့်ပြောရတာတွေကို အများက ကြိုက်တတ်ကြတယ်၊ သတင်းထူးအနေနဲ့ သဘောကျတတ်ကြတယ်၊ သူတော်ကောင်းတရားနဲ့ မွေ့လျော်နေတဲ့ပုဂ္ဂိုလ်တွေသာ ဒီလိုဒုစရိုက်စကားတွေမှ ကင်းကြတယ်၊ ဒါကြောင့် သူတော်ကောင်း တရားကိုလိုလား ကြတဲ့သူတွေဟာ ဒီသလ္လေခသုတ် တရားတော်နှင့်အညီ ကျင့်ကြရမယ်၊ သူများတွေက ကုန်းချောစကား ပြောကြမည့်နေရာမှာ ငါတို့ကတော့ ကုန်းချောစကားကင်းစေမယ်လို့ နှလုံးသွင်းဆောက်တည်ပြီး ကျင့်ကြရမယ်။

ဘေဒဥပါယ်

ဒီလို ဝစီဒုစရိုက်ကင်းအောင် ကျင့်နေနိုင်တာဟာ တရားဘက်ကနေကြည့်ရင် အင်မတန်မွန်မြတ်ပါတယ်၊ ဒါပေမယ့် လောကဘက်ကနေ ကြည့်ရင်တော့ ဒီလိုကုန်းတိုက် စကားကလဲ သူ့နေရာ သူ့ကာလ အားလျော်စွာ ပြုသင့်ပြုထိုက်တဲ့အနေနဲ့ ထင်မြင်ယူဆနေကြတယ်၊ ရှေးရှေးကမင်းများဟာ ညီညွတ်နေတဲ့ တစ်ဘက်သားပုဂ္ဂိုလ်တွေကို ဘေဒဥပါယ်ဖြင့် ကွဲပြားအောင်လုပ်ပြီး အနိုင်ယူတတ်ကြတယ်၊ ယူပုံကတော့ အဇာတသတ်မင်းဟာ ညီညွတ်နေတဲ့ ဝေသာလီမင်းတွေကို ကုန်းတိုက်ခြင်းဆိုတဲ့ ဒီဘေဒဥပါယ်ဖြင့် ကွဲပြားအောင်လုပ်ပြီး အနိုင်ယူခဲ့တယ်၊ ယူပုံကတော့ အဇာတသတ်မင်းက ဝဿကာရဆိုတဲ့ ပုဏ္ဏားကြီးကို ပြည်နှင်ဒဏ်ပေးဟန်ဆောင်ပြီး နှင်ထုတ်လိုက်တယ်၊ အဲဒီပုဏ္ဏားကြီးက ဝေသာလီပြည်သို့ ထွက်သွားတယ်၊ ဝေသာလီပြည်က လိစ္ဆဝီမင်းအချို့က "ဒီဝဿကာရ ပုဏ္ဏားကြီးဟာ အလွန်ကောက်ကျစ်တယ်၊ ဒါကြောင့် ဒီပုဏ္ဏားကြီးကို လက်မခံသင့်ဘူး"လို့ ကန့်ကွက်ကြတယ်၊ ဒါပေမယ့် လိစ္ဆဝီမင်းအများစုက "ဒီပုဏ္ဏားကြီး နှင်ထုတ်ခံရတာဟာ ငါတို့အကျိုးအတွက် ငါတို့ဘက်ကပြောမိလို့ နှင်ထုတ်ခံရတာဖြစ်တယ်၊ ဒါကြောင့် လက်ခံသင့်တယ်"လို့ ထောက်ခံပြောဆိုပြီး လက်ခံကြတယ်၊မင်းသားကလေးတွေကို ပညာသင်ပေးဖို့ ရာထူးကိုလဲပေးပြီး ချီးမြှောက်ထားကြတယ်။

ဝဿကာရ၏ ကုန်းတိုက်ပုံ

ဒီပုဏ္ဏားကြီးက အစမှာတော့ အများယုံကြည်အောင် မင်းသားကလေးတွေကို ပညာကောင်းကောင်း သင်ပေးတယ်၊ မင်းသားကလေးတွေက ဆရာကြီး ဆရာကြီးနဲ့ အလေးအမြတ်ပြုပြီး ယုံကြည်အားကိုးနေကြတယ်၊ အဲဒီအခါမှာ သူက မင်းသားတွေ အချင်းချင်း ကွဲပြားအောင် ကုန်းတိုက်တယ်၊ သူကုန်းတိုက်ပုံက ယဉ်ယဉ်ကလေးပါပဲ၊ မင်းသားတစ်ယောက်ကို ခေါ်ပြီး နှစ်ကိုယ်ကြား တိုးတိုးကလေးမေးတယ် "ထမင်းစားပြီးခဲ့ပြီလား၊ ဘာဟင်းနဲ့စားခဲ့သလဲ"တဲ့၊ အဲဒါဟာ သူများမယုံသင်္ကာဖြစ်အောင် မေးပုံပါပဲ၊ နောက်တစ်ယောက်ကိုလဲ "သင်တို့အဖေ လယ်ထွန်တာ နွားနှစ်ကောင်နဲ့ တပ်ပြီး ထွန်သလား" လို့ တိုးတိုးတိတ်တိတ် မေးပြန်တယ်၊ ဒီနည်းဖြင့် လျှို့ဝှက်ဖွယ် မဟုတ်တဲ့စကားကို လျှို့ဝှက်ပြီး မေးမြန်းပြောဆိုတယ်၊ဒီတော့ အခြားမင်းသားတွေက အရေးကြီးတဲ့စကားကို တိတ်တဆိတ် လျှို့ဝှက်ပြောတယ်ထင်ပြီး အချင်းချင်းမေးကြတယ်၊ အမေးခံရတဲ့မင်းသားက အမှန်အတိုင်းပြောပြတဲ့အခါ မေးတဲ့မင်းသားတွေက မယုံကြဘူး "ဘာဟင်းနဲ့စားခဲ့သလဲ၊ နွားနှစ်ကောင်တပ်ပြီး လယ်ထွန်သလား" ဆိုတဲ့စကားမျိုးကိုတော့ လျှို့ဝှက်ပြီး ပြောနေဖို့မလိုဘူး၊ အရေးကြီးတဲ့ အခြားစကားတစ်ခုခု ဖြစ်လိမ့်မယ်၊ အဲဒါကို လျှို့ဝှက်ထားတယ်လို့ထင်မြင်ပြီး အချင်းချင်း မယုံမကြည်ဖြစ်ကုန်ကြတယ်၊ အဲဒီအခါမှာ မင်းသားတစ်ယောက်ကို ခေါ်ပြီး "သင်ဟာ ကြောက်တတ်တယ်ဆိုတာ ဟုတ်သလား" လို့ မေးတယ်၊ ဘယ်သူက ပြောသလဲလို့ ပြန်မေးတဲ့အခါ သင့်သူငယ်ချင်း မည်သူက ပြောတယ်လို့ ပုဏ္ဏားကြီးက လိမ်ပြောတယ်၊ ဒီတော့ အမေးခံရတဲ့ မင်းသားက "ငါ့ကို မဟုတ်မမှန်ဘဲ လုပ်ကြံပြီး ပြောရမလား"လို့ အမျက်ထွက်ပြီး သူ့သူငယ်ချင်းမင်းသားနဲ့ စိတ်ဝမ်းကွဲသွားတယ်၊ ဒီပုံဒီနည်းဖြင့် ဝဿကာရ ပုဏ္ဏားကြီးက ကုန်းတိုက်လိုက်တာဟာ သုံးနှစ်အတွင်းမှာပဲ လိစ္ဆဝီမင်းတွေ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် မတွေ့ချင်အောင် အကွဲကြီးကွဲကုန်ပါသတဲ့။

အဲဒီအခါမှာ ဝဿကာရပုဏ္ဏားကြီးက ဝေသာလီပြည်ကို သိမ်းယူဖို့ရာ အချိန်တန်တဲ့အကြောင်း အဇာတသတ်မင်းထံ လျှို့ဝှက်စာ ပေးလိုက်တယ်၊ အဇာတသတ်မင်းက စစ်တပ်တွေနဲ့ ဆသာလီပြည်ကို ချီတက်လာတယ်၊ ဝေသာလီပြည် စစ်ဌာနက ခုခံကာကွယ်ဖို့ရာ စစ်စည်တီးပြီးနိုးဆော်တယ်၊ လိစ္ဆဝီမင်းတွေက စိတ်ဝမ်းကွဲနေကြတဲ့အတွက် ဘယ်သူမှ မထွက်လာကြဘူး၊ သင်တို့ သူရဲကောင်းတွေသာထွက်ပြီး တိုက်ကြပေတော့လို့ဆိုပြီး ကိုယ့်အိမ်မှာသာ နေမြဲနေကြသတဲ့၊ ဒါကြောင့် အဇာတသတ်မင်းမှာ ခုခံမည့်သူမရှိဘဲ အလွယ်တကူနဲ့ ဝေသာလီပြည်ကို သိမ်းပိုက်နိုင်ပါသတဲ့၊ အဲဒါဟာ ဘေဒဥပါယ်ဖြင့် ကုန်းတိုက်ပြီး အနိုင်ယူပုံပါပဲ၊ သံဝေဂယူစရာ သတိပြုစရာ အလွန်ကောင်းတဲ့ သာဓက တစ်ခုပါပဲ။

ယခုခေတ်မှာကလဲ လောကရေး နိုင်ငံရေးဘက်ကလူတွေ ဒီဘေဒဥပါယ်ကို သုံးနေကြတယ်၊ ဝါဒဖြန့်တယ်ဆိုတာ တွေထဲမှာ တစ်ဘက်သားပုဂ္ဂိုလ်တွေ အပေါ်ကြည်ညိုပျက်အောင် ပြောတာတွေက တော်တော်များများ ပါနေတတ်တယ်၊ သာသနာရေးတရားဘက်မှာတောင် တချို့က ဒီလို အထိအခိုက်စကားတွေကို ထည့်သွင်းပြီး ပြောတတ်ကြသေးတယ်၊ တစ်ဦးတစ်ယောက်အပေါ်မှာဖြစ်စေ၊ အများအပေါ်မှာဖြစ်စေ အကြည်ညိုပျက်အောင် မုန်းတီးအောင် ပြောတဲ့စကားဆိုရင် ပိသုဏာဝါစာတွေချည်းပါပဲ၊ ဒါပေမယ့် မကြည်ညိုသင့်တဲ့ပုဂ္ဂိုလ်ကို ကြည်ညိုနေလို့ အကျိုးမဲ့ဖြစ်ဖွယ်ရှိတဲ့အတွက် အဆုံးအမ သြဝါဒ ပေးတဲ့အနေနဲ့ ပြောတာကတော့ ပိသုဏာဝါစာလဲ မဖြစ်ပါဘူး၊ အပြစ်လဲမရှိပါဘူး။

ပိသုဏာဝါစာကို ပယ်မှုံ့

အကြည်ညိုပျက်အောင် ကွဲပြားအောင် ပြောတဲ့စကားမျိုးကိုတော့ မပြောမဆိုဘဲ ကြဉ်ရှောင်ရမယ်၊ ကြဉ်ရှောင်ရုံတွင်တောင် မဟုတ်သေးဘူး၊ ကြည်ညိုသင့်တဲ့ ပုဂ္ဂိုလ်ကို ကြည်ညိုအောင် အကြည်ညိုမပျက်အောင် ကွဲပြားစပြုနေတဲ့ သူတွေကို မကွဲပြားအောင် ညီညွတ်အောင် ပြောဆိုရမယ်၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို အထင်လွဲပြီး အပြစ်ပြောသံကိုကြားရလျှင် တားမြစ်ရမယ်၊ "ဒီပုဂ္ဂိုလ်က ဒီလိုစကားမျိုးကို မပြောပါဘူး၊ အကျိုးမဲ့ဖြစ်အောင် ပြောတာမဟုတ်ပါဘူး၊ ကောင်းစေလိုလို့ ပြောတာပါ" စသည်ဖြင့် ဖျောင်းဖျဖြေရှင်းပြီး ပြောရမယ်၊ ဒါကြောင့် မြတ်စွာဘုရားက ဝိသုဏာဝါစာမှ ကြဉ်ရှောင်ပုံကို ဒီလို ဝေဖန်ပြတော်မူပါတယ်။

ဒီကလူတွေနှင့် ဟိုကလူတွေ ကွဲပြားအောင် ဒီကစကားကို ဟိုသွားမပြောဘူး၊ ဟိုကစကားကိုလဲ ဒီမှာလာပြီးမပြောဘူး၊ ဒီလိုမပြောခြင်းဖြင့် (ဘိန္နာနံဝါသန္ဓာတာ) ကွဲပြားနေတဲ့သူတွေကိုလဲ စေ့စပ်ပေးတတ်တယ်၊ (သဟိတာနံဝါအနုပ္ပဒါတာ) ညီညွတ်နေတဲ့ သူတွေကိုလဲ တိုးပြီး ညီညွတ်အောင် အားပေးစကား ပြောတတ်တယ်၊ (သမဂ္ဂါရာမော သမဂ္ဂရတော သမဂ္ဂနန္ဒီ) သူများတွေ ညီညွတ်နေတာကို မြင်ရလျှင် ပျော်မွေ့တယ်၊ ညီညွတ်နေတာကို နှစ်သက်နေတယ်၊ (သမဂ္ဂကရဏီ ဝါစံ ဘာသိတာ ဟောတိ) ဒါကြောင့် သူက ညီညွတ်ကြောင်း စကားကိုသာ ပြောတတ်တယ်လို့ ဝေဖန်ပြတော်မူပါတယ်။

ဒါကြောင့် တစ်ဦးထံက ပြောမှားဆိုမှားတဲ့ အကျိုးမဲ့စကားကို သက်ဆိုင်တဲ့ အခြားတစ်ဦးထံ သွားမပြောရဘူး၊ တစ်ဦး၏အပြစ်ကို အခြားတစ်ဦးထံ သွားမပြောရဘူး၊ အကျိုးရှိတဲ့စကား ကောင်းတဲ့စကားကိုသာ ပြောရတယ်၊ ခင်ဗျားရဲ့ မိတ်ဆွေက ခင်ဗျားရဲ့ ရိုးသားဖြောင့်မတ်ပုံ စိတ်သဘောထားကြီးပုံ လုပ်ရည်ကိုင်ရည်ရှိပုံတွေကို ခဏ ခဏ ချီးမွမ်းတယ် စသည်ဖြင့် ဒီလို ညီညွတ်ရေးစကားမျိုးကိုသာ ပြောရတယ်၊ လူတစ်ယောက်က လူတစ်ယောက်ရဲ့အပြစ်ကို ပြောသံကြားရရင် "ဟာ ဒီလိုမဟုတ်ပေဘူး၊ အကြားမှားလို့ အပြောမှားလို့ ဖြစ်ပါလိမ့်မယ်၊ ဒီလူက စိတ်သဘောထား အလွန်ကောင်းပါတယ်၊ ဒီလိုအကျိုးမဲ့စကားကို မပြောတန်ပါဘူး" စသည်ဖြင့် ဖြေဖျောက်ပြီးပြောရတယ်၊ အဲဒီလို အပြစ်တင်စကားမျိုးကို မထောက်ခံရဘူး၊ အားမပေးရဘူး၊ တတ်နိုင်ရင် ဖြေသာဖြေဖျောက်ပြီး ပြောရတယ်၊ အဲဒီလို ဖြေဖျောက်ပြီးပြောရင် ကွဲမယ့်လူတွေလဲ မကွဲဘဲ ညီညွတ်သွားတတ်တယ်၊ ကွဲနေတဲ့လူတွေတောင် ပြန်ပြီးစေ့စပ် ညီညွတ်သွားတတ်ပါသေးတယ်၊ ဒါကြောင့် ဒီသလ္လေခသုတ်မှာ–

ဇတ္ထ–ဤသို့ သူတစ်ပါးတို့က ကုန်းတိုက်ပြောဆိုကြမည့်နေရာ၌၊ မယံ–ငါတို့သည်၊ ပိသုဏာယဝါစာယ–ကုန်းတိုက်ပြောဆိုခြင်းမှ၊ ပဋိဝိရတာ–ကြဉ်ရှောင်ကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့၊ သလ္လေခေါ–ကိလေသာခေါင်းပါးစေသောအကျင့်ကို၊ ကရဏီယော–ပြုကျင့်အပ်၏လို့ – ဟောထားပါတယ်။

အဲဒါက သလ္လေခဝါရမှာ ဟောပုံပဲ၊ စိတ္တာပ္ပါဒဝါရကျတော့ ဣတိ စိတ္တံ–ဤသို့သောစိတ်ကို၊ ဥပ္ပါဒေတဗ္ဗံ–ဖြစ်စေအပ်၏–လို့ဟောတော်မူပါတယ်၊ သူများတွေက ကုန်းတိုက်ပြောဆိုကြမည့်နေရာမှာ ငါတို့ကတော့ ကုန်းတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်မယ်လို့ ဒီလိုစိတ်မျိုးကို ဖြစ်စေရမယ်တဲ့၊ ပရိဏ္ဏမနဝါရကျတော့ ပိသုဏာယ ဝါစာယ ဝေရမဏိ–ကုန်းတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်မှုသည်၊ ပရိဏ္ဏမနာယ ဟောတိ–ကုန်းတိုက်ပြောဆိုခြင်းဟူသော လမ်းဆိုးကို ရှောင်လွှဲရန် ဖြစ်ပေသည်–လို့ ဟောထားပါတယ်၊ ကုန်းချောစကားပြောဆိုခြင်းဆိုတဲ့ လမ်းဆိုးကမသွားချင်ရင် ကုန်းချောစကားမပြောဘဲ ကြဉ်ရှောင်ခြင်းဆိုတဲ့ လမ်းကောင်းနဲ့ ရှောင်လွှဲသွားရုံပါပဲ–တဲ့၊ ဥပရိဘာဂဝါရကျတော့လဲ ပိသုဏာယဝါစာဝေရမဏိ–ကုန်းတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းသည်၊ ဩရိဘာဂဝါယ ဟောတိ–အထက်အဖို့သို့ တက်သွားရန် ဖြစ်ပေသည်–လို့ ဟောထားပါတယ်၊ကုန်းတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်တာဟာ လူ့ဘဝ နတ်ဘဝ အဆင့်ဆင့်နဲ့ ဥဏှအဆင့်ဆင့် တက်သွားဖို့ ဖြစ်ပါတယ်တဲ့၊ ဒီတော့ အဆင့်အတန်းတက်ချင်ကြရင် ကုန်းတိုက်စကား ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြရုံပါပဲ၊ နောက်ဆုံး ပရိနိဗ္ဗာနဝါရကျတော့လဲ ပိသုဏာယဝါစာယ ဝေရမဏိ–ကုန်းတိုက် ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းသည်၊ ပရိနိဗ္ဗာနာယဟောတိ–အချင်း ခပ်သိမ်းငြိမ်းရန်အလို့ငှါ ဖြစ်ပေသည်–လို့ ဟောထားပါတယ်၊ ဒါကြောင့် ပိသုဏာဝါစာ အကုသိုလ်တရားကို လုံးဝကင်းငြိမ်းစေချင်ရင် ကုန်းတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်သွားရုံပါပဲ။

ဒီနေရာမှာ ကုန်းတိုက်ပြောဆိုခြင်းမှ ပကတိ ပင်ကိုသဘောအားဖြင့် ကင်းရှင်းနေတဲ့ ပုဂ္ဂိုလ်များလဲ ရှိပေလိမ့်မယ်၊ သီလဆောက်တည်ပြီး ရိုရိုသေသေ ထိန်းသိမ်းစောင့်ရှောက်နေလို့ ကင်းရှင်းနေတဲ့ ပုဂ္ဂိုလ်များကလဲ ရှိပေလိမ့်မယ်၊ အဲဒါကတော့ ပကတိသီလ ဆောက်တည်ထားတဲ့သီလဖြင့် ဝိတိက္ကမခေါ်တဲ့ နှုတ်ဖြင့်ကျူးလွန်မှု ကိလေသာ ကင်းငြိမ်းနေတာပါပဲ၊ အဲဒီလို ကင်းငြိမ်းနေတာလဲ အလွန်ကောင်းပါတယ်၊ ဝမ်းသာစရာပါပဲ၊ အဲဒီလို သီလဖြင့်ကင်းငြိမ်းဖို့ရာကိုလဲ ဒီသလ္လေခသုတ်က ညွှန်ပြပါတယ်၊ ဒါပေမယ့် အဲဒါလောက်နဲ့တော့ အားရနေဖို့ မဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုရင် အဲဒီသီလဖြင့် ကင်းငြိမ်းတယ်ဆိုတာက ယခု ကင်းငြိမ်းနေပေမယ့် တော်တော်ကြာရင် ကင်းချင်မှကင်းမယ်၊ မသေချာဘူး၊ မခိုင်မြဲဘူး၊ ဒါကြောင့် အရိယမဂ်ဖြင့် အမြစ်ပြတ် ကင်းငြိမ်းသွားအောင် ကျင့်ဖို့လိုပါတယ်၊ အဲဒီလို အရိယမဂ်ဖြင့် အမြစ်ပြတ် ငြိမ်းသွားတာကို ဝိရတီသုံးပါးထဲမှာ သမုစ္ဆေဒဝိရတီလို့ ခေါ်တယ်၊ ဝိရတီသုံးပါး အကြောင်းကိုတော့ တတိယပိုင်းတုန်းက ပြောခဲ့ပါပြီ၊ အဲဒီ

သမုဒ္ဓေဒဝိရတီအထိ ပြည့်စုံအောင် အားထုတ်ထားဖို့ရာ ဒီသုတ်မှာ ဝါရင်းပါးဖြင့် ဟောကြားတော်မူပါတယ်၊ ဒါကြောင့် ယခု အဲဒီဝါရင်းပါးနှင့်အညီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြစို့။

အဓိဋ္ဌာန်ဆောင်ပုဒ်

(၅) "သူများတွေက ကုန်းချောစကားပြောကြမည့်နေရာမှာ ငါတို့ကတော့ ကုန်းချောစကား ကင်းစေမည်၊ ကိလေသာ ပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ ကုန်းချောစကား ပြောဆိုမှုကို မပြောဆိုမှုနှင့် ရှောင်လွှဲမည်၊ ကုန်းချောစကားမပြောဆိုမှုနှင့် အဆင့်အတန်းတက်မည်၊ ကုန်းချော စကားပြောဆိုမှု ကိလေသာမီးကို မပြောဆိုဘဲ ရှောင်ကြဉ် မှုဟူသော ကုသိုလ်ရေစင်ဖြင့် ငြိမ်းသတ်မည်။"

အဲဒီ အဓိဋ္ဌာန်ဆောင်ပုဒ်အတိုင်း ကျင့်သွားကြဖို့ပါပဲ၊ အဲဒီလိုကျင့်သွားရင် အင်မတန်အကျိုးများပါတယ်၊ ဘယ်လိုလဲ ဆိုရင်–

အပြစ်နှင့်အကျိုး

အဂုံတ္တရပါဠိတော် တတိယတွဲ စာမျက်နှာ ၇၈–မှာ ဟောထားတဲ့စကားတော်နှင့်အညီ၊ ဒီမှာအကျဉ်းချုံးပြီး ဆောင်ပုဒ် ကလေးစီထားတယ် "ကုန်းချောပါယ်ကျ၊ လူဖြစ်က၊ ကွဲရမိတ်ဆွေများ"တဲ့၊ ကုန်းချောစကားပြောတဲ့ သူဟာ အပါယ်လေးပါး ကျရောက်တတ်တယ်၊ အဲဒီအပါယ်မှလွတ်ပြီး လူ့ဘဝရောက်လာရင်လဲ မိတ်ဆွေ သင်္ဂဟတွေ ဆွေမျိုးဥာတိတွေနဲ့ ကွဲပြားတတ် တယ်လို့ ဆိုလိုပါတယ်၊ အဲဒီမကောင်းကျိုးတွေဟာ ကုန်းချောစကားကို များများကြီး ပြောတတ်တဲ့သူမှာ များများကြီး (မကောင်းကျိုးနဲ့) တွေ့ရတတ်တယ်၊ သီလအစရှိတဲ့ ဂုဏ်ရှိတဲ့သူတွေကို ကွဲပြားအောင်ပြောရင် မကောင်းကျိုးတွေနဲ့ များများ ကြီးတွေ့ရတတ်တယ်၊ ကုန်းချောစကားမှ ရှောင်ကြဉ်ခြင်းရဲ့ အကျိုးကိုတော့ ယခု ပြောခဲ့တဲ့ အပြစ်တွေမှ ပြောင်းပြန်လှန်ပြီး ယူရုံပါပဲ၊ ကုန်းချောစကားကိုမပြောဘဲ ကြဉ်ရှောင်တဲ့သူဟာ နောက်ဘဝများမှာ နတ်ရွာသုဂတိရောက်ပြီး နတ်စည်းစိမ် ချမ်းသာတွေကို ခံစားရတယ်၊ လူ့ဘဝပြန်ရောက်ရင်လဲ မိတ်ဆွေသင်္ဂဟ ဆွေမျိုးဥာတိတွေနဲ့ ကွဲပြားခြင်းမရှိဘဲ ညီညီညွတ် ညွတ် စည်းစည်းလုံးလုံးနဲ့ ချမ်းသာစွာ နေရတယ်လို့ ယူရုံပါပဲ၊ ကဲ–အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

"ကုန်းချောပါယ်ကျ၊ လူဖြစ်က၊ ကွဲရ မိတ်ဆွေများ။" (ဆို)

ကုန်းချောစကားပြောတဲ့အတွက် အပါယ်ကျပြီးတော့ လူဖြစ်လာတဲ့အခါမှာလဲ မိတ်ဆွေသင်္ဂဟ အပေါင်းအဖော်တွေနဲ့ ကွဲရတယ်ဆိုတဲ့ မကောင်းကျိုးပေးပုံကို ထင်ရှားပေါ်အောင် သာဓကဝတ္ထုကလေးတစ်ခုကို အကျဉ်းချုံးပြီး ပြောရဦးမယ်၊ဒီဝတ္ထု က အမျိုးသားတွေနဲ့ဆိုင်တယ်၊ အမျိုးသမီးတွေနဲ့လဲဆိုင်တယ်၊ ဝတ္ထုတစ်ပုဒ်တည်းနဲ့ နှစ်ဘက်လုံးအတွက်ပြပြီး ဖြစ်သွားမယ်၊ မှတ်သားစရာ အင်မတန် ကောင်းတယ်။

ဣသိဒါသီထေရီဝတ္ထု

မြတ်စွာဘုရား၏ လက်ထက်တော်ကာလကရော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်ပေါင်း တစ်ထောင်နီးပါး ကာလအတွင်းကရော ဘိက္ခုဆိုတဲ့ အမျိုးသားရဟန်းများလို ဘိက္ခုနီဆိုတဲ့ အမျိုးသမီးရဟန်းမတွေလဲ ရှိခဲ့တယ်၊ ယခုပြောရ မည့် ဣသိဒါသီဝတ္ထုကတော့ ပါဠိလိပုတ်မြို့မှာလို့ ဖော်ပြထားတဲ့အတွက် ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့ နောက်ကာလမှာ ဖြစ်တယ် လို့သိရပါတယ်၊ ဘာကြောင့်လဲဆိုရင် ပါဠိလိပုတ်မြို့ဆိုတာဟာ ဘုရားပရိနိဗ္ဗာန်စံကာနီးမှ တည်ထောင်ပြီး ဘုရားပရိနိဗ္ဗာန်စံ ပြီးတဲ့ နောက်ကာလကျမှ ထင်ရှားတဲ့ မြို့ဖြစ်တဲ့အတွက်ကြောင့်ပါပဲ၊ ဒါပေမယ်လို့ ဒီဝတ္ထုက သင်္ဂါယနာတင်ပါဠိတော်ထဲမှာ ပါဝင်နေတဲ့အတွက် ဒုတိယသင်္ဂါယနာမတင်မီက ဖြစ်ပေါ်ခဲ့ဟန်ရှိပါတယ်၊ ဒါကြောင့် ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် အနှစ် တစ်ရာအတွင်းက ဖြစ်ခဲ့တယ်လို့ ယူသင့်ပါတယ်။

ဒီဝတ္ထုမှာ အခြေခံအနုသန္ဓေက ၅–ဂါထာ၊ ဣသိဒါသီထေရီက ပြန်ပြောတာက ၄၂–ဂါထာ၊ အားလုံးပေါင်း ၄၇– ဂါထာရှိပါတယ်၊ သာမန်ဝတ္ထုကြောင်းကိုတော့ ပါဠိမရှတ်ဘဲ မြန်မာသက်သက်နဲ့ လိုရင်းကိုသာ ပြောသွားမယ်၊ အထူးမှတ် ဖွယ်ကောင်းတဲ့ အရေးကြီးတဲ့ စကားအချို့ကိုတော့ သူ့ပါဠိရင်းပါ ရှတ်ပြီး ပြောသွားမယ်။

တစ်နေ့သောအခါမှာ ဣသိဒါသီဆိုတဲ့ ထေရီမနှင့် ဇောဓိထေရီဆိုတဲ့ ထေရီမတို့ဟာ ပါဠိလိပုတ်မြို့အနီးက ဂင်္ဂါမြစ် ထဲရှိ ဖြူစင်သန့်ရှင်းတဲ့ သဲသောင်ပြင်ပေါ်မှာ ခေတ္တထိုင်နေကြတယ်၊ နှစ်ပါးလုံး အာသဝေါကုန်ခန်းပြီး ရဟန္တာမချည်းပါပဲ၊ အဲဒီမှာ အေးချမ်းသာယာတဲ့ လေကိုလဲ ရှူရိုက်ရင်း တသွင်သွင်နဲ့ စီးသွားနေတဲ့ ကြည်လင်အေးမြတဲ့ ဂင်္ဂါမြစ်ရေကိုလဲ ကြည့်ရှု ရင်း တရားကိုလဲ နှလုံးသွင်းလျက် ခေတ္တထိုင်နေကြဟန် ရှိပါတယ်၊ အဲဒီလို ထိုင်နေရင်း ဇောဓိထေရီက ဣသိဒါသီထေရီကို

ကြည့်လိုက်တဲ့အခါ ရုပ်ရည်ကလဲ အင်မတန်လှပပြီး အသက်အရွယ် နုနယ်နေတာကို မြင်ရတော့ ဒီလိုအခြေအနေနဲ့ ဒီလို အရွယ်မှာ ရဟန်းပြုလာတာဟာ ထူးတဲ့အကြောင်းတော့ ရှိလိမ့်မယ်လို့ တွေးတောပြီးတော့ ဒီလိုမေးမြန်းလိုက်ပါတယ်။

ပါသာဒိကာသိ အယျေ၊ ဣသိဒါသိ ဝယောပိ တေ အပရိဟီနော။
ကိဒိသွာန ဗျာလိကံ၊ အထာသိ နေက္ခမ္မ မနုယုတ္တာ။

အယျေဣသိဒါသိ–ရှင်မဣသိဒါသိရေ၊တွံ–သင်သည်၊ ပါသာဒိကာ–ရုပ်ရည်အဆင်း လှပခြင်းကြောင့် ရှုခင်းသပ္ပါယ် အလွန်တင့်တယ်၍ ကြည်ညိုဖွယ်ရှိသည်၊ အသိ–ဖြစ်ပါပေ၏၊ တေ–သင်၏၊ ဝယောပိ–အရွယ်သည်လည်း၊ နပရိဟီနော–မဆုတ်ယုတ်သေးဘဲ ပျိုမြစ် ပျိုနုလျက် ရှိပါသေး၏၊ အထ–ထိုသို့ ပျိုမျစ်နုနယ် တင့်တယ်လှပသူ ဖြစ်ပါလျက်၊ ကိဗျာလိကံ–လူ့ဘောင်လောကဌ် အဘယ်သို့သော အဆင်မပြေသည့် အပြစ်ဒေါသကို၊ ဒိသွာန–ရှောင်တိမ်းမရ တွေ့မြင်ရသောကြောင့်၊ နေက္ခမ္မံ–ရဟန်းပြုခြား ရဟန်းတရားကို၊ အနုယုတ္တာ–အားထုတ်နေသည်၊ အသိ–ဖြစ်ပါသနည်း–လို့ မေးလိုက်ပါတယ်။

သူ့အမေးက ရှင်းလင်းပြတ်သားပါတယ်၊ လောကမှာ ရုပ်ရည်အဆင်းကလဲ ပြည့်စုံနေတယ်၊ အသက်အရွယ်ကလဲ ပျိုနုနေတယ်ဆိုရင် လူ့ဘောင်မှာပဲ ကာမဂုဏ်အာရုံတွေနဲ့ ပျော်မွေ့နေကြစမြဲပဲ၊ ကျောင်းကန်ဘုရားဆီကို မျက်နှာလှည့်ခဲပါတယ်၊ လာရောက်ခဲပါတယ်၊ သက်နိုးဝတ်ဖို့ ရဟန်းပြုဖို့ဆိုတာကတော့ သာပြီးခဲယဉ်းတာပဲ၊ ဒါကြောင့် ဗောဓိထေရီက ဣသိဒါသီကို ကြည့်ပြီးတော့ "ရှင်မဣသိဒါသီရေ၊ သင့်မှာ ရုပ်ရည်အဆင်းကလဲ အလွန်လှပတင့်တယ်ပြီး ရှုချင်ဖွယ် ကြည်ညိုဖွယ် ကောင်းလိုက်တာကွယ်၊ အရွယ်ကလဲ ပျိုပျိုရွယ်ရွယ် အငယ်ကလေးရှိသေးတာပဲ၊ ဒီလိုရုပ်ရည်အဆင်းနဲ့ ဒီလိုအရွယ်ဆိုတော့ လူ့ဘောင်လောကမှာ ပျော်မွေ့နေစရာပဲကွဲ့၊ သို့ဖြစ်ပါလျက် သင်ရဟန်းပြုလာတာဟာ အဆင်မပြေတဲ့ အကြောင်းတော့ ရှိရမယ်၊ ဘယ်လိုအပြစ်ဒေါသကို တွေ့မြင်ရလို့ ရဟန်းပြုလာပါသလဲ–လို့ မေးလိုတာပါပဲ။

ဒီတော့ ဣသိဒါသီထေရီမက သူ့အကြောင်းမှန်ကို "အရှင်မ ဗောဓိထေရီ ဘုရားတပည့်တော်မဟာ ဥဒ္ဒေနီပြည်မှာ သီတင်းသီလနဲ့ ပြည့်စုံတဲ့ သူဌေးကြီးတစ်ဦး၏သမီး ဖြစ်ပါတယ်၊ မိဘနှစ်ပါးတို့က အလွန်ချစ်ခင်မြတ်နိုးတဲ့ သမီးဖြစ်ပါတယ်" စသည်ဖြင့် ဖြေကြားပါတယ်။

အဲဒီမှာ ဥဒ္ဒေနီပြည်ဆိုတာ အိန္ဒိယပြည် အလယ်ပိုင်း အနောက်ပိုင်းမှာ ရှိပါတယ်၊ ဘိုပေါနယ်ထဲကပေါ့၊ မြေပုံထဲမှာ ဥဂျိန်းလို့ ဖော်ပြထားတယ်၊ သီဟိုဠ်သာသနာပြု အရှင်မဟိန္ဒ၏ မယ်တော်နေရပ်ပါပဲ၊ ယခုအခါ ဆန်ချီလို့ထင်ရှားတဲ့ စေတီတော်နဲ့လဲ သိပ်မဝေးလှဘူး၊ အဲဒီဥဒ္ဒေနီပြည်က သီတင်းသီလနဲ့ပြည့်စုံတဲ့ သူဌေးကြီး၏ တစ်ဦးတည်းသောသမီး ဖြစ်ပါတယ်တဲ့၊ တစ်ဦးတည်းသောသမီးဆိုတော့ မိဘတွေက အလွန်အလေးအမြတ်ပြုကြ ယုယုယယနဲ့ ချစ်ခင်ကြတာပေါ့၊ အဲဒီလို ယုယုယယနဲ့ မွေးမြူပြုစုလို့ အရွယ်ရောက်လာတဲ့ အခါကျတော့ အိန္ဒိယပြည် အလယ်ပိုင်း မြောက်ပိုင်းမှာရှိတဲ့ သာကေတမြို့က ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝတဲ့သူဌေးကြီးက သူ့သားနဲ့ ထိမ်းမြားလက်ထပ်ဖို့ တောင်းရမ်းလာတယ်၊ ဥဒ္ဒေနီနဲ့ သာကေတမြို့ဟာ တော်တော်ဝေးပါတယ်၊ ရန်ကုန်နဲ့ မန္တလေးလောက်တောင် မကပါဘူး၊ ရှေးတုန်းက လှည်းနဲ့ မြင်းရထားနဲ့ သွားရတာဟာ ၂–လ ၃–လလောက် ကြာကောင်းကြာပါလိမ့်မယ်။

အဲဒီလို လာရောက်တောင်းရမ်းတဲ့အခါ အမျိုးဂုဏ်သိန်စည်းစိမ်ဥစ္စာချင်း တူညီတဲ့အတွက် ဣသိဒါသီကို သူ့မိဘများက သာကေတ သူဌေးသားနဲ့ ထိမ်းမြားလက်ထပ်ပေးလိုက်ပါတယ်၊ ထိမ်းမြားလက်ထပ်ပြီးတယ်ဆိုရင် မင်္ဂလာဆောင် သတို့သမီးဟာ အိန္ဒိယထုံးစံအရ မင်္ဂလာဆောင်သတို့သားရဲ့ မိဘအိမ်ကို လိုက်ပြီးနေရတယ်၊ ဒါကြောင့် ဣသိဒါသီဟာ သာကေတမြို့ ယောဂ္ဂမမိဘအိမ်ကို လိုက်သွားရတယ်၊ အဲဒီရောက်တော့ ဣသိဒါသီဟာ မိဘများ၏ အဆုံးအမကို ရထားတဲ့ မိကောင်းဖခင်သမီး ဖြစ်တဲ့အတိုင်း ယောဂ္ဂမများကိုလဲ မိဘများလိုပင် အရိုအသေပြုပါတယ်၊ ယောဂ္ဂမမိဘများကို ညနေတစ်ကြိမ် နံနက်တစ်ကြိမ် နေ့စဉ်ရှိခိုးပါတယ်တဲ့၊ ဒါကြောင့် "သသုယာ စ–ယောဂ္ဂမမိခင်၏လည်းကောင်း၊ သသုရသ စ–ယောဂ္ဂမဖခင်၏လည်းကောင်း၊ ပါဒေ–ခြေတို့ကို၊ သာယံ–ညနေချမ်း၌လည်းကောင်း၊ ပါတံ–နံနက်ခင်း၌ လည်းကောင်း၊ ဥပဂမ္မ–ချဉ်းကပ်၍၊ သိရသာ–ဦးခေါင်းဖြင့်၊ ပဏာမံ ကရောမိ–ရှိခိုးခြင်းကို ပြုပါတယ်လို့ ပြဆိုထားပါတယ်၊ အဲဒီလို ရှိခိုးတာကလဲ မိဘများသင်ကြားဆုံးမထားတဲ့အတိုင်း ရှိခိုးခြင်းဖြစ်ပါတယ်တဲ့၊ ဒါကြောင့် ယထာမိ အနုသိဋ္ဌာ–မိဘများက သင်ကြားဆုံးမထားသည့်အတိုင်း၊ ဝန္ဒာမိ–ရှိခိုးပါတယ်–လို့လဲ ပြဆိုထားပါသေးတယ်။

အိန္ဒိယမှာ မိဘတွေ ယောဂ္ဂမတွေ အရွယ်ကြီးသူတွေကို ရှိခိုးတယ်ဆိုတာဟာ ပြုရိုးပြုစဉ်ပါပဲ၊ သူတို့မှာ ပြုနေကျမို့ ဘာမျှမဆန်းပါဘူး၊ ဘုန်းကြီးတို့ သင်္ဂါယနာကိစ္စနဲ့ အိန္ဒိယမှ သီဟိုဠ်သို့သွားစဉ်က မဒရပ်မြို့ရောက်တော့ ကုလားသူဌေးကြီးတစ်ဦးအိမ်ကို အကြောင်းအားလျော်စွာ ရောက်သွားတယ်၊ အိမ်ရှင်ကုလားသူဌေးကြီးက အပြင်ထွက်သွားနေခိုက်ဖြစ်လို့ ခေတ္တစောင့်နေကြတယ်၊ ၁၅–မိနစ်လောက်ကြာတော့ အဲဒီအိမ်ရှင်သူဌေးကြီးက ပြန်ရောက်လာတယ်၊ အဲဒီအခါမှာ အိမ်ရှင်မနှင့်တကွ အိမ်သူအိမ်သားအားလုံးက အဲဒီအိမ်ရှင် သူဌေးကြီးကို လက်အုပ်ချီပြီး အရိုအသေပြု ရှိခိုးကြတယ်၊ သူတို့ထုံးစံအတိုင်း နှုတ်ဆက်တဲ့သဘောပါပဲ၊ သူတို့ဆီမှာ လူကြီးအချင်းချင်း နှုတ်ဆက်တဲ့အခါလဲ ဒီလိုပဲ လက်အုပ်ချီပြီး နှုတ်ဆက်လေ့ရှိကြ

တယ်၊ မြန်မာပြည်မှာတော့ ဒီလို ဓလေ့ထုံးစံကမရှိတော့ လူကြီးမိဘများကို လက်အုပ်ချီပြီး ရှိခိုးဖို့ရာ ဝန်လေးနေကြတယ်၊ ဘုရားဆင်းတုတော် စေတီတော်တို့ ရဟန်းသံဃာတို့လောက်ပဲ လက်အုပ်ချီရှိခိုးဖို့ လွယ်ကူတတ်ကြတယ်၊ နတ်ကိုးကွယ်တဲ့ သူတွေမှာတော့ နတ်ကိုလဲ ရှိခိုးဖို့ရာ လွယ်ကူပါရဲ့၊ လူလူချင်းတော့ လက်အုပ်ချီပြီး အရိုအသေပြုဖို့ရာ ခဲယဉ်းနေကြတယ်၊ အဲဒါဟာ ငယ်ငယ်က အလေ့အထမလုပ်ခဲ့မိလို့ပါပဲ၊ တချို့က မိဘကိုတောင် ရှိခိုးရမှန်းမသိကြဘူး၊ သီတင်းကျွတ်လ အသက်ကြီးသူတွေကို ကန်တော့တဲ့အခါမှာဖြင့် ရှိခိုးရမှန်းသိကြသေးရဲ့၊တတ်သိလိမ္မာတဲ့ အချို့မိဘများက သားသမီးများကို ငယ်ငယ်ကတည်းက မိဘများ လူကြီးများကို ရှိခိုးဖို့သင်ပေးထားတယ်၊ အဲဒီလို လူကလေးတွေကတော့ မိဘများ လူကြီးများကို ရှိခိုးဖို့ရာဝန်မလေးကြဘူး၊ အင်မတန်ကောင်းတဲ့ ယဉ်ကျေးမှုတစ်ရပ်ပါပဲ၊ မိဘတိုင်း မိဘတိုင်းက သားသမီး ကလေးသူငယ်များကို လူကြီးမိဘများ ရိုသေတတ်အောင် သင်ကြားပေးထားသင့်ပါတယ်၊ ဣသိဒါသီမှာတော့ ငယ်ငယ်ကတည်းက မိဘများ၏ အဆုံးအမကိုရလာလို့ ယောဂ္ဂမ မိဘများကို လက်အုပ်ချီပြီး ရှိခိုးတယ်၊ အရိုအသေပြုတယ်။

နောက်ပြီးတော့ သူ့ခင်ပွန်းရဲ့ ညီတွေ ညီမတွေ အရွယ်တူတွေကိုလဲ သူ့ထံရောက်လာရင် နေရာဖယ်ပေးတယ်၊ စားဖွယ်သောက်ဖွယ် စသည် ပေးသင့်သမျှကိုလဲ ပေးကမ်းတယ်၊ စပ်ဆိုင်ရာတွေကို ဒီလိုယဉ်ယဉ်ကျေးကျေး ဆက်ဆံပါတယ်၊ သူ့ခင်ပွန်းထံသွားချိန်တန်ရင် လက်ခြေများကို သန့်သန့်ပြန့်ပြန့် ဆေးကြောသုတ်သင်ပြီး လက်အုပ်ကလေးချီလို့ ရိုရိုသေသေနဲ့ သူ့ခင်ပွန်းထံ ချဉ်းကပ်တယ်၊ သူ့ခင်ပွန်းကို ခေါင်းဖြီးပေးတယ်၊ ကြည့်မှန်ကို ယူပေးပြီး ကုလားထုံးစုံအတိုင်း မျက်စိကိုလဲ မျက်စဉ်းညိုနဲ့ ကွင်းပေးတယ်၊ အစေခံကျွန်မလိုပဲ သူ့ခင်ပွန်းကို အဝတ်တန်ဆာများနဲ့လဲ ပြင်ဆင်ပေးတယ်၊ ထမင်းဟင်း စားသောက်ဖွယ်ဆိုရင်လဲ သူဌေးသမီးဖြစ်ပေမယ့် အိမ်ဖော်တွေ အခြားသူတွေကို မျက်နှာလွှဲ မခိုင်းဘူး၊ သူကိုယ်တိုင်ပဲ ချက်ပြုတ်ပြုပြင်ပြီး ကျွေးမွေးပါတယ်တဲ့၊ သူ့ခင်ပွန်းစားတဲ့ ပန်းကန်ခွက်ယောက်များကိုလဲ သူကိုယ်တိုင်ပဲ ဆေးကြောတယ်၊ ကုန်ကုန်ပြောရမယ်ဆိုရင် တစ်ဦးတည်းသောသားကလေးကို မိခင်က ပြုစုသလိုပဲ၊ သူ့ခင်ပွန်းကို ယုယုယယ ပြုစုလုပ်ကျွေးပါတယ်တဲ့၊ ဣသိဒါသီ လင့်ဝတ္တရားကျေပွန်ပုံကတော့ အမျိုးသားတွေဘက်က အလွန်ပဲ အားရစရာ ကျေနပ်စရာ ကောင်းပါပေတယ်။

ဝတ္တရား ကျေပွန်ရုံမကဘဲ ဒီလို ကျိုးကျိုးနှံနှံ ရိုရိုသေသေ ပြုစုလုပ်ကျွေးနေပေမယ့် ကံမကောင်း အကြောင်းအသင့် ချင်တော့ တစ်လလောက်ကြာတဲ့အခါ သူ့ခင်ပွန်းက သူ့အပေါ်မှာ အကြီးအကျယ်မုန်းတီးပြီး မေတ္တာတွေ ပျက်သွားတယ်၊ ဒါကြောင့် သူ့ခင်ပွန်း သူဌေးသားဟာ သူ့မိဘများကို ဒီလိုပြောတယ်၊ အမေတို့ အဖေတို့ ကျွန်တော်ဟာ ဣသိဒါသီနှင့် အတူမနေနိုင်တော့ဘူး၊ ဒီအိမ်မှာ ဣသိဒါသီရှိနေမယ်ဆိုရင် ယခု ကျွန်တော်ပန်ကြားပါတယ်၊ ကျွန်တော် ဒီအိမ်က ထွက်ခွာသွားပါတော့မယ်လို့ ပြောတယ်။

ဒီတော့ သူ့မိဘများက "ချစ်သားရယ် ဒီလိုမပြောနဲ့ကွယ်၊ ဣသိဒါသီဟာ လိမ္မာတယ်ကွဲ့၊ တတ်သိနားလည်တယ်၊ ထကြွလုံ့လရှိတယ်၊ သူ့ဝတ္တရားတွေကို မပျင်းမရိ ကျေကုန်အောင် ရွက်ဆောင်တတ်တယ်ကွဲ့၊ ချစ်သားရယ် သင့်မှာ ဘာများ မကြိုက်လို့လဲကွယ်၊ မကျေနပ်စရာ မရှိပါဘူး" စသည်ဖြင့် ချော့မော့နားချပြီး ပြောကြတယ်။

ကျွန်တော့်ကိုတော့ သူကဘာမှ နှိပ်စက်ခြင်း မရှိပါဘူး၊ ဒါပေမယ့် ကျွန်တော်က ဣသိဒါသီနဲ့ အတူမနေချင်တာပါပဲ၊ မချစ်နိုင်ပဲ သက်သက်မုန်းနေတာပါပဲ၊ သူ့ကိုတော့ အလိုမရှိတော့ပါဘူး၊ အကယ်၍ အမေအဖေတို့က ဣသိဒါသီနှင့် အတူနေရမယ်လို့ဆိုရင်တော့ ကျွန်တော်ဟာ မပန်ကြားဘဲနဲ့ ဒီအိမ်က ထွက်သွားရပါလိမ့်မယ်လို့ သူဌေးသားက သူ့မိဘများကို အကျပ်ကိုင်ပြီး ပြောတယ်။

ဒီတော့ သူဌေးကြီးနဲ့ သူဌေးကတော်ကြီးများက ဣသိဒါသီကို မေးမြန်းကြတယ်၊ ချစ်သမီး ဣသိဒါသီရေ၊ မင်းတို့ ဇနီးမောင်နှံ ဘယ်လိုများ ဖြစ်ကြတာလဲကွယ်၊ သမီးက ငါ့သားကို ဘယ်လိုများ ပြောဆိုပြစ်မှားမိသလဲကွယ်၊စိုးရိမ်ကြောက်ရွံ့ခြင်းမရှိဘဲ ပွင့်ပွင့်လင်းလင်းသာ ပြောပါကွယ်–လို့ မေးကြတယ်။

ကျွန်မကဖြင့် သူ့ကိုဘာမျှမပြစ်မှား မပြောဆိုမိပါဘူး၊ ညှဉ်းဆဲမိတာလဲ မရှိပါဘူး၊ နားမချင်သာ စကားဆိုးကိုလဲ မပြောမိပါဘူး၊ ချစ်ချစ်ခင်ခင် ရိုရိုသေသေနဲ့ပဲ ပြုစုနေပါတယ်၊ ဒီအထဲက ကျွန်မကို သူက မုန်းတီးတာကိုတော့ ကျွန်မလဲ ဘယ်လိုမှ မပြုပြင် နိုင်တော့ပါဘူးလို့ ဣသိဒါသီက ဝမ်းနည်းကာ မျက်နှာမကြည်မသာနှင့် ပြောရှာတယ်။

ဒီလို ချွေးမဘက်ကအပြစ်မရှိပေမယ့် လူတွေဆိုတာ ကိုယ့်သားမှသားလို့ ထင်ကြတာ၊ ဒါကြောင့် ငါတို့၏သားတခြားကိုထွက်သွားရင် ခက်ရချေရဲ့လို့ တွေးတောပြီးတော့ ဣသိဒါသီကို သူ့မိဘအိမ် ပြန်ပို့လိုက်ကြတယ်၊ ပြန်ပို့တဲ့အခါမှာ သားဖြစ်သူကို ငှဲ့လို့သာပြန်ပို့ရတယ်၊ သူတို့ရဲ့ ချွေးမကလေးကိုတော့ အင်မတန်နှမြောကြပါတယ်၊ အင်မတန် နှလုံးမသာယာခြင်း စိတ်ဆင်းရဲခြင်း ဖြစ်နေရှာကြပါတယ်၊ ဒါကြောင့် (ဓိတာမှသေ ရူပိနိ' လက္ခိ') မယ်–ငါတို့သည်၊ ရူပိနိ'–ရုပ်ရည်အဆင်းလှပခြင်းအင်္ဂါ တင့်တယ်သောလက္ခဏာနှင့် ပြည့်စုံသော၊ လက္ခိ'–သိရိနတ်သမီးပမာ ကျက်သရေရှိလှစွာသော ချွေးမကလေးကို၊ ဓိတာ–ဆုံးရှုံးကြရကုန်သည်၊ အမှသေ–ကံအကြောင်း မသင့်လျှ၍ ဖြစ်ရချေသည်တကား–လို့ နှုတ်ကတတွတ်တွတ်နဲ့ ရွတ်ဆိုညည်းညူပြီး သူ့မိများထံ ပြန်အပ်ကြပါသတဲ့။

အဲဒီမှာ ဣသိဒါသီကို ဘာမှအပြစ်မရှိပါပဲနဲ့ သူ၌ရှေးသားက မချစ်နိုင်ဘူး မုန်းတယ်ဆိုတာဟာ ဣသိဒါသီရဲ့ ရှေးက ပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံကြောင့် ဖြစ်ကြောင်း နောက်ပိုင်းကျတော့ ဖော်ပြထားပါတယ်၊ ဒါပေမယ့် သူ့အပြစ်ချည်းလဲ မဟုတ်ပေဘူး၊ အဲဒီသူ၌ရှေးသားမှာလဲ ဒီလို အမျိုးကောင်းသမီး မိန်းမမြတ်နှင့်အတူ နေထိုက်တဲ့ကံက မရှိတဲ့အတွက်ကြောင့်လို့ လဲ ဆိုသင့်ပါတယ်၊ နောက်နားကျမှ သာဓကနှင့်တကွ ရှင်းပြပါမယ်။

အဲဒီတော့ ဣသိဒါသီရဲ့ ဖခင် သူ၌ကြီးက ရုပ်ရည်အလိမ္မာ အစစအရာရာနှင့် ပြည့်စုံနေတဲ့ ငါ့သမီးကို သူတို့က ပြန်ပို့ကြတယ်၊ ရှိပါစေတော့ ငါ့သမီးမှာ လင်ကောင်းတစ်ယောက်တော့ ရနိုင်ပါတယ်လို့ ကြံစည်ပြီးတော့ ပစ္စည်းဥစ္စာ အတော်အတန်ကြွယ်ဝတဲ့ ဒုတိယတန်း သူ၌ရှေးသားတစ်ဦး၏သားနဲ့ လက်ထပ်ထိမ်းမြားပေးပြန်တယ်။ အဲဒီမှာလဲ ဣသိဒါသီက သူ၌ရှေးသားကို အိမ်ဦးနတ်ပမာ ရိုရိုသေသေ ပြုစုလုပ်ကျွေးနေပါတယ်၊ ဒါပေမယ့် အဲဒီသူ၌ရှေးသားကလဲ တစ်လလောက်ကြာတော့ ဣသိဒါသီနှင့် အတူမနေနိုင်တော့ဘူးလို့ ဆိုပြန်ပါတယ်၊ ဒါကြောင့် အဲဒီသူ၌ရှေးကလဲ ဣသိဒါသီကို သူ့မိဘအိမ် ပြန်ပို့ပြန်တယ်။

ဒီတော့ ဣသိဒါသီရဲ့ ဖခင်သူ၌ကြီးက စဉ်းစားဆင်ခြင်ကြည့်တယ်၊ အလိမ်မာရော ရုပ်ရည်ရော၊ အဘက်ဘက်က ပြည့်စုံနေတဲ့ ငါ့သမီး သူတို့ပြန်ပို့ကြတာဟာ ပစ္စည်းရှင်တွေဖြစ်တဲ့အတွက် ပစ္စည်းမာန်တက်ပြီး ပြန်ပို့ကြတာဖြစ်မှာပဲ၊ ပစ္စည်းမဲ့ ရုပ်ရည်သင့်တော်တဲ့ လူရွယ်ကောင်းနဲ့ဆိုရင်တော့ မြလောက်စရာရှိတယ်လို့ဆင်ခြင်ပြီးတော့ သင့်တော်မည့်သူကို ကြည့်ရှုနေတယ်၊ အဲဒီအခါမှာ ခွက်လက်စွဲပြီး တောင်းစားနေတဲ့ အရွယ်ကောင်း ရုပ်ရည်သင့်တော်တဲ့ သူတောင်းစား တစ်ယောက်က သူ့အိမ်ကို ရောက်လာတယ်၊ ဒီတော့ သူ၌ကြီးက အဲဒီသူတောင်းစားကိုခေါ်ပြီး အဝတ်တွေကို လဲလှယ်ပေးတယ်၊ သူတောင်းစားရဲ့ခွက်ကိုယူပြီး သူ့အိမ်မှာပဲ သားသမက်အဖြစ်ဖြင့် ချမ်းသာစွာနေဖို့လဲပြောပြီး သူ့သမီးနှင့် လက်ဆက်ပေးတယ်၊ အဲဒီ သူတောင်းစားကလဲ ၁၅-ရက်လောက်ကြာတော့ စိတ်ပြောင်းလာတယ်၊ ဒါကြောင့် သူက "အရှင်သူ၌ကြီး ကျွန်တော်ရဲ့ အဝတ်ဟောင်းနဲ့ ခွက်ကို ပြန်ပေးပါ၊ ရှေးကလိုပဲ တစ်ဖန် လှည့်လည်တောင်းစားပါတော့မယ်"လို့ သူ၌ကြီးကို ပြောတယ်။

ဒီတော့ ဣသိဒါသီရဲ့ မိဘဆွေမျိုးတွေက "လူကလေးမင်းမှာ ဘာများအလိုမပြည့်တာရှိသလဲ ပြောပါကွယ်၊ အားမနာပါနဲ့၊ ငါတို့က ပြုပြင်ဆောင်ရွက်ပေးပါ့မယ်၊ တခြားကိုတော့ မသွားပါနဲ့"လို့ ဝိုင်းဝန်းပြီးတောင်းပန် ပြောဆိုကြတယ်၊ ဘာမှ လိုတာမရှိပါဘူး၊ ဣသိဒါသီနဲ့တော့ တစ်အိမ်တည်း အတူမနေနိုင်တော့ပါဘူး၊ ကျွန်တော့်ကို သွားခွင့်ပြုကြပါလို့ ပြောဆိုပြီး အဲဒီသူတောင်းစားကလဲ ,ဣသိဒါသီကို စွန့်ပစ်သွားသတဲ့၊ ကံအကျိုးပေးပုံများ သိပ်အံ့ဩစရာ ကောင်းတာပဲ၊ ဒါပေမယ့် ဒီ သူတောင်းစားက သူ၌ရှေးအိမ်မှာ သားသမက်အဖြစ်နဲ့ ချမ်းချမ်းသာသာ မနေနိုင်တာကတော့ အဲဒီသူတောင်းစားမှာလဲ အဲဒီလို နေထိုက်တဲ့ ကုသိုလ်ကံ မပြည့်စုံလို့လဲ ဖြစ်နိုင်ပါတယ်၊ ဘယ်လိုလဲဆိုရင် မဟောသဓာဇာတ်ထဲက ဥဒုမ္ဗရဒေဝီကို စွန့်ပြေးတဲ့ လူလိုပေါ့။

ဥဒုမ္ဗရဒေဝီအကြောင်း

ဝိဒေဟတိုင်းပြည် မိတ္ထိလာမြို့က ပိဂုံတ္တရဆိုတဲ့ လူငယ်တစ်ယောက်ဟာ တက္ကသိုလ်မြို့သွားပြီး ဒီသာပါမောက္ခ ဆရာကြီးထံမှာ ပညာသင်နေတယ်၊ သူက ဉာဏ်ကောင်းတဲ့အတွက် ပညာကို မကြာခင်ဘဲ သင်ယူတတ်မြောက်သွားတဲ့ အတွက် မိမိနေရပ်ပြန်ဖို့ရာ ဆရာကြီးကို ပန်ကြားတယ်၊ အဲဒီဆရာကြီးရဲ့ အမျိုးဓလေ့က ဒီလိုရှိပါတယ်၊ အရွယ်ရောက်နေတဲ့ သမီးရှိရင် တပည့်ကြီးနဲ့ လက်ထပ်ပေးရတဲ့ ဓလေ့ပါပဲ၊ ဆရာကြီးမှာလဲ အဲဒီအခါက အရွယ်ရောက်နေတဲ့ သမီးတစ်ယောက် ရှိတယ်၊ (ဒေဝဒ္ဓရပဋ္ဌိဘာဂါ) နတ်သမီးတမျှ လှပတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် အဲဒီသမီးကို ဆရာကြီးက တပည့်ကြီးဖြစ်သူ ပိဂုံတ္တရနှင့် လက်ထပ်ပေးလိုက်တယ်၊ ဒါပေမယ့် ပိဂုံတ္တရလုလင်က ဘုန်းကံနည်းတဲ့သူဖြစ်ပြီး သတို့သမီးက ဘုန်းကံကြီးတဲ့သူဖြစ်တဲ့အတွက် ပိဂုံတ္တရက အဲဒီသတို့သမီးကို ချစ်တဲ့စိတ် လုံးဝမရှိဘူး၊ ဆရာကြီးကို အားနာရှိသေလို့သာ လက်ခံထားလိုက်ရသတဲ့။

ညအိပ်ရာဝင်တဲ့အခါကျတော့ မင်္ဂလာတိုက်ခန်း မင်္ဂလာခုတင်ပေါ်ကို သတို့သမီးကတက်လာရင် ပိဂုံတ္တရက မြေပြင်ကြမ်းပြင်ကို ဆင်းပြီးအိပ်တယ်၊ တစ်ဖန် သတို့သမီးက သူ့တာဝန်ဝတ္တရားအရ ကြမ်းပြင်ပေါ် လိုက်အိပ်ပြန်ရင် ပိဂုံတ္တရက ခုတင်ပေါ်တက်အိပ်တယ်၊ တစ်ဖန် သတို့သမီးက ခုတင်ပေါ် လိုက်အိပ်ပြန်ရင် ပိဂုံတ္တရက ကြမ်းပြင်သို့ ဆင်းအိပ်တယ်၊ ဒီနည်းဖြင့် ၇-ရက်ပတ်လုံး သတို့သမီးက ခုတင်ပေါ်မှာ အိပ်တယ်၊ ပိဂုံတ္တရက မြေပြင်ကြမ်းပြင်ပေါ်မှာ အိပ်ရသတဲ့၊ အဲဒါဟာ သူယုတ်နဲ့ ကျက်သရေ အတူမနေတဲ့ သဘောပါပဲ၊ အဲဒီလို ၇-ရက်နေပြီးတော့ ပိဂုံတ္တရလုလင်ဟာ ဆရာကြီးကို ကန်တော့ပြီး သတို့သမီးနှင့်အတူ တက္ကသိုလ်မှထွက်ခွာလာခဲ့တယ်၊ လမ်းတစ်လျှောက်လုံးမှာ အချင်းချင်းစကား ပြောဆိုခြင်းတောင် မရှိဘူးတဲ့၊ မိတ္ထိလာမြို့အနီးရောက်တော့ အသီးတွေမှည့်နေတဲ့ ရေသဖန်းပင်ကိုတွေ့ရလို့ ပိဂုံတ္တရလုလင်က အဲဒီ သဖန်းပင်ပေါ်တက်ပြီး သဖန်းသီးတွေကို စားနေတယ်၊ အဲဒီအခါ သူ့ဇနီးက သဖန်းသီးများကို ချေချပေးဖို့ တောင်းပန်တယ်၊ "နင့်မှာ လက်တွေ ခြေတွေရှိနေတာပဲ၊ ကိုယ့်ဟာကို တက်စားပေါ့"လို့ ပိဂုံတ္တရက ပြောတဲ့အတွက် သူ့ဇနီး တက္ကသိုလ်ပြည်သူက သဖန်းပင်ပေါ် တက်ပြီး သဖန်းသီးတွေကို စားနေတယ်၊ အဲဒီလို စားနေတုန်းမှာ ပိဂုံတ္တရက သဖန်းပင်ပေါ်မှ ဆင်းပြီးတော့ သဖန်းပင်ရင်းမှာ

ဆူးခက်တွေနဲ့ ခြံရံပိတ်ဆို့ပြီး ထွက်ပြေးတယ်၊ တော်တော်ရက်စက်တဲ့လူလို့ ဆိုစရာပဲ၊ ဒါပေမယ့် သူ့ခမျာ မထိုက်တန်လို့ စွန့်ပြေးရာတာပါပဲ။

အဲဒီကနောက် များမကြာမီမှာပဲ ဝိဒေဟရာဇမင်းကြီးက အဲဒီသဖန်းပင်အနီးကို ရောက်လာတယ်၊ သဖန်းပင်ပေါ်မှာ ရုပ်ရည်အလွန်လှပတဲ့ တက္ကသိုလ်ပြည်သူအမျိုးသမီးပျိုကို တွေ့မြင်ရတဲ့အခါ ဝိဒေဟရာဇမင်းကြီးက တပ်မက်စွဲလမ်းသွားတယ်၊ ဒါကြောင့် ပိုင်ရှင် လင်ရှိမရှိအကြောင်းကို မေးစေတယ်၊ တက္ကသိုလ်ပြည်သူက မိမိမှာ တက္ကသိုလ်ပြည်က ဒီသာပါမောက္ခကြီး၏ သမီးဖြစ်ကြောင်း မိမိ၏ဖခင်က တပည့်ဖြစ်သူ ပိဂုံတ္တရလုလင်နှင့် လက်ထပ်ပေးလိုက်သဖြင့် မူလက ပိုင်ရှင်လင်ရှိကြောင်း အဲဒီယောကျ်ားက သဖန်းပင်ရင်းမှာ ဆူးခက်တွေနဲ့ခြံရံပြီး ပစ်ပြေးကြောင်း ယခုထိယောကျ်ား ဘယ်ရောက်နေသည်ဟုမသိရကြောင်း မိမိမှာ သစ်ပင်ပေါ်မှ မဆင်းနိုင်ဘဲ ဒုက္ခရောက်နေရကြောင်း” များကို ပြန်ကြားပြောဆိုလိုက်တယ်၊ အဲဒီအခါ ဝိဒေဟရာဇမင်းကြီးက “ဒီလိုဆိုရင် ပိုင်ရှင်လင်မရှိတဲ့ အမျိုးသမီးဆိုပြီးတော့ အဲဒီတက္ကသိုလ်ပြည်သူကို သိမ်းပိုက်သွားတယ်၊ ရေသဖန်းပင်ပေါ်က ရတဲ့အတွက် ဥဒုမ္ဗရဒေဝီ (ရေသဖန်းမိဖုရား) လို့ အမည်ပေးပြီး မိဖုရားကြီးအဖြစ် ချီးမြှောက်လိုက်ပါတယ်။

တစ်နေ့သောအခါမှာ ဘုရင်မင်းမြတ် ဥယျာဉ်ထွက်ရန်အတွက် မြို့တံခါးအနီး ရွာသားတွေကို လမ်းပြင်ဆင်ရန် အမိန့်ပေးလိုက်တယ်၊ ပိဂုံတ္တရဆိုတဲ့ လူကလဲ ခါးတောင်းကျိုက်ပြီး ပေါက်တူးဖြင့် လမ်းကိုပြင်နေပါတယ်၊ အဲဒီလို ပြင်နေတုန်းမှာပဲ ဝိဒေဟရာဇမင်းကြီးက ဥဒုမ္ဗရဒေဝီနှင့်အတူ မင်းစီးယာဉ်ရထားကိုစီးပြီး နောက်ပါမူးမတ် အခြွေအရံတွေနှင့်တကွ အဲဒီလမ်းကို ထွက်လာပါတယ်၊ အဲဒီအခါ ခါးတောင်းကျိုက်ပြီး ပေါက်တူးဖြင့် လမ်းပြင်နေတဲ့ ပိဂုံတ္တရလုလင်ကို မြင်ရတော့ ဥဒုမ္ဗရဒေဝီက မအောက်နိုင်လို့ ပြုံးရယ်မိသတဲ့၊ ဒီတော့ မင်းကြီးက “ရှင်မိဖုရား ဘာကြောင့် ပြုံးရယ်ရသလဲ”လို့ မေးတယ်၊ “အရှင်မင်းကြီး၊ ဟောဟိုက ခါးတောင်ကျိုက်နဲ့ ပေါက်တူးကိုင်ပြီး လမ်းပြင်နေတဲ့လူဟာ ကျွန်မရဲ့ ပထမ လင်ယောကျ်ားဖြစ်ပါတယ်၊ သူဟာကျွန်မကို သဖန်းပင်ပေါ်မှာ ဆူးခက်တွေနဲ့ခြံရံပြီး စွန့်ပြေးခဲ့ပါတယ်၊ သူဟာ ဒီလို (ကျွန်မလို)ကျက်သရေကို မဆောင်နိုင်တဲ့ သူယုတ်ပဲလို့ ဆင်ခြင်မိတဲ့အတွက် ပြုံးရယ်မိပါတယ်”လို့ ဥဒုမ္ဗရဒေဝီက ပြောတယ်၊ အဲဒါကို မင်းကြီးက မယုံဘူး၊ ဒါကြောင့် မင်းကြီးက “နင်ငါ့ကို လိမ်တာပဲ၊ အခြားယောကျ်ား တစ်ယောက်ယောက်ကို မြင်ပြီးကြိုက်လို့ ပြုံးရယ်တာဖြစ်မှာပဲ နင့်ကိုသတ်မယ်”လို့ ဆိုပြီး သန်လျက်ဓားကို ဆွဲကိုင်လိုက်ပါသတဲ့၊ ဒီတော့ ဥဒုမ္ဗရဒေဝီက ကြောက်ရှာလွန်းလို့ ပညာရှိအမတ်ကြီးတွေကို မေးကြည့်ဖို့ပြောတယ်၊ ဒီတော့ မင်းကြီးက သေနကအမတ်ကြီးကို မေးပါတယ်၊ သေနကအမတ်ကြီးက “ဒီလိုလုပတဲ့ မိန်းမရတနာကို ဘယ်လိုယောကျ်ားမှ စွန့်ပစ်ပြေးမည်မဟုတ်ပါ။ ဒါကြောင့် ကျွန်တော်မျိုး မယုံကြည်ပါ”လို့ လျှောက်ကြားတယ်၊ အဲဒီသေနက လျှောက်ချက်ကို ကြားရတော့ ဥဒုမ္ဗရဒေဝီဟာ အလွန်အလွန် ကြောက်သွားရှာပါသတဲ့၊ ဒါပေမယ့် မင်းကြီးက စဉ်းစားပြန်တယ်၊ “သေနကဟာ အမှန်ကို သိမှာမဟုတ်ပါဘူး၊ မဟောသဓာပညာရှိကို မေးဦးမှပါပဲ”လို့ စဉ်းစားပြီးတော့ “ချစ်သား မဟောသဓာ၊ မိန်းမတစ်ယောက်ဟာ ရုပ်အဆင်းလဲလှပတယ်၊ ကိုယ်ကျင့်သီလလဲ ကောင်းတယ်၊ ဒီလိုမိန်းမကို ယောကျ်ားက အလိုမရှိဘူး စွန့်ပစ်သွားတယ်ဆိုတယ်ဆိုတာ သင်ယုံကြည်ရဲ့လား” လို့ မေးပါတယ်၊ အဲဒီအခါ မဟောသဓာက –

မဟာရာဇာ–မြတ်သောမင်းကြီး၊ ပုရိသော–ရုပ်ရည်အဆင်းလှပ၍ ကိုယ်ကျင့်သီလကောင်းသော မိန်းမကို စွန့်ပစ်သွားသောယောကျ်ားသည်၊ ဒုဗ္ဘဂေါ–ဘုန်းကံနည်းသူသည်၊ သိယာ–ဖြစ်ရာ၏၊ တသ္မာ–ထို့ကြောင့်၊ သဒ္ဒဟာမိ–ရုပ်ရည်အဆင်းလှပ၍ ကိုယ်ကျင့်သီလကောင်းသော မိန်းမကို ယောကျ်ားက အလိုမရှိ–ဟူသော စကားကို ကျွန်ုပ်ယုံကြည်ပါ၏၊ သိရီစ–ဘုန်းကံကျက်သရေသည်လည်းကောင်း၊ ကာလကဏ္ဏီစ–ဘုန်းကံမဲ့သော သူယုတ်သည်လည်းကောင်း၊ ကုဒါစနံ–တစ်ခါတစ်ရံမျှ၊ နသမေန္တိ–အတူတကွ မတည်ကြည်ကြပါ၊ ဝါ–အတူတကွ တည်နေကြရိုးမရှိပါ အရှင်မင်းကြီးလို့ ဖြေကြားလိုက်ပါတယ်။

ဒီလို မဟောသဓာက ဖြေကြားလိုက်တော့မှ မင်းကြီးက ဥဒုမ္ဗရဒေဝီရဲ့စကားကို ယုံကြည်ပြီး ဥဒုမ္ဗရဒေဝီကို ချစ်မြတ်နိုးမြဲချစ်မြတ်နိုးသွားပါသတဲ့၊ ဒါတွင်တောင်မကသေးဘူး၊ “အကယ်၍ မဟောသဓာပညာရှိသာ မရှိခဲ့ပါမူ သေနကအမတ်မိုက်၏စကားကြောင့် ဒီလိုမိဖုရားရတနာ ဆုံးရှုံးရချေတော့မယ်၊ မဟောသဓပညာရှိကို အမှီပြုပြီး ဒီမိဖုရားကို ရမြဲရနေပေတယ်”လို့ ကျေးဇူးတင်ပြီးတော့ မဟောသဓာအား ဆုတောင်းတစ်သိန်းလဲ ချီးမြှင့်လိုက်ပါသေးတယ်၊ အဲဒီအဖြေစကား ၂–ရပ်ထဲမှာ သေနကအမတ်ရဲ့ အဖြေကတော့ မဟုတ်မမှန်တဲ့ စကားလဲဖြစ်တယ်၊ မင်းကြီးက မသက်သာလို့ မိဖုရားနှင့် ကွဲပြားမည့် အခြေအနေရောက်နေတဲ့အထဲမှာ ကွဲပြားသထက်ကွဲပြားအောင် တစ်ဆင့်အားပေးတဲ့ ကုန်းတိုက်စကားမျိုးလဲဖြစ်တယ်၊ ဒီလိုစကားမျိုးကို အကြံပေးဉာဏ်ပေး ပုဂ္ဂိုလ်များက မပြောကောင်းဘူး၊ မဟောသဓာရဲ့ အဖြေကတော့ သဘာဝကျပြီး ဟုတ်မှန်တဲ့ စကားလဲဖြစ်တယ်၊ ကွဲပြားချင်နေတဲ့ မင်းကြီးကို မကွဲပြားအောင် ညီညွတ်မြဲ ညီညွတ်အောင် အားပေးတဲ့စကားလဲ ဖြစ်တယ်၊ အဲဒါဟာ ပိသုဏာဝါစာရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သူတော်ကောင်းစကားပဲ၊ အကြံပေးဉာဏ်ပေး ပုဂ္ဂိုလ်များဟာ ဒီလိုစကားကောင်းကို ပြောမိအောင် ကြိုးစားသင့်ပါတယ်။

အဲဒီ ဥဒုမ္ဗရဒေဝီဝတ္ထုထဲမှာ ပိဂုံတ္တရလုလင်က စွန့်ပစ်သွားတာဟာ ဥဒုမ္ဗရဒေဝီက ကံဆိုးလို့ မဟုတ်ကြောင်း ပိဂုံတ္တရက ဘုန်းကံနည်းလို့ ဖြစ်ကြောင်း ထင်ရှားပါတယ်၊ အဲဒါလိုပဲ ဣသိဒါသီကို စွန့်ပစ်သွားတဲ့ သူတောင်းစားဟာလဲ သူ့မှာ

သူ့ဌေးအိမ်၌ ချမ်းချမ်းသာသာနဲ့ နေဖို့ ကံမရှိတဲ့အတွက် စွန့်ပစ်သွားခြင်းလဲ ဖြစ်သင့်ပါတယ်၊ နောက်ပြီးတော့ ပထမ ဒုတိယ သူ့ဌေးသားတွေက ဣသိဒါသီကို စွန့်ပစ်ကြတာဟာလဲ ဣသိဒါသီရဲ့ အကုသိုလ်ကံကြောင့်ချည်း မဟုတ်ဘဲ သူတို့မှာ ဒီလို အမျိုးကောင်းသမီးနှင့် အတူနေဖို့ကံ မပြည့်စုံတဲ့အတွက်ကြောင့်လဲ ဖြစ်စရာရှိပါတယ်။

ဣသိဒါသီထေရီအကြောင်း

ယခု ပြောခဲ့တဲ့အတိုင်း သူတောင်းစားကတောင် စွန့်ပစ်သွားတဲ့အခါ သူ့ဌေးကြီးလဲ သူ့သမီးအတွက် အိမ်ထောင်ရေးကို ဆက်လက်မကြံနိုင်တော့ဘူး၊ ဣသိဒါသီလဲ အရက်လဲရ ဝမ်းလဲနည်းပြီး တစ်ကိုယ်တည်း ဒီလိုကြံမိသတဲ့၊ "ဘယ်လို ဆိုးရွားတဲ့ ရှေးကံက အကျိုးပေးနေသလဲ မသိပါဘူး၊ လူ့လောကမှာ နေစရာတောင် မကောင်းတော့ပါဘူး၊ မိဘများကို ပန်ကြားပြီး ထွက်ခွာသွားမှပါပဲ၊ သေရင်လဲ သေပါစေတော့၊ ဒီလိုမှမဟုတ်ရင်လဲ ရဟန်းပြုမှ ကောင်းမှာပဲ"လို့ ကြံစည်မိတယ်၊ ဒီလိုကြံစည်နေတုန်းမှာပဲ ဇိနဒတ္တာဆိုတဲ့ထေရီမကြီးက အဲဒီသူ့ဌေးအိမ်ကို ဆွမ်းခံကြွလာတယ်၊ အဲဒီထေရီမကြီးကို တွေ့မြင်ရတော့ ဣသိဒါသီဟာ နေရာလဲ ခင်ကျင်းပေးတယ်၊ ရိုရိုသေသေရှိခိုးပြီး ဆွမ်း ခဲဖွယ် ဘောဇဉ်များကိုလဲ ကပ်လှူတယ်၊ အဲဒီလို ဆွမ်းကပ်လှူပြီးတော့ ဣသိဒါသီက"တပည့်တော်မ ရဟန်းပြုလိုပါတယ်၊ တပည့်တော်မကို ရဟန်းပြုပေးပါ ထေရီအရှင်မကြီး ဘုရား"လို့ လျှောက်ထားတောင်းပန်တယ်။

ဒီတော့ ဖခင်သူ့ဌေးကြီးက ချစ်သမီးရေ ဘယ်ကိုမှ မသွားပါနဲ့ကွယ်၊ ဒီအိမ်မှာပဲ ချမ်းသာစွာနေပါ၊ လူ့ဘောင်မှာပဲ ကုသိုလ်တရားကို ကျင့်ပွားနေတာပေါ့၊ ရဟန်းသူမြတ်များအား ထမင်း အဖျော် စသည်ကိုပေးလှူပြီး နေတာပေါ့၊ဘယ်မှမသွားပါနဲ့လို့ တားမြစ်တယ်၊ အင်း ... တစ်ဦးတည်းသော သမီးကလေးဆိုတော့ မခွဲချင်ကြပေဘူး၊ အဲဒီတော့ ဣသိဒါသီက သူ့ဖခင် သူ့ဌေးကြီးကို လက်အုပ်ချီပြီး ငိုယိုရင်းတောင်းပန်ရှာတယ်၊ (ပါပံဟိ မယာ ပကတံ၊ ကမ္မံ တံ နိဗ္ဗရေသာမိ) တာတ–ဖခင်၊ မယာ–ကျွန်တော်မသည်၊ ပါပံ ကမ္မံ–ယုတ်မာသော မကောင်းမှုကို၊ ပကတံ–အလွန်အကျူးပြုခဲ့ဖူးသည်၊ ဘဝေယျ–ဖြစ်ရာပါသည်၊ တံကမ္မံ–ထိုယုတ်မာသော မကောင်းမှုကို၊ ပကတံ–အလွန်အကျူး ပြုခဲ့ဖူးသည်၊ ဘဝေယျ–ဖြစ်ရာပါသည်၊ တံကမ္မံ–ထိုယုတ်မာသော မကောင်းမှုကို၊ နိဗ္ဗရေသာမိ–ရဟန်းပြုလျက် တရားဖက်၍ ပယ်ဖျက်ချေမှုန်းလိုက်ပါတော့အုံ–တဲ့၊ ကျွန်မမှာ ယခုလို အဆင်မပြေဖြစ်ရတာဟာ ရှေးဘဝတစ်ခုခုက လွန်လွန်ကျူးကျူး ပြုခဲ့ဖူးတဲ့ မကောင်းမှုကံကြောင့် ဖြစ်ပါလိမ့်မယ်၊ အဲဒီမကောင်းမှုကံ ကျေပျက်မပျောက်သွားအောင် ရဟန်းပြုပါရစေ၊ ရဟန်းတရားကျင့်သုံးပြီး အဲဒီမကောင်းမှုကံကို ပယ်ဖျောက်ချေမှုန်းပါရစေ–လို့ ဣသိဒါသီက တောင်းပန်တယ်၊ ဒီတော့ ဖခင်သူ့ဌေးကြီးကလဲ တားမြစ်ရန်မသင့်တာနဲ့ ခွင့်ပြုလိုက်ရတယ်၊ ဒီလိုလဲ ဆုမွန်ကောင်း တောင်းလိုက်ပါသေးတယ်။

ဒွိပဒသေဋ္ဌော–နတ်လူတို့ထက် မြတ်သော ဘုရားသခင်သည်၊ ယံ–အကြင်မဂ်ဖိုလ်နိဗ္ဗာန်ကို၊ သစ္ဆိကရီ–မျက်မှောက်ပြုတော်မူလေပြီ၊ တံ–ထိုသို့သော၊ ဗောဓိဋ္ဌ–အရိယမဂ်ဉာဏ်သို့လည်းကောင်း၊ အဂ္ဂမ္မဋ္ဌ–အမြတ်ဆုံးတရား အရဟတ္တဖိုလ်သို့လည်းကောင်း၊ ပါပုဏာ–ရောက်ပါစေသတည်း၊ နိဗ္ဗာနဋ္ဌ–နိဗ္ဗာန်ကိုလည်း၊ လဘသု–ရပါစေသတည်း–လို့ အဲဒီလိုလဲ ဆုမွန်ကောင်း တောင်းလိုက်ပါသေးတယ်။

အဲဒီလို ဖခင်ကြီးက ကျေကျေနပ်နပ် ခွင့်ပြုလိုက်တဲ့အခါ ဣသိဒါသီဟာ မိခင်ဖခင်များကိုရော ဆွေမျိုးထဲက လူကြီးများကိုရော ရှိခိုးကန်တော့ပြီး ဇိနဒတ္တာ ထေရီမကြီးထံမှာ ရဟန်းပြုပါတယ်၊ ရဟန်းပြုပြီးတော့လဲ မကြာဘူး သူက ပါရမီထူး ရှိနေတဲ့အတွက် ခုနစ်ရက်အတွင်းမှာပဲ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတဲ့ ရဟန္တာမ ဖြစ်သွားတယ်၊ ဒါကြောင့် သတ္တာဟံ ပဗ္ဗဇိတာ–ရှင်ရဟန်းပြု၍ ခုနစ်ရက်ရှိလတ်သော်၊ တိသော ဝိဇ္ဇာ–သုံးပါးသော ဝိဇ္ဇာဉာဏ်ထူးတို့ကို၊ အပသယိံ–တွေ့မြင်ရရှိခဲ့လေပြီ–လို့ သူကိုယ်တိုင် ဖော်ပြဝန်ခံထားပါတယ်။

ရဟန်းတရားအားထုတ်ကာ ခုနစ်ရက်နဲ့ ရဟန္တာဖြစ်တယ်ဆိုတော့ ပါရမီထူး ရှိလို့ပါပဲ၊ ယခုဒီမှာ အားထုတ်ကြတဲ့ ယောဂီတွေထဲမှာ ခုနစ်ရက်နဲ့ မဂ်ဖိုလ်တရားထူးရတဲ့ ပုဂ္ဂိုလ်က အလွန်ရှားပါတယ်၊ တစ်ရာမှာ တစ်ဦးတောင် ရှိခဲပါတယ်၊ နေ့ရော ညဉ့်ပါ မပြတ်မစဲလဲ ကြိုးကြိုးစားစား အားထုတ်လို့ ဉာဏ်လဲ အထူးထက်မြက်တဲ့ သူဆိုရင် အဲဒီခုနစ်ရက်အတွင်းမှာ ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်လောက်ပဲ အများအားဖြင့် ရောက်တတ်ကြပါတယ်၊ ဣသိဒါသီမှာတော့ ခုနစ်ရက်တည်းနဲ့ ဝိဇ္ဇာသုံးပါးကိုလဲ ရတယ်၊ ဝိဇ္ဇာသုံးပါးဆိုတာ သုံးပါးဝိဇ္ဇာ၊ ပု–ဒိ–အာ ဆိုတဲ့အတိုင်း ၁။ ရှေးရှေးဘဝဟောင်းတွေကို ပြန်ပြီး ဆင်ခြင်သိမြင်နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်တစ်ပါး၊ ၂။ ပကတိမျက်စိဖြင့်မမြင်နိုင်တဲ့ နတ်ပြည် ငရဲပြည် အခြားအရပ်က လူ့ပြည်ဆိုတာတွေကို စိတ်နဲ့မှန်းကြည့်လိုက်ရုံနဲ့ မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ကတစ်ပါး၊ ၃။ အာသဝေါကိလေသာတွေကို ကုန်ခန်းစေနိုင်တဲ့ အရဟတ္တမဂ်ဉာဏ်ဆိုတဲ့ အာသဝက္ခယဉာဏ်ကတစ်ပါး၊ ဒီဉာဏ်သုံးပါးပါပဲ။

အဲဒီဉာဏ်သုံးပါးထဲက အာသဝက္ခယဆိုတဲ့ အရဟတ္တမဂ်ဉာဏ်ကိုရရင် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားတော့တာပါပဲ၊ ဣသိဒါသီဟာ လင်တွေကပစ်ပစ်သွားလို့ သံဝေဂရပြီး ရဟန်းပြုလိုက်တော့ ခုနစ်ရက်အတွင်းမှာ ရဟန္တာဖြစ်သွားတယ်ဆိုတာကို ဆင်ခြင်ကြည့်ရင် လင်တွေက ပစ်ပစ်သွားတာကို ကျေးဇူးတင်ရဦးမှာလို ဖြစ်နေတယ်၊ အကယ်၍သာ

ပထမသူဌေးသားနှင့် မြနေတယ်ဆိုရင် ဒုတိယသူဌေးသားထံတောင် ရောက်မှာမဟုတ်ဘူး၊ ဒုတိယသူဌေးသားနဲ့ မြနေရင်လဲ ထို့အတူနေမှာပဲ၊ သူတောင်းစားနဲ့ မြနေတောင်မှ ရဟန်းပြုဖြစ်ချင်မှ ပြုဖြစ်မယ်၊ ယခုဖြစ်ပုံကတော့ သူတို့သုံးဦးစလုံးက ပစ်သွားတဲ့အတွက် လောကကြီးကို စိတ်နာပြီး ရဟန်းပြုခဲ့တယ်၊ အဲဒီလို ရဟန်းပြုလိုက်တော့ ခုနစ်ရက်အတွင်း ရဟန္တာမဖြစ်သွားတယ်၊ သံသရာဝဋ္ဋဆင်းရဲမှ အပြီးတိုင် လွတ်မြောက်သွားတယ်၊ ဒါကြောင့် ဣသိဒါသီရဲ့ ဖြစ်ပုံကတော့ လင်တွေက ပစ်ပစ်သွားတာကို ကျေးဇူးတင်ရဦးမှာလို့ ဖြစ်နေတယ်လို့ ပြောရတာပဲ၊ အဲဒါဟာ ယောနိသောမနသိကာရနဲ့ သင့်လျော်အောင် စဉ်းစားပုံပဲ၊ အကုသိုလ်က မကောင်းကျိုးပေးလို့ ဒုက္ခနဲ့တွေ့ရပေမယ့် တစ်ဘက်ကနေကြည့်ရင် ရဟန္တာမဖြစ်သည်အထိ ကောင်းကျိုးတွေကို ရသွားတယ်ဆိုတော့ ဣသိဒါသီအဖို့မှာ ဝမ်းသာစရာ အလွန်ကောင်းနေပါတယ်၊ ဒါကြောင့် အဆိုးနဲ့တွေ့ရတဲ့အခါမှာ အဆိုးဘက်က ချည်းကြည့်ပြီး စိတ်ပျက်မနေရဘူး၊ အကောင်းဘက်ကလဲ လှည့်ပြီးကြည့်တတ်ရတယ်၊ အဲဒီလို စိတ်သက်သာရာရအောင် ကုသိုလ်ဖြစ်အောင် ကြည့်တာမျိုးကို ယောနိသောမနသိကာရ ခေါ်တာပဲ၊ ဒါပေမယ့် ဣသိဒါသီလို လင်တွေက ပစ်သွားတယ် ဆိုတာမျိုးကိုတော့ ဘယ်အမျိုးသမီးမှ မလိုလား မတောင့်တသင့်ပေဘူး၊ ဘာကြောင့်လဲဆိုတော့ ဣသိဒါသီမှာ ရဟန္တာဖြစ်သည်အထိ အကျိုးများသွားပေမယ်လို့ အခြား အမျိုးသမီးတွေမှာတော့ အဲဒီလို အကျိုးထူးတွေကို ရဖို့ရာ ခဲယဉ်းပါလိမ့်မယ်၊ ဒါကြောင့်ပါပဲ။

ဣသိဒါသီဟာ ယခုပြောခဲ့တဲ့အတိုင်း သူရထားတဲ့ ပု–ဒိ–အာ ဆိုတဲ့ ဝိဇ္ဇာသုံးပါးထဲက ပုဗ္ဗေနိဝါသညာဏ်ဖြင့် ရှေးဘဝဟောင်းတွေကို ပြန်ကြည့်တဲ့အခါမှာ လွန်ခဲ့တဲ့ ခုနစ်ခုမြောက်ဘဝကစပြီး မကောင်းမှုကိုပြုမိခဲ့လို့ ဆင်းရဲဒုက္ခ မကောင်းကျိုးတွေကို ခံစားလာရတယ်ဆိုတာကို တွေ့မြင်ရတယ်၊ အဲဒီခုနစ်ဘဝထဲမှာ ၁။ ပထမ ဘဝက ဧရကစ္ဆဆိုတဲ့မြို့မှာ ရွှေပန်းထိန်သည် ဖြစ်ခဲ့တယ်၊ ရွှေပန်းထိမ်သည်ဆိုတော့ အမျိုးသမီးတွေနဲ့ နီးစပ်တဲ့အပြင် အရွယ်ကလဲကောင်းတုန်းမို့ အရွယ်မာန်ယစ်ပြီး သူတစ်ပါး၏ မယားကို ပြစ်မှားကျူးလွန်ခဲ့မိပါသတဲ့၊ အဲဒီဘဝက သေတဲ့အခါမှာ အဲဒီကာမေသုမိစ္ဆာစာရကံကြောင့် ၂။ ဒုတိယဘဝမှာ ငရဲကျပြီး ကြာမြင့်စွာ ငရဲဆင်းရဲတွေကို ခံစားရတယ်၊ အဲဒီငရဲမှ လွတ်လာတဲ့အခါ ၃။ တတိယဘဝမှာ မျောက်မျိုး၌ ဖြစ်ခဲ့ရတယ်၊ မွေးပြီးလို့ ခုနစ်ရက်ကြာတဲ့အခါ မျောက်အကြီးဆုံးက မျောက်ထီးကို အလိုမရှိတဲ့အတွက် အဲဒီမျောက်ကလေးရဲ့ ဝေ့စေ့များကို သွားနဲ့ကိုက်ပြီး သင်းကွပ်လိုက်တယ်၊ အဲဒါဟာ ကာမေသုမိစ္ဆာရက်ရဲ့အကျိုးပဲ၊ အဲဒီမျောက်ဘဝက သေတဲ့အခါ ၄။ စတုတ္ထဘဝမှာ ဧဌကဆိုတဲ့ သိုးဖြစ်ရတယ်၊ အဲဒီ ဧဌကပုဒ်ကို အဋ္ဌကထာကအဧ–လို့ဖွင့်ထားတယ်၊ အဧ–ဆိုတော့ ဆိတ်လို့အနက်ရတယ်၊ (ဘုန်းကြီးတို့ ငယ်ငယ်တုန်းက သဒ္ဒါကျမ်းသင်တဲ့အခါ (အဧော စ–ဆိတ်မြန်မာလည်း၊ ဧဌကောစ ဆိတ်ကုလားလည်း၊ အဧေလကံ–ဆိတ်မြန်မာ ဆိတ်ကုလား) လို့ ကျက်မှတ်ခဲ့ရတယ်၊ ယခုထက်ထိ နှုတ်တက်နေတုန်း ရှိသေးတယ်၊ အဲဒီမှာ အဧ–ဆိတ်မြန်မာဆိုတာ ယခု ဆိတ်လို့ခေါ်နေကြတဲ့ အကောင်ပါပဲ၊ ဧဌက–ဆိတ်ကုလားဆိုတာ ယခုသိုးလို့ခေါ်နေကြတဲ့ အကောင်ပါပဲ၊ ဒီတော့ အဲဒီ သဒ္ဒါကျမ်း အဘိဓာန်ကျမ်းများ အလိုအားဖြင့်ဆိုရင် ဧဌက–ဆိုတာ သိုးပါပဲ၊ ဒါပေမယ့် ဒီနေရာမှာ အဋ္ဌကထာက အဧ–လို့ ဖွင့်ထားတဲ့အတွက် ဆိတ်လို့ပဲဆိုကြပါစို့၊ အဲဒီဆိတ်ဘဝမှာလဲ သင်းကွပ်ခံရတယ်၊ ဆိတ်ဆိုတာ လူတွေရဲ့ ဟင်းမျိုးဖြစ်တဲ့အတွက် အဲဒီဘဝမှာလဲ ဟင်းလုပ်ဖို့ အသတ်ခံရမှာပဲ၊ အဲဒီဘဝက သေတဲ့အခါ ၅။ ပဉ္စမဘဝမှာ နွားဖြစ်ရတယ်၊ အဲဒီနွားဘဝမှာလဲ သင်းကွပ်ခံရပြီး ထွန်တို့ ထယ်တို့ လှည်းတို့ကို ရှန်းနေရတယ်၊ ဒါလဲ ကာမေသုမိစ္ဆာကံ၏အကျိုးပဲ နွားဆိုတာ နွားသိုးအတိုင်းဆိုရင် အခိုင်းရခက်လို့ သင်းကွပ်လေ့ရှိကြတယ်၊ ဘုန်းကြီးတို့ ကလေးဘဝတုန်းက နွားသင်းကွပ်တာ တွေ့မြင်ရဖူးတယ်၊ သိပ်ကြောက်စရာကောင်းတာပဲ၊ နွားကို ကြိုးနဲ့ချည်တုပ်ပြီး ဝေ့စေ့ကို ထွန်သွားလိုသစ်သားနဲ့ ထုကြရိုက်ကြတာပဲ၊ အင်မတန် နာရှာမှာပါပဲ၊ သုံးလေးရက်လောက်အတွင်းမှာ ဒီနွားဟာ အစာကို ကောင်းကောင်းမစားနိုင်ရှာဘူး၊ နောက်ပြီးတော့ အဲဒီနွားကို သန်စွမ်းနေသမျှ ကာလပတ်လုံး ထွန်ယက်ဖို့ ဝန်ရှန်းဖို့ခိုင်းကြတယ်၊ နေပူမိုးရွာမရှောင် ဝန်ကိုရှန်းနေရတယ်၊ နေမကောင်းလို့လဲ မပြောနိုင်ရှာဘူး၊ သနားစရာပါပဲ၊ နောက်ဆုံး အိုးမင်းတဲ့အအခါကျတော့ နွားရှင်က နွားဖိုးမဆုံးရအောင်လို့ နွားသတ်သမားလက်ထဲ ရောင်းလိုက်တယ်၊ တစ်သက်ပတ်လုံး ဝန်ရှန်းပြီး ကျေးဇူးပြုနေတဲ့ ကျေးဇူးရှင်ကို သူသတ်သမားလက်ထဲ အပ်လိုက်တာပါပဲ၊ အဲဒီအခါကျတော့ နွားခမျာမှာ ဘယ်သူမှ အားကိုးစရာ မရှိရှာဘူး၊ နွားသတ်သမား လက်ချက်ဖြင့် အသက်ထွက်ရရှာရတော့တာပဲ၊ အဲဒါဟာ သေသေချာချာ စဉ်းစားကြည့်ရင် ဝမ်းနည်းစရာ အသည်းနာစရာ သိပ်ကောင်းတာပဲ၊ အဲဒီနွားဘဝက မရှုမလှသေရတဲ့အခါ ၆။ ဆဋ္ဌမဘဝမှာ ကျွန်မရဲ့ဝမ်းမှာဖြစ်ရတယ်၊ မွေးကတည်းက အိမ်ပေါက်ကျွန်ဖြစ်တော့တာပဲ၊ အဲဒါထက်ဆိုးတာကတော့ သူ့မှာ မွေးကတည်းက အထီးအမ အင်္ဂါမပါဘူး၊ နပုန်းပဏ္ဍာက် ဖြစ်ရတယ်၊ ရှက်စရာသိပ်ကောင်းတာပဲ၊ အဲဒါဟာ ကာမေသုမိစ္ဆာစာရကံ၏အကျိုးပဲ။

အဲဒီနပုန်းပဏ္ဍာက်ဘဝမှာ အနှစ်သုံးဆယ်ပတ်လုံး ဒုက္ခတွေခံစားပြီးတော့ သေတဲ့အခါ ၇။ သတ္တမဘဝမှာ အလွန်ဆင်းရဲမွဲပြာကျနေတဲ့ ဆင်းရဲသားလှည်းသမား၏ သမီးဖြစ်ရတယ်၊ လှည်းမှူးကြီး၏ အတိုးနှင့်တကွအကြွေးကို ပြန်မဆပ်နိုင်တဲ့အတွက် အဲဒီလှည်းမှူးကြီးက ကျွန်အစေခံအဖြစ်နဲ့ခိုင်းဖို့ အဲဒီသူငယ်မလေးကို သိမ်းယူတယ်၊ အဲဒီသူငယ်မကလေးဟာ အဲဒီလှည်းမှူးကြီးရဲ့အိမ်မှာ စေခိုင်းသမျှအမှုကိစ္စတွေကို လုပ်ကိုင်နေရရှာတယ်၊ အဲဒီလိုလုပ်ကိုင်နေရင်းထဲက သူ့မှာ ကုသိုလ်ကံအားလျော်စွာ ရုပ်ရည်ကလေးက သပ်သပ်ရပ်ရပ်ရှိတဲ့အတွက် အရွယ်ရောက်တဲ့အခါ လှည်းမှူးကြီး၏ သား ဂိရိဒါသ, ကသူ့ကို မယားငယ်အဖြစ်နဲ့ ယူလိုက်တယ်၊ မယားငယ်ဆိုတာ မယားကြီး၏ အကျိုးမဲ့ကို လုပ်တတ်တယ်၊ မယားကြီးကလဲ မယားငယ်ရဲ့အကျိုးမဲ့ကို လုပ်တတ်တာပဲ၊ အဲဒါဟာ ယေဘုယျအားဖြင့် ဖြစ်ရိုးဖြစ်စဉ်လို့ဆိုရမှာပဲ၊ ဒါကြောင့် အဲဒီဂိရိဒါသ၏

မယားငယ်ဖြစ်တဲ့ မိန်းမငယ်က ဂိရိဒါသကို မယားကြီးနဲ့ စိတ်ဝမ်းကွဲအောင် ကုန်းတိုက်တယ်၊ အဲဒီ မယားကြီးဖြစ်တဲ့ အမျိုးသမီးကြီးကလဲ သီလနဲ့ပြည့်စုံတယ်၊ သူတော်ကောင်းစိတ်ရှိတယ်၊ အဲဒီလို သီလစသော ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့ မယားကြီးနဲ့ စိတ်ဝမ်းကွဲအောင် ကုန်းတိုက်မိတာဟာ အင်မတန်ကြီးလေးတဲ့ အကုသိုလ်ကံဖြစ်သွားတယ်၊ နူရာဝဲစွဲ လဲရာသူခိုးထောင်း ဆိုတာလိုပဲ၊ ပထမက သူတစ်ပါး၏ မယားကို ပြစ်မှားကျူးလွန်မိတဲ့ အကုသိုလ်ကံကြောင့် ယုတ်ညံ့တဲ့ မိန်းမဘဝရောက်နေရာမှာ ကုန်းတိုက်တဲ့ အကုသိုလ်ကံကို ထပ်ပြီးကျူးလွန်မိပြန်တယ်၊ ဒါကြောင့် (တဿာဟံ ဝိဒ္ဒေသနမကာသိ) အဟံ–ဟိုတုန်းက ဂိရိဒါသ၏ မယားငယ်ဖြစ်ခဲ့သော ငါသည်၊ တဿာ–ထိုမယားကြီးကို၊ ဝိဒ္ဒေသနံ–မုန်းတီးကြောင်းဖြစ်သော ကုန်းတိုက်စကားကို၊ အကာသိ–ပြုခဲ့မိ၊ ပြောဆိုခဲ့မိလေပြီ–လို့ ဖော်ပြထားပါတယ်၊ (တသ္မေတံ ကမ္မဖလံ) ဧတံ–ကျွန်မပမာရှိသေစွာ ပြုစုလုပ်ကျွေးနေသော ငါ့ကို ခင်ပွန်းဖြစ်သူတို့က မချစ်နိုင်သဖြင့် စွန့်ပစ်ခြင်းသည်၊ ဝါ–စွန့်ပစ်ခြင်းခံရခြင်းသည်၊ တဿ–ထိုမုန်းတီးအောင် ပြောဆိုသော ကုန်းတိုက်ခြင်း ပိသုဏာဝါစာ၏ ကမ္မဖလံ–အကုသိုလ်ကံ၏ အကျိုးပေတည်း–လို့လဲ ဖော်ပြထားပါတယ်။

လှည်းမှူးကြီး၏သားဖြစ်တဲ့ ဂိရိဒါသ၏ မယားငယ်ဘဝတုန်းက ကုန်းတိုက်ခဲ့တဲ့ အကုသိုလ်ကံကြောင့် သူတောင်းစားကတောင် မချစ်နိုင်ဘဲ မုန်းပြီး သူ့ကိုစွန့်ပစ်သွားကြပါတယ်တဲ့၊ တဿပ–ထိုပိသုဏာဝါစာ မကောင်းမှုကံ၏လည်း၊ အန္တော–ကုန်ဆုံးသွားခြင်းဟူသော အပိုင်းအခြားကို၊ မယာ–အကျွန်ုပ်သည်၊ ကတော–အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ထွင်းဖောက်သိမြင် အကျင့်လမ်းစဉ်ဖြင့် သုတ်သင်ပယ်နုတ် ပြုလုပ်အပ်ပါပြီ–တဲ့၊ အဲဒါက အရေးကြီးဆုံးပဲ၊ အရဟတ္တဖိုလ်ရောက်လို့ ရဟန္တာဖြစ်သွားတယ်ဆိုရင် ရှေးကပြုဖူးတဲ့ မကောင်းမှုကံတွေဟာ အကျိုးမပေးနိုင်တော့ဘဲ အစွမ်းသတ္တိ ကုန်သွားကြတာပဲ၊ ကုသိုလ်တွေလဲ ထို့အတူ ကုန်သွားကြတော့တာပဲ၊ နောင်ဘဝတစ်ဖန်ထပ်ပြီး အကျိုးမပေးနိုင်ကြတော့ဘူး၊ အဲဒီနောက်ဆုံးဘဝမှာ အသက်ရှည်နိုင်တဲ့ အချိန်ကာလကုန်တဲ့အခါ ပရိနိဗ္ဗာန် ပြုရုံပဲရှိတော့တယ်၊ ပရိနိဗ္ဗာန်ပြုပြီးတဲ့ နောက်မှာတော့ ဘဝအသစ် ရုပ်နာမ်ထပ်ဖြစ်ဖို့ မရှိတော့ဘူး၊ ဒါကြောင့် အဲဒီ ဣသိဒါသီထေရီမဟာ အသက်အတိုင်းနေပြီး အဲဒီ ခေတ်တုန်းကပဲ ပရိနိဗ္ဗာန်စံသွားပါပြီ၊ ဆင်းရဲဇာတ်သိမ်းပြီး လုံးဝငြိမ်းသွားပါပြီ။

ကောက်နှုတ်ချက်

အဲဒီဝတ္ထုဟာ အမျိုးသားတွေနဲ့လဲ ဆိုင်တယ်၊ အမျိုးသမီးတွေနဲ့လဲ ဆိုင်တယ်၊ ပထမ ရွှေပန်းထိမ်သည် ဖြစ်စဉ်က သူတစ်ပါး၏ မယားဌ ကျူးလွန်ခဲ့တဲ့ ကာမေသုမိစ္ဆာစာရကံကြောင့် ငရဲကျရတယ်၊ ငရဲမှလွတ်တော့ မျောက်ဖြစ်ပြီး သင်းကွပ်ခံရတယ်၊ တစ်ဖန် ဆိတ်ဖြစ်ပြီးတော့လဲ သင်းကွပ်ခံရ ပြန်တယ်၊ အဲဒီကနောက် နွားဖြစ်ပြီးတော့လဲ သင်းကွပ်ခံရပြန်တယ်၊ အဲဒီကနောက် ကျွန်မရဲ့ ဝမ်းထဲမှာဖြစ်ပြီး နပုန်းပဏ္ဍုက် ဖြစ်ရတယ်၊ ဒါတွေဟာ ခေတ္တာမဏ္ဍာ ပျော်မွေ့ရတဲ့ ကာမေသု မိစ္ဆာစာရကံရဲ့ မကောင်းကျိုးတွေပဲ၊ အဲဒီကနောက် ဆင်းရဲသား လယ်သမားရဲ့သမီးဖြစ်ပြီး အစေခံဘဝရောက်ရာက လှည်းမှူးရဲ့သား ဂိရိဒါသ၏ မယားငယ်ဖြစ်ရတယ်၊ အဲဒီလို ကာမေသုမိစ္ဆာစာရကံ၏ မကောင်းကျိုးတွေကို ခံစားနေရတုန်းမှာပဲ သီတင်းသီလနဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသမီး မယားကြီးဖြစ်သူနဲ့ သူ့ယောကျာ်း ဂိရိဒါသကို စိတ်ဝမ်းကွဲအောင် ကုန်းတိုက်ပြန်တယ်၊ ဘယ်လောက်အထိ ကွဲပြားပြီး ဒုက္ခရောက်တယ်ဆိုတဲ့ အကြောင်းတော့ စာထဲမှာမပါလို့ တိတိကျကျ မပြောနိုင်ဘူး၊ အကြီးအကျယ်ကွဲပြားပြီး အကြီးအကျယ် ဒုက္ခရောက်ကုန်ကြဟန် တူပါတယ်၊ အဲဒါဟာ မယားငယ်တွေ မယားကြီးတွေ မယားအငယ်အနှောင်းယူတဲ့သူတွေ အထူးသတိပြုစရာပါပဲ၊ အဲဒီ ကုန်းတိုက်တဲ့ မကောင်းမှုကံကြောင့် နောက်ဆုံးဘဝမှာ ဣသိဒါသီဆိုတဲ့ သူဌေးသမီး ဖြစ်ရသော်လည်း သူတောင်းစားကတောင် မချစ်နိုင်အောင်ရှိပြီး ခင်ပွန်းဖြစ်သူတွေက သုံးကြိမ်အထိ အစွန့်အပယ်ခံရတယ်၊ အဲဒါတွေဟာ ကုန်းတိုက်တဲ့ အကုသိုလ်ကံ၏ မကောင်းကျိုးတွေပါပဲ၊ ဒါကြောင့် "ကုန်းချောပါယ်ကျ လူဖြစ်က ကွဲရ မိတ်ဆွေများ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

"ကုန်းချောပါယ်ကျ၊ လူဖြစ်က၊ ကွဲရ မိတ်ဆွေများ။" (ဆို)

ပိသုဏာဝါစာနဲ့ စပ်ပြီး ပြောစရာကတော့ တော်တော်စုံသွားပါပြီ၊ ယခု ဖရုသဝါစာကို ပြောကြစို့။

ဖရှသဝါစာ

ပရေ ဖရှသဝါစာ ဘဝိသန္တိ၊ မယမေတ္တ ဖရှသာယ ဝါစာယ ပဋိဝိရတာ ဘဝိသာ
မာတိ သလ္လေခေါ ကရဏီယော။

ပရေ–တစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ ဖရှသဝါစာ–ကြမ်းတမ်းသော စကားကို ပြောဆိုကြကုန်သည်၊ ဘဝိသန္တိ–ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ–ဤအရာ၌၊ မယံ–ငါတို့သည်၊ ဖရှသာယ ဝါစာယ–ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ၊ ပဋိဝိရတာ–ကြဉ်ရှောင်ကြကုန်သည်၊ ဘဝိသာမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့ သလ္လေခေါ–ကိလေသာ ခေါင်းပါးစေသောအကျင့်ကို၊ကရဏီယော–ပြုကျင့်အပ်၏။

ဖရှသဝါစာဆိုတာ ဆဲရေးခြင်း ကြိမ်းမောင်းခြင်း ကျိန်ဆိုခြင်းဆိုတဲ့ ကြမ်းကြုတ်တဲ့ စကားတွေပါပဲ၊ အဲဒီစကားမျိုးကို ကြားရရင် သက်ဆိုင်တဲ့ ပုဂ္ဂိုလ်မှာ အလွန် စိတ်မချမ်းမသာ ဖြစ်ရတယ်၊ မသက်ဆိုင်တဲ့ ပုဂ္ဂိုလ်မှာတောင် အဲဒီလို စကားကို ကြားရရင် နားမချမ်းသာဘူး၊ လူတိုင်းလူတိုင်း မကြားချင်တဲ့စကားပါပဲ၊ ပညာရှိ သူတော်ကောင်းတွေဆိုရင် အလွန်စက်ဆုပ်ရွံရှာတဲ့ စကားပါပဲ၊ အဲဒီစကားမှာ အင်္ဂါ ၃–ပါးရှိတယ်၊ ၁။ အဆဲအဆိုခံ ပုဂ္ဂိုလ်လဲရှိရမယ်၊ ၂။ အဲဒီပုဂ္ဂိုလ်အပေါ်မှာလဲ အမျက်ထွက်တဲ့စိတ်လဲ ရှိရမယ်၊ ၃။ ဆဲရေးကျိန်ဆိုခြင်းလဲ ရှိရမယ်၊ ဒီအင်္ဂါ ၃–ပါးညီလျှင် ဖရှသဝါစာဝစီကံ မြောက်တယ်၊ ဒါပေမယ့် စိတ်ထဲက တကယ်ဆင်းရဲစေလိုတဲ့ စိတ်ကြမ်းမရှိရင်တော့ ကံမမြောက်ဘူး၊ တစ်ခါက သူငယ်တစ်ယောက်ဟာ မိခင်စကားကို နားမထောင်ဘဲ တောထဲထွက်သွားတယ်၊ မိခင်ဖြစ်သူက ဒေါသဖြစ်ပြီး "နင့်ကိုကျွဲခတ်လို့ သေပါစေ"လို့ ကျိန်ဆဲလိုက်သတဲ့၊ အဲဒီသူငယ် တောထဲ ရောက်တဲ့အခါ သူ့အမေက ကျိန်ဆိုလိုက်တဲ့အတိုင်း ကျွဲမတစ်ကောင်က ခတ်ဖို့ ထလာသတဲ့၊ အဲဒီအခါ သူငယ်က "ငါ့အမေနှုတ်က ဆိုလိုက်တဲ့အတိုင်း မဖြစ်ပါစေနဲ့၊ စိတ်ထဲက အလိုရှိတဲ့အတိုင်း ကြံစည်တဲ့အတိုင်းသာ ဖြစ်ပါစေ"လို့ သစ္စာပြုလိုက်သတဲ့၊ အဲဒီအခါ ကျွဲမဟာ ရှေ့သို့တိုးမလာဘဲ ရပ်တံ့တည်နေပါသတဲ့၊ မိဘတွေဆိုတာ သားသမီးတွေကို ပြောဆိုလို့မရရင် ကျွဲခတ်ပါစေ မြွေကိုက်ပါစေ သေခြင်းဆိုးနဲ့သေပါစေ စသည်ဖြင့် ကျိန်ဆိုတတ်ကြတယ်၊ ဒါပေမယ့် စိတ်ထဲကတော့ သားသမီးများအပေါ်မှာ ကြာပန်းဖက် ကလေးကျတာကိုတောင် အလိုမရှိကြပါဘူး၊ ဆရာသမားများကလဲ တပည့်တွေကို ပြောလို့ရှိရင် နင်တို့သွားကြ၊ ငါဆီမှာ မနေကြနဲ့၊ နင်တို့ဟာ နင်တို့ ဖြစ်ချင်သလို ဖြစ်ကြပါစေစသည်ဖြင့် မာန်မဲပြောဆိုတတ်ကြပါတယ်၊ ဒါပေမယ့် စိတ်ထဲကတော့ အဲဒီတပည့်တွေ သီလစသည် ကြီးပွားတိုးတက်ခြင်းကိုသာ အလိုရှိကြပါတယ်၊ ဒါကြောင့် ဒီလို အပြောအဆိုမျိုးကတော့ နှုတ်ထွက်က ကြမ်းပေမယ့် စိတ်ထဲက မကြမ်းတဲ့အတွက် ဖရှသဝါစာကံ မမြောက်ဘူးလို့ မှတ်ရမယ်၊ နှုတ်ထွက်ကကြမ်းပေမယ့် စိတ်ထဲက မကြမ်းတဲ့အတွက် ဖရှသဝါစာကံ မမြောက်ဘူးလို့ မှတ်ရမယ်၊ နှုတ်က နူးညံ့ပေမယ့် စိတ်က ကြမ်းရင်တော့ အဲဒီကံ မြောက်တာပဲ၊ မင်းများဟာ သေဒဏ်ထိုက်သူကို ကဲ–ဒီလူကို ချမ်းသာစွာ အိပ်ပါစေကွယ်လို့ ချိုချိုသာသာနဲ့ ပြောပေမယ်လို့ စိတ်ထဲက သေစေ–လို့ ကြမ်းတမ်းတဲ့ စေတနာရှိနေတဲ့အတွက် အဲဒီလို စကားကတော့ ဖရှသဝါစာ ဝစီကံမြောက်တာပဲ။

ဒါကြောင့် သူတစ်ပါးတွေက ကြမ်းကြုတ်တဲ့စိတ်စေတနာဖြင့် ဆဲရေးကျိန်ဆိုကြမည့် နေရာမှာ ငါတို့ကတော့ အဲဒီလို ဆဲရေးကျိန်ဆိုမှုကိုမပြုဘဲ ကြဉ်ရှောင်မယ်၊ စိတ်ကောင်းနှလုံးကောင်းနဲ့ နူးညံ့သိမ်မွေ့တဲ့စကား နားချမ်းသာတဲ့စကား နားဝင်ချိုတဲ့စကား နှစ်သက်ဖွယ် စကားမျိုးကိုသာ ပြောဆိုမယ်လို့ နှလုံးသွင်းဆောက်တည်ပြီး စကားကြမ်းတွေကို ရှောင်ရမယ်၊ ချိုသာယဉ်ကျေးတဲ့စကားကိုသာ ပြောရမယ်၊ ဖရှသာယဝါစာယ (ကြမ်းတမ်းသော စကားမှ) ဝေရမဏိသိက္ခာပဒံ (ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို) သမာဒိယာမိ (ဆောက်တည်ပါ၏)လို့ တိုက်ရိုက်ဆောက်တည်ပြီးတော့ ဖြစ်စေ၊ မှသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ–လို့ ဆောက်တည်မှုထဲမှာ အတင်းသွင်းပြီး ဆောက်တည်၍ဖြစ်စေ သီလဖြင့်လဲ ဒီလိုစကားကြမ်းတွေကိုပယ်ရမယ်၊ သမထအာရုံတစ်ခုခုကို နှလုံးသွင်းရှုမှတ်ပြီး သမာဓိဖြင့်လဲပယ်ရမယ်၊ အနိဋ္ဌာရုံတွေကို တွေ့ရတဲ့အခါ ဝိပဿနာ ရှုခြင်းဖြင့်လဲ ပယ်ရမယ်၊ အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံတွေကို မြင်ရ ကြားရ ထိရ သိရတဲ့အခါ ဒေါသဖြစ်ပြီး အဲဒီလို စကားကြမ်းတွေကို ပြောမိတတ်တယ်၊ ဒါကြောင့် အဲဒီလို အာရုံဆိုးတွေနဲ့ တွေ့ရတဲ့အခါ ရှုမှတ်ပြီး ပယ်ရမယ်၊ အထူးအားဖြင့် ကိုယ်မကြိုက်တဲ့စကားကို ကြားရတဲ့အခါ နှုတ်က စကားကြမ်းတွေကို ပြောမိတတ်တယ်၊ ဒါကြောင့် မကြားချင်တဲ့ စကားတွေကို ကြားရတဲ့အခါ အထူးဂရုစိုက်ပြီး ရှုမှတ်ဖို့ လိုပါတယ်။

ရှုမှတ်ခြင်းဖြင့် ဖရှသဝါစာကို ပယ်နိုင်ပုံ သာဓက

ဘုန်းကြီး၏ ဇာတိအရပ် ရွှေဘို ဆိပ်ခွန်ရွာမှာ အထူး အမှတ်ကောင်းတဲ့ ယောဂီဟောင်း တစ်ဦးရှိတယ်၊ သူက ယခုတော့ ရဟန်းဖြစ်နေလို့ ဝါ ၂၀–ကျော်တောင် ရှိနေပါပြီ၊ သူ့မှာ လူဝတ်နဲ့နေစဉ်တုန်းက သူ့ယောကျ်မ ဖခင်ကြီးက အပြစ်တင်ပြောဆိုနေတဲ့အခါ အဲဒီ အပြစ်တင်ပြောဆိုတဲ့ စကားတွေကို ကြားတိုင်း ကြားတိုင်း ကြားတယ် ကြားတယ်"လို့ သူက မပြတ်ရှုမှတ်နေသတဲ့၊ အဲဒီလို ပြောဆိုနေတာဟာ ၁၀–မိနစ်လောက် ကြာဟန်ရှိပါတယ်၊ ဒါပေမယ့် သူ့မှာတော့ ကြားရတဲ့အသံရော ကြားသိတာရော ကြားသိရင်း ပျောက်သွားရင်းနဲ့ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ ဘာပြောတယ် ဘာဆိုတယ်တို့ တစ်လုံးတစ်ပါဒမျှ မသိလိုက်ရဘူးတဲ့၊ ဒါကြောင့် သူ့မှာစိတ်လဲ မဆိုးရဘူး၊ ပြန်ပြီး ချေပပြောဆိုလိုတဲ့ စိတ်လဲ မဖြစ်ရဘူးတဲ့၊ အကယ်၍သာ အဲဒီအပြစ်ပြောတဲ့ စကားတွေကို မရှုမမှတ်ဘဲ နားထောင်နေရင် မခံချင်တဲ့စိတ်တွေဖြစ်ပြီး စိတ်ဆိုးလိမ့်မယ်၊ ပြန်လည်ချေပတဲ့အနေနဲ့ ရှုန့်ရင်းကြမ်းတမ်းတဲ့ စကားတွေကိုလဲ ပြောမိလိမ့်မယ်၊ အဲဒီတုန်းက သူ့မှာ ကြားတိုင်း ကြားတိုင်း မပြတ်ရှုမှတ်နေတဲ့အတွက် အမှတ်အသိကလဲ ကောင်းနေတဲ့အတွက် အဲဒီလို ဖြစ်ရမယ်ဟာတွေ မဖြစ်ရဘဲ ငြိမ်းသွားတယ်၊ ဒါဟာ ရှုမှတ်မှုဝိပဿနာဖြင့် ဖရှသဝါစာကိုပယ်တာ ငြိမ်းစေတာပါပဲ၊ ဒီပြင် ပုဂ္ဂိုလ်တွေလဲ ဒီလိုအရေးကြုံတဲ့အခါ ဒီနည်းအတိုင်း ရှုမှတ်ပြီးပယ်နိုင်ပါတယ်၊ အလွန်ကောင်းတဲ့ ပယ်ပုံပယ်နည်းပါပဲ၊ အဲဒီလို အနိဋ္ဌာရုံတွေ ပေါ်လာတဲ့အခါ မပြတ်ရှုမှတ်နေရင် ဖရှသဝါစာကို ပယ်နိုင်ရုံတွင်မကဘူး၊ မခံချင်တဲ့စိတ် ဒေါသစိတ်တွေကိုလဲ ပယ်နိုင်ပါတယ်၊ အလွန်ကျေးဇူးများပါတယ်၊ ဝိပဿနာဉာဏ်ရင့်လို့ အရိယမဂ်များ ရောက်သွားတဲ့အခါကျတော့ အဲဒီဖရှသဝါစာကို အမြစ်ပြတ်လုံးဝ ကင်းစေနိုင်ပါတယ်၊ ဒါပေမယ့် ပိသုဏာဝါစာနှင့် ဒီဖရှသဝါစာကတော့ ဒေါသနှင့်ယှဉ်ပြီးဖြစ်တဲ့ အကုသိုလ်ဖြစ်တဲ့အတွက် အနာဂါမိမဂ်ကျမှ အကုန်ကင်းစင်နိုင်တယ်၊ သောတာပတ္တိမဂ်ဖြင့်ဆိုရင် အပါယ်ကျစေနိုင်တဲ့ ပိသုဏာဝါစာ ဖရှသဝါစာကိုသာ ကင်းစေနိုင်တယ်၊ သကဒါဂါမိမဂ်ဖြင့်ဆိုရင် အပါယ်မကျစေနိုင်တဲ့ ပိသုဏာဝါစာ ဖရှသဝါစာထဲက ရှုန့်ရင်းကြမ်းတမ်းတဲ့ အကုသိုလ်ကိုသာ ကင်းစေနိုင်တယ်၊ သိမ်မွေ့တဲ့ ပိသုဏာဝါစာနှင့် ဖရှသဝါစာကိုတော့ မကင်းစေနိုင်သေးဘူး၊ အဲဒီလို သိမ်မွေ့တဲ့ ပိသုဏာဝါစာနှင့် ဖရှသဝါစာတွေကတော့ အနာဂါမိမဂ်ရောက်မှ လုံးဝအကုန်ကင်းပြတ်သွားကြတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ "ပိသုဏာဝါစာ ဖရှသဝါစာ ဗျာပါဒဟူသော အကုသိုလ် ကမ္မပထသုံးပါးတို့သည်၊ (တတိယဉာဏဝဇ္ဇာ) အနာဂါမိမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့ပေတည်း"လို့ မိန့်ဆိုထားပါတယ်၊ ဒါကြောင့် ခုတင်က ပြောခဲ့တဲ့ ပိသုဏာဝါစာနှင့် ယခုပြောနေဆဲ ဖရှသဝါစာဆိုတဲ့ အကုသိုလ်တွေကို လုံးဝပယ်နိုင်အောင် အဲဒီအနာဂါမိမဂ်အထိ အားထုတ်သွားဖို့ပါပဲ။

အပြစ်နှင့်အကျိုး

ဆဲရေးကျိန်ဆိုတဲ့ ဖရှသဝါစာကို ပြောဆိုရင် ဘယ်လို အပြစ်ရှိသလဲလို့ ဆိုတော့ အပါယ်ကျတတ်တဲ့အကြောင်း၊ လူ့ဘဝရောက်လာပြန်ရင်လဲ ဆဲရေးကြိမ်းမောင်းသံဆိုတဲ့ အသံဆိုးများကို များစွာကြားရတတ်ကြောင်းများကို အဂုံတ္တရပါဠိတော်မှာ ပြဆိုထားပါတယ်၊ အဲဒါကို ဘုန်းကြီးက "ဆဲဆိုပါယ်ကျ လူဖြစ်က ကြားရသံဆိုးများ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

"ဆဲဆိုပါယ်ကျ၊ လူဖြစ်က၊ ကြားရသံဆိုးများ။" (ဆို)

တချို့က "ငါ့ဥစ္စာ ခိုးတဲ့သူ ယူတဲ့သူဟာ သေခြင်းဆိုးနဲ့ သေပါစေ၊ ငရဲကျပါစေ" စသည်ဖြင့် သူတစ်ပါးကို ကျိန်ဆိုတတ်ကြတယ်၊ အိန္ဒိယကုလားရသေ့ ကုလားဘုန်းကြီးတွေမှာ ဒီလို ကျိန်ဆိုတတ်တဲ့ ဓလေ့ထုံးစံရှိတယ်၊ သူတို့အလှူခံတာကို မလှူရင်လဲ ကျိန်တတ်ကြတယ်၊ အကျိန်ခံရတဲ့သူမှာ အဲဒီလို ကျိန်တဲ့အတိုင်း ဘေးသင့်တတ်တယ်လို့လဲ အဲဒီမှာ လူတော်တော်များများက ယုံကြည်နေကြတယ်၊ ဒါကြောင့် အဲဒီလို ယုံကြည်တဲ့ သူတွေက အကျိန်ခံရမှာ အလွန်ကြောက်ကြတယ်၊ သူတို့ကြောက်ခြင်း၏ အကြောင်းရင်းကတော့ သူတို့အလေးပြုတဲ့ ပုရာဏ်ကျမ်းတွေထဲမှာ အဲဒီလို ရသေ့ကြီးတွေက ကျိန်ဆိုလို့ ကျိန်စာသင့်ပြီး ဒုက္ခရောက်ပုံတွေပြထားတာ တော်တော်များများ ရှိတယ်၊ အဲဒါတွေကို ကြားသိရတဲ့အတွက် ကြောက်ကြတာနဲ့ တူပါတယ်၊ ဗုဒ္ဓသာသနာဝင် ရဟန်းတော်များမှာတော့ အဲဒီလို သူတစ်ပါးကိုလဲ မကျိန်ရဘူး၊ မိမိကိုယ်ကိုလဲ မကျိန်ရဘူး၊ ဗုဒ္ဓတရားတော် အရအားဖြင့်ဆိုရင် အကုသိုလ်ကံကြောင့်သာ မကောင်းကျိုး ရောက်နိုင်တယ်၊ ကျိန်ဆိုမှု သက်သက်ကြောင့်တော့ မကောင်းကျိုး မရောက်နိုင်ပါဘူး၊ အမှန်ကတော့ သူတစ်ပါးကို မကောင်းကျိုးရောက်အောင် ကျိန်ဆိုရင် သူတစ်ပါးဆီ မရောက်ဘဲ ကိုယ့်ဆီကိုသာ ပြန်လာတတ်တယ်၊ အဲဒီလို ပြန်လာတတ်ပုံကို ပေတဝတ္ထု ပါဠိတော်မှာ ပြထားတာတွေရှိတယ်၊ ယခုကျိန်ဆိုမှု ဆဲရေးမှုကြောင့် ပြိတ္တာဖြစ်ရပုံကို အဲဒီပေတဝတ္ထု ပါဠိတော်မှ ထုတ်ပြီးအကျဉ်းချုပ် ပြဦးမယ်။

ကျိန်ဆဲလို့ ပြိတ္တာဖြစ်သည်

ဘုရားလက်ထက်တော်ကာလက ယက္ခန်းသည် အိမ်ထောင်စု ၁၁–အိမ်သာ ရှိတဲ့ တောရွာတစ်ခုမှာ ရဟန်းတော် ၁၂–ပါး ဝါကပ်သီတင်းသုံးနေကြတယ်၊ အကြီးအကဲ ယက္ခန်းသည်ကြီးက ရဟန်းတော် ၂–ပါးကို ပစ္စည်း ၄–ပါးဖြင့် လှူဒါန်းပြုစုတယ်၊ အခြား ၁၀–အိမ်က တစ်ပါးစီတာဝန်ယူပြီး လှူဒါန်းပြုစုကြတယ်၊ ယက္ခန်းသည်ကြီး၏ ဇနီးကတော့ မိစ္ဆာဒိဋ္ဌိအယူရှိတယ်၊ သဒ္ဓါတရားမရှိဘူး၊ ဒါကြောင့် တာဝန်ယူထားတဲ့ ရဟန်း ၂–ပါးကို ရိုရိုသေသေ ပြုစုမလုပ်ကျွေးဘူးတဲ့ အဲဒီလို ရိုရိုသေသေ မပြုစုတာကိုမြင်တော့ ယက္ခန်းသည်ကြီးက သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ အခြားအမျိုးသမီးကို လက်ထပ်ပြီး ပစ္စည်းဥစ္စာတွေကို အကုန်လွှဲအပ်ထားတယ်၊ အဲဒီဇနီးအငယ်ကတော့ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့အတွက် ရိုရိုသေသေ ပြုစုလုပ်ကျွေးတယ်၊ သူကလဲ တခြားကမဟုတ်ပါဘူး၊ ဇနီးအကြီးရဲ့ ညီမပါပဲတဲ့၊ ဝါကျွတ်တဲ့အခါကျတော့ ရဟန်းတော် တစ်ပါးတစ်ပါးအား သင်္ကန်းလျှာအဝတ်တစ်ထည်စီ လှူကြတယ်၊ အဲဒီမှာ ယက္ခန်းသည်ကြီး၏ ဇနီးအကြီးက သူ့ခင်ပွန်းကို စိတ်ဆိုးပြီးတော့ ဒီလို ကျိန်ဆဲလိုက်ပါသတဲ့။

> "သာကီဝင်နွယ် ရဟန်းများအား သင်လှူတဲ့ ထမင်းအဖျော်တွေဟာ နောင်ဘဝကျတော့ သင့်မှာ ကျင်ကြီးကျင်ငယ်တွေ ပြည်တွေသွေးတွေ ဖြစ်ပါစေ၊ လှူတဲ့အဝတ်တွေလဲ ရဲရဲတောက်သော သံပြားတွေ ဖြစ်ပါစေ"လို့ ကျိန်ဆိုလိုက်ပါသတဲ့။

အသက်တိုင်းနေပြီး သေကြတဲ့အခါ ယက္ခန်းသည်ကြီးဟာ ဝိဏ္ဍတောမှာ ရက္ခစိုးနတ်ကြီး ဖြစ်ပြီး နေပါသတဲ့၊ ကျိန်ဆဲတဲ့ သူ့ဇနီးကတော့ အဲဒီရက္ခစိုးနတ်ကြီးရဲ့ ဗိမာန်အနီးမှာပဲ ပြိတ္တာမကြီးဖြစ်နေရှာပါသတဲ့၊ အဲဒီပြိတ္တာမကြီးမှာ အဝတ်လဲမရှိရှာဘူး၊ ဒါကြောင့် သူက ရက္ခစိုးနတ်ကြီးထံလာပြီးတော့ "အရှင် ကျွန်မမှာ အဝတ်လဲမရှိဘူး၊ အလွန်ပဲ ဆာလောင်မွတ်သိပ်ပြီး ဒုက္ခရောက်နေပါတယ်၊ အဝတ်နဲ့ ထမင်းအဖျော်များကို ပေးကမ်း မစတော်မူပါ"လို့ တောင်းတယ်၊ ဒီတော့ ရက္ခစိုးနတ်ကြီးက သနားတာနဲ့ နတ်တို့အသုံးအဆောင်ဖြစ်တဲ့ ထမင်း အဖျော်တွေကို ပေးလိုက်တယ်၊ အဲဒီ ထမင်း အဖျော်တွေဟာ ပြိတ္တာမကြီး လက်ထဲရောက်တော့ ကျင်ကြီးကျင်ငယ်တွေ ပြည်တွေ သွေးတွေ ဖြစ်သွားသတဲ့၊ နတ်တို့အဝတ်ကို ပေးလိုက်ပြန်တော့လဲ အဲဒီ အဝတ်က ပြိတ္တာမကိုယ်မှာ ဝတ်ရုံလိုက်သည်နှင့် တပြိုင်နက် ရဲရဲတောက်တဲ့ သံပြားဖြစ်သွားသတဲ့၊ ဒီတော့ ပြိတ္တာမကြီးဟာ သံပြားအပူလောင်ပြီး ကြီးစွာသော ဆင်းရဲကို ခံစားရတဲ့အတွက် အဲဒီသံပြားအဝတ်ကို စွန့်ပစ် ငိုယိုမြည်တမ်း ပြေးရှာသတဲ့၊ အဲဒါဟာ သူ့ကျိန်စာနဲ့ သူ့ပြန်ထိတာပါပဲ။

ဒါပေမယ့် နောင်အချိန်ကျတော့ ရဟန်းတစ်ပါးက အဲဒီတောအရပ်ကို ရောက်လာလို့ အဲဒီဖြစ်ပုံတွေကို တွေ့မြင်ရပြီးတဲ့အခါ အဲဒီရဟန်းရဲ့ ညွှန်ကြားချက်အရ ရက္ခစိုးနတ်မင်းကြီးက အဲဒီရဟန်းအား နတ်တို့၏ မွန်မြတ်သော ထမင်းအဖျော်တွေကိုလှူပြီး အဲဒီပြိတ္တာမကြီးအား အမျှပေးဝေတယ်၊အဲဒီအခါ ပြိတ္တာမကြီးဟာ နတ်တို့၏အစာကိုစားပြီး နတ်သမီးလိုပင် ပြည့်ဖြိုးပြည့်စုံသွားပါသတဲ့၊ နောက်ပြီးတော့ နတ်အဝတ်တစ်စုံကိုလဲ မြတ်စွာဘုရားအား လှူဖို့ အဲဒီရဟန်းထံမှာ အပ်ပြီးတော့ ပြိတ္တာမကြီးအား အမျှပေးဝေပြန်တယ်၊ အဲဒီအခါမှာ ပြိတ္တာမကြီးဟာ နတ်တို့၏ အဝတ်တန်ဆာများကို ဝတ်ဆင်ရပြီး နတ်သမီးတမျှ လှပတင့်တယ်သွားတယ်လို့ ဆိုလိုပါတယ်၊ ဒီလိုဆိုတော့ ကျိန်စာသင့်လို့ ဒုက္ခရောက်နေရပေမယ့် ကုသိုလ်နဲ့ ကုစားနိုင်တဲ့ အတွက် တော်သေးရဲ့လို့ ဆိုရမှာပဲ။

ဆဲရေးလို့လဲ ပြိတ္တာဖြစ်တတ်တယ်

မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိမြို့အနီးက ရွာငယ်တစ်ခုမှာ နန္ဒိသေနဆိုတဲ့ ဥပါသကာတစ်ယောက် ရှိတယ်၊ သဒ္ဓါတရားနဲ့ ပြည့်စုံတယ်၊ သူ့ဇနီးကတော့ နန္ဒာတဲ့၊ သဒ္ဓါတရားမရှိဘူး၊ ကြမ်းတမ်းတယ် ခင်ပွန်းလင်ကိုလဲ မရိုသေဘူး၊ ဆဲရေးတတ်တယ်၊ ယောဂ္ဂမမိခင်ကိုလဲ သူခိုးမလို့ဆဲဆိုတယ်၊ အဲဒီနန္ဒာဟာ သေတဲ့အခါ ပြိတ္တာမကြီးဖြစ်ပြီး အဲဒီရွာအနီးမှာပဲ သွားလာကျက်စားနေတယ်၊ တစ်နေ့သောအခါ နန္ဒိသေနဥပါသကာကြီးက ရွာအပြင်ထွက်ခိုက်မှာ သူက ကိုယ်ထင်ပြတယ်၊ ဒီတော့ နန္ဒိသေနက "ဟဲ့ အသားအရောင်ကလဲ နက်ပါဘိနဲ့ အရုပ်ဆိုးလှပါကလား၊ နင်ဟာ လူတော့ ဟုတ်ဟန်မတူဘူး၊ ဘာလဲ ဘယ်လိုမကောင်းမှုကြောင့် ဒီလို ဖြစ်နေရသလဲ"လို့ မေးတယ်၊ ဒီတော့ ပြိတ္တာမကြီးက သင်၏ဇနီး နန္ဒာပါပဲလို့ ပြောပြီးတော့–

အဟံ–ကျွန်ုပ်သည်၊ စဏ္ဍီစ–အပြုအမူ ကြမ်းတမ်းသည်လည်းကောင်း၊ ဖရုသာစ–အပြောအဆို ကြမ်းတမ်းသည်လည်းကောင်း၊ အာသိ–ဖြစ်ခဲ့ပါသည်၊ တယိပိ–ခင်ပွန်းဖြစ်သော သင့်အပေါ်၌လည်း၊ အဂါရဝါ–ရိုသေခြင်းမရှိသည်၊ အာသိ–ဖြစ်ခဲ့ပါသည်၊ တံ–ခင်ပွန်းဖြစ်သော သင့်ကို၊ ဒုရတ္တံဝတ္တာန–ဆဲရေးပြောဆိုသောကြောင့်၊ ပေတလောကံဂတာ–ပြိတ္တာလောကသို့ ရောက်နေရပါတယ်–လို့ ပြောကြားတယ်။

အဲဒါဟာ သီတင်းသီလနဲ့ ပြည့်စုံတဲ့လင်ကို ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုခဲ့လို့ ပြိတ္တာဖြစ်ရတာလဲ၊ အဲဒီလို ပြောမှား ဆိုမှားရှိခဲ့လို့ အပြစ်မှလွတ်မြောက်ချင်ရင် ကန်တော့တောင်းပန်ရတယ်၊ ကန်တော့တောင်းပန်လိုက်ရင် အဲဒီလို မကောင်းကျိုး တွေမှ လွတ်မြောက်နိုင်ပါတယ်၊ နန္ဒဆိုတဲ့ မိန်းမကြီးကတော့ တောင်းပန်ရမှန်းလဲ သိဟန်မတူပါဘူး၊ တောင်းပန်းခြင်းလဲ ရှိဟန်မတူပါဘူး၊ ဒါကြောင့် သူဟာ ပြိတ္တာမကြီး ဖြစ်နေရတယ်၊ အဲဒီအကြောင်းကို သိရတော့ နန္ဒိသေန ဥပါသကာကြီးက သူ့ကိုယ်ရုံအဝတ်ကို လှမ်းပေးလိုက်တယ်၊ အဲဒါကို ဝတ်ပြီး "အိမ်လိုက်ခဲ့၊ အိမ်ကျတော့ အဝတ်ရော စားသောက်စရာရော ရမယ်"လို့လဲ ပြောတယ်။

အဲဒီအခါ ပြိတ္တာမကြီးက ဒီလို အဝတ်အစားကို လက်ဆင့်ကမ်းပေးလို့ မရနိုင်ဘူး၊ သီလနှင့် ပြည့်စုံတဲ့ ရဟန်းများကို လူပြီး အမျှဝေမှ ရနိုင်တယ်–လို့ ပြောတယ်၊ အဲဒီလို ပြောတဲ့အတိုင်းပဲ နန္ဒိသေန ဥပါသကာကြီးက သီလနှင့်ပြည့်စုံတဲ့ ရဟန်း များကို ဆွမ်း ခဲဖွယ် အဝတ်အထည် စသည်တို့ကို လူပြီး အဲဒီ ပြိတ္တာမကြီးအား ရည်စူးအမျှပေးဝေတယ်၊ အမျှပေးဝေလို့ သာဓုခေါ်လိုက်သည်နှင့် တပြိုင်နက် နတ်ပြည်လောကဌ်ဖြစ်သော စားဖွယ် သောက်ဖွယ် ဝတ်ဖွယ်စသည်တွေကိုရပြီး နတ် သမီးလိုပင် လှပတင့်တယ် သွားပါသတဲ့၊ ဒီပြိတ္တာမကြီးမှာလဲ ကုသိုလ်နဲ့ ပြုပြင်လို့ရတဲ့အတွက် တော်ပါသေးရဲ့။

ယခု ပြောခဲ့တာတွေဟာ ဆဲဆိုမှု ဖရသဝါစာကြောင့် အပါယ်ကျတတ်ပုံ သာဓကတွေပါပဲ၊ ဒါကြောင့် "ဆဲဆိုပါယ်ကျ လူဖြစ်က ကြားရသံဆိုးများ"လို့ ဆောင်ပုဒ်က ဆိုထားပါတယ်၊ အဲဒီဖရသဝါစာမှ ကြဉ်ရှောင်ပြီး ချိုသာတဲ့စကားကို ပြောခြင်း ၏အကျိုးကိုတော့ အဲဒီအကုသိုလ်၏အကျိုးမှ ပြန်လှန်ပြီးယူရုံပါပဲ၊ သူများက ဆဲဆိုပေမယ့် မိမိက ပြန်လှန်ဆဲဆိုချေပခြင်း မပြုဘဲ၊ သည်းခံပြီး ချိုချိုသာသာစကားကိုသာပြောရင် နတ်ပြည်ရောက်တတ်တယ်၊ ဝိမာနဝတ္ထုတွေထဲမှာ ဒီလို အကျိုးပေးပုံ တွေရှိပါတယ်၊ လူ့ဘဝပြန်ရောက်ရင်လဲ သူတစ်ပါးက ချိုချိုသာသာနဲ့ နားဝင်ချိုတဲ့ စကားကိုသာ ပြောကြတယ်၊ အသံဆိုးကို မကြားရဘူး၊ အသံကောင်းကိုသာ ကြားရတယ်လို့ ဒီလို ပြန်လှန်ပြီး ယူရုံပါပဲ၊ ဖရသဝါစာကို ကြဉ်ရှောင်ပြီး ချိုချိုသာသာ ပြောဆိုခြင်းကြောင့် ရတဲ့ကောင်းကျိုးကတော့ နောင်ဘဝကျမှသာ မဟုတ်ဘူး၊ ယခုဘဝတွင်လဲ ထင်ရှားပါတယ်၊ ချိုချိုသာ သာ ပြောတတ်တဲ့လူကို သက်ဆိုင်ရာလူအားလုံးက ချစ်ခင်ကြည်ညိုကြတယ်၊ အလေးအမြတ် ပြုကြတယ်၊ မိတ်ဆွေတွေနဲ့ ကွဲပြားခြင်းမရှိဘူး၊ ဒါကြောင့် ချိုချိုသာသာပြောတတ်အောင် အထူးသဖြင့်ကို လေ့လာကျင့်သုံးသင့်ပါတယ်၊ စိတ်ဆိုးနေတဲ့ အခါ ပြောစရာရှိပေမယ့် မပြောနဲ့အုံး၊ စိတ်ဆိုးနေတာကို ပြေပျောက်သွားအောင် ရှုမှတ်ပြီး ပယ်လိုက်ပါအုံး၊ အဲဒီစိတ်ဆိုးပြေ သွားတဲ့အခါကျမှ ချိုချိုသာသာပြောပါ၊ ဒီအတိုင်းကျင့်နေရင် မျက်မှောက်မှာလဲ ကောင်းကျိုးတွေကို ရပါလိမ့်မယ်၊ ဖရသ ဝါစာ အကြောင်းကတော့ ပြည့်စုံလုပါပြီ၊ သမ္ဘပွလာပကို ပြောကြစို့။

သမ္ဘပွလာပ

ပရေသမ္ဘပွလာပိ ဘဝိသန္တိ၊ မယမေတ္တ သမ္ဘပွလာပါ ပဋ္ဌိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ–တစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ သမ္ဘပွလာပိ–အနှစ်မဲ့သော မဟုတ်တမ်း စကားကို ပြောဆိုလေ့ရှိကုန်သည်၊ ဘဝိသန္တိ–ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ–ဤအရာ၌ မယံ–ငါတို့သည်၊ သမ္ဘပွလာပါ–အနှစ်မဲ့စကားကို ပြောဆိုခြင်းမှ၊ ပဋ္ဌိဝိရတာ–ကြဉ်ရှောင်ကြကုန်သည်၊ ဘဝိဿမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့ သလ္လေခေါ–ကိလေသာခေါင်းပါးစေသော အကျင့်ကို၊ ကရဏီ ယော–ပြုကျင့်အပ်၏။

သမ္ဘပွလာပဆိုတာ အဘူတ–တကယ်ဖြစ်ဖူးတဲ့ အကြောင်းအရာ မဟုတ်တဲ့ ဒဏ္ဍာရီစကား၊ အနတ္ထ–အကျိုးစီးပွားနှင့် မစပ်ဆိုင်တဲ့စကား၊ အဓမ္မ–တရားနှင့် မစပ်ဆိုင်တဲ့စကား၊ အဝိနယ–အဆုံးအမနှင့် မစပ်ဆိုင်တဲ့စကား၊ အနိဓာနဝါဒီ–စိတ် နှလုံးထဲ၌ မှတ်စွဲသိမ်းပိုက်ထားရန် မသင့်တဲ့စကား၊ ဒီလိုစကားမျိုးပါပဲ၊ လိုရင်းကတော့ တကယ်မဟုတ်တဲ့ အကြောင်းအရာ တွေကို ဟုတ်သလိုလို လုပ်ပြီးပြောတဲ့ ဒဏ္ဍာရီစကားမျိုးပါပဲ၊ သို့သော်လဲ လောကမှာ လူတွေက အဲဒီလို မဟုတ်တမ်းစကား တွေကို အကြိုက်များနေကြတယ်၊ စာရေးဆရာတွေက စိတ်ကူးကောင်းကောင်းနဲ့ ဇာတ်လမ်းဝတ္ထုတွေကို ရေးထုတ်ကြတယ်၊ အဲဒီလို ဝတ္ထုစာအုပ်တွေကို လူတွေက အကြိုက်များကြတယ်၊ ထုတ်ဝေလိုက်တယ်ဆိုတာနဲ့ တစ်လအတွင်းလောက်မှာပဲ အဲဒီလို စာအုပ်တွေဟာ ကုန်သွားတတ်တယ်၊ ရောင်းလို့ကို လက်မလည်နိုင်ဘူး၊ ဘုန်းကြီးတို့ တရားဘက်က စာအုပ်တွေကျတော့ တော်တော်နဲ့ မကုန်နိုင်ဘူး၊ လူကြိုက်နည်းတယ်၊ အဲဒါဘာကြောင့်လဲဆိုရင် တရားစာအုပ်တွေက သမ္ဘပွလာပ စာအုပ်တွေလို ဆွဲဆောင်နိုင်စွမ်း မရှိတဲ့အတွက်ကြောင့်လို့ ဆိုရမှာပဲ၊ အဲဒီ သမ္ဘပွလာပစာအုပ်တွေက ဆွဲဆောင်နိုင်တာဟာလဲ လူတွေရဲ့ အကြိုက်ကို လိုက်ပြီးတော့ ပျော်ရွှင်ခန်း လွမ်းခန်း ဆွေးခန်း စသည်တွေကို တကယ်ရှိတာ မဟုတ်ဘဲနဲ့ အမျိုးမျိုး အထွေထွေ တန်ဆာဆင်ပြီး ဖော်ပြထားတဲ့ အတွက်ကြောင့်ပါပဲ၊ အဲဒီလို အနှစ်မဲ့ သမ္ဘပွလာပစကားတွေကို သူများတွေက ပြောဆိုကြ ရေးသားကြ ဖြန့်ဖြူးကြမည်နေရာမှာ ငါတို့ကတော့ အဲဒါမျိုးတွေကို မပြောဆိုဘူး မရေးသားဘူး၊ မဖြန့်ဖြူးဘူးလို့ နှလုံးသွင်း ဆောက်တည်ပြီး သလ္လေခအကျင့်ကို ကျင့်ရမယ်။

အဲဒီလို ကျင့်တဲ့သူဟာ ဘူတဝါဒီ–တကယ်ဖြစ်ဖူးတဲ့ အကြောင်းအရာမျိုးကိုသာ ပြောတတ်သူ ဖြစ်ရမယ်၊ အတ္ထဝါဒီ–အကျိုးစီးပွားနှင့်စပ်တဲ့စကားကိုသာ ပြောတတ်သူဖြစ်ရမယ်၊ ဓမ္မဝါဒီ–တရားစကားကိုသာ ပြောတတ်သူဖြစ်ရမယ်၊ ဝိနယဝါဒီ–အဆုံးအမစကားကိုသာ ပြောတတ်သူဖြစ်ရမယ်၊ နိဓာနဝါဒီ–စိတ်နှလုံးထဲ၌ မှတ်စွဲသိမ်းပိုက်ထားသင့်သော စကားကိုသာ ပြောတတ်သူဖြစ်ရမယ်၊ ဒီလိုစကားကောင်းကို ပြောပေမယ့် အချိန်အခါ မဟုတ်ရာမှာတော့ မပြောရဘူး၊ အတိုင်းအရှည်မရှိဘဲ အလွန်အကျွံတော့ မပြောရဘူး၊ ပြောသင့်တဲ့ အချိန်အခါမှသာ တော်သင့်ရုံလောက်သာ ချင့်ချိန်ပြီးပြောရမယ်၊ ဒါကြောင့် တရားစကားပေမယ့် အခြေအနေကြည့်ပြီး ပြောရတယ်၊ တရားမနာချင်တဲ့လူကို ခဏခဏ သွားပြီးဟောနေရင် အဲဒီလူက တရားကို ကြောက်သွားတတ်တယ်၊ တရားအားမထုတ်ချင်တဲ့လူကို ခဏခဏ တိုက်တွန်းရင်လဲ အဲဒီလူက အတွေ့မခံချင်ဘဲ ဖြစ်နေတတ်တယ်၊ ဒါကြောင့် အဲဒီလူက တရားကို ကြောက်သွားတတ်တယ်၊ တရားအားမထုတ်ချင်တဲ့ လူကို ခဏခဏ တိုက်တွန်းရင်လဲ အဲဒီလူက အတွေ့မခံချင်ဘဲ ဖြစ်နေတတ်တယ်၊ ဒါကြောင့် အဲဒီလို လူရဲ့အခြေအနေကိုကြည့်ပြီး သင့်လျော်တဲ့ အချိန်အခါမှာ နည်းနည်းချင်းပြောရ တိုက်တွန်းရတယ်၊ သို့ပေမယ့် အလွန်ရင်းနှီးတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ ဃဋ္ဌိကာရထုံးကို နှလုံးသွင်းပြီး သင့်လျော်တဲ့ အချိန်အခါမှာ အတင်းလဲ တိုက်တွန်းသင့်ပါတယ်။

ဃဋ္ဌိကာရ–ထုံး

ကဿပမြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက ဝေဠုဒ်ခေါ်တဲ့ နိဂုံးရွာကြီးမှာ ဃဋ္ဌိကာရဆိုတဲ့ အိုးလုပ်သမား အနာဂါမ် ဥပါသကာတစ်ယောက်ရှိတယ်၊ တစ်နေ့သောအခါမှာ သူက မိတ်ဆွေရင်းဖြစ်တဲ့ ဇောတိပါလကို ကဿပ မြတ်စွာဘုရားအား အဖူးအမြော်သွားရန် သုံးကြိမ်တိုင်တိုင် တိုက်တွန်းတယ်၊ ဇောတိပါလကလဲ "ဦးပြည်ရဟန်းကို ဖူးမြော်လို့ ဘာမျှ အကျိုးမရှိပါဘူး၊ မသွားလိုပါဘူး" လို့ချည်း သုံးကြိမ်တိုင်တိုင် ရင့်ရင့်သီးသီး ငြင်းပယ်တယ်၊ ဇောတိပါလဆိုတာ သာမန် ပုဂ္ဂိုလ်မဟုတ်ဘူး၊ ဂေါတမမြတ်စွာဘုရား၏ အလောင်းလျှာပါပဲ၊ ဒါပေမယ့် အဲဒီဘဝတုန်းက ပုဏ္ဏားမျိုးဖြစ်နေတဲ့အတွက် ဗြာဟ္မဏဝါဒအစွဲကြောင့် ကဿပမြတ်စွာဘုရားကို သူကအထင်းသေးပြီး အဲဒီလို မရှိမသေ ပြောဆိုငြင်းပယ်နေတယ်၊ မိဘ ရိုးရာအစွဲအလမ်းများဟာ သိပ်ကြောက်စရာကောင်းတာပဲ၊ အဲဒီတော့ ဃဋ္ဌိကာရဆိုတဲ့ အိုးလုပ်သမားက ဇောတိပါလကို မြစ်ဆိပ်သွားပြီး ရေချိုးဖို့ခေါ်တယ်၊ ကဿပမြတ်စွာဘုရား သီတင်းသုံးရာကျောင်းနဲ့ နီးတဲ့နေရာရောက်အောင်လို့ ပရိယာယ်ဖြင့် ဖြားယောင်းပြီး ခေါ်တာပါပဲ၊ အဲဒီလို ရေချိုးဖို့ဆိုတော့ ဇောတိပါလက လွယ်လွယ်ကူကူနဲ့ပဲ လိုက်လာတယ်၊ အဲဒီမြစ်ဆိပ်မှာ ရေချိုးပြီးလို့ ခါးဝတ်ကိုဝတ်ပြီး ဆံပင်များရေခြောက်အောင် ခေတ္တရပ်နေတဲ့အခါ ဇောတိပါလကို ဃဋ္ဌိကာရ က, ကဿပ မြတ်စွာဘုရား၏ ကျောင်းတော်ဟာ အနီးတွင် ရှိတဲ့အကြောင်းပြောပြီး ဘုရားဖူးရန် သုံးကြိမ်တိုင်တိုင် တိုက်တွန်းပြန်တယ်၊ ဇောတိပါလကလဲ သုံးကြိမ်တိုင်တိုင် ရှေးနည်းအတိုင်းပင် ငြင်းပယ်နေတယ်၊ ဒီတော့ ဃဋ္ဌိကာရ က ဇောတိပါလ၏ ခါးပုံကို ဆွဲကိုင်ပြီး ဘုရားထံသွားဖို့ တိုက်တွန်းပြန်တယ်၊ ဇောတိပါလက ခါးပုံစကိုလွှတ်စေပြီး ငြင်းပယ်ပြန်တယ်၊ ဒီတော့ ဃဋ္ဌိကာရ က ဆံပင်ကိုကိုင်ပြီး တိုက်တွန်းပြန်တယ်၊ အဲဒီအခါ ဇောတိပါလမှာ အံ့အားသင့်သွားတယ်၊ ဃဋ္ဌိကာရက အိုးလုပ်သမား ဇာတ်နိမ့်သူပဲ၊ ဇာတ်မြင့် သူငါ၏ ဆံပင်ကိုတောင်ဆွဲကိုင်ပြီး တိုက်တွန်းတာဟာ သိပ်အံ့သြစရာ ကောင်းတာပဲ၊ ဃဋ္ဌိကာရက ငါ့ဆံပင်ကို ကိုင်ဝံ့တာဟာ သူ့ဆရာဘုရားကို အားကိုးပြီး ကိုင်ဝံ့တာ ဖြစ်ပေလိမ့်မယ်လို့ အံ့အားသင့်ပြီး ကြံ့မိတယ်၊ "အဆွေ ဃဋ္ဌိကာရ၊ ဆံပင်ကို ဆွဲကိုင်ရသည်တိုင်အောင်တောင်ဆိုတော့ အရေးကြီးလှပါကလား" လို့လဲပြောတယ်၊ ဃဋ္ဌိကာရကလဲ အဆွေဇောတိပါလ၊ ဆံပင်ကို ဆွဲကိုင်ရသည့်တိုင်အောင်ပဲ အရေးကြီးပါတယ်–လို့ပြောပြီး ဘုရားထံသွားဖို့ တိုက်တွန်းပြန်ပါတယ်၊ အဲဒီတော့ ဇောတိပါလက "ဃဋ္ဌိကာရဟာ ပထမက နှုတ်သက်သက်နဲ့ တိုက်တွန်းတယ်၊ အဲဒီကနောက် ခါးပုံဆွဲကိုင်ပြီး တိုက်တွန်းတယ်၊ နောက်ဆုံးမှာ ဆံပင်ကိုဆွဲကိုင်ပြီး တိုက်တွန်းပြန်တယ်၊ ဒီတော့ ဒီကိစ္စဟာ ယုတ်ညံ့သေးနုပ်တဲ့ကိစ္စ မဟုတ်ပေဘူး"လို့ စဉ်းစားပြီးတော့ ဃဋ္ဌိကာရ၏ တိုက်တွန်းချက်ကို လက်ခံလိုက်ပါတယ်၊ လက်ခံပြီးတော့ ဃဋ္ဌိကာရနှင့်အတူ ကဿပဘုရားထံ လိုက်သွားတဲ့အခါ မြတ်စွာဘုရား၏ တရားကိုနာရတော့ ဗုဒ္ဓသာသနာတော်မှာ ကြည်ညိုပြီး ရဟန်းပြုသွားပါတယ်။

အဲဒီမှာ ဃဋ္ဌိကာရက ဇာတ်နိမ့်အမျိုးညံ့ထဲက ဖြစ်ပြီး ဇောတိပါလက ဇာတ်မြင့် ဗြာဟ္မဏအမျိုး ဖြစ်ပေမယ့် အကျိုးများမည့်အမှု ဖြစ်တဲ့အတွက် နှုတ်နဲ့ တိုက်တွန်းလို့မရတဲ့အခါ ခါးပုံကို ဆွဲကိုင်ပြီးတော့လဲ တိုက်တွန်းတယ်၊ ဇာတ်မြင့်တွေက မထိကောင်းဘူးလို့ စွဲလမ်းထားတဲ့ အမျိုးညံ့ထဲကဖြစ်ပါလျက်နဲ့ ဆံပင်ကို ဆွဲကိုင်သည်အထိ တိုးတက်ပြီးတော့ တိုက်တွန်းပါတယ်၊ အဲဒါတွေဟာ ဃဋ္ဌိကာရ၏ တိုက်တွန်းတဲ့ထုံးပါပဲ၊ အဲဒီလို တိုက်တွန်းတဲ့အတွက် ဇောတိပါလဟာ မြတ်စွာဘုရား၏ တရားကိုနာရပြီး အတိုင်းမသိ အကျိုးများသွားတယ်၊ အဲဒီအခါကျတော့ ဇောတိပါလက ဃဋ္ဌိကာရကို အများကြီး ကျေးဇူးတင်တယ်၊ အဲဒီလိုပါပဲ ယခုအခါလဲ တချို့ယောဂီတွေက မိတ်ဆွေဖြစ်သူကို အတင်းအကျပ်တိုက်တွန်းကြတယ်၊ အဲဒီလို တိုက်တွန်းတဲ့အတွက် မိတ်ဆွေဖြစ်သူက စိတ်မပါပေမယ့် အားနာတာနဲ့ ဘုန်းကြီးတို့၏ ရိပ်သာတွေမှာ လာပြီးအားထုတ်တယ်၊ အားထုတ်တဲ့အခါ သူ့ပါရမီအားလျော်စွာ တရားအရသာကို တွေ့ရတော့ တိုက်တွန်းတဲ့သူကို အများကြီး ကျေးဇူးတင်တယ်၊ ဒီလိုပုဂ္ဂိုလ်တွေ များလှပါပြီ၊ အဲဒါဟာ ဃဋ္ဌိကာရထုံးနှင့်အညီ အတင်းအကျပ် တိုက်တွန်းလို့ ကျေးဇူးများသွားကြပုံပါပဲ၊ ဒါကြောင့် တရားတော်ကို ဧဟိပဿိက–ဂုဏ်နှင့် ပြည့်စုံတယ်လို့ ချီးကျူးရပေတာပဲ၊ မြတ်စွာဘုရား၏ တရားတော်ဟာ ဧဟိပဿ–လာပါ ကြည့်လှည့်ပါ–လာကြည့်စမ်းပါလို့ ဖိတ်ခေါ် တိုက်တွန်းထိုက်တဲ့ တရားပါ–တဲ့၊ အရသာကောင်းကို

ဖိတ်ခေါ်ပြီး ကျွေးသင့်သလိုပါပဲ၊ အရသာကောင်းများကို ဖိတ်ခေါ်ပြီးကျွေးရင် စားရတဲ့သူက ကျေးဇူးတင်တယ်၊ ဒါလိုပဲ မြတ်စွာဘုရား၏ တရားတော်ကိုကျင့်ဖို့ တိုက်တွန်းရင် လက်ခံပြီးကျင့်တဲ့လူက တရားအရသာကိုတွေ့ရတော့ အများကြီး ကျေးဇူးတင်တယ်၊ ဒါကြောင့် ခင်မင်ရင်းနှီးတဲ့ သူများကိုတော့ သင့်လျော်တဲ့ အချိန်အခါမှာ ဃဋ္ဌိကာရထုံးကို နှလုံးသွင်းပြီး သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို အားထုတ်ဖို့ အတင်းအကျပ်ပဲ တိုက်တွန်းရမယ်။

ယခုပြောခဲ့တဲ့ ပြောသင့်တဲ့ စကားကောင်းတွေထဲမှာ အတ္ထ-အကျိုးစီးပွားနှင့် စပ်တဲ့စကား၊ ဝိနယ-အဆုံးအမစကား ဆိုတာတွေကတော့ လောကရေးရာ အကျိုးစီးပွား အဆုံးအမတွေနဲ့လဲ ဆိုင်ပါတယ်၊ ဒါကြောင့် လောကဘက်က အကျိုးဖြစ်ထွန်းစေမည့်စကား လောကရေးရာ အဆုံးအမစကား ဒီလိုစကားကောင်းတွေကိုလဲ ပြောသင့်ပါတယ်၊ ဒါပေမယ့် ရဟန်းများမှာတော့ ဝိနည်းသိက္ခာပုဒ်နဲ့ မလွတ်တဲ့စကားကိုတော့ ကြဉ်ရှောင်ရတယ်၊ ၃၂-ပါးသော တိရစ္ဆာနကထာဆိုတဲ့ စကားတွေကိုလဲ ကြဉ်ရှောင်သင့်တယ်၊ လူဝတ်ကြောင်များမှာလဲ တရားအားထုတ်နေဆဲမှာတော့ အဲဒီစကားမျိုးတွေကို ကြဉ်ရှောင်သင့်တာပဲ၊ တိရစ္ဆာနကထာ-ဆိုတာ မဂ်ဖိုလ်နှင့်ဖီလာဖြစ်တဲ့စကားလို့ ဆိုလိုပါတယ်၊ ဘယ်လိုဟာတွေလဲဆိုရင် (ရာဇကထာ) မင်းနှင့်စပ်တဲ့စကား၊ (စောရကထာ) သူခိုးဓားမြသူပုန်နှင့် စပ်တဲ့စကား၊ (မဟာမတ္တကထာ) အမတ်ကြီး ဝန်ကြီးနှင့်စပ်တဲ့စကား၊ (သေနာကထာ) စစ်တပ်နှင့်စပ်တဲ့စကား၊ ထမင်းစကား၊ အဖျော်စကား၊ အဝတ်အထည်စကား၊ ဆွေမျိုးစကား၊ ယဉ်စကား၊ ရွာစကား မြို့စကား မိန်းမအကြောင်း ယောကျ်ားအကြောင်း စကားအစရှိတဲ့ ဒီလိုလောကရေးရာ စကားတွေပါပဲ၊ အဲဒီလို စကားတွေဟာ သံဝေဂ-ထိတ်လန့်ခြင်း၊ နိဗ္ဗိန္ဒ-ငြီးငွေ့ခြင်းများနှင့်မစပ်ရင် သဒ္ဓါတရား သူတော်ကောင်း တရားနှင့်မစပ်ရင် သမ္မပ္ပလာပထဲမှာ ပါဝင်တယ်၊ ဒါကြောင့် အဲဒီလို စကားတွေကိုလဲ ကြဉ်ရှောင်သင့်ပါတယ်။

အပြစ်နှင့်အကျိုး

သမ္မပ္ပလာပကိုပြောရင် ဘယ်လိုအပြစ်ရှိသလဲလို့ဆိုတော့ ဒီအမေးကို အဂုံတ္တရပါဠိတော်မှာ ဖြေထားပြီးသားရှိပါတယ်၊ ပါဠိအသွားကတော့ အဒိန္နာဒါန်အရာမှာ ထုတ်ပြခဲ့တာမျိုးပါပဲ၊ သမ္မပ္ပလာပကို ပြောတဲ့သူဟာ အပါယ်လေးပါးကျတတ်တယ်၊ လူဖြစ်လာတဲ့အခါမှာလဲ သူ့စကားကို လူအများက မနာယူဘဲ ရှိတတ်တယ်၊ အဲဒါကို ဘုန်းကြီးက "နှစ်မဲ့ပြောမှာ ပါယ်လားကာ မနာသူ့စကားလို့" ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

"နှစ်မဲ့ပြောမှာ၊ ပါယ်လားကာ၊ မနာ သူစကား။" (ဆို)

အဲဒီလို အပါယ်ကျလောက်အောင် အပြစ်ကြီးတဲ့ သမ္မပ္ပလာကတော့ ဘာရတမင်းတို့၏ စစ်တိုက်ပုံကို ပြဆိုတဲ့ မဟာဘာရတ ကျမ်းလာစကား (ဒသဂီရိခေါ်တဲ့) ရာဝဏာဘီလူးက သီတာဒေဝီကို ခိုးယူသွားပုံစသည်ကိုပြတဲ့ ရာမာယနကျမ်းလာစကား၊ အဲဒီလိုဟာတွေကို အလေးအမြတ်ပြုပြီး ပြောတဲ့စကားကိုသာ ယူသင့်တယ်၊ ဘာကြောင့်လဲဆိုရင် အဌကထာမှာ အဲဒီလို စကားတွေကိုသာ ယူသင့်တယ်၊ ဘာကြောင့် လဲဆိုရင် အဌကထာမှာ အဲဒီလို စကားတွေကိုသာ သမ္မပ္ပလာပလို့ ပြထားတဲ့အတွက်ကြောင့်ပါပဲ၊ မဟာဘာရတကျမ်းမှာ ပြထားပုံ အကျဉ်းချုပ်ကတော့-

ယမုနာမြစ်ကမ်း၌ တံငါမျိုးမင်း၏ သမီးသစ္စဝတီသည် ပရာသရခေါ် ရသေ့ကြီးနှင့် ဖက်စပ်၍ သားတစ်ယောက်ကို ကျွန်းငယ်တစ်ခု၌ ဖွားသည်၊ ထို့ကြောင့် ၎င်းသားကို ဒေပါယန (ကျွန်း၌ဖွားသူ) ဟုခေါ်သည်၊ ထိုသားကို မွေးပြီးသောအခါ သစ္စဝတီသည် ရသေ့ကြီး၏ တန်ခိုးကြောင့် အပျိုစင်ပြန်ဖြစ်သွားသည်၊ ဒေပါယနလည်း နောက်ကာလ၌ ရသေ့ပြုသွားသည်၊ သူ့ကို ဗျာသဟုလည်း ခေါ်သည်၊ မိခင်က တမ်းတလိုက်သောအခါ လာမည်ဟူ၍လည်း ကတိပေးသွားသည်၊ နောက်ကာလ၌ ကုရုတိုင်း၏ဘုရင် သန္တနုမင်းက သစ္စဝတီကို မိဖုရားအဖြစ် တင်မြှောက်သည်၊ သား ၂-ယောက်ရသည်၊ သားကြီးကို စိတြင်ဒဟု၊ သားငယ်ကို စိတြဝီရိယဟု ခေါ်သည်၊ သန္တနုမင်း ကွယ်လွန်ပြီးနောက် စိတြင်ဒလည်း ကွယ်လွန်သွားသည်၊ စိတြဝီရိယ မင်းဖြစ်သည်၊ ၎င်းလည်း ငယ်စဉ်မှာပင် ကွယ်လွန်သွားသည်၊ သားသမီးမရှိ မိဖုရား ၂-ယောက် ကျန်ရစ်သည်၊ ထိုအခါ သစ္စဝတီက မင်းမျိုးအဆက်မပြတ်စေရန် သားကြီး ဗျာသရသေ့ကိုခေါ်၍ ချွေးမများနှင့် ဆက်ဆံစေသည်၊ ဗျာသရသေ့သည် အလွန်အရုပ်ဆိုးသောကြောင့် မိဖုရားအကြီးထံသို့ ချဉ်းကပ်သောအခါ မကြည့်နိုင်၍ ထိုမိဖုရားက မျက်စိမှိတ်နေသည်၊ ထိုသို့ မျက်စိမှိတ်နေသည်၊ ထိုသို့မျက်စိမှိတ်နေသောကြောင့် မျက်မမြင်သားကို မွေးဖွားသည်၊ ၎င်းကို ဓတရဋ္ဌဟုခေါ်သည်၊ မိဖုရား အငယ်ကမူ ချဉ်းကပ်လာသော ဗျာသရသေ့ကို ဖျော့တော့မှေးမှိန်သော မျက်စိဖြင့်ကြည့်နေသည်၊ ထို့ကြောင့် ဖျော့တော့သော သားကိုရသည်၊ ၎င်းကို ပဏ္ဍုဟုခေါ်သည်၊ မင်းသားကြီး ဓတရဋ္ဌသည် မျက်စိကွယ်နေသောကြောင့် ပဏ္ဍုမင်းသားကို မင်းမြှောက်သည်၊ ဓတေရဋ္ဌမင်းသားသည် ဂန္ဓာရဘုရင်၏သမီး ဂန္ဓာရီနှင့် လက်ထပ်သည်၊ ၎င်းမှ သားတစ်ရာ မွေးဖွားသည်၊ ဒုယောဓနသည် အကြီးဆုံးသားဖြစ်သည်၊ တစ်နေ့သောအခါ ပဏ္ဍုမင်းသည် သမင် ဖိမ ၂-ကောင် မိတ်လိုက်နေစဉ် လေးနှင့် ပစ်သတ်သည်၊ စင်စစ်မှာ သမင်ဖိသည် တန်ခိုးကြီးသောရသေ့ဖြစ်သည်၊ ထိုရသေ့က ပဏ္ဍုကမင်းကို "အပျော်အပါးခံစားနေစဉ် သေပါစေ"ဟု ကျိန်ဆဲလိုက်သည်၊ ပဏ္ဍုကမင်းသည် ထိုကျိန်စာကို မသင့်စေရန်အတွက် ကာမဂုဏ်စပ်ယှဉ်ခြင်းမှ ကြဉ်ရှောင်ရန် ဆုံးဖြတ်လိုက်သည်၊ ၎င်းမှာ မိဖုရား ၂-ယောက်ရှိသည်၊ တစ်ယောက်က ယဒုမမင်း၏သမီးဖြစ်သည်၊ ပိယာဟူ၍လည်းကောင်း၊ ကုန္တီဟူ၍လည်းကောင်း ခေါ်သည်၊ အခြားတစ်ယောက်က မဒ္ဒဘုရင် သာလျ၏နှမဖြစ်သည်၊ မဒ္ဒီဟု ခေါ်သည်၊

နှစ်ယောက်လုံးမှာပင် သားမရှိချေ၊ ထို့ကြောင့် ကုန်ကြီးကအမွေခံသား ရရန်အတွက် သစ္စာပြုဆုတောင်းသည်၊ ထိုဆုတောင်းမှုကြောင့် ဓမ္မနတ်နှင့်ဆက်စပ်၍ ကုန်ကြီးသည် ယုဓိဋ္ဌိရမည်သော သားကိုလည်းကောင်း၊ လေနတ်နှင့်စပ်၍ ဘီမမည်သော သားကိုလည်းကောင်း သိကြားနှင့်စပ်၍ အဇ္ဇုနမည်သော သားကိုလည်းကောင်း ရသည်၊ မဒ္ဒီသည် အဿဝီနတ် ၂-ဦးနှင့်ဆက်စပ်၍ နကုလနှင့် သဟဒေဝဟူသော သား ၂-ယောက်ကို အမြွှောဖွားမြင်သည်၊ ပဏ္ဍုမင်းသည် မကြာမီပင် ကွယ်လွန်သွားသည်၊ ထိုအခါ မျက်မမြင်အစ်ကို ဓတရဋ္ဌက မင်းဖြစ်လေသည်။

ဓတရဋ္ဌ၏သား ဒုယောဓနစသည်တို့ကို ကုရုအဆက်အနွယ်ဖြစ်သောကြောင့် ကောရဗျာဟုခေါ်သည်၊ ယုဓိဋ္ဌိရစသည်တို့ကို ပဏ္ဍုဒု၏သား ဖြစ်သောကြောင့် ပဏ္ဍော ဟုခေါ်သည်၊ (ပဏ္ဍုဒု၏ သားအစစ်မဟုတ်ကြသော်လည်း ပဏ္ဍုဒု၏မိဖုရားများမှ မွေးဖွားသောကြောင့် ထိုသို့ခေါ်ပေသည်) နောက်ကာလ၌ ပဏ္ဍုဒု၏သားတို့က လူစွမ်းကောင်းများ ဖြစ်ကြသောကြောင့် ဒုယောဓနစသည်တို့က ၎င်းတို့ကို မလိုလားကြ မုန်းကြသည်၊ ထို့ကြောင့် ဒုယောဓနသည် သူ၏ညီငယ် ဒုဿသန၊ သူ၏သူငယ်ချင်း ကဏ္ဏ၊ သူ၏ဦးလေး သကုဏီတို့နှင့်တိုင်ပင်၍ ယုဓိဋ္ဌိရတို့ကို တောအရပ်အိမ်တစ်ခုခု၌ ဝါရဏဝတခေါ် ဆင်အကျင့်ကိုကျင့်ရန် ဓတရဋ္ဌမင်း၏အမိန့်ဖြင့် စေခိုင်းသည်၊ သူ၏အကြံမှာ ထိုအိမ်ထဲ၌ ညဉ့်အခါ အိပ်ပျော်နေစဉ် အိမ်ကိုမီးရှို့၍ သတ်ပစ်ရန်ဖြစ်သည်၊ သို့သော် ဝိဒုရခေါ်ပညာရှိက ကြိုတင်၍သတိပေးထားသဖြင့် မိခင်ကုန္တီနှင့်တကွ မင်းသားငါးယောက်တို့သည် မီးမရှို့မီ ထိုအိမ်မှထွက်ပြေးကြ၍ သေဘေးမှထွက်သွားကြသည်၊ သို့သော် မိခင်ကုန္တီနှင့်တကွ မင်းသားငါးယောက်တို့သည် တောစခန်း၌ လွန်စွာဆင်းရဲကြရသည်၊ ထိုအတောအတွင်း၌ ဟိန္ဒီဘခေါ် လူသားစား ဘီလူးကိုလည်းကောင်း၊ ဗကခေါ် လူသားစား ဘီလူးကိုလည်းကောင်း ဘီမ-က သတ်ပစ်ပုံကိုလည်း ပြထားသည်၊ ထိုမှနောင်၌ ပဏ္ဍာလဘုရင် ဒြုပဒ၏သမီး ဒြောပဒီ၏ ကြင်ယာတော်ရွေးပွဲသို့ ထိုမင်းသားငါးယောက်တို့သည် ပုဏ္ဏားအသွင်ဖြင့် တက်ရောက်ကြသည်၊ ၎င်းပွဲမှာ ကြိုက်သည့် သတို့သားကို ဒြောပဒီခေါ် ကဏ္ဍာဒေဝီက ပန်းကုံးစွပ်၍ ရွေးချယ်ရန် ဖြစ်သည်၊ ထိုပွဲသို့ ဒုယောဓနတို့ အဖွဲ့နှင့်တကွ ပတ်ဝန်းကျင်မှ မင်းများ မင်းသားများလည်း အရွေးခံရန် တက်ရောက်ကြသည်၊ ပရိသတ်စုံသောအခါ ကဏ္ဍာ၏အစ်ကိုဖြစ်သူက တက်ရောက်လာကြသော မင်းသားတို့ကို ဒုယောဓနမှစ၍ အစဉ်အတိုင်း ကြေငြာ၍ ကဏ္ဍာအားသိစေသည်၊ မိတ်ဆက်ပေးခြင်းပင်ဖြစ်သည်၊ ပထမလေးကို တင်ရမည်ဖြစ်သောကြောင့် တစ်ဦးပြီးလျှင်တစ်ဦး လေးကိုတင်ကြသည်၊ မည်သူမျှ မတင်နိုင်ကြ၊ ဒုယောဓန၏ ဘက်တော်သား ကဏ္ဍာဆိုသူ ရထားမောင်းသမား၏ သားကလေးကို တင်သည်၊ တင်နိုင်၍ ပစ်ရမည့်အမှတ်ကို ပစ်မည်ပြုစဉ် ကဏ္ဍာက ကျယ်လောင်သောအသံဖြင့် "ရထားမောင်းသမားကို ရွေးချယ်မည်မဟုတ်"ဟု ဟစ်အော်ပြောလေသည်၊ နောက်ဆုံး၌ ပုဏ္ဏားယောင်ဆောင်ထားသော အဇ္ဇုနကထ၍ လေးကိုတင်ပြီးလျှင် ပစ်မှတ်ကို ထိမှန်အောင် ပစ်လိုက်သည်၊ ကဏ္ဍာက အဇ္ဇုနကို ပန်းကုံးစွပ်၍ ရွေးချယ်လိုက်သည်၊ သို့သော် အဇ္ဇုနက မိမိတစ်ယောက်တည်းအတွက်သာ မဖြစ်စေဘဲ မိသားစုဓလေ့အရဟုဆိုကာ ညီအစ်ကို ငါးယောက်စလုံး၏မယားအဖြစ်ဖြင့် လက်ထပ်စေသည်ဟုဆိုသည်၊ ထူးဆန်းသည်၊ ကုဏ္ဍာလဇာတ်ထဲက ကဏ္ဍာဒေဝီနှင့် ခပ်ဆင်ဆင်တူသည်၊ နောက်ဆုံးကျသောအခါ ဒုယောဓနတို့လူစုနှင့် ယုဓိဋ္ဌိရတို့ လူစု စစ်တိုက်၍ အချင်းချင်း သတ်ဖြတ်ကြသည်၊ ဤသို့ စသည်ဖြင့် အလွန်ကျယ်ဝန်းစွာ စစ်တိုက်ပုံကို ပြထားသည်။

အဲဒါတွေကို တကယ်အစစ်အမှန်လို့လဲ ယုံကြည်ဖို့ ထပ်ကာ ထပ်ကာလဲ ကြားနာဖို့ ညွှန်ကြားထားတယ်၊ အဲဒီလို ယုံကြည်ပြီး ရွတ်ဖတ်ကြားနာတဲ့သူမှာ အကုသိုလ်အပြစ်ဟူသမျှတွေကင်းစင်ပြီး သေတဲ့အခါ ကောင်းကင်ဘုံ ရောက်တယ်လို့လဲဆိုထားပါတယ်၊ နောက်ပြီးတော့ ရာမာယနကျမ်းမှာလဲ ရာမ၏ကြင်ယာတော် သီတာဒေဝီကို ရာဝဏာဘီလူးက သီဟိုဠ်ကျွန်းသို့ခိုးယူသွားပုံ ရာမမင်းက ဟနုမန်မျောက်ကြီး၏ အကူအညီဖြင့် ရာဝဏာဘီလူးကို စစ်တိုက်ပြီး သီတာဒေဝီကို ပြန်ယူလာပုံ စသည်တွေကို အလွန်ခမ်းနားစွာ ပြထားတယ်၊ အဲဒါတွေကိုလဲ အစစ်အမှန်အနေဖြင့်ယုံကြည်ပြီး အဖန်ဖန် ရွတ်ဖတ်ကြားနာဖို့ ညွှန်ကြားထားတယ်၊ အဲဒီလို ရွတ်ဖတ်ကြားနာခြင်းဖြင့် သေသောအခါ ကောင်းကင်ဘုံ နတ်ပြည်ကို ရောက်တယ်လို့လဲပြဆိုထားတယ်၊ အမှန်စင်စစ်ကတော့ အဲဒီဘာရတမင်းတို့၏ စစ်တိုက်ပုံ၊ သီတာဒေဝီကို ဆောင်ပုံ အကြောင်းအရာများ ဟာ (မိရိုးဖလာ ဟိန္ဒူဝါဒရှိသူ မဟုတ်လျှင်) ပညာရှိတိုင်းပင် အဲဒါတွေကို ဖတ်ကြည့်လျှင် ကြံ့ဖန်ရေးထားသော ဒဏ္ဍာရီများသာဖြစ်ကြောင်း ထင်ရှားသိနိုင်ပါတယ်၊ ယုတ္တိမရှိကြောင်း အလွန်ထင်ရှားပါတယ်၊ အဲဒါတွေကို အစစ်အမှန်အနေဖြင့် ယုံကြည်စွဲလမ်းနေလျှင် တရားလမ်းမှန်အကျင့်ကို မကျင့်နိုင်ဘဲ အကျိုးမဲ့တွေများစွာ ဖြစ်သွားနိုင်ပါတယ်၊ ဒါကြောင့် အဲဒါမျိုးတွေကို သူတစ်ပါးအား အစစ်အမှန်အနေဖြင့် ယုံကြည်အောင်လာပြောလျှင် အပါယ်လေးပါးကျတတ်တယ်၊ လူဖြစ်လာတဲ့အခါလဲ သူ့စကားကို သူများက မယုံကြည် မလေးစားဘဲ ရှိတတ်တယ်လို့ ယူရပါတယ်၊ ဒါကြောင့် သမ္မပ္ပလာပကံ၏ အင်္ဂါကို အဋ္ဌကထာမှာ ဒီလိုပြထားပါတယ်။

တဿ-ထိ သမ္မပ္ပလာပ၏၊ သမ္ဘရာ-အကြောင်းအင်္ဂါတို့သည်၊ ၁။ ဘာရတယုဒ္ဓ သီတာဟရဏာဒိ နိရတ္ထကထာ ပုရေက္ခာရတာ-ဘာရတမင်းတို့၏ စစ်တိုက်ခြင်း၊ သီတာဒေဝီကိုဆောင်ခြင်း အစရှိသော အကျိုးမဲ့ (အနက်မဲ့ အဖြစ်မှန် မဟုတ်သောစကားကို ရှေးရှုပြုခြင်းလည်းကောင်း၊ ထိုသို့သောစကားကိုပြောဖို့ အလေးအမြတ်ရည်ရွယ်ခြင်းဟု ဆိုလိုရ၏၊) ၂။ တထာရူပဝိကထာကထနဿ၊ ထိုသို့သဘောရှိသော စကားကိုပြောဆိုခြင်းလည်းကောင်း၊ ဣတိ-ဤသို့၊ ဒွေ-နှစ်ပါးတို့ပေတည်းလို့ ပြဆိုထားပါတယ်။

နောက်ပြီးတော့ အဲဒီလိုပြောတဲ့စကားကို နာယူသူ အစစ်အမှန်အနေဖြင့် ယုံကြည်မှသာ ကံမြောက်တယ်၊ မယုံကြည်ရင်တော့ ကံမမြောက်ဘူးလို့ ဒီလိုလဲ ပြဆိုထားပါသေးတယ်၊ နောက်ပြီးတော့ သမ္မပ္ပလာပကို အရဟတ္တမဂ်ကျမှ အကြွင်းမဲ့ပယ်နိုင်တယ်–လို့ ဝိသုဒ္ဓိမဂ် အစရှိသော အဋ္ဌကထာများမှာ ပြဆိုထားတယ်၊ ဒါကြောင့် ၃၂–ပါးသော တိရစ္ဆာနကထာများကို အပါယ်လားကြောင်းမဟုတ်တဲ့ သာမန်သမ္မပ္ပလာပစကားကတော့ သောတာပန် သကဒါဂါမ် အနာဂါမ်များမှာလဲ လုံးဝမကင်းသေးဘူး–လို့ ဒီလိုလဲ မှတ်ထားသင့်ပါတယ်။

သမ္မပ္ပလာပကို ကြဉ်ရှောင်ပြီး အကျိုးရှိတဲ့ စကားကောင်းကို ပြောဆိုခြင်း၏ အကျိုးကိုတော့ ပြဆိုခဲ့တဲ့ မကောင်းကျိုးမှ ပြန်လှန်ပြီး ယူရုံပါပဲ၊ အဲဒီလို စကားကောင်းကို ပြောတဲ့သူဟာ နတ်ပြည်ရောက်တတ်တယ်၊ လူဖြစ်လာတဲ့အခါမှာလဲ သူ့စကားကို လူအများက အလေးအမြတ်ပြုပြီး ယုံကြည်ကြတယ်လို့ ဒီလိုပြန်လှန်ပြီး ယူရုံပါပဲ၊ ဝဒီဒုစရိုက်ကတော့ ပြီးသွားပြီ၊ မနောဒုစရိုက်ပဲပြောဖို့ လိုတော့တယ်။

အဘိဇ္ဈာ

ပရေ အဘိဇ္ဈာလူ ဘဝိသန္တိ၊ မယမေတ္ထ အနဘိဇ္ဈာ ဘဝိဿမာတိ သလ္လေခေါ ကရဏီယော။

ပရေ–တစ်ပါးသောပုဂ္ဂိုလ်တို့သည်၊ အဘိဇ္ဈာလူ–သူ့စည်းစိမ်ရလိုသမှု ရေးရှုကြံစည်ကြကုန်သည်၊ ဘဝိသန္တိ–ဖြစ်ကုန်လတ္တံ့၊ ဧတ္ထ–ဤအရာ၌၊ မယံ–ငါတို့သည်၊ အနဘိဇ္ဈာလူ–သူ့စည်းစိမ်ကိုရလိုသမှု ရေးရှုမကြံစည်ကြကုန်သည်၊ဘဝိဿမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့၊ သလ္လေခေါ–ကိလေသာ ခေါင်းပါးစေသော အကျင့်ကို၊ ကရဏီယော–ပြုကျင့်အပ်၏။

အဘိဇ္ဈာဆိုတာ သူတစ်ပါး၏ စည်းစိမ်ကို မတရားသဖြင့် မိမိအပိုင်ရဖို့ ကြံစည်တာပါပဲ၊ ဒါပေမယ့် ဒီသုတ်မှာတော့ နိဝရဏမျှသာဖြစ်တဲ့ ကာမစ္ဆန္ဒကိုလဲ ဒီပုဒ်ထဲမှာပဲ ထည့်သွင်းပြီး ဟောထားပါတယ်၊ ဒါကြောင့် ဒုစရိုက်ဖြစ်တဲ့ လောဘရော၊ ဒုစရိုက်မဖြစ်တဲ့ လောဘရော အကုန်ယူသင့်ပါတယ်၊ ဒုစရိုက်အဘိဇ္ဈာကတော့ သူတစ်ပါးပိုင်တဲ့ ဥစ္စာကို "ငါ့ဥစ္စာဖြစ်ရင်ကောင်းလေစ၊ ငါ့ဥစ္စာ ဖြစ်ပါစေ"လို့ ကိုယ်ပိုင်ဥစ္စာအနေနဲ့ ကြံစည်တောင့်တာတာပါပဲ၊ ဒါကလဲ တန်ရာတန်ဖိုးပေးပြီး ဝယ်ယူမည့် အနေမျိုးမဟုတ်ဘဲ မတရားသဖြင့် ပိုင်ဖို့ကြံစည်တာကိုသာ ဆိုလိုပါတယ်၊ ဒါကြောင့် သူတစ်ပါးဥစ္စာကို မတရားသဖြင့် အပိုင်းစီးလိုမှု ရှေ့ရှုကြံစည်ကြမည့်နေရာမှာ ငါတို့ကတော့ ထိုသို့သော ကြံစည်မှုကင်းစေမည်"လို့ နှလုံးသွင်းဆောက်တည်ပြီး ကျင့်ရမယ်။

လို့ချင်မှု ၄–မျိုး

နိဝရဏမျှဖြစ်တဲ့ အဘိဇ္ဈာကိုတော့ ၁။ သာမန်လိုချင်နှစ်သက်မှု၊ ၂။ ပါပိစ္ဆာ၊ ၃။ မဟိစ္ဆာ၊ ၄။ အတြိစ္ဆာ–လို့ ဒီလို ၄–မျိုး ခွဲခြားပြီး ယူသင့်ပါတယ်၊ အဲဒီ ၄–မျိုးထဲမှာ ၁။ သာမန်လိုချင် နှစ်သက်မှုဆိုတာ မြင်ရ ကြားရ ထွေ့ရလို့ ဖြစ်စေ၊ မမြင်ရ မကြားရ မတွေ့ရဘဲနဲ့ဖြစ်စေ တစ်စုံတစ်ခုကို လိုချင်နှစ်သက်တာ သာယာတပ်မက်တာပါပဲ၊ ဒီသာမန်လိုချင်နှစ်သက်မှုကိုတော့ အဓိဋ္ဌာန်ပြုပြီး ပယ်ဖို့ခက်ပါတယ်၊ လောဘမကင်းသေးရင် ဒီလိုသာမန်လိုချင်နှစ်သက်မှုကတော့ ထိုက်သည့်အားလျော်စွာ ဖြစ်နေဦးမှာပဲ၊ ဒါပေမယ့် ဝိပဿနာရှုဆဲ ပုဂ္ဂိုလ်မှာတော့ ဒီသာမန်လိုချင်နှစ်သက်မှုကိုလဲ မဖြစ်အောင် ရှုမှတ်နေမယ်လို့ နှလုံးသွင်း ထားရမယ်၊ ဖြစ်ပေါ်လာရင်လဲ ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ပြီး ပယ်ရမယ်။

၂။ ပါပိစ္ဆာ ဆိုတာကတော့ ကိုယ်မှာမရှိတဲ့ဂုဏ်နဲ့ သူများ အထင်ကြီးစေချင်တာ ကြည်ညိုစေချင်တာပါပဲ၊ သဒ္ဓါတရားမရှိဘဲနဲ့ သဒ္ဓါတရားရှိတယ်လို့ ထင်စေချင်တယ်၊ သီလမရှိဘဲနဲ့ သီလရှိတယ်လို့ ထင်စေချင်တယ်၊ သုတမရှိဘဲနဲ့ သုတများတယ်လို့ ထင်စေချင်တယ်၊ စာမတတ်ဘဲနဲ့ စာတတ်တယ်လို့ ထင်စေချင်တယ်၊ တရားအားမထုတ်ဘဲနဲ့ တရားအားထုတ်တယ်လို့ ထင်စေချင်တယ်၊ ဈာန်မရဘဲနဲ့ ဈာန်ရတယ်လို့ ထင်စေချင်တယ်၊ အဘိညာဉ်မရဘဲနဲ့ အဘိညာဉ်ရတယ်လို့ ထင်စေချင်တယ်၊ အကြားအမြင်မပေါက်ဘဲနဲ့ အကြားအမြင်ပေါက်တယ်လို့ ထင်စေချင်တယ်၊ ဝိပဿနာဉာဏ်မရှိဘဲနဲ့ ဝိပဿနာဉာဏ်ရှိတယ်လို့ ထင်စေချင်တယ်၊ အရိယာမဟုတ်ဘဲနဲ့ အရိယာလို့ ထင်စေချင်တယ်၊ ရဟန္တာမဟုတ်ပဲနဲ့ ရဟန္တာလို့ ထင်စေချင်တယ်၊ ရဟန္တာထင်အောင်လဲ ဟန်ဆောင်တတ်တယ်၊ ရဟန္တာ–လို့ သူများက ချီးမွမ်းတာကိုလဲမဟုတ်ဘဲနဲ့ သဘောတူလက်ခံနေတတ်တယ်၊ အဲဒီလို ကိုယ့်မှာ မရှိတဲ့ ဂုဏ်နဲ့ အထင်ကြီးစေချင်တာ ကြည်ညိုစေချင်တာဟာ ပါပိစ္ဆာ–ယုတ်မာတဲ့အလိုခေါ်ပါတယ်၊ အဲဒီပါပိစ္ဆာနှင့်စပ်ပြီးတော့ "သူများတွေက ယုတ်မာတဲ့အလို ရှိကြမည့်နေရာမှာ ငါတို့ကတော့ ယုတ်မာတဲ့အလို ကင်းစေမည်"လို့ နှလုံးသွင်း ဆောက်တည်ပြီး ကိလေသာခေါင်းပါးစေတဲ့ အကျင့်ကိုကျင့်ရမယ်၊ အဲဒီလို ကျင့်ဖို့ရာက ဒီသလ္လေခသုတ်မှာ အလွန်အရေးကြီး ပါတယ်။

၃။ မဟိစ္ဆာ ဆိုတာကတော့ အလိုကြီးတာ လောဘကြီးတာပါပဲ၊ အဲဒီအလိုကြီးတဲ့သူက ရသမျှနဲ့ မရောင့်ရဲနိုင်ဘူး၊ များများလိုချင်တယ်၊ ကောင်းသည်ထက် ကောင်းတာကို လိုချင်တယ်၊ ဒီမဟိစ္ဆာနှင့် စပ်ပြီးတော့လဲ "သူများတွေက အလိုကြီး

ကြမည့်နေရာမှာ ငါတို့ကတော့ အလိုနည်းစေမယ်"လို့ နှလုံးသွင်းဆောက်တည်ပြီး ကိလေသာခေါင်းပါးစေတဲ့အကျင့်ကို ကျင့်ရမယ်၊ ဒါကလဲ ဒီသုတ်မှာ အရေးကြီးတာပဲ။

၄။ အတြိစ္ဆာ ဆိုတာကတော့ ပစ္စည်းချင်းတူပေမယ့် ကိုယ့်လက်ရှိထက် သူတစ်ပါးလက်ရှိက ပိုပြီးကောင်းတယ်ထင်ပြီးတော့ အဲဒီသူတစ်ပါးလက်ရှိကို လိုချင်တာပါပဲ၊ ဒါလဲရတာနဲ့ မရောင့်ရဲတဲ့ သဘောပါပဲ၊ ဒီအတြိစ္ဆာနဲ့ စပ်ပြီးတော့လဲ "သူများတွေက ရပြီးဥစ္စာထက် မရသေးတာကို သာ၍ကောင်းသည်ထင်ပြီး လိုချင်ကြမည့်နေရာမှာ ငါတို့ကတော့ ထိုသို့သော အလိုကင်းစေမည်"လို့ နှလုံးသွင်း ဆောက်တည်ပြီး ကိလေသာခေါင်းပါးစေတဲ့ အကျင့်ကို ကျင့်ရမယ်၊ ဒါကလဲ ဒီသုတ်မှာ အရေးကြီးတာပဲ၊ အသစ်အသစ်ကို ကောင်းနိုးနိုးထင်ပြီး ရှာဖွေနေကြတာ အဲဒီလိုရှာဖွေပြီး ဒုက္ခရောက်နေကြတာဟာ ဒီအတြိစ္ဆာကြောင့်ပဲ၊ ဒါကြောင့် ဒီအလိုကို ပယ်ဖို့ရာလဲ အလွန်အရေးကြီးပါတယ်။

ဒီအဘိဇ္ဈာအပိုဒ်မှာ မူရင်းကတော့ ဒုစရိုက်အဘိဇ္ဈာပါပဲ၊ ဒါကြောင့် အဲဒီ ဒုစရိုက်အဘိဇ္ဈာနှင့်စပ်ပြီး နည်းနည်းထပ်ပြောဦးမယ်၊ အဘိဇ္ဈာဆိုတာ သူတစ်ပါးဥစ္စာကို ကိုယ့်ဥစ္စာအဖြစ်နဲ့ အပိုင်စီးချင်တဲ့ သဘောဖြစ်ကြောင်း ရှေ့နားကပြောခဲ့ပြီ၊ အဲဒီလို သူတစ်ပါးဥစ္စာကို မတရားရလိုတဲ့စိတ်တွေက ယခုခေတ်မှာ တော်တော်များနေပုံ ပေါ်တယ်၊ သူတစ်ပါးဥစ္စာကိုရနိုင်တဲ့ ဝါဒနည်းလမ်းတွေကို ဟောပြောဩဇာကြီးနေတာလဲရှိတယ်၊ အဲဒါတွေကို ကြားရပြီးတော့ သူတစ်ပါးဥစ္စာကိုရနိုးနိုးနဲ့ မျှော်လင့်တောင့်တနေတဲ့ သူတွေလဲ တော်တော်များနေပုံပေါ်တယ်၊ တကယ်ဆိုတော့ သူတို့ထင်တဲ့အတိုင်းလဲ ရကြမှာမဟုတ်ပါဘူး၊ ဒါပေမယ့် သူတစ်ပါးဥစ္စာကိုအချောင်ရဖို့ ကြံစည်တိုင်းကြံစည်တိုင်း အဘိဇ္ဈာဆိုတဲ့ မနောဒုစရိုက် အကုသိုလ်ကံကတော့ ဖြစ်ပွားနေတာပဲ၊ ဒါကြောင့် သလ္လေခအကျင့်ကို ကျင့်လိုတဲ့သူဆိုရင်တော့ အဲဒီလို အချောင်ရဖို့လမ်းကို မကြံစည်ရဘူး၊ မမျှော်လင့်ရဘူး၊ လိုချင်ရင် တရားသဖြင့် ရဖို့ရာသာ အားထုတ်ရတယ်၊ တန်ရာတန်ဖိုးပေးပြီး ဝယ်ယူဖို့ အဲဒီလို တန်ရာတန်ဖိုးကို ပေးနိုင်အောင် တရားသဖြင့် လုပ်ကိုင်ရှာဖွေဖို့ရာသာ ကြံစည်ရတယ်။

အဲဒီလို မဟုတ်ပါဘဲနဲ့ သူတစ်ပါးဥစ္စာကို မတရားသဖြင့် အချောင်ရဖို့ရာ ကြံရင် ဒီအဘိဇ္ဈာဆိုတဲ့ ကံက မနောကံဖြစ်တဲ့အတွက် အဲဒီလိုကြံစည်ရုံနဲ့ အကုသိုလ်ကံမြောက်တော့တာပဲ၊ ထက်သန်အားကောင်းရင် အပါယ်ပဋ္ဌိသန္ဓေအကျိုးကို ပေးနိုင်တော့တာပဲ၊ ခိုးဖို့ အတင်းအမမ္မလုယက်ဖို့ ကြံရင်တော့ အဒိန္နာဒါန်၏ ပုဗ္ဗစေတနာတွေ ဖြစ်သွားတယ်၊ သာပြီးအပြစ်ကြီးတာပေါ့၊ တကယ်ခိုးယူရင် လုယက်ရင်တော့ အဒိန္နာဒါန်ကံမြောက်သွားတယ်၊ အဲဒါက သာပြီးအပြစ်ကြီးတယ်၊ ဒါကြောင့် အဲဒီလိုကြီးလေးတဲ့ အကုသိုလ်ကံတွေ မဖြစ်ရအောင် သီလဖြင့်လဲ ပယ်ရမယ်၊ "ငါ့ဥစ္စာကို သူတစ်ပါးက မတရားသဖြင့် ရယူဖို့ကြံရင် ငါကမကြိုက်ဘူး၊ ငါက သူတစ်ပါးဥစ္စာကိုကြံရင်လဲ သူတစ်ပါးက မကြိုက်ပေဘူး" စသည်ဖြင့် ဆင်ပြင်ပြီးတော့လဲ ပယ်ရမယ်၊ သူတစ်ပါးဥစ္စာကို ကြံစည်တဲ့စိတ် ဖြစ်ခွင့်မရအောင် သမထကမ္မဋ္ဌာန်းကို မပြတ်နှလုံးသွင်းတဲ့ သမာဓိဖြင့်လဲ ပယ်ရမယ်။

နောက်ပြီးတော့ သူတစ်ပါးဥစ္စာကို လိုချင်တယ်ဆိုတာဟာ လိုချင်စရာကောင်းတဲ့ သူတစ်ပါးဥစ္စာတွေကို မြင်ရလို့လဲ ဖြစ်တတ်တယ်၊ သတင်းစကားကြားရလို့လဲ ဖြစ်တတ်တယ်၊ နံရ စားရတွေ့ထိသုံးဆောင်ရလို့လဲ ဖြစ်တတ်တယ်၊ ဒါကြောင့် မြင်ခိုက်စသည်မှာ မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ ဝိပဿနာဉာဏ်အား ကောင်းနေတဲ့အခါမှာ မှတ်တိုင်းမှတ်တိုင်း ပျောက်ပျောက်သွားတာကိုသာ တွေ့ရတဲ့အတွက် သူတစ်ပါးဥစ္စာကို လိုချင်မှုဆိုတာ ဖြစ်ကိုမဖြစ်နိုင်တော့ဘူး၊ မတရားသဖြင့် ရယူဖို့ကြံစည်တာက သာပြီးဝေးတော့တာပဲ၊ ဒါကြောင့် ဝိပဿနာရှုမှတ်ခြင်းဖြင့်လဲ အဲဒီအဘိဇ္ဈာကို ပယ်ရမယ်၊ အရိယမဂ်ဉာဏ်ရောက်သွားရင်တော့ အဲဒီအဘိဇ္ဈာကို အမြစ်ပြတ်ပယ်နိုင်တယ်၊ သောတာပတ္တိမဂ်ဖြင့် ဒုစရိုက်အဘိဇ္ဈာကို အမြစ်ပြတ်ပယ်နိုင်တယ်၊ ပါပိစ္ဆာဆိုတဲ့ အလိုဆိုးကိုလဲ ပယ်နိုင်ပါတယ်၊ ကျန်တဲ့သာမန်အဘိဇ္ဈာ တွေကိုတော့ အထက်မဂ်သုံးပါးဖြင့် ထိုက်သည့်အားလျော်စွာ ပယ်တယ်လို့မှတ်ရမယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ အဘိဇ္ဈာကို အရဟတ္တမဂ်ကျမှ အကြွင်းမဲ့ပယ်ကြောင်း ပြဆိုထားပါတယ်၊ အဲဒါဟာ သာမန်လောဘကိုလဲ အဘိဇ္ဈာထဲမှာလဲ ထည့်သွင်းပြဆိုထားတဲ့အတွက်ကြောင့် အဲဒီလိုဆိုထားခြင်းဖြစ်ပါတယ်၊ ဒါကြောင့် ဒုစရိုက်အဘိဇ္ဈာနှင့် ပါပိစ္ဆာကိုတော့ သောတာပတ္တိမဂ်ဖြင့် ပယ်တယ်လို့မှတ်ရမယ်၊ ဘာကြောင့်လဲဆိုရင် အဲဒါတွေက အပါယဂမနီယ–အပါယ်လားစေနိုင်တဲ့ သဘောရှိလို့ပါပဲ၊ ဒါကြောင့် အဘိဇ္ဈာကိုပယ်ဖို့ ညွှန်ကြားတဲ့ ဒီသလ္လေခသုတ်စကားက အရိယမဂ်လေးပါးဖြင့် ပယ်သည်အထိ ကျင့်သွားဖို့ ရည်ရွယ်တော်မူတဲ့အတွက် အလွန်နက်နဲပါတယ်၊ ကဲ–အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

အဓိဋ္ဌာန်ဆောင်ပုဒ်

"သူများတွေက သူ့ဥစ္စာကို ရလိုသမှု ရှေးရှုကြံစည်ကြမည့်နေရာမှာ ငါတို့ကတော့ အဲဒီလို အကြံအစည်မျိုး ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလို စိတ်မျိုးကို ဖြစ်စေမည်၊ သူ့ဥစ္စာကို ရလိုသမှု ရှေးရှုကြံစည်ခြင်းကို မကြံစည်ခြင်းနှင့် ရှောင်လွှဲမည်၊ မကြံစည်ခြင်းနှင့် အဆင့်အတန်းတက်မည်၊ သူ့ဥစ္စာကို ရလိုသမှု ရှေးရှုကြံစည်ခြင်း ကိလေသာမီးကို မကြံစည်ခြင်းဟူသော ရေစင်ဖြင့် ငြိမ်းသတ်မည်။"

အဘိဇ္ဈာအကြောင်းကတော့ တော်လောက်ပါပြီ၊ ဗျာပါဒအကြောင်းကို ဟောကြစို့။

ဗျာပါဒ

ပရေ ဗျာပါဒစိတ္တာ ဘဝိဿန္တိ၊ မယမေတ္ထ အဗျာပန္နစိတ္တာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ–တစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ ဗျာပန္နစိတ္တာ–သူတစ်ပါးကို သေပျက်စေလိုသော စိတ်ရှိသည်၊ ဘဝိဿန္တိ–ဖြစ်ကြကုန်လတ္တံ့၊ ဧတ္ထ–ဤအရာ၌၊ မယံ–ငါတို့သည်၊ အဗျာပန္နစိတ္တာ–သေပျက်စေလိုသောစိတ် ကင်းကုန်သည်၊ ဘဝိဿာမ–ဖြစ်ကုန်အံ့၊ ဣတိ–ဤသို့၊ သလ္လေခေါ–ကိလေသာခေါင်းပါးစေသော အကျင့်ကို၊ ကရဏီယော–ပြုကျင့်အပ်၏။

ဗျာပါဒဆိုတာ သူတစ်ပါးကို သေပါစေပျက်ပါစေလို့ ပြစ်မှားကြံစည်တဲ့သဘောပဲ၊ ဒါကြောင့် ဗျာပါဒပုဒ်၏ အဖွင့်ပါဠိတော်များမှာ "ဣမေသတ္တာ–ဤသတ္တဝါတို့သည်၊ ဟညန္တုဝါ–အနှိပ်စက်မှုလည်း ခံကြရပါစေ၊ ဝဓေန္တုဝါ–အသတ်မှုလည်း ခံကြရပါစေ၊ ဥစ္ဆိဇ္ဇန္တုဝါ–တစ်မျိုးလုံးမှုလည်း ပြတ်ကြပါစေ၊ ဝိနသ္သန္တုဝါ–ပျက်စီးမှုလည်း ပျက်စီးကြပါစေ၊ မာဝါအဟေသုံ–မရှိကြတော့ဘဲ ကင်းပျောက်မှုလည်း ကင်းပျောက်ကြပါစေ၊ ဣတိ–ဤသို့၊ ပဒုဋ္ဌမနသက်ပ္ပေါ–ပြစ်မှားလျက် ပျက်စီးသော စိတ်အကြံရှိ၏" လို့ ဖွင့်ပြထားပါတယ်၊ ဒါကြောင့် မုန်းတဲ့သူတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ "သတ်ဖြတ်ညှဉ်းဆဲခံရပါစေ၊ သေပါစေ၊ ပျက်ပါစေ"လို့ ကြံစည်တာဟာ ဗျာပါဒပဲ၊ အဲဒီလို ကြံရုံမျှနဲ့ ဒုစရိုက်မနောကံဖြစ်တယ်၊ အယုတ်ဆုံးအားဖြင့် ခြင်တို့ ကြမ်းပိုးတို့ကို "သေကုန်ပါစေ ပျက်ကုန်ပါစေ"လို့ ကြံရင် ဗျာပါဒအကုသိုလ်ကံ မြောက်တာပဲ၊ ဒါပေမယ့် အဲဒီအကောင်တွေက သီလစသောဂုဏ်မရှိလို့ အပြစ်တော့မကြီးလှပေဘူး၊ သီလအစသော ဂုဏ်ရှိတဲ့လူတွေ ရှင်ရဟန်းတွေကို "သေကြပါစေ ပျက်ကြပါစေ အမျိုးပြတ်ကြပါစေ"လို့ ပြစ်မှားကြံစည်ရင်တော့ အပြစ်ကြီးတယ်၊ ဒါကြောင့် အဲဒီသေစေလို့ ပျက်စေလိုတဲ့ ဗျာပါဒကိုပယ်ရမယ်၊ ဘယ်လိုပယ်ရမလဲဆိုရင် "အဝေရာဟောန္တု– ဘေးရန်ကင်းကြပါစေ၊ အဗျာပဇ္ဈာဟောန္တု–စိတ်ဆင်းရဲကင်းကြပါစေ၊ အနီဃာဟောန္တု–ကိုယ်ဆင်းရဲကင်းကြပါစေ၊ သုခီ အတ္တာနံ ပရိဟရန္တု–ချမ်းသာစွာနှင့် မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ"လို့ မေတ္တာပွားပြီးပယ်ရမယ်၊ အဲဒါဟာ ဗျာပါဒဆိုတဲ့လမ်းဆိုးကို မေတ္တာဆိုတဲ့ လမ်းကောင်းဖြင့် ရှောင်လွှဲလိုက်တာပဲ၊ အဲဒီလို မေတ္တာပွားနေရင် တစ်ဆင့်ထက် တစ်ဆင့် မြင့်ရာသို့ တက်သွားနိုင်တယ်၊ ဗျာပါဒ ကိလေသာမီးကို မေတ္တာရေစင်ဖြင့် ငြိမ်းလဲ ငြိမ်းစေနိုင်တယ်၊ ကဲ–အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

"သူများတွေက သေပျက်စေလိုကြမည့် နေရာမှာ ငါတို့ကတော့ သေပျက်စေလိုမှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကိုကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ သေပျက်စေမှုဗျာပါဒကို မေတ္တာဖြင့်ရှောင်လွှဲမည်၊ မေတ္တာဖြင့် အဆင့်အတန်းတက်မည်၊ ဗျာပါဒ ကိလေသာမီးကို မေတ္တာရေစင်ဖြင့် ငြိမ်းသတ်မည်။"

လောကမှာ မစောင့်စည်းကြတဲ့ သူတွေဟာ မုန်းတဲ့သူတွေကို သေပါစေ ပျက်ပါစေ–လို့ပြစ်မှားပြီး ကြံစည်တတ်ကြတာပဲ၊ အဲဒီလို လောကထဲမှာ ငါတို့ကတော့ ပြစ်မှားတဲ့ ဗျာပါဒ ကင်းစေမည်၊ ချမ်းသာစေလိုတဲ့ မေတ္တာကို ပွားမည်လို့ ဒီလို နှလုံးသွင်းဆောက်တည်ပြီး ဗျာပါဒဒေါသကို ပယ်ရမယ်၊ ပြစ်မှားတဲ့ အကြံမျိုးကို မကြံရဘူး၊ ကြံမိရင်လဲ ရှုမှတ်ပြီး ပယ်ရမည်၊ အဲဒါဟာ သလ္လေခအကျင့်ပဲ။

နောက်ပြီးတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဝိပဿနာရှုမှတ်ခြင်းဖြင့် အဲဒီဗျာပါဒကို ပယ်နိုင်တယ်၊ ဘယ်လိုလဲဆိုရင် မမြင်ချင်တဲ့သူကို မြင်ရရင် မကြားချင်တဲ့အသံကို ကြားရရင် အထူးအားဖြင့် ဘယ်သူက အကျိုးမဲ့ဖြစ်အောင် ဘာလုပ်သလဲဆိုတာမျိုးကို ကြားရရင် မတွေ့ချင်တာ မသိချင်တာကို တွေ့ရ သိရရင် "ဒီကောင်သေပါစေ မြန်မြန်သေပါစေ" လို့ ကြံတဲ့ဗျာပါဒ ဖြစ်တတ်တယ်၊ ကြားတိုင်း ကြားတိုင်း စသည်ကို ရှုမှတ်နေရင် ပေါ်ပြီးချက်ချင်း ပျောက်ပျောက်သွားတာကို တွေ့ရတဲ့အတွက် အဲဒီလိုပြစ်မှားကြံစည်တဲ့ ဗျာပါဒဟာ မဖြစ်နိုင်တော့ပါဘူး၊ သာမန်စိတ်ဆိုးတဲ့ ဒေါသတောင် မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် ပေါ်လာသမျှကို မပြတ်ရှုမှတ်နေရင် အဲဒီဗျာပါဒဟာ ဖြစ်ခွင့်မရဘဲ ငြိမ်းသွားတယ်၊ အဲဒါဟာ ဝိပဿနာ အကျင့်ဖြင့် ဗျာပါဒကို ပယ်တာပဲ။

အဲဒီလို မရှုမှတ်ရင်လဲ မေတ္တာဘာဝနာဖြင့် ဗျာပါဒကို ပယ်နိုင်ပါတယ်၊ ဘယ်လိုလဲဆိုရင် မြင်သမျှ ကြားသမျှ တွေ့သမျှ သတ္တဝါတွေကို ချမ်းသာကြပါစေ ချမ်းသာကြပါစေ–လို့ မေတ္တာပို့ရမယ်၊ သွားရင် လာရင်း အလုပ်လုပ်ကိုင်ရင်းလဲ မြင်သမျှ ကြားသမျှကို ချမ်းသာပါစေ ချမ်းသာပါစေလို့ နှလုံးသွင်းပြီး မေတ္တာပွားနေမယ်၊ အဲဒီလို မေတ္တာပွားနေရင် အဲဒီမြင်ရ ကြားရတဲ့ သူတွေအပေါ်မှာ ဗျာပါဒ ဒေါသ မဖြစ်ဘဲ ငြိမ်းတယ်၊ မမြင်ရ မကြားရတဲ့ သတ္တဝါတွေကိုလဲ စိတ်ဖြင့် အာရုံပြုပြီး မေတ္တာပွားရတယ်၊ အဲဒီလို မေတ္တာပွားတဲ့စိတ်ကို နောက်ကလိုက်ပြီး ရှုမှတ်ရင် ဝိပဿနာလဲ ဖြစ်တယ်၊ ဒါကြောင့် မေတ္တာပွားလိုက် ရှုမှတ်လိုက် ရှုမှတ်လိုက်နဲ့ အားထုတ်သွားရင်တော့ ဒီဗျာပါဒကို လုံးဝကင်းငြိမ်းစေနိုင်ပါတယ်၊ သောတာပတ္တိမဂ်ဉာဏ် ရောက်ရင်ကို အပါယ်ကျစေနိုင်တဲ့ ဗျာပါဒကတော့ ကင်းငြိမ်းသွားပါပြီ၊ ဒါကြောင့် အောက်ထစ်ဆုံးအားဖြင့် အဲဒီသောတာပတ္တိမဂ်ဖိုလ်ရောက်အောင် အားထုတ်ပြီး ဒီဗျာပါဒကိုပယ်ဖို့ပါပဲ၊ ဒါထက် တက်နိုင်သေးရင်တော့ အနာဂါမိ မဂ်ဖိုလ်ရောက်အောင် အားထုတ်ပြီး အဲဒီဗျာပါဒကို အကြွင်းမဲ့ ပယ်ဖို့ပါပဲ၊ ကဲ–ယခု တရားနာရင် မေတ္တာလဲပွား ဝိပဿနာလဲ ရှုကြရအောင် လိုက်ဆိုကြ ဆိုတဲ့အတိုင်း စိတ်ထဲကလဲ အာရုံပြုကြ၊ အဲဒီဆိုတာ တွေရော စိတ်တွေရော နောက်ကလိုက်ပြီး ရှတ်မှတ်ကြ။

အားလုံးသတ္တဝါတွေ
ဘေးရန် ကင်းကြပါစေ၊
ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
စိတ်ဆင်းရဲ ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့်
မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အဲဒီလို မေတ္တာပွားတဲ့အခါမှာ ဘေးရန်ကင်းကြပါစေ–စသည်ဖြင့် နှလုံးသွင်းတဲ့စိတ်ရော ရှတ်ဆိုတဲ့စိတ်ရော ချက်ချင်းပဲ ပျောက်ပျောက်သွားတယ်၊ အဲဒီလို ပျောက်ပျောက်သွားတာကို သိတဲ့စိတ်ကလဲ သိပြီးရင် ချက်ချင်းပဲပျောက်သွားတယ်၊ အဲဒီလိုပျောက်သွားတာဟာ မမြဲတဲ့တရားပေါ့၊ မမြဲတာတွေဟာ ဒုက္ခဆင်းရဲတွေ မကောင်းတာတွေပေါ့၊ အဲဒီလို မေတ္တာပွားရင်း သိသိလိုက်နေတာဟာ ဝိပဿနာပဲ၊ ကဲ–အဲဒီလို မေတ္တာနဲ့ ဝိပဿနာ တွဲပြီး တစ်ခါပွားလိုက်ကြဦးစို့။

အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။ပ။

မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ကဲ–ဒီကနေ့ ဒီတွင်ရပ်ပြီး တရားသိမ်းကြစို့။

ယနေ့အဖို့၌ ကျွန်ုပ်တို့ ပြုစုပွားများ အားထုတ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ဝေယျာဝစ္စကုသိုလ် တရားဟောရသောကုသိုလ် တရားနာရသော ကုသိုလ်အစရှိသော ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမိအဘတို့အား အမျှပေးဝေပါကုန်၏၊ ဤအရပ်၌ ရောက်ရှိနေကြသော လူပရိသတ် နတ်ပရိသတ် အပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ သိကြားမင်းကြီးမှစ၍ အလုံးစုံသော နတ်အပေါင်း အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့

သာဓု.... သာဓု.... သာဓု....။

သလ္လေခသုတ်တရားတော် ဆဋ္ဌမပိုင်း ဤတွင်ပြီး၏။

သလ္လေခသုတ်တရားတော် ပထမတွဲ ပြီး၏။

အထူးမှာထားချက်– ဤတရားတော် ပဋ္ဌမပိုင်း နှာ (၂၃၃)၌ မြေကြီးနှင့်ကောင်းကင် ဝေးပုံကို နားလည်လွယ်သော နည်းဖြင့် ပြောထားသည်၊ ဧကတအဖွင့်၌မူ တည်ရာ ရှိမရှိ ကိုင်တွယ်၍ ဖြစ်မဖြစ်အားဖြင့် ကွဲပြားခြင်းကြောင့် တစ်စပ်တည်း ဖြစ်နေသော်လည်း မရောခြင်း မကပ်ငြိတွယ်ခြင်း သဘောအားဖြင့် အချင်း ချင်းဝေးသည် မည်ကြောင်း ဖွင့်ပြထားလေသည်။